
www.burmeseclassic.com



BURMESE CLASSIC .com

အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ

# လူဆိုးများ

အင်းစိန်အောင်စိုး

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

အုတ်နံ့အတွင်း သံဆူးကြိုးဝင်းမှ

# လူဆိုးများ

အင်းစိန်အောင်စိုး

www.burmeseclassic.com

www.burmeseclassic.com

[redacted]

Book Making - AMK Creation
ထုတ်ဝေသူ - ကိုကျော်ကျော် (Perfect စာပေ)
ပုံနှိပ်သူ - ချမ်းမြေ့အောင် ပုံနှိပ်တိုက် (၀၀၁၂၀)

မျက်နှာဖုံးဒီဇိုင်း - ဇော်မိုး
အတွင်းစာစီ - သင်းသင်း
စာအုပ်ချုပ် - ၁၁၁ လမ်း
အတွင်းဖလင် - Perfect

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ထုတ်ဝေသည့်အကြိမ် - ဒုတိယအကြိမ်
ဖေဖော်ဝါရီလ ၂၀၁၇ ခုနှစ်

အင်းစိန်အောင်စိုး ၂၉၄-၃
အုတ်ရိုးအတွင်းသံဆူးကြိုးဝင်းမှ လူဆိုးများ/အင်းစိန်အောင်စိုး။ -ရန်ကုန်၊
Perfect စာပေ၊ ၂၀၁၇။
၂၉၆-စာ၊ ၁၃. ၂၁× ၂၀. ၈၃ စင်တီ။
(၁) အုတ်ရိုးအတွင်းသံဆူးကြိုးဝင်းမှ လူဆိုးများ။

BURMESE CLASSIC .com

## မာတိကာ

၁။ အပြာရောင်ပေါ်က စားကျက် ၄
၂။ အောင်စိုး(ခေါ်) ထူးကျော်၏ ကိုယ်ရေးအကျဉ်း ၅
၃။ စီစဉ်သူအမှာ ၆
၄။ ဇော်ဇော်မင်း၏ အမှာစာ ၇
၅။ သတင်းထောက်ဝင်းဦး၏ အမှာစာ ၈
၆။ စာရေးသူ၏ အမှာစာ ၁၁
၇။ နိဒါန်း ၁၂
၈။ အချုပ်ရုံးအကြောင်း ၂၁
၂။ ထောင်ကျရုံးအကြောင်း ၃၁
၃။ ထောင်ဆိုတာ ၄၃
၄။ ထောင်တွင်း မညီမျှမှုနှင့်လူသားမဆန်မှုများ ၅၁
၅။ မန္တလေးထောင် ၇၉
၆။ မြင်းခြံ ၁၇၇
၇။ ဟိုခို ၂၆၃

www.burmeseclassic.com

www.burmeseclassic.com

## အပြာရောင်ပေါ်က စားကျက်

အ င် း စိ န် ေ အ ာ င် စိုး

၁။ ဘာသာရေးမှာ မသိလို့ မှားမိရင် ငရဲ
ဥပဒေမှာ နားမလည်လို့
ဆိုးမိုက်မိရင် အပြစ်အကျ
ဒါပေမဲ့ မှားတာထက်ပိုတဲ့
ထောင်အကျတ သုံးဆ တိုင်းနှစ်တိုင်းနဲ့ ပြည်နယ်တစ်ခုမှာ
ဖြတ်သန်းခဲ့ ငါ့ဘဝ အဖြူရောင်မှ အပြာရောင်
နှစ်ဘဝပြောင်းခဲ့ရ (၁၇)နှစ်နဲ့ သုံးလ
၂။ အိုရို – တက်ထွက် – မာပိုတက် – တူးအိပ်ဗိုက်ဗိုက်
ကြိုက်တဲ့အသား ဘာပဲ ဝတ်ထားထား
မင်းတို့ ငါတို့ အပြာများ
ဘက် – တစ်ရစ် – နှစ်ရစ် – သုံးရစ်
အထက် – တစ်ပွင့် – နှစ်ပွင့် – သုံးပွင့်
သူ့အထက် တစ်ခက် – နှစ်ခက် – သုံးခက်ဆိုတဲ့
အရောင်တူများ
သူတို့အတွက် အပြာရောင်ပေါ်က စားကျက်။
၃။ ဘောက်ချာလား – ဝတ်သက်လား – ရှစ်ပေါ်တ်လား
မူးယစ်လား – လောင်းတာစားလား – ဒုစရိုက်လား
သမီးလေးလား – သားလေးလား – ကလေးလား
နေရာဒေသကွဲလွဲ – မတူညီတဲ့ – စာလုံးတွေရဲ့
အဓိပ္ပာယ်က – တစ်ခုထဲ
ဆရာတာလည်း – သူ့ဝယားနဲ့သူ
တပည့်ကလည်း – သူ့အတွက်နဲ့သူ ချက်(စ်)
ပစ်မှတ်တာတော့ – အပြာရောင်ပေါ်က စားကျက်ပဲ (ပေ့)

## ကိုယ်ရေးအကျဉ်း



**အမည်ရင်း**
**အောင်စိုး (ခေါ်) ထူးကျော်**
**အဖအမည်**
ဦးသန်း
**အမိအမည်**
ဒေါ်သန်းရှင်
**မွေးဖွားရာဒေသ**
ရန်ကုန်တိုင်းဒေသကြီး၊
အင်းစိန်မြို့နယ်။
**ထောင်ကျသည့်ခုနှစ်**
၁၉၉၆ မှ ၁၉၉၉ ခုနှစ်ထိ
**အင်းစိန်ထောင်**
၁၉၉၉ မှ ၂၀၀၉ ခုနှစ်ထိ
**မန္တလေးထောင်**
၂၀၀၉ မှ ၂၀၁၃ ခုနှစ်အထိ
**မြင်းခြံထောင်**
၂၀၁၃ မှ ၂၀၁၄ ခုနှစ်အထိ
**နောင်ချိုရဲဘက်စခန်း**
**ထောင်မှ လွတ်သည့်ခုနှစ်**

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၃)ရက်နေ့တွင် နောင်ချို/ဟိုခို/ရဲဘက်စခန်းမှ လွတ်မြောက်သည်။ ၂၀၁၄ခုနှစ် (၁)လပိုင်း၊ (၄)ရက်နေ့တွင်မိဘများ အိမ်သို့ ရောက်ရှိခဲ့ပြီး (၅)ရက်နေ့တွင်စတင်၍ ယခုစာအုပ်ကို ရေးသားခဲ့ပြီး ၂၀၁၄ ခုနှစ် (၇)လပိုင်းကုန်လောက်တွင် ရေးသားပြီးစီးခဲ့ပါသည်။ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်တွင် မိခင်ဖြစ်သူနှင့်အတူ နေထိုင်ပါသည်။

**ဖုန်း ၀၉၂၅၀၆[illegible]၉**

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

ကျနော်တို့ဟာ လူသားတွေဖြစ်ကြပါတယ်။ လူသားအချင်းချင်း ထားရှိရမယ့် ကြင်နာခြင်း၊ စာနာခြင်း၊ ညှာတာခြင်းတွေနဲ့သာ စိတ်ထားပြီး နေထိုင်ကြမယ်ဆိုရင်တော့ ငြိမ်းချမ်းသာယာစွာနဲ့ဘဝကို ဖြတ်သန်းနိုင်မှာပဲ ဖြစ်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘဲ လူနဲ့လူ့ပတ်ဝန်းကျင်အပေါ် ဖျက်လို့ဖျက်ဆီး လုပ်ကြမယ်၊ တစ်ဦးနဲ့တစ်ဦး အနိုင်ကျင့်စော်ကားမိရင်တော့ လူနဲ့ လူ့ပတ်ဝန်းကျင်ကို ကာကွယ်ပေးထားတဲ့ ဥပဒေအရ အရေးယူအပြစ်ပေးခြင်းကို ခံကြရမှာ ဖြစ်ပါတယ်။ ဒီစာအုပ်လေးမှာပါတဲ့ ဖြစ်ရပ်တွေဟာ အဲဒီလို အရေးယူအပြစ်ပေးခံခဲ့ရသူတစ်ယောက်ရဲ့ အပြစ်ပေးခံရစဉ်(ထောင်အတွင်း) တွေ့ကြုံမြင်တွေ့ရသမျှကို ခံစားခဲ့ရသမျှကို ဖော်ပြပေးထားပါတယ်။

တကယ်တော့ လူ့လောကမှာ ဆိုးပေမိုက်မဲခဲ့ကြတဲ့သူတွေဟာ အကျဉ်းထောင်ဆိုတဲ့ နံရံလေးဘက်ကြားထဲမှာ သူတို့ထက်ပိုဆိုးပိုမိုက်တဲ့ သူတွေနဲ့တွေ့တဲ့အချိန်မှာ အသက်ဆက်လက်ရှင်သန်ဖို့အတွက် သူပြုသမျှ သူတို့လုပ်သမျှ၊ သူတို့ခိုင်းသမျှကို မလုပ်ချင်လည်း လုပ်ခဲ့ကြရ ခံစားခဲ့ကြရတာတွေကို စာဖတ်သူမျက်လုံးထဲမှာ မြင်တွေ့ရအောင် ရှင်းရှင်းလင်းလင်း ရေးသားထားတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အခုလို ခေတ်စနစ်ပြောင်းလဲနေချိန်မှာ ဟိုးအရင်အချိန်တုန်းကလိုပဲ အကျဉ်းထောင်ရဲဘက်စခန်းတွေမှာ ဆက်ဆံရေးတွေ၊ ဆောင်ရွက်နေပုံတွေ မပြောင်းလဲဘဲ ရှိနေတာသိရတော့ လွန်စွာပဲ စိတ်မကောင်းဖြစ်ရပါတယ်။ တကယ်တော့ အကျဉ်းထောင်တို့ ရဲဘက်စခန်းတို့ဆိုတာ လူ့အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်ကို အန္တရာယ်ပြုနိုင်သူတွေကို ထိန်းသိမ်းပြီး စိတ်ပိုင်းဆိုင်ရာ ပြုပြင်တည်ဆောက်ပေးတဲ့ နေရာတစ်ခု ဖြစ်သင့်ပါတယ်။

ဒီစာအုပ်ကို ဖတ်ရှုပြီး အကျဉ်းသားများ၏ နေ့စဉ်ဘဝကို နားလည်လာမယ်လို့ လည်းမျှော်လင့်မိပါတယ်။ ထို့အတူပဲ အကျဉ်းထောင်တွေကို ခေတ်နဲ့အညီ ဘယ်လိုပြုပြင်ရင်ကောင်းမလဲဆိုတဲ့ အတွေးတစ်ခုလည်း ရလာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

*စာဖတ်သူအပေါင်းကို လေးစားလျက်*

*[illegible]ဇော်မင်း ၈၈*

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ယခု စာအုပ်သည် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် တာဆူနေစဉ် အခြေအနေအကြောင်းကြောင်းကြောင့် လူဆိုးလောကသို့ ရောက်ရှိသွားရသူတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို ပြုစုထားသော မှတ်တမ်းတစ်ခု ဖြစ်သည်။

ယနေ့ခေတ်တွင် အကျဉ်းထောင်များနှင့် ပတ်သက်သည့် ကိုယ်တွေ့ဖြစ်ရပ်များအကြောင်း စာအုပ်ထုတ်ဝေကြသည်မှာ နိုင်ငံရေးအသိုင်းအဝိုင်းတွင်းရှိသူများသာ ဖြစ်တတ်ကြသည်။

လူဆိုးတစ်ယောက်က ထောင်အတွင်း ကိုယ်တွေ့ကြုံခဲ့ရသည်များကို စာအုပ်ထုတ်၍ ပြုပြင်ပြောင်းလဲရန် လိုအပ်သည်များကို အစိုးရထံသို့လည်းကောင်း၊ အနာဂတ်လူငယ်များ ၎င်းတို့ကဲ့သို့မဖြစ်ပေါ်စေရန် ပြည်သူထံသို့လည်းကောင်း ချပြထားခြင်းဖြစ်ရာ ကျွန်တော့်တစ်သက်တာ ဖြတ်သန်းလာခဲ့ရမှုတွင် ယခုလို စာအုပ်မျိုးကို ဖတ်ရှုခဲ့ဖူးခြင်းမရှိပေ။

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရကို အကြောင်းပြု၍ စာရေးသူ ကိုအောင်စိုးနှင့် ကျွန်တော်မြင်းခြံအကျဉ်းထောင်၌ ဆုံစည်းခွင့်ရခဲ့သည်။

၂၀၁၂ ခုနှစ်အတွင်းက ဖြစ်သည်။ ဆရာတော်သည် မေတ္တာအခါတော်နေ့ ရောက်တိုင်းတွင် ပြုလုပ်လေ့ရှိတတ်သည့်အတိုင်း ထိုနှစ်က မြင်းခြံအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သား၊ အချုပ်သူများကို နံနက်စာနှင့် အသုံးအဆောင်ပစ္စည်းများ ဆေးဝါးများ လှူဒါန်းခြင်း၊ ဗုဒ္ဓတရားတော်များ ဟောကြားကာ ပူပင်သောကများ လျော့ပါးသွားအောင် ပြုလုပ်ခဲ့ရာ ကျွန်တော်နှင့်အတူ ရန်ကုန်မြို့မှ သတင်းထောက်အချို့လည်း လိုက်ပါသတင်းရယူခဲ့ရာမှ ကိုအောင်စိုးနှင့် တွေ့ဆုံခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံစဉ်က ၎င်း၏ ပြစ်ဒဏ်မှာ (၅၈)နှစ်ဟု သိလိုက်ရရာ တစ်နှစ်ကျော်ခန့်ကာလအတွင်း၌ ပြင်ပလောကတွင် ၎င်းနှင့် ယခုလိုပြန်လည်ဆုံ



ဆည်းခွင့်ရမည်ဟု အိပ်မက်ပင်မမက်ခဲ့ပေ။

ထိုစဉ်က ကျွန်တော့်ထံမှ ဖုန်းနံပါတ်တောင်းသဖြင့် ပေးခဲ့ရာ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ၎င်းမှ ထောင်ကလွတ်မြောက်လာပြီဖြစ်ကြောင်း ဆက်သွယ်ပြောကြားလာသောကြောင့် အံ့အားသင့်ပြီး ဝမ်းသာမိခဲ့သည်။

မကြာမီ ကျွန်တော်နှင့် လာရောက်တွေ့ဆုံပြီး ထောင်တွင်း၌ ရှိနေသေးသည့် ဆိုးရွားသောအခြေအနေ၊ အကြောင်းအရာများကို အမြန်ဆုံးပြုပြင်ပြောင်းလဲပစ်ရေးအတွက် အစိုးရသစ်သိရှိအောင်၊ နောင်လူငယ်များ အမှားမကျူးလွန်ရဲအောင်ရည်ရွယ်၍ ထောင်အတွင်း အတွေ့အကြုံမှတ်တမ်းများကို ရေးသားဖော်ထုတ်မည့်အကြောင်း တိုင်ပင်လာရာ ကောင်းမွန်သည့်လုပ်ရပ်ကို ကြိုးစားဆောင်ရွက်ခြင်းဖြစ် သဖြင့် အမြန်ဆုံးလုပ်သင့်သည်ဟု အကြံပေးခဲ့သည်။

၎င်းနှင့်တွေ့ဆုံပြီး မကြာခင်မှာပင် ရေးသားပြီးသည့်အကြောင်းနှင့် ဖတ်ရှုပြီး အကြံဉာဏ်ပေးရန် ဆက်သွယ်ပြောကြားလာရာ ကျွန်တော်အံ့ဩသွားမိပါတယ်။

ဂျာနယ်အတွက် သတင်းကိစ္စများအပြင် မိသားစု ကိစ္စများရှိနေသဖြင့် သတ်မှတ်ရက်ရောက်သည့်တိုင် ၎င်း၏ စာမူအား လှည့်မကြည့်နိုင်သေးသဖြင့် ၎င်းထံသို့ ဖုန်းဆက်ပြီး သုံးရက်အချိန်ထပ်တောင်းခဲ့ရသည်။

ထိုသုံးရက်အတွင်း ဖြည်းဖြည်းချင်း ဖတ်ရှုမည်ဟု ဆုံးဖြတ်ကာ ပထမနေ့ညပိုင်း၌ စာမူကို ကောက်ကိုင်လိုက်ရာ မိုးလင်းသွားသည်ကို သတိမပြုမိဘဲ၊ စာမူတစ်ခုလုံးကို ပြီးဆုံးအောင် တစ်ထိုင်တည်း ဖတ်မိသည်အထိ ဖြစ်ခဲ့ရသည်။

၎င်း၏ စာမူမှာ ဝတ္ထုသဘောဆန်ဆန် ရေးသားထားခြင်းမျိုးမဟုတ်ဘဲ ၎င်းရောက်ရှိခဲ့သည့် ထောင်များနှင့် ရဲဘက်စခန်း၌ ကိုယ်တိုင်ကြုံတွေ့မြင်တွေ့ခဲ့ရသည်များကို အချိန်ကာလနေရာ၊ ဖြစ်စဉ်၊ အမည်၊ အချိုးဆက်များအား တိတိကျကျဖော်ပြထားသည့် ကိုယ်တွေ့မှတ်တမ်းဖြစ်နေသဖြင့် ဖော်ပြချက်များ တိကျမှန်ကန်ဖို့လိုကြောင်း သတိပေးပြောကြားရာ ၎င်းမှ တိကျမှန်ကန်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးဖို့ အသင့်ရှိကြောင်းပြောကြားသောကြောင့် ၎င်း၏ စာအုပ်သည် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရေးကို အထောက်အပံ့ဖြစ်စေသလို ဖတ်ရှုသူတိုင်းကိုလည်း ကောင်းမွန်သည့်အကျိုးကျေးဇူးရရှိစေမည်ဟု ယုံကြည်သည်။

အထူးသဖြင့် ထိုစာအုပ်သည် ထောင်ကျဖူးသည့်သူတိုင်းက အပြည့်အဝလက်ခံမည်ဆိုတာကို ထောင်ကျဖူးသူ ကျွန်တော်ယုံကြည်ပါကြောင်း. . . . .။

*သတင်းထောက်-ဝင်းဦး*

## စာရေးသူ၏ အမှာစာ

ကျွန်တော် ဤစာအုပ်ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီလမ်းစဉ်နှင့် ဆန့်ကျင်ဘက် ပြုမူပြောဆိုလုပ်ကိုင် အုပ်ချုပ်နေသော တချို့သော အကျဉ်းထောင်များနှင့် ရဲဘက်စခန်းများ၏ ခေတ်စနစ်နှင့် မလျော်ညီသော စားသောက်ရမှု၊ အိပ်စက်ရမှု လုပ်ငန်းခိုင်းစေခံရမှု၊ အချိန်တိုင်းနီးပါး ကြမ်းတမ်းရိုင်းစိုင်းသော အပြောအဆိုခံရမှု၊ မပြည့်စုံသော ဆေးဝါးကုသမှုခံရမှု၊ မတရားနှိပ်စက်ညင်းပန်းခံရမှုများကို နိုင်ငံတော်အစိုးရအား တင်ပြရင်း ယခုပြည်ထောင်စုလွှတ်တော်အတွင်း တင်ပြဆွေးနွေးဆဲဖြစ်သော မြန်မာနိုင်ငံ၏အကျဉ်းထောင်များ စနစ်တကျကောင်းမွန်စွာ ပြုပြင်နိုင်ရေးအတွက် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အကျဉ်းထောင် ရဲဘက်စခန်းများတွင် ဖြစ်ပျက်ခဲ့သည်များကို ဖော်ပြ၍ အကျဉ်းထောင်စနစ် ပြုပြင်နိုင်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရလျှင် ဤစာအုပ်ရေးသားရကျိုးနပ်သည်ဟု ယုံကြည်ပါသည်။

*အင်းစိန်အောင်စိုး*

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

၁၉၈၇ ခုနှစ်မှာ မ. ဆ. လ(ဦးနေဝင်းအစိုးရ)က ၂၅/၊၃၅/နဲ့ ၇၅/တန် ငွေစက္ကူတွေကို ဖျက်သိမ်းလိုက်ကြောင်း ကြေငြာလိုက်တော့ အင်းစိန်မြို့နယ်အတွင်းရှိ GTI ကျောင်းမှာ ကျောင်းသားတွေ ဆူပူမှုဖြစ်လာခဲ့တယ်။

အဲဒီတုန်းကGTIကျောင်းနဲ့ သိပ်မဝေးကွာလှတဲ့ ဂျပန်လမ်းမှာနေထိုင်တဲ့ ကျွန်တော်တို့ လူငယ်တွေ သွားကြည့်ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော်ရဲ့ အသက်ဟာ၂၃နှစ်ဆိုတဲ့အရွယ်ကို ရောက်နေပါပြီ။

သိခဲ့ရတာကတော့ GTI ကျောင်းသား၊ ကျောင်းသူတွေရဲ့လက်ထဲမှာ ရှိနေတဲ့ ငွေစက္ကူတွေဟာ ဖျက်သိမ်းလိုက်တဲ့ငွေစက္ကူတွေ အများဆုံးဖြစ်တယ်ဆိုတာနဲ့၊ အဆောင်လခ၊ ကျောင်းလခ၊ စားစရိတ်စတာတွေ မပေးသွင်းရသေးမီအချိန်လေးမှာ ဖျက်သိမ်းလိုက်ပြီဆိုတဲ့ ကြေငြာချက်ကြောင့် အခုလို ဆူပူမှုဖြစ်လာတယ်ဆိုတာပါပဲ။

အဲဒီခေတ်က GTI ကျောင်းသားအများစုဟာ နယ်ကလာကြသူတွေများတယ်လို့လည်းသိလိုက်ရတော့ သားသမီးတွေ ပညာတတ်ကြီးတွေဖြစ်ဖို့ ပင်ပင်ပန်းပန်း ရှာဖွေရရှိတဲ့အထဲက မစားရက်ဘဲ သားသမီးတွေရဲ့ ပညာရေးကို ပံ့ပိုးပေးနေတဲ့ အဲဒီမိဘတွေကိုယ်စား ဝမ်းနည်းကြေကွဲခဲ့ရတယ်။

သိပ်မကြာခင်မှာပဲ စက်မှုကျောင်းသား ကိုဖုန်းမော်ကိစ္စဆက်ဖြစ်လာခဲ့တယ်။ ကိုဖုန်းမော်ကိစ္စနဲ့ ဆက်စပ်ပြီး ၁၉၈၈ခုနှစ်မှာ ရှစ်လေးလုံးအရေးတော်ပုံကြီးပေါ်လာရတယ်ဆိုရင် မမှားနိုင်ပါဘူး။

အရေးတော်ပုံကာလကြီးအတွင်းမှာ ရဟန်းရှင်လူကျောင်းသားပြည်သူအမြောက်အမြားဟာ တစ်ပါတီစနစ်၊ အာဏာရှင်စနစ်ဆိုးကြီးကို တိုက်ဖျက်၊ ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရေး ကြိုးစားရင်း အသက်ဆုံးရှုံးသွားခဲ့ရသလို၊ အခြေပျက်၊ အနေပျက်ဖြစ်ခဲ့ရလို့ ရည်ရွယ်ချက်တွေ ဦးတည်ရာလမ်းကြောင်းတွေ တိမ်းချော်ရင်းဘဝပျက်ရသူတွေလည်း ဒုနဲ့ ဒေးနဲ့ရှိခဲ့ကြပါတယ်။



အဲဒီထဲမှာ ကျွန်တော်အောင်စိုးလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့တယ်ဆိုရင်-

ကိုဖုန်းမော်ကိစ္စဖြစ်ပွားပြီး မကြာခင်မှာဘဲ ဆန္ဒပြမှုတွေဖြစ်လာခဲ့တယ်။ အင်းစိန်မြို့နယ်ထဲမှာ ဆန္ဒပြတဲ့လူတွေဟာ တဖြည်းဖြည်းများလာတာဟာ မကြာမီမှာလူထောင် ပေါင်းများစွာအထိ ရောက်ရှိသွားပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ ရပ်ကွက်ထဲက လူကြီးတွေဟာ ဦးနေဝင်းအစိုးရဟာ မကောင်းဘူးလို့ ပြောနေကြပါတယ်။

ကျွန်တော်တို့လူငယ်တွေလည်း လူအုပ်ကြီးနောက် လိုက်ကြည့်လေ့လာရင်း တစ်ပါတီစနစ်၊ အာဏာရှင်စနစ်ထက် ဒီမိုကရေစီစနစ်ပေါ်ထွန်းလာရေးကို ဝင်ရောက်တောင်းဆိုမိပါတော့တယ်။

ရက်မကြာမီမှာပဲ အင်းစိန်မြို့နယ်မှာ လူငယ်အစည်းအရုံးဖွဲ့တော့မယ်ဆိုတဲ့ သတင်းကြားလာတယ်။

ကျွန်တော်က ကျောင်းသားမဟုတ်ပေမယ့် ကိုယ့်မြို့နယ်အတွက် စိတ်ဝင်စားတာကြောင့် သပိတ်စခန်းတွေဆီသွားပြီး စုံစမ်းကြည့်ခဲ့တယ်။ လူငယ်အစည်းအရုံးဖွဲ့မယ့်ကိစ္စ တာဝန်ယူလုပ်နေသူတွေနဲ့တွေ့ပြီး ကျွန်တော်ပါဝင်ချင်တဲ့အကြောင်းပြောပြတော့ လုံခြုံရေးတာဝန်ခံနေရာ တာဝန်ယူနိုင်မလားမေးတယ်။

အဲဒီတာဝန်ကို ကျွန်တော်လက်ခံလိုက်ပြီဆိုတာနဲ့ နေ့/ည အချိန်အခါမရွေး အလုပ်ပေါ်ရင် ပေါ်သလိုတာဝန်ထမ်းဆောင်နိုင်တဲ့ ကျား/မ (၅၀)ဦးကို ချက်ချင်းရှာဖွေစုစည်းရတယ်။ အဲဒီအချိန်ကာလက လူတိုင်းလိုလိုဟာ တက်ကြွနေကြလို့ လိုချင်တဲ့အရည်အချင်းရှိတဲ့သူကို ရှာဖွေစုဆောင်းရတာ လွယ်ကူခဲ့ပါတယ်။

ကျွန်တော် အင်းစိန်မြို့နယ်ရဲ့ လုံခြုံရေးတာဝန်ခံဖြစ်ပြီဆိုရင်ပဲ အင်းစိန်အကျဉ်း ထောင်ခါတာကို ကြုံရပါတော့တယ်။ အကျဉ်းဦးစီးဝန်ထမ်းတွေက တစ်သုတ်ကို (၅၀)ဦးစီနဲ့ တစ်သုတ်ပြီးတစ်သုတ် လွှတ်ပေးနေရတယ်။

ကျွန်တော့်ရဲ့အဖွဲ့ဟာ လွတ်မြောက်လာတဲ့ အကျဉ်းသားတွေကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလျှင် ကျပ်ငွေ-တစ်ဆယ်နဲ့ ထမင်းထုပ်တစ်ထုပ်စီ ဝေပေးပါတယ်။ နယ်ပြန်ရမယ့်သူတွေကိုတော့ ရန်ကုန်ဘူတာကြီး၊ အဝေးပြေးစခန်း လိုက်ပို့ပေးပါတယ်။

အဲဒီလိုကူညီကြတဲ့အထဲမှာ အင်းစိန်ထောင်အနီးက ဆိုက္ကားသမားတွေဟာ အကျဉ်းသားတွေလွတ်မြောက်လာတိုင်း လိုင်းကားဂိတ်ရှိတဲ့ဆီကို အခမဲ့သယ်ယူပို့ဆောင် ပေးကြပါတယ်။

အရေးတော်ပုံကာလရက်ကြာလာတာနဲ့ အမျှ ပြည်သူတွေဟာ အစားအစာကိုလည်း ခြိုးခြံချွေတာပြီး စားနေရပါတယ်။ တချို့နေရာတွေမှာ ဆန်ကိုပုံမှန်ထက်တစ် ဝက်လျှော့ချက်စားရတာ ဆန်ပြုတ်ပြုတ်သောက်တာ၊ ဆန်ကွဲချက်စားရတာတို့ ဖြစ်နေကြပါပြီ။

အဲဒီလို အစားအသောက်အခက်အခဲဖြစ်လာတာကြောင့် ရန်ကုန်မြို့ရဲ့ နေရာတိုင်းလိုလိုမှာ ဂိုဒေါက်ဖောက်တာတွေ ဖြစ်လာတယ်။ ကျွန်တော်တို့ရဲ့ အင်းစိန်မြို့နယ်လည်း အပါအဝင်ပေါ့။

ဒီလိုဖြစ်ပျက်နေတဲ့ အချိန်မှာပဲ စစ်တပ်က နိုင်ငံတော်အာဏာကို သိမ်းလိုက်ပြီလို့ ကြေငြာလိုက်ပါတယ်။ ဒီမိုကရေစီစနစ်ကြီး မပေါ်ထွန်းမီမှာ စစ်တပ်က အာဏာသိမ်းလိုက်တာကြောင့် ကျွန်တော့်ရဲ့ရည်ရွယ်ချက်၊ ဦးတည်ချက်တွေပျောက်ပျက်ပြီး ကျွန်တော်လူဆိုးလောကထဲ ရောက်သွားတယ်ဆိုရင်-----

စစ်တပ်အာဏာသိမ်းလိုက်ပြီဆိုတာနဲ့ သုံးရက်မြောက်မှာ ည(၁၀)နာရီလောက်မှာပေါ့ ကျွန်တော့်အိမ်ကို ညဖက်မှာ စစ်ကားတွေနဲ့ လာဝိုင်းဖမ်းပါတယ်။ အဖမ်းခံမလား၊ အသေခံမလားဆိုတဲ့ အတွေးဝင်လာတယ်။ အဖမ်းခံရင်လည်း သေဖို့လမ်းကများတယ်ဆိုတော့ အသေခံပြီးထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ ကံကောင်းထောက်မစွာနဲ့ လွတ်မြောက်ခဲ့တယ်။

အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ အိမ်ပြန်လို့မရတော့တဲ့ ဘဝရောက်သွားတယ်။ သပိတ်စခန်းဖွင့်ထားတဲ့ အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အ. မ. က(၁၂) ကျောင်းကိုရောက်တယ်။ ခေါင်းဆောင်တချို့က တောခိုရင် လိုက်ခဲ့ဖို့ပြောတယ်။ မလိုက်ချင်ဘူးလို့ ပြန်ပြောခဲ့တယ်။



ကျွန်တော်သာ အဲဒီချိန်က တောခိုလိုက်ရင် လူဆိုးဘဝရောက်ပါ့မလားလို့---

စစ်တပ်က သပိတ်စခန်းကို လာဝိုင်းလို့ ကျွန်တော်တို့ နေရာပြောင်းလိုက်ရတယ်။ ဟိုရောက်လည်းလာဝိုင်း၊ ဒီရောက်လည်းလာဝိုင်းနဲ့ ကျွန်တော်လည်း တဖြည်းဖြည်းသပိတ်စခန်းနဲ့ ကင်းကွာသွားပြီး ကိုယ်လွတ်ရုန်းကန်တဲ့ဘဝရောက်သွားတယ်။

ကြာလာတော့ လက်ထဲရှိတဲ့ ငွေကြေးလေးကုန်ခမ်းစပြုလာတယ်။ တိုင်ပင်စရာ၊ အားကိုးစရာ ယုံကြည်ရမယ့်သူတွေမရှိ၊ လက်ထဲမှာလည်း ငွေကြေးမရှိတော့၊ အိမ်ကိုလည်းပြန်လို့မရတဲ့အခြေအနေမှာ အင်းစိန်မြို့နယ်ရဲစခန်းမှူးရဲ့သားမက်လောင်းဖြစ်သူကို ရိုက်ပြီးလုလိုက်တယ်။ ၁၉၉၀ခုနှစ်ထဲမှာပေါ့။

သိပ်မကြာခင်မှာပဲ ရိုက်မှုနဲ့ ကျွန်တော်အဖမ်းခံရပြီး ထောင်လေးနှစ်ကျခဲ့တယ်။ လျှော့ရက်တွေနဲ့ ၁၉၉၃ ခုနှစ်မှာ ပြန်လွတ်လာတယ်။ထောင်ကလွတ်ပြီဆိုတော့ ကိုယ့်အိမ်ကိုယ်ပြန်လို့ရပြီး အိမ်မှာ အအေးဆိုင်လေးဖွင့်ပြီး ကောင်းကောင်းမွန်မွန်နေထိုင် လုပ်ကိုင်စားသောက်တယ်။ ရှေ့ကဖြစ်ခဲ့တာတွေ မေ့ထားပြီးတော့ပေါ့။

ဒါပေမယ့် စစ်အစိုးရရဲ့စနစ်ဆိုးကြီးက ဒီအတိုင်းအေးအေးချမ်းချမ်း ကောင်းကောင်းမွန်မွန်နေထိုင် လုပ်ကိုင်စားသောက်တာကို ရပ်ကြည့်မနေခဲ့ဘူး။ အအေးဆိုင်လေးဖွင့်ပြီးနေတဲ့အချိန် (၁၉၉၄)ခုနှစ်မှာ ဟိတ်၊ ဟန်မရှိတဲ့ ထောင်ထွက်တွေကို လိုက်ဖမ်းပြီးပေါ်တာဆွဲထည့်လို့ ကျွန်တော်လည်း မိသားစုကို စွန့်ခွာလို့ ထွက်ပြေးခဲ့ရတယ်။

အဲဒီအချိန်ကစလို့ ကျွန်တော့်မိသားစုရဲ့ တည်ငြိမ်စပြုနေတဲ့ အခြေအနေဟာ အခြေပျက်ခဲ့ရတယ်။ စားဝတ်နေရေး အခြေပျက်တော့ ထွက်ပြေးနေရတဲ့ ကျွန်တော့်ကို ငဲ့မကြည့်နိုင်ဖြစ်၊ ကျွန်တော်ကလည်း ထွက်ပြေးနေရသူဖြစ်လို့ နေရာတစ်ခုမှာ အခြေချလို့မရဖြစ်နဲ့ ပါလာတဲ့ငွေကြေး ကုန်ခမ်းသွားတယ်။

အဆိုးဆုံးက အလုပ်တစ်ခုကို ရက်ပိုင်းလောက်လေး လုပ်ပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



အခြားနေရာမှာ အလုပ်တစ်ခုပြောင်းရတာဆိုတော့ အလုပ်ရှာဖို့ ခက်ခဲလာတယ်။ ငွေကြေးရှာဖွေရတာလဲ ခက်ခဲလာပြီး အဲဒီလိုဖြစ်နေတဲ့ အခြေအနေကြောင့် ငွေများများနဲ့ လွယ်လွယ်နဲ့ရမယ့် နည်းလမ်းတွေကို ရှာဖွေလာရင်းနဲ့ ကိုယ့်လိုလူတွေနဲ့တွေ့ပြီး-----

ဒီလိုနဲ့ လုယက်မှုအပါအဝင်အမှုပေါင်း ရှစ်ခုကို ကျူးလွန်ခဲ့ပြီးတဲ့နောက် အဖမ်းခံရပြီး ပြစ်ဒဏ်ထောင်(၅၈)နှစ် ကျခဲ့ရတယ်။ (၄. ၁၀. ၁၉၉၆) မှာ စတင်အဖမ်းခံရပြီး ထောင်ပြစ်ဒဏ် (၅၈)နှစ် ကျခံနေရတာဟာ ဒီမိုကရေစီအစိုးရသစ်လက်ထက် နိုင်ငံတော်သမ္မတပေးတဲ့ အသီးသီးသော ပြစ်ဒဏ်လျှော့ပေါ့ခွင့်တွေကြောင့် ထောင်အတွင်းမှာ (၁၇)နှစ် ကျော်နေထိုင်လာခဲ့တဲ့ ကျွန်တော်ဟာလည်း ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။

အကြောင်းကြောင်းတွေကြောင့် လူဆိုးဘဝကို ရောက်ရှိသွားခဲ့ရတဲ့ ကျွန်တော်ဟာ ထောင်တွေကို တစ်ခုပြီးတစ်ခု ပြောင်းခဲ့ရသလို ရဲဘက်စခန်းကိုလည်း ရောက်ရှိခဲ့ရတာမှာ ယနေ့အထိ အခြေအနေအဆိုးရွားဆုံး အဆင့်၌သာ ရှိသေးတဲ့ အကျဉ်းထောင်ရဲ့ စနစ်ဆိုးတွေအကြောင်းကို ဖော်ထုတ်ပြလိုက်ရင် အစိုးရသစ်က အမြန်ဆုံး ပြုပြင်ပြောင်းလဲမှာဖြစ်သည်ဟု ယုံကြည်တာက တစ်ကြောင်း၊ မိဘဆွေမျိုး ညီအကိုမောင်နှမ ပြည်သူပြည်သားများအပေါ် ဆိုးမိုက်ချင်သည့်၊ မတရားလုပ်ချင်သည့်၊ ငါဘယ်လောက်မိုက်တယ်၊ ငါ့လောက်မိုက်တဲ့သူ မရှိဘူးဟု ထင်ပြီး ကြီးသူကို မရိုသေ၊ ရွယ်တူကို မလေးစား၊ ငယ်သူကို မသနားသည့် ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် ညီငယ်များနှင့် ပုဂ္ဂိုလ်များအတွက် ကျွန်တော့်ရဲ့ ထောင်တွင်းအတွေ့အကြုံ၊ ရဲဘက်စခန်း အတွေ့အကြုံများကို စေတနာရှေ့ထားပြီး ဖော်ထုတ်ရေးသားတင်ပြလိုက်ပါသည်။

အမည် - အောင်စိုး
ထောင်ဝင်နံပါတ်

နေ့စွဲ။ ၂၀၁၄ ခုနှစ်၊ လ ၊ ရက်။

အကြောင်းအရာ ။ ။ အကျဉ်းထောင်စနစ်ပြုပြင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း

ကျွန်တော်သည် (၁၉၉၆)ခုနှစ်၊ (၁၀)လပိုင်း၊ (၄)ရက်နေ့တွင် စတင်အဖမ်းခံရပြီး လုယက်မှု(၈)မှုဖြင့် ထောင်ဒဏ်(၅၈)နှစ်ကျခံရန် အမိန့်ချမှတ်ခံရသူဖြစ်ပါသည်။

အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်တို့နှင့် နောင်ချိုရဲဘက်စခန်းတို့တွင် ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော အကျဉ်းထောင်ဝန်ထမ်း၊ အကြပ်အရာရှိတို့၏ မတရားခိုင်းစေမှု၊ ရိုက်နှက်ညှင်းဆဲမှု၊ လာဘ်စားမှု၊ အကျဉ်းသားတို့၏ ရိက္ခာရပိုင် ခံစားခွင့်များကို ဖြတ်စားမှု အကျဉ်းသားများကို ကျွန်များကဲ့သို့ ပြောဆိုဆက်ဆံမှုတို့အား ပြုပြင်ပြောင်းလဲပေးနိုင်ရန်အတွက် ကျွန်တော်၏ မျက်မြင်ကိုယ်တွေ့အဖြစ်အပျက်များအား ရေးသားတင်ပြလိုက်ပါသည်။

အကျဉ်းထောင်အတွင်းနှင့် ရဲဘက်စခန်းတို့တွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများ ဖိနှိပ်မှုများမှာ

(၁၉၉၆)ခုနှစ် ကျွန်တော်ထောင်စကျချိန်မှစ၍ (၂၀၁၄)ခုနှစ် ကျွန်တော်လွတ်မြောက်လာချိန်အထိ အကျဉ်းထောင်နှင့် ရဲဘက်စခန်းတို့တွင် လာဘ်စားမှုများမှာ အနည်းငယ်မျှသာ လျှော့ပါးပြီး ယခင်ခေတ်ကဲ့သို့ ထင်ထင်ပေါ်ပေါ်ပြောင်မယူသည်မှလွဲ၍ တိုးတိုးတိတ်တိတ် လုပ်စားနေတုန်းဖြစ်ပါသည်။ အချုပ်သားဖြစ်စေ၊ ထောင်ကျဖြစ်စေ ရဲဘက်ဖြစ်စေ ငွေမပေးနိုင်လျှင် အညံ့ဆုံးအလုပ်များ အပင်ပန်းဆုံး အလုပ်များနှင့် အဆူ၊ အဆဲ၊ အရိုက်ခံရပါသည်။ ငွေပေးနိုင်လျှင် အချုပ်သားလူသစ်ဖြစ်စေ၊ ထောင်ကျသူသစ်ဖြစ်စေ၊ ရဲဘက်စခန်းမှာ လူသစ်ဖြစ်စေ၊ ပေးနိုင်သည့်ငွေ ပမာဏအပေါ် မူတည်၍ သက်သာသည့်အလုပ်မှစ၍ လုံးဝအလုပ်မရှိရသည်အထိ ကျွန်တော်မြင်ခဲ့တွေ့ခဲ့ရပါသည်။ အစားအသောက်၊ ကျွေးမွေးမှုမှာလည်း နိုင်ငံတော်အစိုးရမှ အကျဉ်းသားများအတွက် ရိက္ခာငွေတိုးပေး

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မည်သို့မျှ ထူးခြားမှုမရှိပါ။ အသားတုံး(စကေး) မပြည့်ခြင်း၊ ပဲအရည်ကျဲ၍ ပဲဖတ်မပါခြင်း၊ မည်သို့မျှ အရသာမရှိသော အရွက်ဟင်းများနှင့် ဆီမပါသောဟင်းများကိုသာ နေ့စဉ်နီးပါး ကျွေးခြင်းတို့ကို ကိုယ်တိုင်စားခဲ့ရပါသည်။(၆)လတကြိမ် ထောင်ပုံစံ၊ အကျီ၊ ပုဆိုး ထုတ်မပေးသလို၊ (၇)ရက်တစ်ကြိမ် ဆပ်ပြာကြမ်းလည်း မပေးပါဘူး။ အကျဉ်းထောင်အတွင်းမှာ ဖြစ်စေ၊ ရဲဘက်စခန်းမှာ ဖြစ်စေ ငွေပေးနိုင်မှသန့်ပြန့်သော၊ ကျယ်ဝန်းသော အိပ်ယာနေရာ ရရှိပါသည်။ ငွေမပေးနိုင်လျှင် ကြပ်ညှပ်နေသော၊ နံစော်နေသော အလယ်တန်းနှင့်၊ မိလ္လာအနီးတဝိုက်တွင်သာ အိပ်ရပါသည်။ အကျဉ်းထောင်အမှုထမ်း၊ အရာထမ်းနှင့် အကျဉ်းသားအရာရှိဆိုသော အခန်းလူကြီးတန်း စီးချုပ်ဆိုသူများမှာ ငွေပေးနိုင်သူများ ၎င်းတို့ကို ကျွေးပေးသောသူများကိုကောင်း မွန်စွာဆက်ဆံစောင့်ရှောက်၍ ဘာမှမပေးနိုင်၊ မကျွေးနိုင်သောသူများကို အလွန်ညံ့ဖျင်းသော ကိုယ်အမူအရာနှုတ်အမူအရာတို့ဖြင့် ပြုမူပြောဆိုဆက်ဆံပါသည်။

ပေးနိုင်ကျွေးနိုင်သူများ စကားများရန်ဖြစ်လျှင် ပြဿနာသည် သေးငယ်သွားပြီး မကျွေးနိုင် မပေးနိုင်သူများ စကားများရန်ဖြစ်ခဲ့လျှင် ထိုကိစ္စသည် အလွန်ကြီးကျယ်သွားပြီး ဆဲဆူရိုက်နှက်၍ ဒေါက်ခြေချင်းအခတ်ခံရကာ တိုက်ပိတ်ပါသည်။ မကောင်းမှုတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်၍ ထောင်ကျလာသူချင်းအတူတူ ခွဲခြားဆက်ဆံ၍ ကျွန်တော်တို့ အကျဉ်းသားများ စိတ်ပိုင်းဆိုင်ရာ အလွန်ထိခိုက်၍ စိတ်ဒဏ်ရာရရှိကြပါတယ်။ ကျွန်တော်နောက်ဆုံးနေထိုင်ခဲ့တဲ့ ရဲဘက်စခန်းမှာ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့ရဲဘက်တွေကို ကျွဲတွေ၊ နွားတွေလို နေ့စဉ် အငှားလိုက်ခိုင်းပြီး ကျွန်တွေကို ဆက်ဆံသလို တိရိစ္ဆာန်တွေကို ခိုင်းသလိုခိုင်းပြီး လုပ်စားနေတာတွေ ရဲဘက်တစ်ယောက်ကိုတစ်နေ့ (၂၅၀၀)၊ (၃၀၀၀)နှုန်းနဲ့ ရဲဘက်တွေ တစ်ရက်ကို လူ (၁၀၀)၊ (၃၀၀)ထိ လုပ်အားပေးဆိုတဲ့ အပြင်အလုပ်တွေကို ခိုင်းစားခံရပါတယ်။

ပြုပြင်စေချင်သည့် အကြောင်းအရာများ

(၁) အကျဉ်းထောင်များတွင် ပုံစံခန်းဆိုသည်မှာ ထောင်အတွင်းသွားလာနေထိုင်စားသောက်မှုများအတွက် စည်းစနစ်ရှိရန်နှင့် အများနှင့်အတူလုပ်ကိုင်နေထိုင်တတ်ရန်တို့ကို ပြောဆိုသင်ပြရန်ထားရှိသောနေရာ မဟုတ်ဘဲ ပုံစံမောင်း၊ ကြမ်းတိုက်၊ မိလ္လာထမ်းခိုင်းပြီး ငွေကို မထွက်ထွက် အောင်ရှာဖွေနေသော နေရာဖြစ်သဖြင့် ပုံစံခန်းမရှိသင့်သလို ပုံစံမောင်း ခြင်းလည်း မရှိသင့်တော့ပါ။



(၂) ဥပဒေကို ကျူးလွန်ဖောက်ဖျက်ထောင်ကျလာသူမည်သူ့ကိုမဆို တစ်ပြေးညီ အခွင့်အရေးရရှိပြီး အကျဉ်းထောင်အတွင်းရှိ လုပ်ငန်းများကို တန်းတူလုပ်ကိုင်နေထိုင်စေခြင်းနှင့် စည်းကမ်းနှင့်အညီ မှန်ကန်စွာ အုပ်ချုပ်၍ ခွဲခြားဆက်ဆံမှုမရှိစေရန်။

(၃) အကျဉ်းသားများ၏ တရားဝင်ရရှိသော ရိက္ခာများ၊ ပုံစံအကျီ ပုဆိုးများ ဆေးဝါးများကို အပြည့်အဝရရှိစေရန်။

(၄) အကျဉ်းထောင်အတွင်း ငွေမသုံးစွဲရဟုဆိုသော်လည်း သာရေးနာရေး၊ လူမှုရေးနှင့် ထောင်အာဏာပိုင်တို့၏ ကိစ္စမျိုးစုံတို့အတွက် အမြဲတမ်းငွေကြေးကောက် ခံတောင်းယူနေသည်များကို လုံးဝပပျောက်သွားစေရန်။

(၅) အကျဉ်းသားများကို မိမိတို့မိသားစုများနှင့် ထောင်ဝင်စာမလာနိုင်သော နေရာဒေသများကို ပြောင်းရွှေ့ခြင်းများကို လုံးဝပယ်ဖျက်စေရန်။

(၆) ထောင်ကျနေသူ၏ မိသားစုမှ ပေးပို့သော စားသောက်စရာများကို မည်သူတစ်ဦးတစ်ယောက်ကမျှ ချော့၍ယူခြင်း၊ ခြောက်၍ ယူခြင်း၊ ရာထူးဖြင့် အနိုင်ကျင့်၍ ယူခြင်းမရှိစေရန်။

(၇) ထောင်ကျနေသော အကျဉ်းသား/သူများ၏ အသက်အရွယ်အလိုက် အစ်ကို၊ ဦးလေး၊ အဘဟုဆိုသော ဂါရဝတရားဖြင့် အကျဉ်းသားချင်းဖြစ်စေ၊ အကျဉ်းထောင် အမှုထမ်း၊ အရာထမ်းမှဖြစ်စေ ခေါ်ပြောသုံးစွဲရန်။

(၈) အကျဉ်းသားအသက်ကြီးသူများကို ဘုရားခန်း(ခ)ခေါင်းရင်းတန်းတွင် အိပ်စက်စေပြီး စုံပြုံကြပ်ညှပ်၍ နေထိုင်ရသည်ကို သင့်တင့်သော အိပ်စက်နေထိုင်မှု ရစေရန်။

(၉) ထောင်ကျနေသော အကျဉ်းသား/သူများကို အကျဉ်းသား အရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အုပ်ချုပ်သူများမှဖြစ်စေ၊ အကျဉ်းထောင် တာဝန်ရှိသူများမှဖြစ်စေ မည်သည့်အကြောင်းကြောင့်မှ ဆဲခြင်း၊ ရိုက်ခြင်း၊ မတရားပြောဆိုခြင်း လုံးဝမရှိစေရန်။

(၁၀) ရဲစခန်းအချုပ်များ၊ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများကို အစိုးရအဖွဲ့အစည်းမှ ဌာနမတူသူများနှင့် ပြင်ပအဖွဲ့အစည်းများမှ စုပေါင်း၍ မကြာခဏသွားရောက် စစ်ဆေးသင့်ပါသည်။ သို့မှသာ ထိုနေရာများတွင် နေ့စဉ်နီးပါးဖြစ်ပျက်နေသော မတရားမှုများကို လွတ်လပ်စွာ မေးမြန်းမှ အမှန်တရားကိုတိကျစွာသိရမည်ဖြစ်ပါသည်ဟု အကြံပြုတင်ပြအပ်ပါသည်။

■ ■ ■

## အချုပ်ရုံးအကြောင်း

အကျဉ်းထောင်တိုင်းမှာ အချုပ်ရုံးဆိုတာရှိပါတယ်။ အချုပ်ရုံးရဲ့ လုပ်ငန်းထဲက ကျွန်တော်သိသလောက်ကတော့ အချုပ်သားအသစ်ရောက်လာရင် ထောင်ဝင်နံပတ်ပေးခြင်း၊ ခန္ဓာကိုယ်က ထင်ရှားတဲ့အမှတ်အသားကို မှတ်သားခြင်း၊ အရပ်တိုင်းထွာခြင်း၊ ကိုယ်အလေးချိန် မှတ်တမ်းတင်ခြင်း၊ အမှုဖြစ်စဉ်ကို မေးမြန်းမှတ်သားခြင်းစတဲ့ လုပ်ငန်းတွေအပြင် ကျွန်တော် မသိတဲ့အခြားအကြောင်းအရာ လုပ်ငန်းတွေလည်း ရှိမှာပါ။ အချုပ်သားမှန်သမျှဟာ ထောင်မကျသေးရင် သို့မဟုတ် မလွတ်သေးရင် သို့မဟုတ် အာမခံမရသေးရင် အမှုရင်ဆိုင်နေဆဲကာလမှာ ခုနစ်ရက်တစ်ကြိမ် သို့မဟုတ် (၁၄)ရက်တစ်ကြိမ် ရုံးချိန်းကို မဖြစ်မနေသွားရောက် အမှုရင်ဆိုင်ဖြေရှင်းနေရတဲ့အတွက် အကျဉ်းထောင်ထဲကနေ သက်ဆိုင်ရာ မြို့နယ်၊ တိုင်းတရားရုံးတွေကို တနင်္လာနေ့ကနေ သောကြာနေ့အထိ တစ်ပတ်ကို ငါးရက်ရုံးထွက် ရုံးပြန်ရှိကြပါတယ်။ ဒီလို အချုပ်သားတွေကို ရုံးထွက်မယ့်နေ့ မနက်ပိုင်းဆိုရင် အချုပ်ရုံးဝန်ထမ်း သို့မဟုတ် အချုပ်ရုံးက အကျဉ်းသားတစ်ယောက်က နာမည်စာရင်းနဲ့လာရောက်ခေါ်ဆောင်ပြီး အချုပ်ရုံးမှာ ဝရမ်းစစ်ကာ ရုံးထွက်ရန် မိမိတို့ထွက်ရမယ့် ရုံးမြို့နယ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



အုပ်စုဖွဲ့ တန်းစီထိုင်နေကြရပါတယ်။ ဒီလိုရုံးထွက်တဲ့နေ့တွေဆိုရင် အဆောင်မှာဆို အခန်းလူကြီး၊ စာရေး၊ စည်းကမ်းထိန်းစတဲ့သူမျိုးတွေက ရုံးချိန်းသွားမယ့်အချုပ်သားတွေကို မိမိတို့အုပ်ချုပ်တဲ့အခန်းအလိုက် နိုင်ရာလူတွေကို ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ ကြက်သားဟင်း၊ ဝက်သားဟင်း၊ အမဲနှပ် တစ်မျိုးမဟုတ် တစ်မျိုးနဲ့မှာနေကြသလို အဆောင်က ထွက်လို့ မိန်းဂျေးပြန်ရောက်ပြန်ရင်လည်း မိန်းဂျေးစည်းကမ်းထိန်းတွေ၊ မိန်းဂျေးဘုတ်ကိုင်လို့ခေါ်တဲ့ တစ်ထောင်လုံးတန်းစီးဆိုတဲ့သူမျိုးတွေက ရုံးထွက်လာတဲ့ အချုပ်သားတွေကို ညနေရုံးအပြန် အရက်သောက်မလာဖို့၊ မူးယစ်ဆေးဝါးသုံးစွဲသယ်ဆောင်မလာဖို့၊ ရန်ဖြစ်ပြီး ပြန်မလာဖို့ စတဲ့ထောင်စည်းကမ်းတွေကို ကြက်တူရွေးစကား သင်ထားသလို ပုံသေရွတ်ပြရင်း ထုံးစံအတိုင်း အချော့အခြောက်လေးတွေနဲ့ မျက်နှာသစ်တို့၊ မျက်နှာလိမ်းတို့၊ ပေါင်ဒါတို့၊ အကျီတို့၊ ပုဆိုးတို့၊ ဘောင်းဘီတို့၊ စားသောက်စရာမျိုးစုံကို ရုံးထွက်တဲ့ရုံးတိုင်း အဖွဲ့တိုင်းကိုမှာယူပြီး ဗိုလ်လုပ်နေကြတာကို အချုပ်သားတွေက မကျေနပ်ပေမယ့် ညနေပြန်လာရင်တော့ ဝယ်လာရမှာပါပဲ။

မိန်းဂျေးမှာ တန်းစီပုံစံထိုင်ရင်း ဩဝါဒခံယူပြီးတဲ့နောက် အချုပ်ရုံးရှိရာ ဗူးတံခါး ပတ်ဝန်းကျင်မှာ ရုံးချိန်းသွားကြမယ့် မြို့နယ်အလိုက် တန်းစီစုဖွဲ့လို့ ရုံးထွက်လာခေါ် မယ့်လမ်းကြောင်းကား(ရဲကား)ကိုစောင့်ရင်း အချုပ်ရုံးက အကျဉ်းသားအရာရှိဆိုတဲ့ လုပ်စားနေတဲ့အကျဉ်းသားတွေက ရုံးထွက်တော့မယ်။ အချုပ်သားတွေ ထိုင်နေရာတစ်ဝိုက်မှာ အာဏာပါဝါတွေပြရင်း ရုပ်မပေါက်တဲ့အချုပ်သားလေးတွေကို ဆဲဆိုကြိမ်းမောင်း၊ ရိုက်နှက်ရင်း ရုပ်ပေါက်တဲ့ ပေးနိုင်ကျွေးနိုင်တဲ့သူကို အထာထားတယ်ဆိုတဲ့ ခပ်ညံ့ညံ့ဇယားတွေနဲ့ ရုံးအတွက်လိုအပ်လို့ ဘယ်သူက ရုံးစာအုပ်လေး ဝယ်ပေးပါဦး၊ ဘယ်သူက စာရွက်ထုပ်လေး ရုံးအတွက် ကူညီပေးပါဦး။ ဘယ်သူက ညနေစာ လေးဆွဲလာခဲ့ပါဆိုပြီး နောက်ဆုံးဒီဘူတာပဲ ဆိုက်ရောက်လာတာကို ကျွန်တော် နှစ်ပေါင်းများစွာမပြောင်းမလဲဘဲ မြင်တွေ့နေရပါတယ်။ တရားရုံးရောက်သွားလို့ ရဲအချုပ်ခန်းထဲမှာ တစ်နေ့ကုန် ကောင်းကောင်းမနေရပါဘူး။ လက်ရဲဇက်ရဲရှိတဲ့ ထိုးကြိတ် ရိုက်နှက်လုပါးဝနေတဲ့ အချုပ်ရုံး



ထွက်လူမျိုးက တစ်မျိုး၊ နောက်မှ ရုံးထွက်အကျဉ်းသားက တစ်မျိုး၊ ဆက်ကြေးကောက် စားစရာတောင်းတာကို ကျန်တဲ့သာမန် အချုပ်သား အကျဉ်းသားတွေကကြောက်တော့ စားစရာငွေပေးပြီး တစ်နေ့ကုန် ဒုက္ခခံလို့ တစ်နေ့တာကို စိတ်ဆင်းရဲစွာ ဖြတ်သန်းနေရပါတယ်။ ညနေရုံးပြန်ပြီဆိုရင် အချုပ်သားတွေက ထောင်ပြန်ရောက်ရင်စားဖို့ ထောင်ဗူးဝတို့၊ အချုပ်ခန်းတို့၊ မိန်းဂျေးတို့၊ အခန်းလူကြီးတို့အတွက် လက်ဆောင်ပစ္စည်း (သို့မဟုတ်) စားသောက်စရာတွေကို သယ်ယူလာရင် လမ်းကြောင်းရဲကားက (ရဲတွေက) သူတို့အတွက် ဒီလမ်းကြောင်းခငွေလေးမှ မပေးရင် ဘာပစ္စည်းမှ သယ်ယူခွင့်မပေးတာကိုလည်း မကြာခဏ တွေ့ကြုံကြရပါတယ်။ လမ်းကြောင်းရဲကိုလည်း နေ့စဉ်ငွေပေးရတာကို နှစ်ချီတွေ့ မြင်ခဲ့ရပါတယ်။ ရုံးက ပြန်လာလို့ ထောင်ဗူးတံခါးဝမှာ ရပ်ပြီဆိုတာနဲ့ လက်ထဲက အထုပ်တွေကို ကြည့်ပြီး ဒါက ဗူးတံခါးအတွက်၊ ဒါက အချုပ်ရုံးအတွက်၊ ဒါက မိန်းဂျေးအတွက်၊ ဒါက အခန်းလူကြီးအတွက်ဆိုတဲ့ခွဲတမ်းချပြီး စိတ်နဲ့စီစဉ် နေရပါတယ်။ ဒါတွေအပြင် ရုံးအပြန်နောက်ကျရင် ရေချိုးလို့မရတော့တဲ့ အတွက် ရေကန်ဘုတ်ကိုင်ကို ဟင်းစားလေးတစ်ထုပ်လောက်ပေးပြီး ရေချိုးဖို့ပါ ထည့်တွက်ထားရပါတယ်။ ထောင်ဗူးတံခါးထဲမှာ ပုံစံထိုင် အဆူ အဆဲခံပြီး ကိုယ်စီကိုယ်စီ စေတနာမဲ့ပေးကမ်း ပြီးနောက် အချုပ်ရုံးရှိရာကို ဆက်လက်ချီတက်ရပြန်ပါတယ်။ အချုပ်ရုံးထဲမှာ လူနဲ့ဝရမ်း တိုက်စစ်ရုံးချိန်းကို မှတ်ပြီး စစ်ဆေးမေးမြန်းနေချိန်မှာ တချို့နုံ့အအ၊ အူကြောင်ကြောင်တွေ ထောင်မရောက်ဖူးတဲ့သူတွေဆိုရင် တစ်ခုခုလေးမှ မပေးဘူးဆိုရင်တော့ ပြောမှားဆိုမှားတာနဲ့အကိုင်ခံရမှာပဲ ပေးကမ်းကျွေးမွေးမှုလေးတွေ ရှိထားရင်တော့ အထာထားပြီး နောက်မမှားမိစေနဲ့ဆိုတာမျိုး ဖြစ်သွားပါလိမ့်မယ်။

အချုပ်ရုံးမှာ ဝရမ်းစစ်ရုံးချိန်းတိုက်ပြီးတာနဲ့ မိန်းဂျေးကို ဆက်လက်ထွက်ခွာရပြန်ပါတယ်။ မိန်းဂျေးရောက်ရင် မိမိတို့ရုံးအလိုက် အုပ်စုဖွဲ့ပြီး ထိုင်ရင်း ခေါင်းတွေကို ငုံ့ထားရပါတယ်။ မိန်းဂျေးက အကျဉ်းသားအရာရှိဆိုသူက ဘယ်ရုံးထွက်မှာမဆို (သတင်းပေး)အင်ဖော်မာမေးထားပါတယ်။ အဲဒီသတင်းပေးအင်ဖော်မာက တန်းစီရင် နောက်ဆုံးကမှ တန်းစီသူတွေ

www.burmeseclassic.com

www.burmeseclassic.com



လို ခေါင်းမငုံ့ဘဲ နောက်ကနေ လက်ညှိုးထိုးပြီး တစ်ယောက်ပြီး တစ်ယောက်ကို ညွှန်ပြပါတယ်။ စည်းကမ်းထိန်းတွေက ချက်ချင်းထခိုင်းပြီး မင်းဘာလုပ်လာသလဲဆိုပြီး မေးမြန်းလေ့လာပါတယ်။ ဒီလိုထခိုင်းပြီး အမေးခံရတဲ့သူမှန်ရင် ရုံးထွက်မှာ အရက်သောက်ထားသူ (သို့မဟုတ်)မူးယစ်ဆေးဝါးတစ်မျိုးမျိုး သုံးစွဲထားသူ (သို့မဟုတ်) ဝမ်းဗိုက်အတွင်းသို့ မူးယစ်ဆေးဝါးမျိုချသယ်ယူလာသူ (သို့မဟုတ်) တက်ပလက်ချောင်းဆိုးပျောက်ဆေးလုံးလေးများကို ရာထောင်ချီမျိုလာသူ သို့မဟုတ် စအိုအတွင်းသို့ ထည့်သွင်းသယ်ဆောင်လာသူ (သို့မဟုတ်) ပိုက်ဆံကို မျိုချလာသည်ဖြစ်စေ၊ စအိုတွင်းသယ်ဆောင်လာသည်ဖြစ်စေ တစ်ခုခုလုပ်ထားတဲ့သူတွေဖြစ်ပါတယ်။ ဒီလိုလူမျိုးတွေကြောင့် ကျန်တဲ့သူတွေပါ ဖင်နှိုက်ခံရပါတယ်။ မိန်းဂျေးစည်းကမ်းထိန်းတစ်ယောက်မှ လက်ညှိုးကို ဆပ်ပြာသုတ်၍ စအိုအတွင်းသို့ နှိုက်၍ စစ်ဆေးခြင်းခံရပါတယ်။ ကိုယ်က ဘာမှမဟုတ်တာမလုပ်လို့ ဒီလိုအနှိုက်ခံရတာကို မကျေနပ်ရင်လည်း မရပါဘူး။ အနှိုက်မခံနိုင်ဘူးဆိုတာနဲ့ တုတ်နဲ့ပါ အရိုက်ခံရဦးမှာပါ။ ကျွန်တော်တို့က ဘာမှမဟုတ်တဲ့အထွေထွေအကျဉ်းသားတွေပါ။ မိန်းဂျေးမှာ ဖင်နှိုက်စစ်ဆေးတဲ့အခါ မိန်းဂျေးအဖွဲ့တွေကို ကျွေးပေးထားတဲ့သူတွေကို မနှိုက်ပါဘူး။ ပုဆိုးလေးမလို့ ခါးကုန်းပေးလိုက်ရင် ဖင်နှိုက်တဲ့သူတွေ လက်ညှိုးကို ကွေးလိုက်ပြီး နှိုက်ချင်ယောင်ဆောင်ကာ စအိုနားကိုတေ့လို့ လက်ကို လှည့်သလို လုပ်နေပါတယ်။ လုံးဝမနှိုက်ပါဘူး။ မိန်းဂျေးစည်းကမ်းထိန်းတွေနဲ့ အဆင်မပြေရင်တော့ လက်ညှိုးကို တစ်ဆုံးထည့်ကာ အတွင်းကို မွှေနှောက်ရှာဖွေပါတယ်။ စဉ်းစားကြည့်ပါ ဘယ်လိုခံစားရမလဲဆိုတာ တွေးကြည့်ရုံနဲ့ စိတ်ဆင်းရဲစရာ ဘယ်လောက်ကောင်းတယ်ဆိုတာ ခန့်မှန်းမိမှာပါ။ ဒီလိုမိန်းဂျေးမှာ ဖြတ်သန်းခဲ့ရပြီး အဆောင်တွင်းရောက်ပြီဆိုတာနဲ့ အခန်းလူကြီးပဲခေါ်ခေါ်၊ တန်းစီးပဲခေါ်ခေါ် အကျဉ်းသား အချင်းချင်းလူပါးဝအာဏာပိုင်ကို ကျွန်ခံနေတဲ့ကောင်တွေက အိပ်ဆောင်အပေါက်မှာ အဆင်သင့်စောင့်ကြိုနေပါတယ်။ သူတို့မှာတဲ့ပစ္စည်းစားစရာတွေ ပါလာရင်တော့ သွားဖြီးပြီး အသာလေးယူသွားပါတယ်။ မှာတာမပါရင်တော့ မင်းနဲ့ငါ



အခန်းထဲရောက်မှ စကားပြောမယ်ဆိုတဲ့စကားလုံးနဲ့ ခြိမ်းခြောက် တတ်ကြပါတယ်။ ဒါလောက်နဲ့ မပြီးသေးဘူး။ ရုံးပြန်နောက်ကျရင် သာမန်အကျဉ်းသား အချုပ်သားတွေ ရေချိုးခွင့်မရတော့ပါဘူး။ ရေကန်ဘုတ်ကိုင်ကို ခေါက်ဆွဲကြော်လေး၊ ဟင်းထုပ်လေး တစ်ခုခုပေးလိုက်မှ ခေါင်းကန်လို့ခေါ်တဲ့ (ရေသန့်မရခင်) (သောက်ရေအတွက် သီးခြားထား သောရေကန်) (VIP)တွေ များများပေးနိုင် ကျွေးနိုင်တဲ့သူ တွေချိုးတဲ့ ရေကန်လေးမှာ အေးအေးဆေးဆေး ရေချိုးရပါတယ်။ အချုပ်သား တစ်ယောက်ရဲ့ တစ်နေ့တာ ရုံးထွက်ချိန်လေးမှာ ဘယ်လိုရင်ဆိုင်တွေ့ကြုံရပြီး ဘယ်လောက် ဒုက္ခတွေ ခံစားရတယ်ဆိုတာ အများသိစေချင်လို့ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံသိမြင်ခံစားခဲ့ ရတာတွေကို အမှန်အတိုင်းရေးသားဖော်ပြလိုက်တာပါ။ ယခု အချိန်မှာတော့ စနစ်တွေ ပြောင်းသွားလို့ ယခင်ကလို မဟုတ်တော့ပေမယ့် လူကြီးတွေနဲ့ အလှမ်းဝေးတဲ့ ထောင်ရဲဘက်စခန်းတွေမှာ ဒီလိုအဖြစ်အပျက်တွေ လျော့ပါးသွားပေမယ့် လုံးဝပျောက်သွားတာတော့ မရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ၁၉၉၆ ခုနှစ်ကနေ ထောင်တွေ၊ ရဲဘက်တွေမှာ ၂၀၁၄ ခုနှစ် (၁)လပိုင်း (၃)ရက်နေ့ထိ နေခဲ့ရလို့ပါ။

<u>ထောင်ဆိုတာ</u>

ထောင်ဆိုတာ ခိုး၊ တိုက်၊ လု၊ နှိုက်၊ လိမ်၊ သတ်ဆိုတဲ့မကောင်းမှုမျိုးစုံကို ကျူးလွန်ဖောက်ဖျက်သူတွေ စုဝေးနေတဲ့ဒုက္ခဘုံတစ်ခုပါ။ ဒီလိုဥပဒေကို ချိုးဖောက်သူတွေကို ထောင်က လွှတ်သွားရင် နောက်တစ်ကြိမ် ပြန်လည်ပြီး မကောင်းမှုတွေမလုပ်ချင်အောင် မဟုတ်မမှန်တာမှန်သမျှ လုပ်ချင်စိတ်မရှိအောင် အဲဒီလူတွေရဲ့စိတ်တွေ အကောင်းဘက်ကို ပြောင်းလဲသွားအောင် ပြုပြင်ထိန်းသိမ်းပေးမယ့်အကျဉ်းထောင် အရာထမ်းအမှုထမ်းတွေကို နိုင်ငံတော်အစိုးရက ခေတ်အဆက်ဆက်သင်တန်းပေး အမိန့်တွေထုတ်ပြီး အတတ်နိုင်ဆုံးပြုပြင်ပြောင်းလဲမှုတွေကို လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အင်းစိန်ထောင်တိုက်ရုံးခန်းမှာနေစဉ်ကာလ ၁၉၉၈ ခုနှစ်မှာ တိုက်ရုံးခန်းကို လျှို့ဝှက်အမိန့်စာတစ်စောင် ထောင်ကျရုံးမှ လာရောက်ပို့ဆောင်တဲ့အတွက် ထောင်မှူးတွေမသိအောင် ခိုးဖတ်လိုက်ပါတယ်။ စာထဲပါတာကို ကျွန်တော်မှတ်မိနေတာကတော့ ထောင်ကျနေတဲ့အကျဉ်းသားအကျဉ်းသူတွေကို ထောင်ဝင် စာလာရောက်တွေ့ဆုံတဲ့မိသားစုတွေဟာ မိမိတို့မြန်မာနိုင်ငံရဲ့တိုင်းရင်းသားညီအစ်ကို မောင်နှမတွေဖြစ်ကြတဲ့အတွက် အကျဉ်းထောင်အမှုထမ်းတွေကမိမိတို့မိသားစု ညီအစ်ကိုမောင်နှမကဲ့သို့ ရင်းနှီးနွေးထွေးစွာပြုမူ ပြောဆိုဆက်ဆံရမယ်ဆိုတဲ့စာကိုဖတ်လိုက်ရပါတယ်။ အဲဒီခေတ်က ဒီစာလေးကို လျှို့ဝှက်အမိန့်ဆိုပြီးထုတ်တာပါ ဘာတွေများ လျှို့ဝှက်နေရတာပါလဲ။ ဒီစာကို တိုးတိုးတိတ်တိတ်ထုတ်စရာမလိုပါဘူးလို့ ထင်ပါတယ်။ ကောင်းတဲ့အမိန့်တစ်ခုကို ဘာလို့ဒီလိုလုပ်ရတာလဲဆိုတာ ကျွန်တော်ကောင်းကောင်းသိပါတယ်။

ကျွန်တော်ထောင်ထဲမှာ ဖြတ်သန်းခဲ့တဲ့နှစ်ပေါင်း (၁၇နှစ် ၁လ)တိတိမှာ နိုင်ငံတော်အစိုးရမှုဖြစ်စေ အကျဉ်းဦးစီးဌာနချုပ်မှဖြစ်စေ အကျဉ်းသားတွေအတွက် ကောင်းသောအခွင့်အရေးပေးရင်တောင် ဘယ်သောအခါမှ တရားဝင်ပြောဆို အသိပေးတယ်ဆိုတာ ထောင်ရဲဘက်တွေမှာ တစ်ခါမှ မတွေ့ဖူးဘူး မကြုံဖူးပါဘူး။ ထောင်ပိုင်၊ ထောင်မှူးဝန်ထမ်းအားလုံးနီးပါးဟာ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ နှစ်ပေါင်းများစွာမှ အကျဉ်းသားတွေအတွက် အထက်ဌာနတွေက ချက်စ်ထိုးခွင့်၊ ကျားထိုးခွင့်၊ ခြင်းခတ်ခွင့်၊ ဘောလုံးကန်ခွင့်၊ ဘောလီဘောပုတ်ခွင့်၊ စာရေးစာဖတ်ခွင့်၊ အကျဉ်းသားတွေကို မရိုက်ရ၊ မဆဲရဆိုတဲ့ဘယ်လိုအမိန့်တွေပဲထုတ်ထုတ် အောက်ခြေအကျဉ်းထောင်ရဲဘက်စခန်းတွေမှာ အဲဒီအမိန့်စာတွေဟာ သက်ရောက်မှုမရှိတာကို ကိုယ်တိုင်နှစ်ချီကြုံတွေ့ခဲ့ရပါတယ်။ မန္တလေးထောင်မှာ ၂၀၀၇ ခုနှစ် ထောင်မှုထမ်း၊ အရာထမ်းအားလုံး ထောင်ခါတော့ မြန်မာနိုင်ငံက ထောင်ရဲဘက်စခန်းတွေက အမှုထမ်း၊ အရာထမ်းအသစ်တွေ ရောက်ရှိလာချိန်မှာ သာယာဝတီထောင်မှ ထောင်မှူးဦးစိုးလွင်က မင်းတို့ထောင်မှာ အောက်စက်ဗီဒီယို မကြည့်ရဘူးလားလို့မေးပါတယ်။ ငါတို့ သာယာဝတီ



ထောင်မှာတော့ အခန်းတိုင်း ဗီဒီယိုကြည့်ရတယ်လို့ပြောပါတယ်။ မြန်မာနိုင်ငံရဲ့အစိုးရလက်အောက်ထဲမှာ အတူတူအုပ်ချုပ်ခံရတဲ့ အကျဉ်းထောင်ဖြစ်ပြီး ဘာဖြစ်လို့ တူညီတဲ့အခွင့်အရေးမရတာလဲ မန္တလေးကနေ မြင်းခြံကို ကျွန်တော်ပြောင်းသွားတဲ့ (၂၅-၇-၂၀၀၉) ခုနှစ်ထိအောင် မန္တလေးထောင်မှာ ဗီဒီယိုဝယ်ခွင့်ကြည့် ခွင့်မရရှိသေးပါဘူး။ ဒါပေမဲ့ မြင်းခြံထောင်မှာ (တရားမဝင်)နားလည်မှုနဲ့ ညတာဝန်ကျဝန်ထမ်းကို ငွေပေးပြီး ကြည့်နေရပါပြီ။ ထောင်ဆိုတာ အဲဒီခေတ်က အမှန်တရားဆိုတာဘာလဲလို့မေးရမယ့်ကာလပါ။ (၁)လုံး (၂)လုံး (၃)လုံးဆိုတာ တစ်လုံး -ဘောလုံး၊ (၂)လုံး နှစ်လုံး၊ (၃)လုံးဆိုတာ-ချဲ၊ ထီ ဒီလောင်းကစားနည်းသုံးမျိုးကြောင့် ထောင်ကျနေတဲ့သူတွေ အများကြီးပါ။ ဒါပေမဲ့ ထောင်ထဲမှာတော့ ဘယ်ရဲမှ လာဖမ်းလို့မရတဲ့အတွက် ထောင်မှူးတွေကိုယ်တိုင်က ဘောလုံးပွဲစာစောင်ယူလာ မော်င်းရိုက်ဖို့အတွက် ဘောလုံးပွဲနားလည်ကျွမ်းကျင်တဲ့သူကို ထောင်မှူးကိုယ်တိုင် ကော်ဖီ၊မုန့်နဲ့ဧည့်ခံသလို သူ့ရုံးခန်းထဲမှာ တစ်နေ့ကုန် တွက်ချက်ပေးရပါတယ်။ တချို့ထောင်မှူးတွေကတော့ နှစ်လုံး၊ သုံးလုံးချိုင်းတွေကို အကျဉ်းထောင်ထဲကိုယ်တိုင်ယူဆောင်လာပြီး နှစ်လုံးမှုနဲ့ သို့မဟုတ် သုံးလုံးမှုနဲ့ထောင်ကျနေတဲ့အကျဉ်းသား ရုံးခန်းထဲခေါ်ပြီး စိတ်ကြိုက် နေ့စဉ်တွက်ချက်ပေးရတာကို ကျွန်တော်နေခဲ့တဲ့ထောင်တွေနဲ့ ရဲဘက်စခန်းတွေမှာ တွေ့ခဲ့ရပါတယ်။ ယခုကျွန်တော် ရေးသားထားတာတွေဟာ မှန်တယ်ဆိုတာ ယခုချိန်ထိ သွားရောက်စုံစမ်း လေ့လာနိုင်ကြပါတယ်။ ထောင်ထဲမှာ နေတတ်ရင် ကျေနပ်စရာပါပဲလို့ တချို့သောခပ်ညံ့ညံ့ အကျဉ်းသားတွေသုံးတဲ့ထောင်စကားဟာ ယောကျ်ားတစ်ယောက်ရဲ့ မာန၊ လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာကို နည်းနည်းလေးမှ တန်ဖိုးမထားဘဲ ထောင်အာဏာပိုင်တွေအလိုကျ လက်ညှိုးထောင် ခေါင်းညိတ်လို့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ငါဆိုပြီး အတ္တကြီးနေတဲ့ကိုယ့် အတွက်သာ ကိုယ်ကြည့်တတ်တဲ့ အညံ့စားအပေါစား လူဆိုးလူမိုက်ဆိုတဲ့ သူမျိုး။

ထောင်ထဲမှာ ထောင်အာဏာပိုင်နဲ့ပေါင်းပြီး အချုပ်သားအချင်းချင်း အနိုင်ကျင့်၊ လူပါးဝ မသထာရေစာစားနေတဲ့လူမျိုးတွေရှိသလို သမာ

www.burmeseclassic.com

www.burmeseclassic.com



အာဇီဝ ရှာဖွေစားသောက်တဲ့ သူမျိုးတွေလည်း ရှိပါတယ်။ အိမ်က ထောင်ဝင်စာမလာနိုင်လို့ ငွေမပေးတော့ အလုပ်ကြမ်းမှန်သမျှ လုပ်ရပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျနေပေမယ့် ရိုးသားစွာရှာဖွေနေတဲ့ သူတွေလည်း ကျွန်တော်မြင်တွေ့ခဲ့ရပါတယ်။မနက်မိုးလင်း ချိန်ကစပြီး ဆန်ပြုတ်ရေကျဲတစ်ခွက်သောက်ကာ ကြုံရာအလုပ်ကို ဘောက်ဆင်းပြီး ပင်ပန်းနေပေမဲ့ နေ့လယ်ထမင်းစားလို့ သူများတွေ တမှေးမှေးနေချိန် အနားယူချိန်မှာ သူတို့က တစ်စုံတစ်ယောက်ကို နှိပ်ပေးနေတာကို အမြဲ မြင်တွေ့နေရပါတယ်။ နေ့လယ်အလုပ်ပြန်ထွက်ပြီး ညအချိန်သူများတွေ အုပ်စုဖွဲ့ကော်ဖီသောက်၊ စကားပြော တီဗီကြည့်နေချိန်မှာ သူတို့ကတော့ ငပိကြော်လေးတစ်ခါစားရဖို့ ဆေးလိပ်လေး သုံးလေးလိပ်ရဖို့ နှင်းနှိပ်နေကြ ရပါတယ်။ တချို့ကတော့ သူများအဝတ်တွေကို လျှော်ပေးပြီး 'ဝမ်း'ရေး အတွက် ဖြေရှင်းနေကြပါတယ်။ ထောင်မှာ အဝတ်ဆိုတာကို လျှော်ချင် တိုင်း လျှော်လို့မရပါဘူး။ ရေကန်ဘုတ်ကိုင်တို့၊ ရေကန်ဘာယာတို့နဲ့အဆင် ပြေမှ အဝတ်လျှော်လို့ရတာပါ။ ကိုယ့်အဝတ်လေးတွေ လျှော်ရဖို့အတွက် ရေကန်က သူများအဝတ်တွေကို အများကြီး လျှော်ပေးရပါတယ်။ တချို့ကတော့ ထောင်ထဲမှာ ဈေးရောင်းစားကြပါတယ်။ တချို့က မိမိ စားသောက်ဖို့ ရှာဖွေပေမဲ့ တချို့ကတော့ စီးပွားဖြစ်ဆိုင်ကြီးတွေဖြစ်ပြီး ဈေးအကြီးအကျယ်ရောင်းကြပါတယ်။

## ထောင်စည်းကမ်း

ကျွန်တော်တို့ထောင်ထဲမှာ နှစ်ပေါင်းများစွာကြားနေရတဲ့စကားတစ်ခွန်း ရှိပါတယ်။ ထောင်ကျဖူးတဲ့သူတိုင်း ပုံစံခန်းဆိုတာ ရောက်ကြပါတယ်။ (အထွေထွေအ ကျဉ်းသားတွေကိုပြောတာပါ။ အကျဉ်းထောင်တိုင်းမှာရှိတဲ့ ပုံစံခန်းတိုင်းမှာပြောတဲ့ ပုံသေစကားတစ်ခွန်းကတော့ ထောင်မှာနေ ထောင် စည်းကမ်း၊ ကျောင်းမှာနေ ကျောင်းစည်းကမ်း၊ အိမ်မှာနေ အိမ်စည်းကမ်း။ ဘယ်နေရာမှာနေနေ စည်းကမ်းရှိရမယ်လို့ ထောင်ကျသစ်တွေကို တန်းစီး



ချုပ်ပဲခေါ်ခေါ် ပုံစံပြလို့ပဲခေါ်ခေါ် ထောင်အာဏာပိုင်တွေရဲ့ လက်ကိုင် တုတ်လည်းဖြစ်၊ အကျိုးတူစီးပွားရှာဖွေပေးသူလည်းဖြစ်တဲ့ ပုံစံခန်းကို ကြီးစိုးလို့အဆောင်ကို အုပ်ချုပ်သူအကျဉ်းသားအရာရှိဆိုသူတွေက အမြဲပြောဆိုနေတဲ့ထောင်မှာနေ ထောင်စည်းကမ်းဆိုတဲ့စကားပါ အကျဉ်း ထောင် လက်စွဲထောင်ဥပဒေစည်းမျဉ်းစည်းကမ်းတွေက အမှန်တကယ် ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်သိသလောက်က လိုက်နာ ကျင့်သုံးမှုကတော့ မတွေ့ရသလောက်ပါပဲ။ ထောင်ထဲမှာနေ ထောင် စည်းကမ်းဆိုတဲ့စကားကို နေ့စဉ်လွယ်လွယ်ပြောဆို အုပ်ချုပ်နေတဲ့ အာဏာပိုင်တွေနဲ့ သူတို့ယုံကြည်စိတ်ချစွာ ခန့်အပ်တာဝန်ပေးထားတဲ့ အကျဉ်းသားအရာရှိဆိုသူတွေက ပုံစံခန်းဆိုတာ ငွေထုပ်စက်ရုံအသေးစား လေးတစ်ခုများ သတ်မှတ်ထားသလားမသိပါဘူး။ ဘာကြောင့်လဲဆိုရင် ငွေမရှိရင် ထောင်ကျလို့ကို မဖြစ်တဲ့အဖြစ်မျိုးပါ။ အချုပ်ပုံစံခန်းပဲဖြစ်ဖြစ် အကျပုံစံခန်းပဲဖြစ်ဖြစ် ပိုက်ဆံမပေးနိုင်ရင် လက်သီးလက်ဝါး၊ ဒူး၊ တစ်တောင်၊ တုတ်စတဲ့အရာတွေက အချိန်မရွေး မိမိခန္ဓာကိုယ်ပေါ်ကို ရောက်ရှိလာနိုင်ပါတယ်။ ဒီစကားကို ပုံစံခန်းမှာနေခဲ့ ရောက်ခဲ့ဖူးသူတိုင်း ဒီစကားလုံးကို မှန်ကန်တယ်ဆိုတာ သိကြပါတယ်။

ကျွန်တော် တရားဝင်သိထားတာက ထောင်ဆိုတဲ့နေရာမှာ ပိုက်ဆံဆို တာကို ကိုင်တွယ်သုံးစွဲဖို့မပြောနဲ့ အကျဉ်းထောင်ထဲကို ဝင်ရောက်တာဝန် ထမ်းဆောင်တဲ့ အရာရှိဝန်ထမ်းတွေ ထောင်ပိုက်ဆံကိုယူလာပိုင်ခွင့်မရှိဘူး လို့ သိထားပါတယ်။ ဒါပေမဲ့ တကယ်လက်တွေ့မှာတော့ အကျဉ်းသားတွေ တောင် ပိုက်ဆံကို ကိုင်တွယ်သုံးစွဲနေတာကို ထောင်တွေ ရဲဘက်စခန်းမှာ မြင်တွေ့ခဲ့ရပါတယ်။ ထောင်ထဲမှာ ငွေမရှိရင် ငွေမပေးနိုင်ရင် မအေတွေ၊ နှမတွေ၊ သေးအိုးတွေ၊ ချီးအိုးတွေနဲ့အလုပ်ကြမ်းမှန်သမျှ ကိုယ်လုပ်ရမယ် ဆိုတာ အတိအကျကို သိထားရမှာပါ။ ငွေပေးနိုင်ရင် ဘာစားချင်လဲ ဘာလုပ်ချင်လဲ မိန်းမကလွဲရင် အားလုံးသူနည်းနဲ့သူဟာနဲ့ရပါတယ်။အရာရှိ ဝန်ထမ်းအကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေကို ပေးကျွေးပြီး ပေါင်းထား တာပါ။ ထောင်စည်းကမ်းလို့ခေါ်တဲ့ မဟုတ်တာမလုပ်ရ မပြောရဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေကို အကုန်ပျောက်ပြီး ဘာပဲလုပ်လုပ် အားလုံးအကောင်းဆိုတာ ဖြစ်သွားပါလိမ့်မယ်။ ထောင်ထဲကို ငွေသာများများသွင်းထားပါ။ အလုပ်လုပ်ဖို့မပြောနဲ့ တစ်နေ့ကုန် အနှိပ်ခံချင်သလား၊ မူးယစ်ဆေးဝါးသုံးစွဲချင်သလား၊ ရေဘယ်နှကြိမ်ချိုးမလဲ၊ ငွေပေးပြီး ယောက်ျားချင်း လိင်ဆက်ဆံချင်သလား၊ ကိုယ်ကြည့်မရတဲ့သူကို ဒုက္ခရောက်သွားအောင် ဇယားရှေ့ချင်သလား၊ ထောင်မဖောက်နဲ့ ထောင်ဆူအောင်မလုပ်နဲ့ ကျန်တာတွေက အေးအေးဆေးဆေး၊ ကလေးတွေတပြုံကြီးမွေးပြီး ထောင်စည်းကမ်းဆိုတာတွေကို အကုန်ဖျောက်ဖျက်ပြီး လူပါးဝနေထိုင်လို့ရပါတယ်။

အချုပ်သား အကျဉ်းသားတွေကိုထောင်မှာနေ ထောင်စည်းကမ်းအတိုင်း နေထိုင်စားသောက်အိပ်စက်ရမယ်လို့ နိုင်ငံဝန်ထမ်း နိုင်ငံတော်ရဲ့လစာစားနေတဲ့အကျဉ်း ထောင်အရာရှိတွေက နေ့စဉ်ပြောဆိုကျင့်သုံးနေကြပြီး အဲဒီအရာရှိတွေ တာဝန်ကျရာနေရာတွေဖြစ်တဲ့ အချုပ်ဆောင်တို့၊ ထောင်ကျဆောင် အချုပ်ရုံး၊ ထောင်ကျရုံး၊ အလုပ်ရုံ၊ မီးဖိုကြီး၊ ဂိုဒေါင်ရုံး၊ မိန်းဂျေးတို့၊ ဗူးတံခါးတို့၊ သက်သာဆိုင်၊ ဆေးရုံ၊ ထောင်ဝင်စာတို့ တိုက်တို့ သီးသန့်အဆောင်ဆိုတဲ့ နေရာအနှံ့မှာ တာဝန်ယူအုပ်ချုပ်သူတွေ အားလုံးနီးပါး ဘယ်သူက လာဘ်ပေးလာဘ်ယူမှု လုံးဝကင်းရှင်းသလဲဆိုတာ ကာယကံရှင်တွေ ကိုယ့်ကိုယ်ကိုပဲ ပြန်မေးကြည့်ကြပါလို့ပြောရင်း ထောင်မှာ နေထောင်စည်းကမ်းဆိုတာကို ဘယ်သူတွေက စတင်ဖောက်ဖျက်နေသလဲဆိုတာ. . .

▪ ▪ ▪

# ထောင်ကျရုံးအကြောင်း

ထောင်ကျရုံးဆိုတာ ကျွန်တော်သိသလောက်ကတော့ ထောင်ကျအကျဉ်းသားတွေကို မှတ်ပုံတင်၊ ကိုယ်ရေးရာဇဝင် အချက်အလက်တွေယူ အမှုဖြစ်စဉ်ကို မှတ်တမ်းရေး ရက်ပိုင်းထောင်ကျသူ၊ လပိုင်းထောင်ကျသူ၊ နှစ်ပိုင်းထောင်ကျသူ နှစ်ကြီးသမား၊ ကျွန်းသမား၊ ကြိုးသမား စတဲ့အကျဉ်းသား ထောင်ကျသမားမျိုးစုံကို ထားသင့်တဲ့နေရာ ခိုင်းသင့်တဲ့ အလုပ်စတာတွေကို စီမံခန့်ခွဲရတဲ့နေရာလို့ ကျွန်တော်နားလည် ထားပါတယ်။ ဒါပေမဲ့ အဲဒီလုပ်ပိုင်ခွင့်တွေကို ဒီလိုတလွဲသုံးပြီး ကိုယ်ကျိုးစီးပွား ရှာနေကြတာ ထောင်တိုင်းမှာရှိတဲ့ ထောင်ကျရုံးကိုင်တဲ့သူတွေ အကုန်လုံးနီးပါးပါပဲ။

ထောင်(၇)ရက်၊ (၁၄)ရက် (၁)လ (၂)လကနေ (၆)လထိထောင်ကျသူတွေကို အများအားဖြင့် ထောင်တွေမှာသာထားပြီး အပြင်ဘုတ်လို့ခေါ်တဲ့ အကျဉ်းထောင်ရဲ့ ပြင်ပလုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ကြရပါတယ်။ ဒီလိုလုပ်ငန်းတွေ ဘုတ်တွေကို တာဝန်ခွဲဝေချတဲ့အခါ အကျဉ်းသားတွေရဲ့ မိသားစုတွေက အပြင်ကနေ ထောင်ကျရုံးထောင်မှူး အိမ်သွားပြီး ငွေဖြစ်စေ၊ လက်ဆောင်ပစ္စည်းတွေဖြစ်စေ သွားရောက်ပေးကမ်းလိုက်ရင် ထောင်မှူးက အဲဒီအကျဉ်းသားကို လုပ်ငန်းခွဲတဲ့အခါ သက်သာတဲ့အလုပ်ဘုတ်တွေမှာ နေရာချထားပေးပါတယ်။ ဒီလိုမှမဟုတ်ရင် မကောင်းတဲ့ နေရာမကောင်းတဲ့အလုပ်၊ ပင်ပန်းတဲ့ဘုတ်တွေမှာသာ နေရမှာပါ။ ထောင်ကျရုံးက ကောင်းတဲ့ဘုတ်တွေမှာ ထည့်ပေးလိုက်ရုံနဲ့ မပြီးသေးပါဘူး။ ဘုတ်ကိုင်တဲ့ ဆရာဝန်ထမ်းကိုလည်း ငွေပေးရပါသေးတယ်။ ဒီလိုမပေးရင် ထောင်ကျရုံးက အပ်ပေးလိုက်ပေမယ့် ရစ်နေမှာ အသေအချာပါပဲ။ ကျွန်တော်တို့ အကျဉ်းသားတွေကလည်း သဘောပေါက်ပါတယ်။ ဆင်စာ၊ ဆိတ်စာဆိုပြီး ခွဲခြမ်းပေးကျွေးရမယ်ဆိုတာ ထောင်တစ်ခါကျ တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျသစ်တောင်သိပါတယ်။ ထောင်(၆)လအထက်ကနေ (၁၅)နှစ်အထိကို ရဲဘက်စခန်းတွေကို ပို့ပါတယ်။ အဲ့ဒီလိုပို့တဲ့အခါ အသက်(၅၀)ကျော်သူ ကျန်းမာရေးမကောင်း သူ ကိုယ်လက်အင်္ဂါချို့တဲ့သူ စိတ်မနှံ့သူတွေကို မပို့ရဘူးလို့ ကျွန်တော်သိထားပါတယ်။ ဒါပေမဲ့ ရဲဘက်စခန်းမှာ ရဲဘက်ရောက်လို့ (၃)နှစ်(၅)နှစ် လောက်ရှိပေမယ့် အသက်(၅၅)နှစ်ကနေ (၆၀)လောက်ရှိသူတွေ စိတ်မနှံ့သူတွေ ကိုယ်လက်အင်္ဂါချို့တဲ့ သူတွေ ကျန်းမာရေးလုံးဝကို မကောင်းတဲ့သူတွေကို ထောင်တွေကနေ ရဲဘက်တွေကို ပို့ထားတာကို ကိုယ်တိုင်မြင်တွေ့ခဲ့၊ စကားပြောခဲ့ရပါတယ်။ငွေမပေးနိုင်လို့ ရဲဘက်ကို ပို့လိုက်တယ်လို့ပြောကြပါတယ်။ ငွေပေးနိုင်လို့ ရဲဘက်ထွက်ပြီး နေချင်တဲ့သူတွေက ၎င်း၊ ရဲဘက်ထွက်ပြီး ပြေးချင်တဲ့သူတွေက ၎င်း ထောင်ကျရုံးကို ငွေပေးပြီး ကြိုက်တဲ့စခန်းရွေးလို့ လိုက်ကြပါတယ်။ ဘယ်ထောင်ပဲဖြစ်ဖြစ် ရဲဘက်လိုက်ချင်ရင် ငွေပေးရသလို ရဲဘက်မလိုက်ချင်ရင်လည်း ငွေပေးရပါတယ်။ ဒီစကားက ငွေတတ်နိုင်တဲ့သူတွေရဲ့စကားပါ။ ဘာဖြစ်လို့လဲဆိုရင် ထောင်ကျရုံးက ထောင်မှူးရဲ့တပည့်အကျဉ်းသားတွေက အဆောင်တိုင်းမှာရှိပါတယ်။ ငွေတတ်နိုင်တဲ့သူ ဘယ်သူ ရဲဘက်လိုက်ချင်သလဲ ဘယ်သူရဲဘက်မလိုက်ချင်သလဲ သူတို့ စုံစမ်းထားကြပါတယ်။ သူတို့ စုံစမ်းလေ့လာပြီးတော့ သူတို့ ဆရာထောင်မှူးကို သတင်းပို့ပါတယ်။ ဘယ်သူရဲဘက်လိုက်မယ်။ ဘယ်သူက ရဲဘက် မလိုက်ချင်ဘူးဆိုပြီး (၃)မျိုးခွဲထားပါတယ်။ ဒီလိုဆရာတပည့်တွေ ခေါင်းချင်းဆိုင်တိုင်ပင်ပြီး အထက်လူကြီးတွေက ရဲဘက်စာရင်းတောင်းရင် (ဥပမာ) လူ(၁၀၀) ရဲဘက်ပို့မယ်ဆိုရင် အနည်းဆုံးလူအင်အား (၁၂၀) လောက် ပို့ရွေးထားရပါတယ်။ ဘာကြောင့်လဲဆိုရင် သက်ကြီးသူ၊ ကျန်းမာရေးမကောင်းသူ၊ ခြေလက်အင်္ဂါချို့တဲ့သူ၊ စိတ်မနှံ့သူတွေကို ဖယ်ထားဖို့ပါ။ ဒါပေမဲ့ တကယ့်လက်တွေ့က ရဲဘက် မလိုက်ချင်တဲ့ထောင်တွေမှာ နှပ်နေချင်တဲ့ သူတွေကို ရောထည့်ထားပါတယ်။ ရဲဘက်စာရင်းခေါ်လို့ မလိုက်ချင်သူတွေက သူတို့နာမည်ပါလာပြီဆိုရင် ထိုင်မရထမရစားမဝင် အိပ်မပျော်ဖြစ်သွားကြပါတယ်။ ဒါကြောင့် အိမ်တွေကို ချက်ခြင်းဖုန်းဆက် ဒါမှမဟုတ် အိမ်ကို ဝန်ထမ်း



လွှတ် ငွေယူပြီး အမြန်လာပါ ရဲဘက်ခေါ်ထားတယ်။ ထောင်ကျရုံး ထောင်မှူးအိမ်ကို ငွေပေးပြီးပြီဆိုတာတောင်မှ အဲ့ဒီလူ ရင်တုန်နေတုန်းပါပဲ ရဲဘက်စာရင်းမခေါ်မချင်းစိတ်ဆင်းရဲကြီးစွာနဲ့ စောင့်မျှော်နေပါတော့တယ်။ ရဲဘက်လိုက်ရမှာ ကြောက်တဲ့သူတွေပါ။ ရဲဘက်စာရင်းခေါ်လို့ သူတို့နာမည်မပါလို့ စိတ်ဆင်းရဲ နေတဲ့သူတွေလည်း ရှိပါသေးတယ်။ တချို့က ပိုက်ဆံတတ်နိုင်လို့ ရဲဘက်လိုက်ပြီး မိသားစုနဲ့ လွတ်လွတ်လပ်လပ်တွေ့ဆုံနေထိုင်ချင်လို့ပါ။ တချို့ကတော့ ပိုက်ဆံအကုန်ခံပြီး ရဲဘက်ကိုရအောင်လိုက်မယ်။ ရဲဘက်ရောက်ရင် လိုင်းဝင်ပြီး အလုပ်မလုပ်ရအောင်၊ ထွက်ပြေးလို့ရအောင် ငွေအကုန်ခံပြီး ရဲဘက်ကို ရအောင် လိုက်တာပါ။ ဒုစရိုက်လောကသားတွေဖြစ်တဲ့ ခိုးဆိုးခါးတွေ အများစုကတော့ ငွေမတတ်နိုင်တာများပါတယ်။ သူတို့ကတော့ လူနဲ့ရင်းပြီး ထောင်လောက ရဲဘက်လောကမှာ ပုံစံမျိုးစုံနဲ့ ဖြတ်သန်းရပ်တည်ကြပါတယ်။ ကျွန်တော်လည်း ဒီအမျိုးအစားထဲမှာ ပါပါတယ်။ ဘာပဲဖြစ်ဖြစ် ထောင်ကျရုံးကတော့ ဂွင်ထဲကနေငိုစား၊ ရယ်စားပါပဲ အဓိပ္ပါယ်က ရဲဘက်လိုက်ချင်လား မထည့်ဘူး။ ရဲဘက်မလိုက်ချင်ဘူးလား ထည့်မယ်။ ရဲဘက်တော့လိုက်မယ် ဒါပေမဲ့ နောက်ပိုင်းအိမ်က မိသားစုတွေ သွားရေးလာရေး လွယ်ကူအောင် အိမ်နဲ့ မနီးမဝေး ရဲဘက်စခန်းကို လိုက်ချင်တယ်။ မရပါဘူး။ ဝေးဝေးရဲဘက်စခန်းကို ပို့မယ်လုပ်တော့ ငွေပေးပြီး ကြိုက်တဲ့ စခန်းလို့ ထောင်လောကမှာ ခေါ်ပြောသုံးစွဲတဲ့ ကိုယ်ကြိုက်နှစ်သက်ရာ စခန်းကို လိုက်ရဖို့ကို ငွေပေးရတာပါပဲ။ အရင်က ကျွန်တော်နေခဲ့ဖူးတဲ့ အင်းစိန်၊ မန္တလေး၊ မြင်းခြံဆိုတဲ့ ထောင်တွေမှာ အားလုံးဒီပုံစံပါပဲ။ ဒါကြောင့် ထောင်ကျရုံးဆိုတာ ဂွင်ထဲကနေ လုပ်စားလို့ ကောင်းတဲ့နေရာကောင်းတစ်ခုဆိုတာ ထောင်ကျဖူးသူတိုင်း ထောင်အမှုထမ်း၊ အရာထမ်းတိုင်းသိကြပါတယ်။

## မီးဖိုကြီးအကြောင်း

မန္တလေးထောင်ရဲ့ ဗူးတံခါးအဝင်ဝနားမှာ အကျဉ်းသားတွေရဲ့ စားသောက်ရေးအတွက် ချက်ပြုတ်လုပ်ကိုင်တဲ့ မီးဖိုကြီးဆိုတာရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုကြီးကို တာဝန်ခံတဲ့အရာရှိဝန်းထမ်းတော့ ဘယ်လောက်ငွေရတယ်ဆိုတာ မသိရပါဘူး။ ဒါပေမယ့် သူတို့ရဲ့ တပည့်တွေဖြစ်တဲ့ အကျဉ်းသားဖိုခေါင်းတို့၊ ဖိုစာရေးတို့၊ ဖိုစည်းကမ်းထိန်းတို့ဆိုတဲ့ အကျဉ်းသားတွေကတော့ ဗိုက်ကြီးတွေရွဲလို့ ဆီကို လက်ကြားရေယိုသလို ချက်ပြုတ် စားသောက်လို့ ရွှေမရှား၊ ငွေမရှားနှစ်လုံးထိုး၊ သုံးလုံးထိုး၊ ဘောလုံးပွဲမောင်းရိုက်၊ ဘော်ဒီရိုက်လို့ အိမ်ကို အပတ်စဉ်ပြန်ပေးတဲ့ သူနဲ့ လစဉ်ပြန်ပေးတဲ့သူနဲ့ ထောင်က ထွက်ရင် ဆိုင်ကယ်ဝယ်၊ ကားဝယ်လို့ ပြန်တဲ့သူနဲ့ အကျဉ်းသားတွေရဲ့ ရိက္ခာတွေကို ချက်ပြုတ်ရောင်းလိုရောင်း၊ အစိမ်းရောင်းလိုရောင်း၊ ဆီတို့အမဲသားတို့ ငါးတို့၊ ကြက်သွန်နီတို့၊ မကျည်းသီးတို့၊ ဂျင်းတို့ ဆိုတာတွေဟာ မန္တလေးထောင်မှာ နေခဲ့ဖူးတဲ့ဝန်ထမ်းတိုင်း အကျဉ်းသားတိုင်းက သိကြပါတယ်။ ထောင်ထဲမှာ (၇)ရက်ကို (၂)ကြိမ် အသားကျွေးပါတယ်။ (၂)နပ်ပေါ့၊ အသားကျွေးတယ်ဆိုတာ အမည်လောက်ပါပဲ ဘာကြောင့်လဲဆိုတော့ အမဲသားဆိုရင် အရွတ်တွေ၊ အကြောတွေကို စားရတာများပါတယ်။ ကြက်သားကျွေးတယ်ဆိုရင်လည်း ကြက်အသားတုံးဆိုရင် တော်တော်ကိုသေးပါတယ်။ ခေါင်းတွေ၊ လည်ပင်းရိုးတွေ အတောင်ပံတွေ၊ ကြက်ခြေထောက်တွေသာ အတုံးကြီးပါတယ်။ ဘယ်ထောင်မဆို ဘယ်ရဲစခန်းမဆို အသားကျွေးတဲ့နေ့ဆိုရင် အကျဉ်းသားအများစုရဲ့ စားရမယ့် အမဲသား၊ ကြက်သား၊ ငါးဆိုတာ ထောင်ပိုင်အိမ်ဖိုကိုင်တဲ့ အရာရှိအိမ်ဖိုကိုင်တဲ့၊ အကြပ်အိမ်တွေကို အဆင့်ဆင့်ခွဲတမ်းချပြီးမှ ကျန်တဲ့အသားကို အကျဉ်းသားဖိုခေါင်းဆိုသူတွေကို အပ်လိုက်ပြီး မင်းကြည့်လုပ်လိုက်ဆိုပြီး တာဝန်ခံအရာရှိဝန်ထမ်းက တစ်ဆင့်လွှဲပြောင်းလိုက်ရင် အလိုက်သိတဲ့ တပည့်က အမဲသားအသားကောင်းကောင်းလေးတွေကို သူယုံကြည်စိတ်ချ ရတဲ့ဖိုမှာ မွေးထားတဲ့ဖိုစာရေးတို့ စည်းကမ်းထိန်းတို့ဆိုသူတွေကို (၅၀) သားထုပ်၊ (၁)ပိဿာအထုပ်လေးတွေကို (၃)ပိဿာ(သို့) (၅)ပိဿာလောက်ကို တစ်ပတ်ကို (၂)ကြိမ်တော့ ရောင်းစားနေတာကို နှစ်ချီပြီး ကိုယ်တိုင်တွေ့ခဲ့မြင်ခဲ့တာပါ။

(၁၉၉၉)ခုနှစ်မှ (၂၀၀၉)ခုနှစ်ထိ မန္တလေးထောင်မှာ မြင်ခဲ့တာပါ။



အဲဒီအချိန်က ထောင်ထဲမှာ ပိုက်ဆံမကိုင်ရဘူးဆိုပေမယ့် အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေနဲ့ ပိုက်ဆံရှိတဲ့ ရုပ်ပေါက်သူတွေဟာ ငွေကို သိန်းချီပြီးကိုင်တွယ်သုံးစွဲနေကြတာပါ။ ထောင်မှာ အသားကျွေးတဲ့နေ့ဆိုရင် ညနေပိုင်းမှ ကျွေးတာပါ။ ဒါပေမဲ့ မနက်ပိုင်း (၈)နာရီ (၉)နာရီဆိုရင် ပိုက်ဆံရှိတဲ့သူတွေ၊ တရုတ်တွေ၊ ကုလားတွေဆီမှာ အမဲသားတို့ ငါးတို့ ကြက်သားတို့က သူ့လမ်းကြောင်းနဲ့ သူရောက်နေပါပြီ။ ဒီလိုအသားတွေ ခိုးရောင်းတဲ့အတွက် ကျန်တဲ့အကျဉ်းသားအများစုဟာ သူတို့စားရမယ့် (စကေး)ပုံစံအသားတုံးဟာ သေးသွားပါတယ်။ ဒါကို အကျဉ်းသားတိုင်းသိပေမယ့်မပြောရဲကြပါဘူး။ ပြောတဲ့သူဟာ ထောင်ထဲမှာ တစ်နေ့(၂၄)နာရီ စိတ်ဆင်းရဲခြင်း ကြီးစွာနဲ့ ဖြတ်သန်းရမှာပါ။ အချိန်မရွေး ဝွင်ဆင်ပြီးအရိုက်ခံရနိုင်ပါတယ်။

## ဆေးရုံအကြောင်း

ယခုတစ်ခေါက် ကျွန်တော် ထောင်ထဲမှာ (၁၇)နှစ်၊ (၃)လတိတိ နေထိုင် ဖြတ်သန်းချိန် အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်၊ နောင်ချိုစိုက်ပျိုးရေးစခန်းစတဲ့ နေရာတွေမှာ နေထိုင်ကြုံတွေ့ခဲ့ရတဲ့ ကျန်းမာရေးနဲ့ ကုသမှုနဲ့ ပတ်သက်တဲ့အကြောင်းကို ရေးပြချင်ပါတယ်။ ထောင်မှာဘဲဖြစ်ဖြစ်၊ ရဲဘက်စခန်းမှာဘဲဖြစ်ဖြစ် ပုံစံတူတွေ့ရတာက ဘာရောဂါပဲဖြစ်ဖြစ် ရောဂါအသေးအမွှားဖြစ်တဲ့ ဖျားနာကိုက်ခဲ ဝမ်းပျက်တာလောက်ကတော့ တရုတ်ဆေး ပါရာစီတမော၊ ဘာမီတွန်၊ အောက်စီတက်ထွာ၊ မက်ထရိုလောက်နဲ့ ကုတာပါ။ ဒီလိုနေထိုင်မကောင်းဖြစ်နေတဲ့သူတွေကို ဆေးလေး(၁)လုံး၊ (၂)လုံးလောက်ပေးပြီးကုတော့ ဘယ်ရောဂါက သက်သာမှာလဲ။ ကျွန်တော်တွေ့ဖူးသလောက်ကတော့ သေခါနီးလူနာတွေဆိုရင် ဂလူးကို့ပုလင်းချိတ်တာကို အမြဲတမ်း မြင်တွေ့ရပါတယ်။ ဘာမှမပေးနိုင်တဲ့သူ၊ ငွေမပေးနိုင်တဲ့သူမှန်ရင် သေခါနီးမှာ ဂလူးကို့ပုလင်းချိတ်ရင်း ပုလင်းတဝက်လောက်ကုန်ပြီဆိုရင် အဲ့ဒီလူသေတာပါဘဲ။ ကျန်တဲ့ပုလင်းတဝက်ကို နောက်တယောက်ဆက်ချိတ်ဖို့ ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးမှကောင်းလို့ ဆေးရုံတက်မယ်ဆိုရင် ငွေမပါလို့ လုံးဝကို မဖြစ်ပါဘူး။ ဆေးရုံရောက်ပြီဆိုတာနဲ့ အကျဉ်းသားဆေးမှူးက အခေါ် အပြောလုပ်ပါတယ်။ ဆေးဝယ်နိုင်သလား၊ လိုအပ်တာတွေ အကုန်ဝယ်နိုင် သလား ဒဲ့မေးပါတယ်။ လိုအပ်တဲ့ ဆေးဝါး၊ ထိုးဆေး၊ သောက်ဆေး၊ လိမ်းဆေးတွေ ဝယ်နိုင်တယ်ဆိုမှ နေရာကောင်းကောင်း၊ ကုတင်ပေါ်မှာ နေရာချပေးပါတယ်။ လိုအပ်တာကိုလည်း ချက်ခြင်းလုပ်ကိုင်ကုသပေးပါ တယ်။ ဘာရုပ်မှမပေါက် ဘာမှမပေးနိုင်တဲ့သူမှန်ရင် ကုတင်အောက်က ကွပ်ပျစ်ပေါ်မှာဘဲ အိပ်ရပါတယ်။ တမံတလင်းနဲ့ (၆)လက်မလောက်မြင့်တဲ့ နေရာမှာပါ။ အရင်ခေတ်ဆိုရင် ပေးနိုင်၊ ကျွေးနိုင်တဲ့ ဆေးရုံတက်လူနာသာ ကုတင်ပေါ်မှာ အိပ်ရပြီး ကျန်တဲ့အကျဉ်းသား လူနာမှန်ရင် အောက်ခြေ တမံတလင်းပေါ်မှာ ဖျာကြမ်းအစုတ်နဲ့ အိပ်ရတာ အရင်ခေတ်က ထောင်ကျဖူးတဲ့သူ၊ ဆေးရုံရောက်ဖူးတဲ့သူတိုင်း သိကြပါတယ်။ ဆေးရုံမှာ (၂)လိုင်းကွဲနေပါတယ်။ အကျဉ်းဦးစီးကအရာရှိက အုပ်ချုပ်ရေးမှူးနေရာ ယူပြီး ဆေးရုံတာဝန်ခံဆရာဝန်က ရောဂါကုသရေးပိုင်းကို တာဝန်ယူရပါ တယ်။ ထောင်အရာရှိနဲ့ အရပ်သားဆရာဝန်တို့ နှစ်ဦးအဆင်ပြေရင်တော့ ပြဿနာမရှိပါဘူး။ သူတို့နှစ်ယောက် မပြေလည်ဘူးဆိုရင် ထောင်အရာရှိရဲ့ တပည့်ကို ဆရာဝန်က ဆေးရုံမှာ လက်မခံဘဲ အဆောင်ကို ပြန်ပို့သလို ဆရာဝန်ရဲ့တပည့်ကိုလည်းကောင်း ဆရာဝန်ရဲ့ဘောက်ချာ(သို့) ငွေပေးပြီး ကျန်းမာရေးအကြောင်းပြခါ ဆေးရုံမှာလာနှပ်နေတဲ့ အကျဉ်းသားကိုလည်း ကောင်း၊ ထောင်အရာရှိက ဒီကောင် ကျန်းမာရေးကောင်းသားနဲ့ ဘာဖြစ်လို့ ဆေးရုံတင်ထားတာလဲဆိုပြီး အတင်းဆေးရုံက ဆင်းခိုင်းတတ်ပါတယ်။ ဘာပဲပြောပြော နိုင်ငံတော်ရဲ့လစာစားနေတဲ့သူတို့ ဝန်ထမ်းတွေဟာ ထောင် ကျပြီး ဒုက္ခရောက်နေတဲ့ ကျန်းမာရေးမကောင်းတဲ့ သူတွေကို ဆေးဝါးကုသမှု မပြုကြဘဲ ငွေရမှ ဆေးကုသမှုဆေးရုံမှာ နေထိုင်ခွင့်ပေးမှုဆိုတဲ့ ကိုယ်ကျိုး အတွက် လုပ်ပိုင်ခွင့်တွေကို တလွဲအသုံးချပြီး စီးပွားရှာ စားသောက်ကြတာ တွေကို နိုင်ငံတော်အကြီးအကဲ တာဝန်ရှိသူတွေနဲ့ အများပြည်သူတွေ သိရှိ အောင် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့မြင်ခဲ့၊ သိခဲ့တာတွေကို ရေးသား



ဖော်ပြလိုက်တာပါ။

ကျွန်တော် မန္တလေးထောင် အိပ်ဆောင်(၄)မှာ နေစဉ် ဦးစီးအရာရှိ ဦးသောင်းမြင့်ဆိုသူဟာ ငွေကြေးကို နည်းမျိုးစုံနဲ့ ရှာဖွေဖန်တီးသလောက် အကျဉ်းသားတွေကို ရိုက်နှက်နေတဲ့နေရာမှာလည်း အရမ်းကို ရက်စက်ပါ တယ်။ (၂၀၀၅)ခုနှစ်၊ (၂၀၀၆)ခုနှစ် မန္တလေးထောင်မှာ ထောင်ကျဖူးတဲ့ သူတိုင်း ဦးသောင်းမြင့်ဘယ်လောက်ဆိုးတယ် ငွေဘယ်လောက်ရှာတယ် ဆိုတာ အားလုံးသိကြပါတယ်။ ဦးစီးအရာရှိ အဆောင်မှူးချုပ် ဦးသောင်းမြင့် တပည့်တွေနဲ့သာ ဆက်သွယ်ပေးကမ်းလိုက်ပါ။ အချုပ်ဆောင်မှာ အခန်း လူကြီးလုပ်မလား၊ အချုပ်ဆောင်မှာ ထောင်ကျပြီးတာတောင် စာရေးနဲ့ သွားနေမလား၊ စည်းကမ်းထိန်းရာထူးနဲ့နေမလား။ ရေကန်ဘာယာနဲ့ နေမလား၊ ထောင်မှာလုပ်ငန်းပြန့်နေမလား၊ ဂွင်တွေအများကြီးပါ ကြိုက်တဲ့ ရာထူးကို ငွေနဲ့ ပေါက်ပြီးနေလို့ရပါတယ်။ ငွေသိပ်မပေးနိုင်ရင်လည်း အကျ ဆောင် (၁၂)မှာ သင့်တင့်တဲ့ငွေနဲ့ ထောင်ကျအခန်းလူကြီး လုပ်စားလို့ ရပါတယ်။ အချုပ်ဆောင်လောက် ဝင်ငွေမကောင်းပေမယ့် စားဖို့သောက်ဖို့ သုံးဖို့လောက်ကတော့ ရပါတယ်။

(၂၀၀၅-၂၀၀၆)ခုနှစ်တွေမှာ အချုပ်ဆောင် အခန်းလူကြီးတစ်ယောက် လုပ်ဖို့ ပေးရတဲ့ပေါက်ကြေးဟာ (၃)သိန်း(သို့) (၄)သိန်းပေးရပါတယ်။ ထောင်ကျဆောင် အခန်းလူကြီး တစ်ယောက်လုပ်ဖို့ပေးရတဲ့ ငွေက (၁)သိန်းပါ (၁)သိန်း၅သောင်း ပေးရတာ ပုံစံခန်းပါ အကြံအဖန်ပိုရတဲ့ အခန်းမို့လိုပါ။ အခန်းလူကြီးတွေကို (၆)လတစ်ကြိမ်နေရာ အရွှေ့အပြောင်း လုပ်ပါတယ်။ လက်ရှိငွေပေးပြီး လုပ်စားနေတဲ့ သူတွေလည်း အရင်းကျေလို့ အမြတ်တွေရပြီး မတရားတောင်းရမ်းသောက်စားတဲ့အတွက် အဝတ်ကောင်း ကောင်းတွေ၊ စောင်ကောင်းကောင်းတွေနဲ့ အိပ်ယာလိပ်ကလည်း လူတစ် ယောက်ထမ်းလို့ မနိုင်လောက်အောင် ကြီးနေပါပြီ။ အချုပ်ဆောင်ကို ပြောင်းလာခါစက မည်းမည်းပိန်ပိန်က (၆)လလောက် မသထာရေစား သောက်လိုက်တော့ ဗိုက်ကပူပူ၊ အသားက ဖြူသလိုနဲ့ လူပါးလည်း အတော် ကို ဝနေပါပြီ။ ခုတော့က ဇာတာနိမ့်ပါတော့မယ်။ အချုပ်ဆောင်ကို ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လာခါစ ပြုံးရွှင်နေတဲ့ မျက်နှာဟာ အခုမကောင်းတဲ့ဂွင် မတည့်တဲ့ဆေးရုံ တိုက်တို့ ကြိုးတိုက်တို့ သီးသန့်အဆောင်တို့ဆိုတဲ့ အကြံအဖန်ရဖို့ နေရေ သာသာ စားဖို့တောင် မရနိုင်တဲ့နေရာတွေကို ပြောင်းရွှေ့ရမယ်ဆိုတော့ သနားစရာ မျက်နှာငယ်နဲ့ အရင်ကမလွဲသာလို့ ခေါ်ပြောကျွေးမွေးဆက်ဆံ နေရတဲ့ အခန်းသားတွေကလည်း ပြောင်းတော့မယ်ဆိုတော့ ဂရုမစိုက် သလို လုပ်လုပ်နေတာကို အခန်းလူကြီးက မကျေနပ်ယုံကလွဲလို့ ခုတော့ ဘာမှပြောပိုင်ခွင့်၊ လုပ်ပိုင်ခွင့် မရှိတော့ပါဘူး။ အခန်းသားတွေကလည်း ပေးချင်ပေးရပါစေ၊ ကျွေးချင်ကျွေးရပါစေ စိတ်သဘောထားကောင်းတဲ့ နောက်ထပ် အခန်းလူကြီးတစ်ယောက် သူတို့အခန်းကို ရောက်လာပါစေလို့ အခန်းတိုင်းက အခန်းသားတွေက ရင်ထဲမှာ ကျိတ်ပြီးဆုတောင်း နေကြပါပြီ။ အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေကို ကောင်းတဲ့နေရာနဲ့ မကောင်းတဲ့ နေရာ အချိန်းအပြောင်းလုပ်ပေးတယ်ဆိုတာ လူကြားကောင်းအောင် အသံလွှင့်တာပါ တကယ့်ဖြစ်ရပ်မှန်က ပထမပိုက်ဆံပေးထားတဲ့သူတွေကို (၆)လလုပ်စားခွင့်ပေးပြီးပြီ ခုတစ်ခါ ငွေပေးတဲ့သူတွေကို နေရာကောင်းတွေ ဖြစ်တဲ့ အချုပ်ဆောင်တန်းစီးချုပ်တို့ ထောင်ကျဆောင်တန်းစီးချုပ်တို့ အချုပ်အခန်းလူကြီးတို့ ထောင်ကျဆောင် ပုံစံခန်းတို့ဆိုတဲ့ ဝင်ငွေကောင်းတဲ့နေရာတွေကို ငွေများများပေးနိုင်တဲ့ သူတွေကို အဓိကထားပြီး အပြောင်းအရွှေ့လုပ်တဲ့ ဂွင်တစ်ခုပါ။

ဒီစားပေါက်ကို အဓိက စီစဉ်ဖန်တီးသူက အဆောင်မှူးချုပ်ပဲခေါ်ခေါ် မိန်းဂျေး တာဝန်ခံဘဲခေါ်ခေါ် ဦးစီးအရာရှိဆိုသူရဲ့ လုပ်ပိုင်ခွင့်နဲ့ စားပေါက်တစ်ခုပါဘဲ ကျွန်တော့်အတွေ့အကြုံအရ ထောင်သမ္မာရင့်တဲ့သူ လုပ်စားရဲသူ၊ မျက်နှာပြောင်တဲ့သူက အဓိကလုပ်စားသွားတာပါဘဲ တစ်ခါတလေ ထောင်ပိုင်ကြီးက ထက်ရင်၊ စားရဲရင် ထောင်ပိုင်ကြီးတစ်ယောက်တည်း လုပ်စားသွားတာရှိသလို ဒုတိယထောင်ပိုင်လေးက လုပ်ရဲ၊ စားရဲရင် ဒုတိယထောင်ပိုင်က လုပ်စားသွားတာ တွေ့ရပါတယ်။ ဒါမှမဟုတ် သုံးပွင့်အဆင့်သာရှိတဲ့ ဦးစီးအရာရှိက နောက်ဘက်ဂရောင်းတောင့်ရင် (ဥပမာ) ညွှန်မှူးအဆင့်နဲ့ ပတ်သက်ရင် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေးတို့ကို ကျော်ပြီး



လုပ်စားသွားတာတွေလည်း တွေ့မြင်ရပါတယ်။ ရှားရှားပါးပါး အကျဉ်းဦးစီးလောကမှာ ကျွန်တော်လေးစားဖူးတဲ့ ထောင်ပိုင်(၃)ဦးရှိပါတယ်။ ကျွန်တော် တင် မဟုတ်ပါဘူး။ အခြားအကျဉ်းသားအများစုကလည်း တော်တော်များများ ရှိသေလေးစားကြပါတယ်။ အဲဒီထောင်ပိုင်တွေကတော့ ဦးတင်ထွန်း၊ ဦးသန်းစိုး၊ ဦးအောင်ဇင်တို့ (၃)ဦးဖြစ်ပါတယ်။ဒီထောင် ပိုင်(၃)ဦးဟာ မန္တလေးထောင်မှာ (၁)နှစ်စီတာဝန်ကျသွားတဲ့ကာလမှာ လုပ်ချင်သလိုလုပ်လို့ရတဲ့ မတရားမှုတွေ လာဘ်ပေးလာဘ်ယူမှုတွေ ပေါများနေတဲ့အချိန်မှာ လုံးဝနီးပါး မဟုတ်မတရားမှုတွေ မလုပ်သွားကြပါဘူး။ သူတို့နဲ့ ပတ်သက်တဲ့၊ မကောင်းတဲ့ သတင်းလည်း မကြားမိပါဘူး။ အကျဉ်းဦးစီးဌာနမှာ ဒီလိုထောင်ပိုင်မျိုးတွေ များများရှိသင့်ပါတယ်။

မတရားသဖြင့် ရှာဖွေလို့ရတဲ့ ပစ္စည်းဥစ္စာမတည်မြဲဘူးဆိုတာ ကျွန်တော်ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရုံတင်မကဘဲ ကျွန်တော်မြင်ခဲ့ရတဲ့ အရာရှိဝန်ထမ်းတို့ရဲ့ မတရားရထားတဲ့ ငွေကြေးစည်းစိမ်၊ ဥစ္စာပစ္စည်းတွေဟာ မယုံကြည်နိုင်လောက်အောင် နှစ်အနည်းငယ်အတွင်းမှာ ပျောက်ပျက်ရုံတင်မကဘဲ လူတွေပါ ဒုက္ခအကြီး အကျယ်ရောက်သွားတာကို အများကြီး မြင်တွေ့ခဲ့ပါတယ်။ သက်သေတစ်ခုကို ပြရမယ်ဆိုရင် မန္တလေးက အထူးအရာရှိဆိုတဲ့ ထောင်ပိုင်လေးဦးထွန်းလှစိန်ဟာ သွေးကင်ဆာရောဂါဝေဒနာကို နှစ်ချီခံစားနေရပြီး မကြာခဏ သွေးသွင်းနေရပါတယ်။ ဘယ်လောက်ပဲ သွေးသွင်းသွင်း၊ ဘယ်လိုဆေးဝါးတွေပဲသုံးသုံး နောက်ဆုံး အိမ်က ရှိသမျှငွေ( မတရားရှာထားတဲ့ငွေတွေ)လည်းကုန် အသက်လည်းထွက် ထောင်ပိုင်ကတော်လည်း ဘာမှမကျန်တော့တဲ့အချိန် ထောင်ဗူးပေါ် က အိမ်ခန်းက အမြန်ဆုံးဆင်းပေးရပါတယ်။

ဒီလိုအဖြစ်အပျက်တွေကို မျက်မြင်ကိုယ်တွေ့ထောင်ထဲမှာ အကြိမ်တော်တော်များများ တွေ့မြင်ရတဲ့အတွက် ကျွန်တော်မကောင်းမှုလုပ်ဖို့ မတရားတဲ့နည်းနဲ့ ငွေရှာဖို့ စိတ်ကုန်သွားပါတယ်။ ကျွန်တော်ကိုယ်တွေ့ကြုံ၊ ပတ်ဝန်းကျင်မှာပါ မြင်တွေ့ရတာတွေပါ။ ဖြစ်ရပ်အားလုံးဟာ ပုံစံတူတွေပါ။ မကောင်းတဲ့နည်းနဲ့ရတဲ့ငွေဟာ မတည်မြဲသလို အချိန်တန်ရင် လူပါဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရတာပါဘဲ။

## *အကျဉ်းသားသက်သာဈေးဆိုင်*

ထောင်တိုင်းမှာ အကျဉ်းသားတွေ ဈေးသက်သက်သာသာနဲ့ စားဖို့အတွက် သက်သာဆိုင်ဆိုတာရှိပါတယ်။ ဌာနဆိုင်ရာ အထက်လူကြီးတွေက ဈေးနှုန်းနည်းနည်း၊ အမြတ်နည်းနည်းလောက်နဲ့ ရောင်းခိုင်းတာပါ။ ဒါပေမဲ့ တကယ်လက်တွေ့ဝယ် စားရတာကတော့ အပြင်လောကမှာ ဈေးအနည်းဆုံး စားသောက်စရာမျိုးစုံကို ထောင်ထဲက သက်သာဆိုင်မှာ ဈေးအကြီးဆုံး ဝယ်ပြီးစားသောက်ကြရပါတယ်။ ဘာကြောင့်ဒီလိုရေးသလဲဆိုရင် ကျွန်တော်နေခဲ့တဲ့ မန္တလေးထောင် မြင်းခြံထောင်တွေမှာ စာရင်းစစ်အဖွဲ့တွေ လာတော့မယ်ဆိုရင် သက်သာဆိုင်ကိုင်တဲ့ အရာရှိဝန်ထမ်းတွေက ထောင်ထဲမှာ သူတို့နဲ့ ရင်းနှီးတဲ့ အကျဉ်းသားတွေထဲက လက်ရေးလှသူ စာရင်း ဇယားလုပ်တတ်သူကို ကျွေးမွေးပေးကမ်းပြီး စာရင်းလိမ်တွေကို အမြန်ဆုံးရေးပေးကြရပါတယ်။ ဘယ်လိုစာရင်းလိမ်သလဲဆိုရင်တော့ ပစ္စည်းတစ်ခုကို စာရင်း(၄)မျိုး ရေးပေးရပါတယ်။ ဈေးနှုန်း(၄)မျိုးပါ။ အမှန်တကယ်ဝယ်တဲ့ ဈေးနှုန်းနဲ့ အမှန်တကယ်ရောင်းတဲ့ ဈေးနှုန်း၊ ဈေးနှုန်းပိုပြပြီး ဝယ်တဲ့ဈေးနှုန်းနဲ့ ဈေးနှုန်းသက်သာစွာ ရောင်းတယ်ဆိုတဲ့ စာရင်း(၄)မျိုးကို ဒီထောင်တွေမှာ နှစ်စဉ်မကြာခဏ စာရင်းလိမ်တွေ ရေးပေးနေတာ မမြင်ချင်မှ အဆုံးပါ။

ဌာနဆိုင်ရာ အထက်လူကြီးတွေ စစ်ဆေးရေးအဖွဲ့တွေ လာတော့မယ်ဆိုရင် ဈေးကြီးကြီးပေးဝယ်ရတဲ့စာရင်းနဲ့ ဈေးနှုန်းနည်းနည်း အမြတ်နည်းနည်းရောင်းတဲ့ စာရင်းကိုအဓိကရေးပေးရပါတယ်။ ဒီလိုအဖြစ်အပျက်တွေဟာ ထောင်တိုင်းနီးပါးမှာ ဖြစ်နေတာတွေပါ။ အကျဉ်းသားတိုင်းလဲ သိကြပါတယ်။ သက်သာဆိုင်ကိုရဖို့အတွက် အရာရှိ၊ အရာခံတွေဟာ ထောင်ပိုင်တွေကို လာဘ်ထိုးရပါတယ်။ ဒီလို ပေးကမ်းကျွေးမွေးပေါင်းသင်းနိုင်တဲ့ အရာရှိအကြပ်ဝန်ထမ်းတွေဟာ သက်သာဆိုင်(သို့)နေရာ ကောင်းလေးတွေ အကြဲအဖန်ရမဲ့ နေရာလေးတွေမှာ နေကြရမှာပါ။ မဖားနိုင်၊ မကျွေးနိုင်



မပေးနိုင်တဲ့ အရာရှိအကြပ်ဝန်ထမ်းတွေဟာ ဘယ်တော့မှ နေရာကောင်းကောင်း မရရှိကြတာကို ဝန်ထမ်းအကျဉ်းသားအားလုံးသိကြပါတယ်။

## *လမ်းပြင်ဘုတ် သန့်ရှင်းရေးဘုတ်*

ထောင်တွေမှာ လမ်းပြင်ဘုတ်ဆိုတာရှိပါတယ်။ အဆောင်တွေမှာ ရှိတဲ့ လူသွားလမ်းတွေမှာ မြေကြီးနဲ့ လုပ်ထားတဲ့လမ်းကို နေ့စဉ်ပြုပြင်ဖာထေးရပါတယ်။ လမ်းပြင်တဲ့အလုပ်ကိုလုပ်တဲ့သူက နှစ်မျိုးနှစ်စားရှိပါတယ်။ မြေကြီးနဲ့ သဲနဲ့ရေနဲ့ နေ့စဉ်ပြုပြင်ဖာနေတဲ့အတွက် မြေသယ်ဖို့ ရေခပ်ဖို့ဆိုတဲ့ အလုပ်ကြမ်းလုပ်ဖို့က ဘာရုပ်မှမပေါက်တဲ့ ငွေမပေးနိုင်တဲ့ပေါ်တာပဲ ခေါ် ခေါ်၊ ဘောက်ဆင်းပဲခေါ်ခေါ် သာတီဖိုက်ဆိုတဲ့ အမျိုးအစားက တစ်မျိုးပါ။ သန်လျက်နဲ့ မြေကြီးကို အချောကိုင်တာက အပြင်မှာ ပန်းရံလုပ်စားတဲ့သူမျိုးဖြစ်စေ ထောင်ထဲရောက်မှ ငွေကောင်းကောင်းမပေးနိုင်လို့ အောက်လိုင်းလို့ခေါ်တဲ့ ဒုအဆောင်မှူးတို့ တန်းစီးချုပ်တို့နဲ့ ပိုက်ဆံနည်းနည်းပေးပြီး အောက်လိုင်းကနေ သက်သာအောင်နေရဖို့ လုပ်ထားတဲ့သူမျိုးတွေပါ။ အမှန်က ဒီလမ်းတွေကို ထောင်ထဲကရတဲ့ ငွေတွေနဲ့ အချိန်မရွေး ကွန်ကရစ်လမ်းခင်းလို့ ရပါတယ်။ ဒီလို လမ်းချောလမ်းကောင်း အပြီးခင်းလိုက်ရင် နောက်ကို လုပ်စားလို့ မရမှာစိုးတဲ့အတွက် တမင်သက်သက်ကို ငွေရှာဖို့အတွက် လမ်းမြေကြီးပဲ လုပ်တာပါ။ ဒါကလည်း ငွေရှာနည်းထဲက ဖော်မြူလာတစ်ခုပါ။

နောက်တစ်ခုက သန့်ရှင်းရေးပါ အဆောင်တွေမှာ သန့်ရှင်းရေးဘုတ်ဆိုတာ ရှိပါတယ်။ အဆောင်ထောင်မှူးကို ငွေပေးထားတဲ့သူတွေ အဓိကလုပ်တဲ့အလုပ်ပါ။ အသက်ကြီးသူတွေနဲ့ ခန္ဓာကိုယ်မသန်စွမ်းသူတွေက တကယ်ကို သန့်ရှင်းရေးလုပ်ရပါတယ်။ အာဏာပိုင်ကို ငွေပေးထားတဲ့ အပ်ထည်ဆိုသူတွေက တံမြက်စည်းအကြမ်း တံမြက်စည်းအချောဝယ်ပြီး သန့်ရှင်းရေး မလုပ်ရပါဘူး။ အကြောင်းပြချက်က လိုအပ်တဲ့ လုပ်ငန်းသုံး ပစ္စည်းဝယ်ပေးမယ် အလုပ်မလုပ်ဘူးပေါ့ သူတို့ဘက်ကကြည့်ရှု သဘာဝကျပါတယ်။ ထောင်တိုင်းမှာ လုပ်ငန်းသုံးပစ္စည်းဝယ်ပေး၊ ထုတ်ပေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကြားတောင် မကြားဖူးပါဘူး။ နိုင်ငံတော်အစိုးရကတော့ ဘာတွေ ထုတ်ပေးလဲမသိရပါဘူး။ ဒါပေမဲ့ ကျွန်တော်တွေ့မြင်နေရတာကတော့ အကျဉ်းသားတွေရဲ့ငွေနဲ့ လူကြီးတွေလာရင် ဧည့်ခံဖို့ စစ်ဆေးရေးအဖွဲ့တွေလာရင် ဧည့်ခံဖို့ အဆောင်လိုက်၊ အခန်းလိုက် ငွေကို အချိုးကျပေးကမ်းနေရတာကို နှစ်ပေါင်းများစွာ တွေ့မြင်ခဲ့ရပါတယ်။ ကိုယ်တွေ့ပါ။

ကျွန်တော် မန္တလေးထောင်မှာ နေစဉ်ကာလမှာ အဆောင်တစ်ဆောင်မှာဆိုရင် ရာထူးအကြီးဆုံးအကျဉ်းသားအရာရှိဆိုတဲ့ တန်းစီးချုပ်လုပ်သူတွေက ငွေရှာနည်းတစ်ခုတည်းက နည်းတစ်နည်းဖြစ်တဲ့ ယင်ကောင်ဖမ်းဖို့ကို မကြာခဏ အမိန့်ထုတ်လုပ်စားတာကို အမြဲမြင်တွေ့ရပါတယ်။ ထောင်ပိုင်ထောင်မှူးကို ငွေပေးပြီး(သို့) လာဘ်ထိုးပြီး အကြောင်းပြချက်အမျိုးမျိုးလုပ်ငန်းအမျိုးမျိုးနဲ့ အမည်တပ်ပြီး ဘာမှမလုပ်တဲ့သူတွေ အခန်းတိုင်းမှာရှိပါတယ်။ ဒီလိုသူတွေဆီက မစားရတာ နည်းနည်းကြာလာရင် ထောင်မှူးနဲ့ တန်းစီးချုပ်တို့ ခေါင်းချင်းဆိုင်ပြီး ဇယားဆွဲကြပါတယ် အကြောင်းမဲ့ပိုက်ဆံတောင်းရင် ဘောင်မဝင်တဲ့အတွက် ဒီလိုမျိုးယင်ကောင်ဖမ်းခိုင်းလိုက်ရင် ငွေပေးနိုင်တဲ့သူတွေက ရှက်တဲ့အတွက် ယင်ကောင်ဖမ်းခ(၇)ရက်ကို ဘယ်လောက်၊ (၁)လကိုဘယ်လောက် အပြီးကို ဘယ်လောက်ဆိုပြီး ငွေပေးပါတယ်။ တန်းစီးချုပ်လုပ်သူကို အကျဉ်းသား အချင်းချင်းက ကလန်ကဆန်ပြန်ပြောပြန်လုပ်လို့မရပါဘူး။ ထောင်မှူးထောင်ပိုင်ရဲ့ လက်ကိုင်တုတ်ဖြစ်တဲ့အတွက်သူနဲ့ညှိရင် ထောင်ပိုင်ထောင်မှူးနဲ့ ညှိသလိုပါပဲ။ ဝိုင်းဝန်းအရိုက်ခံရမှာ ၉၀%ပါပဲ၊ ဒါကြောင့် မတရားမှန်းသိပေမယ့် ဝွင်ရှာပြီး ငွေတောင်းတာကို မပေးချင်လည်းပေးရတယ်။ မပေးရင်ရပါတယ်။ ဒါပေမဲ့ ယင်ကောင် (၅၀-၁၀၀)တော့ ဖမ်းရမှာပါ။ ငွေရှိတဲ့သူတွေက ရှက်လို့ သိက္ခာကျတယ်ဆိုပြီး ဘယ်သူမှ မဖမ်းပါဘူး။ ဒါကိုသိလို့လည်း ဒီဂွင်ဆင်တာပါ။ ဒါဟာ ငွေရှာနည်းထဲက ဖော်မြူလာတစ်ခုပါ။

■ ■ ■

# ထောင်ဆိုတာ



ထောင်ထဲမှာ စားဝတ်နေရေးကို ပုံသဏ္ဍာန်မျိုးစုံနဲ့ဖြေရှင်းရပ်တည်ကြတဲ့ ထောင်ဝင်စာမလာနိုင်တဲ့သူတွေ များပါတယ်။ ဘယ်လိုပုံစံမျိုးတွေနဲ့ အခက်အခဲတွေကို ဖြေရှင်းကြသလဲဆိုရင်

(၁)ဈေးရောင်းစားသောက်ခြင်း၊ (၂) အဝတ်လျှော်စားသောက်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၃)နင်းနှိပ်၍ စားသောက်ခြင်း၊ (၄)ထမင်းဆွဲ ခွက်ဆေး၍ စားသောက်ခြင်း၊ (၅)တက်တင်း ထိုးစားခြင်း၊ လက်ကိုင်ပဝါ၊ သဘက်၊ အင်္ကျီ၊ တီဗီအဖုံး (၆)ပုဆိုး၊ အင်္ကျီ၊ စောင်၊ ရောင်းဝယ်အပေါင်ခံ၍ စားသောက်ခြင်း၊ (၇) လူမှုရေးအရခင်မင်မှုယူ၍ စားသောက်ခြင်း၊ (၈)တောင်ယာလုပ်၍ စားသောက်ခြင်း၊ (၉)တောင်ယာမှ အသီးအရွက်များ ဝယ်ယူ၍ ချဉ်ဖတ်ထည့်ပြီး ရောင်းစားခြင်း၊ (၁၀)တက်တူးအရုပ်များထိုး၍ စားသောက်ခြင်း၊ (၁၁)ဂေါ်လီထည့်၍ စားသောက်ခြင်း၊ (၁၂) မိမိခန္ဓာကိုယ်ကိုရောင်း၍ စားသောက်ခြင်း၊ (၁၃) ဆိုးဂုဏ်၊ မိုက်ဂုဏ်ကို ပြ၍ ခြိမ်းခြောက်စားသောက်ခြင်း၊ (၁၄)လောင်းကစားမျိုးစုံကစား၍ စားသောက်ခြင်း၊ (၁၅)ရာထူးတစ်ခုကို အရယူ အမှီပြု၍ စားသောက်ခြင်း၊ (၁၆) ဗေဒင်လက္ခဏာ တွက်ချက်ဟောပြော၍ စားသောက်ခြင်း၊ (၁၇) မူးယစ်ဆေးဝါးတစ်မျိုးမျိုးရောင်း၍ စားသောက်ခြင်း။

ကျွန်တော်သိသလောက်ကတော့ ဒီလိုပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ကိုယ်သန်ရာကို လုပ်ဆောင်ပြီး ထောင်အတွင်းစားဝတ်နေရေးကို ဖြေရှင်းဖြတ်သန်းကြပါတယ်။ လူအများသိထားတာက ထောင်ဆိုတာစားဖို့၊ နေဖို့၊ ဝတ်ဖို့ ပူပင်စရာမလိုဘူးလို့ သိမြင်ထားကြပါတယ်။ ဒါကြောင့်လည်း မိမိတို့ရဲ့ အိမ်တွေက အချုပ်ထဲထောင်ထဲမှာ ရောက်နေသူတွေက အသားကြော်၊ ငါးခြောက်ကြော်၊ ငါးပိကြော်၊ မုန့်၊ ကော်ဖီ၊ အင်္ကျီ ပုဆိုး၊ ဖိနပ်မှာယူကြတဲ့ အခါ ထောင်ထဲမှာ ဘာလိုလို့လဲ ထောင်ကထမင်း၊ ဟင်းကျွေးတယ်၊ အင်္ကျီ၊ ပုဆိုး၊ ဖိနပ်၊ စောင်ပေးတယ်နေစရာရှိတယ်။ ဒါကို ဘာကိစ္စနဲ့ပစ္စည်းမျိုးစုံမှာ စားစရာမှာ ပိုက်ဆံမှာနေရသလဲလို့ မိသားစုအတော်များများက အချုပ်ထဲထောင်ထဲရောက်နေတဲ့သူကို မေးကြပါတယ်။ လူအများရှေ့မှာ တော်တော်ကို အဖြေခက်တဲ့မေးခွန်းပါ။ ထောင်ကကျွေးတဲ့ထမင်းဟင်းဆိုတာ (အရင်ခေတ်)က ခွေးစာ၊ ဝက်စာအဆင့်ပဲရှိတာပါ။ ဒီစကားကို အရင်ခေတ်က ထောင်ကျဖူးတဲ့လူဟောင်းတွေ အားလုံးပဲ နားလည်လက်ခံမှာပါ။ အခုခေတ် ထောင်ကျတဲ့သူတွေကတော့ ထောင်ဆိုတာ အလကားပါကွာ ကြားဖူးတာနဲ့ တခြားစီပဲ။ ထောင်ဆိုတာ ဘာမှမဟုတ်ပါဘူးလို့ ပြောကြပါ



တယ်။ ထောင်ဝင်စာမလာနိုင်တဲ့သူတွေ ထောင်ဝင်စာနည်းနည်းလေးလာနိုင်တဲ့သူတွေအတွက်ကတော့ ထောင်ထဲမှာ ပြဿနာသိပ်မရှိပါဘူး။ ကျွေးတာစား၊ ခိုင်းတာလုပ်ရင် ပြီးသွားမှာပါ။ ပြဿနာရှိတာက ထောင်ဝင်စာများများလာနိုင်၊ ပေးနိုင် ကျွေးနိုင်တဲ့သူက ပေးလည်းမပေး ကျွေးလည်းမကျွေးရင်တော့ ပြဿနာတွေက တသီကြီးတန်းစီလို့နေပါတယ်။ အချုပ်သားသစ်ပဲဖြစ်ဖြစ် ထောင်ကျသစ်ပဲဖြစ်ဖြစ် ထောင်ထဲရောက်လို့ ပုံစံခန်းရောက်ရှိချိန်မှာ အကျဉ်းသားအုပ် ချုပ်ရေးပိုင်းတွေက တပည့်တွေ မွေးထားပါတယ်။ အများအားဖြင့်တော့ သူခိုးပေါက်စတွေပါ။ သူတို့အလုပ်က လူသစ်တွေရောက်လာရင် ထောင်ဝင်စာထုပ် ဘယ်လောက်ပါသလဲ။ အကောင်းစားတွေလား အညံ့စားတွေလား ဘာအမှုဖြစ်တာလဲ ဘယ်မြို့နယ်ကလဲ။ အိမ်က ဘယ်လောက်ထိလိုက်နိုင် ပေးနိုင်သလဲဆိုတဲ့အဖြေကို အလာပသလာပပြောရင်း တီးခေါက်ပြီး စနည်းနာပါတယ်။ ထိုက်သင့်သလောက်သိရပြီဆိုရင် သူတို့ကိုမွေးထားတဲ့ သူတို့ကျေးဇူးရှင်တန်းစီးချုပ်တို့ အခန်းလူကြီးတို့ကို မျက်နှာရအောင် အမြန်ဆုံးသွားရောက်သတင်းပို့ပါတယ်။ လူသစ်တစ်ယောက် ရောက်လာပြီဆိုရင် အဆောင်ထဲစဝင်ချိန်ကစပြီး အဆက်မပြတ် အကဲခတ်နေပါတယ်။ ရုပ်ပေါက်သလား၊ သာတီဖိုက်လား ဘယ်လောက်ထိ ဂွင်တည့်နိုင်သလဲဆိုပြီး စဉ်းစားဆုံးဖြတ်နေပါတယ်။ ဘာကို စဉ်းစားဆုံးဖြတ်သလဲဆိုရင် သူက အရမ်းရုပ်ပေါက်မယ်ထင်ရင် သူ့အိတ်ထဲက ငွေနဲ့ထောင်မှူးကို အရင်ပေးပြီး လိုင်းဝင်လိုက်မယ်။ သူအုပ်ချုပ်တဲ့အခန်းထဲ ခေါ်သွားမယ်။ ပြီးရင် ဂွင်ကောင်းကောင်းရိုက်မယ်။ ငွေများများတောင်းမယ်ပေါ့။ ဒီပုံစံကတော့ လူသစ်တစ်ယောက်လာခဲ့ရင် အခန်းလူကြီးတွေ လုပ်စားတဲ့ပုံစံတစ်မျိုးပါ။ ရောက်လာတဲ့လူသစ်က အရမ်းကြီးရုပ်ပေါက်နေရင်တော့ တန်းစီးချုပ်က စွဲထိန်းထားပါတယ်။ ခေါ်ထားတယ်ပေါ့။ တန်းစီးချုပ်ပြီးရင် ပုံစံအခန်းက အခန်းလူကြီးဟာ ဒုတိယအာဏာအရှိဆုံး ဒုတိယရုပ်ပေါက်ဆုံးပေါ့။ တန်းစီးချုပ်တို့ ပုံစံခန်း အခန်းလူကြီးတို့ စိတ်ကြိုက်အကောင်းဆုံး ရုပ်ပေါက်သူတွေခေါ်ယူ စားအိုးတွဲလိုက်ပြီးမှ သူတို့ မကြိုက်တဲ့သူတွေကို အခြားအခန်းတွေကို ခွဲဝေပေးလိုက်တာပါ။ အဲဒီခွဲဝေ

www.burmeseclassic.com

www.burmeseclassic.com



ပေးမဲ့အချိန်မှာ ထောင်ဝင်စာများများလာနိုင်သူ ငွေများများသွင်းနိုင်တဲ့သူကိုရဖို့အတွက် ကျန်တဲ့အခန်းလူကြီးတွေက တန်းစီးချုပ်ကို တိတ်တိတ်လာဘ်ထိုး ပိုက်ဆံပေးရပါတယ်။ အဲဒီလိုပိုက်ဆံပေးတဲ့ အခန်းလူကြီးရဲ့အခန်းကို တန်းစီးချုပ်က ရုပ်ပေါက်တွေထည့်ပေးပြီး ဘာပိုက်ဆံမှ မပေးတဲ့ အခန်းလူကြီးရဲ့အခန်းကို လူခွဲရင် ရုပ်မပေါက်တဲ့သာတီ ဖိုက်တွေသာ ရောက်ရှိလာပါတယ်။ တချို့က အသားဖြူဖြူ လူကသန့်သန့်ဆိုတော့ စားရသောက်ရမယ် ရိတ်ရလှီးရမယ်ဆိုပြီးတော့ ပိုက်ဆံအကုန်ခံပြီး သူ့အခန်းကိုရောက်အောင် ခေါ်လိုက်တာ လက်တွေ့မှာ တကယ့်ကို ဘီးစိပ်၊ ကပ်စီးနည်းဆိုသူမျိုးတွေနဲ့ ကြုံရတဲ့အခါမှာတော့ အခန်းလူကြီးလုပ်သူမှာ မအီမလည်ကြီးနဲ့ ပေါက်ကွဲနေတာပေါ့။ ထောင်ဝင်စာလည်း လာနိုင်၊ ကျွေးနိုင်၊ ပေးနိုင်ရဲ့သားနဲ့ ဒီလိုကပ်စီးနည်းနေရင်တော့ မနက်တန်းစီ ညတန်းထိုင်ချိန်တို့ အလုပ်ခွဲချိန်တို့မှာ အဲဒီလူမချောင်ဘူးမှတ်ပါ။ တန်းစီချိန်မှာ အပြစ်ရှာရိုက်မယ် အလုပ်လုပ်ရတဲ့အခါ အပင်ပန်းဆုံးအလုပ်တွေ လုပ်ရမယ် (၂၄)နာရီ စိတ်ဆင်းရဲရမယ်မှတ်ပါ။

ထောင်ထဲမှာ ပေးနိုင် ကျွေးနိုင်တဲ့သူတွေ အရမ်းကိုများနေရင် မပေးနိုင်၊ မကျွေးနိုင်တဲ့သူတွေ ပင်ပန်းကြီးစွာ လုပ်ကြရပါတယ်။ ဒီလိုမှမဟုတ်ဘဲ ပေးနိုင်ရဲ့သားနဲ့ မပေးတဲ့သူတွေ ရှိနေရင်တော့ အဲဒီလိုသူတွေကို အစိကထားပြီး ပင်ပန်းတဲ့အလုပ် မှန်သမျှကို သူတို့ကို ခိုင်းပါတယ်။ တန်းစီးချုပ်ဆိုတာ ထောင်ပိုင်ထောင်မှူးတွေရဲ့ သစ္စာရှိကျွန်တစ်ယောက်ပါ။ ထောင်အာဏာပိုင်တွေနဲ့သာ လူလိမ္မာလေးလိုပြု မူနေထိုင်ပေမယ့် အကျဉ်းသားအချင်းချင်းဆိုရင်တော့ ဘုရင်လုပ်တော့တာပါပဲ။ ထောင်မှူးတွေ ရေချိုးရင် ရေလောင်း၊ ဆပ်ပြာတိုက် ချေးတွန်း၊ သဘက်သုတ်ပေးတဲ့တန်းစီးချုပ်တို့၊ အခန်းလူကြီးတို့၊ တစ်ထောင်လုံးဘုတ်ကိုင်တို့ဆိုတဲ့သူတွေက သူတို့ရေချိုးရင်လည်း သူတို့မွေးထားတဲ့ကလေးနဲ့ တပည့်တွေက ရေကန်ကို အုပ်စုလိုက် ဆင်းလာရင် သဘက်ကိုင်ပေးတဲ့သူနဲ့ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာယူလာပေးတဲ့သူနဲ့ ရေချိုးဖို့ ရေပုံးယူလာပေးတဲ့သူနဲ့ ရေချိုးရင် သူတို့ဆရာထောင်မှူးတွေကို သူတို့ပြုစုလုပ်ကိုင်ပေးတဲ့အတိုင်း သူတို့က



တစ်ဆင့်ပြန်လည် စည်းစိမ်ခံ၊ လုပ်ကျွေး၊ ဗိုလ်လုပ်နေတာကို အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်တွေမှာ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်ထိအောင် မျက်စိနဲ့တပ်အပ်မြင်တွေ့ရတာ နေ့စဉ်နီးပါးပါပဲ။ ထောင်တိုင်းမှာ သုံးတဲ့ လက်သုံးစကားရှိပါတယ်။ အကျဉ်းသားတွေ ကျင့်သုံးဖို့ပါ။ ဘယ်ကနေ ဘယ်နှခုနှစ်က ပေါ်ပေါက်လာတဲ့ စကားလည်းတော့ မသိပါဘူး။ (ဝ)လေးလုံးကို ဆောင်ပါတဲ့ (၁) ဝဝစား (၂) ဝေးဝေးနေ (၃) ဝင်မရှုပ်နဲ့ (၄) ဝီသံကြားရင် ဝပ်နေတဲ့ ။ (၁) ဝဝစားဆိုတာ အရင်ခေတ်က ထမင်းအဝ မစားရပါဘူး။ ဒါကြောင့် ထမင်း ဝအောင်စားဖို့သာ ကြိုးစားပါတဲ့။

(၂) ဝေးဝေးနေဆိုတာက ပြဿနာတွေ မျိုးစုံအချိန်တိုင်း ဖြစ်ပေါ်နေတဲ့ထောင်ထဲမှာ ကိုယ့်ပတ်ဝန်းကျင်မှာ တစ်ခုခုဖြစ်ပြီဆိုတာနဲ့ ကိုယ့်စက်ကွင်းလွတ်အောင် ဝေးဝေးနေဖို့ ပြောတာပါ။

(၃) ဝင်မရှုပ်နဲ့ဆိုတာက ထောင်ထဲမှာ မြင်ရတွေ့ရကြားရတာတွေ အားလုံးဟာ မတရားမှုတွေချည်းပဲ ဖြစ်နေတဲ့အတွက် ဒါတွေဟာ မတရားဘူး၊ မမှန်ကန်ဘူးလို့ အမှန်အတိုင်း ဝင်ရောက်ဖြေရှင်းနေရင် ကိုယ်သာ ဒုက္ခရောက်မှာ ဖြစ်တဲ့အတွက် ဝင်မရှုပ်နဲ့လို့ ပြောတာပါ။

(၄) ဝီသံကြားရင် ဝပ်နေဆိုတာက ကျွန်တော်(၈၄)ခုနှစ်ထောင်စကျချိန်က အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေက ပါးစပ်နဲ့ပြောဆိုအုပ်ချုပ်ခဲ့ပါတယ်။ သူတို့စိတ်ထဲမှာ တစ်ခုခု မကျေနပ်တာနဲ့ တုတ်တဝီဝီနဲ့ ရိုက်နှက်ပါတယ်။ ဒါကြောင့် ဝီသံကြားရင် ဝပ်နေလို့ ပြောတာထင်ပါတယ်။

အရင်ခေတ်ကထောင်ထဲမှာ ပညာတတ်ဖို့မလိုသလို လိမ္မာဖို့ အလုပ်ကြိုးစားဖို့လည်း မလိုပါဘူး။ အလိုက်သိဖို့လိုအပ်တာပါ။ ကိုယ်နေတဲ့အဆောင်ကိုင်တဲ့ထောင်မှူးက ဘာကြိုက်သလဲ ငွေကြိုက်လား။ အစားအသောက်ကြိုက်သလား၊ အနင်းအနှိပ်ကြိုက်သလား။ သူများမကောင်းကြောင်း ပြောတာကြိုက်သလား၊ အရမ်းဖားတာကို ကြိုက်သလား၊ အသွားလေရာနောက်ကို တကောက်ကောက်လိုက်တာ ကြိုက်သလား။ သူက တခြားအကျဉ်းသားတစ်ယောက်ကို ဆူလိုက်ရင် ဟောက်လိုက်ရင် ကိုယ်က ဝင်ရိုက်လိုက်ရင် ကြိုက်သလား။ ဒီလိုဖော်မြူလာတွေ အများကြီးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖော်မြူလာကို ကိုယ့်ဆရာက အကြိုက်ဆုံးလည်း လေ့လာစုံစမ်းထားပါပြီး သူ့အကြိုက်သာ လုပ်ကိုင်နေထိုင်လိုက်ပါ။ အားလုံးအဆင်ပြေသွားမှာပါဆိုသလိုပါပဲ။

ထောင်ထဲမှာ ထောင်ပိုင်မကောင်းကြောင်း ထောင်မှူးမကောင်းကြောင်း အကြပ်ဝန်ထမ်းတွေ မကောင်းကြောင်း ဘယ်တော့မှပြောလို့မရပါဘူး။ တနည်းနည်းနဲ့သူတို့ဆီ သတင်းရောက်သွားပါတယ်။ ဒီလိုသတင်းရောက်သွားပြီဆိုရင် သူတို့မကောင်း ကြောင်းပြောတဲ့သူဟာ ထောင်ထဲမှာရာထူးနေရာရဖို့ မပြောနဲ့ ဒုက္ခမရောက်ရင် ကံကောင်းတာပေါ့။ ဂွင်ဝင်ရင် ဒုက္ခပေးဖို့ အမြဲစောင့်ကြည့်တာခံရမှာပါ။ ကျွန်တော်ကတော့ အမြဲစောင့်ကြည့်ခံရပြီး ထောင်အာဏာပိုင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေ ရှင်းရတာ အကြိမ်ကြိမ်ပါပဲ။

ရဲဘက်စခန်းတို့ထောင်တို့မှာ အကျဉ်းသားတစ်ယောက်ရဲ့ အသက်တစ်ချောင်းဟာ လုံးဝကို တန်ဖိုးမဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ( )အက်စီးဒင့်ဖြစ်ပြီး ရုတ်တရက်သေဆုံးခဲ့ရင် သက်ဆိုင်ရာမြို့နယ်ရဲစခန်းက တာဝန်ရှိသူတွေက လာရောက်စစ်ဆေးတယ်ဆိုတာ တာဝန်ကျေပါ။ တကယ်ကို မှန်မှန်ကန်ကန် တိတိကျကျစုံစမ်းလေ့လာပြီး အမှုမှန်ပေါ်ပေါက်အောင် ဖော်ထုတ်တယ်ဆိုတာမတွေ့ ရပါဘူး။ ဘာကြောင့် ဒီလိုရေးရသလဲဆိုရင် (၂၀၀၅)ခုနှစ် (၂၀၀၆)ခုနှစ်လောက်က မန္တလေးထောင်မှာ ကြိုးသမားတစ်ယောက်ကို တိုက်တာဝန်ခံထောင်မှူးအပါအဝင် ဝန်ထမ်းအကျဉ်းသားတိုက်တန်းစီး၊ တိုက်စည်းကမ်းထိန်းဆိုသူတွေက ဘာမဟုတ်တဲ့ အမဲရေကိစ္စနဲ့ပတ်သက်ပြီး စကားများ ရန်ဖြစ်လို့ ကြိုးသမားကို ဝိုင်းရိုက်လိုက်ကြတာ ကြိုးသမားသေဆုံးသွားပါတယ်။ ဒီလိုကြိုးသမားတစ်ယောက်သေဆုံးတာတောင် တိုက်တာဝန်ခံထောင်မှူးရဲမြင့်ဦးနဲ့တာဝန်ကြပ်တွေ၊ တိုက်တာဝန်ကျဝန်ထမ်းတွေ ဝိုင်းရိုက်တဲ့အကျဉ်းသားအုပ်ချုပ်ရေးပိုင်းအကျဉ်းသားတွေဟာ ဘာတစ်ခုမှ အရေးယူ ဆောင်ရွက်ခံရတာ မတွေ့ရပါဘူး။ ထောင်ထဲမှာ အမှန်တကယ်ဖြစ်နေတဲ့ မတရားမှု၊ မကောင်းမှုတွေကို အထက်တာဝန်ရှိသူတွေဆီကို သတင်းမရောက်ရှိပါဘူး။ မမှန်ကန်တဲ့



သတင်းတွေသာ အထက်လူကြီးတွေဆီ ရောက်တာပါ။ အမှန်တရားဟာ စာရွက်ထဲမှာ ပျောက်သွားပါတယ်။

ဒီစာကတော့ ထောင်ကျနေတဲ့ သူရဲ့အပြင်က မိသားစုတွေဖြစ်တဲ့ အမေ၊ မိန်းမ၊ အစ်မညီမတွေအတွက် ရည်ရွယ်ပြီး ရေးလိုက်တာပါ။ ကိုယ့်ယောက်ျားသို့မဟုတ် ကိုယ့်သား၊ ကိုယ့်မောင်၊ ကိုယ့်ရဲ့အစ်ကိုစတဲ့ သူတွေ အချုပ်ခံထောင်ကျပြီဆိုရင် အပြင်မှာ ကျန်နေတဲ့အမေတို့ မိန်းမတို့ အစ်မတို့ ညီမတို့တွေဟာ ရင်ထဲမှာ အပူမီးတွေ ဝိုင်းပြီး အားကိုးရှာနေတာကို အခွင့်ကောင်းယူလို့ ထောင်အရာရှိဝန်ထမ်းတွေ၊ ရဲဘက်စခန်းတွေ၊ တာဝန်ရှိသူတွေက (တချို့က)အစ်မသားကို ကျွန်တော်စောင့်ရှောက်ပါ့မယ်။ ညီမယောက်ျားကို အကူအညီပေးပါ့မယ်။ ညီမလေးမောင်ကို သေသေချာချာ စောင့်ရှောက်ပါ့မယ် ညီမရဲ့အစ်ကိုကို စားဝတ်နေရေး အလုပ်အကိုင်အားလုံး ကူညီပေးလိုက်ပါ့မယ်ဆိုပြီး (တချို့သော)ငွေမရှိရင် အကူအညီတောင်းသောသူ တချို့ကတော့ ဘာမှမသိနားမလည်၍ ပြောသည်ကိုယုံကြည်၍ မိမိခန္ဓာကိုယ်ကို ပေးဆပ်လိုက်ရသောအဖြစ်များကို (၁၉၉၂)ခုနှစ်က ရန်မန်းရဲဘက်စခန်း(ဝါးရားကုန်း) စခန်းတွင် နှစ်ကြိမ်ကြုံတွေ့ဖူးပါသည်။ စခန်းတာဝန်ခံထောင်မှူးကြီး(နှစ်ပွင့်) ခေတ်တွင် တပ်ခွဲတာဝန်ခံတပ်ကြပ်အောင်ဖေမှ တစ်ကြိမ် အကျဉ်းသားတပ်ခွဲမှူး(နွားသန်းထွန်း)မှ တစ်ကြိမ် ဖြစ်ပါသည်။

မန္တလေးထောင်တွင်နေစဉ် ယင်းကဲ့သို့သောအဖြစ်အပျက်များကို ထိုစဉ်က အိပ်ဆောင်(၃-၄)ဝင်းအချုပ်ဆောင်ထောင်မှူးဦးခင်ဇော်မှ ကျွန်တော်တို့အကျဉ်း သားများရှေ့တွင် ထိုစဉ်က မန္တလေးထောင်မှ ဦးစီးအရာရှိ ဦးဝင်းမောင်နှင့်အကျဉ်းသား၏ မိန်းမတို့ ဟိုတယ်တွင် အိပ်သည့်အကြောင်းများကို ခံစားချက်မဲ့ ရယ်မော၍ ဟာသတစ်ခုကဲ့သို့ ပြောနေသည်ကို စိတ်မချမ်းမြေ့စွာနဲ့ နားထောင်ခဲ့ဖူးပါသည်။ ထိုကဲ့သို့သော အဖြစ်အပျက်များကို အင်းစိန်ထောင်၊ မန္တလေးထောင်နှင့် ရန်မန်းရဲဘက်စခန်းများတို့တွင် များစွာကြားခဲ့သိခဲ့ပါသည်။ အချုပ်ခံရသော ထောင်ကျနေသူ၊ ရဲဘက်ထွက်သူတွေရဲ့ မိသားစုတွေကို ကျွန်တော်မှာချင်တာက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ထောင်ရဲဘက် စခန်းမှာပဲဖြစ်ဖြစ် ထောင်ထဲက ကိုယ့်လူကို မတရားခိုင်းနေ၊ ရိုက်နှက်နှိပ်စက်နေ၊ ငွေတောင်းနေရင် မိမိတို့သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူတွေထံ လွတ်လပ်တဲ့အဖွဲ့အစည်းတွေထံဖြစ်စေ သွားရောက်တိုင်ကြားပြီး အကူအညီရယူစေချင်ပါတယ်။ တိုးတိုးတိတ်တိတ်ကူညီစောင့်ရှောက်မယ်ဆိုတဲ့သူမျိုးတွေကို ဝေးဝေးရှောင်ပြီး အတင်းတိုးဝင်လာခဲ့ရင် သက်ဆိုင်ရာဌာနတွေကိုသာ အမြန်ဆုံးတိုင်ကြပါလို့ ပြောပြလိုပါတယ်။

■ ■ ■

# ထောင်တွင်းမညီမျှမှုနှင့် လူသားမဆန်မှုများ



www.burmeseclassic.com

www.burmeseclassic.com



## အင်းစိန်ထောင်

**ထောင်ဝင်အမှတ် *4330/H***

(၁၉၉၆)ခုနှစ် (၁၀)လပိုင်း၊ (၄)ရက်နေ့မှာ ကျွန်တော်အဖမ်းခံခဲ့ရပြီး လုယက်မှု(၈)မှုနဲ့ အလုပ်ကြမ်းနဲ့ထောင်ဒဏ်(၅၈)နှစ်ဆိုတဲ့ မညီမျှတဲ့ ပြစ်ဒဏ်တွေနဲ့ လူ့လောကငရဲတစ်ခုဖြစ်တဲ့ အင်းစိန်အကျဉ်းထောင်မှာ (၂)နှစ်(၆)လခန့် နေထိုင်ခဲ့စဉ်အတွင်း ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို ကျွန်တော်မှတ်မိသလောက် ရေးသားရတဲ့အကြောင်းကတော့ ထောင်အတွင်းမှာ အမှန်တကယ်ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်မှန်အကြောင်းအရာတွေကို ပြည်သူလူထုနဲ့ သက်ဆိုင်ရာအစိုးရမှ တာဝန်ရှိသူ တွေသိစေချင်တာကြောင့် ဖြစ်ပါတယ်။ ဆိုးမယ်၊ မိုက်မယ်ဆိုတဲ့ ညီငယ်တွေ အားလုံးလည်း ဒီစာအုပ်ကို ဖတ်စေချင်ပါတယ်။

ဒီစာအုပ်ထဲမှာ ရေးသားထားတာတွေအားလုံးဟာ မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်တွေဆိုတာ သိစေချင်ပါတယ်။ မြင်ခဲ့၊ ကြားခဲ့၊ ကိုယ်တိုင်ကြုံတွေ့ခဲ့တာတွေထဲက အနည်းအကျဉ်းလောက် ပြောပြချင်ပါတယ်။ ယခုထိ နေရာတော်တော်များများမှာ ရှိနေသေးပါတယ်။ ရပ်ကွက်ထဲမှာ မိုက်တဲ့ကောင်ထွက်၊ ကြိုက်တဲ့ကောင်ထွက်ဆိုပြီး မူးယစ်ရမ်းကား ဆိုးသွမ်းနေသူအများစုဟာ ထောင်ထဲရောက်သွားတာနဲ့ ရောမခေတ်က ကျွန်တွေလို(သို့) ကျွဲတွေ၊ နွားတွေလို နေ့စဉ်ဆဲဆူ၊ ကြိမ်းမောင်း၊ ရိုက်နှက်၊ ထိုးကြိတ် အမျိုးမျိုးသော နှိပ်စက်ညှင်းပန်းမှုတွေကို အချိန်တိုင်းတွေ့ကြုံခံစားရမှာကတော့ အသေအချာပါပဲ။ ထောင်တွေထက် ရဲဘက်စခန်းတွေက (၁၀)ဆပိုဆိုးပါတယ်။ မိုးလင်းမိုးချုပ် မအေ၊ နှမ၊ ငါ့မယားသားတွေဆိုတဲ့စကားကို နေ့စဉ် မကြားရတဲ့ရက်ဆိုတာ မရှိပါဘူး။ လုံးဝကိုမရှိတာပါ။

'ကိုယ်'ကထောင်ကျ၊ ရဲဘက်မှာ တိရစ္ဆာန်တွေလို ဝတ်ရမဲ့၊ စားရမဲ့၊ နှိပ်စက်ညှင်းပန်းခံရ၊ မတရားအခိုင်းခံရရုံမက အိမ်က အမေတွေ နှမတွေကို အချိန်ပြည့်လေနဲ့ စော်ကားတာခံနေရတာတွေကို မကျေနပ်ရုံကလွဲလို့ ဘာမှ ပြန်ပြောခွင့် ပြန်လုပ်ခွင့်မရှိပါဘူး။ ပြန်ပြော၊ ပြန်လုပ်မယ်ဆိုရင် အမိန့်မနာခံမှု၊ အာဏာပိုင်ကို ခုခံတိုက်ခိုက်ရန် ကြံစည်မှု၊ အလုပ်ငြင်းဆန်မှု



အုပ်ချုပ်ရေးပျက်ပြားစေရန် ကြိုးစားမှုဆိုတဲ့ အကြောင်းပြချက်မျိုးစုံနဲ့ ဒုက္ခနည်းမျိုးစုံပေးပါလိမ့်မယ်ဆိုတာ သိကြစေချင်ပါတယ်။

(၁၉၉၆)ခုနှစ် (၁၀)လပိုင်း (၄)ရက်နေ့မှာ ကျွန်တော်အဖမ်းခံရပြီး (၁၂)ရက်နေ့ အင်းစိန်ရဲစခန်းမှာ အမှုစစ်ဆေးပြီးလို့ (၁၀)လပိုင်း (၁၆)ရက်နေ့မှာ အင်းစိန်အကျဉ်းထောင်ကို ပို့လိုက်ပါတယ်။ အချုပ်ဆောင်ဖြစ်တဲ့(ခ) ထောင်တိုးချဲ့ပုံစံစခန်းမှာ (၁) ညအိပ်ပြီး နောက်နေ့ရုံးပြန်မှာ (main)ဂျေးက ထောင်မှူးကြီးဦးသိန်းမြင့် ယခုခေတ်အခေါ်(ကြီးကြပ်ရေးမှူး)က မနေ့က ငါစောစောပြန်သွားလို့ မင်းတို့အဆောင်ရောက်သွားတာ မင်းတို့မလာခင်ကတည်းက မင်းတို့အတွက်ရှင်းပြီးသားဆိုပြီး တိုက်မကြီးဖြစ်တဲ့ ကြိုးသမားတွေကို အဓိကထားရာနေရာဖြစ်တဲ့ (၂)တိုက်ကို ပို့လိုက်ပါတယ်။ (၂)တိုက်မှာ (၂)တို၊ (၂)ရှည်ဆိုပြီး (၂)ပိုင်းခွဲခြားထားပါတယ်။ (၂)တိုမှာ ကြိုးသမားတွေထားပြီး (၂)ရှည်မှာ (၅)ညတွေနဲ့ ထောင်တွင်း ပြစ်ဒဏ်ခိုက်ရန်ဖြစ်သူတွေ ထားပါတယ်။ ကျွန်တော်တို့ကိုတော့ အထက်အမိန့်အရထားတယ်လို့ ပြောပါတယ်။

ယခင်ခေတ်(အခေါ်) ထောင်မှူး၊ ယခုခေတ်(အခေါ်) ဒုကြီးကြပ်ရေးမှူး(ဦးအောင်စိုး)ကို ကျွန်တော်တို့က ညနေပိုင်း ရုံးအပြန်မှာ ဘယ်အထက်အမိန့်နဲ့ ထားတာပါလဲလို့ (main) ဂျေးမှာ မေးပါတယ်။ အထက်အမိန့်ကွာ၊ ငါလည်းမသိဘူးဆိုပြီး ထသွားပါတယ်။ ကျွန်တော်တို့ အချုပ်သားဘဝမှာပဲ တိုက်တွင်းအပိတ်ခံရပြီး အကြောင်းမဲ့ ခြေခြင်းပါ အခတ်ခံခဲ့ရပါတယ်။ ထောင်တွင်း ပြစ်ဒဏ်ကျူးလွန်ခြင်းမရှိသလို၊ ရုံးထွက်၊ ရုံးပြန်မှာလည်း ဘာပြဿနာမှ မရှိပါဘူး။ ဒါပေမဲ့ တိုက်နဲ့ ခြေခြင်းကတော့ ပိုင်ဆိုင်နေပါပြီ။ ဒါလောက်နဲ့ မပြီးသေးပါဘူး။ (၂၉. ၁၀. ၉၆)ခုနှစ်မှာပဲ ထောင်(၉)နှစ် စတင်ကျပါပြီ။ အင်းစိန်တရားရုံးက မြို့နယ်တရားသူကြီး ဦးထွန်းဖြူက စတင်စျေးဦးဖောက်လိုက်တာပါပဲ။ တိုက်ထဲကို စတင်ပို့တဲ့နေ့က ကျွန်တော်နေရမယ့် တိုက်ခန်းနံပါတ်ကို ကျွန်တော်အတွေးနဲ့ ကျွန်တော်နိမိတ်ဖတ်လိုက်ပါတယ်။ တိုက်ခန်းနံပါတ်က (၂၀)ဆိုတော့ နှစ်(၂၀)လောက်ကျပြီဆိုပြီး စိတ်ညစ်သွားတာ တကယ်တော့ ကျွန်တော်စိတ်ညစ်တာ စောသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အမှန်တကယ် ကျွန်တော်ထောင်ကျတာက အလုပ်ကြမ်းနဲ့ ထောင်ဒဏ်(၅၈)နှစ်ပါ။

တရားသူကြီးဦးထွန်းဖြူ အမိန့်စတင်ချတဲ့နေ့မှာဘဲ ပြဿနာစပါပြီ။ ကျွန်တော်တို့ကို ဖမ်းတဲ့မြောက်ပိုင်းခရိုင် ဒုစရိုက်နှိမ်နှင်းရေးအဖွဲ့အပါအဝင် အင်းစိန်ရဲစခန်းက အင်ချပ်နယ်ထိန်းနဲ့ ရုံးမှာဆုံတော့ ကျွန်တော်က ကြိမ်းမောင်းလိုက်ပါတယ်။ ငါနဲ့ မကြာခင်ပြန်တွေ့ကြမယ်လို့ ကြိမ်းလိုက်ပါတယ်။ တရားရုံးမှာ ကြုံတုန်းကြိမ်းမောင်းလိုက်တဲ့ အကျိုးကျေးဇူးကတော့ အဲဒီနေ့ ထောင်ပြန်အရောက်မှာတော့ တိုက်ခြေချင်းအပြင် ဒေါက်ပါ ခတ်ခံခဲ့ရပါတယ်။

တိုက်မှာ အုပ်ချုပ်တဲ့ထောင်မှူးကြီးက ဦးစောဇင်မြဆိုသူဖြစ်ပြီး ထောင်မှူးကတော့ ဦးငွေပေါ်ဖြစ်ပါတယ်။ ဦးစောဇင်မြက စိတ်ရင်းကောင်းပြီး နားလည်မှုရှိပေမယ့် မကြာခင်မှာပဲ အရောင်ပြောင်းသွားပါတယ်။ ကာလဒေသနဲ့ ပတ်ဝန်းကျင် စရိုက်ဆိုးတွေကြောင့် ကျွန်တော်သိခဲ့ရပါတယ်။

ထောင်မှူးကြီးဦးစောဇင်မြဟာ ကရင်လူမျိုးဖြစ်ပြီး စစ်တပ်မှ အသွင်ပြောင်းရာထူးတိုးလို့ အကျဉ်းဦးစီးဌာနမှာ အရာရှိဖြစ်လာတဲ့သူ တစ်ယောက်ပါ။ ဦးစောဇင်မြကို စတင်ဖျက်ဆီးတဲ့သူတွေက တိုက်မှာ အုပ်ချုပ်ရေးပိုင်းနေရာရထားတဲ့ အကျဉ်းသားတွေပါ။ ဘယ်လိုဖျက်ဆီးသလဲဆိုရင် ဦးစောဇင်မြရေချိုးမယ်ဆိုရင် မတ်တပ်လေးရပ်နေရုံပါ၊ အကျဉ်းသားတစ်ယောက်က ရေလောင်းပေးမယ် နောက်တစ်ယောက်က ဆပ်ပြာတိုက်ပေးမယ်၊ ဂျီးတွန်းပေးမယ်။

ဦးစောဇင်မြက ညောင်းတယ်ကွာလို့ အသံလေးပေးလိုက်ရင် ခြေထောက်ကနေ ခေါင်းအထိ မမောမပန်းနှိပ်နယ်ပေးကြပါတယ်။ ယပ်တောင်လေးတောင် ခတ်ပေးလိုက်ကြပါတယ်။

ယပ်ခတ်တာတောင် ယင်းခေတ်ကာလက ရိုးရိုးနဲ့ ရှယ်ဆိုပြီးခွဲထားပါတယ်။ ရှယ်ဆိုတာက ရှေးခေတ်က ရုပ်ရှင်ဇာတ်ကားတွေထဲကလို တရားရုံးမှာ မင်းစေက တရားသူကြီးကို ရုံးအပေါ်ထုပ်တန်းမှာ ချိတ်ထား



တဲ့ ပျဉ်ပြားယပ်တောင်ကြီးကို အဝေးကနေ ကြိုးနဲ့ဆွဲသလို ထုပ်တန်းအပြင်နေပူထဲမှာထိုင်ပြီး နာရီအတော်ကြာကြာကို လျှော့လိုက်တင်းလိုက်နဲ့ ယပ်ခတ်နေရတာကို လနဲ့ချီပြီး ကျွန်တော်မျက်စိနဲ့ မြင်ခဲ့တာပါ။

၁၉၉၈ ခုနှစ်မှာပါ အင်းစိန်ထောင်သုံးစကားပေါ်တာဆိုတာ အလုပ်မျိုးစုံကို တစ်နေ့တစ်မျိုးလုပ်နေရတဲ့ ဘာရုပ်မှမပေါက် ဘာမှမပေးနိုင်တဲ့သူမျိုးကို ပြောတာပါ။ ထောင်မှူးဦးငွေပေါ် ယခုခေတ်အခေါ် ဒုကြီးကြပ်ရေးမှူးက ငါကတော့ အကျဉ်းသားတွေကို အကျဉ်းသားလိုပဲမြင်တယ်လို့ မကြာခဏ ပြောပါတယ်။ ကျွေးရင် ကောင်းတယ်၊ မကျွေးမပေးနိုင်ရင် မကောင်းဘူးဆိုတဲ့ လူမျိုးပါ။ ဦးငွေပေါ်တိုက်မှာ အုပ်ချုပ်နေစဉ်က တစ်နေ့မှာ လန်ဒန်(၂)တောင့်၊ (၃)တောင့်ယူလာပါတယ်။ ပြီးရင် အဆောင်က အကျဉ်းသားအခန်းက လူကြီးတွေကို မဝယ်မနေရ ဈေးကြီးကြီးစနစ်နဲ့ ရောင်းပါတယ်။ အခန်းလူကြီးတွေကလည်းကြောက်တော့ ဝယ်ရပါတယ်။ မဝယ်ရင် တချိန်ချိန် ဂွင်ဆင်ပြီး ဒုက္ခပေးမှာ ကြောက်ကြလို့ပါ။ အကျဉ်းသားတွေကို ဆက်ဆံတဲ့အခါမှာလည်း အရမ်းကို ကြမ်းတမ်းမောက်မာပါတယ်။ တိုက်အတွင်းအဆောင်မှာ ရန်ဖြစ်တဲ့လူတွေ၊ ချောင်းဆိုးပျောက်ဆေးသုံးစွဲလို့မိတဲ့ သူတွေ အကျဉ်းသားချင်း စကားများရင်း ကြိမ်းဝါးတဲ့သူတွေ သံချွန်နဲ့ ထိုးတဲ့သူတွေ ထောင်တွင်းလူသတ်မှုဖြစ်တဲ့သူတွေ မျိုးစုံရောက်လာကြပါတယ်။ ဦးငွေပေါ်နဲ့တွေ့ရင် တိုက်ရုံးဘေးကွက်လပ်မှာရှိတဲ့ သစ်ပင်ကို ဖက်ခိုင်းပြီး အနောက်ကနေ အားရပါးရ စိတ်ရှိသလောက် ရိုက်တာကို မကြာခဏ မြင်တွေ့ရပါတယ်။

စိတ်ဓာတ်မာကျောပြီး ခံနိုင်ရည်ရှိသူတွေတောင် သူရိုက်ပြီးသွားရင် သစ်ပင်ခြေရင်းမှာ ပုံလဲသွားပါတယ်။ အဲဒီပုံလဲသွားတဲ့ အကျဉ်းသားကို တိုက်မှာ တာဝန်ကျတဲ့ ဝန်ထမ်းပဲဖြစ်ဖြစ်၊ တိုက်တန်းစီးတွေကပဲဖြစ်ဖြစ် လက်ကို တစ်ယောက်တစ်ဖက် စီကိုင်ပြီး တိုက်ခန်းအတွင်းကို ဒရွတ်တိုက်ဆွဲသွားကြတာ တစ်ကိုယ်လုံးစုတ်ပြတ်ပြီး မြင်လို့မကောင်းပါဘူး။ ကျွန်တော့်ရင်ထဲမှာ ဒီအကြောင်းတွေကို တစ်နေ့နေ့မှာ လူအများကိုသိအောင် လုပ်ရမယ်ဆိုတဲ့ အတွေးနဲ့ သေသေချာချာ မှတ်သားထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကို အပြစ်ဒဏ်နဲ့ ဝင်လာတဲ့ တချို့အကျဉ်းသားတွေက အရိုက်မခံနိုင်ကြပါဘူး။ ခံနိုင်ရည်ကလည်း ရှိပုံမရပါဘူး။ ထုံးစံအတိုင်း သစ်ပင်ကို ဖက်ခိုင်းပြီး ရိုက်တဲ့အခါ လက်က သစ်ပင်ကို မဖက်ဘဲ တင်ပါးကိုသာ ပွတ်နေလို့ ထောင်မှူး ဦးငွေပေါ်က အခြားအကျဉ်းသားနှစ်ယောက်ကို သစ်ပင်ရဲ့ အခြားတစ်ဖက်ကနေ လက်ကိုချုပ်ကိုင်ထားခိုင်းပြီး အားရပါးရ ရိုက်ပါတယ်။ ရုန်းကန်လို့မရတဲ့အခါ အရိုက်ခံရတဲ့သူက အသံကုန်အော်ဟစ်နေပါတယ်။ အော်ပုံကတော့ အောင်မလေး 'သေပါပြီဗျ' ကြောက်ပါပြီ ဆရာရယ်၊ နောက်မလုပ်တော့ပါဘူး' ဆိုပြီး အဆက်မပြတ်အော်နေတော့ ထောင်မှူးဦးငွေပေါ်က ဒီကောင်လူ မကြားကြားအောင် အော်နေတာဆိုပြီး သစ်ပင်က သစ်ရွက်တွေကိုခူးပြီး ပါးစပ်ထဲကို အတင်းထိုးထည့်ပြီးတော့မှ မြေကြီးပေါ်မှာ ပက်လက်လှန်ခြေထောက်နဲ့ လည်ပင်းကို နင်းပြီး တုတ်နဲ့ တစ်ကိုယ်လုံးကို စိတ်ကြိုက်ရိုက်နေတာကို စိတ်မချမ်းသာစွာနဲ့ ကြည့်နေရင်း မှတ်သားထား လိုက်ပါတယ်။ အဲ့ဒီသူကတော့ ထွန်းတော်ကီဆိုတာကို မှတ်မိနေပါတယ်။ (အရိုက်ခံရသူ) ရုံးထွက်ရုံးပြန်လာချိန်များတွင်လည်းကောင်း၊ ထောင်ဝင်စာသွားချိန် ထောင်ဝင်စာပြန်လာချိန်များတွင်လည်းကောင်း မြင်တွေ့ရသော အဖြစ်အမှန်များ ဖြစ်ပါသည်။

(၁၉၉၆)ခုနှစ် (၁၀)လပိုင်း (၄)ရက်နေ့မှာ စတင်အဖမ်းခံရပြီး (၁)ပတ်မှာ (၅)ရက်လောက် ရုံးချိန်းထွက်လို့ အင်းစိန်မြို့နယ်တရားရုံး၊ အလုံမြို့နယ်တရားရုံး၊ မရမ်းကုန်းမြို့နယ်တရားရုံးဆိုတဲ့ မြို့နယ်(၃)ခုမှာ စုစုပေါင်း ပြစ်ဒဏ်(၅၁)နှစ်ဆိုတဲ့ အမိန့်ချမှတ်ခံရပြီးနောက် မင်္ဂလာဒုံမြို့နယ်တရားရုံးမှာ နောက်မှုကျန်ရှိနေသေးတဲ့အတွက် ထောင်ပြောင်းမသွားရသေးဘဲ တိုက်ထဲမှာ ဆက်လက်နေထိုင် နေရပါတယ်။

၁၉၉၇ခုနှစ် (၃)လပိုင်းထဲမှာ (၆)လအတွင်း အမှု(၇)မှုပြီးပြတ်သွားပြီဖြစ်တဲ့အတွက် တိုက်ထဲမှာ ငွေပေးပြီး လုပ်ငန်းတစ်ခုခုနဲ့ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ရအောင် စီစဉ်ဖန်တီးရမှာပါ။ ဒါမှ ချက်ပြုတ်စား သောက်လျှော်ဖွတ်၊ ရေအဝချိုးလို့ရမှာပါ၊ ထောင်မှူးကြီးဦးသိန်းမြင့်အိမ်ကို ကျွန်တော်အိမ်က သွားရောက်ဆွေးနွေးရပါတယ်။ ဖြစ်နိုင်ရင် တိုက်ဖွင့်ပြီး



အဆောင်မှာ နေထိုင်ဖို့အတွက်ပါ ဦးသိန်းမြင့်က အရိုးလွတ်စားချင်တဲ့သူပါ၊ ကျွန်တော်တို့လို နာမည်ကြီးတွေကို တိုက်ဖွင့်ပေးဖို့ တာဝန်မယူရဲဘူး။ ဒါကြောင့် တိုက်ထဲမှာဘဲ အဆင်ပြေအောင် လှုပ်ရှားရမှာပါ။ ထောင်ဒဏ်(၅၁)နှစ်ကျခံရပြီး နောက်မှုရှိကာထောင်နေသားလပိုင်းသာရှိသေးတဲ့အတွက် တိုက်ထဲမှာ လိုင်းဝင်လို့မရသေးပါ။ ဒါကြောင့် လောလောဆယ် ဒီအတိုင်းပဲ ဆက်နေရဦးမှာပါ၊ ဒီလိုနဲ့ပဲ တိုက်ခန်းအတွင်းမှာ တစ်ခန်းထဲ(တစ်တိုက်ထဲ) အတူနေသူတွေနဲ့ ညဘက်ကို သီချင်းတွေဆိုကြ၊ အပြင်လောကမှာ နေထိုင်လုပ်ကိုင်ကြတာတွေကို သူ့အကြောင်း၊ ကိုယ့်အကြောင်း အပြန်အလှန် ပြောကြ၊ နေ့ခင်းပိုင်းတွေဆိုရင် ချက်စ်စာအုပ်ထဲကအတိုင်း ရွှံ့ချက်စ် အရုပ်လေးတွေ၊ စက္ကူချက်စ်ရုပ်လေးတွေနဲ့ တစ်ခန်းနဲ့ တစ်ခန်း လှမ်းပြောပြီး ချက်စ်ထိုးကြ၊ ကျားထိုးကြ၊ သိုင်းဝတ္ထုအကြောင်း ပြောကြ ရုပ်ရှင်အကြောင်းပြောကြရင်း အချိန်တွေကို အမှတ်တမဲ့ ကုန်ဆုံးအောင် နည်းမျိုးစုံနဲ့ ဖြတ်သန်းကြပါတယ်။ ဒီလိုနဲ့ (၂)တိုက်ထဲမှာ နေလာခဲ့တဲ့ အချိန်က အမှတ်တရလေးတွေကို သတိရမိတဲ့အထဲမှာ အခြောက်တွေ အကြောင်းလည်းပြောပါတယ်။ တိုက်ထဲမှာ နံနက်ပိုင်းတန်း ဖွင့်သံချောင်းခေါက်ပြီး အခန်းစေ့မိလ္လာချပြီးရင် အခန်း(၃)ခန်းကို တစ်ကြိမ်ပေါင်းပြီး ရေချိုးချပေးပါတယ်။ အင်းစိန်ထောင်(၂)တိုက်မှာ အခန်းပေါင်း(၆၀) ရှိတဲ့အနက် (၂)တို အခန်း(၂၀)က ကြိုးသမားတွေပါ။ (၂)ရှည် အခန်း(၄၀)က နိုင်ငံရေးသမားတွေ တိုက်တွင်းပြစ်ဒဏ်နဲ့ ဝင်လာတဲ့သူတွေ နာမည်ကြီးတွေ၊ အခြောက်တွေရောထားတဲ့ အချိန်ကာလကပါ။

(၁၉၉၆)ခုနှစ်မှ (၁၉၉၉)ထိ ကျွန်တော်နေခဲ့တဲ့ အချိန်ကပါ၊ ကျွန်တော့်အမှုတွဲက အခြောက်တစ်ယောက်နဲ့ ကြိုက်နေပါတယ်။ ဒလမြို့နယ်ထဲက အလှပြင်ဆိုင်မှာ လူသတ်မှုဖြစ်ပြီး ထောင်ကျနေတဲ့ စောနောင်ဆိုတဲ့ အခြောက်ပါ။ စောနောင်အမှုတွဲက မာဂရက်ဆိုတဲ့ အခြောက်ပါ၊ နံနက်ပိုင်း မိလ္လာချချိန်တို့ ရေချိုးချိန်တို့မှာ မိလ္လာချချိန်ဆိုရင် တစ်ခန်းထဲ အတူနေသူက မိလ္လာခွက်တွေဆေးကြောနေချိန်မှာ တချို့သောသူတွေက အခြောက်တွေ အခန်းဖက်ကို သွားလို့ရည်းစားစကားပြောကြ အီစီကလီလုပ်ကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရေချိုးချချိန်ဆိုရင် ရေမချိုးမီဖြစ်စေ၊ ရေချိုးပြီးပြန်လာချိန်ဖြစ်စေ သကောင့်သားအချို့က အခန်းပြန်မပိတ်မီ အမြန်ဆုံးအဝတ်လဲလို့ အခြောက်တွေရှိရာ အခန်းဖက်ကို သုတ်ခြေတင်ပြီး သူချစ်တဲ့ အခြောက်လေးနဲ့ (၁)ကစ် (၂)ကစ်ပေးပြီး သံတိုင်အတွင်းအပြင်လက်ထည့်၊ လက်ထုတ်လို့ ဖက်ထားပြီး သူ့ထက်ငါ တော်ကီပစ်ရင်း အလွမ်းသယ်နေကြပါတယ်၊ ကျွန်တော့်ကိုလည်း အခြောက်နှစ်ယောက်က ပြိုင်တူကြိုက်နေကြပါတယ်။ ကျွန်တော်ကတော့ ဘယ်သူ့ကိုမှ မကြိုက်ပါဘူး။ မီးမီးဆိုတဲ့ အခြောက်က ကျွန်တော်သူ့ကို ဘာမှမလုပ်လို့ စိတ်ဆိုးသလို စန်းယုအောင်ဆိုတဲ့ လှိုင်သာယာမှာနေတဲ့ အခြောက်ကလည်း ထောင်ဝင်စာလာရင် ထောင်ဝင်စာထုပ်ကို ကျွန်တော်မသိချိန်တွေမှာ ကျွန်တော့အခန်းထဲကို တစ်နည်းနည်းနဲ့ ရောက်အောင် ပို့ထားတတ်ပါတယ်။ ကြည့်ရတာ သူ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြတဲ့ သဘောထင်ပါတယ်။ ကျွန်တော် သူ့ ထောင်ဝင်စာထုပ်ကို ပြန်ပြန်ပေးလိုက်ပါတယ်။ ကျွန်တော်က အင်းစိန်သားတစ်ယောက်ဖြစ်သလို ထောင်ကျခါစဆိုတော့ စားဝတ်နေရေးပြည့်စုံအောင် အိမ်က ပို့ပေးထားလို့ပါ။ (၂)တိုက်ထဲမှာရှိတဲ့ အခြောက်တွေ အကုန်ရည်းစားကိုယ်စီ ရှိကြပါတယ်။ တစ်ယောက် ထောင်ဝင်စာလာရင် တစ်ယောက်ကို ပို့သလို၊ နောက်တစ်ယောက်က ထောင်ဝင်စာလာရင်လည်း ပြန်ပို့ပေးပါတယ်။ အိမ်ကအမေတွေ မိန်းမတွေက စားကောင်းသောက်ဖွယ်လေးတွေကို စားစေချင်လို့ တကူးတက ထည့်ပေးလိုက်တာကို တိုက်ထဲက အတွဲတွေက အိမ်ကပို့လိုက်တဲ့ အကောင်းဆုံးဆိုတဲ့ စားစရာတွေကို သူ့ချစ်သူအတွက် သူအငတ်ခံပြီး ပေးလိုက်ပါ တယ်ခင်ဗျာ။

ဒီလိုအဖြစ်အပျက်မျိုးစုံတွေကို တွေ့ကြုံခံစားရင်း (၂)တိုက်အတွင်းမှာ ရှိနေချိန်မှာ ဘယ်လိုအကြောင်းကြောင့်ဆိုတာ မသိရဘဲ အမှတ်(၂)တိုက်မှ အမှတ်(၄)တိုက်ကို ကျွန်တော်တို့ကို ပြောင်းရွှေ့လိုက်ပါတယ်၊ ကျွန်တော်နှင့် အမှုတွဲဖြစ်သူမှာ (၄)ရှည်တွင် (၂)ဦးထဲ တစ်ပတ်ခန့် တစ်ခန်းစီနေထိုင်ခဲ့ရပါတယ်။ ထို့နောက် (၃)တိုက်သို့ ဆက်လက်ပြောင်းရွှေ့ရပြန်ပါတယ်။



အမှတ်(၃)တိုက်ထဲတွင်နေထိုင်စဉ် (၁)လခန့်အကြာတွင် နိုင်ငံတော်လာသည်ဟု အသံကြားရပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရသည် ဘယ်လိုရသည်ဆိုသည်ကို မသိရပါ။ ထို့ကြောင့် (၃)တိုက်အတွင်း လမ်းလျှောက်နေစဉ် ထောင်မှူးဦးငွေပေါ် ဖြတ်သွားသည်ကိုတွေ့သဖြင့် နှုတ်ဆက်လို့ လှမ်းခေါ်ရင်း လွတ်ငြိမ်းချမ်းသာခွင့်အကြောင်း မေးသည်တွင် ဦးငွေပေါ်က မင်းတို့နဲ့ ဘာမှမဆိုင်ဘူးဆိုသော စကားကို ခံစားချက်မဲ့ ပြောဆိုထွက်ခွာသွားသည်ကို အသံတိတ် တောက်ခေါက်ရင်း ရင်ထဲမှာ ကြေကွဲနာကျင်ခံစားခဲ့ဖူးပါသည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး (၁၄)ရက်ခန့်အကြာတွင် တိုက်ထောင်မှူးကြီး ဦးစောဇင်မြကခေါ်ယူတွေ့ဆုံ၍ တိုက်ရုံးခန်းတွင် နေထိုင်လုပ်ကိုင်ရန်တာဝန်ပေးခဲ့ပါသည်။ ထိုသို့ မမျှော်လင့်သော အချိန်တွင် မထင်မှတ်သောလွတ်လပ်မှုကို တိုက်ထောင်မှူးကြီး ဦးစောဇင်မြက ကျွန်တော့်အား ကူညီစောင့်ရှောက်ပေးခဲ့ဖူးပါသည်။ (ပိုက်ဆံလုံးဝ/လုံးဝမတောင်းပါ)။ထိုသို့သော လွတ်လပ်မှုရရှိခဲ့သောကြောင့် ယခုကဲ့သို့ အင်းစိန်ထောင်တိုက်အကြောင်း ကောင်းစွာရေးသားနိုင်ခြင်း ဖြစ်ပါသည်။

တစ်နေ့ရုံးထဲမှာ ဦးစောဇင်မြက အဆောင်က တစ်ကောင်ရောက်လာလိမ့်မယ်လို့ပြောပြီး ရိုက်ဖို့စောင့်နေပါတယ်။ ကျွန်တော်လည်း ဘယ်သူများ ဖြစ်မလဲဆိုပြီး စောင့်ကြည့်နေပါတယ်။ မကြာခင် တိုက်တံခါးဖွင့်ပေးဖို့ ပြောတာနဲ့ သွားဖွင့်ပေးလိုက်တဲ့အခါ ဝန်ထမ်းနဲ့အတူ ကျွန်တော်နဲ့ရင်းနှီးတဲ့ ဇေယျာဆိုသူ ဝင်လာပါတယ်။ ကျွန်တော်ဘယ်လိုကူညီရမလဲ စဉ်းစားလိုက်ပြီး ဇေယျာကို ဆူပောက်လိုက်ပါတယ်။

ကျွန်တော့်သူငယ်ချင်း လူဟောင်းတစ်ယောက်ပါလို့ ပြောတာနဲ့ ဦးစောဇင်မြက ကျွန်တော့ကို စိုက်ကြည့်ပြီး ထထွက်သွားပါတယ်။ ကျွန်တော်လည်း ဇေယျာကို အမြန်တိုက်ထဲပို့လိုက်ပါတယ်။ တိုက်ခန်းထဲကို ရောက်သွားရင် လောလောဆယ်တော့(ဝင်ကြေး)လို့ဆိုတဲ့ အရိုက်ခံရမဲ့ ဒုက္ခကလွတ်သွားတာပေါ့။ ဦးစောဇင်မြကတော့ ကျွန်တော့်ကို စိတ်ကွက်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၈ခုနှစ်ထဲမှာဘဲ အင်းစိန်ထောင်မှာ ငရဲခန်း ပြန်လည်ဖွင့်လိုက်ပါပြီ။ အရင်လိုတိုက်ဝင်ကြေး၊ ထွက်ကြေးဆိုတဲ့ အဝင်မှာ တစ်ခါရိုက်၊ အထွက်မှာ တစ်ခါရိုက် ဆိုတာလောက်နဲ့ မရတော့ပါဘူး။ ပြဿနာအမျိုးမျိုးနဲ့ တိုက်တွင်းရောက်သူတွေကို (၄၈)နာရီ ကော်ကြွေးပါတယ်။ ထမင်းနှစ်ရက်မကျွေးဘူးပေါ့။ ကော်ဆိုတာက လုံးတီးဆန်တွေကို ပျော့ပြဲပြီး အရည်ပျော်သွားအောင် ကြိုပြုတ်လိုက်တာပါ။ ဆားကလည်း ငန်တူးနေတာပါပဲ။ တိုက်ရုံးဘေးမှာ ကော်စားရမဲ့သူတွေကိုတန်းစီပြီး ကော်ဇွန်း တစ်ယောက်တစ်ချောင်းကိုင်ထားရပါတယ်။ ဖိုက ကော်ပုံးလာတာနဲ့ ပုံစံပန်းကန်ထဲကို ပန်းကန်ပြားအပြည့် ကော်တွေထည့်လိုက်ပါတယ်။ အားလုံးထည့်ပြီးတာနဲ့ ဝန်ထမ်းက (၅)မိနစ်အတွင်း မင်းတို့ကုန်အောင်စားရမယ် (စား)ဆိုတာနဲ့ စစားရပါပြီ။ ပူလောင် ငန်တူးနေတဲ့ ဒီကော်တွေကို အမြန်ဆုံးစားကြရပါတယ်။ တန်းစီကျောပေးထားတဲ့ အကျဉ်းသားတွေရဲ့ နောက်မှာ ဝန်ထမ်းများက တုတ်ကိုင်ပြီး လိုက်လံကြည့်နေပါတယ်။ ကျွန်တော်ဘာကူညီနိုင်မလဲ စဉ်းစားကြည့်လိုက်ပြီး အနီးနားမှာရှိတဲ့ သစ်ပင်ခြေရင်းမှ သဲပုံဆီ မျက်စိရောက်သွားပါတယ်။ သစ်ပင်ဘေးသွားပြီး သဲတွေကို ခြေထောက်နဲ့ ယက်လိုက်ပါတယ်။ ချိုင့်ကလေးဖြစ်သွားပါတယ်။ အနီးနားမှာ ရှိတဲ့သူတွေဆီက ပန်းကန်ပြားကို ဆွဲယူပြီး ကော်တွေကို ချိုင့်ထဲကို သွန်ချလိုက်ပါတယ်။ ကျွန်တော်နှစ်ဦး၊ သုံးဦးလောက်ပဲ ကူညီလိုက်နိုင်ပါတယ်။

ကျွန်တော့်လုပ်ရပ်ကို ဝန်ထမ်းတွေက တွေ့သွားရင် ကျွန်တော်ဒုက္ခအများကြီး ရောက်သွားနိုင်ပါတယ်။ အချိန်စေ့လို ကော်မကုန်သေးတဲ့သူတွေကို ဝန်ထမ်းတွေက ရိုက်ပါတယ်။ ဒါဟာနေ့စဉ်နီးပါး ကြုံတွေ့နေရတဲ့ ဒုက္ခအစိတ်အပိုင်းတစ်ခုပါ။ တိုက်ထဲကို ပြစ်ဒဏ်နဲ့ ရောက်လာသူတွေဟာ အနည်းဆုံး(၁၄)ရက်ကနေ (၃)လ (၆)လအထိ ကြာတတ်ပါတယ်။ တိုက်မှာ လူတွေ အရမ်းများပြီး ကြာနေပြီဆိုမှ တိုက်ခါပါတယ်။ တိုက်ခါတယ်ဆိုတာ တိုက်ထဲကို ပြစ်ဒဏ်နဲ့ ဝင်လာပြီး လချီကြာနေသူတွေကို တိုက်ဖွင့်ပြီး အဆောင်ကို ပြန်ပို့လိုက်တာကို ပြောတာပါ။ ငရဲခန်းဖွင့်ချိန်ကတော့ နံနက်(၈)နာရီလောက်ထင်ပါတယ်။ တိုက်ထဲက ပြစ်ဒဏ်သမား



တွေကို တိုက်ရုံးဘေးတွေက ကွက်လပ်ထဲမှာ တန်းစီမတ်တက်ရပ် ခိုင်းထားပါတယ်။ လူအင်အား(၂၅) ယောက်မှ(၃၀) ဝန်းကျင်လောက်တော့ ရှိတတ်ပါတယ်။

ပုံစံကြီးဆိုတာ ခြေဖျားထောက်၊ ဒူးကွေး၊ ခါးကိုချိုး၊ ဇက်ပေါ်ကို လက်နှစ်ဖက်ယှက်တင်ပြီး မျက်နှာကို မော့လို့ ရှေ့တည့်တည့်ကို ကြည့်နေရပါတယ်။ ပုံစံလို့ အော်လိုက်တာနဲ့ ရှေ့ကို ခွေးတစ်ကောင်လို ဝုန်းကနဲ လှဲချရပါတယ်။ (၄၅)မိနစ်လုံးလုံး ပုံစံကြီးကို အော်ဟစ်အမိန့်ပေးနေတော့ လူတိုင်းရဲ့နဖူး၊ နှာခေါင်း၊ ပါးစပ်၊ လက်ဖဝါး တံတောင်ဆစ်၊ ဒူးခေါင်း၊ ခြေဖျားတွေဟာ စုတ်ပြတ်နေပါတယ်။ ထိုပုံစံကြီးကို တစ်နေ့(၂)ကြိမ်တောင် မောင်းပါတယ်။ မနက်ပိုင်း(၄၅)မိနစ် ညနေပိုင်း(၄၅)မိနစ်ပါ။ ပုံစံမောင်းနေစဉ် အချိန်အတောအတွင်းမှာ ထောင်မှူးကြီး(သို့) ထောင်မှူးတယောက်က ထိုင်ခုံပေါ်ကနေ အစားစားသောက်ရင်း ဝေဖန်အပြစ်ရှာနေတတ်ပါတယ်။

ထောင်မှူးကြီး(ထောင်မှူး) တစ်ယောက်ယောက်ကို အဆောင်၌နေစဉ် ပိုက်ဆံပေးထားသူ(သို့) တိုက်ဝင်းရောက်ချိန်တွင် ပိုက်ဆံကို ဗိုက်ထဲသို့ မြိုချပြီးယူလာ၍ မစင်စွန့်ချိန်တွင် ထုတ်ယူ ဆေးကြော၍ ထောင်မှူးတပည့်တစ်ယောက်မှတစ်ဆင့် ထောင်မှူး(သို့)ထောင်မှူးကြီးကို ပေးထားသူသည် ပုံစံမောင်းရန် တန်းစီချိန်၌ နောက်တန်းတွင်စီခိုင်းထားပြီး အရိုက်မခံရဘဲ ရှေ့ဘက်တွင် တန်းစီရသောသူများမှာ အရိုက်ခံရမည့်သူများဆိုသည်ကို ဘေးကရပ်ကြည့်နေသော ကျွန်တော်တို့ သိနေပါတယ်။ ထောင်လောကထုံးစံက အခုလိုဖြစ်နေသည့်အတွက် ငွေနဲ့ရင်းမလား၊ လူနဲ့ရင်းရမလားဆိုတဲ့အတိုင်း ငွေနဲ့ရင်းတာက တစ်မျိုးပဲရှိပေမယ့် လူနဲ့ရင်းတာက နှစ်မျိုးရှိတယ်ဆိုတာ ထောင်ထဲ၌ (၆)လ၊ (၁)နှစ်နေခဲ့ဖူးသူတိုင်း သိကြပါတယ်။ အခုအချိန်အထိ ထောင်တွင် ရဲဘက်တွေမှာ ဒါတွေရှိနေပါသေးတယ်။ အင်းစိန်ထောင်နဲ့ ပတ်သက်ပြီး (၁၉၉၇)ခုနှစ်မှာ ကျွန်တော့်ကို နောက်အမှုမှန်နဲ့ ရုံးချိန်းထုတ်နေတုန်းမှာ တွေ့မြင်ရတဲ့မြင်ကွင်းတွေထဲကမှ မကြာခဏ အမှတ်ရမိတဲ့ မြင်ကွင်းတချို့ကိုပြောပြပါမည်။ တစ်နေ့ ညနေပိုင်း ရုံးချိန်းမှ

www.burmeseclassic.com

www.burmeseclassic.com



အပြန် မိန်းဂျေးကင်းမျှော်စင်အောက်က အခန်းထဲမှာ အကျဉ်းသားတစ်ယောက်ကို ဒေါက်ခြေချင်းခတ်ပြီး အဲဒီခြေထောက်ကို ခြောက်ပေါက်ထဲထည့်ထားတာကို တွေ့မြင်ရပါတယ်။ လက်များကို နောက်ပြန်လက်ထိပ်ခတ်ထားပြီး မျက်နှာကို ခေါင်းစွပ်နဲ့စွပ်ထားတာကို မြင်ရပါတယ်။ ဒါကြောင့် ဘယ်သူဘယ်ဝါလို့ မသိပြားသော်လည်း ထိုသူ၏ လည်ပင်းကို ခြေထောက်နဲ့ နင်းပြီး မော်တာကြိုးဖြင့် တစ်ကိုယ်လုံးကို ရိုက်နေသည့်သူက တပ်ကြပ်ကြီးမောင်ပြုံးဆိုသူဖြစ်ကြောင်း ကျွန်တော်မြင်တွေ့ခဲ့ရတယ်။ မောင်ပြုံးဆိုသူမှာ တစ်ချိန်က အင်းစိန်တစ်ထောင်လုံးက အကျဉ်းသားတွေသိကြတဲ့ နာမည်ကြီးတဲ့သူတစ်ယောက်ပါ။ အကျဉ်းဦးစီးဌာနမှ အရာရှိ အရာခံ၊ အကြပ် တပ်သားတွေထဲမှ အများစုသုံးပုံပုံရင် နှစ်ပုံဟာ အကျဉ်းသားတွေကို နှိပ်စက်ညှင်းပန်း၊ မတရားလုပ်၊ အနိုင်ကျင့်မှုတွေဟာ ယနေ့တိုင် ကြားမြင်တွေ့နေရပါသည်။ အချုပ်ဆောင်ထောင်မှူး ဦးစိုးလှိုင်က အများမမြင်စေရန် တိုက်တွင်းလာရောက်၍ ရိုက်နှက်နှိပ်စက်သည်။ နောက်ထပ်မ[illegible]စရာတစ်ခုက မီးစက်ဟောင်းတွေထားတဲ့နေရာ ဗန်ဒါပင်အောက်မှာ တစ်နေ့ခုံတန်းရှည်တစ်ခုပေါ်မှာ အကျဉ်းသားတစ်ယောက်ကို မှောက်လျက်ထားပြီး ခုံရဲ့ဘယ်ညာကနေ လက်နှစ်ဖက်ကို အောက်မှာ ချခိုင်းထားပြီး လက်ထိပ်ခတ်ထားတာကို ထောင်မှူး ဦးစိုးလှိုင်၊ ယခုခေတ်အခေါ်အရ ဒုကြီးကြပ်ရေးမှူးက ခွေးခြေတစ်ခုပေါ်မှထိုင်ပြီး နောက်ခုံတစ်ခုပေါ်တွင် ဆားခွက်ကလေးတစ်ခုတင်ထားပြီး လက်သန်းလုံးခန့်ရှိတဲ့ ကြက်ဥကြိမ်တုတ်တစ်ချောင်းနဲ့ အဲ့ဒီအကျဉ်းသားကို (၅)ချက် လောက်ရိုက်လိုက်၊ (၁၀)ချက်လောက်ရိုက်လိုက် ဆားလေးပတ်လိုက်နဲ့ပေ့ါ။ ဘာဖြစ်တာလဲလို့ စုံစမ်းကြည့်လိုက်တော့ ချောင်းဆိုးပျောက်ဆေး အလုံး(၃၀၀)လောက်ကို မိလို့ရိုက်နှက်စစ်ဆေးနေတယ်ဆိုတာ သိရပါတယ်။

ဘာမဟုတ်တဲ့ ပြဿနာသေးသေးလေးကို ပုံကြီးချဲ့ပြီး ကိုယ့်နိုင်ငံသား၊ ကိုယ့် လူမျိုး၊ ဗုဒ္ဓဘာသာဝင်အချင်းချင်းမတရား နှိပ်စက်ညှင်းပန်းနေတာကို မမြင်ရက်တော့လို့ အခြားနေရာကို ရှောင်ထွက်ခဲ့ရပါတယ်။ အဲ့ဒီအဖြစ်အပျက်မြင်ကွင်းဟာ ကျွန်တော်သေမှပဲ အမြင်အာရုံစိတ်အစဉ်ထဲမှာ



ပျောက်ကွယ်သွားနိုင်တော့မှာပါ။ အသက်ရှင်နေသရွေ့ အမှတ်ရနေမှာပါ။ ကျွန်တော်အဖမ်းခံရပြီး (၆)လခန့်အကြာမှာ ထောင်ဒဏ်(၅၁)နှစ်ကျခံနေရသူဖြစ်သော်လည်း နောက်အမှုရှိနေသေးတဲ့အတွက် ထောင်မပြောင်းသေးပဲ (၂)တိုက်မှာ ရှိနေချိန် ထောင်ပိုင်ဦးရွှေကျော် မကြာခဏ လာတတ်ပါတယ်။ ရောက်လာတဲ့အချိန်တိုင်း ကျွန်တော်တို့ကို ကြည့်ပြီး ဒီကောင်တွေကို အမြန်ဆုံးရဲဘက်ကိုပို့ အဝေးဆုံးကိုပို့ဆိုပြီး အမြဲပြောလေ့ရှိတယ်။ သူ့ဘေးက ဒုထောင်ပိုင်ဦးလူလှကတော့ သဘောပေါက်ပါတယ်။ ရဲဘက်ဆိုတာအဲဒီခေတ်မှာ ထောင်ဒဏ်(၁၅)နှစ်ကျော်ရင် ရဲဘက်မပို့ဘူး။ နောက်အမှုတွေ ရှိနေရင်လည်း ရဲဘက်ပို့လို့မရဘူး။ ဦးရွှေကျော်က အဲ့ဒီလိုပြောရင် ကျွန်တော်တို့က ရယ်နေကြတယ်။

ဒီလူဘာမှ မသိဘဲပြောနေတယ်ဆိုတာ အားလုံးသဘောပေါက်နေတဲ့အတွက် ဟာသတစ်ခုလို ဖြစ်နေပါတယ်။ ဦးရွှေကျော်က တပ်ကပြောင်းလာတာကြောင့် ထောင်အကြောင်း ဘာမှမသိနားလည်တဲ့သူကို ထောင်ပိုင်ခန့်ထားတဲ့အတွက် ဦးလူလှလို ထောင်သမ္မာကြီးလည်း ဖိလင်တက်နေမယ်ဆိုတာ ကျွန်တော်တို့လို အကျဉ်းသားတွေ တောင်သိကြပါတယ်။ မကြာပါဘူး ဦးရွှေကျော် ညွှန်မှူးဖြစ်သွားပြီး ဦးလူလှလည်း အင်းစိန်ထောင်ပိုင်ဖြစ်လာပါတယ်။ main jail မှာ ကျွန်တော်တို့ ထောင်ရောက်စချိန်တွင် (၂)ပွင့်နဲ့ အင်းစိန်ထောင်မိန်းဂျေးမှာ ဦးစီးအရာရှိတာဝန်ထမ်းဆောင်နေတဲ့ ဦးသိန်းမြင့်ဆိုသူဟာ ဝန်ကြီးက တိုက်ရိုက်ခန့်လိုက်တဲ့ အထူးအရာရှိလို့ ကြားသိရပါတယ်။ အဲဒီအချိန်မှာ ပြည်ထဲရေးဝန်ကြီးက ဗိုလ်ချုပ်မြသင်းပါ။ ဝန်ကြီးခန့်ထားတဲ့ အထူးအရာရှိက တကယ်တော်တယ်ဗျာ။ ဘောက်ချာစုတ်တာကို ပြောတာပါ။ အင်းစိန်ထောင်ဗန်းစကားအရ ဘောက်ချာဆိုတာ ငွေပေးပြီး တချို့ အလုပ်မလုပ်၊ တချို့ငွေပေးပြီး အဆောင်တွေ မိန်းဂျေးတွေမှာ လူပါးသွားလာ မူးယစ်သောက်စား၊ ထောင်ဝင်စာ အထုပ်တွေကို နှိုက်စားနေတဲ့ကောင်တွေကို ပြောတာပါ။ အဲဒီအချိန် အင်းစိန်ထောင်မှာ မူးယစ်ဆေးဝါးလည်း ရုံးပြန်တွေဆီက နေ့တိုင်းနီးပါးရတော့ ငွေတတ်နိုင်တဲ့ဘောက်ချာတွေက ဝယ်ယူသုံးစွဲနေကြတာပေါ့။ ဦးသိန်းမြင့်ကို ငွေပေးပြီး မိန်းဂျေး

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းထိန်းအဖြစ် လုပ်ပါးဝနေတဲ့ဘောက်ချာတွေ အမူးလွန်လို့ ဦးသိန်းမြ သိသွားရင် အဲ့ဒီဘောက်ချာကို အဆောင်ထဲ ပြန်ထည့်လိုက်ပါတယ်။ မိန်းဂျေးမှာ တစ်နေကုန်သွားလာနေရတဲ့ လွတ်လပ်ခွင့်လေးပိတ်သွားတော့ ဘောက်ချာက အိမ်က ထောင်ဝင်စာလာချိန်မှာ အမှားတစ်ဝက် အမှန်တစ် ဝက်တွေပြောပြီး နောက်ထပ် ဦးသိန်းမြင့်အိမ်ကို ဒုတိယအကြိမ် ဘောက် ချာသွားစုတ်ရပါတယ်။ နောက်နေ့ဆိုရင် ဦးသိန်းမြင့်က ဘောက်ချာကို ခေါ်ပြီး မင်းကောင်းကောင်းမွန်မွန်နေဆိုပြီး မိန်းဂျေးမှာ နေရာပြန်ပေးပါ တယ်။ အင်းစိန်ထောင် မိန်းဂျေးစည်း ကမ်းရာထူးဟာ အကျဉ်းသားတွေ အတွက် မက်မောလောက်စရာ နေရာတစ်ခုပါ။ ဦးသိန်းမြင့်ရဲ့ ဘောက်ချာ အားလုံးနီးပါးဟာ (၂)ကြိမ်၊ (၃)ကြိမ်လောက်တော့ ဘောက်ချာစုတ်ထားတဲ့ သူများဖြစ်တယ်ဆိုတာ အဲဒီချိန်က အင်းစိန်တစ်ထောင်လုံးသိကြပါတယ်။ ဦးသိန်းမြင့်က အကျဉ်းသားတွေအပေါ်မှာသာ အနိုင်ကျင့်၊ နှိပ်စက်ညှင်း ပန်းပြီး ငွေရှာတာ ထောက်လှမ်းရေးက အရာခံဗိုလ်တစ်ယောက်နဲ့ သူမိန်း ဂျေးရုံးခန်းတိုက်နံဘေးက သွပ်ပြားကာထားတဲ့နေရာမှာ သွပ်ပြားကာထား တယ်ဆိုပြီး ထိုအရာခံဗိုလ်ကို မျက်နှာချိုချို၊ အသံအနေအထားပျော့ပျော့နဲ့ သူကမှန်မှန်ကန်ကန်၊ မှူမှူတတ အုပ်ချုပ်နေပါကြောင်း၊ မဟုတ်မတရားတာ မလုပ်ပါကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေတာကို ကျွန်တော်က တိုက်ဝင်းအတွင်း သွပ်ပြားနောက်မှ ချောင်းပြီး နားထောင်နေသူဖြစ်၍ ယခုကဲ့သို့ တိတိကျကျ ပြန်ပြောနိုင်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်အင်းစိန်ထောင်တိုက်မှာ (၂)နှစ် (၆)လခန့်နေထိုင်ခဲ့စဉ် အတွင်းမှာ နိုင်ငံရေးသမားတွေ၊ အဖွဲ့အစည်းမျိုးစုံမှ သူတွေ၊ လူဆိုး၊ လူမိုက်၊ အမျိုးမျိုးသောသူတွေကို တွေ့ကြုံသိကျွမ်းခဲ့ပါတယ်။

ရွှေသံစဉ်တီးဝိုင်းက ကိုဝင်းမော်၊ ကိုဝင်းဇော်၊ ကိုဝင်းတင့်တို့နဲ့ တိုက်(၂) မှာ ဘေးချင်းကပ်လျက် နေဖူးခဲ့သလို ကိုခွန်စိုင်းနဲ့လည်း (၄)ရှည်မှာ တစ်ခန်းတည်းလချီပြီး အတူတူနေခဲ့ဖူးပါတယ်။ ကွန်ပျူတာ ဦးမြင့်ဆွေနဲ့ လည်း မကြာခဏစကားသွားပြောဖူးသလို ဦးချိုအောင်သန်းနဲ့လည်း ရင်းနှီးမှု အနည်းငယ်ရှိပါတယ်။ မရမ်းကုန်းမြို့နယ် ဆိုင်းဘုတ်တင်ပွဲမှာ အဖမ်းခံခဲ့ရတဲ့ ဦးသန်းငြိမ်းကိုလည်း ကူညီဖူးပါတယ်။ ဦးခင်ညွှန့်ရဲ့



ယောက်ဖဖြစ်သူ ဒေါက်တာသန်းညိမ်းတို့အဖွဲ့ဟာ တော်တော်လေးနှိပ် ကွပ်ခံရတာကို မြင်တွေ့ခဲ့ရပါတယ်။ ဦးငြိမ်းတို့အုပ်စု ရောက်လာတဲ့အခါ တိုက်(၂)မှာ လူမမြင်ရအောင် တိုက်တံခါးကို သွပ်ပြားနဲ့ အလုံပိတ်ပြီး ကာထားတာကို တွေ့ရပါတယ်။ ထောင်ဝင်စာမရှိ၊ ပါဆယ်မရှိသလို တိုက် အတွင်းက အခြားနိုင်ငံရေးသမားတွေနဲ့ မဆက်သွယ်မကူညီနိုင်အောင် တံခါးတွေကို အလုံပိတ်ပြီး နေ့ညအချိန်ပြည့် ဝန်ထမ်းအကျဉ်းသား အုပ်ချုပ် သူတွေနဲ့ စောင့်ကြည့်နေပါတယ်။

နိုင်ငံရေးသမားတွေအားလုံးဟာ အလွန်စည်းရုံးကြတာကို မြင်တွေ့ခဲ့ရ ပါတယ်။ တစ်ယောက်ယောက် ထောင်ဝင်စာလာရင် စားသောက်စရာတွေကို အထုပ်လေးတွေထုပ်ပြီး အခန်းစေ့ လူကုန်ဝေငှခွဲခြမ်းပြီး စားသောက်ကြ ပါတယ်။ ကျန်းမာရေး မကောင်းရင်လည်း ဆေးတွေဝိုင်းပြီး ပေးကြပါတယ်။ ထောင်ဝင်စာမလာနိုင်တဲ့သူတွေ မျက်နှာငယ်ရတဲ့ အဖြစ်မျိုးကို ပြုမူပြော ဆိုမှုမလုပ်ကြပါဘူး။ အရမ်းအားကျစရာကောင်းတဲ့ စည်းလုံးညီ ညွတ်မှုကို မြင်တွေ့ရပါတယ်။ တချို့အသက်ကြီးတဲ့ နိုင်ငံရေးသမားတွေက မင်းတို့ ဟာ စနစ်ကြောင့် ပျက်စီးရတာ မင်းတို့ဟာ စနစ်ရဲ့သားကောင်တွေပဲ။ အစိုးရ မကောင်းလို့ ဒီလိုမကောင်းမှုလုပ်ရပ်တွေ ဖြစ်ရတာဆိုပြီး ဖာဖာထေးထေး ပြောကြတယ်။ ကျွန်တော်တို့ လူဆိုး၊ လူမိုက်ဆိုတဲ့ လူအများစုဟာ (၁) အတန်းပညာမရှိကြဘူး။ (၂) မှန်ကန်တဲ့ စဉ်းစားဆင်ခြင်မှုမရှိပါဘူး။ (၃) ဘာသာရေး ဗဟုသုတမရှိ။ (၄) အတွေးအခေါ် စာပေမဖတ်ကြဘူး။ (၅) ဆင်းရဲသားမိသားစုက မွေးဖွားခဲ့ကြတဲ့ သူတွေက များပါတယ်။ (၆) ပင်ပင် ပန်းပန်း လုပ်ကိုင်စားသောက်ချင်စိတ် မရှိကြဘူး။ (၇) အများနဲ့ တန်းတူ ဝတ်စားဆင်ယင်ချင်တဲ့ စိတ်ကြောင့်ငွေကို လွယ်လွယ်နဲ့ရတဲ့ ခိုးခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ လိမ်လည်ခြင်း၊ လုယက်ခြင်းစတဲ့ မကောင်းမှုတွေ ကျူးလွန် ကြပြီး ထောင်တွေကျ၊ ရဲဘက်တွေမှာ ဒုက္ခတွေရောက် အသက်မသေဘဲ ပြန်လာရင်လည်း မိသားစုနဲ့ ပတ်ဝန်းကျင်က အဖက်မလုပ်တော့ မခံချင် စိတ်တွေနဲ့ ပိုက်ဆံရှာ၊ မကောင်းမှုတွေနဲ့ လုံးလည်ပတ်ချာလိုက်ရင်း ထောင် ပြန်ကျ ဒီလိုနဲ့ပဲ ဘဝဟာ အသက်တွေကြီးပြီး အကုသိုလ်များစွာနဲ့ ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းကြရပါတယ်။ ဘာသာရေးယုံကြည်ချက်ရှိရင်တော့ သံသရာဟာ မလွန်နိုင်ဘူးဆိုတာ အသိတရားရကြမှာပါ။ ကျွန်တော် အင်းစိန်ထောင်တိုက်မှာ ရှိစဉ်ကာလက အင်းစိန်ထောင်ကြီးနဲ့ တွဲဖက်ထောင်လေးကို တပ်ထောက်လှမ်းရေးက အနီးကပ် အုပ်ချုပ်ပါတယ်။ ဗိုလ်မှူးရန်နိုင်ထွန်းတို့တာဝန်ကျချိန်ပါ။ (၁၉၉၉)ခုနှစ်ဝလပိုင်းထဲမှာ ထောက်လှမ်းရေးအဖွဲ့နဲ့ တိုက်ထောင်မှူးဦးစိုးလှိုင်တို့ ပြဿနာစဖြစ်ပါတယ်။ အကြောင်းကတော့ မရမ်းကုန်းမြို့နယ်ထဲက တည်းခိုခန်းပိုင်ရှင် တရုတ်တစ်ယောက်က လူကုန်ကူးမှုနဲ့ အင်းစိန်ထောင်တိုက်မကြီးထဲမှာ တိုက်(၅)မှာ နေထိုင်ပါတယ်။ တစ်နေ့ ထိုင်ဝမ်တရုတ်စကားတတ်သူ လိုက်ရှာတော့ တိုက်(၅)မှာ တရုတ်ဝင်းမြင့်ဆိုတဲ့သူက ထိုင်ဝမ်စကားတတ်ကြောင်း သတင်းကြားထားတဲ့အတွက် သေချာအောင် လာရောက်မေးမြန်းပြီး အဲ့ဒီတရုတ်ကို တွဲဖက်ထောင်လေးကို ထောက်လှမ်းရေးက ခေါ်သွားပါတယ်။ တစ်နေ့ တိုက်ရုံးခန်းမှာ ကျွန်တော်ရှိနေစဉ် ဗိုလ်မှူးရန်နိုင်ထွန်းနဲ့ ထောက်လှမ်းရေး(၄)ယောက်(၅)ယောက်ခန့်ဝင်လာပါတယ်။

တိုက်ရုံးဘေးကစားပွဲမှာ ထောင်မှူးဦးစိုးလှိုင်က ထိုင်နေပါတယ်။ ဗိုလ်မှူးရန်နိုင်ထွန်းက ကိုစိုးလှိုင်ခင်ဗျားလူက (၅၅၅) စီးကရက်(၂)တောင့်မှာလိုက်တာ ခင်ဗျားက လန်ဒန်(၂)တောင့် ဝယ်ပေးလိုက်တယ်လို့ ပြောနေတယ်လို့ပြောတော့ ထောင်မှူးဦးစိုးလှိုင်က ထိုင်ခုံပေါ်မှာ ထိုင်နေရာကထပြီး ကွမ်းတံတွေးကို ထွီကနဲထွေးကာ သူက (၅၅၅)စီးကရက် မှာရအောင် သူ့ပိုက်ဆံဘယ်မှာ ရှိလို့လဲ ဒီလန်ဒန်စီးကရက်(၂)တောင့်က ကျုပ်စိုက်ဝယ်ပေးလိုက်တာလို့ မျက်နှာကြောတင်းတင်းလေသံမာမာနဲ့ ပြောလိုက်တာကြောင့် ဗိုလ်မှူးရန်နိုင်ထွန်း မျက်နှာပျက်သွားတာကို မြင်တွေ့ရပါတယ်။ သူ့ဘေးမှာလည်း တပည့်တွေပါတော့ ပိုဆိုးတာပေါ့ ထောက်လှမ်းရေး ဗိုလ်မှူးတစ်ယောက်ကို အကျဉ်းဦးစီးတစ်ပွင့်သာရှိတဲ့ ထောင်မှူးတစ်ယောက်က ဒီလိုကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ပြောလိုက်တဲ့အတွက် ပြဿနာဖြစ်တော့မယ်ဆိုတာကို ဆ၅မအာရုံက သိနေပါပြီ။ ထောင်မှူးဦးစိုးလှိုင်က ဒီလိုပြန်ပြောရတဲ့အကြောင်းက ကျွန်တော်သိရသလောက်တော့ အဲဒီချိန်



ပြည်ထဲရေးက ဒုဝန်ကြီးရဲ့ နှင်းဆီခြံကို ဦးစိုးလှိုင်က ခဏခဏသွားရောက်ပြီး နှင်းဆီပန်းခင်းကို စနစ်တကျစိုက်ပျိုးပေးနေတယ်လို့ သိရပါတယ်။ ဦးစိုးလှိုင်က စိုက်ပျိုးရေးနဲ့ ကျောင်းပြီးထားတာလို့ကြားသိ ရပါတယ်။ ကျွန်တော် သိရသလောက်ကတော့ တရုတ်ဝင်းမြင့်ရဲ့ ထောင်အတွင်းသွင်းထားတဲ့ ငွေကြေးကို ရုံးခန်းထဲက ထောင်မှူးဦးစိုးလှိုင်ရဲ့ စားပွဲအံဆွဲထဲမှာ ထည့်ပြီး ဆရာတပည့်တွေ အတူတူသုံးစွဲနေကြတာပါ။ ဘာမှမဟုတ်တဲ့ စီးကရက် (၂)တောင့်ကြောင့်စတဲ့ ပြဿနာက တငွေ့ငွေ့ဖြစ်နေချိန်မှာ ဒုတိယပြဿနာကလာပြီ။ ထောက်လှမ်းရေးက ဒုအရာခံဗိုလ်တစ်ယောက်က တစ်နေ့မှာထောင်ဝင်စာ အိတ်နှစ်အိတ်ဆွဲပြီး တိုက်ရုံးခန်းထဲ ဝင်လာပါတယ်။ ထောင်မှူးဦးစိုးလှိုင်ကို ပြောသံကြားတာကတော့ နိုင်ငံရေးသမားတစ်ယောက်ကို ပါဆယ်ပေးဖို့ ယူလာတာဖြစ်ကြောင်း ပြောသံကြားပါတယ်။ ဦးစိုးလှိုင်က မျက်နှာကြောတင်းတင်း လေသံမာမာနဲ့ ထောင်ဝင်စာအထုပ်ကို သူကိုယ်တိုင်ရှာဖွေရေးလုပ်ရင်း အိတ်ထဲက ဖိုက်ပါပန်းကန်ပြားနှင့်ဇွန်းကို စားပွဲမှာ ပစ်ချပြီး ဒါတွေက ဘောင်မဝင်ဘူးလို့ ပြောလိုက်တာကို ထောက်လှမ်းရေးက ဘေးကြယ်ကြီးက ကွမ်းစားရင်း ခေါင်းတညိမ့်ညိမ့်လုပ်နေပါတယ်။ ဒီအနေအထားကိုကြည့်ရင်း မကြာခင် တစ်ခုခုဖြစ်တော့မယ်ဆိုတာ မသိစိတ်က အာရုံရနေပါတယ်။ ဒီလိုအဖြစ်အပျက်တွေ ဖြစ်ပြီးနောက်ရက်တွေမှာတော့ ထောက်လှမ်းရေးက အဖွဲ့တွေ တိုက်ထဲကို နေ့စဉ်နီးပါးလာရောက်လှည့်လည် သွားလာလှုပ်ရှားနေပါတော့တယ်။ အဲဒီချိန်မှာ ကျွန်တော်က (၄)ရှည်မှာ နေထိုင်ပါတယ်။ တစ်နေ့မနက်မှာ ကျွန်တော်မျက်နှာသစ်ပြီး တိုက်အတွင်းလမ်းလျှောက်နေချိန်မှာ ကျွန်တော့်ဆီကို ထောက်လှမ်းရေးက အဖွဲ့တွေဝင်လာပြီး လက်ထိပ်ကို နောက်ပြန်ခတ်ခေါင်းကို အစွပ်ကြီးစွပ်ပြီး ဘာမှမပြောမဆိုနဲ့ ဆွဲခေါ်သွားပါတယ်။ ကျွန်တော် ထင်ထားတဲ့အတိုင်းဖြစ်လာပါပြီ။ မမြင်မကန်းနဲ့ ဆွဲခေါ်ရာနောက်ကိုလိုက်ရင်း ဘယ်ကို ခေါ်သွားမှာလဲလို့ စဉ်းစားနေပါတယ်။ တိုက်တံခါးမှထွက် ကားတစီးပေါ်တက်ပြီး မောင်းသွားပါတယ်။ ကျွန်တော်စီးတဲ့ကားက စပါးခွန်တွေ သယ်တဲ့ကားဆိုတာ ခြေထောက်နင်းတဲ့ခံစား

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြောင့် သိနေပါတယ်။

ထောင်တံခါးကထွက် ဘယ်ဘက်ကိုချိုး၍ ခဏမောင်းပြီးတာနဲ့ ဘယ်ဘက်ကို ထပ်ချိုးပြီးချိန်မှာ တံခါးဖွင့်သံကြားတာနဲ့ တွဲဖက်ထောင်လေးကို ခေါ်လာပြီး ပြုစုတော့မယ်ဆိုတာကို သိနေပါတယ်။ ဘယ်လိုနည်းနဲ့ ပြုစုမယ် ဘယ်လောက်ပြုစုမယ်ဆိုတာတွေးရင်း ရင်ပူနေပါပြီ။ ဘာမှ ပြန်လုပ်လို့မရတဲ့နေရာမှာ ပေတုံးလို ခံရမှာပါ။ တွဲဖက်ထောင်ဝင်း တိုက်ခန်းနားမှာ ကားရပ်ပြီး ကားပေါ်က ဆင်းခိုင်းပါတယ်။ ကျွန်တော် တစ်ယောက်ထဲ မဟုတ်ဘူးဆိုတော့ ကားပေါ်မှာထဲက ဘေးက အသံတွေနားထောင်ရင်းသိနေပါတယ်။ ခေါင်းစွပ်မဖြုတ်ဘဲ တိုက်ခန်းထဲကို ထည့်ပြီးမှ လက်ထိပ်ဖြုတ် ခေါင်းစွပ်ဖြုတ်ပေးပါတယ်။ ဘေးပတ်ပတ်လည်မှာ လူရိပ်ယောင်တောင် မမြင်ရ၊ မကြားရပါ။ နံနက်(၆)နာရီခွဲလောက်ကနေ ခေါ်သွားတဲ့အတွက် ဘာမှမစားရသလို ရေလည်းတစ်နေကုန်မသောက်ရပါဘူး။ တွဲဖက်ထောင် တိုက်ခန်းဖွဲ့စည်းပုံက ထောင်မကြီးက တိုက်ခန်းတွေနဲ့ မတူပါဘူး။ အခန်းရဲ့ အနောက်ဖက်မှာ တစ်ဖက်ရဲ့ တခြားခန်းတစ်ခုရှိတယ်။ ကျွန်တော်စိတ်ထင်တစ်ပေကျော်တဲ့ အုတ်နံရံခြားထားပါတယ်။ ဘယ်သူတွေ ဘယ်လိုလုပ်ထားလည်း မသိပါဘူး။ လက်ညှိုးအရွယ်ခန့် အပေါက်ကလေးတစ်ပေါက်က ဟိုဘက်အခန်းကို မြင်နေရတယ်။ ကျွန်တော် ချောင်းကြည့်လိုက်တော့ လူတစ်ယောက်ကို တွေ့မိပါတယ်။ အဲဒီလူလမ်းလျှောက်နေတယ် လို့ထင်ပါတယ်။ သူနံရံကပ်လာရင် မမြင်ရတော့ပေမယ့် အပေါက်ဘက်ကို လမ်းလျှောက် သွားရင်တော့ မြင်ရပါတယ်။ နေ့လယ် (၁)နာရီ၊ (၂)နာရီလောက်ရှိချိန်မှာ ရေသောက်ချင်လာပါပြီ။

ဒါကြောင့် အနောက်ဘက် အခန်းကို အပေါက်ကလေးကနေ အသံပေး မိတ်ဆက်လိုက်ပါတယ်။ လူကိုတော့ သဲသဲကွဲကွဲ မမြင်ရပါဘူး။ သူကလည်း ကောင်းကောင်းမွန်မွန် ပြန်လည်ပြောဆိုပြီး ကျွန်တော့်အကြောင်း မေးပါတယ်။ ကျွန်တော်လည်း အတိုချုပ်ပြီး ပြောပြလိုက်ပါတယ်။ သူကတော့ နိုင်ငံရေးသမားတစ်ယောက်လို့ ပြောပါတယ်။ သူ့ရဲ့နာမည်လည်း ပြောပြပါတယ်။ ဒါပေမဲ့ မေ့သွားပါပြီ။ သူလည်း ကျွန်တော့်ကို မြင်ရအောင်



ဆိုပြီး နံရံလက်ညှိုးခန့်အပေါက်ကလေးရဲ့တည့်တည့် နောက်ဆုတ်ပြီး ရပ်ပြပါတယ်။ ကျွန်တော်ရေ အရမ်းသောက်ချင်တယ်လို့ပြောတော့ သူက အပေါက်ကလေးကနေ ရေကို မှုတ်သွင်းပေးမယ်တဲ့ ကျွန်တော် တော်တော်လေး ပျော်သွားပါတယ်။ ထမင်းမစားရတာ အကြောင်းမဟုတ်ပါဘူး။ လောလောဆယ် ရေလေးနည်းနည်းလောက် သောက်လိုက်ရရင် တော်တော်အဆင်ပြေသွားမှာပါ။ ဒါကြောင့် အပေါက်သေးသေးလေးကနေ ပါးစပ်ပြင်ရင်း စောင့်နေလိုက်ပါတယ်။ ရေကလာပါပြီ။ တစ်ဖက်ခန်းက လူက ပါးစပ်ထဲရေငုံပြီး အပေါက်ထဲ မှုတ်ထည့်လိုက်တာပါ။ အခန်းနံရံက အင်္ဂတေ နံရံဆိုတော့ ရေနှင့် အတူ သဲမှုန့် ဘိလပ်မြေမှုန့်၊ အုတ်မှုန့် တွေနဲ့ ရောထွေးပြီး ပါးစပ်ထဲဝင်လာချိန်မှာ အမြန်ထွေးထုတ်လိုက်ပါတယ်။ အခြေအနေက ပိုဆိုးသွားပါတယ်။ ရေမသောက်ရတဲ့အပြင် အမှုန့်မျိုးစုံဝင်လာတဲ့ ရေနဲ့အတူ ပါးစပ်ထဲမှာ ပေကျံပြီး အနေခက်နေပါတယ်။ တစ်ဖက်လူကို ကျေးဇူးတင်ကြောင်းပြောပြီး အမှုန့်တွေပါတဲ့အတွက် သောက်လို့မရပါလို့ ပြောလိုက်တော့ တစ်ဖက်လူက စိတ်မကောင်း ဖြစ်သွားပုံရပါတယ်။ ကျွန်တော်လည်း ပုဆိုးနဲ့ ပါးစပ်ထဲက အမှုန့်တွေကိုသုတ်ရင်း စိတ်မကောင်း စိတ်ဆင်းရဲစွာနဲ့ ထိုင်နေမိပါတယ်။ ဒီလိုနဲ့ မနက်စာ၊ ညစာ ထမင်းမကျွေး ရေမတိုက်နဲ့ နေလာတာ ည(၈)နာရီခန့်မှာ ဘယ်သူဆိုတာ မသိပါဘူး။ ရေသန့်ဘူးနဲ့ ရေလာတိုက်ပါတယ်။ သူက ရေလာတိုက်တာကို ဘယ်သူ့မှ မပြောပါနဲ့ အမြန်သောက်ပါဆိုတော့ ရေသန့်ဗူးရဲ့ သုံးပုံနှစ်ပုံလောက် သောက်ပြီး အမြန်ပြန်ပေးလိုက်ပါတယ်။ ထောက်လှမ်းရေးက တိုက်ခိုင်းတာပဲဖြစ်ဖြစ် တကယ့်ကို ခိုးဖွက်ပြီး ကိုယ်ချင်းစာနာစိတ်နဲ့ လာတိုက်တာပဲဖြစ်ဖြစ် အဲဒီလူကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါရစေ။ ကျွန်တော် အမြဲအမှတ်ရနေမိတယ်။ ထမင်းအသက်(၇)ရက်၊ ရေအသက် (၁)မနက်ဆိုတာ အတိအကျမမှန်သေးဘူးလို့ နောက်တစ်နေ့ နံနက်မှာ အနောက်ဘက် အခန်းက သူက နှုတ်ဆက်ရင်းပြောပြလိုက်ပါလို့ စေတနာနဲ့ပြောပါတယ်။ ကျွန်တော်နဲ့တိုက်မှာ စကားပြောခဲ့တဲ့ မိတ်ဆွေကို ဒီစာအုပ်ကို ဖတ်မိရင် ကျွန်တော့်ကို မှတ်မိမယ်ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မနက်(၈)နာရီလောက်မှာ ထင်ပါတယ်။ လက်ထိပ်နောက်ပြန်ခတ် ခေါင်းကို စွပ်ပြီးခေါ်သွားပါတယ်။ နောက်မှသိရတာက တွဲဖက်ထောင်က မိန်းဂျေးရုံးခန်းထဲမှာပါ။ အဲဒီမှာ ကင်ပေတိုင်ရုံးဖွင့်ထားတာပါ။ ရုံးထဲကို ဝင်လိုက်တာနဲ့ မတ်တပ်ရပ်ခိုင်းပြီး ဘာမှမမေးမြန်းဘဲ နားရင်းပါးရင်းကို (၇)ချက် (၁၀)ချက် မမှတ်မိလောက်အောင် လက်နဲ့ရိုက်တာနဲ့ ကျွန်တော်ကို ရိုက်စရာမလိုဘူး ခင်ဗျားတို့ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ကျွန်တော် သိတယ်။ ထောင်မှူးနဲ့ ခင်ဗျားတို့ အဆင်မပြေဖြစ်တဲ့ဒီကိစ္စမှာ ကျွန်တော် တို့က မားစာခံတွေပဲ။ ခင်ဗျားတို့ ထောင်မှူးဦးစိုးလှိုင်နဲ့ ပတ်သက်လို့ ဘာသိချင်လဲ ကျွန်တော်သိတာ အကုန်ပြောမယ်လို့ ပြောလိုက်တာနဲ့ (ဟာ) ဒီကောင်သိတယ်ကွဆိုပြီး အသံခဏတိတ်သွားပါတယ်။ ကျွန်တော် ပြောတဲ့စကားကြောင့် သူတို့ချင်းတိုင်ပင်ပုံရတယ်။ ကျွန်တော့်စိတ်ထင် (၃)မိနစ်လောက်အကြာ ခေါင်းစွပ်ကိုချွတ်လိုက်ပါတယ်။ ကျွန်တော် ထင်တာ ကျွန်တော်ပြောတာ မှန်တယ်ဆိုတာ တိတိကျကျ သိလိုက်ရပါပြီ။ ကျွန်တော့်ကို ရိုက်ပြီး စစ်ဆေးနေတဲ့ သူတွေက ထောင်မှူးနဲ့ မပြေမလည် ဖြစ်ပြီးနောက်ပိုင်း တိုက်ထဲကို နေ့စဉ်လာရောက်ပြီး ဘယ်လိုပြဿနာရှာရ မလဲဆိုတာ ဂွင်ရှာနေတဲ့ ထောက်လှမ်းရေးအဖွဲ့က သူတွေပါဘဲ။

အရာခံဗိုလ်ကမေးပါတယ်။ ငါတို့ဘာသိချင်လဲဆိုတာ မင်းသိလို့လား လို့ပြောပါတယ်။ ကျွန်တော်က ဆရာတို့ ထောင်မှူးဦးစိုးလှိုင်ကို ငွေပေးပြီး လွတ်လွတ်လပ်လပ် သွားလာနေထိုင်ကြတဲ့ သူတွေစာရင်းကို လိုချင်တာ ကျွန်တော်သိပါတယ်ဆိုပြီး ဦးစိုးလှိုင်ရဲ့ ဘောက်ချာစာရင်းကို ပေးလိုက်ပါ တယ်။ တိုက်အတွင်းငွေပေးပြီး တစ်နေကုန်လွတ်လွတ်လပ်လပ် သွားလာ နေကြတဲ့ မူးယစ်သမားတွေ အပကာသမားတွေနဲ့ မရမ်းကုန်းနှင်းဆီနက် တည်းခိုခန်းက လူကုန်ကူးဝင်းမြင့်တို့လို လူမျိုးတွေအတွက်တော့ လွတ် လပ်မှုတွေ ပျောက်ဆုံးကြမှာပါ။ ဘာမှမတတ်နိုင်ပါဘူး။ နီးရာဓါးကြောက် နေရတဲ့ ဘဝပါ။ ထောင်မှူးက မကောင်းသလို ထောက်လှမ်းရေးကလည်း မကောင်းပါဘူး။ လောလောဆယ် ထောက်လှမ်းရေးက ဗိုလ်လုပ်နေတာ ကိုး။ ကျွန်တော်နဲ့အတူ ခေါ်သွားတဲ့ သူ(၃)ယောက်လား၊ (၄)ယောက်လား



ကျွန်တော်မမှတ်မိတော့ပါဘူး။ ဒီလူတွေက တော်တော်လေး အရိုက်ခံရပါ တယ်။ သူတို့လည်း အကုန်ဖော်ပြီးပါပြီ။ သက်သေ ပိုမိုခိုင်လုံအောင် အကုန်လုံးကို စစ်ဆေးမေးမြန်းနေတာပါ။ သူတို့ကျေနပ်တော့ ထမင်း(၁) ပန်းကန် ငါး(၁)တုံးနဲ့ ကျွေးပါတယ်။ မဝပါဘူး။ နဲနဲလေးပါ။ ပထမအဖွဲ့က ရိုက်စစ်တဲ့အဖွဲ့ပါ။ ဒုတိယအဖွဲ့က မရိုက်ပေမဲ့ မတ်တပ်ရပ်ပြီး တိုင်ဖက်ထား ရပါတယ်။ ပြီးတော့ အရင်အဖွဲ့ကစစ်တာနဲ့ နောက်ထပ် သူတို့ထပ်စစ်တာ ထွက်ဆိုချက် တူမတူဆိုတာ အကြိမ်ကြိမ်ဇာကာချသလို မေးမြန်းပါတယ်။ တိုင်ကို နာရီတော်တော်ကြာဖက်ထားပြီး နောက်ဖင်ထိုင်ခုံသေးသေးလေး တွင် ထိုင်ချလိုက်ရင်း တင်ပါးနှစ်ခုရဲ့ ဒေါင့်လေးဒေါင့်မှာ အသားထဲကို နစ်ဝင်သွားပြီး ခုံရဲ့ခြေထောက်က မြင့်နေတဲ့အတွက် တင်ပါးတွေနာပြီး ထိုင်လို့လည်း အဆင်မပြေ၊ ရပ်လို့လည်းမရနဲ့ ခုံပေါ်မှ တင်ပါးကို ဟိုဘက် ကို ရွှေ့လိုက်၊ ဒီဘက်ကိုရွှေ့လိုက် ရှေ့ကိုတိုးလိုက် နောက်ကို ဆုတ်လိုက်နဲ့ နာရီတော်တော်ကြာ စိုင်းစိုင်းသီချင်းထဲကလို ဖြစ်နေပါတယ်။ ထောက်လှမ်း ရေးတွေလိုချင်တာ ဒီလိုဖြစ်ပြီး။ ဒီဒုက္ခမခံစားချင်လို့ ဖွင့်ပြောတာကို လိုချင် တာပါ။ အမှန်က ဒီလိုလုပ်စရာတောင် မလိုပါဘူး။ ကျွန်တော်က ထောင် ကျနေလို့သာ ထောင်မှူးတွေနဲ့ မဖြစ်မနေ ပေါင်းသင်းဆက်ဆံနေရတာ။ ထောင်အာဏာပိုင်တွေနဲ့ ကိုလိုနီစရိုက်ဆိုးတွေကို မုန်းတီးလွန်းလို့ မရိုက် မနှိပ်စက်လည်း အကုန်ပြောမှာပါ။ ကျွန်တော်တို့ တွဲဖက်ထောင်လေးမှာ (၁)လခန့် နေထိုင်ငတ်ပြတ်ပြီး ထောင်မကြီးပြန်ပို့တော့ တိုက်(၆)မှာ ထားပါ တယ်။ ထောင်မှူးဦးစိုးလှိုင်လည်း အခြေအနေမကောင်းဘူးဆိုတာ သိတယ်ထင်ပါတယ်။ ယူနီဖောင်း အဟောင်းအနွမ်းတွေကို နေ့စဉ်ဝတ်နေ တာကို နေ့တိုင်းတွေ့ရပါတယ်။ နောက်ပိုင်းသတင်းတွေ ကြားရတာက တိုက်ကို ပြောင်းလာတာ ဘာမှမကြာသေးတဲ့ ထောင်မှူးကြီး ဦးခင်မောင် ဆန်း ပြုတ်သွားတယ်။ ထောင်မှူး ဦးစိုးလှိုင်ပြုတ်သွားတယ်။ တပ်ကြပ်ကြီး ဖိုးစီ(ခ) မောင်အုန်းပြုတ်သွားတယ်။ တပ်သား(၂)ယောက် ပြုတ်သွား တယ်လို့ သတင်းတွေကြားရပါတယ်။

အင်းစိန်တွဲဖက်ထောင်ဆိုတာ သာမန်လူတွေသိတာက အပေါ်ထပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စစ်တပ်က အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျတဲ့ အရာရှိအဆင့် ဒုဗိုလ်ကနေ ဗိုလ်မှူးအဆင့်ထိနေတယ်လို့ သိကြပါတယ်။ အောက်ထပ်မှာ အပြင်ဘုတ်ထွက်တဲ့ လပိုင်းသာထောင်ကျတဲ့ အကျဉ်းသားတွေနေပါတယ်။ တကယ်တော့ အင်းစိန်တွဲဖက်ထောင်ဆိုတာ နိုင်ငံရေးသမားတွေကို ဖမ်းဆီးနှိပ်စက်ပြီး လနဲ့ချီအငတ်ထား စွဲချက်တင်ထောင်ချပြီး ဒုက္ခပေးလို့ ဝပြီဆိုမှ တွဲဖက်ထောင်ကနေ ထောင်မကြီး ပို့တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်ထောင်မကြီးကို ပြန်လာရပေမယ့် ထောင်ဝင်စာကိုတော့ မတွေ့ရပါဘူး။ မကြာခင် ထောင်ပြောင်းရတော့မယ်ဆိုတာ ခန့်မှန်းမိပါတယ်။ ထောက်လှမ်းရေးနဲ့ စကားပြောဖူးတဲ့ ဘယ်အကျဉ်းသားမဆို ထောင်မှူးတွေက အယုံအကြည်မရှိတော့ပါဘူး။ ကျွန်တော်တို့ဆို ပိုဆိုးတာပေါ့။ ထောင်ပြောင်းရမှာ အနေးနဲ့ အမြန်ဆိုတာ သိတဲ့အတွက် တွဲဖက်မှာ ဗိုလ်မှူးရန်နိုင်ထွန်းက ကျွန်တော်ကို လာစကားပြောတဲ့အချိန် ကျွန်တော်က ဗိုလ်မှူး ကျွန်တော်သိတာ အကုန်ပြောပြီးပြီ။ ဒါကြောင့် ကျွန်တော့်ကို တစ်ခုကူညီပါလို့ ပြောလိုက်ပါတယ်။

သူက ဘာကူညီရမလဲလို့ ပြောပါတယ်။ ကျွန်တော့်ကို တောဘက်က ထောင်တွေကိုတော့ မပြောင်းပါနဲ့။ မြို့ထောင်တစ်ခုခုကို ပြောင်းပေးပါလို့ ပြောလိုက်ပါတယ်။ သူက ကူညီပါ့မယ်လို့ပြောပါတယ်။ (၁၉၉၉)ခုနှစ် အဲဒီအချိန်တုန်းက လူဆိုး၊ လူမိုက်တွေ အင်းစိန်ထောင်မှာ များလာရင် သာယာဝတီထောင်၊ တောင်ငူထောင်၊ သရက်ထောင်၊ မြင်းခြံထောင် ဒီထောင်(၄) ထောင်ကိုပဲ ပြောင်းတဲ့အတွက် မြို့ထောင်တစ်ခုကို ပြောင်းပေးဖို့ တောင်းဆိုခဲ့တာပါ။ တိုက်(၆)မှာနေရင်း ထောင်ပြောင်းရမယ့် အချိန်ကို စောင့်မျှော်နေမိတယ်။ အင်းစိန်သားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အဖို့ ဖြစ်နိုင်ရင် ဘယ်ထောင်ပြောင်းချင်ပါ့မလဲ။ ကိုယ့်ရပ်ကွက်၊ ကိုယ့်ရွာက နေထိုင်မှုအားလုံး အဆင်ပြေတာပေါ့။ တိုက်မှာ ဟိုတွေးဒီတွေးနဲ့ အရင်တိုက်(၂)မှာ အခန်းအတူတူနေခဲ့တဲ့ သယ်န်းကျွန်းက စာကလေး(ခ)အောင်ကျော်ဦးတို့ မန္တလေးက အောင်စည်ဝင်းတို့ ကြိုးတိုက်က ကိုတိုက်ရင်တို့၊ သားငယ်တို့ ဒလက မာဂရက်တို့၊ မီးမီးတို့၊ အရှုးမြင့်ဦးတို့ အားလုံးကို ဟိုတစ်စ၊ ဒီတစ်စ သတိရ



မိပါတယ်။ တိုက်(၂)မှာနေတုန်းက သဘောထားတင်းမာတဲ့ နိုင်ငံရေးသမားတွေ ကျောင်းသားတွေကို ထောက်လှမ်းရေးနဲ့ အကျဉ်းဦးစီးက ပူးပေါင်းပြီး စစ်ခွေးတိုက်မှာ မကြာခဏ အပျင်းပြေ ခေါ်ခေါ် ရိုက်ပါတယ်။ ဒီလိုအရိုက်ခံရတဲ့ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေ၊ အနည်းဆုံး(၃)ရက်ပါပဲ အရိုက်ခံရတဲ့သူတွေပြောတာကတော့ တိုက်ခုံမှာ ကြိုးတုတ်၊ ဒါမှမဟုတ် လက်ထိပ်နောက်ပြန်ခတ် ခေါင်းစွပ်စွပ်ပြီး မေးလိုက်၊ ရိုက်လိုက် လုပ်တယ်လို့ သူတို့အချင်းချင်း ပြောနေတာကို ကြားရပါတယ်။ တိုက်ထဲမှာ ဟိုတစ်စ ဒီတစ်စနဲ့ စကားလှမ်းပြီး ပြောကြတဲ့အခါဖြစ်စေ၊ နံနက် မိလ္လာချချိန်၊ ရေချိုးချိန်တွင် တခြားအခန်းကို တီးတိုးပြောသည်ဖြစ်စေ၊ တိုက်တန်းစီးက လိုက်နားထောင်ပါတယ်။ အမှတ်တမဲ့ ပြောလိုက်သည်ဖြစ်ဖြစ် တမင်ဂရုမစိုက်လို့ပြောသည်ဖြစ်ဖြစ်။ စကားလုံးအမှားပါသွားရင် တိုက်တန်းစီးက ထောင်မှူးကို အမြန်ဆုံးသွားရောက် သတင်းပို့ပါတယ်။ ဒီလိုသတင်းရတာနဲ့ ထောက်လှမ်းရေးကို ဆက်လက်သတင်းပို့ပြီးရင် ဂွင်ဝင်ပြီဖြစ်တဲ့အတွက် ဘယ်အချိန်ခေါ် ရိုက်မလဲလို့ ကြုံးဝါးပြီး ထောင်မှူးက လက်ကိုပွတ်နေတာကို မြင်ရ၊ ကြားရပါတယ်။ ပြည်သူ့ဘဏ္ဍာငွေစားပြီး ပြည်သူကို နှိပ်စက်ညှင်းပမ်း၊ မတရားလုပ်နေတဲ့ ဒီလိုအစိုးရအဖွဲ့အစည်း ဒီလိုအဖွဲ့မျိုးကို ကျွန်တော်တို့လို မကောင်းမှုလုပ်နေတဲ့လူဆိုး၊ လူမိုက်ဆိုတဲ့ သူတွေတောင် ရွံရှာမိပါတယ်။ မတရားမှန်းသိပေမယ့် အတင်းတောင် ကျယ်ကျယ်မပြောရဲပါဘူး။

ရယ်စရာစကားတစ်ခွန်းကို မကြာခဏသတိရမိပါတယ်။ နိုင်ငံရေးချိန်ခွင်လျှာကစားတဲ့အခါ ဦးစောဇင်မြတိုက်ထောင်မှူးကြီးက နိုင်ငံရေးသမားတချို့ကို မေးတဲ့မေးခွန်းပါ။ တကယ်လို့များ ခင်ဗျားတို့ အာဏာရရင် ကျွန်တော်တို့ကို ဘယ်လို သဘောထားသလဲဆိုတဲ့မေးခွန်းပါ။ ဘယ်လိုပြန်ဖြေကြသလဲ ကျွန်တော်မသိပါဘူး။ ဦးစောဇင်မြ ပြောင်းသွားပြီး ထောင်မှူးကြီး ဦးခင်မောင်ဆန်း တိုက်အုပ်ချုပ်စဉ်ကာလမှာ တိုက်မှာ ဒုတိယတာဝန်ခံဖြစ်တဲ့ ထောင်မှူးဦးစိုးလှိုင်နဲ့ ထောက်လှမ်းရေးအဖွဲ့တွေ ဖြစ်ကြတဲ့ပြဿနာမှာ ကြားလူဖြစ်တဲ့ ဦးခင်မောင်ဆန်းနဲ့ တပ်ကြပ်ကြီးမောင်အုန်းတို့ပါ ဒုက္ခရောက်သွားကြပါတယ်။ ထောက်လှမ်းရေးအဖွဲ့က ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ဆရာ ဦးခင်မောင်ဆန်းက ကျွန်တော့်တပည့်တွေ ဘာအပြစ်မှမရှိပါ ဘူး။ မရိုက်ကြပါနဲ့ တောင်းပန်ကြောင်းပြောတာကို ပြန်လည်ပြောပြပါတယ်။ ဦးခင်မောင်ဆန်းတို့လို သဘောထားမှန်ကန်တဲ့ ဝန်ထမ်းတွေ များများရှိသင့် ပါတယ်။ ကျွန်တော်က အင်းစိန်ထောင်မှာ အရင်ကလည်း နေခဲ့ဖူးပါတယ်။ အချုပ်ထောင်မှာ (၁)နှစ်လောက် အဆောင်မှူးလုပ်စားလိုက်ရင် အလုပ် ထွက်လို့ရတဲ့အထိ ငွေရရှိပါတယ်။ ထောင်ပိုင်အဆင့်မပြောနဲ့ အဆောင် တစ်ဆောင်ကိုအုပ်ချုပ်တဲ့ တစ်ပွင့်အဆင့်ရှိတဲ့ ထောင်မှူးတစ်ယောက် ထောင်အဆောင်ကို ရောက်လာရင် ဘုရင်လိုလို နယ်စားလိုလိုမြို့စားလိုလို အာဏာပါဝါပြလိုက်တာ ဗွီဒီယိုရိုက်ထားလို့ရရင် ရိုက်ပြီးတစ်ကမ္ဘာလုံးကို ပြလိုက်ချင်ပါတယ်။

ထောင်အုတ်ရိုးအတွင်းမှာ အမှန်တကယ်ဖြစ်နေတဲ့ ဖြစ်ရပ်မှန်တွေကို ICRC လို အဖွဲ့မျိုးတွေ ဝင်ရောက်စစ်ဆေးမေးမြန်းမှ မတရားမှုတွေ အနည်းငယ်လျော့နည်းသွားတာပါ။ ကျန်တာကတော့ ဘယ်အဖွဲ့လာလာ ဘာမှမထူးပါဘူး။ ဘယ်သူ့ကိုမှ စော်ကားတာမဟုတ်ပါဘူး။ (၁၇)နှစ်ကျော် နေလာခဲ့တဲ့မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်တွေ အများကြီး ကြုံတွေ့ခဲ့ရ လို့ပါ။ အရင်ကဆိုရင် (၁၉၉၁)ခုနှစ်လောက်က အင်းစိန်ထောင်က အချုပ် သားတွေ ထောင်ကျနောက်မှထွက်သူတွေ နေ့စဉ်တနလ်ာနေ့မှ သောကြာနေ့ အထိ တစ်ပတ်ကို (၅)ရက် ရုံးထွက်ရှိပါတယ်။ ညနေရုံးပြန်ရင် ထောင် ရောက်တာနဲ့ စုပေါင်းပြီး (၅)ယောက်တန်း တန်းစီပြီး ဆောင့်ကြောင့်ထိုင်နေ ရပါတယ်။

ဗူးထဲက တာဝန်ကျသူတွေဖြစ်တဲ့ ဗူးတံခါးထောင်မှူး အကြပ်တပ်သား တွေက မနက်ရုံးထွက်တဲ့လမ်းကြောင်းတိုင်း ရုံးတိုင်းကို မှာပါတယ်။ ဒီလို ပစ္စည်းတွေ၊ အစားသောက်တွေကို မှာတာကို ဘောင်မဝင်တဲ့ပစ္စည်းယူလာ တဲ့ ပိုက်ဆံရှိတဲ့သူက သူ့အခွင့်အရေးရဖို့အတွက် ဝယ်ပေးသလို ပိုက်ဆံမရှိ ပေမယ့် အကျဉ်းသားအချုပ်သားအချင်းချင်း လူပါးဝဗိုလ်ကျနေတဲ့သူက လည်း ရုံးချုပ်ကို ရောက်တာနဲ့ တစ်ပြိုင်နက် သူ့အကျိုးလည်းရှိ မျက်နှာလို မျက်နှာရလည်းဖြစ်အောင် အခုလို ပြောဆိုဖန်တီးပြီး ငွေရှာပါတယ်။ မနက်



က ဗူးထဲက ဆရာတွေမှာလိုက်တာ အားလုံးသိတယ်နော် ညနေအပြန်မှာ ပါမသွားရင် တို့အတွက်ယူသွားမယ့် စားသောက်စရာတွေ အကုန်သိမ်းခံ ရမှာ၊ ဒါကြောင့် ဧည့်တွေ့လာတဲ့သူတွေ အကုန်လုံးတစ်ယောက်ကို ဘယ်လောက်ဆိုပြီး ခွဲတမ်းချပါတယ်။ သာမန်အကျဉ်းသား အချုပ်သားတွေ ကတော့ တောင်းသလောက်ပေးကြရတာပါပဲ။ ဗူးတံခါးတို့ မိန်းဂျေးတို့က မှာတဲ့ပစ္စည်းတို့၊ စားစရာတို့ပါမလာရင် ဗူးတံခါးမှထောင်မှူးက သုံးစွဲစား သောက်ဖို့ ယူလာခဲ့တာတွေ အကုန်လုံးသိမ်းမှာပါ။

ဒီလိုပဲ မိန်းဂျေးဝန်ထမ်းတို့၊ မိန်းဂျေးအကျဉ်းသားစည်းကမ်းထိန်းတို့ မှာလိုက်တဲ့ဟာတွေမပါရင် မိန်းဂျေးမှာ ဖင်နှိုက်ခံရမှာပါ။ ဒါကြောင့် ရုံးချိန်း ထွက်ပြီဆိုရင် မိန်းဂျေးအတွက် ပစ္စည်းစားစရာ၊ ဗူးတံခါးအတွက်ပစ္စည်း စားစရာတွေ နည်းမျိုးစုံနဲ့ စုပြီးဝယ်ကြရပါတယ်။ ကိုလိုနီစရိုက်ဖျောက်ပြီး တိုင်းပြည်နဲ့လူမျိုးကိုစောင့်ရှောက်လို့ဆိုပြီး ရေးထားတဲ့ဆောင်ပုဒ်ကိုတော့ ကျွန်တော်ဖတ်ပြီး စဉ်းစားမိတာကတော့ အထက်အမိန့်အရ ရေးထားတာ ပဲလို့ ထင်မိပါတယ်။ အင်းစိန်ထောင်မိန်းဂျေးမှာ ထောင်ဝင်စာရှာဖွေရေး လုပ်ပြီး စီးပွားရေးရှာနေတဲ့နွားကြီး (ခ)မျိုးအောင်ဆိုသူဟာ မိန်းဂျေးက တာဝန်ကျတဲ့ ဒုအရာခံဗိုလ်တစ်ယောက်နဲ့ အမည်မမှတ်မိတဲ့သူဆီကနေ (၇)ရက် (၁)ပတ်ကို ငွေဘယ်လောက်ဆိုပြီး ကန်ထရိုက်ဆွဲထားပါတယ်။ နှစ်ချီပါတယ်။ မျက်မြင်ကိုယ်တွေ့ပါ။ ကျွန်တော်နဲ့ ရင်းနှီးတဲ့အတွက် ကျွန်တော်ဆီက မနှိုက်ပါဘူး။ ထောင်ဝင်စာလာတဲ့သူတိုင်းနီးပါး မိန်းဂျေး မှာ ရှာဖွေရေးလုပ်ပါတယ်။ ရှာဖွေရေးလုပ်ရတဲ့ရည်ရွယ်ချက်က ဗူးတံခါးမှာ ဆိုရင်အကျဉ်းထောင်အတွင်း ထိုသို့ထောင်ဥပဒေအရ သွင်းခွင့်မရှိတဲ့ ပစ္စည်းတွေ မသွင်းနိုင်အောင် မိန်းဂျေးမှာဆိုရင်လည်း အိပ်ဆောင်အတွင်း ကို မူးယစ်ဆေးဝါးမျိုးစုံ လူသတ်လက်နက်မျိုးစုံ၊ ထောင်ဖောက်ပစ္စည်းမျိုးစုံ ဒီလိုပစ္စည်းတွေ ဘာမှမရောက်ရှိအောင်ကာကွယ်တား ဆီးရှာဖွေတာပါ။ ဒါကိုတာဝန်ပိုင်းလုပ်ငန်းပိုင်းတွေ အကြောင်းပြပြီး နည်းမျိုးစုံနဲ့လုပ်စား နေကြတာပါ။ ကျွန်တော်အင်းစိန်ထောင်မှာနေခဲ့တဲ့ (၁၉၉၆)ခုနှစ်ကနေ (၁၉၉၉)ခုနှစ်ထိ တွေ့ခဲ့မြင်ခဲ့သိခဲ့တာတွေပါ။ ဒီလိုနဲ့ ဟိုတွေး ဒီတွေးရင်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြောင်းရမယ့်အချိန်ကို ရောက်လာပါတယ်။ (၆. ၄. ၁၉၉၉) ခုနှစ် မိုးမလင်းခင်မှာ ဝန်ထမ်း(၂)ယောက် ရောက်လာပါတယ်။ ကျွန်တော့်ကို အိပ်ယာလိပ်နဲ့ အထုပ်တွေ ပြင်ထားဖို့ လာပြောပါတယ်။ ချက်ချင်း အိပ်ယာထ၊ အိမ်သာတက်ရင်း သွားတိုက်ပြီး စဉ်းစားလိုက်ပါတယ်။ ထောင်ပြောင်းသွားရတော့မယ် ဘယ်ထောင်များဖြစ်မလဲလို့ပေါ့။

ပစ္စည်းတွေ ဝိုင်းသိမ်းပေးရင်း တစ်ခန်းထဲနေတဲ့သူတွေက ကျွန်တော့် အိမ်ကို အကြောင်းကြားပေးပါ့မယ်လို့ ပြောရင်း အားပေးစကားပြောကြပါတယ်။ စိတ်ထဲမှာတော့ သိပ်မကောင်းပါဘူး။ ဘယ်ထောင်များဖြစ်မလဲလို့ပေါ့။ ဘယ်သူမဆိုကိုယ့်ရပ်ကိုယ့်ရွာမှာ နေထိုင်ရှင်သန်ချင်ကြတာ သဘာဝပါပဲ။ အင်းစိန်သားဖြစ်တဲ့ ကျွန်တော်လည်း ဘယ်ပြောင်းချင်ပါ့မလဲ။ ခဏနေတော့ ဝန်ထမ်းတစ်ယောက်က သော့ဖွင့်ပြီး ကျွန်တော့်ကို ခေါင်းစွပ် စွပ်လိုက်ပါတယ်။ ဘာမှ မမြင်ရတဲ့ ကျွန်တော်ကို ကိုယ့်အိပ်ယာလိပ် ကိုယ်ထမ်းပြီး ဝန်ထမ်းဆွဲခေါ်ရာနောက်ကို မမြင်မကန်းနဲ့ လိုက်သွားရပါတယ်။ တိုက်မကြီးကနေ စစ်ခွေးတိုက်ကိုရောက်တော့ ခေါင်းစွပ်ချွတ်ပေးပါတယ်။ အဲဒီမှာ ကျွန်တော့်ထက်အရင်ရောက်နေတဲ့ နိုင်ငံရေးသမားတွေကို တွေ့ရပါတယ်။ လူအင်အား(၄၀)ခန့်လို့ ခန့်မှန်းမိပါတယ်။ အလှည့်ကျ ခြေချင်းခတ်ပြီး နောက်မှာ ထမင်းထုပ်တွေပေးရင်းစစ်ခွေးတိုက်ထဲမှာ ဝင်နေရပါတယ်။ စစ်ခွေးတိုက်ဆိုတာ အကျဉ်းထောင်အတွင်းမှာ လုံခြုံရေးအတွက် ခွေးတွေကို သင်တန်းပေးပြီး (အဲ့ဒီခေတ်က) အဖြူရောင်ဝတ်စုံမြင်ရင် ခွေးတွေက သဲသဲမဲမဲလိုက်တတ်အောင် သင်ထားပြီး ခွေးတွေအတွက် သီးခြားထားတဲ့တိုက်ကို စစ်ခွေးတိုက်လို့ ခေါ်တာပါ။ အဲ့ဒီတိုက်မှာ တိုက်ခန်း (၁၀)ခန်းလောက်ရှိမယ် ထင်ပါတယ်။ ပြစ်ဒဏ်ကြီးကြီးမားမား၊ ထောင်တွင်း ပြဿနာဖြစ်သူတွေ ထားတဲ့နေရာတစ်ခုပါ။ အရင်ကဆိုရင် ဆန့်ကျင်ဘက် ပါတီအဖွဲ့အစည်းကသူတွေကို ခေါ်ရိုက်နေတဲ့ နေရာတစ်ခုပါ။ ပြောရရင် သီးခြားအုတ်ရိုးဝင်းကလေးတစ်ခုထဲမှာ ခွေးတွေကလည်း သူတို့တိုက်ခန်းလေးထဲမှာနေ၊ လူတွေကလည်း သူတို့လိုပဲ တိုက်ခန်းလေးထဲမှာ နေတဲ့နေရာကို စစ်ခွေးတိုက်လို့ခေါ်တာပါ။ (၁)နာရီလောက်ကြာတော့ ထွက်ခိုင်း



ပြီး စစ်ခွေးတိုက်အပေါက်ကနေ ကားတစ်စီးပေါ်တက်ရပါတယ်။ ကားမောင်းထွက်သွားပြီး ထောင်အတွင်းထောင်ကျရုံးရှေ့မှာ တစ်ခါပြန်ဆင်းရပါတယ်။

ဝရမ်းစစ်တာပါပြီးတာနဲ့ ဂုံးထဲကို လမ်းလျှောက်သွားရပြီး လူထပ်စစ်ခါဂူးအပြင် ကားတစ်စီးအပေါ် တက်ရပါတယ်။ အင်းစိန်ထောင်ဂူးဝကနေကားက ထွက်လာပါပြီ။ ဘယ်ကိုသွားမယ်ဆိုတာ မသိပါဘူး။ ယခု ကျွန်တော်စာရေးနေတဲ့ (၂၀၁၄)ခုနှစ်ဆိုရင် (၁၅)နှစ်လောက် ကြာသွားပြီဖြစ်တဲ့အတွက် ဘယ်လမ်းကသွားတယ်ဆိုတာ မမှတ်မိတော့ဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်ခင်ညွန့် ရွှေတိဂုံစေတီတော်ကြီးကို ထီးတင်ဖို့အတွက် ပြင်ဆင်ထားတာကိုတော့ မှတ်မိနေပါတယ်။ (၁၉၉၉)ခုနှစ် (၄)လပိုင်း (၆)ရက်နေ့ပါ။ ကျွန်တော်တို့ စီးလာတဲ့ကားဟာ ရန်ကုန်ဘူတာကြီးကိုရောက်လာမှ ရထားနဲ့ သွားရမယ်ဆိုတာ သိရပါတယ်။ ဘယ်ကိုသွားရမယ်ဆိုတာတော့ တိတိကျကျမသိရသေးပါဘူး။ ဘူတာကြီးရှေ့ကားပေါ်မှာ နာရီဝက်လောက်ထိုင်နေရတာတော့ မှတ်မိပါတယ်။ နောက်တော့ ကားပေါ်က ဆင်းပြီးကျွန်တော်တို့စီးရမဲ့ အကျဉ်းသားတွေအတွက် သီးခြားပြန်လုပ်ထားတဲ့ အလုံပိတ်ရထားတွဲပေါ် တက်ရပါတယ်။ အဲဒီချိန်ကျမှ ထောက်လှမ်းရေးက ဗိုလ်မှူးရန်နိုင်ထွန်းကို တွေ့ရပါတယ်။ ကျွန်တော်က တွဲထဲကနေ ဗိုလ်မှူး ခဏလာပါအုံးလို့ ခေါ်လိုက်တော့လာပါတယ်။ ကျွန်တော် ဘယ်ထောင်ကို ပြောင်းရမှာလဲလို့ မေးလိုက်ပါတယ်။ မင်းကို မန္တလေးထောင်ကို ပြောင်းပေးထားတယ်။ အဲဒီမှာ ကောင်းကောင်းနေလို့ ပြောပါတယ်။ ကျေးဇူးတင်ပါတယ်လို့ပြောရင်း နှုတ်ဆက်လိုက်ပါတယ်။ ကျွန်တော် အကူအညီတောင်းတဲ့အတိုင်း မြို့ထောင်တစ်ခုကို ပြောင်းပေးတဲ့အတွက် သူ့ကို ကျေးဇူးတင်တာပါ။ ကျွန်တော် အင်းစိန်ထောင်မှာ သူတို့ပြဿနာထဲ မပါရင်လည်း အနေးနဲ့ အမြန်ထောင်ပြောင်းရမှာပဲ၊ ဒါကြောင့် စားဝတ်နေရေး အဆင်ပြေမယ့် မြို့ထောင်ကို ပြောင်းချင်တာပါ။ (၁၉၉၉)ခုနှစ် အချိန်က နှစ်ကြီးသမား ရန်ကုန်သားမှန်ရင် အင်းစိန်ထောင်မှာ မထားပါဘူး။ သာယာဝတီထောင်၊ သရက်ထောင်၊ တောင်ငူထောင်၊ မြင်းခြံထောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို သေချာပေါက် ပြောင်းရမှာပါ။

အလုံပိတ်ရထားပေါ်မှာ ကိုယ့်ဘ၀ရှေ့ရေး ကိုယ်တွေးရင်း၊ စိတ်ဆင်းရဲစွာ ထိုင်နေမိပါတယ်။ မီးရထားကြီးကတော့ တရွေ့ရွေ့ မန္တလေးဘက်ကို ဦးတည်သွားနေပါပြီ။ ဘယ်လိုတွေဆက်ဖြစ်လာမယ်တော့ မသိပါဘူး။

◘ ◘ ◘



## မန္တလေးထောင်

(၇. ၄. ၁၉၉၉) မှ (၂၅. ၇. ၂၀၀၉) ခုနှစ်ထိ မန္တလေးထောင်
ထောင်ဝင်အမှတ် - မတလ/၀၅-၀၂၆၉၇/က

(၇. ၄. ၁၉၉၉) ခုနှစ်ညနေ (၅)နာရီခန့်မှာ မန္တလေးမြို့က အိုးဖိုထောင်ကို ကျွန်တော်တို့ရောက် လာပါတယ်။ ထောင်ဝင်ပူးတံခါးမှာ ပြဿနာမရှိပေမယ့် အတွင်းပိုင်း မိန်းဂျေးကိုရောက်တော့ ပြဿနာကစပါပြီ။ ကျွန်တော်တို့ စီးလာတဲ့ သားရေခြေညှပ်ဖိနပ်၊ ကွင်းထိုးဖိနပ်၊ ရှူးဖိနပ်၊ ဆင်ကြယ်

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်၊ မြင်းကြယ်ဖိနပ်တွေကို မန္တလေးထောင်မှာ စီးခွင့်မရှိဘူး။ သိမ်းမယ်လို့ ပြောပါတယ်။ နိုင်ငံရေးသမားတွေက အင်းစိန်ထောင်လို နံပါတ်(၁) စံပြထောင်မှာတောင် စီးခွင့်ပြုတာ အသိမ်းမခံနိုင်ဘူးလို့ ပြန်ပြောကြပါတယ်။ ဒီလိုနဲ့ ထောင်ဝန်ထမ်းတွေနဲ့ နိုင်ငံရေးသမားတွေ အခြေအတင်ပြော ဆိုနေချိန်မှာ ဦးစီးအရာရှိ ဦးဝင်းမောင်ဆိုသူ ရောက်လာပြီး အခုရောက်လာတဲ့သူတွေက ထောင်ပြောင်းဆက်သွားရမယ့်သူတွေဖြစ်တဲ့အတွက် ဖိနပ်တွေကို မသိမ်းပါနဲ့လို့ပြောပြီး SPRITE ဗူးတွေ၊ ကော်ဖီမစ်ထုပ်တွေကို ဒီမန္တလေးထောင်မှာ ထောင်အတွင်းမှာ စားသောက်ခွင့်မပြုဘူးလို့ပြောတော့ နိုင်ငံရေးသမားတွေက မင်းတို့အသိမ်းတော့မခံဘူးဆိုပြီး ထမင်းစားတဲ့ကော်ဇလုံတွေထဲကို SPRITE ဗူးတွေဖွင့်ထည့် ကော်ဖီမစ်မျိုးစုံကို ဖောက်ထည့်ရောမွှေပြီး ထောင်ပြောင်းလာတဲ့သူတွေအကုန်လုံး ဝိုင်းသောက်ကြတာကို ထောင်အာဏာပိုင်တွေ၊ ဝန်ထမ်းတွေ မကျေမနပ်နဲ့ ကြည့်နေကြတဲ့ မြင်ကွင်းကို ယနေ့အထိ သတိရနေတုန်းပါပဲ၊ ကျွန်တော်တို့ဆီက ဖိနပ်သိမ်းမယ်၊ ကော်ဖီမစ်ထုပ်တွေသိမ်းမယ်၊ အအေးဗူးတွေသိမ်းမယ် ပြီးရင် ဝေစုခွဲပြီး ယူမယ်ဆိုတဲ့သူတွေကို နိုင်ငံရေးသမားတွေရဲ့ချက်ခြင်း တုံ့ပြန်လိုက်တဲ့ ဒီလိုအဖြစ်အပျက်ဟာ ကျွန်တော့်အတွက် နောင်တစ်ချိန်မှာ ဖြစ်လာမယ့် ထောင်အတွင်း တိုက်ပွဲတွေမှာ အသုံးဝင်လာမယ့် အတွေ့အကြုံတစ်ခုပါပဲ။

ဒီလိုအဖြစ်အပျက်တွေဖြစ်ပြီး ကျွန်တော်တို့ကို မန္တလေးထောင်တိုက်အတွင်း လူခွဲပြီးပို့ပါတယ်။ ကျွန်တော်က တိုက်(၄)မှာ နေရပါတယ်။ နောက်နေ့နံနက်ပိုင်းမှာ အခြားသူအတော်များများ ထောင်ပြောင်း ဆက်လက်ထွက်ခွာသွားကြောင်းကြား သိရပါတယ်။ (၇. ၄. ၁၉၉၉)ခုနှစ်မှာ မန္တလေးထောင် တိုက်အပို့ခံရပြီး၊ (၂. ၉. ၁၉၉၉)ခုနှစ်ထဲမှာပဲ တိုက်ပွင့်ပါတယ်။ (၅)လခန့် တိုက်အတွင်းနေစဉ်ကာလမှာ ပြဿနာ(၃)ကြိမ်ဖြစ်ပါတယ်။ ကျွန်တော်မန္တလေးထောင်ရောက်ပြီး (၄)တိုက်မှာနေစဉ် ညနေစောင်းဆိုရင် အသံတွေ နေ့စဉ်ကြားနေရပါတယ်။ လူနှစ်ယောက်ငြင်းခုန် စကားများပြီးရန်ဖြစ်နေတဲ့အသံပါ။ ဒီအသံတွေရဲ့အဓိပ္ပာယ်ကို နောက်ပိုင်းမှာ သိရပါတယ်။ မန္တလေးထောင်ရဲ့ ဒုတိယထောင်ပိုင်လေး ဗိုလ်မှူးထွန်းလှစိန်နဲ့



ရန်ကုန်တိုင်း တွံတေးမြို့နယ်က ဓားပြမှုနဲ့ ထောင်ကျနေတဲ့ ကြည်ရွှေဆိုတဲ့ သူတို့ ညနေစောင်းလို့ တိုက်ခန်းတံခါးတွေ ပိတ်ပြီးချိန်ဆိုရင် ထောင်ပိုင်လေးကရောက်လာပြီး အတွင်းနဲ့အပြင် အမြဲစကားများရန်ဖြစ် အော်ဟစ်ဆူညံနေပါတယ်။ ဒီပြဿနာအစကတော့ ICRC ကမ္ဘာ့ကြက်ခြေနီအဖွဲ့လာချိန်မှာ ကြည်ရွှေဆိုတဲ့သူက ပိတ်ထားတဲ့ အိပ်ဆောင်တံခါးကို အတင်းဖွင့် မိန်းဂျေးကိုထွက်ပြီး ICRC ကို အကျဉ်းထောင်ရဲ့ မတရားမှုတွေကို တိုင်တန်းတဲ့အတွက် မန္တလေးထောင်ရဲ့ အထူးအရာရှိဆိုသူ ထောင်ပိုင်လေး ဦးထွန်းလှစိန်က ကြည်ရွှေကို အမြဲလာရောက် ကြိမ်းဝါးနေတာကို ကြည်ရွှေကလည်း ခွန်းတုံ့မခံ ပြန်လည်ပြောဆိုနေတဲ့အတွက် မကြာခင်မှာ ကြည်ရွှေကို တစ်ဖက်လှည့်နဲ့ ဒုက္ခပေးပါတော့တယ်။ ဒုက္ခပေးတဲ့ ပုံစံကတော့ သားငယ်ဆို သူအကျဉ်းသားကို ဘယ်လိုနည်းနဲ့ ချိတ်ဆက်ပြောဆိုလိုက်တယ် မသိပါဘူး။ မကြာခင်မှာ ကြည်ရွှေကို သားငယ်က ပေါက်တူးနဲ့ ခုတ်လိုက်လို့ ဆေးရုံတင်လိုက်ရတယ်လို့ သတင်းကြားပါတယ်။ (၁၉၉၉) ခုနှစ်ဆိုတဲ့ အချိန်မှာ မန္တလေးထောင်ဆိုတာ တော်တော်ကို အခြေအနေဆိုးနေတဲ့ အချိန်ပါ။

အကျဉ်းသားအုပ်ချုပ်ရေးတွေဖြစ်တဲ့ တစ်ထောင်လုံးဘုတ်ကိုင် မြင့်သိန်းရွှေတို့၊ တန်းစီးချုပ်တိုးကြီးတို့၊ ကြည်ဝင်းတို့၊ မန္တလေးက စိုးကြီးတို့လို အဆောင်တွေမှာ တန်းစီးချုပ်ရာထူးယူအာဏာပိုင်တွေနဲ့ အကျိုးတူစီးပွားရှာပြီး အကျဉ်းသားအချင်းချင်း နှိပ်စက်၊ ညှင်းပန်းကာနည်းမျိုးစုံနဲ့ ငွေရှာနေတဲ့အချိန်၊ အရိုက်ကတော့ ရိုးရာဓလေ့တစ်ခုလို မထူးဆန်းတော့ပဲ အခန်းလူကြီး၊ စည်းကမ်းထိန်းဆိုတဲ့ သူတွေကလည်း အပြင်းပြေ ရိုက်နေတဲ့အချိန်၊ အကျဉ်းသားအချုပ်သား အချင်းချင်းစကားများ၊ ထိုးကြိတ်မှုလေးဖြစ်ရင်တောင် ခွေးတစ်ကောင်၊ နွားတစ်ကောင်လို ပက်ပက်စက်စက် ရိုက်နေတဲ့ခေတ်ကြီးမှာ သားငယ်က ကြည်ရွှေကို ပေါက်တူးနဲ့ ခုတ်တာကို ဘယ်ထောင်မှူး၊ ဘယ်ဝန်ထမ်း၊ ဘယ်အကျဉ်းသား အုပ်ချုပ်ရေးပိုင်းမှ ပေါက်ဖျားနဲ့ သားငယ်ကို မထိတာဟာ တစ်ခုခုတော့ လွဲနေပြီဆိုတာ ကျွန်တော်တို့အားလုံးသဘောပေါက်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၉၉၉)ခုနှစ် (၉)လပိုင်း (၂)ရက်နေ့မှာ ကျွန်တော်တိုက်ပွင့်ပြီး အိပ်ဆောင်(၄) အခန်း(၄)မှာ နေရပါတယ်။ နှစ်ကြီးသမားတွေ သီးခြားထားတဲ့ အခန်းပါ။ မြန်မာနိုင်ငံသား တိုင်းရင်းသားလူမျိုးစုံနဲ့ တရုတ်၊ ကုလား၊ FRC နိုင်ငံခြားသားတွေရောထားတဲ့ အခန်းပါ။ အရင်က မန္တလေးထောင်မှာ အမျိုးသားအိပ်ဆောင်(၄)ဆောင်ရှိပါတယ်။ အခု အိပ်ဆောင်(၅)ဆောင် ဖြစ်သွားပါပြီ။ ကျွန်တော်တို့နေရတာက ဝင်းတစ်ခုထဲမှာ အိပ်ဆောင်(၃/၄)ရောထားပြီး အိပ်ဆောင်(၃)မှာတော့ အဲဒီချိန်က အချုပ်ဆောင်ပါ အိပ်ဆောင်(၄) အပေါ်(၁)နဲ့(၂)က အပြင်ဘုတ်တွေနေပြီး အောက်အိပ်ဆောင်(၄)ကို သံဆူးကြိုးခတ်ထားပါတယ်။ အချုပ်ထောင်ဘက်ကို မသွားရပါဘူး။ အချုပ်ထောင်ဆိုတာ ထောင်လောကမှာ သူဌေးထောင်ပါ။ အချုပ်သားဘဝမှာ အပါတ်စဉ် ရုံးချိန်းရှိလို့ငွေ၊ စားစရာပေါများသလို အချုပ်ထောင်ဝင်စာက (၇)ရက်တစ်ကြိမ် တရားဝင်တွေ့ရပါတယ်။ ပတ်သက်မှုရှိရင် ဒါမှမဟုတ် ငွေပေးနိုင်ရင်ထောင်ဝင်စာ ဘယ်နှစ်ရက်ဖြစ်ဖြစ် ဘယ်နှကြိမ်ဖြစ်ဖြစ် ထောင်ကျရက် ထောင်ဝင်စာတွေ့မလား၊ ထောင်ပိုင်ကြီးထောင်ပိုင်လေး ရုံးခန်းမှာ တွေ့မလား၊ အားလုံးအဆင်ပြေပါတယ်။ ခုခေတ်ထိအောင် ဒီအဖြစ်ပျက်တွေက ရှိနေပါသေးတယ် ဘယ်ထောင်ဘဲဖြစ်ဖြစ် ငွေကိုသာ ရေလိုသုံးရင် ဘာလုပ်လုပ် တင့်တယ်ပါတယ်။

ကျွန်တော်တို့နေတဲ့ အိပ်ဆောင်(၄)က ထောင်ကျနှစ်ကြီးသမားတွေနေတဲ့ သာတီဖိုက်ဆောင်ပါ။ ရုပ်မပေါက်တဲ့ အဆောင်ပေါ့။ ရန်ကုန်ကစကားနဲ့ပြောရင် ကျူးကျော်ရပ်ကွက်(သို့) သူဌေးရပ်ကွက်နဲ့ ဆင်းရဲသားရပ်ကွက်နေတဲ့ပုံစံပါ။ အချုပ်ဆောင်က စားနိုင်၊ သောက်နိုင်၊ ငွေကြေးသုံးစွဲနိုင်သလောက် နှစ်ကြီးဆောင်က မဝတ်နိုင်၊ မစားနိုင်၊ ငွေကြေး မသုံးစွဲနိုင်ကြပါဘူး။ နှစ်ကြီးသမားအများစုဟာ တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ မူးယစ်မှုနဲ့ များပါတယ်။ ထောင်ဝင်စာ မလာနိုင်ကြပါဘူး။ နိုင်ငံခြားသားတွေကိုလည်း အချုပ်သားတွေ အထုပ်ဆွဲလာရင် နှစ်ကြီးသမားတွေက သံဆူးကြိုးရဲ့ တစ်ဖက်ကနေ ကြည့်ပြီးသားရေကျနေကြရတာ ကျွန်တော်တောင် မကောင်းပါဘူး။



(၂၀၀၀)ခုနှစ်လောက်မှာ မန္တလေးထောင်ရဲ့ အချုပ်ထောင်ပုံစံခန်းဟာ တကယ့်ကို ငွေထုတ်စက်ရုံကလေးတစ်ခုပါပဲ၊ အဲဒီအချိန်မှာ မန္တလေးမြို့ဟာ မြန်မာနိုင်ငံရဲ့မူးယစ်ဆေးဝါး ရောင်းဝယ်မှုအများဆုံးမြို့တော် တစ်ခုဖြစ်တဲ့အပြင် မူးယစ်ဆေးဝါး သုံးစွဲသူအရေအတွက်ဟာလည်း မနည်းပါဘူး။ ဒါကြောင့်လည်း မန္တလေးထောင်ရဲ့အချုပ်သား၊ အကျဉ်းသားအပေါင်းလူအင်အား(၅၀၀၀)လောက်မှာ မူးယစ်မှုက (၄၀၀၀)လောက် ဖြစ်နေတာပါ။

မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူအများစုဟာ ငွေကြေး ပြေလည်ကြတာ များပါတယ်။ အချုပ်သစ်ပဲဖြစ်ဖြစ် အကျသစ်ပဲဖြစ်ဖြစ်၊ အဆောင်မှူးတို့၊ ပုံစံပြုတို့၊ အခန်းလူကြီးတို့၊ ကြမ်းတိုက်ဘုတ်ကိုင်တို့က မူးယစ်မှုဆိုရင် စိတ်ဝင်စားပါတယ်။ ခိုးမှု၊ နိုက်မှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှုတွေဆိုရင် သူတို့ အာရုံမရကြပါဘူး။ ဒီလို အမှုသမားအများစုဟာ ငွေမရနိုင်တဲ့အပြင် အချိန်မရွေးပြဿနာရှာမယ့်သူတွေ ဖြစ်တဲ့အတွက် (ဘစ)လို့ ထောင်စကားနဲ့ သုံးတဲ့(ဘိန်းစား)မူးယစ်သမားတွေသာ သူတို့ရဲ့အမိက ပစ်မှတ်တွေပါ။

မန္တလေးထောင်မှာ ကျွန်တော်နေခဲ့တဲ့(၁၀)နှစ်ကျော်ကာလအတွင်းမှာ ကိုလိုနီစရိုက်အပြည့် ကျင့်သုံးအုပ်ချုပ်တာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်။ အချုပ်ဆောင်မှာပဲဖြစ်ဖြစ်၊ ထောင်ကျဆောင်မှာပဲဖြစ်ဖြစ် အဆောင်တိုင်းမှာ ပုံစံခန်းဆိုတာ ရှိပါတယ်။ ထောင်အာဏာပိုင်တွေ စုပေါင်းတိုင်ပင်ဆွေးနွေးပြီး သူတို့အကျိုးစီးပွားကို အာမခံပြီး ငွေကြေးရှာဖွေမဲ့သူ အကျဉ်းသားအချင်းချင်း မတရားနှိပ်စက်ညှင်းပန်းပြီး ငွေရှာမဲ့သူ(ဥပမာ) အဖြူရောင်ကြီးတွေ့နေပါလျက် ထောင်အာဏာပိုင်က ဒါအမည်းကြီးကွလို့ပြောရင် သူတို့မွေးထားတဲ့ တပည့်ကသွားဖြီးပြီး ဟုတ်ကဲ့ဆရာ အမည်းရောင်ကြီးပါလို့ ပြောတဲ့ကောင်မျိုးတွေကို တပည့်ရင်းအဖြစ် လက်သပ်မွေးပြီး ဆရာတပည့်တွေ အကျိုးတူစီးပွားရှာလို့ အကျဉ်းထောင်အုတ်ရိုးအတွင်းမှာ လူပါးဝနေကြတာပါ။ အပတ်စဉ် တနင်္လာနေ့ကနေ သောကြာနေ့အထိ ငါးရက်လုံးလုံး အချုပ်သစ်၊ အကျသစ်နေ့စဉ် ရောက်ရှိကြပါတယ်။ အချုပ်သစ်တစ်ယောက်အဖို့ အိမ်က စားဖို့၊ သောက်ဖို့၊ သုံးဖို့ထည့်ပေးလိုက်တဲ့ ပစ္စည်းမှန်သမျှဟာ (၂၄)နာရီအတွင်း ကုန်သလောက်ဖြစ်သွားတာဟာ

www.burmeseclassic.com

www.burmeseclassic.com



ထောင်လောကမှာ မထူးမဆန်းဖြစ်ရပ်ပါ။ ထောင်ထဲမှာ ဝင်လိုက်ထွက်လိုက် လုပ်နေတဲ့ ဒုစရိုက်လောကသားတွေကလွဲရင် ကျသစ်လို့ခေါ်တဲ့ အချုပ်သား ဘဝမှာ ထောင်ကျသွားတဲ့သူဟာလည်း ထောင်ကျသွားတဲ့နေ့မှာ ဘဝသစ် တစ်ခု ပြန်စရပါပြီ။ အချုပ်ဘဝတုန်းကလို ကျသစ်ဘဝမှာလည်း နောက် ထပ်ပေးရ၊ ကမ်းရ၊ ကျွေးရ၊ မွေးရအုံးမှာပါပဲ။ ဒီလိုမှ မဟုတ်ရင် ပုံစံခန်းမှာ ပုံစံပြကရိုက်မယ်၊ ကြမ်းတိုက်ဘုတ်ကိုင်က ရိုက်မယ်၊ အခန်းလူကြီးက ရိုက်မယ်၊ စည်းကမ်းထိန်းဘာယာက ရိုက်မယ်။ ပုံစံပြကတော်၊ ကြမ်းတိုက် ဘုတ်ကိုင်ကတော်၊ အခန်းလူကြီးကတော်၊ စည်းကမ်းထိန်းကတော်၊ ဘာယာကတော်၊ သူ့အဆင့်နဲ့သူ ပါဝါအာဏာပြနေတဲ့ ဒီလို(ဂျီ) (သို့) ကလေးလို့ခေါ်တဲ့ ထောင်လောကရဲ့ (ဘာညာကတော်)တွေကလည်း အာဏာပြိုင်၊ အလှချင်းပြိုင်လို့၊ သူ့သားက မလှဘူး။ ငါ့သားက လှတယ်။ သူ့သားက ဆိုးတယ်။ ငါ့သားက လိမ္မာတယ်။ သူ့များကလေးတွေက လောင်းကစားလုပ်တယ်။ ငါ့သားလေးက ဘာမှမလုပ်ဘူးဆိုတဲ့ ဂုဏ်တု ဂုဏ်ပြိုင်ကလည်း အရင်ခေတ်ထောင်လောကမှာ မထူးဆန်းတဲ့ ဇာတ်လမ်း တွေဆိုတာ ထောင်အာဏာပိုင် လူဟောင်းတွေရော၊ အကျဉ်းသား လူ ဟောင်းတွေရော အားလုံးသိကြပါတယ်။ ထောင်လောကကို တစ်ကြိမ် တစ်ခါမှ မရောက်ဖူးတဲ့သူတွေဆိုရင် အံ့ဩစရာ ဂျီတွေက ဖြပါတယ်။ ရောက် ခါစ အကြောက်တရားကြီးစိုးနေချိန်မှာ ဒီလိုသူတွေရဲ့ ဆဲဆိုကြိမ်းမောင်း၊ ရိုက်နှက်မှုကို ခံရပြီးနောက်ကြာမှ ကိုယ့်ကိုနိုင်သူဟာ ဘာလဲဆိုတာသိရပြီး ရှက်နေတဲ့သူတွေ အများကြီးကြုံ တွေ့ခဲ့ရပါတယ်။ ကျွန်တော်နေခဲ့တဲ့ အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်၊ နောင်ချို ရဲဘက်စခန်းဆိုတဲ့ နေရာအားလုံးမှာ (၂၀၁၄)ခုနှစ်အထိ ဒီလိုကိစ္စတွေ အနည်းနဲ့အများရှိတုန်း ပါပဲ။ မှတ်ချက်- ယောက်ျားချင်း လိင်တူဆက်ဆံသူများကို အင်းစိန်ထောင် တွင် ဂျီဟူ၍လည်းကောင်း၊ အသားဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲ၍ မန္တလေးထောင်၊ မြင်းခြံထောင် နောင်ချိုရဲဘက်စခန်းများတွင် သားဟူ၍ လည်းကောင်း၊ ကလေးဟူ၍လည်းကောင်း ခေါ်ပြောသုံးစွဲကြပါသည်။ အသက်(၁၅)နှစ်မှ (၂၅)နှစ်ထိ အသားဖြူသူ၊ ရုပ်ချောသူ၊ ကြောက်တတ်သူ၊



အလုပ်မလုပ်ချင်သူ၊ အစားကောင်းကောင်း စားချင်သူတွေ၊ အဝတ် အထည်လှလှပပ ဝတ်ချင်သူ၊ ဒီလိုမျိုး စိတ်တစ်မျိုးမျိုး ချို့ယွင်းသူတွေကို ထောင်သမ္ဘာအနေကြာသူ အုပ်ချုပ်ရေးပိုင်း၊ ရာထူးရထားတဲ့သူတွေက နည်းမျိုးစုံ အချော့အခြောက်မျိုးစုံနဲ့ စည်းရုံးသိမ်းသွင်းပြီး လိင်တူဆက်ဆံ ကြပါတယ်။

(ယခင်ခေတ်)အရိုက်အနှက်လေးနဲ့ပါ စည်းရုံးပါတယ်။ တော်ရုံတန်ရုံ စိတ်ဓာတ်နဲ့တော့ ပါသွားတာများပါတယ်။ အပြင်လောကမှာ ခြေကားယား၊ လက်ကားယားနဲ့ ဆိုးသလို မိုက်သလိုလုပ်ပြီး အဖမ်းခံရတာနဲ့ ရဲစခန်း အချုပ်မှာ အရိုက်ခံရမယ်။ ထောင်ရောက်တာနဲ့ ဂူးဝမှာ အရိုက်ခံရမယ်။ မိန်းဈေးမှာ အရိုက်ခံရမယ်။ ပုံစံခန်းမှာ အရိုက်ခံရရင်း ကြမ်းတိုက်၊ ချီးအိုး ထမ်း၊ သေးအိုးထမ်း၊ (ဘောက်ဆင်း)လိုက် ဒီလိုဒုက္ခမျိုးစုံခံရ၊ နေရတဲ့ အပြင် ရှည်ရှည်ချောမောရင် ယောက်ျားစစ်စစ်ကနေ ရည်းစားစကား အပြောခံရပါသေးတယ်။ ခုခေတ်ချာတိတ်တွေရဲ့ ရုပ်ရည်၊ အသားအရည်၊ အပြောအဆိုနေထိုင်မှုတွေနဲ့တော့ ထောင်ထဲမှာ တောင်ယာစိုက်ခင်း တွေရှိပါတယ်။ အိပ်ဆောင်အတွင်းမှာရော၊ အပြင်ဘက်အုတ်ရိုးနှစ်ထပ် အတွင်းမှာပါ စိုက်ခင်းတွေရှိပါတယ်။ ဒီတောင်ယာတွေမှာ ဘုတ်ကိုင်တို့၊ အမြဲဆင်းတို့ဆိုတဲ့ ငွေပေးပြီး တောင်ယာကို ဝယ်ဘုတ်ကိုင်လုပ်နေတဲ့ သူတွေရှိသလို အမြဲဆင်း အမည်ခံငွေပေးပြီး အလုပ်သက်သာဖို့အတွက် ဘုတ်သားအဖြစ်နေထိုင်သူတွေ ရှိပါတယ်။ လုပ်ငန်းချအမည်ခံ ဘာမှမလုပ် ပါဘူး။ ဒီလိုတောင်ယာတွေကို အိပ်ဆောင်အတွင်းမှာဆိုရင် အဆောင် ထောင်မှူးကို ငွေသောင်းချီ၊ သိန်းချီပေးပြီး ဝယ်ရပါတယ်။ ဘယ်သူမှ အလကား မရပါဘူး။ ဒီလိုပဲ ရေကန်ဘုတ်ကိုင်လုပ်ချင်ရင် ငွေပေးပြီး ဝယ်ရ ပါတယ်။ ကျွန်တော် ကိုယ်တိုင်ဝယ်ခဲ့တာပါ။ ရေကန်ဘာယာ ရာထူးဟာ လည်း ငွေပေးမှရတာပါ။ မန္တလေးထောင်မှာ ကျွန်တော်နေခဲ့တဲ့ (၁၀)နှစ် ကျော်ကာလမှာ ကျွန်တော်နှစ်ကြီးဆောင် ရေကန်ဘုတ်ကိုင် (၃)နှစ်ကျော် အချုပ်ရေကန်ဘုတ်ကိုင် (၉)လခန့် လုပ်ဖူးပါတယ်။ အပူစာတော့ ကျွန်တော် မစားပါဘူး။ သဒ္ဓါကြေးတော့စားပါတယ်။ ကျွန်တော် ရေကန်ဘုတ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တဲ့ (၄)နှစ်ကာလအတွင်းမှာ ကြုံခဲ့သမျှကတော့ ရေကန်ဘုတ်ကိုင် လုပ်ဖို့ (၂၀၀၃)ခုနှစ်လောက်မှာ ငွေစုစုပေါင်း(၅၀၀၀၀)ခန့် ကုန်ပါတယ်။ ကျွန်တော်လက်အောက်မှာ ရေကန်ဘာယာလုပ်တဲ့ သူတွေဟာလည်း အကုန်လုံးငွေပေးရပါတယ်။ ရေဝေချိုးချင်သူတွေက ကျွန်တော့်ကို အဲဒီခေတ်က ငွေ(၂၀၀၀)ပေးရပါတယ်။ လူတစ်ယောက်(၂၀၀၀)နဲ့ တစ်လကို လူပေါင်း (၇၀/၁၀၀)ခန့် ငွေပေးပြီး ရေဝေချိုးသူတွေရှိပါတယ်။ ဒီရတဲ့ ငွေတွေထဲက အဆောင်ထောင်မှူးကို နှစ်ပတ်တစ်ကြိမ်လောက် (၁)သောင်း၊ (၂)သောင်း ပုံမှန်ပေးရပါတယ်။ မိန်းဂျေးက ဦးစီးအရာရှိ(သို့) အဆောင့်မှူးချုပ် နှစ်ပွင့်သုံးပွင့်ကိုလည်း အနည်းဆုံး(၁)လတစ်ကြိမ် တစ်သောင်းဖြစ်ဖြစ်၊ နှစ်သောင်းဖြစ်ဖြစ် ပေးရပါတယ်။ ဒု,အဆောင်မှူးတို့ တ,အဆောင်မှူးလို ခေါ်တဲ့တပ်ကြပ်၊ ဒုတပ်ကြပ်တို့ကိုလည်း (၃)ရက် တစ်ကြိမ်၊ (၇)ရက် တစ်ကြိမ် (၃)ထောင်၊ (၅)ထောင် ပေးရပါတယ်။ ဒီလိုရှာဖွေပေးနိုင်မှုမရှိရင် ဒီနေရာမှာ (၁)လ၊ (၂)လ ထက်ပိုကြာမှာ မဟုတ်ပါဘူး။ ပြုတ်သွားမှာပါ။ ဒါတွေတင် မဟုတ်သေးပါဘူး။ ရေလွှတ်ပေးတဲ့ ရေဝန်ထမ်းကိုလည်း နေ့စဉ်နီးပါးပေးရပါတယ်။ ဒီလိုမှ မပေးရင် ရေများများ မလွှတ်ပေးပါဘူး။ မလောက်မငှ နည်းနည်းပဲ လွှတ်မှာပါ။ ဒါကြောင့်လက်ထဲမှာ ငွေလုံးဝ အပြတ်ခံလို့ မရပါဘူး။ အဆောင်ရေကန်မှာ ရေအမြဲရှိဖို့ ငွေအမြဲဆောင်ထားရပါတယ်။ အပြင်ရေစက်ကြီးပျက်လို့ ငွေလာလာတောင်းတာက ခဏခဏပါဘဲ။ နွေရာသီရောက်ရင် ဝင်ငွေကောင်းသလို စိတ်ညစ်ရပါတယ်။ တစ်လကို (၁၅)ရက်လောက် ဆီဝယ်ထည့်ရပါတယ်။ ထောင်ထဲမှာ ဘာပဲလုပ်လုပ် နားလည်မှုနဲ့ လုပ်ရပါတယ်။တရားဝင်တော့မရှိပေမယ့် နည်းမျိုးစုံနဲ့ငွေကို ရှာဖွေဖန်တီးပြီး လည်ပတ်နေကြပါတယ်။ ခုချိန်ထိအောင် လုံးဝကိုမကင်းကြပါဘူး။ လာဘ်ပေးလာဘ်ယူ မပြုလုပ်ဖို့ ဆိုင်းဘုတ်ကြီးကလည်း ရယ်စရာတစ်ခုလို ဖြစ်နေပါတယ်။ ကျွန်တော်မှာ သက်သေအထောက်အထားတွေရှိလို့ ပြောရဲ၊ ရေးရဲတာပါ။

ကျွန်တော်ကိုယ်တိုင် နေထိုင်ဖြတ်သန်းခဲ့တဲ့ (၈၄)ခုနှစ်ကနေ (၂၀၁၄)ခုနှစ်ထိ ဝင်လိုက်၊ ထွက်လိုက်ကာလတွေမှာ မတရားမှုတွေဟာ နေ့စဉ်နဲ့



အမျှ ထောင်တိုင်း ရဲဘက်စခန်းတိုင်းမှာ ရှိနေတယ်ဆိုတာ သိခဲ့ရပါတယ်။ အကျဉ်းသားတစ်ယောက်ရဲ့အသက်ဟာ ခွေးတစ်ကောင်လောက် တန်ဖိုးမရှိပါဘူးဆိုတဲ့စကားဟာ သာမန်သူတွေအတွက် အပိုပြောတာလို့ထင်ချင်ထင်ပါလိမ့်မယ်။ တကယ့်ကို ရဲဘက်စခန်းတစ်ခုခု ရောက်ဖူးသူတိုင်း စခန်းဆိုးတစ်ခုခုနေဖူးသူတိုင်း ဒီစကားဟာ အမှန်ပဲဆိုတာ သိကြပါတယ်။ ခွေးစာစားပြီး နွားလိုအလုပ်လုပ်နေရတဲ့စခန်းတွေ အခုချိန်ထိ ရှိနေပါတယ်။ ဘယ်လိုပဲ ခေတ်တွေပြောင်းပြောင်း မပြောင်းလဲဘဲ ကျန်နေတာကတော့ လူကြီးတွေနဲ့ ဝေးတဲ့နယ်ထောင်တွေနဲ့ ရဲဘက်စခန်းတွေပါပဲ။ မယုံဘူးဆိုတဲ့သူတွေလာခဲ့ပါ ကိုယ်တိုင်လိုက်ပို့ပြီး လက်တွေ့ပြပါမယ်။ ထောင်တွေ ရဲဘက်စခန်းတွေမှာ ကျွန်တော်နဲ့ အတူတူနေခဲ့ဖူးသူတွေ အခုချိန်ထိ ရှိနေပါသေးတယ်။

မန္တလေးထောင်မှာ ကျွန်တော်နှစ်ကြီးသမားဘဝနဲ့ အိပ်ဆောင်(၃-၄)ဝင်းအတွင်း နေ့စဉ်(၂၀၀၀)ခုနှစ်လောက်မှာ အိပ်ဆောင်(၃-၄) အဆောင်မှူးက ထောင်မှူးဦးကျော်ရီပါ တာဝန်ကျရာအိပ်ဆောင်ကို ယူနီဖောင်းဝတ်ပြီး လာတာ မတွေ့သလောက်ပါပဲ။ အရပ်ဝတ်နဲ့ပဲ ဝင်လိုက်၊ ထွက်လိုက် လုပ်နေတတ်ပါတယ်။ တစ်နေ့ကို အရပ်ဝတ်သုံးစုံလောက်လည်း ဝတ်ပါတယ်။ မျက်မှန်က တစ်ခါဝင်ရင် တစ်မျိုးပါပဲ။ (၂၀၀၀)ခုနှစ်လောက်မှာ တစ်နေ့ကို သူ့ရဲ့ဝင်ငွေဟာ ပျမ်းမျှခြင်း(၁)သိန်းနဲ့ (၂)သိန်းကြားမှာ ရှိပါတယ်။ သူလည်း အထက်လူကြီးအဆင့်ဆင့်ကို ပေးကမ်းရတယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာတော့ ထောင်မှူးဦးကျော်ရီရဲ့ရွှေခေတ်ပါ။ အပူစာတွေ အရမ်းဝင်နေတဲ့ အချိန်ပေါ့။ အကုသိုလ်ဆိုတာ အချိန်မဆိုင်းပါဘူး။

(၂၀၀၀)ခုနှစ် မကုန်ခင်မှာပဲ ထောင်မှူးဦးကျော်ရီရဲ့ဇာတ်သိမ်းဟာစပါပြီ။ ကျွန်တော်တို့နေထိုင်တဲ့ အိပ်ဆောင်(၄) အခန်း(၄)ရဲ့အကျဉ်းသားအခန်းလူကြီးမောင်မြင့်ဆိုတဲ့ ဓားပြမှုနဲ့ထောင်ကျ သူနဲ့နှစ်ကြီးသမားတိုက်ပွင့်လာတဲ့ရွှေဘိုက မင်းခိုင်ဦးတို့ မန္တလေးထောင်တိုက်ထဲမှာ တိုက်တန်းစီး မောင်သန်းကို ဒန်ဖလားနဲ့ ရိုက်သတ်ထားတဲ့ စိုးတင့်တို့ ကိုဦး၊ ဈေးချိုကို ဖောက်ထွင်းတဲ့ မိုးကျော်တို့နဲ့ စည်ပါပြီ။ ဓားပြမောင်မြင့်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဒုစရိုက်လောကသား တကယ့်ပီသတဲ့သူပါ။ အခြေအနေကောင်းရင် အင်အား ကောင်းရင် လည်မျိုတက်နင်းပြီး လူပါးဝသလောက် အခြေအနေမကောင်း ရင် ရှိခိုးတဲ့သူမျိုးပါ ။ မင်းခိုင်ဦး၊ စိုးတင့်၊ မိုးကျော်တို့ရဲ့စားအိုးတွဲ ဘာယာ လေးကို အကြောင်းမဲ့ရိုက်နှက်လိုက်တဲ့အတွက်ကြောင့် ဟိုလေးယောက် က မောင်မြင့်ကို စိန်ခေါ်ပါပြီ။ မောင်မြင့် တစ်ညလုံး မအိပ်ရဲတော့ပါဘူး။ မနက်မိုးလင်းတာနဲ့ ထောင်မှူးဦးကျော်ရီကို တိုင်ပါပြီ။ ညက တင်ကိုဦး၊ စိုးတင့်၊ မိုးကျော်၊ မင်းခိုင်ဦးတို့လေးယောက် သူ့ကို သတ်မလို့ တစ်ညလုံး စောင့်ကြည့်နေတဲ့အတွက် သူမအိပ်ရဲဘဲ တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး သတိနဲ့နေရပါတယ်။ သူ့ကို သတ်မလို့ တိုင်ပင်ကြံစည်နေသူတွေကို အရေး ယူပေးဖို့ သူ့အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးဖို့ ထောင် ကျင့်ထောင်ကြံခွဲ့ပစ်ပြီး တိုင်နေတာကို ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြား နေရပါတယ်။ နှစ်ကြီးသမားတွေဟာ သူ့ရဲ့စီးပွားရေးကို အကျိုးမပြုတဲ့ အပြင် သူ့အကျိုးစီးပွားကို နှောင့်ယှက်သလို ဖြစ်နေတဲ့အတွက် ထောင်မှူး ဦးကျော်ရီကလည်း ဂွင်ဝင်ပြီဆိုပြီး အဲဒီလေးယောက်ကိုခေါ် ဘာမှစစ်ဆေး မေးမြန်းပြီး တိတိကျကျစုံစမ်းတာမျိုးမလုပ်ဘဲနဲ့ မင်းခိုင်ဦးတို့လေးယောက် ကို ဒေါက်ခြေချင်းခတ်၊ ခေါင်းစွပ်စွပ်ပြီး လက်ထိပ်နောက် ပြန်ခတ်က မိကျောင်းတက်ခိုင်းပါတယ်။ အိပ်ဆောင် (၃-၄)ရုံးခန်းကနေ အဆောင် အုတ်ရိုးဝင်ပေါက်အထိပါ စဉ်းစားကြည့်ကြပါ။ ခေါင်းစွပ်စွပ်ထားလို့ ဘာမှ မမြင်ရတဲ့သူကို ရင်ဘတ်နဲ့ ခြေထောက်ကို အားပြုပြီး ရှေ့ကို သွားတဲ့ပုံစံမျိုး မြင်ယောင်ကြည့်ပါ။ ခြေထောက်မှာ ဒေါက်ခြေကျင်းနဲ့ လက်ကို နောက်ပြန် လက်ထိပ်ခတ်ပြီး မှောက်ရက်သွားတဲ့ အဖြစ်မျိုးကို ကျွန်တော်လည်း ဒီတစ်ကြိမ်ပဲ မြင်ဖူးပါတယ်။ အိပ်ဆောင် (၃-၄) ရုံးခန်းဘေးထဲက ထောင်မှူး ဦးကျော်ရီကရိုက်လိုက်၊ ထောင်မှူးကြီး ဦးသိန်းမြင့်ရိုက်လိုက်၊ အခြား ဝန်ထမ်းတွေကရိုက်လိုက်၊ မိန်းဂျေးရောက်ပြန်တော့လည်း ဝိုင်းရိုက်တဲ့ အတွက် အခြေအနေကတော်တော် ဆိုးနေပြီ။

အိပ်ဆောင် (၂)အဆောင်မှူးရုံးခန်းထဲမှာ ထောင်ပိုင်က ထိုင်နေပါ တယ်။ ကျွန်တော်ရုံးထဲကို စဝင်လျှင်ဝင်ချင်း ထောင်ပိုင်ကို အလေးပြုလိုက်



ပါတယ်။ ထောင်ပိုင်က ခေါင်းတစ်ချက်ညိတ်ရင်း မင်းတပ်ကလားလို့ မေး လိုက်ပါတယ်။ ကျွန်တော်လည်း ဟုတ်ကဲ့ ကျွန်တော် (ခလရ ၉၆) ကျိုက်ထို မှာ နှစ်နှစ်ခွဲခန့် တာဝန်ထမ်းဆောင်ဖူးပါတယ်။ ကိုယ်ပိုင်အမှတ်(၅၄၂၉၇၈) တိုင်းဗဟို (၄)ဝဲကလိကျောင်းဆင်းပါလို့ ပြောလိုက်ပါတယ်။ ဘာလို့ ကျွန်တော် ထောင်ပိုင်ကို အလေးပြုသလဲဆိုရင် ထောင်ပိုင်က တပ်က ပြောင်းလာတဲ့ သူလို့ သိထားလို့ပါ။ ဒါကြောင့် ဒီလိုပြုမူလိုက်တဲ့အတွက် စကားပြော ဆိုတင်ပြတဲ့အခါ အများကြီး အဆင်ပြေသွားပါတယ်။ ထောင်ပိုင်က မင်း ဘာပြောဆိုတင်ပြချင်သလဲလို့ ကောင်းကောင်းမွန်မွန် ပြောပါတယ်။ ကျွန်တော် မန္တလေးထောင်တစ်ထောင်လုံး လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ထောင်ကျသူတွေ ပြုတ်တဲ့သူတွေပြုတ်၊ ပြောင်းသူတွေပြောင်းနဲ့ ဒီလောက် ပြဿနာမျိုးစုံဖြစ်ပြီးတာတောင် အခုရိက္ခာရုံးမှာ လုပ်နေတဲ့ကျော်စွာဆိုတဲ့ အကျဉ်းသားက နေ့စဉ်ဆီပိဿာချိန်လိုက် ခိုးရောင်း၊ ကြက်သွန်ပိဿာချိန် လိုက်ခိုးရောင်း ကြက်ဥတွေခိုးရောင်း၊ အမဲသားတွေ ခိုးရောင်းလို့ရတဲ့ငွေနဲ့ နေ့စဉ် ဘောလုံးပွဲ ဘော်ဒီလောင်း၊ မောင်းရိုက်၊ နှစ်လုံးထိုး၊ သုံးလုံးထိုး အရင်ကထဲက ဒီလိုလုပ်ပြီး နေ့စဉ်သောင်းချီဖြုန်းနေတာ မန္တလေးထောင် ထဲမှာ လောပန်းဆိုတဲ့တရုတ်သူဌေးတောင် သူ့လောက်မသုံးဖြုန်းနိုင်ဘူး။ သူဖြုန်းနေတဲ့ငွေတွေဟာ ကျွန်တော်တို့အကျဉ်းသားတွေရဲ့ရိက္ခာတွေကို ရောင်းပြီးဖြုန်းနေတာ ဒီလိုလုပ်လို့ သူ့ဆရာတောင် ထောင်ဆယ်နှစ်ကျသွား ပြီး တပည့်လုပ်သူက အခုအချိန်ထိအောင် ခိုးလို့ ကောင်းနေတုန်းပဲလို့ ပြောဆိုတင်ပြပြီး ထောင်ပိုင်ကြီး မယုံရင် မန္တလေးတစ်ထောင်လုံး အခန်းစေ့ ကြည့်လိုက်ပါ။ အခန်းတိုင်းမှာ ဆီပုလင်းတွေ ရှိပါတယ်။ ဆီကို ထောင်ဝင် စာက သွင်းခွင့်မပြုသလို သက်သာဆိုင်ကလည်း မရောင်းပါဘူး။ ဒါပေမဲ့ အခန်းတိုင်းမှာ တစ်ဘူးကို (၂၀၀၀)နဲ့ ဝယ်ထားကြတာကို အချိန်မရွေးသွား ရောက်ရှာဖွေကြည့်ပါ။ အခန်းတိုင်းမှာ ရှိပါတယ်လို့ပြောလိုက်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်က ထောင်ပိုင်ကို တိုင်တော့နေ့က ထောင်မှာ အသားကျွေးတဲ့နေ့ဖြစ်ပါတယ်။ ထောင်ပိုင်က ကျွန်တော်ပြော ဆိုတင်ပြတာတွေကို နားထောင်ပြီး အေးကောင်းပြီ မင်းပြောတဲ့စကားကို

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်လိုတာဝန်ယူသလဲတဲ့ ကျွန်တော်ကိုမေးပါတယ်။ ကျွန်တော်က ထောင်ပိုင်ကြီး ကျွန်တော်က အကျဉ်းသားပါ။ ဒါကြောင့် ကျွန်တော့်ခန္ဓာကိုယ် အသက်နဲ့ရင်းပြီး ကျွန်တော်ပြောဆိုတင်ပြတာတွေ အားလုံးတာဝန်ယူပါတယ်။ ကျွန်တော်ပြောတာမှန်ရင် ထောင်ပိုင်ကြီး ထိထိရောက်ရောက် အရေးယူပေးဖို့ပြောလိုက်ပါတယ်။ ထောင်ပိုင်က ချက်ချင်းထွက်ခွာသွားပါတယ်။ ကျွန်တော်လည်း ကိုယ့်အခန်းကို ပြန်လာခဲ့ပါတယ်။ ဘာတွေဘယ်လိုဖြစ်မလဲဆိုတာ မသိနိုင်ပါဘူး။ လူနဲ့တော့ ရင်းလိုက်ပါပြီ။ ကျွန်တော့်အခန်းကို ပြန်ရောက်ပြီ တစ်နာရီလောက်အကြာမှာ ကျွန်တော်တိုင်လိုက်တဲ့ ရိက္ခာရုံးက ကျော်စွာနဲ့သူ့စားအိုးတွဲ အချုပ်ရုံးက နောင်နောင်တို့နှစ်ယောက် အိပ်ယာလိပ်ကိုယ်စီထမ်းပြီး အချုပ်ဆောင်ကနေ အကျအဆောင်(၁)ကို ပြောင်းသွားတာကို တွေ့မြင်ရပါတယ်။ ကျွန်တော့်ဆီက ပြန်သွားတဲ့ထောင်ပိုင်ဟာ ရိက္ခာရုံးကို ချက်ချင်းသွားရောက်တဲ့အခါ အကျဉ်းသားအများရဲ့ အသားတွေထဲက အမဲသားကောင်းကောင်းလေးတွေ လျှာနဲ့နွားခေါင်းကို ရိက္ခာရုံးက ကျော်စွာနဲ့နောင်နောင်က ကိုင်တွယ်ချက်ပြုတ်နေတာကို တွေ့မြင်သွားတဲ့အတွက် ထောင်ပိုင်က ကျော်စွာနဲ့ နောင်နောင်ကို သူတို့ရာထူးက ဖြုတ်လိုက်ပြီး အချုပ်ဆောင်ကနေ အဆောင်ကို ပြောင်းလိုက်တဲ့ အကြောင်း သိရပါတယ်။

မန္တလေးထောင်မှာ အရင်ထောင်ပိုင်လက်ထက်က လုပ်စားတဲ့သူ အနည်းငယ်နဲ့ ဟိုမရောက်ဒီမရောက်တွေက အခုတစ်ကျော့ပြန်ထဖို့ ဆူနေချိန်မှာ ကျွန်တော် ဒီလိုလုပ်လိုက်တဲ့အတွက် သူတို့ကို တပ်လှန်သလို ဖြစ်သွားပါတယ်။

ကျွန်တော် အချုပ်ရေကန်ဘုတ်ကိုင်လုပ်စဉ်က မန္တလေးတစ်ထောင်လုံး မိန်းမဆောင်ကလွဲရင် အကုန်သွားလို့ရပေမယ့် အခုချိန်မှာတော့ အမျိုးသားအိပ်ဆောင် (၂)တံခါးနားတောင် သွားခွင့်မပြုပါဘူး။ နှိပ်ကွပ်ထားတာပါ။ ဒါကြောင့် ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မှာပါ။ တစ်နေ့နံနက်ပိုင်း အိပ်ဆောင်(၂)ကို ရှာဖွေရေးအဖွဲ့တွေ ဝင်ရောက်လာပါတယ်။အချိန်ကျလာပါပြီ။ ထောင်ပိုင်ဗိုလ်မှူးဘွဲ့ထီးပါ ဝင်ရောက်လာပါတယ်။ ကျွန်တော်တို့



အခန်း (၅)မှာ ထောင်ကျအကျဉ်းသားအားလုံး မိမိတို့အခန်းရှေ့မှာ ခေါင်းငုံ့ထိုင်နေရချိန် ထောင်ပိုင်အလာမှာ ကျွန်တော်က ထောင်ပိုင်ကြီး ကျွန်တော် သတင်းပို့စရာရှိပါတယ်လို့ အသံကျယ်ကျယ်နဲ့အော်လိုက်တဲ့အခါ မထင်မှတ်ဘဲ အော်လိုက်တဲ့အတွက် အကျဉ်းသားတွေနဲ့ ထောင်ပိုင်၊ ထောင်မှူးတွေပါ တခဏတော့ အံ့အားသင့်သွားကြပါတယ်။ ထောင်ပိုင်က မင်း အဆောင်မှူးကို သတင်းပို့လို့မရဘူးလားလို့ ပြောပါတယ်။ အဲဒီ အချိန်မှာ (၂)ဆောင် ထောင်မှူးက ဦးစိုးလွင်ပါ။ သာယာဝတီထောင်က ပြောင်းလာတာပါ။ ကျွန်တော်က ဦးစိုးလွင်ကို တစ်ချက်ကြည့်ပြီး မရပါဘူးလို့ ပါးစပ်က ပြောရင်း ခေါင်းခါလိုက်တယ်။ တကယ့်ကို ကျွန်တော်ပြောမယ့်အကြောင်းအရာတွေက ဦးစိုးလွင် ဘာမှလုပ်ပေးလို့မရတဲ့အတွက်ပါ။ ကျွန်တော် ဒီလိုခေါင်းခါပြီး မရဘူးဆိုတော့ ထောင်ပိုင်က မင်း ထောင်ဝင်နံပတ်နဲ့ နာမည်ပြောဆိုတော့ ကျွန်တော်က ထောင်ဝင်စာအမှတ်နဲ့ နာမည်ကို သတင်းပို့လိုက်တဲ့အခါ စာအုပ်ထုတ်ပြီး မှတ်သွားပါတယ်။ ခဏနေရင် မင်းကို ခေါ်တွေ့မယ်လို့ပြောပါတယ်။ ထောင်ပိုင်အသစ်နဲ့ ကျွန်တော် ဒီလိုပြောဆိုနေချိန်မှာ ရှာဖွေရေးလုပ်ဖို့ အခန်းတိုင်းရှေ့မှာ အကျဉ်းသားတွေ တန်းစီနေချိန်မှာပါ။ အကောင်းအဆိုး ဘာဖြစ်မလဲဆိုတာ ဝေဖန်နေကြပါပြီ။ (၂၀၀၇) ခုနှစ်ဆိုတဲ့အချိန်ကာလက ထောင်ပိုင်ကို တင်ပြရင် (ခွင်)ချမယ်ဆိုတဲ့အချိန်ကာလပါ။ ရှာဖွေရေးပြုလုပ်ပြီးလို့ အခန်းတွင်းသို့ ပြန်ဝင်ပြီး ခဏအကြာမှာ ကျွန်တော်ကို လာရောက်ခေါ်ဆောင်သွားပါတယ်။ အခန်းတွင်းက အခန်းသားတွေသာမက အပြင်ဘက်လမ်းလျှောက် သွားချိန်မှာ အခြားအခန်းက သူတွေကလည်း ဘာတွေဖြစ်လာမလဲဆိုတာ သိချင်စိတ်နဲ့ သံတိုင်တွေကြားကနေ ဝိုင်းကြည့်နေကြပါတယ်။

မိန်းဂျေးတာဝန်ခံဦးစီးအရာရှိဗိုလ်ကြီးမောင်ထွေးကလည်း ကျွန်တော့်ကို မိန်းဂျေးမှာ ထားဖို့ကို မိန်းဂျေးအဖွဲ့တွေက မိန်းဂျေးမှာတော့ မထားပါနဲ့လို့ ဝိုင်းပြီးပြောတယ်လို့ သိရပါတယ်။ ဒီလိုနဲ့ကျွန်တော်ကို ခေါ်တွေ့ပြီး လေးလကျော်အကြာ တစ်နေ့မှာ ဦးစီးက (၂)အဆောင်ထဲကိုဝင်လာပြီး ကျွန်တော်ကို ခေါ်ယူမေးမြန်းပါတယ်။ မင်း (၅)တိုက်မှာ တိုက်တန်းစီးလုပ်

www.burmeseclassic.com

www.burmeseclassic.com



မလားတဲ့ အမှန်အတိုင်းပြောရရင် တိုက်တန်းစီးမလုပ်ချင်ပါဘူး။ အခန်းလူကြီးပဲလုပ်ချင်တာ။ ဒါပေမဲ့ အခြေအနေက မလုပ်လို့ မဖြစ်တဲ့အခြေအနေပါ။ ဘာပဲဖြစ်ဖြစ် သူများဆီက စားနေတာထက်စာရင် ကိုယ်ကိုတိုင် ရှာဖွေစားသောက်တာပိုပြီး စိတ်ပိုင်းဆိုင်ရာ ကျေနပ်မှုရှိပါတယ်။ ဒါကြောင့် တိုက်တန်းစီးလုပ်ပါမယ်လို့ ပြောလိုက်ပါတယ်။ ဦးစီးအရာရှိက ဒါဆို မင်းအိပ်ယာလိပ်ယူပြီး တိုက်ကိုသွား သတင်းပို့ပေတော့လို့ ပြောပါတယ်။ ကျွန်တော်လည်း အခန်းကိုပြန် အိပ်ယာလိပ်နဲ့ အခြားပစ္စည်းလေးတွေယူပြီး အဆောင်မှူးရုံးကို သတင်းပို့ကာ တိုက်ထဲကိုဝင်ရောက်လို့ တိုက်ထောင်မှူးကို ဆက်လက်သတင်းပို့ပါတယ်။ အဲဒီအချိန်မှာ တိုက်ထောင်မှူးက (ဘောကြီး)ဆန်းမြင့်ပါ။ ထောင်မှူးက မင်းက ဘာလဲလို့မေးပြီး ရစ်နေပါတယ်။ အရင်အခြေအနေမျိုးဆိုရင်တော့ ပွဲကောင်းတစ်ပွဲပေါ့။ ခုတော့ စိတ်ကိုထိန်းပြီး မိန်းဂျေးဦးစီးအရာရှိက (၅)တိုက်မှာ တိုက်တန်းစီးလုပ်ဆိုလို့ လာရောက်သတင်းပို့တာပါလို့ ပြေပြေလည်လည် ပြောပေမယ့် သူက ငါမသိဘူး။ ငါ့ကိုလည်း ဘာမှမပြောဘူးဆိုပြီး အမှတ်(၅)တိုက်အခန်း(၁)ထဲမှာ ထည့်ပြီး ပိတ်လှောင်ထားပါတယ်။ မနက်(၉)နာရီလောက်ထဲက ပိတ်ထားတာ ညနေပိုင်း ဦးစီးအရာရှိတိုက်ထဲ ဝင်ရောက်စစ်ဆေးတော့ ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားတာတွေ့တော့ တိုက်စည်းကမ်းထိန်းဘုတ်ကိုင် အိုက်ပန်းကို ငါက တိုက်မှာ အုပ်ချုပ်ဖို့ လွှတ်ထားတာ ဘယ်သူက ပိတ်ထားတာလဲဆိုတော့ အိုက်ပန်းက မပြောရဲပါ။ ကျွန်တော်က တိုက်ထောင်မှူးက ပိတ်ထားတာပါလို့ပြောတော့ ဦးစီးက မင်းက ဘာမှမပြောဘူးလားလို့ မေးတော့ ကျွန်တော်ပြောပါတယ်။ ထောင်မှူးက သူ့ကို ဘယ်သူမှ ဘာမှမပြောဘူးဆိုပြီး ပိတ်ထားပါလို့ပြောလိုက်ပါတယ်။

ဦးစီးအရာရှိက အိုက်ပန်းကို သော့ဖွင့်ပေးလိုက်လို့ပြောပြီး စိတ်ဆိုးကာထွက် သွားပါတယ်။ ထောင်ထဲမှာ ဒီလိုပါပဲ။ ထက်အောက်အမိန့်နာခံမှုဆိုတာ အရှေ့လေးတင်ပါပဲ ကွယ်သွားတာနဲ့ လုံးဝကို ဂရုမစိုက်တာကို ကျွန်တော် နှစ်ပေါင်းများစွာ တွေ့မြင်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ကျွန်တော် အကျဉ်းသားအရာရှိဆိုတဲ့ တိုက်တန်းစီးဖြစ်ပါပြီ။ စားဝတ်နေရေး တစ်



ကိုယ်စာကတော့ ကောင်းကောင်းလုံပါတယ်။ ခေါင်းထဲကရော ရင်ထဲ ကပါ အမှန်အတိုင်းပြောရရင် (ဘာရာထူးမှ မလိုချင်ပါဘူး) ဒါပေမဲ့ ထောင်ထဲမှာ ထောင်ဝင်စာကောင်းကောင်း မလာနိုင်ရင် ရာထူးကောင်းကောင်းရှိမှ လူရာဝင်တာပါ။ ဒါကြောင့် မလုပ်ချင်ပေမယ့် လုပ်မှဖြစ်မှာပါ။

ဒီလိုနဲ့အမှတ် (၅)တိုက်မှာ တာဝန်ကျရာအလုပ်လုပ်ရင်း တိုက်ထဲမှာရှိတဲ့ အခန်းသားတွေနဲ့အတတ်နိုင်ဆုံး ပေါင်းသင်းဆက်ဆံပြီး ကျွန်တော့်ရဲ့ စားဝတ်နေရေးကို ဖြေရှင်းပါတယ်။ တိုက်တန်းစီးတစ်ယောက်ရဲ့တာဝန်တွေဖြစ်တဲ့ မနက်ငါးနာရီထ အခြားအခန်းတွေကို အော်နိုးတဲ့အခါ အော်ပြီးနိုး ဒါမှမဟုတ် အခန်းနံရံကို လက်ဝါးဖြင့်ဖြစ်စေ မာကျောသောအရာတစ်ခုခုကိုဖြစ်စေထုပြီး အသံပေးနိုးတဲ့အခါ နိုးနံနက်လူစစ်တဲ့တာဝန်ကြပ်လာရင် ရှေ့ကြည့်အော်လို့ တန်းထိုင်ရင် တာဝန်ကြပ်က သူ လူစစ်ချိန်မှာ အိပ်ယာက မထသေးတဲ့သူ ဒါမှမဟုတ် လုံးဝကို တန်းမထနိုင်သူ သို့မဟုတ် သူ့လူစစ်ချိန်မှာ အိမ်သာတက်၊ ဆေးပေါက် တစ်ခန်းခန်းကများ ဒီလိုတွေထဲက တစ်ခုခုများလုပ်နေရင် တိုက်တန်းစီးဖြစ်တဲ့ကျွန်တော်ကို အော်ငေါက်သွားပါတယ်။ ဟေ့ တန်းစီး မင်းတိုက်က စည်းကမ်းမဲ့လှချည်လား ခဏလေး တန်းထိုင်ရတာတောင် မထိုင်နိုင်ကြဘူး။ တန်းဖွင့်ရင် ရုံးကို မင်းလာခဲ့ဆိုပြီး ဒီလိုပဲ ပြောတတ်ပါတယ်။ တာဝန်ကျအကြပ်ဝန်ထမ်းတွေ တာဝန်ကြပ်တွေ၊ ထောင်မှူး(ဒုကြီးကြပ်ရေးမှူးတွေ)က တိုက်ထဲက ပုဂ္ဂိုလ်တွေကို တိုက်ရိုက်မပြောရဲပါဘူး။ ကျွန်တော်ကို ဆူတာပါ ဘာကြောင့် မပြောရဲသလဲဆိုရင် ကျွန်တော်နေတဲ့အမှတ် (၅)တိုက်က အခန်း (၁၅)ခန်းမှာ (၁၀)ခန်းလောက်က တပ်မတော်ထောက်လှမ်းရေးက ဗိုလ်ကြီးတွေ၊ ဗိုလ်မှူးတွေ၊ ဒုတိယဗိုလ်မှူးနဲ့အရာခံတွေဖြစ်တဲ့အတွက် သူတို့က မဆူရဲ မပြောရဲတာပါ။ မနက်(၆)နာရီမှာ သံချောင်းခေါက်လို့ တန်းဖွင့်တာနဲ့ ရုံးကို သွားရောက်ပြီး မိမိအုပ်ချုပ်တဲ့တိုက်အတွင်းမှာ ညက တစ်ဖုံတစ်ရာ ထူးခြားမှုရှိ၊ မရှိ နေ့စဉ်နိုးပါးသွားရောက် သတင်းပို့ရပါတယ်။ တခါတလေ ထောင်မှူးက ရစ်ပါတယ်။ မင်းတို့ကို တိုက်တန်းစီးဆိုတဲ့ရာထူးကို အလကားပေးထားတာမဟုတ်ဘူး။ တိုက်ထဲမှာ ပြောဆိုအုပ်ချုပ်ဖို့ခန့်ထားတာ

www.burmeseclassic.com

www.burmeseclassic.com



မပြောရဲရင် မင်းတို့မလုပ်နဲ့ အဆောင်ကို ပြန်ကြလို့ပြောတတ်ပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော်လည်း အုပ်ချုပ်လို့မရပါဘူး။ ထောင်မှူးတွေလည်း အုပ်ချုပ်လို့မရပါဘူး။ ထောင်မှူးအကြပ်ဝန်ထမ်းတွေတောင် မပြောရဲတာ ကျွန်တော်တို့က ဘာပြောရမှာလဲ ဖော်လိုလိုက်ပြီး စားလိုက်သောက်လိုက်ကသာ အကောင်းဆုံးပါ။ တိုက်တန်းစီးတစ်ယောက်ဖြစ်တဲ့အတွက် တိုက်တွင်း လွတ်လွတ်လပ်လပ်သွားလို့ရပါတယ်။ မန္တလေးထောင်မှာ တိုက်ပေါင်း(၆)တိုက်ရှိတဲ့အထဲက အမှတ်(၃)တိုက်က နိုင်ငံရေးသမားတွေနဲ့ ဘုန်းကြီးတွေသာ နေတဲ့တိုက်ပါ။ ကျွန်တော် တိုက်ပိတ်ခံရစဉ်က ကူညီခဲ့တဲ့မန္တလေးက (မစိုးရိမ်)တိုက်သစ်က ကိုယ်တော်တွေနဲ့ ဆရာတော်ဝိရသူဆီကို အမြဲသွားရောက်လည်ပတ်ခဲ့ပါတယ်။ (ဘွဲ့မမှတ်မိ) ဆရာတော်ကြီးဦးစိုးသိမ်း(လူအမည်)က တိုက်တွင်းမှာရှိတဲ့သူတွေကို ဒံပေါက်ကျွေးရင်း ခြင်ထောင်မရှိတဲ့သူတွေကို တစ်ယောက်ကို ခြင်ထောင်တစ်လုံး ပေးပါတယ်။ ဆရာတော်ကြီးမွေးနေ့ကို အလှူလုပ်တာထင်ပါတယ်။ (မမှတ်မိ) (၂၀၀၈)ခုနှစ်ကပါ ဒီလိုနဲ့နေလာရင်း တိုက်ထောင်မှူး(ဘောကြီး ဦးဆန်းမြင့်)နဲ့ ကျွန်တော်ငြိပါပြီ။ တစ်နေ့ ကျွန်တော်နေတဲ့ (၅)တိုက်ကနေ တိုက်ရုံးခန်းဘက် ထွက်လာချိန်မှာ ထောင်မှူးဦးဆန်းမြင့်က SB တစ်ယောက်နဲ့ စကားပြောရင်း ကျွန်တော့်ကို ဟေ့ကောင် မင်းက SB ကို တွေ့ချင်တယ်လို့ ပြောတယ်ဆိုပြီး မေးပါတယ်။ ဦးဆန်းမြင့်က ဒေါသသံနဲ့ ဒီလိုအမှတ်တမဲ့ မေးလိုက်တော့ ကျွန်တော်လည်း ကြောင်သွားပါတယ်။ အဲဒီအချိန်မှာ SB က ကြည့်နေပါတယ်။ ကျွန်တော် SB ကို တွေ့ချင်တယ် လို့မပြောပါဘူး။ ဒါပေမဲ့ တိုက်ထဲက အခန်းသား ထောင်ကျဗိုလ်ကြီးတစ် ယောက်ကတော့ SB ကို တွေ့ရင်ပြောပေးဖို့ပြောတာတော့ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော် ဘယ်သူ့ကိုမှ မပြောသေးပါဘူးလို့ ပြောချိန်မှာ ဦးဆန်းမြင့်က မင်းမပြောဘဲ SB က ဘယ်လိုလုပ်လာမှာလဲလို့ ပြန်ပြောပါတယ်။ SB က ထောင်မှူးကို ကျွန်တော် အမှတ်(၅)တိုက်ထဲကို သွားလို့ရပါသလားလို့ မေးနေပါတယ်။ ဦးဆန်းမြင့်က ရပါတယ်လို့ပြောတော့ SB က အမှတ် (၅)တိုက်ဘက်ကို ဆက်လက်ထွက်ခွာသွားပါတယ်။ ဦးဆန်းမြင့်



က မင်းတို့က ငါတို့ကိုကျော်ပြီး လုပ်ချင်တယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း ကိုယ်ဘာမှမပြော မလုပ်ဘဲနဲ့ အကြောင်းမဲ့ဟောက်ဟမ်းနေတဲ့တွက် ဦးဆန်းမြင့်ကို ပြောလိုက်ပါတယ်။ ကျွန်တော်က သွေးမကြောင်ဘူး ကိုယ့်လုပ်ရင် လုပ်တယ်ပြောမယ်။ မလုပ်ရင် မလုပ်ဘူးပြောမယ် ဘယ်သူ့ကိုမှ မကြောက်ဘူး ပြောချင်ရာကို ပြောချင်တဲ့သူနဲ့ပြောမယ်။ SP ကိုလည်း တွေ့ချင်တဲ့ အချိန်တွေ့မယ် ဒီလိုကျွန်တော်က ပြောပြီးအချိန်မှာ ဦးဆန်းမြင့် ကျွန်တော်ကို လက်ညှိုးထိုးပြီး ဒီကောင်လားလို့ မေးပါတယ်။ မိန်းဂျေးစည်းကမ်းထိန်း သိန်းဖေက တိုက်ထဲကို ဝင်လာချိန်မှာ ဖြစ်ပါတယ်။ သိန်းဖေက ပုံစံရပ်ရင်း သူမဟုတ်ပါဘူးလို့ပြောပြီး နောက်တစ်ယောက်ကို ကြည့်၍ ကျွန်တော်ကို SP ခေါ်ပေးပါလို့ပြောတာ သူပဲဆိုပြီး (၂)တိုက်တန်းစီးစိုးသိန်းဆိုသူကို လက်ညှိုးထိုးပြလိုက်ပါတယ်။ SP ကို ဘယ်သူခေါ်ခိုင်းလဲဆိုတဲ့ အဖြေကတော့ ထွက်သွားပါပြီ။ ဒါပေမဲ့ သူ့ကို စိန်ခေါ်သလို ပြန်ပြောလိုက်တဲ့အတွက် ကျွန်တော်နဲ့တော့ ဘယ်လိုမှ အဆင်မပြေပါဘူး။ (၂) တိုက်တန်းစီးစိုးသိန်းဆိုတာ စစ်တပ်က ကျလာသူပါ။ ထောင်မှူး ဦးဆန်းမြင့်ရဲ့လူယုံ သဘောမျိုး စတင်လုပ်နေတဲ့သူပါ။ ဒါကြောင့် ဦးဆန်းမြင့်က စိုးသိန်းကို မင်းသစ္စာဖောက်တယ်လို့ ပြောပါတယ်။ ဘာတွေ သစ္စာဖောက်သလဲ ဆိုတာတော့ သူတို့ဆရာတပည့်ချင်းသာ သိကြပါလိမ့်မယ်။ တိုက်ထောင်မှူးနဲ့ ကျွန်တော် စကားအချေအတင်ပြောပြီးနောက်ပိုင်း သတိဝီရိယနဲ့ အပြောအဆို၊ အနေအထိုင်၊ အသွားအလာဆင်ခြင်ပြီး နေချိန်မှာ နောက်ထပ်ပြဿနာတစ်စုံတရာ မဖြစ်တော့ပေမယ့် စိတ်ပိုင်းဆိုင်ရာ အနေကျုံ့သွားပါတယ်။ မှားရင် အစားခံရမှာပါ။

မကြာပါဘူး။ တိုက်ထောင်မှူးအပြောင်းအလဲ ဖြစ်ပါတော့တယ်။ ဦးဆန်းမြင့်နေရာမှာ ဦးအေးထွန်းဆိုတဲ့ ထောင်မှူးတစ်ယောက် ပြောင်းလာပါတယ်။ ဦးအေးထွန်းပြောင်းလာတော့ ကျွန်တော်တို့တိုက်တန်းစီး ခြောက်ယောက်၊ စည်းကမ်းထိန်းခြောက်ယောက်၊ စည်းကမ်းထိန်းရှေ့ကိုင်တစ်ယောက် စုစုပေါင်း(၁၃)ယောက်ကို ခေါ်ယူစကားပြောပါတယ်။ ငါအချုပ်ဆောင်က ပြဿနာဖြစ်ပြီး ပြောင်းလာတာဒီမှာ ပြဿနာထပ်မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ မင်းတို့လည်း မင်းတို့စည်းကမ်းနဲ့နေ အခက်အခဲရှိရင် ငါ့ကို ပြောလို့ ဆိုပါတယ်။ ဒီစကားအတိုင်းဆိုရင်တော့ ကောင်းသလိုလိုနဲ့ တကယ်တော့ မကောင်းပါဘူး။ ဦးအေးထွန်းက အချုပ်သားတစ်ယောက်ကို တော်တော်လေး ရိုက်လိုက်မိလို့ အတိုင်ခံရပြီး တိုက်ကိုပြောင်းလာရတာပါ။ အဲဒီ ဦးအေးထွန်းက မန္တလေးထောင်မှာ ကြက်ခြံကိုင်ရတယ်လို့ ဆိုပါတယ်။ သူ့တပည့်တစ်ယောက်ကို ကြက်စာရင်းတွေ လုပ်ခိုင်းတာကို နေ့စဉ်တွေ့ရပါတယ်။ ထောင်မှူးဦးအေးထွန်း နေ့စဉ်တိုက်ထဲ ဝင်လာရင် ဘာတွေလုပ်သလဲဆိုတော့ မနက်ညနေပိုင်း ဘယ်အချိန်ပဲ တိုက်ထဲရောက်လာသည်ဖြစ်စေ ရောက်တာနဲ့ ယူနီဖောင်းချွတ်ပြီး တိုက်ပေါ်က တစ်ယောက်နှစ်ယောက်ဖြစ်စေ၊ ကြိုးသမားတစ်ယောက်ဖြစ်စေ နှိပ်ခိုင်းပြီး အိပ်ပါတယ်။ အိပ်ပျော်သွားရင်လည်း ဆက်လက်နှိပ်နေရပါတယ်။ ရပ်သွားရင် ပြဿနာရှိပါတယ်။ ဒီလိုနဲ့ တိုက်ထဲမှာနေလာရင်း (၂၀၀၈) ခုနှစ်သကြန်မှာ ပြဿနာကစပါပြီ။ တစ်နေ့ ကျွန်တော် တိုက်ရုံးခန်းရှေ့ဖြတ်သွားချိန်မှာ တိုက်ထောင်မှူးဦးအေးထွန်းက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေစဉ် သူ့အနားမှာ အကျဉ်းသားအရာ ရှိဆိုတဲ့တိုက်စည်းကမ်းထိန်းဘုတ်ကိုင် အိုက်ပန်းက အနားကပ်ပြီး တစ်စုံတရာတစ်ခု ပြောလိုက်ပါတယ်။ (အသံမကြားရပါ) အိုက်ပန်း ဒီလိုပြောလိုက်တော့ ထောင်မှူးက မင်းဟာက ဖြစ်ပါ့မလားကွ မဖြစ်ရင် ငါက ရှက်တယ်ကွလို့ပြောသံကို အတိအကျကြား လိုက်ရပါတယ်။ ဒီစကားရဲ့အဓိပ္ပာယ်ကို ဘာမှန်းမသိရပေမယ့် (မကြာခင်မှာပဲ အဖြေပေါ်လာပါတယ်) သကြန်မတိုင်မီတစ်ရက် မနက်စောစော တန်းဖွင့်ချိန်မှာ ကျွန်တော်နေတဲ့ အမှတ် (၅)တိုက်က လူကြီးပိုင်းတချို့ကို ရုံးက လာခေါ်ဆောင်သွားပြီး တစ်နာရီခန့်ကြာ ပြန်လည်ရောက်ရှိလာချိန်မှာ အသံတွေကြားရပါပြီ (ငါတို့က ထောင်ကျနေတာ အပျော်ခရီးထွက်လာတာမဟုတ်ဘူး။ နာရေးဆိုရင် ကူညီရင်ကူညီဦးမယ် သကြန်မှာ သူတို့ မိသားစုတွေလျှောက်လည်ဖို့အတွက် ငါတို့က ကားငှားပေးရမယ်ဆိုတာ သဘာဝမကျဘူး။ မပေးနိုင်ဘူးကွာဆိုတဲ့ပွစိပွစိနဲ့ ခပ်ကျယ်ကျယ်ပြောနေတဲ့ အသံတွေပါ။ ဒီလိုအသံတွေထွက်လာတဲ့အတွက် ကျွန်တော် တိုက်ထဲကနေ အပြင်ကို



ထွက်ပြီး စုံစမ်းကြည့်လိုက်တော့ တိုက်ထဲမှာ ထောင်မှူးနဲ့နားလည်မှုယူပြီး နေထိုင်ရပ်တည်နေကြတဲ့သူတွေ တိုက်တိုင်းမှာ ရှိပါတယ်။ ဒီလိုသူတွေက ထောင်မှူးမိသားစုသကြန်ကို လည်ပတ်ဖို့အတွက် ငွေကုန်ခံပြီး ကားငှားပေးတယ်ဆိုတာ ထောင်မှူးကို ချစ်ခင်နှစ်သက်လို့တော့ မဟုတ်ပါဘူး။ အဆောင်မှာဖြစ်ဖြစ် တိုက်ထဲမှာပဲဖြစ်ဖြစ် အရင်ခေတ်က ထောင်အာဏာပိုင်တွေက ဒီလိုလုပ်တဲ့အတွက်ပါ။ အကျဉ်းသား အချင်းချင်းမတည့်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် မသင့်မြတ်သူများ နေရာတိုင်းမှာ ရှိကြပါတယ်။ တစ်စုံတစ်ယောက်က ကျွန်တော်က ဘယ်သူနဲ့ အဆင်မပြေလို့ တစ်ခန်းထဲနေရင် ပြဿနာဖြစ်နိုင်တဲ့အတွက် အခြားအခန်းတစ်ခုကို ပြောင်းပေးပါလို့ ပြောရင် (သတင်းပို့ရင်) ထောင်မှူးနဲ့ ပတ်သက်မှုရှိရင် ပြောင်းပေးပေမယ့် ထောင်မှူးနဲ့မပတ်သက် ကျွေးမွေးပေးကမ်းမှုမရှိရင် ဒီလိုထောင်မှူးက ပြောတတ်ပါတယ်။ မင်းတို့အကြောင်းနဲ့ မင်းတို့ ထောင်ထဲရောက်လာတာ ဟိုလူနဲ့ အဆင်မပြေလို့၊ ဒီလူနဲ့အဆင်မပြေလို့ ဟိုအဆောင်ပြောင်းပေးပါ ဒီအခန်းပြောင်းပေးပါဆိုတိုင်း ငါတို့က မပြောင်းပေးနိုင်ဘူး။ မင်းတို့ပြောတိုင်း လိုက်လုပ်ပေးနေရင် ငါတို့အခြား အလုပ်တွေတောင် လုပ်နိုင်မှာမဟုတ်ဘူး။ မင်းတို့အပြင်မှာတောင် လင်မယားချင်းတည့်ကြတာမဟုတ်ဘူး။ ထောင်ထဲမှာ မတည့်ဘူးဆိုတာ လာမပြောနဲ့(မကျေနပ်ရင်သတ်ကြ)သေတဲ့ကောင်ကို ရင်ခွဲရုံပို့လိုက်မယ် သတ်တဲ့ကောင်ကို နောက်မှုဖွင့်လိုက်မယ်ဆိုတဲ့စကားကို ထောင်တိုင်းမှာ မကြာခဏကြားနေရတာကိုက အလွတ်ရနေပါပြီ။

အဲဒီလို အကျင့်စရိုက်တွေရှိတဲ့အတွက် အချို့သောသူတွေက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို စေတနာမရှိပေမယ့် ဒီလိုအခက်အခဲလေးတွေရှိလာရင် ပြောဆိုလို့အောင်မြင်အောင် ပေးကမ်းကူညီတာပါ။ (စေတနာရှိလို့တော့မဟုတ်ပါဘူး) တချို့သောသူတွေက ဒီလိုအကြောင်းလေးတွေကြောင့် စေတနာမဲ့ပေးကမ်းကျွေးမွေးတာကို သူတို့က အမှတ် (၅)တိုက်က အဖွဲ့တွေကို ခေါ်ယူပြောဆိုတောင်းရမ်းတော့ တစ်ဖက်လူတွေက မလုပ်ပေးနိုင်ဘူးဆိုတော့ ညှိကြပါတယ်။ ဒီဇာတ်လမ်းမှာ အဓိကတရားခံက အကျဉ်းသားတိုက်စည်းကမ်းထိန်း ဘုတ်ကိုင်အိုက်ပန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အိုက်ပန်းက ထောင်မှူးအစဉ်အဆက်ဆက်တိုက်မှာ စည်းကမ်းထိန်းဘုတ် ကိုင်လုပ်ရင်း သကြံန်ရောက်ရင် ဒီလိုမျိုး အကြံအဖန်လေးတွေကို တိုက် တာဝန်ခံ ဘယ်ထောင်မှူးကိုမဆို မျက်နှာလုပ်ရင်း အကြံညာဏ်ပေးနေကြ ဆိုတာ နောက်ပိုင်းမှသိရပါတယ်။ အရင်ရက်က ကျွန်တော်ကြားခဲ့တဲ့ (မင်း ပြောတဲ့အတိုင်း ဖြစ်ပါမလားကွ မဖြစ်ရင် ငါက ရှက်တယ်ကွ) ထောင်မှူးနဲ့ အိုက်ပန်းခေါင်းချင်းဆိုင်ပြောတဲ့စကားက အခုအဖြေထွက်လာပါပြီ။ ပြဿ နာက စပါပြီ။ အဲဒီအချိန်ကစလို့ အမှတ်(၅)တိုက်က အဖွဲ့နဲ့ ထောင်မှူးတို့ အခေါ်အပြောတွေ ကျဲသွားကြပါပြီ။ နောက်ဆက်တွဲဆိုးကျိုးတွေကို ခံစား ရမှာတွေက တိုက်မှာ အနီးကပ်အုပ်ချုပ်တဲ့ ကျွန်တော်ပါ ဘယ်ထောင်မဆို တစ်ပတ်ကိုတစ်ကြိမ် ထောင်ပိုင်တန်းစီးဆိုတာရှိပါတယ်။ ထောင်ပိုင်လာ မယ့်နေ့ဆိုရင် အဆောင်ဖြစ်စေ၊ တိုက်ဖြစ်စေ အဆောင်လမ်းတွေ အခန်း တွေကို သန့်ရှင်းစင်ကြယ်အောင် လုပ်ကြရပါတယ်။ အဆောင်အပေါ်ထပ် တွေဆိုရင် မျက်နှာကျက်သန့်ရှင်းရေးလုပ် ဘုရားစင်တွေ၊ အခန်းပတ် လည်တွေ၊ ဘာယာတန်းတွေ၊ အခန်းအပြင်တွေကို တံမြက်စည်းအကြမ်း၊ တံမြက်စည်းအချောတွေနဲ့လှည်း သန့်ရှင်းရေးလုပ်ရသလို အဆောင်အောက် ထပ် ပတ်လည်တို့လမ်းတို့တွေကို ရေဆေးသင့်တာ ရေဆေးတံမြက်စည်း ကြမ်းနဲ့လှဲ ထုံးသုတ်ရေဆေးသုတ် သဘော်ဆေးသုတ်ရပါတယ်။ ဒီလိုလုပ် ရတဲ့ အလုပ်အတွက် လုပ်ငန်းသုံးပစ္စည်းတွေဖြစ်တဲ့ တံမြက်စည်းချော၊ ကြမ်း၊ ရေဆေး၊ ထုံးသဘော်ဆေးစတဲ့ကုန်ကျစရိတ်ကို ဘယ်သောအခါမှ ထောင်က ထုတ်ပေးတယ်ဆိုတာ ကြားတောင် မကြားဖူးပါဘူး။

ဘယ်ထောင်မဆို ညွှန်မှူးလာမယ် ဒုချုပ်လာမယ် ညွှန်ချုပ်လာမယ်ဆို ရင် တံမြက်စည်းအမျိုးမျိုးနဲ့ သန့်ရှင်းရေးလုပ်၊ ထုံးသုတ်၊ ရေဆေး၊ သဘော်ဆေးသုတ်၊ မီးလုံးမီး ချောင်းတွေဆင် ပုံစံပုဆိုးအကျီတွေ ခဏ ထုတ်ပေး လူကြီးပြန်ရင် ပြန်သိမ်း၊ သန့်ရှင်းရေးလုပ်တဲ့ကုန်ကျငွေ သိန်းချီ ပါတယ်။ ဒီငွေကို ထောင်ဝင်စာခန်းဆိုရင် ထောင်ဝင်စာခေါ်တဲ့အကျဉ်း သားတွေက နည်းမျိုးစုံနဲ့ ရှာဖွေဖန်တီးပြီးလုပ်ရသလို အဆောင်မှာဆိုရင် လည်း တန်းစီးချုပ်ဆိုသူက ဦးစီးပြီး အခန်းလူကြီးတွေနဲ့တိုင်ပင်ကာ အခန်း



တိုင်းသောင်းချီကုန်ကျငွေကို အခန်းတိုင်းမှာ ရှိတဲ့အကျဉ်းသားတွေက အနည်းနဲ့ အများစုပြီး ပေးရတယ်။ ဘယ်တော့မှ မပြောင်းလဲတဲ့အဖြစ် အပျက်တွေပါ။ ဒါကြောင့် ထောင်ပိုင်တန်းစီရက်ပဲဖြစ်ဖြစ် ဦးစီးအရာရှိ တိုက်ထဲကို လာရောက်မှာဖြစ်ဖြစ် ညွှန်မှူးလာမှာပဲဖြစ်ဖြစ် တံမြက်စည်း၊ ထုံး ဒီနှစ်ခုကတော့ အနည်းဆုံးတိုက်ထဲမှာ လိုအပ်ပါတယ်။ တိုက်ထောင်မှူး နဲ့တိုက်ထဲက အကျဉ်းသားတွေ ခတ်နေချိန်မှာ ကျွန်တော်သန့်ရှင်းရေးလုပ် ဖို့ လိုအပ်တာကို တိုက်ထဲက ဝယ်မပေးကြပါဘူး။ ဒါကြောင့် တိုက်သန့် ရှင်းရေးနည်းနည်းတော့ ညံ့သွားပါတယ်။

သကြံန်မှာ ကားငှားမပေးလို့ ထောင်မှူးက အမှတ်(၅)တိုက်ကို မကြည် တဲ့ အချိန်မှာ တိုက်ထဲက အဖွဲ့တွေထဲက တစ်ခန်းထဲနေသူ နှစ်ယောက်က အဆင်မပြေလို့ အခန်းပြောင်းချင်ပါတယ်လို့ သတင်းပို့ပေးပါဆိုတာကြောင့် ကျွန်တော်က ထောင်မှူးကို သတင်းပို့လိုက်ပါတယ်။ ရက်အတော်ကြာကြာ ထိ ခေါ်ယူတွေ့ဆုံ မေးမြန်းတာတို့ အခန်းပြောင်းပေးတာမရှိဘဲ တစ်လခန့် ကြာမှ တိုက်ထောင်မှူးက တိုက်ထဲဝင်လာပြီး ဒီကိစ္စကိုမေးမြန်းတဲ့အခါ မတည့်တဲ့သူနှစ်ယောက်က ဘယ်သူက ပြောတာလဲ အခန်းလည်းမပြောင်း ဘူး ဘာပြဿနာမှလည်းမရှိဘူးလို့ ပြောပါတယ်။ တိုက်ထောင်မှူးက ခင်ဗျားတို့တိုက်တန်းစီးက သတင်းပို့လို့ မေးတာလို့ ပြောတဲ့အခါ တိုက်ထဲ က ထောက်လှမ်းရေးအဖွဲ့က ဝိုင်းပြီး ဒီကောင်က ဘာကောင်မို့လို့လဲ သူတို့မတည့်ဘူး အခန်းပြောင်းမယ်ဆိုတာမဟုတ်ဘူးလို့ ငါးစိမ်းသည် ရန်တွေ့သလို ဝိုင်းပြောကြတဲ့အခါ ပြဿနာက ကျွန်တော် ဆီဦးတည်လာ ပါတယ်။ ထောင်မှူးက သူတို့သတင်းပို့ချိန်က မပြောင်းပေးလို့ ခုချိန်မှ လာပြောလို့ ထောင်မှူးကို လက်စားချေချင်တဲ့အနေနဲ့ သူတို့ တုံ့ပြန်လိုက် မှန်းသိပေမယ့် ကျွန်တော် ထွေးခါးနာရမှာပါပဲ။ ဒီပြဿနာနဲ့ ကျွန်တော် မန္တလေးထောင်အမှတ် (၅)တိုက်မှ အမှတ်(၂)ကြိုးတိုက်ကို ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတယ်။ (၂)တိုက်ဆိုတာ ကြိုးတိုက်ပါတယ်။ အကယ်၍ ကို အဆင်မပြေတဲ့သူတွေ စုဝေးနေတဲ့တိုက်အမှတ် (၂)ကြိုးတိုက်က အခန်း (၁၅)ခန်းမှာ ကျွန်တော်အပါအဝင် လူအင်အား ခြောက်ဆယ်ခန့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ (၁၉၉၈)ခုနှစ် တစ်ခန်းကို လေးယောက်နှုန်းနဲ့ပါ။ ကျွန်တော်နေတဲ့ ထိပ်ဆုံးတန်း(၁)ခန်းမှာ ကျွန်တော်နဲ့ စည်းကမ်းထိန်းတစ်ယောက် ကြိုးသမားနှစ်ယောက်နေကြပါတယ်။

တိုက်တန်းစီးအသစ်ကို ဝိုင်းပြီး နှုတ်ဆက်ကြပါတယ်။ သူတို့က တန်းစီး ကျွန်တော်တို့တိုက်က ကြိုးသမား (၅၈)ယောက်မှာ တစ်လနှစ်ကြိမ် သုံးလတစ်ကြိမ်လောက် ထောင်ဝင်စာလာတဲ့သူ ရှစ်ယောက်လောက်သာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုက်က ဆင်းရဲတယ်၊ တန်းစီးကို ကျွန်တော်တို့လုပ်ပေးနိုင်တာက တန်းစီပုဆိုး၊ အကျီ၊ စောင်တွေ လျှော်ပေးမယ်။ တစ်နေ့ကုန် နင်းနှိပ်ပေးမယ်တဲ့ ကျွန်တော် စိတ်မကောင်းဖြစ်မိသွားသလို စိတ်လည်းညစ်သွားပါတယ်။ ဘာပဲဖြစ်ဖြစ် အခြေအနေ ကြည့်ပြီး မီးစင်ကြည့်ကရမှာပါ။ ဒီလိုနေလာရင်း နောက်တစ်လခွဲခန့်အကြာ တစ်နေ့ ကျွန်တော် နေပူထဲမှာ တိုက်ဝင်းအပြင်ဘက်အုတ်နံရံကို ထုံးသုတ်နေချိန်မှာ တိုက်တာဝန်ကျတပ်ကြပ်မင်းလွင်က ကျွန်တော်အနားလာရပ်ရင်း မင်းရှေ့ဘက် ပြီးရင် အနောက်ဘက်ခြမ်းတွေကိုလည်း ထုံးသုတ်လိုက်လို့ ပြောပါတယ်။ နေပူထဲမှာ ထုံးသုတ်နေရတဲ့အချိန် စိတ်တိုနေကာ အမိန့်ပေးလာတဲ့တပ်ကြပ်ကို ပြန်ပြောလိုက်ပါတယ်။ ခင်ဗျား ဟိုဟာသုတ် ဒီဟာသုတ် လာမပြောနဲ့ ကျုပ်ကိုယ်ပိုင်ပိုက်ဆံနဲ့ ထုံးဝယ်ပြီးသုတ်တာ ဘယ်ကောင့် စောက်ဆံတစ်ကျပ်မှ မပါဘူးလို့ပြောလိုက်ပါတယ်။

တပ်ကြပ်မင်းလွင်လည်း ကျွန်တော်ပြောစကားကြောင့် ချက်ချင်းထွက်သွားပါတယ်။ နောက်ပိုင်းသိရတာက အမှတ်(၃)တိုက်ဘက်မှာ သွားပြီး ပေါက်ကွဲနေတယ်လို့ သိရပါတယ်။

ဒီလိုပြောလိုက်တဲ့အတွက်ကြောင့် တပ်ကြပ်မင်းလွင်က ထောင်မှူးကို ချွန်ပါတော့တယ်။ ဒီကောင်တိုက်ထဲမှာ မနေဘူး အဆောင်ကို ခဏခဏ သွားနေတယ်လို့ ဘာတို့ပြောတယ်ထင်ပါတယ်။ နောက်နေ့ မိုးလင်းလို့ တန်းဖွင့်သံချောင်း မခေါက်ခင်မှာပဲ အခန်းတံခါးဖွင့်ပြီး ဝန်ထမ်းတစ်ယောက်က ကျွန်တော့်ကို လာရောက်ခေါ် သွားပါတယ်။ တိုက်ရုံးခန်းရှေ့မှာ တပ်ကြပ်မင်းလွင်နဲ့ ထောင်မှူးဦးအေးထွန်းတို့ ကော်ဖီသောက်နေတာကို



တွေ့ရပါတယ်။ ကျွန်တော်က ပုံစံရပ်ရင်း ကျွန်တော်ရောက်တဲ့အကြောင်း သတင်းပို့ချိန်မှာ ထောင်မှူးက မင်းအဆောင်ကို ခဏခဏ သွားနေတယ်ဆို ဒီလိုမေးပါတယ်။ ကျွန်တော်က ဟုတ်ကဲ့ ကျွန်တော် သွားပါတယ်လို့ ပြန်ပြောလိုက်ပါတယ်။ ထောင်မှူးက မင်းတိုက်မှာနေရတာ အဆင်မပြေဘူးလား မင်းအဆောင်ကို ဘာကြောင့် ခဏခဏသွားရတာလဲလို့မေးပါတယ်။ ကျွန်တော်တိုက်မှာ အဆင်မပြေဘူး။ ဒါကြောင့် အဆောင်ကို ဒီက စားစရာတွေကို စောင်တွေကို သွားရောင်း အဆောင်က ပုဆိုးအကျီတွေဝယ် ဒီမှာပြန်ရောင်း ဒီလိုလုပ်ပါတယ်လို့ ပြောလိုက်ပါတယ်။ ထောင်မှူးက မင်းဒီမှာအဆင်မပြေရင် အဆောင်ကိုပြန်မလားလို့မေးပါတယ်။ ချက်ချင်းပဲ ကျွန်တော်က အဆောင်ကိုပြန်မယ်လို့ပြောလိုက်ပါတယ်။ ကျွန်တော် ဒီလိုပြောချိန်မှာ ထောင်မှူးက ဟော့ ရုံးကအဖွဲ့တွေ တိုက်တန်းစီးတွေ အကုန်ခေါ် စမ်းကွာလို့ ပြောနေပါတယ်။ ထောင်မှူးနားမှာနေတဲ့ ရုံးအဖွဲ့ကလူတွေက သော့တွေယူပြီး တိုက်တန်းစီးတွေကို သွားရောက်ခေါ်ယူကြပါတယ်။ ထောင်မှူးနားမှာနေတဲ့ ကျွန်တော့်လူကျော်ကြီးက အစ်ကို ဘာလို့ ဒီလိုပြောတာလဲလို့ ကျွန်တော်ကို မေးပါတယ်။ တပ်ကြပ်က ကျွန်တော်ကို တိုင်တဲ့တွက် ထောင်မှူးမေးတာကို အရွဲ့တိုက်ကန့်လန့်တိုက် ဖြေတော့ ထောင်မှူးစိတ်ဆိုးသွားကြောင်း ကျွန်တော် နောက်မှ သိရပါတယ်။ ထောင်မှူးဖြစ်စေချင်တာက ကျွန်တော်က နောင်ကို အဆောင်ကို မသွားတော့ပါဘူးဆိုပြီး တောင်းပန်တာကို လိုချင်တာပါ။ ကျွန်တော်ကလည်း ထောင်မှူးကို ရိုသေလေးစားမှုမရှိတာတစ်ကြောင်း တိုက်မှာ မနေချင်တာကတစ်ကြောင်း ဒါကြောင့် အရွဲ့တိုက်ပြီး ပြောလိုက်တာပါ။

ကျွန်တော်အပါအဝင် တိုက်တန်းစီးခြောက်ယောက်၊ စည်းကမ်းထိန်း ဘုတ်ကိုင်တစ်ယောက် စုစုပေါင်းခုနစ်ယောက်ဟာ ထောင်မှူးပတ်လည်မှာ တန်းစီရပ်နေပါတယ်။ ထောင်မှူးက ငါ့တပည့်ဆိုပြီး ကောင်းတဲ့တိုက်မှာ မထားသလို ငါ့တပည့်မဟုတ်ဘူးဆိုပြီး မကောင်းတဲ့တိုက်မှာလည်း မထားဘူး။ မင်းတို့တိုက်မှာနေရတာ အဆင်မပြေဘူးဆိုရင် အဆောင်ကို ပြန်လို့ရတယ်။ ဘယ်သူအဆောင်ကို ပြန်မလဲလို့ မေးပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ ခုနစ်ယောက်ကို လက်ညှိုးထိုးပြီး မေးပါတယ်။ ကျွန်တော်က နောက်ဆုံးပါ။ ရှေ့ကလူခြောက်ယောက်လုံး မသွားချင်ကြောင်းကို သံပတ်ပေးထားတဲ့စက်ရုပ်လိုတစ်ယောက်ကို ထောင်မှူးက လက်ညှိုးထိုးမေးလိုက်တိုင်း ခါလိုက်တဲ့ခေါင်းတွေ ကျွန်တော် အရမ်းရယ်ချင်ပါတယ်။ အဲဒီတန်းစီးခြောက်ယောက်ထဲမှာ လေးယောက်လောက်က ထောင်မှူးမကောင်းကြောင်း နောက်ကွယ်မှာ ပြောသလို တိုက်ထဲမှာမနေချင်ကြောင်းလည်း အရမ်းကို ပြောတဲ့သူတွေပါ။ တကယ်ထိပ်တိုက်မေးတော့ ကလေးငယ်လေးတွေ ခေါင်းခါသလို အကုန်ခါနေကြပါတယ်။

ဒီစာပိုဒ်ကိုရေးနေရင်းနဲ့ ကျွန်တော် အဲဒီအဖြစ်အပျက်ကိုမြင်ယောင်ပြီး တစ်ယောက်ထဲ အသံထွက်ရယ်နေမိပါသည် (၂၀၀၈ ခုနှစ် ၇ လပိုင်း)။

ထောင်မှူးရဲ့လက်ညှိုးက ကျွန်တော်ဆီကို ရောက်လာပါပြီ။ လူအများရှေ့မှာ တရားဝင်မေးမြန်းတယ်ပေါ့။ မင်းရောလို့ လက်ညှိုးထိုးလို့ ထောင်မှူးက မေးလိုက်တဲ့အချိန်မှာ ကျွန်တော်က တိုက်မှာ မနေချင်ဘူး။ အဆောင်ကို ပြန်မယ်လို့ ဒုတိယအကြိမ်ဖြေလိုက်ပါတယ်။ မင်း သေချာစဉ်းစားပြီးပြီလားလို့ ထောင်မှူးက ထပ်မံမေးပါတယ်။ ကျွန်တော် တိုက်မှာ မနေချင်တာကြာပါပြီလို့ ထပ်မံပြောဆိုလိုက်ပါတယ်။

ကျွန်တော်ကို ဒီလိုခေါ်မမေးဘူးဆိုရင် အဆောင်ကို ပြန်ဖို့အစီအစဉ် မရှိသေးပါဘူး။ ဒါပေမဲ့ ဒီလိုပြဿနာတွေ ဖြစ်ပေါ်လာတော့ ချော်လဲရောထိုင် သဘောမျိုးနဲ့ ဆန့်ကျင်ကြတာပါ။ ကျွန်တော့်ကိုယ်ကျွန်တော် အကျဉ်းသားဆိုတာ သိပါတယ်။ ရောက်တဲ့အရပ်မှာ ပျော်အောင်နေတွေ့တဲ့သူနဲ့ သင့်အောင်ပေါင်းဆိုပေမယ့် ကိုယ့်ကို အုပ်ချုပ်တဲ့သူတွေက ရှိသေချင်စရာ လေးစားချင်စရာ တစ်ကွက်မှ မရှိရုံမျှမက အင်မတန်ရွံစရာကောင်းတဲ့သူတွေက များနေတော့ အခုလိုမျိုး ဆန့်ကျင်ပြောဆိုတာပါ။

ကျွန်တော့်ကို ချွန်တဲ့တပ်ကြပ်ဆိုသူကလည်း အမှတ်(၅)တိုက်က နေ့စဉ် ဆက်ကြေးယူပြီး နေ့တွက်ရှာနေသူပါ။ (တိုက်ဒုတိယတာဝန်ရှိသူတပ်ကြပ်မင်းလွင်)က နေ့စဉ်ဖဲဝိုင်း၊ ကိုးမီးဝိုင်းရှိတာကို မသိချင်ယောင်ဆောင်ပြီး တစ်နေ့ကို (၃၀၀၀)ကနေ (၅၀၀၀)အထိ ရနေတဲ့အတွက်



ဒီလောင်းကစားမှုကို တားဆီးတာမျိုးခေါ်ယူ သတိပေးတာမျိုးတွေမလုပ်ဘဲ ကိုယ်ကျိုးတစ်ခုထဲကို ကြည့်ပြီး ဝတ်ထားတဲ့ယူနီဖောင်းကို အားမနာ လစာရိက္ခာကိုယူပြီး တာဝန်မဲ့မသိသလိုနေထိုင်ပြီး မကျွေးမပေးတဲ့ သူတွေဆိုရင် ပြဿနာရှာပါတယ်။ ဖဲဝိုင်းအကြောင်းတော့ ထောင်မှူးကို သတင်းပေးပြောဆိုတိုင်တန်းတာမရှိဘဲ ကျွန်တော်အဆောင်ကို သွားလာတာကိုတော့ တိုင်တယ်ဆိုတော့ ကျွန်တော်ကလည်း သူတို့အမှားတွေကို ထောက်ပြနိုင်တဲ့အတွက် သူတို့ကို ဂရုမစိုက်တာပါ။ တိုက်ထောင်မှူးဆိုသူကလည်း တာဝန်ချိန် တိုက်ထဲဝင် လာရင်စားမယ်၊ သောက်မယ်၊ အနှိပ်ခံမယ် ပြစ်ဒဏ်သမားဝင်လာရင် ငွင်ဖန်မယ် ရရင်ကောင်းတဲ့တိုက် ကောင်းတဲ့အခန်းမှာထားမယ် ငွေမပေးရင် မပေးနိုင်တဲ့သူဆိုရင် ရိုက်မယ် မကောင်းတဲ့တိုက်မကောင်းတဲ့အခန်းမှာထားမယ် တိုက်ဆိုတဲ့ ဧရိယာကျဉ်းကျဉ်းလေးမှာ ဒီလိုကိစ္စတွေကို နေ့စဉ်နီးပါးမြင်တွေ့နေရတဲ့အတွက် ထောင်မှူးဆိုသူကိုလည်း ရိုသေလေးစားချင်စိတ် ကြောက်ရွံ့စိတ်မရှိပါဘူး။ တိုက်ထောင်မှူးဘေးမှာ ခေါ်ထားတဲ့သူတွေကလည်း ဖဲဝိုင်းမှာ သူတို့ကိုယ်တိုင်ရိုက်နေတော့ ပြီးပြီပေါ့ ဒီ(၈)ပေ၊ (၁၀)ပေလောက်ကျယ်တဲ့ အခန်းလေးထဲမှာ မနက်တစ်ကြိမ် ညနေတစ်ကြိမ် တန်းဖွင့်ထားတဲ့အချိန်တွေမှာ အကျဉ်းသား (၂၀)လောက် ဝိုင်းဖွဲ့ထိုင်သူ မတ်တပ်ရပ်သူရပ် ပုံစံမျိုးစုံနဲ့ ကိုးမီးဒိုင်ကိုင်သူ၊ အလျော်အစားလုပ်သူ၊ ထိုးသား၊ ဒိုင်စား၊ နောက်ထိုးဆိုသူအမျိုးမျိုးနဲ့ ဖဲရိုက်ကြပါတယ်။ အဲဒီဖဲဝိုင်းမှာ ကစားနေသူအကျဉ်းသားများကတော့ တိုက်တန်းစီးများ၊ တိုက်စည်းကမ်းထိန်းဘုတ်ကိုင်များ၊ တိုက်ရုံးခန်းမှာ ထောင်မှူး၊ ဝေယျာဝစ္စလုပ်ပေးတဲ့သူများ စသည့်သူများဖြစ်ကြပါသည်။ ကျွန်တော်တိုက်မှာ မနေချင်ကြောင်း တတိယအကြိမ်ပြောက်ပြောပြီးချိန်မှာ ထောင်မှူးက 'အေး' မင်းမနေချင်ရင် ငါရွှေ့ပေးလိုက်မယ်လို့ ပြောပြီး ကျွန်တော်တို့အကုန်လုံးကို ပြန်ခိုင်းလိုက်ပါတယ်။ ကျွန်တော်လည်း အိပ်ယာလိပ် ထမင်းစားခွက်အသုံးအဆောင်တွေ သိမ်းဆည်းပြီး တိုက်ရုံးကို သွားရောက်သတင်းပို့တဲ့အခါ ထောင်မှူးက(ဝန်ထမ်းလား အကျဉ်းသားလားမမှတ်မိ) တစ်ယောက်ကို အဆောင်ပြောင်းရွှေ့ဖို့ပြောင်းစာအုပ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားအိပ်ဆောင်(၃-၄)ဝင်းထဲက ရုံးမှာ လိုက်လွှဲအပ်နှံပြောင်းခဲ့ပါတယ်။ အဲဒီအဆောင်ကို ကိုင်တဲ့အဆောင်မှူးက မင်းအိပ်ဆောင် (၃-၄) ဘယ်မှာနေမလဲလို့ မေးတဲ့အခါ ကျွန်တော်က အိပ်ဆောင် (၃)မှာနေမယ် ဆိုတော့ အိပ်ဆောင်(၄)မှာနေဖို့ အမိန့်ပေးပါတယ်။ ထောင်ထဲမှာ ဒီလိုပါပဲ။ ဒီမှာနေချင်တယ်ဆိုရင် ဟိုကို ပို့ပါတယ်။ ဟိုမှာ နေချင်တယ်ဆိုရင် ဒီကို ပို့ပါတယ်။ ဒါမျိုးတွေဟာ မပြောင်းလဲတဲ့ထောင်ရဲ့ ပုံသေနည်းတွေထဲက တစ်ခုပါပဲ(၂၀၀၈)ခုနှစ် (၇)လပိုင်း။ ဒီလိုနဲ့အိပ်ဆောင် (၄)အခန်း (၃)မှာ အခန်းသန့်ရှင်းရေး အမည်ခံ အလုပ်မရှိနေထိုင်ရပါတယ်။ အိပ်ဆောင်(၃-၄)ရုံးမှာ အကျဉ်းသားရုံးအုပ်လုပ်နေတဲ့ မောင်မောင်ဟန်ဆိုသူက ကျွန်တော်ကို ကူညီတာပါ။ တစ်ချိန်က သူထောင်ထဲမှာ ဘာမှမဟုတ်တဲ့အချိန်တုန်းက ကျွန်တော်က ရေစက်၊ ရေကန်ထိုင် နေချိန်မှာ သူ့ကိုလူမှုရေးအရ ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံခဲ့မှုအတွက် အခုသူကောင်းစားချိန်မှာ ကျွန်တော်ကို ပြန်လည်ကူညီတာဖြစ်ပါတယ်။ မောင်မောင်ဟန်က လူအေးတစ်ယောက်ပါ။ တိုက်ထဲက မပြောင်းခင် တစ်လကျော်ကျော်လောက်က ကျွန်တော့်အမေ ထောင်ဝင်စာလာသွားတာဖြစ်တဲ့အတွက် ကျွန်တော်ဆီမှာ ငွေငါးသောင်းလောက်တော့ရှိပါတယ်။ ဒီငွေကို ထိုင်စားရင် တစ်လ၊ နှစ်လလောက်နဲ့ ပြတ်သွားမှာပါ။ ရေရှည်ဆွဲဆန့်စားလို့ရအောင် တစ်ခုခုတော့စီစဉ်ရမှာပေါ့။ အဲဒီအချိန်ကာလက မန္တလေးထောင်ကြီးမှာ ဆေးလိပ်မသောက်ရအမိန့်ထုတ်ထားတဲ့အချိန်။ ည(၉)နာရီ၊ (၁၀)နာရီလောက်ဆိုရင် အကျဉ်းသားတွေနေတဲ့အခန်းထဲကို ဆေးလိပ်ထုပ်တွေ ပိန့်အိတ်နဲ့အစည်း(၅၀/၁၀၀)အခန်းတိုင်းနီးပါး ဝင်လာတဲ့ရက်က များပါတယ်။

ထောင်ထဲကို ဝန်ထမ်းတွေ ဆေးလိပ်မသွင်းရအမိန့်ထုတ်ထားသလို အကျဉ်းဦးစီးသက်သာဆိုင်ကလည်း ပါဆယ်ပေးမသွင်းပါဘူး။ ဒါပေမဲ့ ထောင်ထဲမှာတော့ ဆေးလိပ်ပြတ်တဲ့အချိန် မရှိသလောက်ပါပဲ။ ညတာဝန်ကျဝန်ထမ်းအကြပ်က ဗူးတံခါးနဲ့ညှိပြီး ဝေစားမျှစားဆိုရင်တော့ အိပ်ယာလိပ်တွေထဲမှာ ဆေးလိပ်စည်းတွေ ပါလာတတ်ပေမယ့်ဒီဂွင်ကို အထက်



အရာရှိတွေက သိသွားရင် ဗူးတံခါးက သွင်းလို့မရရင် ဝန်ထမ်းတွေက တစ်မျိုးကြံစည်ကြပြန်ပါတယ်။ ဝန်ထမ်းတွေက နေ့ခင်းဘက်မှာ ဆေးလိပ်စည်းတွေ အစည်း(၅၀)၊ (၁၀၀) ဝယ်ထားပြီး တာဝန်ကျမျှော်စင်ဝန်ထမ်းနဲ့ တစ်ယောက်တစ်ဝက်ဖြစ်စေ သုံးပုံတစ်ပုံဖြစ်စေဆိုတဲ့ကတိနဲ့ ညမှောင်ပြီဆိုရင် ဝန်ထမ်းမိသားစုထဲက တစ်စုံတစ်ယောက်က မျှော်စင်ပေါ်ကို အချက်ပေးလိုက်ရင် မျှော်စင်ဝန်ထမ်းက အောက်ကို ကြိုးချပေးပါတယ်။ အောက်ကနေ ဆေးလိပ်ထုပ်ကို ကြိုးမှာ ချည်ပေးလိုက်ရင် အပေါ်က ဝန်ထမ်းက ကြိုးကို ဆွဲတင်ပါတယ်။ မျှော်စင်ပေါ်ကို ဆေးလိပ်ထုပ်ရောက်သွားရင် အဆောင် ထဲက ဝန်ထမ်းနဲ့အချက်ပေးပြီး ဆေးလိပ်ထုပ်ကို ထောင်အုတ်ရိုးဝင်းပတ်လမ်းမျှော်စင်အောက်ကို တစ်ခါ ကြိုးနဲ့ချပေးပါတယ်။ အဆောင်ထဲက ညတာဝန်ကျဝန်ထမ်းလည်း အိပ်ဆောင်အုတ်ရိုးကိုကျော်တက်ပြီး မျှော်စင်အောက်က ဆေးလိပ်ထုပ်ကို သွားရောက်ယူဆောင်ကာ အဆောင် အုတ်ရိုးပေါ်ကနေ အထဲကို ပစ်ချပါတယ်။ ဒါကြောင့်လည်း ဆေးလိပ်တွေ အကျိုးအပဲ့တွေ များတာပါ။ ဒီလိုနည်းနဲ့ ဆေးလိပ်စည်းတွေ ဆေးလိပ်ဒိုင်တွေဆီ ရောက်လာပါတယ်။ ဆေးလိပ်အစည်းငါးဆယ်သို့ ဆေးလိပ်အစည်းတစ်ရာကို ငွေလက်ငင်းချေတဲ့သူတွေဆီကိုသာ ဝန်ထမ်းကရောင်းတာပါ။

ကျွန်တော့်ကို တိုက်တန်းစီးခန့်ပေးလိုက်တဲ့ ဦးစီးအရာရှိလည်း ကျွန်တော်တိုက်ထဲက ပြန်လာချိန်မှာ မန္တလေးထောင်မှာ မရှိတော့ပါဘူး။ ကျွန်တော်ဆေး လိပ်ရောင်းစားရင်း ထောင်အခြေအနေကို အကဲခတ်နေပါတယ်။ ထောင်ပိုင်ဗိုလ်မှူးဘွဲ့ထီးလက်စောင်းထက်နေတဲ့ အချိန်ပေါ့။ မန္တလေးထောင်ကြီးမှာ အရိုက်အနှက်လေးတွေ အောက်ပိုင်းမှာ လျော့သွားတာကလွဲရင် လိုင်းချက်ပြင်းပြင်းတွေ ပြန်ရိုက်နေပါပြီ။ ဘာလုပ်ချင်သလဲ ဘာရာထူးလိုချင်သလဲ ဘယ်အဆောင်မှာနေချင်သလဲ၊ ထောင်ပိုင်အိမ်ကို တိုက်ရိုက်ဖြစ်စေ၊ ထောင်ပိုင်တပည့်တွေဖြစ်တဲ့ထောင် ပိုင်(ဘက်စမန်း) မြတ်စိုးအောင်နဲ့ဖြစ်စေ မိန်းဂျေးစည်းကမ်းထိန်းဘုတ်ကိုမိုးစိုးနဲ့ ဖြစ်စေ ဆက်သွယ်ပြောဆိုပေးလိုက်ပါ။ ဖြစ်ချင်တာတွေ ဖြစ်သွားမှာပါ။ အခုအချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်ထောင်သက်(၁၂)နှစ်ခန့်ရှိပါပြီ။ ဒါကြောင့် ကိုယ့်အောက် ကနေ နောက်ပေါက်ချာတိတ်တွေ မန္တလေးထောင်ထဲမှာ သူ့ဂွင်နဲ့ သူ နောက်တစ်ကြိမ် ပြန်လည်လူပါးဝနေကြပြန်တော့ ဒီအတိုင်းနေရင် ဘာမှ မဟုတ်ပါဘူးကွာ အလကားပါဆိုတဲ့ ပုံစံဖြစ်သွား တော့မှာပါ။ ကျွန်တော် ပညာတွေ ထုတ်သုံးရတော့မှာပါ။ ဒါ့ကြောင့်ဘယ်ကစပြီး ဘာလုပ်မယ်ဆို တာကို စီစဉ်ရပါတော့တယ်။ အဲ့ဒီချိန်မှာ ကျွန်တော်နေတဲ့ အိပ်ဆောင် (၃-၄)ဝင်းကို (နှစ်ပွင့်)အရာရှိတစ်ယောက် အုပ်ချုပ်ပါတယ်။

ကျွန်တော်တိုက်ထဲကပြန်လာတာ (၃)လခွဲခန့်ရှိပြီ ဖြစ်ပါတယ်။ တစ်နေ့အဆောင် တာဝန်ခံ(နှစ်ပွင့်) ထောင်မှူးကြီး ယခင်ခေတ်အခေါ် (ယခုခေတ်ကြီးကြပ်ရေးမှူး)ရုံးမှာ ထိုင်နေချိန်မှာ ရုံးထဲကို ကျွန်တော် ဝင်သွားပြီး ကျွန်တော် ထောင်ပိုင်ကိုတွေ့ချင်ပါတယ်။ ဒါကြောင့် တွေ့ခွင့်ပြု ဖို့ထောင်မှူးကြီးဆီက ခွင့်ပြုချက်တောင်းတာပါလို့ ပြောဆို သတင်းပို့လိုက် ပါတယ်။ ဒါပေမဲ့ ဂွင်ကျော်တယ်ဆိုပြီး စည်းကမ်းပိုင်းနဲ့ နှိပ်ကွပ်မှာပါ။ ထောင်ပိုင်ကလည်း အဆောင်ကို မဝင်တာ (၃)လ (၁၅)ရက်ရှိပါပြီ။ စုံစမ်း ကြည့်တော့ ထောင်ပိုင်တန်းစီးမလာတာ (၈)လခန့်ရှိပြီလို့ သိရပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် ထောင်ပိုင်တစ်ယောက်ဟာ ထောင်ဝင်းထဲ ကို သာမကအိပ်ဆောင်တွေထဲကိုပါ (၇)ရက် တစ်ကြိမ်လှည့်လည်ကြည့်ရှု စစ်ဆေးမေးမြန်းပြီး လိုအပ်တာတွေကို ညွှန်ကြားရမယ် စီစဉ်ဆောင်ရွက် ပေးရမယ်လို့ သိထားပါတယ်။ ဒါပေမဲ့ မန္တလေး ထောင်ကြီးပြဿနာတွေ ဖြစ်ပြီးနောက်ပိုင်း အကျဉ်းသားတွေက သူတို့လိုအပ်ချက်တွေကို တင်ပြမှာ စိုးလို့ ထောင်ပိုင်ကမလာတာလို့ သိရပါတယ်။ ဒါကြောင့် ထောင်ပိုင်မလာလို့ ကျွန်တော်က သွားရောက်ပြီး ကျွန်တော်ဖြစ်ချင်တာကိုတင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော်သတင်းပို့ပြီးချိန်မှာ ထောင်မှူးကြီးက မင်းဘာသွားပြောမလဲ လို့ မေးပါတယ်။ ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စပါလို့ ပြန်ပြောလိုက် တော့ မင်းသူများ အကြောင်းမပြောနဲ့လို့ ပြောပါတယ်။ ကျွန်တော်ပါးစပ် ကသာ ဘာမှမပြောပေမယ့် ကျွန်တော့မျက်လုံးက ထောင်မှူးကြီးကို စိုက် ကြည့်ပြီး စကားတွေ ပြောနေပါတယ်။ (မျက်လုံးနဲ့ စကားပြောတာပါ)။



ကျွန်တော်က ထောင်မှူးကြီးကို မေးချင်ပါတယ်။ ကျွန်တော်ဘာတွေ သွားပြောမှာ သူကကြောက်နေသလဲ အစိုးရလခစားအရာရှိ တစ်ယောက် အနေနဲ့ မဟုတ်တာမလုပ်ရင် ကျွန်တော်လို အကျဉ်းသားတယောက်ကို ဘာဂရုစိုက်စရာလိုပါသလဲ။ ထောင်အရာရှိဝန်ထမ်းအများစုဟာ သူတို့ မဟုတ်တာ တွေလုပ်ထားလို့ လေ့လာစုံစမ်းတဲ့ အကျဉ်းသားမျိုးဆိုရင် ရွံ့ကြောက်ကြီး ဖြစ်နေတတ်ပါတယ်။

ကျွန်တော်ကလည်း ထောင်ထဲမှာ ကြာပြီဖြစ်တဲ့အတွက် လူသစ်တွေ လို (လိုင်းချက်)သိန်းချီမပေးနိုင်သလို ပေးချင်စိတ်လည်း မရှိတော့ပါဘူး။ ဒါကြောင့် သူတို့မဟုတ်တာလုပ်တာကို စောင့်ကြည့်မှတ်သားပြီး ကိုယ်လို ချင်တဲ့ အခွင့်အရေးကိုယူရမှာပါ။ ကျွန်တော် ဒီလို သူတို့ဟာကွက်ကို ထောက်ပြီး အခွင့်အရေးယူတာဟာသူတို့ကို စေတနာ၊ မေတ္တာ ဘယ်လိုမှ ထားလို့မရလို့ပါ။ ငွေမပေးနိုင်လို့ မဟုတ်ပါဘူး။ ပေးချင်စိတ်ကို မရှိတာပါ။ သူတို့ပြောတဲ့ အကျဉ်းသားအရာရှိဆိုတဲ့ ရာထူးကို လိုချင်တာကလဲ လူရိုသေအောင် စားဝတ်နေရေးအဆင်ပြေအောင်ပါ။ မတရားလုပ်ဖို့ မဟုတ်ပါဘူး။ ကျွန်တော်က လူကောင်းတစ်ယောက်မဟုတ်ပေမယ့် လူဆိုး စိတ်လည်း အပြည့်အဝရှိသူတစ်ယောက်မဟုတ်ပါဘူး။ အပြင်လောကမှာ ပဲဖြစ်ဖြစ်၊ ထောင်ထဲမှာပဲဖြစ်ဖြစ် နည်းနည်းမတရားဘူးဆိုရင် လက်ခံလို့ ရပေမယ့် အရမ်းကို မတရားဘူးဆိုရင်လုံးဝကို လက်မခံပါဘူး။ ဘယ်သူ့ကို ပဲဖြစ်ဖြစ် တုံ့ပြန်တဲ့ စိတ်ရှိပါတယ်။

ထောင်မှူးကြီးက ကျွန်တော့်ကို အတန်ကြာအကဲခတ်ပြီး ဝန်ထမ်းနန်းဦး ကို ဒီကောင့်ကို ထောင်ပိုင်ဆီပို့လိုက်လို့ ပြောပါတယ်။ ကျွန်တော်လည်း နန်းဦးက ဒီမှာ တစ်ယောက်ထောင်ပိုင်နဲ့ တွေ့ဖို့လာတယ်လို့ အသံကျယ် ကျယ်နဲ့ ပြောပါတယ်။ အဲ့ဒီအချိန်မှာ မိန်းဂျေးခုံတန်းရှေ့ပေါ်မှာ အိပ်နေတဲ့ ဒု. တ. က တစ်ယောက်က (ဝင်းလွင်ဦး)လို့ ထင်ပါတယ်။ ထောင်ပိုင် တပည့်ပါ။ အိပ်နေရာကနေလူးလဲထပြီး ဘယ်သူလဲထောင်ပိုင်နဲ့ တွေ့ချင် တာလို့မေးပါတယ်။ ကျွန်တော်ပါလို့ ဖြေလိုက်ချိန်မှာ သူက ဘာကိစ္စတွေ့ ချင်တာလဲလို့မေးပါတယ်။ ကိုယ်ရေးကိုယ်တာကိစ္စပါလို့ ကျွန်တော်ပြန်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။ သူက မင်းထောင်ထဲမှာ ဘယ်လောက်ကြာပြီလဲလို့ မေးပါတယ်။ ကျွန်တော်က ထောင်ထဲမှာ (၁၂)နှစ်ရှိပါပြီလို့ ပြန်ပြောလိုက်ပါတယ်။ သူက ယုံကြည်ပုံမရပါဘူး။ မင်းကိုထောင်ထဲမှာ ဘယ်လောက်ကြာပြီလဲလို့ မေးနေတာလို့ ထပ်မံပြောဆိုပါတယ်။ ကျွန်တော်ကလဲ ထောင်ထဲမှာ (၁၂) နှစ်ကြာပါပြီလို့ ထပ်မံဖြေလိုက်ပါတယ်။ သူက မင်းကိုငါမသိဘူး။ မင်း ဘယ်သူလဲလို့ မေးပါတယ်။ ကျွန်တော်က ခင်ဗျား ကျွန်တော့်ကို မသိပေမယ့် ကျွန်တော်ဘယ်သူဆိုတာ မန္တလေးထောင်တစ်ထောင်လုံး သိတယ်လို့ ခပ်မာမာပြန်ပြောလိုက်ပါတယ်။ သူတစ်ချက်တွေ သွားပြီး ထောင်ပိုင်မရှိဘူး ပြန်လာရင် သတင်းပို့ပေးမယ်လို့ ပြောတဲ့အတွက် ကျွန်တော်နဲ့ နန်းဦးက ပြန်လာခဲ့ပါတယ်။ အိပ်ဆောင်ရုံးရှေ့ရောက်တော့ ထောင်မှူးကြီးက တွေ့ခဲ့လားလို့ မေးပါတယ်။ ထောင်ပိုင်မရှိလို့ ပြန်လာခဲ့တာပါ။ ထောင်ပိုင်ပြန်လာရင် လာခေါ်မယ်လို့ ပြောပါတယ်လို့ ပြန်ဖြေလိုက်ပြီး ကျွန်တော်နေတဲ့ အခန်းကို ပြန်လာခဲ့ပါတယ်။

ကျွန်တော်နေတဲ့အိပ်ဆောင်(၃-၄)က အချို့သော လူဟောင်းအကျဉ်းသားတွေက ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ အုပ်စုဖွဲ့ဝေဖန်နေကြပါပြီ။ အကောင်းအဆိုးဘာ ဖြစ်မလဲလို့ပါ။ (၂၀၀၈)ခုနှစ်ဆိုတဲ့ အချိန်ကာလမှာ တပ်ကနေ အသွင်ပြောင်းလာတဲ့ ဗိုလ်မှူးဘွဲ့ထိုးလဲ အရောင်ပြောင်းသွားပါပြီ။ အကျဉ်းဦးစီးဌာနကို ရောက်ခါစက မှန်တာတွေပြော၊ မှန်တာတွေ လုပ်တဲ့ ဦးဘွဲ့ထိုးလည်း ကာလာတွေ စုံသွားပါပြီ။ ကာလဒေသက ဖြူစင်တဲ့ စိတ်တွေကို ဖျက်ဆီးလိုက်ပါပြီ။ ကျွန်တော်ဘဲထောင်မှာ အနေကြာလို့လား မသိပါဘူး။ အကျဉ်းဦးစီးဌာနမှာ အရာရှိလုပ်ချင်စိတ်တောင် တစ်ခါတလေ ဖြစ်ပေါ်မိပါတယ်။ ဘာကြောင့်လဲဆိုရင် အထက်လူကြီးကို ပေးကမ်းပြီး ဖြစ်စေ ဖားယားပြီးဖြစ်စေ ထောင်ကြီးထောင်လတ် တခုခုမှာ အချုပ်ဆောင်တို့၊ အကျဆောင်တို့မှာ တာဝန်ကျလိုက်ရင် ငွေဆိုတာ အိမ်ပေါ်ကို ခုန်တက်လာပါတယ်။ အိမ်တိုင်ရာ ရောက်ပေးကမ်းမဲ့သူတွေက မျက်နှာကို ပြုံးပြီးနူတ်ချိုချိုနဲ့ ဆရာရယ် ကျွန်မယောက်ျားကို စောင့်ရှောက်ပေးပါဆိုတာ က တစ်မျိုး၊ ဆရာကြီးရယ် ကျွန်မသားလေးကို ကူညီပေးပါအုံးဆိုတာက



တစ်ဖုံ ထောင်မှူးရယ် ကျွန်မမောင်လေး(သို့) ကျွန်မအကိုကို ကြည့်ရှုစောင့်ရှောက်ပေးပါဆိုတဲ့ စကားလုံးမျိုးနဲ့ သိန်းချီတဲ့ငွေနဲ့ လက်ဆောင်ပစ္စည်းတွေ ပါပေးလို့ အောက်ကျခံပြီးလိုင်းဝင်လာရောက်အပ်နှံကြတာကို မြင်တွေ့ကြားသိနေရတဲ့အပြင် တာဝန်ကျရာ အိပ်ဆောင်ထဲကို ဝင်လာရင် ခပ်ညုံ့ညုံ့ တပည့်တွေက အလေးချိန် (၅)ပိဿာလောက်ရှိတဲ့ အိပ်ကိုပြေးပြီး ယူလာပေးရတာကတစ်မျိုး၊ ဦးထုပ်ကို ပြေးယူတဲ့သူက တစ်မျိုး၊ အဆောင်ရုံးထဲမှာ ထိုင်လိုက်တာနဲ့ ရှေ့က အင်္ကျီကြယ်သီးဖြုတ်သူကတစ်ယောက်၊ အနောက်က အင်္ကျီကို ချွတ်ပေးတာက တစ်ယောက် ဖိနပ်ကြိုးဖြုတ်ပေးရတာနဲ့ ခြေအိတ်ချွတ်ပေးရတာနဲ့ နွေရာသီဆိုရင် အိုက်တယ်ကွာလို့ ထောင်မှူးက တစ်ချက်ငြီးလိုက်ရင် တစ်ယောက်က ပုဆိုးကိုကွင်းလေးလုပ်ပေးလို့ ထောင်မှူးက ဘောင်းဘီကို ချွတ်လိုက်ရင် အဆင်သင့် ဝတ်နိုင်အောင် အောက်ခံဘောင်းဘီနဲ့ ဘောင်းဘီရှည်ကို သူ့ထက်ငါလုလို့ယူရင်း ယပ်တောင်တွေကို သူ့ထက်ငါလေပိုရအောင် ခပ်ပေးရင်းသွားကြီးတွေဖြီးလို့ ထောင်မှူးက ငါမရှိတုံး အဆောင်မှာ ဘာထူးသလဲမေးရင် သူတို့မျက်စိအောက်မှာ တွေ့မြင်သမျှ သူများမကောင်းကြောင်း သူတို့ကောင်းကြောင်း အဆောင်ကို ထောင်မှူးမရှိတုန်း သူတို့ကဘဲ ထိန်းသိမ်းစောင့် ရှောက်ထားလို့ အဆောင်ကြီး ဘာမှမဖြစ်သလိုမျိုး အလုအယက်သံတော်ဦးတင်ကြတာနဲ့ ထောင်မှူးက ရေချိုးမယ်ကွာလို့ ပြောလိုက်ရင်သွားတိုက်ဆေး၊ သွားတိုက်တံ ပြေးယူသူနဲ့ ရေလောင်းပေးသူ ဆပ်ပြာတိုက်ပေးသူ သဘက်သုတ်ပေး သူတွေနဲ့ ဒီလိုစည်းစိမ်တွေကို တွေ့မြင်တဲ့အခါ လူသားတစ်ယောက်ဖြစ်တဲ့ ကျွန်တော် တစ်ခါတလေ ထောင်မှူးလုပ်ချင်စိတ်ဖြစ်ပေါ်မိတာပါ။ ထောင်မှူး တွေကို ဒီလိုပြုစုလုပ်ကိုင်ပေးတဲ့ သူတွေဟာ တချို့ ပညာတတ်၊ တချို့ ငွေကြေးပြည့်စုံသူတွေတောင် ပါကြပါတယ်။ လူဆိုးလူမိုက်အမည်ခံပြီး လူယက်၊ ဓားပြတိုက်၊ လူသတ်လာတဲ့သူတွေက ဒီလိုထောင်မှူးကို ဖားယားပြီး လုပ်ပေးနေတာ ကျွန်တော်ဘယ်လိုမှ စဉ်းစားလို့ကို အဖြေမပေါ်ပါဘူး။ အပြင်လောကမှာ ဘယ်သူမှ ဂရုမစိုက်ဘဲ လုပ်ချင်တာလုပ်ပြီး ကိုယ့်မိခင်၊ ဖခင်တွေ အပေါ်မှာတောင် ကျွေးမွေးပြုစုရမယ်ဆိုတာ အသိတရားမရှိကြ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူတွေက လူသားတစ်ယောက်ရဲ့ဂုဏ်သိက္ခာ၊ ယောကျ်ားတစ်ယောက်ရဲ့မာနဆိုတာလည်း မရှိကြတော့ဘဲ လက်ရှိရပ်တည်မှု တစ်ခုထဲကိုသာ အလေးထားပြီး ကျွန်စိတ်ပေါက်နေကြတဲ့ သူတွေကြောင့် လူဆိုး၊ လူမိုက်ဆိုတဲ့သူတွေကို ကျွန်တော်တော်တော် အထင်သေးသွားပါတယ်။ ဒီလိုလူမျိုးတွေကို ထောင်ထဲမှာ ကျွန်တော်မကြာခဏ ပြောပြနေတဲ့ စကားလုံးအတိုင်း မေးလိုက်ချင်ပါတယ်။ မင့်အမေလင်ကိုတောင် ဒီလိုလုပ်ပေးဘူးသလားလို့။

မနက်ပိုင်းက ကျွန်တော်ထောင်ပိုင်နဲ့ တွေ့ချင်ပါတယ်လို့ သတင်းပို့ထားတဲ့အတွက် ဒီညနေပိုင်းမှာ အကောင်းအဆိုးတခုခုတော့ အဖြေထွက်မှာပါ။ ဒါကြောင့်နေ့လယ် (၂)နာရီ တန်းဖွင့်တာနဲ့ ကျွန်တော်နေတဲ့ အမျိုးသားအိပ်ဆောင်(၄)ကနေ အမျိုးသားအိပ်ဆောင်(၂)ဖက်ကို အဆောင်ကူးပြီး မိတ်ဆွေသူငယ်ချင်းတွေနဲ့ စကားပြောရင်း စိတ်တည်ငြိမ်အောင် ကြိုးစားနေရပါတယ်။ ကျွန်တော်က အကျဉ်းသားဖြစ်တဲ့အတွက် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ထောင်အာဏာပိုင်တွေနဲ့ တွေ့ဆုံပြောဆိုတင်ပြရင် ဘာဖြစ်မယ်ဆိုတာ ကြိုတင်မခန့်မှန်းနိုင်ပါဘူး။ အခြားအကျဉ်းသားတွေ တင်ပြကြရင်တော့ အများစုဟာ အဆူခံ၊ အဆဲခံ၊ ရိုက်နှက်ကြိမ်းမောင်းခံကြရတာ များပါတယ်။ ထောင်ပိုင်ဘွဲ့ထီးကလည်း လက်သံပြောင်ကြောင်း သတင်းထွက်နေချိန်ပေ့ါ။ ဒီလိုနဲ့ ညနေ(၄)နာရီခန့်မှာ ကျွန်တော်နေတဲ့အိပ်ဆောင်(၃-၄)ရုံးက ခတ်ကြီးဆိုတဲ့ အကျဉ်းသားက ကျွန်တော့်ကို လိုက်လံခေါ်နေပါတယ်။ ကျွန်တော်လည်း အခန်းထဲကထွက်ပြီး အကျိုးအကြောင်းမေးတော့ ထောင်ပိုင်က ကျွန်တော့်ကို ခေါ်ခိုင်းကြောင်း အဆောင်ထောင်မှူးကြီးကလည်း အမြန်ပြန်လာဖို့ပြောကြောင်း ခတ်ကြီးက ရှင်းပြပါတယ်။ ကျွန်တော်မျှော်လင့်နေတဲ့ အချိန်တော့ ရောက်လာပါပြီ။ ထောင်ပိုင်နဲ့တွေ့ရင် ဘာပြောရမလဲဆိုတာ ကြိုတင်စဉ်းစားရပါတော့တယ်။ ထောင်ပိုင်နဲ့ သီးခြားတွေ့ဆုံရတော့မယ်ဆိုတော့ ကျွန်တော်ကိုယ့်ကိုကိုယ်(ဂွိုက်တင်း) လို့ အားပေးရပါတယ်။ ထောင်ထဲမှာ TV ကြည့်ရင် ကိုရီးယားဇာတ်လမ်းတွဲတွေသာ ကြည့်နေရတော့ ကိုရီးယားစကားအတိုင်း ဇာတ်လမ်းတွေထဲ



မှာ တစ်ခုခု အခက်အခဲဖြစ်ပြီဆိုရင် မိမိကိုယ်မိမိဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းတွေကဖြစ်စေ (အားတင်းထား တောင့်ထား)ဆိုတဲ့ အားပေးစကားအတိုင်း ကျွန်တော်ကိုယ်ကိုကိုယ် အားပေးတာပါ။ ပုံစံပုဆိုး၊ အကျီဝတ်ထားပြီးဖြစ်တဲ့အတွက် ခတ်ကြီးနဲ့ ကျွန်တော် မိန်းဂျေးကို သွားရောက်တဲ့အခါ မိန်းဂျေးရုံးပေါက်ခုံမှာ ကျွန်တော်တို့ အဆောင်ထောင်မှူးကြီးက ထိုင်နေပြီး ထောင်ပိုင်ကစားပွဲနောက်ကခုံမှာထိုင်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်မိန်းဂျေးလှေခါးထစ်ပေါ်မှာ တက်နေဆဲ အသံနှစ်သံက ပြိုင်တူထွက်ပေါ် လာပါတယ်။ (မင်းဘယ်သွားနေတာလဲ)ထောင်ပိုင်နဲ့ ထောင်မှူးကြီးနှစ်ယောက်လုံးက ကျွန်တော်နေတာက အိပ်ဆောင်(၄)အခုကျွန်တော်ကို လိုက်ခေါ်နေရတာက အိပ်ဆောင်(၂)ဆိုတော့ မိန်းဂျေးရုံးသံဇကာကွက်ထဲကနေ ကျွန်တော် ဘယ်ကလာတယ်ဆိုတာမြင်တွေ့ရတဲ့အတွက် ဒီလိုမေးလိုက်တာပါ။ ကျွန်တော်(၂)ဆောင်ကို သွားနေတာပါလို့ ဖြေလိုက်ပါတယ်။ ဒီလိုသွားလို့ရသလားဆိုတဲ့ အသံကလည်း နှစ်သံပြိုင်တူ ဒုတိယအကြိမ် ထပ်မံမေးမြန်းပြန်ပါတယ်။ ကျွန်တော်ပြန်မဖြေပါဘူး။ စိတ်ထဲမှာ ထင့်ကနဲ ဖြစ်သွားပြီ။ မျက်နှာကလည်း မကြည်မသာ ဖြစ်သွားတယ်ဆိုတာကို ကိုယ့်ကို ကိုယ်သိပါတယ်။ ထောင်ထဲမှာ အရာအားလုံးကို နားလည်မှုဆိုတဲ့ စကားလုံးနဲ့ သွားလာချက်ပြုတ်စားသောက်နေထိုင်၊ ပြုမူကြပါတယ်။ အဆင်ပြေရင် အထာထားတယ် အဆင်မပြေရင် စာအုပ်ကြီးတိုင်းပေ့ါဆိုသလို ကျွန်တော် အဆောင်ကူးတာ ဘောင်မဝင်မှန်း သိပေမယ့် ဒီလိုဘဲအများစုဟာ သွားလာနေတာ နေ့စဉ်ပါပဲ။ ကျွန်တော် မျက်နှာမကြည်မသာနဲ့ရပ်နေတုန်း ထောင်ပိုင်က အထဲဝင်လာခဲ့လို့ ပြောပါတယ်။ ကျွန်တော်မိန်းဂျေးရုံးခန်းထောင်ပိုင်ရှေ့မှာ ပုံစံရပ်လိုက်ပါတယ်။ မင်းဘာတင်ပြစရာရှိသလဲလို့ ထောင်ပိုင်ကမေးပါတယ်။ ကျွန်တော်ထောင်ထဲမှာ (၁၂)နှစ်ခန့်ရှိပါပြီ။ ရန်ကုန်မှာနေတာပါ။ ကျွန်တော့်အမေက (၆)လတစ်ကြိမ် (၁)နှစ်တစ်ကြိမ်ထောင်ဝင် စာလာသလို လိုအပ်ရင်လည်း ငွေလွှဲပို့ပေးပါတယ်။ ဒါပေမဲ့ ကျွန်တော်စားဝတ်နေရေး မပြေလည်ပါဘူး။ ဒါကြောင့် ထောင်ပိုင်ကြီးအနေနဲ့ ကျွန်တော့်ကို သင့်တော်မယ့်တစ်နေရာရာမှာ နေရာ

www.burmeseclassic.com

www.burmeseclassic.com



ချပေးပါလို့ တောင်းဆိုလိုက်ပါတယ်။ အကျဉ်းသားတစ်ယောက်ဟာ
ထောင်ပိုင်ကို သီးခြားတွေ့ဆုံပြီး ရာထူးတစ်ခုတောင်းနေတာ ဘာကြောင့်
လဲ သူတို့တွေးရင်း အဖြေပေါ်မှာပါ။ ကျွန်တော့်ဘက်ကတော့ ဆုံးဖြတ်
ချက်ချပြီးသွားပါပြီ။ ကျွန်တော်တင်ပြတာကို မကျေနပ်လို့ ကျွန်တော့်ကို
တစ်ခုခုလုပ်ရင် သူတို့ထက်ကြီးတဲ့ ညွှန်မှူးညွှန်ချုပ်လာရင်သူတို့ ဘယ်လို
လိုင်းချက်တွေ ဖန်ထားတယ်။ ဘယ်သူဘယ်ဝါတွေဆိုတာ သက်သေ
အထောက်အထားနဲ့ပြောနိုင်အောင် ကျွန်တော်စုံစမ်းလေ့လာမှတ်သားထား
ပါတယ်။ အခြားအကျဉ်းသားတွေကို ထောင်ပိုင်က မအော၊ နှမဆဲပြီး ပါးကို
အချက်(၄၀/၅၀)ရိုက်နေတဲ့ အချိန်မှာ ကံကောင်းစွာနဲ့ ကျွန်တော်ကိုတော့
ထောင်ပိုင်က လေသံပျော့ပျော့လေးနဲ့ မိနစ်(၃၀)ကျော် တရားချနေပါတယ်။

ဘယ်လိုတရားချသလဲဆိုရင် (မှတ်မိသလောက်ကတော့) မင်းအခက်ခဲ
ရှိလို့တင်ပြတာကို ငါ ဘာမှမပြောလိုဘူး။ ဒါပေမဲ့ ငါလည်းလုပ်ချင်တိုင်း
လုပ်လို့မရဘူး။ ငါ့အထက်မှာ တစ်ယောက်ရှိသေးတယ်။ အကျဉ်းသား
တစ်ယောက်ကို နေရာတစ်နေရာမှာ ထားမယ်ဆိုရင် အထက်ကို တင်ပြရ
တယ်။ အထက်ကခွင့်ပြုမိန့်ရမှ နေရာပေးလို့ရတယ်။ ငါ့မှာလည်း မင်းတို့
အားလုံးရဲ့ စားဝတ်နေရေးကို နေ့စဉ်အဆင်ပြေအောင် လုပ်ကိုင်နေရ
တယ်။ ငါလည်းကိုယ့်သဘောအတိုင်း လုပ်လို့ရရင် လုပ်ပေးချင်ပါတယ်။
အရာရှိတွေ အစည်းအဝေးထိုင်ပြီး ဆွေးနွေးရတာနဲ့ ထောင်ပိုင်ကြီးကို
တင်ပြရတာနဲ့ သူတို့အားလုံးသဘောတူမှ အကျဉ်းသားတစ်ယောက်ကို
ရာထူးပေးလို့ရတာ ဘာညာပေါ့ ဒီလိုပြောပါတယ်။

(၂၀၀၈)ခုနှစ် (၁၀)လပိုင်းကုန်လောက်မှာ ပြောတဲ့စကားအကြောင်း
အရာတွေဆိုတော့ ဒီလောက်ဘဲမှတ်မိပါတယ်။

ဗိုလ်မှူးဘွဲ့ထိုးရဲ့အထက်မှာ ထောင်ပိုင်ကြီးတစ်ယောက်ရှိပါတယ်။
ဦးခင်မောင်လတ်လို့ ထင်ပါတယ်။ အဲ့ဒီထောင်ပိုင်က အကျဉ်းသားတွေရဲ့
အကောင်းအဆိုးကို ဘာမှစိတ်မဝင်စားပါဘူး(လာဘ်ပေးလာဘ်ယူ) မရှိ
သလို အကျဉ်းသားတွေကိုလည်း အကျိုးမပြုပါဘူး။ မန္တလေးမြို့ စား
သောက်ဆိုင်တစ်ခုက ရန်ကုန်သူ ချာတိတ်မတစ်ယောက်ဆီမှာသာ ထောင်



ပိုင်ကြီးရဲ့ စိတ်ကရှိနေတာလို့ ကြားသိရပါတယ်။ ဇနီးနဲ့ သားသမီးတွေကို
ပစ်ထားပြီး မန္တလေးတောင်ခြေက တိုက်လေးတစ်လုံးမှာ အတူနေကြတယ်
လို့ သိရပါတယ်။ ချာတိတ်မက ထောင်ပိုင်ကြီးကို အရမ်းနိုင်တယ်လို့ အဲ့ဒီ
အိမ်မှာ သွားရောက်လုပ်ကိုင်ပေးနေရတဲ့အပြင် ဘုတ်အဖွဲ့က ပြောပါတယ်။
ချာတိတ်မက ထောင်ပိုင်ကြီးကို အကိုကြီးလို့ခေါ်ကြောင်း စိတ်ဆိုးလာရင်
ပစ္စည်းတွေကို ပေါက်ခွဲတတ်ကြောင်းကို အကျဉ်းသားအပြင်ဘုတ်အဖွဲ့က
တိတိကျကျပြောပါတယ်။ ကျွန်တော့်ကို အထက်လူကြီးနဲ့ အကြောင်းပြ၊
အခြားအရာရှိတွေနဲ့ အကြောင်းပြပြီး ချိုချိုသာသာနဲ့ ပညာပေးနေမှန်း
သိပေမယ့် (လိမ်နေမှန်း) သိလျက်နဲ့ ထောင်ပိုင်တစ်ယောက်က အကျဉ်း
သားတစ်ယောက်ကို ဒီလိုစိတ်ရှည်ရှည်နဲ့ အချိန်ပေးပြီးလိမ်ညာ စကားပြော
တဲ့အတွက် ကျွန်တော်အားနာလာပြီး ထောင်ပိုင်ကြီး ကျွန်တော်နေရာ
မရရင်လည်း ကိစ္စမရှိပါဘူး။ ကျွန်တော့်ကို ဒီလိုပြောတဲ့အတွက် ကျွန်တော်
ကျေနပ်ပါတယ်လို့ ပြောပြီးပြန်လာခဲ့ပါတယ်။ အခြားအကျဉ်းသားတွေ
အကြောင်းမျိုးမျိုးကြောင့် ထောင်ပိုင်နဲ့တွေ့ရင် အရိုက်အနှက်ခံရ
သလောက် ကျွန်တော်ကို မဆူမဆဲ မရိုက်ဘဲ နူတ်ချိုချိုနဲ့ ဖြေရှင်းချက်
အကြောင်းပြချက်တွေ ပေးနေတဲ့အတွက် ကျွန်တော်ပြဿနာရှာချင်စိတ်
ပျောက်ပြီး နှစ်သိမ့်ဆုနဲ့ ပြန်လာခဲ့ပါတယ်။

ဒီလိုနဲ့ နောက်ထပ်အချိန်တလခွဲခန့်ကြာခဲ့ပါပြီ။ တစ်ရက် ကျွန်တော်
အမေရန်ကုန်ကနေ မန္တလေးကို ထောင်ဝင်စာ လာတွေ့ပါတယ်။ ကျွန်တော်
ဆက်လက်တိုက်ပွဲဝင်ရမယ့် အချိန်ရောက်လာပါပြီ။ တရားဝင်မိန်းဂျေးကို
သွားရောက်ရမှာဖြစ်တဲ့အတွက် ဘာလုပ်မယ်ဆိုတာ ကြိုတင်စဉ်းစားပြီး
ထွက်လာခဲ့ပါတယ်။ ထောင်ဝင်စာနံပါတ်ကြီး ရေးနေချိန်မှာ မိန်းဂျေးရုံး
ဘေးက စားပွဲပုလေးမှာ တစ်ထောင်လုံး ဘုတ်ကိုင်ဘဲခေါ်ခေါ် မိန်းဂျေး
စည်းကမ်းထိန်းဘုတ်ကိုင်ပဲခေါ်ခေါ် အကျဉ်းသားထဲမှာ ရာထူးအကြီးဆုံး
ဆိုတဲ့ ဖိုးစိုးဆိုတဲ့သူကို ထောင်ပိုင်တပည့်မြတ်စိုးအောင်နဲ့ အတူ SB
ဝန်ထမ်းအပါအဝင်(၃)ယောက် ထိုင်စကားပြောနေကြပါတယ်။ ကျွန်တော်
ပစ်မှတ်ကိုတွေ့ပါပြီ။ ကျွန်တော်မြတ်စိုးအောင်ကို လက်ယပ်ခေါ်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြတ်စိုးအောင် ကျွန်တော်ဆီလာပါတယ်။ ကျွန်တော်က သူ့ကို မင်းတို့ မန္တလေးထောင်ထဲမှာ လုပ်ချင်တိုင်း လုပ်နေတယ်။ မင်းတို့လုပ်နေတာ ငါဘာမှမပြောဘူး။ ငါရဲ့ စားဝတ်နေရေးအတွက် အဆောင်တစ်ခုခုမှာ အခန်းလူကြီးလေး တစ်နေရာတောင်းတာတောင် မင်းတို့လုပ်မပေးဘူး။ မင်းတို့ ပိုက်ဆံယူပြီး နေရာအနှံ့မှာရာထူးပေးထားတဲ့ သူတွေငါအကုန်သိတယ်။ အခုငါ့အိမ်က ထောင်ဝင်စာလာပြီ မင်းတို့နဲ့ ငါတွေ့မယ်လို့ ကြိမ်းဝါးတော့ သူက ဦးဘွဲ့ထီးတပည့်ပီသစွာ အစ်ကို ကျွန်တော်ဘာမှမလုပ်ပါဘူး။ လုပ်ပိုင်ခွင့်လည်း မရှိပါဘူးလို့ ငြင်းဆိုပါတယ်။ တကယ်တော့ မိန်းဂျေးက ဖိုးစိုးဆိုတာ မြတ်စိုးအောင် လက်အောက်ကပါ။ ထောင်ပိုင်ကို ဒီလူ့က နေရာပေးသင့်ပါတယ်။ ဒီလူကို နေရာမပေးသင့်ပါဘူးလို့ သူတို့ပါးစပ်က နှုတ်ထွက်စကားအတိုင်း ထောင်ပိုင်က ပုံဖော်တာပါ။ သူတို့က ကျွန်တော်တို့လို ပြောတတ်ဆိုတတ်၊ လုပ်တတ်ကိုင်တတ်တဲ့ သူမျိုးတွေကို အလိုမရှိပါဘူး။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ညှိုးထောင်ပြ ခေါင်းညိမ့်မယ့်သူမျိုးတွေကိုသာ အသုံးချချင်တာပါ။ မြတ်စိုးအောင်ကို ကြိမ်းပြီး ထောင်ဝင်စာ ခန်းဘက်ကို ထွက်လာခဲ့ပါတယ်။ ထောင်ထဲမှာ ကျွန်တော်က သန့်သန့်ပြန့်ပြန့် ဝတ်စားနေထိုင်သူတစ်ယောက်ပါ။ အခုထောင်ဝင်စာလာချိန်မှာတော့ ပါဝါမျက်မှန်အစုတ်တစ်လက် ပုံစံအကျႌအစုတ် ပုံစံပုဆိုးအစုတ် မြင်းကြယ်ဖိနပ်ကဖားဥစွဲပြီး ဖနောင့်ဘက်က အပေါက်ဖြစ်နေတဲ့ ဖိနပ်နဲ့ပါ အမေ့ဆီက စစ်ကူရဖို့အတွက် အမေသနားအောင် ဒီလို ပုဆိုး အကျႌ မျက်မှန်ဖိနပ်တွေကို ထောင်ဝင်စာပြန်လာရင် ကော်ဖီစားစရာပေးမယ်ဆိုပြီး မရှိန္ဓမ်းပါးတဲ့သူတွေဆီက ငှားလာခဲ့တာပါ။ အလှည့်ကျလို့ ထောင်ဝင်စာ ခန်းပေါ်တက်ပြီး အမေ့ကို မျှော်နေမိပါတယ်။ အမေ့ကို လိမ်ရတော့မယ့်အတွက် စိတ်တော့မကောင်းပါဘူး။ ဒီလိုမှ မလုပ်ရင် ကျွန်တော်တိုက်နေတဲ့ တိုက်ပွဲက နိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် အမေ့ကို စစ်ကူတောင်းရတာပါ။ ထောင်ဝင်စာတွေ့မယ့် အပြင်လူတွေဝင်လာကြပါပြီ အမေ့လို အော်ခေါ်လိုက်ပါတယ်။ ဒါကတော့ သားတစ်ယောက်က တစ်နှစ်မှ တစ်ကြိမ်(သို့) နှစ်ကြိမ်လောက်သာ တွေ့ရတဲ့ မိခင်ကို ရင်ထဲက



အားရပါးရ ခေါ်လိုက်တာပါ။ အမေက ခေါ်သံကြားလို့ ကျွန်တော်ဆီကို လာရင်း ကျွန်တော့်ကို အကဲခတ်နေပါတယ်။ ခါတိုင်းထောင်ဝင်စာလာရင် သန့်ရှင်းသပ်ရပ်နေတဲ့ ကျွန်တော်က အခုအစင်းအကြောင်းနဲ့ ရောက်လာပါတယ်။ ကျွန်တော်ပါဝါ(၂၀၀)ရှိတဲ့ မျက်မှန်အစုတ်ပြပြီး အမေကျွန်တော် မျက်လုံးတွေ သိပ်မကောင်းဘူး။ လို့ပြောရင်း ကျွန်တော်အဆင်မပြေဘူး အမေ။ ဝတ်ထားတဲ့ အကျႌပုဆိုးတွေသာ ကြည့်ပါတော့လို့ ပြောရင်း ကျွန်တော့်ခြေထောက်ကို မြှောက်ပြလိုက်ပါတယ်။ မြင်းကြယ် ဖိနပ်အပြဟာ ဖားဥစွဲပြီး ဖနှောင့်နေရာက ပေါက်ပြဲစုတ်ပြတ်ပုံမျိုး အမေမတွေ့ဖူးဘူးဆိုတာ ကျွန်တော်တို့သားအမိချင်းပဲ သိပါတယ်။ အမေ့စိတ်ထဲမှာ ကျွန်တော်နဲ့ ပတ်သက်ပြီး စိတ်မကောင်းကြီးစွာနဲ့ ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်က အသံကျယ်ကျယ်နဲ့ အမေဒီမန္တလေးထောင်ကြီးမှာ အရင်လို ပြန်ဖြစ်သွားပြီး ပိုက်ဆံပေးနိုင်ရင် ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်သလဲ၊ ငွေပေးရင် ဘယ်ရာထူးယူမလဲ။ ဘယ်အဆောင်မှာ နေမလဲလူသစ်တွေ လူဟောင်းတွေ မရှိဘူး။ ငွေပေးနိုင်ရင် နေရာပေးမယ်။ ငွေမပေးနိုင်ရင် ထောင်ထဲမှာ (၁၀)နှစ်ကြာလည်း (ပေါ်တာ)လိုက် (ဘောက်ဆင်း)လိုက်နေရတာပဲ။

ကျွန်တော်ထောင်ထဲမှာ (၁၂)နှစ်ကြာပြီ ကောင်းကောင်းမွန်မွန်နေလဲ အပိုဘဲ ငွေသိန်းချီမပေးနိုင်ရင် ဒီလို စုတ်ပြတ်နေမှာဘဲဆိုပြီး အမေ့ကို ပြောလိုက်ပါတယ်။ အမေက ငါဘာလုပ်ပေးရမလဲတဲ့ ကျွန်တော်က အမေ ရန်ကုန်ရောက်ရင် ညွှန်ချုပ်ရုံးကိုသွားပါ ကျွန်တော့်နာမည်နဲ့ အဖေ့နာမည်နဲ့ ပြောပြီး ကျွန်မသားထောင်ထဲမှာ (၁၂)နှစ်ရှိပြီ ငွေမပေးနိုင်လို့ အခုအချိန်ထိ မန္တလေးထောင်ထဲမှာ စုတ်စုတ်ပြတ်ပြတ် စားသောက်နေထိုင်ရတယ် ငွေပေးနိုင်တဲ့သူတွေဆိုရင် ထောင်ထဲမှာ (၁)နှစ်၊ (၂)နှစ်သာ ကြာပေမယ့် အကျဉ်းသားအရာရှိလို့ခေါ်တဲ့ ရာထူးအမျိုးမျိုးနဲ့ ကောင်းကောင်းမွန်မွန် စားသောက်လွတ်လွတ်လပ်လပ် သွားလာနေထိုင်ကြတယ်လို့ ကျွန်တော်တို့က ဒါတွေကို မကျေနပ်လို့ ညွှန်ချုပ်ကြီးဆီကို သွားတိုင်ပေးပါဆိုရင် ကျွန်မလာတိုင်တာပါလို့ ပြောပေးပါဆိုပြီး အမေ့ကို အသံကျယ်ကျယ်လောင်စွာနဲ့ တိုင်ပြောနေချိန်မှာ ကျွန်တော့်အနောက်မှာ ထောင်ဝင်စာစည်းကမ်းထိန်း၊

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်ထောင်သက်(၁၂)နှစ်ခန့်ရှိပါပြီ။ ဒါကြောင့် ကိုယ့်အောက်ကနေ နောက်ပေါက်ချာတိတ်တွေ မန္တလေးထောင်ထဲမှာ သူ့ဝင်နဲ့ သူနောက်တစ်ကြိမ် ပြန်လည်လူပါးဝနေကြပြန်တော့ ဒီအတိုင်းနေရင် ဘာမှမဟုတ်ပါဘူးကွာ အလကားပါဆိုတဲ့ ပုံစံဖြစ်သွား တော့မှာပါ။ ကျွန်တော်ပညာတွေ ထုတ်သုံးရတော့မှာပါ။ ဒါ့ကြောင့်ဘယ်ကစပြီး ဘာလုပ်မယ်ဆိုတာကို စီစဉ်ရပါတော့တယ်။ အဲ့ဒီချိန်မှာ ကျွန်တော်နေတဲ့ အိပ်ဆောင်(၃-၄)ဝင်းကို (နှစ်ပွင့်)အရာရှိတစ်ယောက် အုပ်ချုပ်ပါတယ်။

ကျွန်တော်တိုက်ထဲကပြန်လာတာ (၃)လခွဲခန့်ရှိပြီ ဖြစ်ပါတယ်။ တစ်နေ့အဆောင် တာဝန်ခံ(နှစ်ပွင့်) ထောင်မှူးကြီး ယခင်ခေတ်အခေါ် (ယခုခေတ်ကြီးကြပ်ရေးမှူး)ရုံးမှာ ထိုင်နေချိန်မှာ ရုံးထဲကို ကျွန်တော်ဝင်သွားပြီး ကျွန်တော် ထောင်ပိုင်ကိုတွေ့ချင်ပါတယ်။ ဒါကြောင့် တွေ့ခွင့်ပြုဖို့ထောင်မှူးကြီးဆီက ခွင့်ပြုချက်တောင်းတာပါလို့ ပြောဆို သတင်းပို့လိုက်ပါတယ်။ ဒါပေမဲ့ ဂွင်ကျော်တယ်ဆိုပြီး စည်းကမ်းပိုင်းနဲ့ နှိပ်ကွပ်မှာပါ။ ထောင်ပိုင်ကလည်း အဆောင်ကို မဝင်တာ (၃)လ (၁၅)ရက်ရှိပါပြီ။ စုံစမ်းကြည့်တော့ ထောင်ပိုင်တန်းစီးမလာတာ (၈)လခန့်ရှိပြီလို့ သိရပါတယ်။ ကျွန်တော်သိသလောက်ဆိုရင် ထောင်ပိုင်တစ်ယောက်ဟာ ထောင်ဝင်းထဲကို သာမကအိပ်ဆောင်တွေထဲကိုပါ (၇)ရက် တစ်ကြိမ်လှည့်လည်ကြည့်ရှုစစ်ဆေးမေးမြန်းပြီး လိုအပ်တာတွေကို ညွှန်ကြားရမယ် စီစဉ်ဆောင်ရွက်ပေးရမယ်လို့ သိထားပါတယ်။ ဒါပေမဲ့ မန္တလေး ထောင်ကြီးပြဿနာတွေဖြစ်ပြီးနောက်ပိုင်း အကျဉ်းသားတွေက သူတို့လိုအပ်ချက်တွေကို တင်ပြမှာစိုးလို့ ထောင်ပိုင်ကမလာတာလို့ သိရပါတယ်။ ဒါကြောင့် ထောင်ပိုင်မလာလို့ ကျွန်တော်က သွားရောက်ပြီး ကျွန်တော်ဖြစ်ချင်တာကိုတင်ပြမှာ ဖြစ်ပါတယ်။

ကျွန်တော်သတင်းပို့ပြီးချိန်မှာ ထောင်မှူးကြီးက မင်းဘာသွားပြောမလဲလို့ မေးပါတယ်။ ကျွန်တော်က ကိုယ်ရေးကိုယ်တာကိစ္စပါလို့ ပြန်ပြောလိုက်တော့ မင်းသူများ အကြောင်းမပြောနဲ့လို့ ပြောပါတယ်။ ကျွန်တော်ပါးစပ်ကသာ ဘာမှမပြောပေမယ့် ကျွန်တော့မျက်လုံးက ထောင်မှူးကြီးကို စိုက်ကြည့်ပြီး စကားတွေ ပြောနေပါတယ်။ (မျက်လုံးနဲ့ စကားပြောတာပါ)။



ကျွန်တော်က ထောင်မှူးကြီးကို မေးချင်ပါတယ်။ ကျွန်တော်ဘာတွေသွားပြောမှာ သူကကြောက်နေသလဲ အစိုးရလခစားအရာရှိ တစ်ယောက်အနေနဲ့ မဟုတ်တာမလုပ်ရင် ကျွန်တော်လို အကျဉ်းသားတယောက်ကို ဘာဂရုစိုက်စရာလိုပါသလဲ။ ထောင်အရာရှိဝန်ထမ်းအများစုဟာ သူတို့မဟုတ်တာ တွေလုပ်ထားလို့ လေ့လာစုံစမ်းတဲ့ အကျဉ်းသားမျိုးဆိုရင် ရွံ့ကြောက်ကြီး ဖြစ်နေတတ်ပါတယ်။

ကျွန်တော်ကလည်း ထောင်ထဲမှာ ကြာပြီဖြစ်တဲ့အတွက် လူသစ်တွေလို (လိုင်းချက်)သိန်းချီမပေးနိုင်သလို ပေးချင်စိတ်လည်း မရှိတော့ပါဘူး။ ဒါကြောင့် သူတို့မဟုတ်တာလုပ်တာကို စောင့်ကြည့်မှတ်သားပြီး ကိုယ်လိုချင်တဲ့ အခွင့်အရေးကိုယူရမှာပါ။ ကျွန်တော် ဒီလို သူတို့ဟာကွက်ကိုထောက်ပြီး အခွင့်အရေးယူတာဟာသူတို့ကို စေတနာ၊ မေတ္တာ ဘယ်လိုမှထားလို့မရလို့ပါ။ ငွေမပေးနိုင်လို့ မဟုတ်ပါဘူး။ ပေးချင်စိတ်ကို မရှိတာပါ။ သူတို့ပြောတဲ့ အကျဉ်းသားအရာရှိဆိုတဲ့ ရာထူးကို လိုချင်တာကလဲ လူရှိသေအောင် စားဝတ်နေရေးအဆင်ပြေအောင်ပါ။ မတရားလုပ်ဖို့မဟုတ်ပါဘူး။ ကျွန်တော်က လူကောင်းတစ်ယောက်မဟုတ်ပေမယ့် လူဆိုးစိတ်လည်း အပြည့်အဝရှိသူတစ်ယောက်မဟုတ်ပါဘူး။ အပြင်လောကမှာပဲဖြစ်ဖြစ်၊ ထောင်ထဲမှာပဲဖြစ်ဖြစ် နည်းနည်းမတရားဘူးဆိုရင် လက်ခံလို့ရပေမယ့် အရမ်းကို မတရားဘူးဆိုရင်လုံးဝကို လက်မခံပါဘူး။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တုံ့ပြန်တဲ့ စိတ်ရှိပါတယ်။

ထောင်မှူးကြီးက ကျွန်တော့်ကို အတန်ကြာအကဲခတ်ပြီး ဝန်ထမ်းနန်းဦးကို ဒီကောင့်ကို ထောင်ပိုင်ဆီပို့လိုက်လို့ ပြောပါတယ်။ ကျွန်တော်လည်း နန်းဦးက ဒီမှာ တစ်ယောက်ထောင်ပိုင်နဲ့ တွေ့ဖို့လာတယ်လို့ အသံကျယ်ကျယ်နဲ့ ပြောပါတယ်။ အဲ့ဒီအချိန်မှာ မိန်းဂျေးခုံတန်းရှေ့ပေါ် မှာ အိပ်နေတဲ့ ဒု. တ. က တစ်ယောက်က (ဝင်းလွင်ဦး)လို့ ထင်ပါတယ်။ ထောင်ပိုင်တပည့်ပါ။ အိပ်နေရာကနေလူးလဲထပြီး ဘယ်သူလဲထောင်ပိုင်နဲ့ တွေ့ချင်တာလို့မေးပါတယ်။ ကျွန်တော်ပါလို့ ဖြေလိုက်ချိန်မှာ သူက ဘာကိစ္စတွေ့ချင်တာလဲလို့မေးပါတယ်။ ကိုယ်ရေးကိုယ်တာကိစ္စပါလို့ ကျွန်တော်ပြန်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့မနေ့က မိန်းဂျေးမှာ ထောင်ပိုင်တပည့်မြတ်စိုးအောင်ကို ကြိမ်းမောင်းလိုက်တာကို ပြန်တိုင်ထားပုံရပါတယ်။ ကျွန်တော်ဒီလိုပြန်မေးလိုက်တော့ ထောင်ပိုင်က စကားလွှဲသွားပါတယ်။ မင်းတို့က အုပ်ချုပ်ရေးပိုင်းနေမယ့်သူတွေဖြစ်တဲ့အတွက် မင်းတို့ကိုယ်တိုင်က စည်းကမ်းရှိမှ သူများကို အုပ်ချုပ်လို့ရမယ် မင်းစည်းကမ်းနဲ့ မင်းကိုယ်တိုင်နေထိုင်ပါ။ ငါ့ကို ရှာကျွေးဖို့ မလိုသလို မင်းတို့အိပ်ဆောင်ကိုင်တဲ့ ထောင်မှူးကြီးကိုလည်း တစ်ပြားမှ ရှာပေးစရာမလိုဘူးလို့ဆိုတဲ့ စကားကို ထောင်ပိုင်လေးက လေးလေးနက်နက်ပြောပါတယ်။ တကယ်တော့ သူတို့အတွင်းရေးတွေကို မသိစေချင်လို့ မင်းကိုနေရာပေးမယ် မင်းတစ်ကိုယ်စာ ရှာဖွေစား ကျန်တဲ့ကိစ္စ မင်းဘာမှမလုပ်နဲ့ဆိုပြီး လမ်းကြောင်းပိတ်လိုက်တာပါ။ ပြဿနာရှာတိုင်တာတွေ မဖြစ်အောင် စေတနာမဲ့နေရာတစ်ခု ပေးတာပါ။ မင်းအဆောင်ကိုပြန် မင်းထောင်မှူးကြီးကိုပြောလိုက် ထောင်ပိုင်က နေရာတစ်ခုပေးဖို့ပြောတဲ့အကြောင်း ပြောလိုက်လို့ပြောပါတယ်။ ကျွန်တော်က အကျဉ်းသားတစ်ယောက်ပါ ထောင်မှူးကြီးကို ဒီလိုစကားသွားပြောဖို့ မသင့်ပါဘူး။ ပြောလိုက်တော့ ထောင်ပိုင်က မိန်းဂျေးစည်းကမ်းထိန်းတစ်ယောက်ကို မှာစရာရှိတာမှာပြီး ကျွန်တော်နဲ့အတူ အိပ်ဆောင်ကို ထည့်ပေးလိုက်ပါတယ်။ အိပ်ဆောင်(၃-၄)ရုံးခန်းထဲမှာ ထောင်မှူးကြီးက ထိုင်နေချိန်မှာ မိန်းဂျေးစည်းကမ်းထိန်းက သွားရောက်သတင်းပို့ပါတယ်။ ထောင်မှူးကြီးက ကျွန်တော့်ကိုခေါ်ယူပြီး ဆုံးမစကားပြောကာ ကျွန်တော်နေတဲ့ အိပ်ဆောင်(၄)မှ အိပ်ဆောင်(၃)မှာ ပြောင်းရွှေ့ပြီး စည်းကမ်းထိန်း ဘုတ်ကိုင်လုပ်ရန် တာဝန်ပေးလိုက်ပါတယ်။ ကျွန်တော်ထောင်ဝင်စာလာချိန်မှ ယခုမနက်ထောင်ပိုင်ခေါ်သွားတဲ့အချိန်ထိအောင် ကျွန်တော့် အနားမကပ်တဲ့သူတွေဟာ ကျွန်တော့်ကို ထောင်ပိုင်က မရိုက်နှက်ဘဲ ရာထူးတစ်ခုပေးလိုက်တယ်ဆိုတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ ဝမ်းသာအားရ လာရောက်စကားပြောနှုတ်ဆက်နေကြပါတယ်။ ဒီပွဲမှာ နိုင်လို့ထင်ပါတယ်။ တကယ်လို့များကျွန်တော်သာရှုံးလို့ ဆဲဆို၊ ကြိမ်းမောင်းခံ အရိုက်အနှက်များခံရမယ်ဆိုရင် ဘယ်သူတစ်ဦးတစ်ယောက်မှ ကျွန်တော့်အနားမှာ ရှိမှာမဟုတ်ပါဘူး။



ထောင်ကျနေတဲ့လူအများစုဟာ ဒီလိုပါပဲ မိမိအသက်ရှင်သန်နေထိုင်ခွင့်ရဖို့အတွက် အခြေအနေမကောင်းရင် ဝေးဝေးက ရှောင်တတ်ကြသလို အခြေအနေကောင်းရင် ခြေသလုံးဖက် ခေါင်းငုံ့ဝင်လာတတ်ကြတာကို ကျွန်တော်ကောင်းကောင်း သိခဲ့ရပါတယ်။

(၂၀၀၈)ခုနှစ် (၁၁)လပိုင်းထဲမှာ ကျွန်တော် အကျဉ်းသားအရာရှိဖြစ်ပါတယ်။ ကျွန်တော်(လိုင်းချက်)ငွေရှာဖွေမပေးရပေမယ့် ကျွန်တော်တစ်ကိုယ်စာတော့စားဝတ်နေရေး အားလုံးအဆင်ပြေပါတယ်။ ကျွန်တော့်တာဝန်က မနက်မိုးလင်းလို့ တာဝန်ကျ ထောင်မှူးဖြစ်စေ အကြပ်ဖြစ်စေ တန်းသော့ဖွင့်နေချိန်မှာ သူနဲ့အတူ တစ်ခန်းဝင် တစ်ခန်းထွက် လူစစ်ရတာပါ။ လူစစ်ပြီးရင် တာဝန်ကြပ်က မိန်းဂျေးရုံးမှာ လူအင်အား သွားရောက်သတင်းပို့ချိန်မှာ ရုံးအဖွဲ့နဲ့ ကျွန်တော်က ရုံးထဲမှာ ထိုင်ကော်ဖီသောက်ရင်း ဘယ်အဆောင်ကို ရှာဖွေရေးလာမလဲလို့ အကဲခတ်လေ့လာရပါတယ်။ အခြားအဆောင်ကို ရှာဖွေရေးအဖွဲ့တွေ သွားရင်ပြဿနာမရှိပေမယ့် ကျွန်တော်တို့အဆောင်ကို ရှာဖွေရေးအဖွဲ့တွေ ဝင်လာရင်တော့ အရာရှိတွေ ထိုင်ဖို့ ရုံးရှေ့မှာ စားပွဲ၊ ကုလားထိုင်တွေခင်း၊ ကော်ဖီ၊ မုန့်၊ ဆေးလိပ်၊ ကွမ်းစတာတွေကို ရှာဖွေဖန်တီး စီစဉ်လုပ်ကိုင်ပေးရပါတယ်။ လက်ရှိအိပ်ဆောင် (၃-၄) နှစ်ဆောင်လုံးကို ရုံးအဖွဲ့က ငွေကြေးရှာဖွေတာဆိုတော့ သူတို့ကပဲ စီစဉ်ပေးရပါတယ်။ ဒီလိုကျွေးမွေးတဲ့အဆောင်ဆိုရင် ဝန်ထမ်းတွေ ရှာဖွေရေးလုပ်လို့ အခန်းထဲက တရားမဝင် ပစ္စည်းလေးတွေ ပါလာခဲ့ရင် အရာရှိတွေက မိန်းဂျေးကို ယူမသွားဘဲ အထားထားတဲ့အနေနဲ့ ပြန်ပေးထားခဲ့ကြပါတယ်။ ဒီလိုမှ မဟုတ်ဘဲ အကျွေးအမွေး၊ အပေးအကမ်းလေးများ မရှိဘူးဆိုရင်တော့ ဘောင်မဝင်တဲ့ပစ္စည်းလေး အသေးအမွှားလေးကစပြီး မိန်းဂျေးကို အကုန်ယူသွား ပြီးအထက်ကို စာရင်းတင်ပါတယ်။ ဒီလိုထောင်ဥပဒေနဲ့ မညီညွတ်တဲ့ ပစ္စည်းလေးတွေ အထက်ကို တင်ပြတာ အကြိမ်ရေများသွားရင် အဆောင်ထောင်မှူး အရေးယူခံရပါတယ်။ ဒါကြောင့်ရှာဖွေရေးအဖွဲ့တွေလာရင် အဆောင်ကိုင်တဲ့ ထောင်မှူးတွေ ကိုယ်တိုင်က ကျွေးမွေးဧည့်ခံတတ်ပါတယ်။ ငါးကြင်းဆီနဲ့ ငါးကြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြော်သလိုပါဘဲ သူတို့အိတ်ထဲက စိုက်ရတာ တစ်ပြားမှမပါပါဘူး။ ကော်ဖီ၊ မုန့်၊ ကွမ်း၊ ဆေးလိပ်စတာတွေ အကုန်လုံးအကျဉ်းသားတွေရဲ့ပစ္စည်း(သို့) အကျဉ်းသားတွေရဲ့ ငွေနဲ့ဝယ်ယူထားတဲ့ ပစ္စည်းတွေပါဘဲ မနက်ပိုင်းဒီလို ဇာတ်လမ်းတွေနဲ့ အဆုံးသတ်ပြီး တန်းဖွင့်ချိန်မှာ အခန်းတွေကို သော့လိုက်ဖွင့်ပေးပြီးလို့ အိပ်ဆောင်ကို လှည့်လည်ကြည့်ရှုရပါတယ်။ ဘယ်သူတွေ ဘာလုပ်နေသလဲ မကောင်းတာ တစ်ခုခုလုပ်နေသည်ဖြစ်စေ ရန်ဖြစ်သည်ဖြစ်စေ ကျွန်တော့်မှာတာဝန်ရှိတဲ့အတွက် အတက်နိုင်ဆုံးအောက်ခြေမှာဘဲ ပြီးအောင် ဖြတ်ချရပါတယ်။ ကျွန်တော်နေတဲ့အိပ်ဆောင်(၄)အပေါ်ထပ် အောက်ထပ် မိလ္လာကြီး ရေကန်စတဲ့ နေရာတွေကို သွားရောက် ကြည့်ရှုရင်း ရုံးရှေ့တစ်ဖန် သွားရောက်ရပါတယ်။ ထောင်ကျဆောင်ဖြစ်တဲ့အတွက် လုပ်ငန်းမျိုးစုံ တာဝန်ပေးထားတဲ့သူတွေကို မိမိတာဝန်ကျရာ အလုပ်ရုံ(သို့) လုပ်ငန်းမျိုးစုံကို သွားရောက်လုပ်ကိုင်ဖို့ ဆော်ဩရင်း အလုပ်ရုံအဖွဲ့တွေ အားလုံးထွက်သွားပြီးရင် ဘောက်ဆင်း(သို့) ပေါ်တာ(သို့) အလုပ်ကြမ်းမျိုးစုံလုပ်ရတဲ့သူတွေကို တစ်ဖန်ခေါ်ယူပေးရပါတယ်။ တချို့က ဝေ့နေလို့ပါ။

ရေကန်. . . . . . . . . . . . . . . ဘောက်ဆင်း
မိလ္လာ. . . . . . . . . . . . . . . ဘောက်ဆင်း
တောင်ယာ. . . . . . . . . . . . . ဘောက်ဆင်း
လမ်းပြင်. . . . . . . . . . . . . . ဘောက်ဆင်း
အုတ်ရိုးတိုက်. . . . . . . . . . . . ဘောက်ဆင်း
မီးဖိုကြီး. . . . . . . . . . . . . . ဘောက်ဆင်း
ချားရိုးတောင်ယာ. . . . . . . . . ဘောက်ဆင်း

မိန်းဂျေး၊ သန့်ရှင်းရေး၊ တောင်ယာဘောက်ဆင်းစတဲ့သူတွေကို ရုံးအဖွဲ့နဲ့အတူ လုပ်ငန်းတွေခွဲဝေပေးပြီးနောက် ထောင်ကျဆောင်ဖြစ်တဲ့အတွက် နောက်အမှုရုံးထွက်မယ့်သူတွေကို ရှာဖွေရေးလုပ်လို့ပြီးမှ နေ့လယ်စာ ဟင်းချက်ဖို့အတွက် အဆောင်အတွင်းကို ပြန်ပြီးစီစဉ်ရပါတယ်။ နေ့လယ် (၁၁)နာရီ (၃၀)မိနစ်မှာ တာဝန်ကျအကြပ်နဲ့အတူ အခန်းတွေကို လူစစ်ပြီး အခန်းတံခါးသော့ခတ်ရပါတယ်။ တစ်ဆောင်လုံးအခန်းစေ့လူစစ်ပြီး သွားရင်



တော့ မိန်းဂျေးမှာ နေ့လယ်တန်းပိတ်စာရင်းကို တာဝန်ကြပ်က သွားရောက်သတင်းပို့ရပါတယ်။ အကျဉ်းထောင်ဥပဒေစည်းကမ်းချက်တွေ ဘယ်လိုရှိတာယ်ဆိုတာ သေသေချာချာမသိပေမယ့် နေ့လယ်(၁၂)နာရီ တန်းပိတ်ပြီးချိန်မှာတော့ အကျဉ်းအားလုံး တရေးတမောအိပ်စက်ကြပါတယ်။ ဒါပေမဲ့ ထောင်မှူးတပည့်ဆိုတဲ့ ရုံးလုပ်ငန်းလုပ်တဲ့သူတွေကတော့ အဆောင်မှူးရုံးခန်းထဲမှာ ပြောချင်ရာပြော လုပ်ချင်ရာလုပ်နေကြပါတယ်။ (အကြောင်းအရာမျိုးစုံပါ) နေ့လယ်(၂)နာရီတန်းပြန် ဖွင့်ချိန်မှာ နံနက်လုပ်ငန်းချထားတဲ့အတိုင်း မိမိတို့ တာဝန်ကျရာလုပ်ငန်းအသီးသီးကို သွားရောက်လုပ်ကိုင်ကြရပါတယ်။ ညနေစောင်းရောက်ရင် ရာသီဥတုအခြေ အနေအရ (၄)နာရီဖြစ်စေ (၅)နာရီဖြစ်စေ ရေချိုးချပြီးရင် ထမင်းဆက်လက်ကျွေးပါတယ်။ ကျွန်တော်ကတော့ အခန်းထဲကိုမဝင်ရဘဲ နေ့လယ်ဘက် အပြင်မှာနေရင်း အဆောင်ဘာယာတန်းကနေ အခန်းစေ့ ပတ်လို့ကြည့်ကာ ဖဲဝိုင်း၊ ကြွေဝိုင်း ပိုက်ကြူးဝိုင်း၊ အံစာဝိုင်းတွေအပြင် မဟုတ်တာတစ်ခုခု အခန်းထဲမှာလုပ်နေရင် တားမြစ်ပြီး နောက်မလုပ်ဖို့ အကြောင်းပြောဆိုပါတယ်။ ရေချိုးချချိန်၊ ထမင်းရိုက်ချိန်တွေမှာ ဝိုင်းဝန်းထိန်းသိမ်းပေးရင်း ညနေစောင်းတန်းပိတ်ချိန်မှာ ဝန်ထမ်းနဲ့အတူ တန်းလိုက်ပိတ်ရင်း အဆောင်လူဝင်လူထွက်စာရင်းမှန်ရင် အခန်းထဲကို ဝင်ပြီးတာနဲ့ တစ်နေ့တာပင်ပန်းသမျှကို အနားယူအိပ်စက်ပါတယ်။

ကျွန်တော်အမျိုးသားအဆောင်(၃)တွင် စည်းကမ်းထိန်းဘုတ်ကိုင်လုပ်စဉ် တစ်နေ့နံနက်ပိုင်း(၈)နာရီလောက်မှာ ဆူဆူညံညံ အသံတွေကြားတာကြောင့် အပြေးသွားရောက်စဉ်မှာ ထောင်ကျအကျဉ်းသားတစ်ယောက်က အခြားအကျဉ်းသားတယောက်ကို အိပ်ဆောင်အပေါ်ထပ် ဘာယာတန်းမှ တွန်းချသည်ဟုသိရပြီး ထိုတွန်းချခံသည့် အကျဉ်းသားလဲကျနေသည်ကို တွေ့ရှိရ၍ အနီးနားရှိ အခြားသူများနှင့်အတူ အမြန်ဆုံးဝိုင်းဝန်းသယ်ယူ၍ ထောင်မှူးရုံးခန်းရှေ့သို့ သယ်ယူလာရာ အဆောင်မှူးက ဆေးရုံသို့ ဆက်လယ်သယ်ယူသွားရန်ပြောသည့်အတွက် အခြားသူများကို လက်ဆင့်ကမ်းပေးလိုက်ပြီး တွန်းချသူအား သွားရောက်ခေါ်ဆောင်လာရာ ထိုသူက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်သည်ဖြစ်၍ အခန်းလူကြီးအား ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ် မှန်းမသိဘူး။ ဒါကြောင့် ကျွန်တော်ကို တိုက်သို့အမြန်ပို့ပေးရန် သတင်းပို့ကြောင်း အခန်းလူကြီးက မင်းစိတ်ဖောက်နေတာလာမပြောနဲ့ ငါလဲဖောက်နေတာပဲဟု ပြန်ပြောကြောင်း ထို့နောက်အခန်းတွင်းမှ ထွက်လာပြီး မည်သို့ဖြစ်သည်ကို မသိတော့ကြောင်းပြောပါသည်။ ထိုသူသည် စိတ်ဖောက်ပြန်နေသည်မှာ ကြာပြီဖြစ်ကြောင်း ယခင်ကလည်း စိတ်ဖောက်ပြန်ပြီး အဆောင်ဘာယာတန်းမှ ခုန်ချဖူးကြောင်းကို ဘေးပတ်ဝန်းကျင်မှ အခြားအကျဉ်းသားများမှ ပြောပြကြပါသည်။ (မှတ်ချက်-) ထိုသို့သော စိတ်ဝေဒနာရှင်များအား သီးခြားမထားဘဲ အိပ်ဆောင်များတွင် အခြားအကျဉ်းသားများနှင့် တန်းတူရောနှောထားသည့်အတွက် မဖြစ်သင့်သော ပြဿနာများ မကြာခဏ ဖြစ်ကြပါသည်။

နောက်တစ်နေ့တွင် တွန်းချခံရသော အကျဉ်းသားဆုံးသွားသည်ဟု သိရပါသည်။ ထိုသေဆုံးသွားသော အကျဉ်းသားမှာ အသက်(၂၀)ကျော်ခန့်ရှိသေးပြီး ထောင်ဒဏ်(၁)နှစ်သာကျသူဖြစ်၍ လွတ်ရန်လပိုင်းမျှသာလိုတော့ကြောင်း ကြားသိရပါသည်။ တွန်းချသူ စိတ်ဝေဒနာရှင် အကျဉ်းသားမှာ နှစ်ကြီးသမားဖြစ်ပြီး ထိုလူသတ်မှုဖြင့် နောက်ထပ်ထောင်ဒဏ် (၇)နှစ်ထပ်မံ ကျခံသွားရကြောင်း သိရပါသည်။ အမျိုးသားအိပ်ဆောင်(၃) စည်းကမ်းထိန်းဘုတ်ကိုင်ဖြစ်သူ ကျွန်တော့်လက်အောက်တွင် စည်းကမ်းထိန်း (၁၅)ယောက်ခန့်ရှိပါသည်။ ထိုသူများမှာ ထောင်မှူးအဆက်ဆက် ငွေပေး၍ နေရာယူထားသူများဖြစ်ပြီး ထောင်၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို စတင်ချိုးဖောက်သည့်သူများ ဖြစ်ကြပါသည်။ အခန်းအတွင်းတွင်လည်းကောင်း၊ အဆောင်တွင်းတွင်လည်းကောင်း အခြားအကျဉ်းသားများ မကောင်းမှုလုပ်ရန် လိုင်စင်ရထားသူကဲ့သို့ ဖြစ်နေပါသည်။ ၄င်းတို့ကို တာဝန်ချထားရာ နေရာများဖြစ်သော အိပ်ဆောင်အပေါ်ထပ်၊ အရှေ့ဘာယာတန်းတွင်တစ်ယောက်၊ အဆောင်ဝင်၊ ထွက်ပေါက်တွင် နှစ်ယောက်၊ ရုံးတွင်လိုအပ်သော ကိစ္စများအတွက် လူခေါ်ပေးရန်တစ်ယောက်၊ ထောင်စာခေါ်ယူပေးရန်နှစ်ယောက်၊ ကျွန်တော်နှင့် အတူသော့အဖွင့် အပိတ်နှင့်



အိပ်ဆောင်လူစစ်ရန်တွဲဖက်တစ်ယောက် စုစုပေါင်း(၁၅)ယောက် ဖြစ်ပါသည်။ ထိုသူများကို တာဝန်ချစာအုပ်တွင် လက်မှတ်ထိုး၍ မိမိတာဝန်ကျရာ နေရာတွင် ရှိရပါမည်။ ထိုတာဝန်ကျရာနေရာတွင် ပြဿနာတစ်စုံတရာ ပေါ်ပေါက်ခဲ့လျှင် ထိုသူအရေးယူခံရပါမည်ဆိုသော စာကို ဖတ်နိုင်း၍ လက်မှတ်များထိုးခိုင်းထားသော်လည်း စည်းကမ်းထိန်းအများစုမှာ မိမိတာဝန်ယူရမည့်လုပ်ငန်းနေရာများတွင် မရှိသည်ကများပါသည်။ ဘာကြောင့် ထိုသို့ဖြစ်ရသည် ဆိုသော် (ခေါင်းကမိုးမလုံ၍ တံစက်မြိတ်မလုံခြင်းသာဖြစ်သည်ဟု ဆိုရပါမည်။) ကျွန်တော်သိသလောက်ကတော့ အကျဉ်းသား အုပ်ချုပ်ရေးပိုင်းတွင်တင်မဟုတ်ပါဘူး။ အကျဉ်းထောင်အရာရှိ ဝန်ထမ်းအများစုဟာလည်း ဒီအတိုင်းပါဘဲ။ အထက်က ဘာပဲခိုင်းခိုင်း ဆန့်ကျင်ပြောဆို ပြန်လည်တင်ပြခြင်းမရှိသလို အထက်လူကြီး အဆောင်ထဲက ထွက်သွားတာနဲ့ ထောင်မှူးဆိုသူက တပည့်အကျဉ်းသားတွေကို အထက်လူကြီးမကောင်းကြောင်း အားရပါးရ ပြောတော့တာပါဘဲ။ ဒီလိုအဖြစ်အပျက်တွေကို မကြာခဏကိုယ်တွေ့မြင်ရကြားရတာ အကြိမ်ကြိမ်ပါဘဲ။

တစ်နေ့ ကျွန်တော့်ကို ထောင်မှူးကြီးခေါ်တယ်ဆိုလို့ အဆောင်ရုံးကို သွားရောက် သတင်းပို့တဲ့အခါ ထောင်မှူးကြီးက အခုမင်းအဆောင် အပေါ်ထပ်(၂)ခန်း အနောက်ဘက်ဘာယာတန်းမှာ ဖဲဝိုင်းရှိတယ်။ အခုမင်းသွား ဟိုဘက်ထိပ်ကပိတ်ထား ဒီဘက်က ငါလာခဲ့မယ်လို့ပြောတဲ့အတွက် ကျွန်တော်အနောက်ဘက်လှေကားကတက်ပြီး အနောက်ဘက်ဘာယာတန်းကို ပတ်လာချိန်မှာ အခန်း(၂)အနောက် ဘာယာတန်းအလယ်ခေါင်မှာ ဖဲဝိုင်းရှိနေတာကို တွေ့လိုက်ရပါတယ်။ ဒီဖဲဝိုင်းမှာ အခန်းလူကြီးစည်းကမ်းထိန်းများအပါအဝင် လူအင်အား(၂၀)ကျော်လောက် ဝိုင်းဖွဲ့ ကစားနေကြပါတယ်။ ကျွန်တော်က မင်းတို့ လူအရမ်းများတယ်။ (၅)ယောက်နေခဲ့ ကျန်တဲ့သူတွေသွားကြလို့ပြောလိုက်ချိန်မှာ မန္တလေး ဖိုးတွမ်တီး၊ ဖက်တီးတင်ထွန်းက နောက်ဆုံးတစ်ပွဲ ကစားအုံးမယ်လို့ပြောပါတယ်။ ကျွန်တော်က ထောင်မှူးကြီးဆီကို သတင်းအတိအကျ ပို့တဲ့သူက ပို့ထားတယ်။ မင်းတို့ထဲ(၅)ယောက်လောက်တော့ [illegible] ဖြစ်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် ထပ်မံအသိပြောကြားလိုက်ပါတယ်။ ဟုတ်ကဲ့ပါလို့ ပြန်လည်ပြောကြားရင်း ဖဲတစ်လှည့်ပြီးဆုံးချိန်မှာတော့ ထောင်မှူးကြီးက သူတပည့်သုံးလေးယောက်နဲ့အတူ အရှေ့လှေကားမှတက်ပြီး အနောက် ဘာယာတန်းဘက်ကို လျှောက်လာပါတယ်။ ဖဲဝိုင်းမရှိသလို ဘယ်သူတစ်ဦးတစ်ယောက်မှမရှိဘဲ ကျွန်တော်တစ်ယောက်ထဲသာလျှင် ရပ်နေတာကို ထောင်မှူးကြီးက မင်းဖဲရိုက်နေတဲ့ကောင်တွေကို လွှတ်လိုက်တာ မဟုတ်လားလို့ မေးပါတယ်။ ကျွန်တော်လည်း ပြောင်လိမ်ရတော့မှာပါ။ ဒါကြောင့် ကျွန်တော်လာတဲ့အချိန်မှာ ဘယ်သူမှမရှိကြတော့ပါဘူး။ သူတို့ သတင်းရလို့ ပြန်သွားကြတယ်တင်ပါတယ်လို့ ပြောတာကို ထောင်မှူးကြီးက အယုံအကြည်မရှိဘဲ မင်းလွှတ်ပေးလိုက်တာမဟုတ်လားလို့ ထပ်မေးပြန်ပါတယ်။ မဟုတ်ပါဘူးလို့ပြောရင်း လိမ်ရပြန်ပါတယ်။ ဒါဆိုရင် ဖဲဝိုင်းမှာ ပါတဲ့သူတွေစာရင်း ငါလိုချင်တယ်လို့ ပြောပြန်ပါတယ်။ ဒါကျွန်တော့်ကို အကျပ်ကိုင်တာလို့ ယူဆတဲ့အတွက် ဘာမှမပြောဘဲထွက်လာခဲ့ပါတယ်။

ထောင်ထဲမှာ အကျဉ်းသားမပြောနဲ့ အမှုထမ်းအရာထမ်းအများစုဟာ ထောင် ဥပဒေဆိုတာတွေကို ဘယ်တော့မှ လိုက်နာကျင့်သုံးတယ်ဆိုတာ မတွေ့ရသလောက်ပါဘဲ။ ယူနီဖောင်းဝတ်နဲ့ ပုံစံဝတ်မို့လို့သာ အကျဉ်းသားတွေက ပြောင်မပြောကြတာပါ။ အကျဉ်းသားတွေ ခေါင်းထဲရင်ထဲမှာတော့ မင်းတို့လည်း မဟုတ်တာတွေလုပ်နေတာဘဲ။ ငါတို့လည်းလုပ်မယ်။ ငါတို့ တစ်ခုခုလုပ်ရင် မင်းတို့ကိုလည်း တိုင်မယ်ဆိုတဲ့ (ထောက်ကွက်နဲ့) အကျဉ်းသားတွေဟာ စည်းကမ်းတွေကို ရဲရဲတင်းတင်း ဖောက်ဖျက်နေကြတာပါ။ တကယ်လို့သာ အာဏာပိုင်တွေက မဟုတ်တာမလုပ် မမှန်တာမပြောရင် အကျဉ်းသားတွေ ဘယ်လိုစည်းကမ်းမလိုက်နာဘဲ နေနိုင်မှာလဲ ထောင်ထဲမှာ မလုပ်ပါနဲ့လို့ အမိန့်တွေထုတ်ထားတာကို စတင်ဖောက်ဖျက်ဆန့်ကျင်လုပ်ကိုင်တဲ့သူတွေက အရာရှိဝန်ထမ်းတွေပါ။ သူတို့မကောင်းလို့ အုပ်ချုပ်ခံအကျဉ်းသားတွေက မကောင်းတာပါ။ ယခုအချိန်ထိလည်း ဒီအတိုင်းပါပဲ နှောင်နှစ်အတော်ကြာတဲ့အထိလဲ သိပ်ပြောင်းလဲမှာ မဟုတ်ပါဘူး။

ထောင်မှူးကြီးက ဖဲရိုက်နေတဲ့သူတွေရဲ့ အမည်စာရင်းကို ဒုတိယ



အကြိမ်ရုံးခန်းမှာ ခေါ်တောင်းပြန်ပါတယ်။ ဖဲရိုက်သူ (၂၀)ကျော်လောက်ရှိတဲ့အထဲက (၆)ဦးကို အမည်စာရင်းပေးလိုက်ရပါတယ်။ ကျွန်တော်စာရင်းပေးတဲ့အထဲက ဒီလူ(၆)ယောက်ဟာ ဘယ်လိုမှ ဆုံးမစကားပြောလို့မရတဲ့သူတွေပါ။ တစ်ယောက် (၃)ဆောင် (၂)ခန်းက အခန်းလူကြီးလုပ်သူကရင်ဆိုသူဖြစ်ပြီး နောက်နှစ်ယောက်က စည်းကမ်းထိန်းတွေပါ။ အခန်းလူကြီးလုပ်သူက မနက်မိုးလင်းတာနဲ့ အခန်းသားတွေအိပ်တဲ့ အိပ်ယာလိပ်တွေကို စုပြီးထပ်ပုံအမြင့်ကြီးပုံလို့ ကာဘာလုပ်ပါတယ်။ စည်းကမ်းချက်အတိုင်း ထပ်ပုံပုံတာ မဟုတ်ပါဘူး။ အလျား(၈)ပေ၊ အနံ(၆)ပေလောက်ကျယ်တဲ့ ထပ်ပုံအတွင်းထဲမှာ ဖဲဝိုင်းလုပ်ဖို့အတွက် ဘေးလူတွေမမြင်ရအောင် အကာအကွယ်လုပ်ထားတာပါ။ ဒီလိုလုပ်ပြီး ဖဲရိုက်နေကြတာ နေ့ည(၃)လ (၄)လခန့်ရှိပါပြီ။ ကျွန်တော်က လူမှုရေးအရသော်လည်းကောင်း တာဝန်အပိုင်းရသော်လည်းကောင်း အခန်းလူကြီးကို ဖဲမရိုက်ဖို့ ဖဲဝိုင်းမထောင်ဖို့ပြောတာ အကြိမ်ရေများနေပါပြီး ဘခန်းလူကြီးလုပ်သူ ကရင်ကအကောက်ကောက်ရင်း သူပါ ဖဲရိုက်ပါတယ်။ ကရင်က အစ်ကိုကျွန်တော်ဖြစ်ရင် ကျွန်တော်ခံသွားမယ် အခန်းလူကြီးပြုတ် သွားလည်း ကျွန်တော်ဂရုမစိုက်ဘူး။ အစ်ကိုသာ မသိချင်ယောင်ဆောင်ပေးပါဆိုပြီး ပြောတဲ့အတွက် ဒီဖဲဝိုင်း သက်ဆိုးရှည်နေတာပါ။ အခုတကယ်ထောင်မှူးကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရတော့မယ်ဆိုတော့ မကြည်မသာတွေဖြစ်ကုန်ပါပြီ။ စည်းကမ်းထိန်းနှစ်ယောက်ကလည်း တာဝန်ချထားတဲ့နေရာမှာ အချိန်တော်တော်များမရှိကြပဲ ဖဲဝိုင်းမှာပဲရှိနေတာများတဲ့အတွက် သူတို့နှစ် ယောက်ကိုလည်း အမည်စာရင်းပေးလိုက်တာပါ။ အခြား(၃)ယောက်ကတော့ လောင်းကစားမျိုးစုံကို အချိန်ပြည့်နေရာအနှံ့မှာ သွားရောက်ကစားသူတွေဖြစ်ပြီး ပြောမကောင်းဆိုသူတွေ ဖြစ်ကြပါတယ်။ ထောင်မှူးကြီးက သူတပည့်တွေစုံစမ်းလေ့လာထားတဲ့သူတွေစာရင်းနဲ့ ကျွန်တော်ပေးလိုက်တဲ့ သူတွေကိုတိုက်ကြည့်ပြီးနောက် တစ်နေ့မှာ အခန်းလူကြီး ကရင်ကို ရာထူးဖြုတ်လိုက်သလို စည်းကမ်းထိန်း(၂)ယောက်ကိုလည်း ရာထူးဖြုတ်လိုက်ပါတယ်။ အခြားသူ (၃)ယောက်ကို အခန်းတွေရွှေ့ပြောင်းပြီး ခံဝန်ကတိ

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ် ထိုးကြရပါတယ်။ နောက်တစ်ကြိမ် ဖဲမရိုက်တော့ပါဘူးဆိုတဲ့ ခံဝန်ကတိလက်မှတ်ပါ။ အိပ်ဆောင်(၃-၄) အဆောင်ကိုင်ထောင်မှူးကြီးက တစ်ယောက်အနေနဲ့ ရုံးအဖွဲ့တွေ အခန်းလူကြီးတွေ စည်းကမ်းထိန်းတွေ အများကြီးရှိနေပါလျှက်နဲ့ ကျွန်တော် တစ်ယောက်ထဲကိုသာ ရွေးချယ်ပြီး ဒီလိုဖဲဝိုင်းဖမ်းခိုင်းတာဟာ ကျွန်တော့်အမြင် ထောင်အတွေ့အကြုံအရ ဒါဟာသံချွန်အထိုးခံရဖို့အတွက် ဗိုက်ငှားတာပဲလို့ ထင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး နောက်ဆက်တွဲပြဿနာတွေ ဆက်လက်ဖြစ်ပေါ်လာပါတယ်။ အခန်းလူကြီးပြုတ်ကရင်က ကျွန်တော်ဖဲဝိုင်းမလုပ်ပါနဲ့လို့တားချိန်က သူဖြစ်ရင်သူခံမယ်ဆိုပြီး အခုလိုတွေဖြစ်လာတော့ ရန်မူချင်ပုံတွေ့တာနဲ့ ကျွန်တော်လည်းဓားမြောင် တစ်ချောင်းကို စာစောင်တစ်ခုနဲ့ပတ်ပြီး ဒေါ်မြတမ်းခါးနောက်မှာ ထိုးထားရပါတယ်။ ကျွန်တော်ကတော့ ဘာမှစလုပ်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်အသက်ကိုရန်ရှာလာရင်တော့ လက်ဦးမှုရယူရမှာပါ။ ထောင်မှူးကြီးဖဲဝိုင်းဖမ်းတာ ကျွန်တော်လူသတ်ရမယ့်အခြေအနေထိ တိုးတိုးတိတ်တိတ် ဖြစ်သွားပါတယ်။ (၂၀၀၉)ခုနှစ်နှစ်ဆန်းပိုင်းမှာပါ။

စည်းကမ်းထိန်းဘုတ်ကိုင်ဆိုတဲ့ရာထူးဟာ အဆောင်တစ်ဆောင်မှာရှိတဲ့ အကျဉ်းသား(၅၀၀)ကျော်နဲ့ ထိတွေ့ဆက်ဆံရပါတယ်။ အမျိုးသားအိပ်ဆောင်(၃)မှာ အခန်း(၆)ခန်းရှိပြီး၊ (၁)ခန်းမှာ အကျဉ်းသား(၈၀)ဦးမှ (၁၀၀)ဦးရေထိ ထောင်ထဲမှာ အကျဉ်းသားဦးရေ သိပ်များနေရင် အခန်းတွေမှာလူများပြီး လူနည်းနေရင် အခန်းတွေချောင်ပါတယ်။ မန္တလေးထောင်အိပ်ဆောင်(၃)မှာ နှစ်ထပ်ဆောင်ဖြစ်ပြီး အပေါ်(၃)ခန်း အောက်(၃)ခန်းပေါင်း (၆)ခန်းဖြစ်ပါတယ်။ ဒီလို အခန်း(၆)ခန်းမှာ ဘယ်အခန်းကပဲ ညအချိန်ပြဿနာဖြစ်ဖြစ် ကျွန်တော်နဲ့ မဆိုင်ပေမယ့် နံနက်တန်းဖွင့်ချိန်ကစပြီး ညနေတန်းမပိတ်မီကာလမှာတော့ ဘယ်အခန်းက ဘယ်သူပဲ ပြဿနာဖြစ်သည်ဖြစ်စေ ကျွန်တော်နဲ့ သက်ဆိုင်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသည်ဖြစ်စေ၊ အရက်သောက်သည်ဖြစ်စေ၊ လိင်တူဆက်ဆံသည်ဖြစ်စေ၊ လောင်းကစားတစ်ခုခုလုပ်သည်ဖြစ်စေ၊ ရန်ဖြစ်သည်ဖြစ်စေ၊ လူသတ်မှုဖြစ်သည်



ဖြစ်စေ၊ ထောင်ဆူပူမှုဖြစ်သည်ဖြစ်စေ၊ ထောင်အုတ်ရိုးကျော်ပြေးသည်ဖြစ်စေ ဒီလိုအကြောင်းအရာတစ်ခုခုဖြစ်ရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်။

ဒီလိုတာဝန်တွေရှိတဲ့အတွက် ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်ပြောဆိုခွင့်လည်း ရှိပါတယ်။ ရာထူးရှိလို့ စားဝတ်နေရေးအဆင်ပြေသလို နေ့အချိန်အဆောင်ထဲမှာ တစ်ခုခုဖြစ်ရင်လည်း အချိန်မရွေးဘဝပျက်သွားနိုင်ပါတယ်။ စည်းကမ်းထိန်းဘုတ်ကိုင်ဆိုပြီး စာအုပ်ကြီးအတိုင်း လုပ်လို့မရပါဘူး။ စည်းကမ်းချက်တွေအတိုင်း လုပ်ကိုင်ဆောင်ရွက်နေရင်တော့ အဲ့ဒီလူဒုက္ခရောက်မှာ အသေအချာပါဘဲ။

အကျဉ်းထောင်တွေထဲမှာ စည်းကမ်းအပျက်ဆုံးဆိုတဲ့ အကျဉ်းသား ၉၀%ဟာ ငွေပေးလို့ဖြစ်ပါစေ၊ အဖားကောင်းလို့ဖြစ်စေ၊ ထောင်ပိုင်အနားမှာ ဦးစီးအနားမှာ ထောင်မှူးကြီးထောင်မှူးတွေနားမှာ နေထိုင်လုပ်ကိုင်ပေးနေတဲ့ အကျဉ်းသားအရာ ရှိဆိုတဲ့သူတွေ တန်းစီးချုပ်တို့ အခန်းလူကြီးတို့၊ ပုံစံပြတို့၊ ကြမ်းတိုက်ဘုတ်ကိုင်တို့ ရေကန်ဘုတ်ကိုင်တို့ မီလ္လာခုံကြီးဘုတ်ကိုင်ဆိုတဲ့သူတွေ စည်းကမ်းထိန်းတို့၊ ဘာယာတို့ ထောင်ပိုင်ထောင်မှူးနဲ့ပတ်သက်တယ်ဆိုတဲ့သူတွေ ဒီလိုသူတွေက ဘယ်ထောင်မှာပဲဖြစ်ဖြစ် စည်းကမ်းအပျက်ဆုံးအခွင့်အရေးယူဆုံး လူပါးအဝဆုံးဆိုတာ ထောင်တွေမှာ (၁၇)နှစ်ကျော်လောက်နေလာခဲ့တဲ့ ကိုယ်တွေ့အရ အတိအကျပြောရဲပါတယ်။ ကျွန်တော်ကြားဖူးတဲ့ အေကလပ်၊ ဘီကလပ်၊ စီကလပ်ဆိုတာတွေက ဘာမှန်းတိတိကျကျမသိပေမယ့် ထောင်ထဲမှာ ငွေများများပေးနိုင်ရင် များများကျွေးနိုင်ရင် ဟင်းဘယ်နှစ်ခွက်စားမလဲ။ အပြင်လောကက အပူစာ၊ အအေးစာလေးတွေကို လတ်လတ်ဆတ်ဆတ် စားသောက်ချင်သလား။ တိုးတိုးတိတ်တိတ် မူးချင်သလား။ ဘယ်အဆောင်ကို သွားလည်မလဲ၊ ထောင်ဝင်စာခန်းဘက်သွားပြီး ကောင်မလေးတွေကြည့်မလား ဘာအလုပ်မှမလုပ်ပေမယ့် အလုပ်ရုံဘက်ကို သွားလည်မလား။ မိန်းဂျေးမှာထိုင်ပြီး ထောင်ဝင်စာလာသူတွေရဲ့ အထုပ်ထဲက အတင်းမတရားရိုက်ထားတဲ့ မိန်းဂျေး စည်းကမ်းထိန်းဆိုသူဆီက ဝါးတီးဖွင့်မလား။ ရေကိုတစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



လောက်ကြာအောင် တပည့်တွေနဲ့ ဆပ်ပြာတိုက် ဂျေး(ဂျီး)တွန်းခံပြီးချိုးမလား၊ အခန်းထဲမှာ မာဆတ်ဘယ်နှစ်နာရီ ဝင်ချင်သလဲ။ အားလုံးငွေနဲ့ လမ်းခင်းပြီး ဒီလိုလူပါးဝလို့ရပါတယ်။

(၂၀၀၉)ခုနှစ် ကျွန်တော်မန္တလေးထောင်မှာ ရှိစဉ်ကာလမှာ အိပ်ဆောင်တွေထဲမှာ အမွေးတိုင်လုပ်ငန်းကို လုပ်ကိုင်နေကြတုန်းပါဘဲ။ ငွေမပေးနိုင်တဲ့သူ၊ လူရည်မလည်တဲ့သူ ထောင်ထဲမှာ (၅)နှစ်၊ (၁၀)နှစ်ကြာတဲ့သူတွေက အစနုံနုံအအတွေဆိုရင် အကုန်အလုပ် လုပ်ကြရပါတယ်။ တစ်နေ့ကို လူတစ်ယောက်အမွေးတိုင် အတိုင်ရေ ဘယ်လောက်ဆိုပြီး သတ်မှတ်ချက်နဲ့ အမွေးတိုင်ခုံတွေပေးပြီး လိပ်ခိုင်းတာပါ။ ထောင်ကျလာပေမယ့် မိမိနေဇာ်ငရာ အဆောင်က ထောင်မှူးကို အပြင်မိသားစုက သွားရောက် ပေးကမ်းသည်ဖြစ်စေ၊ ထောင်ဝင်စာအခန်းမှ ငွေသွင်းလာပြီး ထောင်မှူးကို လိုင်းဝင်သည်ဖြစ်စေ ထိုသူတွေကို အဆောင်ကိုင် ထောင်မှူးက သူနည်းသူ့ဟန်နဲ့ ဘာအလုပ်လုပ်မှ မလုပ်ရအောင် ဖယ်ထားဆွဲပေးပါတယ်။ ဒီလိုပဲ အလုပ်ရုံမှာလဲ လုပ်ငန်းမျိုးစုံရှိပါတယ်။ လက်သမားဘုတ်၊ ပန်းရံဘုတ်၊ မော်တော်ယာဉ်ဘုတ်၊ ဘုရားဝင်းဘုတ်၊ စက်ချုပ်ဘုတ်၊ အမွေးတိုင်အစာကြိတ်စက်ဘုတ်၊ ရေစက်ဘုတ်၊ တောင်ယာဘုတ်၊ ကျောက်သွေးဘုတ်စတဲ့ လုပ်ငန်းမျိုးစုံကို အကျဉ်းသားတွေက လုပ်ကိုင်ကြပါတယ်။ ထောင်မှာ အနေကြာပြီး လူရည်လည်တဲ့သူတချို့ကလွဲရင် အလုပ်ရုံအုပ်ချုပ်ရေးပိုင်းနဲ့ လုပ်ငန်းသက်သာတဲ့ နေရာလေးတွေ မှန်သမျှဟာ ငွေပေးထားတဲ့ တရုတ်လူမျိုးတွေသာ ကြီးစိုးနေပါတယ်။ အဲ့ဒီအချိန်က အဆိုးဆုံးအလုပ်က ကျောက်သွေးလုပ်ငန်းပါ။ စိန်အတုတွေ သွေးရတာပါ။ မနက်မိုးလင်းလို့ ကိုယ်နေတဲ့ အိပ်ဆောင်က ထွက်လာပြီး အလုပ်ရုံထဲကိုရောက်တာနဲ့ လူစစ်ကာ ကျောက်သွေးခန်းထဲကိုထည့်ပြီး အပြင်ကသော့ခတ်ထားတာပါ။ အုတ်ရိုးအထပ်ထပ်ကာထားလို့ စိတ်ဆင်းရဲပါတယ်ဆိုမှ အလုပ်လည်း လုပ်ရသေး အခန်းကျဉ်းလေးထဲမှာ နေ့လယ်ထမင်းစားချိန်ကလွဲရင် တစ်နေကုန်သော့ခတ်လို့ သူတို့သတ်မှတ်ထားတဲ့ ကျောက်အရေအတွက်ကို မပြီးပြီးအောင် သွေးခိုင်းပါတယ်။ မနက်(၇)နာရီ



မှ ကျောက်သွေး၊ နေ့လယ် (၁၁)နာရီဆို ထမင်းစားဖွင့် (၁၂)နာရီဆိုပြန်ပြီး ကျောက်သွေးလုပ်ငန်း ကျွမ်းကျင်တဲ့သူတွေ ပေးထားတဲ့စကေးမပြည့်ပေမယ့် ဘုတ်ကိုင်နဲ့ အကျွေးအမွေးအပေးအကမ်းရှိသူတွေက ညနေ(၅)နာရီလောက်ဆိုပြန်သွားကြပေမယ့် လုပ်ငန်းမကျွမ်းကျင်သူတွေ အူတူတူ အတတသူမျိုးတွေကတော့ ည(၇)နာရီ၊ (၈)နာရီမှ အိပ်ဆောင်ကို ပြန်ကြရပါတယ်။

နိုင်ငံတော်အစိုးရက အကျဉ်းသားတွေကို ခိုင်းချင်သလိုခိုင်းလို့ရတယ်။ ခိုင်းချင်တဲ့ အချိန်ထိခိုင်းလို့ရတယ်လို့များ အကျဉ်းဦးစီးဌာနကို ပြောထားသလားမသိပါဘူး။ မိုးလင်းမိုးချုပ်ထိအောင် ဒီလိုပုံစံမျိုးနဲ့ ခိုင်းနေတာကိုနှစ်ချီပြီး တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော် အိပ်ဆောင်(၃)မှာ စည်းကမ်းထိန်းဘုတ်ကိုင် လုပ်ရတာဆိုတော့ မိုးချုပ်ခါနီးပြီဆိုရင် လုံခြုံရေးအရ အခြားစည်းကမ်းထိန်းတွေကို အခန်းထဲကို ဝင်ခိုင်းပြီး ကျွန်တော်ကိုယ်တိုင်အလုပ်ရုံက တစ်ဖွဲ့ပြီးတစ်ဖွဲ့ညမိုးချုပ်မှ ပြန်လာကြတဲ့ ကျောက်သွေးတဲ့သူတွေကို သူတို့အိပ်တဲ့ အခန်းတွေထဲကို သော့ဖွင့်ပြီး သွင်းပေးရတာဆိုတော့ ဒီအကြောင်းကို တိတိကျကျသိနေတာပါ။ ဒီကျောက်သွေးလုပ်ငန်းက တစ်လကို အကျဉ်းသားတစ်ယောက်ရဲ့ လုပ်အားခဘာမှ များများစားစားရတာမဟုတ်ဘူးလို့ သိရပါတယ်၊ ဒါပေမဲ့ အာဏာပိုင်နဲ့ လက်ဝါးရိုက်ပြီး ကျောက်တစ်လုံးကို ဘယ်လောက်ဆိုပြီး သတ်မှတ်ထားတဲ့ ဈေးနှုန်းကအထက်ကိုတင်ပြတဲ့ဈေးက တစ်မျိုး အမှန်တကယ် လုပ်ငန်းရှင်က ထောင်အာဏာပိုင်ကို ပေးရတဲ့ဈေးနှုန်းကတစ်မျိုးဆိုတာ သိခဲ့ရပါတယ်။

အမွေးတိုင်လုပ်ငန်းလုပ်ကြရတဲ့ သူတွေဆိုရင်လည်း ဒီလိုပါပဲ နေ့လယ်ခင်းသူများတွေ တရေးတမော အနားယူအိပ်စက်ချိန်မှာ သူတို့ကို သတ်မှတ်ပေးထားတဲ့ အမွေးတိုင်အရေအတွက်မပြီးသေးတဲ့အတွက် အနားယူအိပ်စက်ခွင့် မရကြပါဘူး။ ထောင်ဝင်စာ ကောင်းကောင်းလာနိုင်သူတွေက ထောင်ထဲမှာ အလုပ်မလုပ်ရသလို လောင်းကစားမျိုးစုံလုပ်၊ ဟင်းကောင်းကောင်းချက်စား၊ ရေကောင်းကောင်းချိုး၊ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ကြပေမယ့် ဘာရုပ်မှမပေါက်တဲ့ သာတီဖိုက်ဆိုတဲ့သူမျိုးတွေအတွက်ကတော့ ဘယ်ထောင် ဘယ်ရဲဘက်စခန်းမှာမဆို ခပ်ညံ့ညံ့အလုပ်တွေက

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက်ပါပဲ။ ထောင်ထဲမှာ ရဲဘက်မှာ ကော်ဖီမစ်တစ်ထုပ်ရဖို့ အတွက် ဘယ်လို လုပ်ရတယ်ဆိုတာ သူတို့တွေ အမှန်တိုင်းသာတွေးမိရင် နောက်တစ်ကြိမ်ထောင်ကျမဲ့ အလုပ်ကိုရှောင်ရှားကြမှာပါ။ ကျွန်တော်ကိုယ်ပိုင်လည်း လူလောကရဲ့ဘုံကို နောက်ထပ်မရောက်ဖို့ ကြိုးစားနေပါတယ်။

ကျွန်တော်မန္တလေးထောင်မှာ (၁၀)နှစ် (၄)လခန့်နေခဲ့ရပါတယ်။ ဒီလို အကြာကြီးနေခဲ့ရပေမယ့် အကျဉ်းသားအုပ်ချုပ်ရေးပိုင်း ရာထူးကြီးကြီးမားမား မရရှိခဲ့ပါဘူး။ ငွေမပေးနိုင်လို့မဟုတ်ပါဘူး။ ထောင်အာဏာပိုင်တွေ အကြိုက် မလိုက်နိုင်လို့ပါ။ အမဲရောင်ကြီးမှန်းသိလျက် အဖြူရောင်ပါလို့ ထောင်အာဏာပိုင်က ပြောရင်ဟုတ်ကဲ့ အဖြူရောင်ပါလို့ အလိုက်သင့် မပြောတဲ့အတွက် ဘယ်နေရာရောက်ရောက် အဆင်မပြေပါဘူး။ ကျွန်တော်က လူကောင်းတစ်ယောက် မဟုတ်ခဲ့ပါဘူး။ ကိုယ်ကိုယ်ကိုယ်တိုင်လည်း မကောင်းမှန်းသိပါတယ်။ ဒါပေမဲ့ ထောင်ထဲမှာ နှစ်အတော်ကြာကြာနေလိုက်ရတဲ့အချိန်မှာ ကိုယ့်ထက်ပိုပြီး ရက်စက်တဲ့သူတွေ ရမ်းကားတဲ့သူတွေ ယုတ်မာတဲ့သူတွေ လူကလိမ်ကကျစ်တွေနဲ့ တွေ့လိုက်ရချိန်မှာ ကျွန်တော် တော်တော်လေး စိတ်ချမ်းသာ သွားပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော် မကောင်းဘူးဆိုတာ ဒီလိုသူတွေရဲ့ အစွန်အဖျားလောက်သာရှိတဲ့အတွက်ပါ။

ကျွန်တော်မန္တလေးထောင်မှာ တိုက်တန်းစီး၊ စည်းကမ်းထိန်းဘုတ်ကိုင်၊ ရေကန်ဘုတ်ကိုင်၊ စာရေးလက်ဆွဲခြင်းဘုတ်ကိုင် စတဲ့ရာထူးများရရှိခဲ့ ဖူးပါတယ်။ ထောင်ထဲမှာ အကောင်းဆုံးနေရာတွေဖြစ်တဲ့ မိန်းဂျေးစည်းကမ်းထိန်းဘုတ်ကိုင်၊ တန်းစီးချုပ်ပုံစံပြ ကြမ်းတိုက်ဘုတ်ကိုင် အချုပ်အခန်းလူကြီး၊ မီးဖိုကြီးဘုတ်ကိုင်စတဲ့ နေရာကောင်းကောင်း၊ ဝင်ငွေကောင်းကောင်းရှိတဲ့ ရာထူးမျိုးတွေ တစ်ခါမှ မရရှိပါဘူး။ တစ်ခါတလေ ငါတော် အသုံးမကျတာဘဲလို့ ကိုယ်ကိုကိုယ်အပြစ်တင်မိပေမယ့် အပူစာတွေ မစားဘဲ နေထိုင်လွတ်မြောက်လာတဲ့အခါ စိတ်ကျေနပ်မှု၊ မှန်ကန်တဲ့ စိတ်ချမ်းသာမှုကို တွေးမိတိုင်းခံစားရပါတယ်။

ကျွန်တော်လဲ ထောင်ထဲမှာ ဒုက္ခရောက်ခဲ့တာပါပဲ။ ဒါပေမဲ့ အပူစာ



စားတဲ့ အကျဉ်းသားတွေလောက် ဒုက္ခမခံစားရ၊ အပူစာစားတဲ့ အရာရှိဝန်ထမ်းတွေလောက် စိတ်ဆင်းရဲမှု မကြုံတွေ့ခဲ့ရပါဘူး။ အပူစာတွေ ကောင်းကောင်းဝင်နေတဲ့ အချိန်မှာ သောက်စားပျော်ပါးနေကြတဲ့ ဒီလူတွေ အားလုံးဟာ အကုသိုလ်အလုံးအရင်း ဝင်လာချိန်မှာတော့ မယုံကြည်နိုင်လောက်အောင် ကိုယ့်မျက်စိရှေ့မှာတင် စီးပွားပျက်၊ ကျန်းမာရေးချို့တဲ့၊ လူရုပ်ဆင်းအင်္ဂါပျက်ယွင်းလို့ တပိန်ပိန် တလိန်လိန်နဲ့ ဆင်းရဲချို့တဲ့စွာ ဘဝပျက်သေဆုံးချိန်မှာ မျက်နှာငယ်လေးတွေနဲ့ ဇာတ်သိမ်းကြပါတယ်။ အကျဉ်းထောင်အရာရှိတွေနဲ့ အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေဟာ ကိုယ်ဘာလူမျိုးလဲ၊ ဘယ်ဘာသာ ကိုးကွယ်သလဲဆိုတာ မေးနေကြတယ် ထင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာဝင်နိုင်ငံဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ အကျဉ်းထောင်ရဲ့ အခန်းတွေတိုင်းမှာ ဘုရားစင်ရှိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေထဲက လူဆိုးလူမိုက်ဆိုတဲ့ သူတွေတောင် ဘာသာရေးနဲ့ ပတ်သက်လာရင် ရိုသေမှု၊ လေးစားမှု၊ ကိုးကွယ်မှု၊ ယုံကြည်မှုတွေရှိကြတဲ့ သူတွေများပါတယ်။ ဒါပေမဲ့ ငွေရရင် ပြီးရော ဆိုတဲ့ သူမျိုးတွေကြောင့် ထောင်ထဲမှာ ခေါင်းရင်းခန်းလို့ခေါ်တဲ့ ဘုရားစင်အောက်မှာ အိပ်၊ ဘုရားခန်းပတ်ဝင်းကျင်မှာ ညစ်ညမ်းတဲ့ စကားတွေပြော၊ ဒီလိုနေထိုင်မှုတွေကြောင့် ကျွန်တော်က ငါသာ အခန်းလူကြီးလုပ်ခဲ့ရင် ပိုက်ဆံမရရင်နေပါစေ။ ဒီလို တရုတ်ကုလားတွေကိုတော့ ခေါင်းရင်းခန်းမှာ ငွေရလည်း မအိပ်ခိုင်းဘူး။ ဗုဒ္ဓဘာသာဝင်တွေထဲက အသက်ကြီးတဲ့သူတွေ ဘာသာရေးကို တကယ်ကိုးကွယ် ယုံကြည်သူတွေ အမှန်တကယ် တရားထိုင်၊ ဘုရားစာရွတ်ဖတ်သူတွေသာ ထားမယ်ဆိုတဲ့ စကားလုံးကို မန္တလေးထောင်မှာ မကြာခဏ ထုတ်ဖော်ပြောဆိုလို့လား မသိပါဘူး။ တစ်ခါမှ အခန်းလူကြီး မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော် ရေကန်ဘုတ်ကိုင် လုပ်စဉ်မှာတော့ ကျွန်တော့်စကားအတိုင်း ကျွန်တော် ကျင့်သုံးခဲ့ပါတယ်။ ကျွန်တော့် ရေကန်မှာ တာဝန်မကျခင်က ငွေရှိတဲ့တရုတ်ကုလားတွေသာ စိတ်ကြိုက် ရေအဝချိုးလို့ရပေမယ့် ကျွန်တော်ရေကန်ကို တာဝန်ယူချိန်ကတည်းက ငွေပေးလည်း လုပ်ချင်တိုင်းလုပ်တာ လက်မခံဘဲ အတတ်နိုင်ဆုံးမရှိတဲ့ သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရေကောင်းကောင်း ချိုးလို့ရအောင် စီစဉ်လုပ်ကိုင်ပေးခဲ့ဖူးတာကို (၂၀၀၃-၂၀၀၄)ခုနှစ်မှာ မန္တလေးထောင် အိပ်ဆောင်(၃)မှာနေခဲ့ဖူးတဲ့ သူတွေ မှတ်မိကြမှာပါ။

မန္တလေးထောင်မှာ ကျွန်တော့်ကို နာမည်ပြောင် ပေးထားကြပါတယ်။ မန္တလေးသားစိန်ဝင်းဆိုသူကခေါ်ရင်း နာမည်တွင်သွားတာပါ။ မန္တလေးထောင်မှာ ကျွန်တော့်ကို လူမိုက်ကြီးလို့ ခေါ်ကြပါတယ်။ သူတို့က သူတို့အတွေး၊ သူတို့အမြင်နဲ့ ဒီလိုခေါ်ပေမယ့် ကျွန်တော်အကျဉ်းသား အချင်းချင်းအပေါ် ဘယ်သောအခါမှ ရာထူးနဲ့ ငွေနဲ့ ခွန်အားနဲ့ အနိုင်ကျင့် လူပွါးမဝပါဘူး။ အကျဉ်းသားတွေကို မတရားငွေတောင်း၊ မတရားရိုက်နှက်ဗိုလ်ကျတတ်တဲ့ ထောင်မှူးတို့ အကျဉ်းသားတို့ဆိုတဲ့ သူမျိုးတွေကိုသာ ကျွန်တော် ရန်လိုတတ်တာပါ။ ဒါကြောင့်လဲ ထောင်ထဲမှာ ရာထူးကောင်းကောင်းနေရာ ကောင်းကောင်းမရခဲ့တာပါ။

နရသိန်စာအုပ်ထဲမှာ ဖတ်ရတာကတော့ အကျဉ်းထောင်၊ ရဲဘက်စခန်းတွေမှာ အကျဉ်းသားအုပ်ချုပ်ရေးပိုင်း ထားရမယ့်သူတွေဟာ (၁)ဖြစ်မှုကောင်းရမယ်၊ (၂) ပညာတတ်ဖြစ်ရမယ်၊ (၃)အိမ်မှ ထောင်ဝင်စာ ပုံမှန်လာနိုင်သူ ဖြစ်ရမယ်။

စိတ်ဓာတ်ကောင်းမွန်ပြီး အများအပေါ် ဆက်ဆံရေးပြေပြစ်တဲ့သူ ဖြစ်ရမယ်။ ထောင်သက် အနည်းငယ်ရှိရမယ်။ ဒီလိုအချက်အလက်တွေနဲ့ ပြည့်စုံသူကိုသာ ထောင်အာဏာပိုင်တွေက အကျဉ်းသားချင်း အုပ်ချုပ်ခွင့်ရာထူးတွေဖြစ်တဲ့ တန်းစီးချုပ်၊ ပုံစံပြ၊ အခန်းလူကြီးစည်းကမ်းထိန်း၊ ဘာယာ၊ ဘုတ်ကိုင်စသည့် ရာထူးများကို ခန့်အပ် တာဝန်ပေးရမယ်လို့ သိထားပါတယ်။ တကယ့်လက်တွေ့မှာတော့ လုံးဝကို အထက်လူကြီးတွေ သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ ကိုက်ညီသူတွေကို နေရာမပေးပါဘူး။ ဘယ်လိုသူတွေ နေရာရသလဲဆိုရင်

၁။ ငွေသိန်းချီပေးနိုင်သူ

၂။ ရေလောင်း ဆပ်ပြာတိုက် ဂျီးတွန်းပေးသူ

၃။ ယပ်ခပ်ပေး၊ ယူနီဖောင်းလျှော်ပေး၊ ဖိနပ်တိုက်ပေးသူ



၄။ သူများမကောင်းကြောင်း များများပြောနိုင်သူ

၅။ အကျဉ်းသားအချင်းချင်း ရိုက်နှက်ညှဉ်းဆဲရဲသူ

၆။ လက်ညှိုးထောင် ခေါင်းညိတ်တတ်သူ

၇။ ငွေကို အချော့အခြောက်နည်းမျိုးစုံနဲ့ ရှာဖွေနိုင်သူ

ဒီလိုမျိုးတွေကိုသာ အကျဉ်းထောင်ရဲဘက်စခန်းတွေမှာ နေရာပေးတာ ကျွန်တော်နေခဲ့တဲ့နေရာတိုင်းမှာ အမြဲတွေ့မြင်ရတာ ပုံသေနည်းတစ်ခုလိုပါပဲ။ ခေတ်တွေ စနစ်တွေ ဘယ်လိုပြောင်းပြောင်း ထောင်လောက၊ ရဲဘက်လောကမှာတော့ ဘာမှ ထူးထူးခြားခြား ပြောင်းလဲသွားတာ မရှိပါဘူး။ မြို့ကြီးကထောင်တွေ လူကြီးတွေနဲ့ နီးတဲ့ထောင်၊ ရဲဘက်စခန်းတွေကလွဲရင် နယ်ဘက်ကထောင် ရဲဘက်စခန်းတွေမှာ အစိုးရရဲ့ အမိန့်တွေဟာ သက်ရောက်မှု မရှိပါဘူး။ အမှုထမ်း၊ အရာထမ်းအားလုံးဟာ နားလည်မှုဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို တလွဲသုံးပြီး လုပ်စားနေကြတုန်းပါဘဲ။ ဒီစာအုပ်ကို အစအဆုံးဖတ်ကြည့်ရင် သိလာပါလိမ့်မယ်။ ကျွန်တော်သိသမျှ ရေးရင်တချို့မိသားစုတွေ နစ်နာမှုတွေရှိနိုင်တဲ့အတွက် တချို့ကိစ္စတွေကို ရေးချင်ပေမယ့် မရေးတော့ပါဘူး။

(၁၉၉၉)ခုနှစ်ကုန်ခါနီး ICRC မလာခင်က ကျွန်တော်တို့ မန္တလေးထောင်မှာ ထမင်းအဝ မကျွေးပါဘူး။ ပုံစံလို့ခေါ်တဲ့ မဝတဝ ထမင်းကို စပါးလုံးနိုင်းခြင်း၊ သဲများများ၊ ကျောက်ခဲသေးသေးလေးတွေပါတဲ့ ထမင်းကို နေ့စဉ် နေပူထဲမှာ တန်းစီတိုးရင်း ထမင်းရရင် ရေဇလုံတစ်ခုထဲမှာ ကိုယ်ရတဲ့ ထမင်းပုံစံကို ရေဇလုံထဲကိုထည့်ပြီး လက်နဲ့မွှေလိုက်တဲ့အခါ ရေဇလုံအောက်ဖက်မှာ ကျောက်ခဲ၊ သဲ၊ စပါးလုံးတွေ အနည်ထိုင်သွားမှ အပေါ်က ထမင်းကိုလက်နဲ့ဆယ်ပြီး ထမင်းဇလုံထဲကို ပြန်ထည့် ဘယ်လိုပဲ ရေနဲ့ ဆေးပေမယ့် သဲကတော့ နည်းနည်းပါတာပါပဲ။ ဒီလိုသဲ၊ စပါးလုံး၊ ကျောက်ခဲပါတဲ့ ထမင်းကိုကြည့်ပြီး မျက်ရည်ဝဲခဲ့ရတာ နှစ်နဲ့ ချီကြာခဲ့ပါတယ်။ ဘယ်သူ့ကို ပြဿနာရှာရမှန်း မသိဘဲ မကျေမနပ်နဲ့ ဖြတ်သန်းခဲ့ရတာ (၂၀၀၇) ခုနှစ်မှာ ဒီအဖြေကို သိခဲ့ရပါတယ်။

ကျွန်တော်တစ်နေ့ အချုပ်ရေကန်မှာ ထိုင်နေတုန်း ကားသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ စကားပြောဖြစ်တဲ့အခါ ကားသမားက ဒီထမင်းမှာ သဲတွေ၊ ကျောက်ခဲတွေ၊ စပါးလုံးတွေပါတဲ့အကြောင်းက အကျဉ်းဦးစီးဌာန အထက်လူကြီးတွေက ဆန်ကောင်းကောင်းတွေ ဝယ်ပေမယ့် အောက်ခြေက ဆန်သွားထုတ်တဲ့ သူတွေက ဆန်ဂိုထောင်မှာ အပြင်က စီးပွားရေးသမား ကုန်သည်တွေနဲ့ လက်ဝါးရိုက်ပြီး ဂိုဒေါင်ဝမှာ ကားတွေထိုးတဲ့ အပြင်က ကုန်သည်တွေရဲ့ကားမှာ ပါလာတဲ့ အောက်ကြုံးဆန်တွေကို အကျဉ်းဦးစီးကားထဲကို ပြောင်းထည့် ဆန်ဂိုဒေါင်ထဲက ဆန်အိတ်ကောင်းတွေကို အပြင်ကားတွေပေါ် ကိုတင် (၁)အိတ်ကို ဘယ်လောက်နှုန်းဆိုပြီး လုပ်စားတာကို သူကိုယ်တိုင်ကားမောင်းပြီး သယ်ပို့ပေးရတဲ့ အကြောင်းဖွင့်ပြောပြလို့ အဖြေတစ်ခုသိရပြီး ဒီအကြောင်းကို အခုလို ရေးနိုင်တာပါ။ ကားသမားကို ကျေးဇူးတင်ပါတယ်။ မန္တလေးထောင် (၂၀၀၇)ခုနှစ် (၆)လပိုင်းက ပြောပြခဲ့တာပါ။ ICRC ကမ္ဘာ့ကြက်ခြေနီအဖွဲ့ဟာ မန္တလေးထောင်ကို (၁၉၉၉)ခုနှစ် (၈)လပိုင်း ကုန်ခါနီးလောက်မှာ စဝင်ပါတယ်။ အဲဒီနှစ်မကုန်ခင်မှာပဲ ကဘော်ရဲဘက်စခန်းက သေခါနီး ကဘော်ရဲဘက်မှာ ဆက်နေရင် သေချာပေါက်သေရမယ့်သူတွေကို သွားရောက်ခေါ်ယူပြီး ဆေးဝါးကုသမှု ကျွေးမွေးစောင့်ရှောက်မှု အကောင်းဆုံး လုပ်ဆောင်သွားတာကို ကျွန်တော်တို့ကိုယ်တိုင် မြင်တွေ့ခဲ့ရပါတယ်။ ဒါတောင် တချို့သူတွေ သေသွားကြပါသေးတယ်။ ရောဂါကျွမ်းနေတဲ့ အတွက်ကြောင့်ပါ။ တကယ်လို့သာ ICRC ကသာ သွားရောက်ခေါ်ယူမှု မရှိခဲ့ရင် အားလုံးနီးပါးသေကြရမှာကို ကာယကံရှင်တွေရော ဘေးလူတွေပါ သိကြပါတယ်။ ဘာကြောင့်လဲဆိုရင် ပြန်လာတဲ့သူတွေဟာ ဘယ်လောက်ထိ ရောဂါအခြေအနေဆိုးသလဲ၊ ဆေးဝါးကုသမှုမခံယူရသလဲ၊ အာဟာရ ဘယ်လောက်ထိ ချို့တဲ့နေသလဲဆိုရင် မိုက်ကယ်ဂျက်ဆင်သရဲအကထဲက သရဲတွေကြောက်စရာကောင်းတယ်ဆိုတာ ကဘော်ရဲဘက်က ပြန်လာတဲ့သူတွေ ခြေဖျားတောင်မမှီပါဘူး။ အရိုးနဲ့ အရေပြားသာရှိပြီး အသားတွေ မရှိတော့တဲ့ အရိုးစုတစ်ခုလိုပုံနဲ့ လုံခြုံရေးဆိုတဲ့ ဥပဒေစည်းမျဉ်းအရ ခြေချင်းတွေနဲ့ ကိုယ့်ကိုကိုယ် မနည်းသယ်ပြီး အုပ်စုလိုက် ပြန်လာတဲ့ပုံဟာ သရဲတွေအုပ်စုလိုက်



လမ်းလျှောက်နေသလို နေ့ခင်းကြောင်တောင်မှာတောင် ကြောက်စရာကောင်းလောက်အောင် မြင်တွေ့ခဲ့ရတာကတော့ (၁၉၉၉)ခုနှစ် မန္တလေးထောင် အိပ်ဆောင်(၃-၄)မှာ နေခဲ့ဖူးတဲ့ အချုပ်သားတွေနဲ့ နှစ်ကြီးသမားတွေအားလုံး မှတ်မိကြလိမ့်မယ်လို့ ထင်ပါတယ်။

(၁၉၈၄)ခုနှစ်ကနေ (၁၉၈၅)ခုနှစ်အထိ ကျွန်တော် ရောက်ဖူးတဲ့ မော်လမြိုင်ထောင်နဲ့ ဒုတိယ သေမင်းတမန်လမ်းလို့ခေါ်တဲ့ ရန်မန်းရဲဘက် (ဒေါင်းမြီးကွက်)စခန်း (၁၉၉၀)ခုနှစ်ကနေ (၁၉၉၃)ခုနှစ်ထိ ကျွန်တော် နေခဲ့ဖူးတဲ့ အင်းစိန်ထောင်နဲ့ ရန်ကုန်-မန္တလေးလမ်း ဖောက်လုပ်ရေး ရဲဘက်စခန်းဖြစ်တဲ့ မြေနီကွင်းစခန်းနဲ့ ဝါးရားကုန်းစခန်း ယခုနောက်ဆုံးတစ်ခေါက် (၁၉၉၆)ခုနှစ် (၁၀)လပိုင်း (၄)ရက်နေ့ကနေ (၁၉၉၉)ခုနှစ် (၄)လပိုင်း (၆)ရက်နေ့ထိ အင်းစိန်ထောင်တွင် ၎င်း (၇. ၄. ၁၉၉၉) ခုနှစ်ကနေ (၂၀၀၀)ခုနှစ် နှစ်ဆန်းပိုင်းထိအောင် မန္တလေးထောင်ကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့ ICRC လာပြီး (၆)လခန့်ကြာမှ ကျွန်တော်တို့ထောင် ရဲဘက်စခန်းတွေမှာ တရားဝင်ကျားထိုးခွင့်ရခြင်း၊ စစ်တုရင်ချက်ဝ်ထိုးခွင့်ရခြင်း၊ ခြင်းခတ်ရခြင်း၊ ဘော်လီဘောပုတ်ရခြင်း၊ ဘောလုံးကန်ရခြင်း၊ စာအုပ်ဖတ်ခွင့်ရခြင်းစတဲ့ အခွင့်အရေးတွေကို (၃-၄)နှစ်လောက်ခံစား ခွင့်ရလိုက်ပါတယ်။ ဒီ (၃-၄)နှစ်တောင် အပြည့်အဝ အခွင့်အရေးရတာ မဟုတ်ပါဘူး။ ICRC အဖွဲ့လာမယ်ဆိုမှ သိမ်းထားတဲ့စာအုပ်တွေထုတ်၊ စားပွဲပေါ် ဖြန့်ခင်းပြီး အရောင်ပြငှားတာမျိုးက များပါတယ်။ ဒီစာအုပ်တွေက ကမ္ဘာ့ကြက်ခြေနီအဖွဲ့က လှူဒါန်းထားတဲ့ ဘာသာရေးစာပေတွေနဲ့ အတွေးအခေါ်စာအုပ်တွေပါ တချို့အကျဉ်းသားတွေ လှူဒါန်းထားတဲ့ဝတ္ထုတွေလည်း အများကြီးပါပဲ။ ဘာသာခြား၊ လူမျိုးခြားတွေက ကမ္ဘာ့ဟိုဘက် တစ်ခြမ်းက တကူးတကလာပြီး ကူညီစောင့်ရှောက်တာကို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားချင်းက မကြည်မဖြူနဲ့ နည်းမျိုးစုံနဲ့ နှောက်ယှက်တာကို ကျွန်တော်ဘယ်လိုမှ စဉ်းစားလို့ မရပါဘူး။ ဘယ်လိုနှောင့် ယှက်တယ်ဆိုတာကို အသေးစိတ် ကျွန်တော် မန္တလေးထောင်မှာ ကြုံတွေ့ရတဲ့အတိုင်း သိသလောက် ရေးပြပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ကြက်ခြေနီအဖွဲ့လာတော့မယ်ဆိုရင် ကျွန်တော်နေတဲ့ မန္တလေးထောင် အိပ်ဆောင်(၃-၄)မှာ အဆောင်ထောင်မှူး၊ဒုအဆောင်မှူး တက သို့မဟုတ် တကက/အကျဉ်းသားတန်းစီးချုပ်/ပုံစံပြ/အခန်းလူကြီး/စည်းကမ်းထိန်းတွေ၊ အဆောင်မှူးရုံးခန်းမှာ ခေါင်းချင်းဆိုင်နေကြပြီ။ အကျဉ်းသားအုပ်ချုပ်ရေးအပိုင်းတွေကိုင်တဲ့ တုတ်တွေကို အကုန်သိမ်းစုစည်းပြီး ကြိုးနဲ့ချည် အဆောင်တောင်ယာက ရေကန်ထဲကို ပစ်ချပြီး တုတ်တွေကို ခဏဖျောက်ထားပါတယ်။ အုပ်စုဖွဲ့ပြီး အခန်းတိုင်းမှာရှိတဲ့ အကျဉ်းသားတွေကို ခြိမ်းခြောက်ကြိမ်းမောင်းပါတယ်။ တိုင်ချင်တဲ့ကောင်ကိုတိုင် ပြောချင်တဲ့ကောင်ပြောပြီးရင်တော့ ကိုယ့်ဘဝကိုယ်တွေးထားဆိုပြီး ခြိမ်းခြောက်တာပါ။ ICRC လာလို့ ပြောရဲဆိုရဲတဲ့သူတွေက ပြောပြီဆိုရင် သူတို့က အဲဒီတိုင်တဲ့ သူတွေကို စာရင်းမှတ်ထားပါတယ်။ တစ်ခုခုတော့ မမှားစေနဲ့ မှားရင်တော့ နာပြီသာမှတ်ပါ။ နှစ်ကြီးသမားဆိုရင် အမြန်ဆုံးထောင်ပြောင်းပြီး နှစ်ငယ်သမားဆိုရင်တော့ ရဲဘက်ကို အမြန်ဆုံး ပို့ပစ်ပါတယ်။ ထောင်ပြောင်းပဲဖြစ်ဖြစ် ရဲဘက်ပဲပို့ပို့ ရိုးရိုးမပို့ပါဘူး။ မှာတမ်းလေးတွေနဲ့ ပို့တာပါ။။ သူတို့မှာတမ်းနဲ့ပို့တဲ့အတွက် အဲဒီသူတွေဟာ ရောက်ရာနေရာတိုင်းမှာ ဒုက္ခခံရမှာ သေချာပါတယ်။ ကျွန်တော်မြင်တာ၊ ကြားတာတွေရှိသလို ကိုယ်တွေ့လည်း ဒီလိုဒုက္ခတွေ ခံစားခဲ့ရတာ အကြိမ်ကြိမ်ပါပဲ။

ICRC ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကို အချုပ်သားအကျဉ်းသားတွေက သူတို့ရဲ့ အခွင့်အရေး၊ ရပိုင်ခွင့်၊ မတရားခံရမှု၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဆေးဝါးကုသမှု၊ ငွေကြေးတောင်းခံမှု၊ နှိပ်စက်ညှင်းပန်းမှု၊ ဒီလိုအကြောင်းအရာမျိုးစုံကို ပြောဆိုပြီး ထောင်အာဏာပိုင်တွေ၊ အဆင့်ဆင့်တာဝန်ရှိသူတွေကို အရေးယူပေးဖို့ တိုင်ကြားတဲ့အတွက် အမှုထမ်းအရာရှိဝန်ထမ်းတွေနဲ့ သူတို့လက်သပ်မွေးထားတဲ့ အညံ့စားလူဆိုး၊ လူမိုက်၊ သူခိုးတွေက လုပ်ငန်းပိုင်း၊ တာဝန်ပိုင်း၊ စည်းကမ်းပိုင်းဆိုတဲ့ အကြောင်းပြချက်မျိုးစုံနဲ့ အဲဒီလိုပြော တိုင်ကြားတဲ့သူတွေကို ဂွင်စောင့်ပြီး ဒုက္ခအမျိုးမျိုး ပေးကြတာကို (၂၀၀၀)ခုနှစ်ကနေ အခုကျွန်တော်လွတ်လာတဲ့ (၂၀၁၄)ခုနှစ်အထိ



မြင်တွေ့ခံစားခဲ့ရတာ ကိုယ်တိုင်ပါပဲ။ ဟိုယခင်ခေတ်တွေကနေ ယခုအချိန်ထိ ဘယ်ထောင်၊ ဘယ်ရဲဘက်မှာမှ မပြောင်းလဲတဲ့အရာတွေကတော့ ငွေပေးရင် အလုပ်မလုပ်ရတဲ့အပြင် ကိုယ်ကြိုက်တဲ့ဘုတ်နေရာတွေမှာ နေလို့ရပါတယ်။ တီဗွီအောက်စက်တွေကို အကျဉ်းသားတွေ ကိုယ့်ငွေနဲ့ ကိုယ်စုပေါင်းဝယ်ယူပြီး ကြည့်ရတာပါ။ အဆောင်တွေကို လူကြီးလာရောက်စစ်ဆေးမယ်ဆိုရင် သုတ်တဲ့သဘော်ဆေး၊ ရေဆေး၊ ထုံးတွေဟာ အကျဉ်းသားတွေ စုဝယ်ရတာပါ။ သန့်ရှင်းရေးလုပ်တဲ့ တံမြက်စည်းကြမ်း၊ တံမြက်စည်းချော၊ ရေနံချေး၊ စုတ်တံ၊ အခန်းတံခါးခတ်တဲ့ သော့တွေကအစ ကိုယ့်ငွေနဲ့ အခန်းတိုင်းစုပြီး ဝယ်ရတာပါ။ မီးလုံး၊ မီးချောင်း၊ ဝါယာကြိုး၊ ဖျူးခုံ၊ ခါးမိန်း၊ မီးခလုတ်တွေကအစ အကုန်ဝယ်ရတာပါ။ ထောင်ထဲမှာ ငွေမကိုင်ရဘူးဆိုပြီး မကြာခဏ လိုက်ကောက်တဲ့ငွေတွေ မပေးနိုင်ရင် မျက်နှာအရမ်းငယ်ရပြီး ဘာအခွင့်အရေးမှ မရပါဘူး။ ဘာသာရေးလုပ်ရင်လည်း အမှန်တကယ် တရားစခန်းဝင်ချင်တဲ့သူတွေ မဝင်ရပါဘူး။ ဘာကြောင့်လဲဆိုတော့ တချို့က အခန်းလူကြီးနဲ့ အဆင်မပြေတဲ့အတွက်ပါ။ တချို့ကတော့ အခန်းတွင်းမှာ သာရေးနာရေးကူညီမှု(ငွေမထည့်မှု) ငွေထည့်သော်လည်း နည်းပါးမှုစတဲ့အကြောင်းတွေကြောင့်လည်းကောင်း၊ လုပ်ငန်းတစ်ခုခု အလုပ်ကြမ်းလုပ်နေရရင်လည်း မထည့်ပါဘူး။ အခန်းတိုင်းမှာ အခန်းလူကြီးနဲ့အဆင်ပြေတဲ့သူ ပေးနိုင်ကျွေးနိုင်တဲ့သူ ဒါမှမဟုတ် အခန်းလူကြီး အုပ်ချုပ်ရေးကိုပိုင်တဲ့သူ ဒီလိုလူမျိုးသာ တရားစခန်းကို တစ်လတစ်ကြိမ် အမြဲသွားနေကြပေမယ့် အထက်ကို တင်တဲ့စာရင်းကတော့ လူတွေ၊ အမြဲပြောင်းပြီး လူစားလဲပြီး တင်တယ်လို့ သိရပါတယ်။ တရားစခန်းတွေဖွင့်တဲ့အချိန် ခုနှစ်ကတော့ (၂၀၀၉) ခုနှစ်ထဲမှာ မြင်းခြံထောင်ရောက်မှ တရားစခန်းဖွင့်တာကြုံရတာမို့ ကျွန်တော်တောင် ဆယ်ရက်တရားစခန်း ဝင်ဖူးပါတယ်။ တန်းစီးချုပ်နဲ့အဆင်ပြေနေလို့ပါ ဘယ်ထောင်မဆို တောင်ယာတွေရှိပါတယ်။ တောင်ယာလုပ်ကိုင် အမြဲဆင်းလုပ်မယ်ဆိုရင် ငွေပေးရပါတယ်။ ဘာစိုက်ပျိုးရေးအတတ်ပညာမှ တတ်စရာမလိုပါဘူး။ တောင်ယာတွေမှာလည်း လုပ်ငန်းသုံး ပစ္စည်းတွေဖြစ်တဲ့ ပေါက်တူး၊ ရေပုံး၊ ဂေါ်ပြား၊ တူရွင်းနန်းပြား၊ ထွန်ချစ်၊

www.burmeseclassic.com

www.burmeseclassic.com



ခရင်းခွစတဲ့ လုပ်ငန်းသုံးပစ္စည်းအားလုံး ကိုယ့်နည်းကိုယ်ဟန်နဲ့ တောင်ယာမှာ နေတဲ့သူတွေက ဝယ်ကြရပါတယ်။ ဒါတင်မကပါဘူး။ စိုက်ပျိုးရေးလုပ်ဖို့ မျိုးစေ့မျိုးစုံ အပင်အားဆေး၊ အသီးအားဆေး၊ ဆေးဖျန်းပုံး၊ ပိုးသတ်ဆေး စတဲ့ အသေးစိတ်ကအစ ကိုယ့်နည်းကိုယ့် ဟန်နဲ့လုပ်ကြရပါတယ်။ ဝယ်ကြရပါတယ်။ ဘယ်တော့မှ ဒီလို ပစ္စည်းမျိုးကိုဝယ်ပေးတယ် ထုတ်ပေးတယ် ဆိုတာ ကြားတောင် မကြားဖူးပါဘူး။ (အဆောင်မှူး) ယခုခေတ်အခေါ် (ဒုကြီးကြပ်ရေးမှူး) ခရီးတိုသွားခြင်း၊ သင်တန်းသွားခြင်း၊ သူ့မိသားစု နေထိုင်မကောင်းရင်လည်း အလိုက်သိစွာနဲ့ အခန်းလူကြီးတွေကလည်း နည်းမျိုးစုံနဲ့ ရှာဖွေပေးကြရပါတယ်။ တချို့ကိစ္စတွေဆိုရင် သက်သေပြဖို့ ခက်ခဲပေမယ့် သိသာပါတယ်။ ထောင်မှာ တန်းစီးချုပ်လုပ် ပိုက်ဆံရှာပေးပြီးရင် ရဲဘက်ထွက်ပြေး အချိန်တန်ရင် ပြန်အဖမ်းခံရလည်း ပုံစံပြ ဒါမှမဟုတ် တန်းစီးချုပ် အနည်းဆုံး အခန်းလူကြီးတော့ ဖြစ်ပါသေးတယ်။ ထောင်အာဏာပိုင်တွေက သူတို့အကျိုးစီးပွားရှာ ဖွေပေးတဲ့သူမျိုးတွေကို ဘယ်အချိန်ထောင်ကို ပြန်လာပြန်လာစောင့်ရှောက်ပါတယ်။ သူတို့ အချင်းချင်းလည်း အပ်ပေးကြပါတယ်။ ဒီကောင် အရမ်းတော်တယ်၊ ဇယားနိုင်တယ်၊ အရှာအဖွေညက်တယ်စသည်ဖြင့် ထောင်မှူးအချင်းချင်းလည်း ပြောဆိုစောင့်ရှောက်ကူညီပေးကြပါတယ်။ ထောင်မှူးထောင်ပိုင် လာဘ်စားတာကို အော်ချက်ထုတ်တဲ့သူ ညွှန်မှူးတွေလာရင် တိုင်တတ်တဲ့ သူမျိုးတွေဆိုရင် ဒီကောင်ပွကြီး ချီးထုပ်စသည်ဖြင့် ပြောဆိုအပ်နှံပြီး ထောင်မှူးအဆက်ဆက် ဒုက္ခပေးကြပါတယ်။ ကိုယ်တွေ့ပါ။

အကျဉ်းထောင်ဗူးတံခါးဝမှာရော အဆောင်တွင်းရုံးခန်းမှာရော စာတွေ အများကြီးဖတ်ရပါတယ်။ အကျဉ်းဦးစီးဌာနရဲ့ ရည်မှန်းချက်နဲ့ စည်းကမ်းတွေပါ။ စာတွေကတော့ အတော်ဖတ်လို့ကောင်းပါတယ်။ ဒီစာတွေ ဖတ်ပြီးရင် ကျွန်တော်တို့အကျဉ်း သားအချင်းချင်း မျက်လုံးချင်းဆုံပြီး ရယ်ကြပါတယ်။ ရေးထားတဲ့စာနဲ့ လက်တွေ့လုပ်ဆောင်ချက်တွေ ဆန့်ကျင်ဘက်ဖြစ်နေတဲ့အတွက် ဒီအဓိပ္ပာယ်ကို သဘောပေါက်ပြီး ရယ်ကြတာပါ။ ကျွန်တော်ကိုယ်တွေ့ကတော့ ထောင်ထဲကနေ အသိပညာ၊ အတတ်ပညာတွေတတ်



ပြီး လိမ္မာယဉ်ကျေးစွာနဲ့ လွတ်မြောက်သွားတဲ့အကျဉ်းသားကို မတွေ့ဖူးပါဘူး။ လူဆိုးလူမိုက်တွေကို ပြောတာပါ။ မရှိလို့ မကောင်းမှုလုပ်ပြီး ထောင်ကျလာတာ ထောင်ထဲမှာ ငွေမရှိရင် ခွေးတစ်ကောင် နွားတစ်ကောင်လို လုပ်ကိုင်စားသောက် အချိန်နှင့်အမျှ ဆဲဆိုကြိမ်းမောင်းရိုက်နှက်ခံ၊ နှိပ်စက်ခံရတဲ့ဘဝနဲ့ နှစ်ချီဖြတ်သန်းမသေလို့ ပြန်လာရင်တောင် (ဦးနှောက်ထဲမှာ နှလုံးသားထဲမှာ) လက်စားချေချင်စိတ်၊ နာကျည်းစိတ်၊ မခံချင်စိတ်ဆိုတဲ့ ဒဏ်ရာဗလပွနဲ့ စိတ်ကောင်းဝင်ဖို့ နေနေသာသာ သူ့အပေါ် ဆဲဆိုကြိမ်းမောင်း၊ နှိပ်စက်ညှင်းပန်းခဲ့တဲ့အမှုထမ်း၊ အရာထမ်း၊ အကျဉ်းသားတွေကို ကြုံတဲ့နေရာမှာ နည်းမျိုးစုံနဲ့ ဒုက္ခပေးဖို့သာတွေးရင်း တစ်နေ့တော့ ကြုံတွေ့ကြသေးတာပေါ့ကွာလို့ဆိုတဲ့ အတွေးသာ စွဲနေပါတယ်။ အကျဉ်းသားအကြောင်းကို အကျဉ်းသားအချင်းချင်းပဲ သိပါတယ်။ အကျဉ်းထောင်တွေ၊ ရဲဘက် စခန်းတွေ အားလုံးမှာရှိတဲ့အကျဉ်းသားတွေဟာ အမှန်တရားကို သိနေမြင်နေလျက်နဲ့ မိမိအသက်ရှင်နေထိုင်ခွင့် ရရှိဖို့အတွက် အမှန်ကို မျက်ကွယ်ပြုပြီး ပြောဆိုနေထိုင်ကြရပါတယ်။ မတရားမှုန်း၊ မှားမှန်းသိလျက်နဲ့ရင်ထဲက ဆန္ဒကို ဆန့်ကျင်ဘက် ပြုမူနေရပါတယ်။ ဘယ်သူကိုမှ မယုံရတဲ့အတွက် သူတို့မပြောရဲတာဟာ အပြစ်တော့မဟုတ်ပါဘူး။ ဘယ်အဖွဲ့အစည်းပဲလာလာ ဘာစကားတွေပဲပြောပြော နောက်ဆုံးတင်ပြတဲ့သူဟာ အနေးနဲ့အမြန် တစ်ခုခုတော့ ဒုက္ခဖြစ်နေကြဆိုတော့ ဘယ်သူ့မှ ဘာမှမပြောရဲတာဟာ မထူးဆန်းတော့ပါဘူး။

မန္တလေးထောင်ကို ကျွန်တော်ရောက်သွားတဲ့ (၁၉၉၉)ခုနှစ်မှာ ဓားပြ ဂိုဏ်းစုတွေ မန္တလေးထောင်ကို ကြီးစိုးချယ်လှယ်နေတဲ့အချိန်ပါ။ ကျွန်တော်နဲ့ ခင်တဲ့ဖိုးတုတ်ဆိုတဲ့ ဓားပြတစ်ယောက်က ပြောပါတယ်။ သူတို့နေတဲ့ရွာက အလွန်တောခေါင်ပြီး စားဝတ်နေရေး အတော်ခက်ခဲတယ်လို့ ပြောပါတယ်။ ဟိုအရင်တုန်းက ခေတ်စားတဲ့ဝက်ဝံ တံဆိပ်တို့၊ အုန်းနှစ်ပင်ပုဆိုး ဆိုတဲ့ မလေးရှားပုဆိုးတွေ၊ ဖရီးဂျက်ကတ်တွေကို ဝတ်ချင်လွန်းလို့ ဓားပြတိုက်တာပါလို့ ရင်ဖွင့်ပါတယ်။ ရွာမှာ အလှူလုပ်လို့ သူများတွေ [illegible] ပုဆိုးတွေဝတ်ရင် သူတို့မဝတ်နိုင်လို့ အရမ်းမျက်နှာငယ်ရတယ်လို့ ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့ရွာမှာ ချည်ပုဆိုး၊ နှစ်နံစပ်တွေသာ ဝတ်ကြရတယ်လို့ဆိုပါတယ်။ ဆင်းရဲလွန်းလို့ ဓားပြတိုက်တာ ထောင်သာ ကျလာတယ်။ အပြင်မှာ ယခုလောက် အဆင်မပြေဘူးလို့ ပြောပါတယ်။ မန္တလေးထောင်ရောက်လို့ အခန်းလူကြီးတို့၊ ပုံစံပြတို့၊ ကြမ်းတိုက်ဘုတ်ကိုင်တို့ဖြစ်တော့မှ ဓားပြတိုက်တာထက်ပိုပြီး အဆင်ပြေတယ်လို့ ပြောပါတယ်။ မန္တလေးထောင်မှာ ကျွန်တော်နေခဲ့တဲ့ (၁၉၉၉)ခုနှစ်ကနေ (၂၀၀၉) ခုနှစ်အထိ ဓားပြတွေ အားလုံးဟာ ထောင်ထဲမှာ အုပ်ချုပ်ရေးပိုင်းနေရာ မရှိရင် ထောင်ဝင်စာလာတာ မတွေ့ရပါဘူး။ ထောင်မှာနေရာကောင်းလေး တစ်ခုရတာနဲ့ သူတို့အိမ်တွေက နှစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ် ထောင်ဝင်စာ ပုံမှန်လာတာတွေ့ရပါတယ်။ သူတို့ပါလာတဲ့ ထောင်ဝင်စာအိတ်က သေးသေးနည်းနည်းလေးပါ။ ပါလာတဲ့စား .ရာကလည်း ပုံစံတူပါပဲ။ ကြွက်ကြော်၊ မြေပဲကြော်တို့၊ ထန်းလျက်နဲ့ လုပ်ထားတဲ့တော မုန့်အချိုလေးတွေ နည်းနည်းပါးပါးပါ။ ထောင်ဝင်စာ ပါတယ်ဆိုရုံပါပဲ။ အဲဒီထောင်ဝင်စာလာတဲ့အဖြင်က လူတွေကို ထောင်ထဲက ထောင်ကျနေတဲ့ ဓားပြတွေ ပြန်ပေးလိုက်တဲ့ပစ္စည်းတွေကတော့ လည်သာဂျက်ကင်၊ စပို့ရှပ်၊ တီရှပ်၊ ပလေကပ်၊ ဖောရိမ်းရှပ်၊ ယုန်မွေးစောင်၊ အိန္ဒိယစောင်နဲ့ အခြားအဝတ်အစားမျိုးစုံအပါအဝင် ငွေကို သိန်းချီပြီး ထောင်ထဲကနေ ပြန်ပေးတာကို အမြဲတွေ့မြင်နေရတာဟာ သာမန်အဖြစ်အပျက်တစ်ခုပါပဲ။ ဘာမှမထူးဆန်းဘူးဆိုတာ မန္တလေးထောင်က လူဟောင်းတွေ အားလုံးသိကြပါတယ်။

ကျွန်တော်နဲ့ခင်တဲ့ ဓားပြအတော်တော်များများဟာ တစ်ခါတလေ ရင်ဖွင့်ပါတယ်။ ထောင်ထဲရောက်မှ သူတို့ကောင်းကောင်း စားဖူးတယ်။ ဝတ်ဖူးတယ်လို့ ပြောပါတယ်။ အပြင်လောကမှာ ကော်ဖီမစ်ထုပ်ဆိုတာ သူတို့မမြင်ဖူးဘူး၊ မသောက်ဖူးဘူးလို့ ဆိုပါတယ်။ သူတို့အတွက်ကတော့ ဓားပြတိုက်ပြီး ထောင်ကျတာ နိုင်ငံခြားကို သင်္ဘောသားသွားလုပ်ရသလိုပါပဲလို့ နောက်ပြောင်ပြောဆိုပါတယ်။ ယိုးဒယားဂွင်းထိုးဖိနပ်၊ အောလ်ကတ္တီပါဖိနပ်တို့၊ သားရေဖိနပ်တို့ဆိုတာ အခုမှစီးဖူးတာလို့ ဆိုပါတယ်။ ထောင်ထဲမှာ ခြင်းခတ်တာတို့၊ ဘောလုံးကန်တာတို့လုပ်ရင် ဓားပြတွေက



ကင်းပတ်ဖိနပ်တို့၊ ဘောကန်ဖိနပ်တို့စီးပြီး ဟိတ်ဟန်နဲ့ ကွင်းထဲဝင်လာပေမယ့် အဲဒီဖိနပ်တွေ မစီးတတ်ဘူး။ မစီးဖူးဘူးဆိုတာ လမ်းလျှောက်တာကို ကြည့်ပြီးသိသာနေတဲ့အတွက် ရယ်ရတာ မကြာခဏပါပဲ။ အပြင်လောကမှာ အိမ်သာဘယ်လိုသွားတယ်ဆိုတာတော့ မသိပါဘူး။ ဓားပြတစ်ယောက်ကတော့ မိလ္လာသွားရင် (ရှစ်ပေပါ)မှာ ပေါင်ဒါမှုန့်ဖြူးပြီး ချိုးကုန်းပါတယ်။ အရင်ခေတ်က ရေလောင်းအိမ်သာ မရှိသေးပါဘူး။

ပန်းသီးကို ပုံစံငပိနဲ့တို့စားတဲ့ ဓားပြကလည်း ရှိပါသေးတယ်။ ငါးသေတ္တာဗူးကို ညီအစ်ကိုနှစ်ယောက်က ဟိုဘက်ဒီဘက် ဘယ်ညာလှည့်ဖွင့်လို့ မန္တလေးထောင်မှာ အရှက်ကွဲကြပါသေးတယ်။ ထောင်မှူးကြီး ရေချိုးနေတာကို တွေ့ပြီး သူများဆီက အလကားတောင်းလာတဲ့ ခြင်ဆေးလိမ်းဆေးထုပ်မှန်းမသိ၊ ခေါင်းလျှော်ရည်ထုပ်မှန်း မသိဘဲ ထောင်မှူးကြီး ဦးသိန်းမြင့်ကိုဖားပြီး ခြင်ဆေးထုပ်နဲ့ခေါင်းလျှော်ပေးမိလို့ အရိုက်ခံရတဲ့ စည်းကမ်းထိန်းဘုတ်ကိုင် ဓားပြမောင်မြင့်တို့လို လူမျိုးတွေကလည်းရှိပါသေးတယ်။ ဒါတွေအားလုံး မန္တလေးထောင်မှာ (၁၉၉၉)ခုနှစ်ကနေ (၂၀၀၉) ခုနှစ်ထိ အမှန်တကယ် ဖြစ်ပျက်ခဲ့တာတွေပါ။ ဘာပဲဖြစ်ဖြစ် ဓားပြတွေကတော့ ထောင်အာဏာပိုင်တွေနဲ့ ပြေလည်အောင် နည်းမျိုးစုံနဲ့ပေါင်းသင်းပေးကမ်းပြီး မန္တလေးထောင်ကြီးကို ဓားပြမြင့်သိန်းရွှေတို့ခေါင်းဆောင်လို့ ဆယ်စုနှစ်တစ်စုနီးပါး အုပ်ချုပ်လူပါးဝသွားတာကိုတော့ ဘယ်သူမှ ငြင်းလို့မရတာကတော့ အသေချာအပါပဲ။

မန္တလေးထောင်အလုပ်ရုံကို ကျွန်တော်တို့အကျဉ်းသားတွေက ထောင်အာဏာပိုင်တွေ ကွယ်ရာမှာ နာမည်ပြောင် ပေးထားကြပါတယ်။ အလုပ်ရုံလို့မခေါ်ကြဘဲ (တရုတ်ရုံ)လို့ခေါ်ကြပါတယ်။ နာမည်နဲ့ လိုက်ဖက်စွာ အလုပ်ရုံတစ်ခုလုံး တရုတ်လူမျိုးတွေသာ ကြီးစိုးနေပါတယ်။ တရုတ်အများစုဟာ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုတွေနဲ့ ထောင်ကျလာတာဖြစ်တဲ့အတွက် ငွေကို တော်တော်လေးသုံးစွဲ ပေးကမ်းနိုင်ကြပါတယ်။ ငွေလို ပေးကမ်းကျွေးမွေးနိုင်ကြလို့လည်း ထောင်ရဲ့လုပ်ငန်းပိုင်းတွေထဲက အလုပ်သက်သာတဲ့ နေရာမျိုးစုံမှာ တရုတ်လူမျိုးတွေသာ ပြည့်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းတဲ့ အလုပ်မှန်ရင် ဗမာလူမျိုးတွေနဲ့ တိုင်းရင်းသားတွေပဲ လုပ်နေကြရပါတယ်။ ငွေပေးနိုင်တဲ့တရုတ်တွေကို ထောင်အာဏာပိုင်တွေက လုပ်ငန်းပြ ဘာမှ ပင်ပင်ပန်းပန်းမလုပ်ရတဲ့ နေရာမျိုးတွေမှာသာ တာဝန်ပေးထားပြီး ငွေမပေးနိုင်တဲ့သူတွေကတော့ ချီးပုံးထမ်း၊ သေးပုံးထမ်း၊ တောင်ယာပေါ်တာ၊ မြေကြီးပေါက်၊ လမ်းပြင်၊ ဆန်ထမ်း၊ ထမင်းဟင်းထမ်း၊ အနိမ့်စား အလုပ်မျိုးစုံကို လုပ်ကြရတာ ဗမာတွေနဲ့ တိုင်းရင်းသားတွေပါ ငွေပေးနိုင် အစားအသောက်ကျွေးမွေးနိုင်တဲ့ တရုတ်ကုလားတွေကို အဆောင်မှူးတွေ၊ ဝန်ထမ်းတွေ၊ အကျဉ်းသားအရာရှိလို့ခေါ်တဲ့ အုပ်ချုပ်သူတွေက ဒီလိုပြောဆို ဆက်ဆံပါတယ်။ (တရုတ်တွေကို)(တာကော)လို့ခေါ်ကြပြီး ကုလားတွေကို (ဟာဂျီ)လို့ ခေါ်ကြတာ မန္တလေးထောင်မှာ အကျင့်ဖြစ်နေပါပြီ။ ဘာမှ မထူးဆန်းတဲ့ ပြောဆိုမှုတစ်ခုလို ဖြစ်နေတာကြာပါပြီ။ ထောင်အာဏာပိုင် (၉၀)ရာခိုင်နှုန်းသာ ဗမာလူမျိုးတွေပါ။ တရုတ်ကုလားအရာရှိ ဝန်ထမ်းဆိုတာ (၁၀)ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမဲ့ အမျိုးမချစ်ဘဲ ငွေချစ်တဲ့ဗမာလူမျိုး အရာရှိဝန်ထမ်းတွေကြောင့် ငွေမရှိတဲ့ ဗမာလူမျိုးအချုပ်သား အကျဉ်းသားတွေဟာ အလွန်မျက်နှာငယ်ကြရပါတယ်။ ကျွန်တော်က ရုံးခန်းပတ်ဝန်းကျင်မှာ အမြဲရှိနေတဲ့အတွက် အဖြစ်မှန်တွေကို အချိန်ပြည့်မြင်နေရပါတယ်။ (ထောင်မှူး) ယခုခေတ်အခေါ် (ဒုကြီးကြပ်ရေးမှူး) တစ်ယောက်၊ သူအုပ်ချုပ်တဲ့ အဆောင်ရုံးခန်းမှာ ထိုင်နေတုန်း သူ့ကို ငွေပေးထားတဲ့ သူတွေ ရုံးခန်းထဲဝင်လာရင် ကိုတပ်ခေါ်ပြီး ထိုင်ခုံမှာ ထိုင်ခိုင်းလို့ ချိုချိုသာသာနဲ့ ဘာအကူအညီလိုပါသလဲ။ ဘာတွေ အခက်အခဲရှိပါသလဲ။ ထောင်ဝင်စာတွေ့ရတာ အဆင်ပြေရဲ့လား အခက်အခဲရှိရင် ပြောနော်။ အခန်းမှာ နေထိုင်စားသောက်ရတာ အိုကေရဲ့လား။ ကိစ္စရှိရင် အချိန်မရွေး ကျွန်တော်ဆီလာခဲ့နော်၊ ဘာမှ အားနာစရာ မလိုဘူး။ အိပ်ရတာ နေရာကောင်းရဲ့လား။ အဆင်မပြေရင် ပြောနော်။ ရေချိုးတာ ဝဝချိုးရရဲ့လား မိလ္လာတက်တာ အဆင်ပြေရဲ့လား မပြေရင်ပြော ဘုတ်ကိုင်တွေကို ကျွန်တော်ခေါ်ပြီး အပ်လိုက်မယ်။ ခင်ဗျားအိမ်က ကျွန်တော်ကို သေသေချာချာလာအပ်သွားတာ ခင်ဗျားအဆင်မပြေရင် ကျွန်တော်ကိုသာ ပြောပါ။ အိမ်ကို



ဘာမှ သွားမပြောပါနဲ့။ အိမ်က မိသားစုတွေ စိတ်မကောင်းဖြစ်သွားဦးမယ်တဲ့။ ငွေကောင်းကောင်းပေးထားတဲ့သူတွေကို ဒီလိုကက်ဆက်ခွေမှာ ပုံသေ အသံသွင်းထားတဲ့အတိုင်း ပြောနေတာကို အမြဲတမ်း ကျွန်တော်ကြားရတာ အလွတ်တောင် ရနေပါပြီ။ ပိုက်ဆံမပေးနိုင်တဲ့သူ၊ ဘာရုပ်မှ မပေါက်တဲ့သူတွေများ သူတို့ရုံးခန်းမှာ ထိုင်နေတဲ့ အချိန်ဝင်လာလို့ကတော့ ဒီလိုပြောတာကို အမြဲကြားရပါတယ်။ သာတီဖိုက်(ထောင်အခေါ်)ဘဝသမား သို့မဟုတ် ဆင်းရဲသားတစ်ယောက်များ ပေစုတ်စုတ်နဲ့ ရုံးရှေ့လာရပ်ရင်တောင် ထောင်မှူးက ဟေ့ကောင် မင်းရုံးခန်းရှေ့ကို ဘာလာလုပ်တာလဲ ဒီနေရာက လာချင်တိုင်းလာလို့ရတဲ့ နေရာမဟုတ်ဘူး။ မင်းနားမလည် ဘူးလား(ဟေ့) ရုံးမှာနေတဲ့အကောင်တွေ မင်းတို့ပြောမထားဘူးလား။ တာဝန်မရှိဘဲ ခွင့်ပြုချက်မရဘဲ ဒီလိုလာလို့မရဘူးဆိုတာ ဒီလိုထောင်မှူးက ဟောက်လွှတ်ပါတယ်။ ရုံးခန်းမှာနေတဲ့ငွေပေးပြီး ရုံးလုပ်ငန်းလုပ်နေတဲ့ သူတွေကလည်း ထောင်မှူးအလိုကျ ဝိုင်းဝန်းပြီး မောင်းထုတ်ကြတာ မကြာခဏ မြင်တွေ့ရပါတယ်။ ဒါပေမဲ့ တချို့ပြောရဲ ဆိုရဲရှိသူတွေက ထောင်မှူးကို ရဲရဲတင်းတင်း တွေ့ပြီး သူတို့အခက်အခဲတွေကို တင်ပြပြောဆိုရင် (ထောင်မှူး)တွေက ဒီလိုပုံသေနည်း ပြန်ပြောကြပါတယ်။ ထောင်ဆိုတာ အိမ်မှာလို ဘာမှ အဆင်မပြေနိုင်ဘူး။ မင်းတို့ကို ဒီနေရာကို ငါတို့က ခေါ်သလား၊ မင်းတို့ အပြစ်နဲ့ မင်းတို့ရောက်လာတာ အစထဲက ဒီလိုနေရာရောက်ရင် ဒီလိုဖြစ်မယ်ဆိုတာ ကြိုမတွေးထားဘူးလား။ ငါတို့က မတစ်ထောင်သားကို ထိန်းရတာ လွယ်တာမဟုတ်ဘူး။ မင်းတို့ကို အခွင့်အရေးပေးလိုက်ရင် နောက်လူတွေက ထပ်လာနေမှာပဲ။ အဆင်ပြေပြေနေချင်ရင် အစထဲက ဒီနေရာကို မရောက်အောင်နေပါလား။ ထောင်မှာ ဒီလိုဒုက္ခရောက်မှ မင်းတို့ နောင်ကျဉ်မှာ ဒါမှနောက်တစ်ခေါက် မင်းတို့ မလာရဲမှာဆိုပြီး အကြောင်းပြချက်မျိုးစုံနဲ့ နည်းလမ်းမျိုးစုံနဲ့ ခြိမ်းခြောက် ဟိန်းဟောက်ပြီး နှင်လွှတ်တာကို အမြဲတမ်းမြင် တွေ့ရပါတယ်။ မတူညီတဲ့ အုပ်ချုပ်နည်းတွေနဲ့ ခွဲခြားပြောဆိုအုပ်ချုပ်တဲ့အတွက် ကျွန်တော်ကတော့ ဒီလိုအရာရှိဝန်ထမ်းမျိုးတွေကို ဘယ်ထောင်၊ ဘယ်ရဲဘက်စခန်း ရောက်ရောက်ရှိသေမှု၊ လေးစားမှု၊

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်မှုလုံးဝကို မရှိတာပါ။ သူတို့ကို မခန့်လေးစားလုပ်တဲ့အတွက် ဂွင်ဝင်သွားရင် အကျိုးအပဲ့၊ အကွဲအပြဲဖြစ်ရုံ တင်မက အသက်ပါသေသွားနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နေခဲ့တဲ့ (၁၇)နှစ် (၃)လတိတိမှာ လုံးဝဂရုမစိုက်ဘဲ နေထိုင်ခဲ့တယ်ဆိုတာ အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင် နောင်ချိုရဲဘက်စခန်းမှာ ကျွန်တော်ကို အုပ်ချုပ်တဲ့အရာရှိဝန်ထမ်း၊ ကျွန်တော်နဲ့အတူ တစ်ချိန်ထဲ နေခဲ့ဖူးတဲ့သူတိုင်း သိကြပါတယ်။ သတ္တိရှိလွန်းလို့ ဒီလိုပမာမခန့် နေထိုင်ခဲ့တာ မဟုတ်ပါဘူး။ မတရားမှုတွေမျိုးစုံကို အမြဲမြင်တွေ့နေရတဲ့အတွက် မခံချင်စိတ်နဲ့ အံတုခဲ့တာပါ။ ဇရှိလွန်းလို့ မဟုတ်ပါဘူး။

ထောင်လောကမှာ အရာရှိဝန်ထမ်းတွေက အကျဉ်းသားတွေကို ပါးရိုက်ဆုံးမတယ်ဆိုတာ မထူးဆန်းတဲ့ ထုံးစံဓလေ့တစ်ခုလို ဖြစ်နေတာ အခုပြန်လာချိန် (၂၀၁၄)ခုနှစ် (၁)လပိုင်း (၃)ရက်နေ့ထိ မြင်တွေ့ခဲ့ရတုန်းပါပဲ။ မိဘ၊ ညီအစ်ကိုမောင်နှမတွေက ချစ်လွန်းလို့ ဇနီးနဲ့သားသမီးတွေက ချစ်ခင်စိတ်နဲ့ တယုတယနမ်းတဲ့ ဒီပါးဟာ ထောင်ထဲရောက်သွားတာနဲ့ အများစုဟာ ပါးရိုက်ခံကြရတာဟာ တော်တော်ရင်နာစရာကောင်းတဲ့ အဖြစ်အပျက်ပါ။ ထောင်ကျဖူးတဲ့သူအတော်များများဟာ ဒီအဖြစ်အပျက်မျိုးကို ခံစားဖူးပါတယ်။ ရှက်လို့ မိသားစုတွေကို ပြန်မပြောပြကြတာပါ။ ဒီခေတ်တောင် မကင်းသေးတာ အရင်ခေတ်ဆိုရင် တွေးကြည့်ကြပါ။

လူငယ်တော်တော်များများဟာ လမ်းထဲ ရပ်ကွက်မှာ အရက်လေးနည်းနည်းမူးပြီဆိုရင် ဟိုလူကို ပြဿနာရှာ၊ ဒီလူကို စိန်ခေါ်၊ ဟိုဆဲ ဒီဆဲနဲ့ အကြောင်းမဲ့ရိုက်နှက်ဖို့ ဝန်မလေးကြပါဘူး။ ပြဿနာဖြစ်လာလို့ အချုပ်ထဲထောင်ထဲ ရောက်သွားတာနဲ့ ဒီလိုဆိုးမိုက်နေတဲ့ သူတွေဟာ သနားစရာ သတ္တဝါလေးတွေလို မျက်နှာငယ်လေးတွေနဲ့ ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမစားရ အိမ်မှာ လူပါးဝခဲ့သမျှ ဒုက္ခတွေ အကြီးအကျယ် ခံစားရတော့တာပါပဲ။ ဘယ်သူ့ကို အဖေခေါ်ပြီး အားကိုးရ မှန်းမသိလောက်အောင်ကို စိတ်ဆင်းရဲခြင်းကြီးစွာနဲ့ နောင်တတွေ ရတော့တာပါပဲ။ ဘယ်ထောင်ပဲဖြစ်ဖြစ် ပုံစံခန်းမှာ အုန်းခွံနဲ့ကြမ်းတိုက်ရမလား။ ပင်နီစလင်ပုလင်း



အသေးနဲ့ ကြမ်းတိုက်ရမလား၊ ရိုးရိုးကြမ်းတိုက်ခိုင်းရင် ငွေမရမှာစိုးတဲ့အတွက် သန့်ရှင်းရေးကို အကြောင်းပြပြီး နွားမောင်းသလို မောင်းရင်းရိုက်ပြီး ကြမ်းကို ရှေ့တိုးနောက်ဆုတ် အဆက်မပြတ် တိုက်ခိုင်းတော့ ခြေဖဝါးတွေ စုတ်ပြတ်ပြီး ကျွန်တော် မတိုက်နိုင်တော့ပါဘူး။ ငွေပေးပါ့မယ်ဖြစ်သွားတော့တာပါပဲ။ အချုပ်ဆိုရရင် ရုံးချိန်မှာ ထောင်ကျဆိုရင် ထောင်ဝင်စာလာချိန်မှာ မိသားစုတွေက စိတ်ဆင်းရဲစွာနဲ့ မရှိမဲ့ ရှိမဲ့ငွေကို နည်းမျိုးစုံနဲ့ ရှာဖွေပေးရတာပါပဲ။ ဒီအပူစာငွေတွေဟာ သူ့လမ်းကြောင်းနဲ့ သူ့အဆင့်ဆင့်အထက်ကို ရောက်သွားပါတယ်။ ကျွန်တော်က အားလုံးကို သိနေတဲ့အတွက် ဒီလိုရေးတာပါ။ ဒီလိုငွေပေးလိုက်မှ ထောင်ထဲမှာ လုပ်ငန်းပြ အလုပ်မလုပ်ရတဲ့ ဘုတ်သို့မဟုတ် အလုပ်သက်သာတဲ့နေရာမှာ နေရတာ ထောင်တိုင်း ရဲဘက်စခန်းတိုင်းမှာ ဖြစ်နေတဲ့နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်တဲ့ အဖြစ်အပျက်တွေပါပဲ။

ယခုတစ်ခေါက် ကျွန်တော်နေခဲ့တဲ့ထောင်တွေနဲ့ ရဲဘက်စခန်းမှာ နှစ်လုံးသုံးလုံးနဲ့ ဘောလုံးပွဲမောင်းစာရွက်ရောင်စုံကို နေရာတိုင်းမှာ အမြဲမြင်တွေ့ရပါတယ်။ ထောင်ဝင်စာ ကောင်းကောင်းလာနိုင်တဲ့ ငွေများများ ဖြုန်းနိုင်တဲ့ အပြင်လောကမှာ ဂွင်တည့်လာသူတွေက ထောင်ထဲမှာ ကျားထိုးချက်ထိုး၊ ဘောလုံးကန်၊ ခြင်းခတ်ရင် လောင်းကြေးငွေ အမြဲပါပြီး။ ဝန်ထမ်းတွေ ထောင်ထဲ မနက်မိုးလင်းဝင်လာရင် ညက ဘောလုံးမောင်း ရိုက်ထားတဲ့ သူတွေကို ဘယ်အသင်းနိုင်တယ် ဘယ်အသင်း ရှုံးတယ်ဆိုတဲ့ မောင်းစာရွက်တွေဖြန့်ပြီး အရော်အစားလုပ်ကြပါတယ်။ တန်းစီးချုပ်တို့ အခန်းလူကြီးတို့၊ ဘုတ်ကိုင်တို့ဆိုတဲ့ထောင်ထဲမှာ ဝင်ငွေရှိတဲ့သူတွေနဲ့ ရုပ်ပေါက်တဲ့သူတွေက မနက်မိုးလင်းလို့ သူများတွေ အလုပ်ကိုယ်စီလုပ်ဖို့ တန်းစီနေချိန်မှာ အဆောင်ပေါက်ဝတို့၊ မိန်းဂျေးတို့မှာ ညဘက် လောင်းထားတဲ့ ဘောလုံးပွဲ ဘော်ဒီတို့၊ မောင်းတို့ အောင် မအောင်သတင်းကို ကော်ဖီလေးသောက်ပြီး သူတို့ချင်းစကားပြောရင်း ဝန်ထမ်းကို စောင့်နေကြပါတယ်။ အခြားအကျဉ်းသားတွေက ဆန်ပြုတ်ရေကျဲသောက်ပြီး အလုပ် ကြမ်းလုပ်ဖို့ ဆူဟောက်ဆဲဆိုခံဖို့ တန်းစီနေချိန်မှာ ဒီလိုမတူညီတဲ့ မြင်ကွင်းကို နှစ်ချိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အမြဲမြင်တွေ့ခဲ့ပါတယ်။

လောင်းကစားလုပ်တဲ့အကျဉ်းသားက နှစ်လုံးပေါက်ပေါက်၊ သုံးလုံးပေါက်ပေါက်၊ ဘောလုံးပွဲ မောင်းပဲအောင်အောင်၊ ထိုးပေးတဲ့ဝန်ထမ်းက သယ်ယူပို့ဆောင်ခ ငွေကောင်းကောင်းရတဲ့အတွက် ဝန်ထမ်းတချို့က နှစ်လုံး၊ သုံးလုံးထိုးပေး၊ မောင်းစာရွက်တွေ ယူလာပေး၊ ငွေအထုတ်အသွင်းလုပ် ဒီလိုလုပ်စားကြပါတယ်။ ထောင်တွေထဲမှာ ဒီလောင်းကစားမှုတွေ လုပ်နေတာကို ဝန်ထမ်းအရာရှိကြီးငယ် အားလုံးသိပေမယ့် မသိချင်ယောင်ဆောင်ပြီး နေကြပါတယ်။ အကျဉ်းသားတွေ လောင်းကစားနိုင်ရင် ဝန်ထမ်းအရာရှိတွေကို သူ့အဆင့်နဲ့သူ ပေးကမ်းကျွေးမွေးတဲ့အတွက် အားလုံး ပါးစပ်ပိတ်ပြီး နှာစေးနေကြပါတယ်။

တချို့ထောင်တွေမှာ ဝန်ထမ်းနဲ့ အကျဉ်းသား ရှယ်ယာနှစ်ဦးစပ်တူ လောင်းကစားဒိုင် လုပ်ကြပါတယ်။ အကျဉ်းသားက နှစ်လုံး၊ သုံးလုံးရောင်း ဝန်ထမ်းကို စာရင်းအပ် အရှုံးအနိုင်ကို ဝေစုခွဲပြီး ဒီလိုလုပ်စားတဲ့ ဝန်ထမ်း၊ အကျဉ်းသားတွေကိုလည်း တွေ့ကြုံခဲ့ပါတယ်။ နှစ်လုံးပေါက်တာကို မလျော်နိုင်လို့ သတ်မယ်၊ ဖြတ်မယ်၊ ခုတ်မယ်ဆိုတဲ့ ကျိတ်ဖြစ်တဲ့ပွဲတွေကလည်း မကြာခဏပါပဲ။ တချို့ကို ခပ်ရင့်ရင့်လူပါးဝတဲ့ မန္တလေးထောင်က ဝန်ထမ်းရန်မျိုးအောင်တို့ဆိုရင် သားငယ်ဆိုတဲ့အကျဉ်းသားက မောင်းအောင်တဲ့ငွေကို သိန်းချီပြီးမပေးဘဲ ဆွဲကြိုး၊ လက်စွပ်တွေ ဝယ်ဝတ်တာကို ကိုယ်တိုင် မြင်တွေ့ကြုံခဲ့ရပါတယ်။

ကျွန်တော် မန္တလေးထောင်မှာ နေစဉ်ကာလမှာ နံပတ်ဖိုး၊ ဘိန်းဖြူ ရောင်းဝယ်သုံးစွဲသူတွေကို အများကြီး တွေ့ခဲ့ပါတယ်။ အချုပ်သားတွေ အကျဉ်းသားနောက်မှ ရုံးထွက်တွေက ရုံးပြန်မှာ နည်းမျိုးစုံနဲ့ ထောင်ထဲကို သယ်ယူလာကြသလို တချို့ထောင်ဝန်ထမ်းတွေကလည်း အမြတ်အစွန်းများတဲ့အတွက် ဘိန်းဖြူကို ထောင်ထဲ နည်းမျိုးစုံနဲ့ယူဆောင်လာကြပါတယ်။ ဒါကြောင့်လည်း တချို့ဝန်ထမ်းတွေ ထောင်တွင်း မူးယစ်ဆေးဝါးရောင်းမှုနဲ့ ထောင်ကျသွားပါတယ်။ တချို့ကတော့ ကံကောင်းလို့ မမိတာတွေလည်း ရှိပါတယ်။ တချို့ဝန်ထမ်းတွေကတော့ ထောင်ထဲမှာ ပဲလျှော်လို့ခေါ်တဲ့



ချောင်းဆိုးပျောက်ဆေး (ကော့တက်ပလက်)ကို အလုံးပေါင်းရာ ထောင်ချီသွင်းလို့ ဖြန့်ဖြူးရောင်းချပါတယ်။ ကျွန်တော်နေခဲ့ဖူးတဲ့ထောင်၊ ရဲဘက်အားလုံးမှာ ဒီလိုကိစ္စတွေ နေရာတိုင်းမှာရှိပါတယ်။ တချို့အကျဉ်းသားတွေကတော့ (တဆေး)လို့ခေါ်တဲ့ မုန့်လုပ်တဲ့ဆေးမှုန့်ထုပ်ကို ထန်းလျက်ဖောင်းလျှားချဉ်တို့နဲ့ရောပြီး ရေသန့်ဘူးနဲ့ဖြစ်စေ၊ အခြားဘူးတစ်ခုနဲ့ဖြစ်စေ ရေနဲ့ရောပြီး သုံးလေးငါးရက်လောက် အဖုံးပိတ်ထားလိုက်ရင် ကော်ဖီရောင်ပေါက်နေတဲ့ အရက်လိုလို၊ ဝိုင်လိုလို သောက်လို့ကောင်းတဲ့ အရက်တစ်မျိုးအဖြစ် ထောင်ထဲမှာ တိုးတိုးတိတ်တိတ် သောက်ကြပါတယ်။ တချို့အကျဉ်းသားတွေကတော့ ပန်းသီး၊ လိမ္မော်သီး၊ မာလကာသီး၊ ပေါင်မုန့်၊ ထန်းလျက်၊ သကြားစသည်တို့ကို ရောစပ်ပြီး ဘူးတစ်ခုထဲမှာ ငါးရက်တစ်ပတ်စိမ်လို့ မူးရင်ပြီးရော သဘောမျိုးနဲ့ အဲဒီစိမ်ရေကို သောက်ပြီးမူးကြပါတယ်။ ထောင်ထဲကို ပိုက်ဆံများများသွင်းပြီး သုံးနိုင်တဲ့ရုပ်ပေါက်တဲ့သူတွေ အကျဉ်းသားအုပ်ချုပ်ရေးပိုင်း ဝင်ငွေရှိတဲ့သူတွေကတော့ ကိုယ့်နဲ့ရင်းနှီးပတ်သက်ရာ ဝန်ထမ်းကို ငွေကောင်းကောင်းပေးပြီး အရက်သွင်းသောက်ကြပါတယ်။ မန္တလေးထောင်၊ မြင်းခြံထောင်မှာ ကျွန်တော်နေခဲ့စဉ်ကာလတစ်လျှောက်မှာ ဖဲဝိုင်းပြတ်တယ်ဆိုတာ မရှိသလောက်ပါပဲ။ ထောင်ထဲမှာ ငွေကို နည်းမျိုးစုံနဲ့ ရှာနိုင်သူတွေ အိမ်က ပို့ပေးနိုင်သူတွေက ထောင်ထဲမှာ အလုပ်မရှိ လောင်းကစားလေးလုပ်လိုက်၊ ဖဲလေးရိုက်လိုက်၊ မူးယစ်ဆေးဝါးလေး သုံးစွဲလိုက် အရက်သောက်လိုက်နဲ့ တချို့ဆိုရင် ကလေးမွေးထားကြပါတယ်။ (မိန်းမအစားထိုး) (လိင်တူဆက်ဆံဖို့ပါ) အဲဒီလိုနေရာဒေသတွေမှာ မှန်တာပြောရင်၊ မှန်တာလုပ်ရင် ဒုက္ခတွေ တသီတတန်းကြီးဝင်တော့မယ်မှတ်ပါ။ ဘယ်သူတွေ ဘာပဲလုပ်လုပ် မသိဘူး၊ မမြင်ဘူး၊ မကြားဘူးဆိုရင် အနေချောင်မှာပါ။ ဝေဖန်ပြောဆို ရင်တော့ ဂွင်ဝင်ရင်ခံရမှာဆိုတာ လူတိုင်းသိကြပါတယ်။ ဝန်ထမ်းထောင်မှူး၊ ထောင်ပိုင်တွေ အများစုကလည်း ငွေရဖို့ သူတို့အကျိုးတစ်ခုခုရှိဖို့ဆိုရင် စိတ်ဝင်စားရှိပါတယ်။ သူတို့အကျိုးမရှိတဲ့ ခေါင်းနောက်မယ့်ကိစ္စတွေ၊ အကျဉ်းသားတွေ စည်းမဲ့ကမ်းမဲ့ ထောင်ဥပဒေကို ကျော်လွန်ပြီး မဟုတ်တာတွေ လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာတွေက သူတို့ကို မထိခိုက်တဲ့အတွက် စုံစမ်းခြင်း၊ လေ့လာခြင်း၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခြင်းဆိုတာ မရှိသလောက်ပါပဲ။ ကျွန်တော် ဒီလိုပုံစံတွေကို (၁၇)နှစ်ကျော် တွေ့မြင်ခဲ့တာပါ။

ဘယ်လောက်ပဲ မကျေနပ်တဲ့သူတွေတိုင်တိုင် နိုင်ငံတော်အစိုးရက ဘယ်လောက်ပဲ အရေးယူဆောင်ရွက်မှုတွေလုပ်လုပ် လာဘ်ပေးလာဘ်ယူ မတရားမှုတွေက နည်းနည်းလေး လျော့သွားတာကလွဲရင် သိပ်ပြီးထူးထူးခြားခြား ပြောင်းလဲမလာပါဘူး။ အုတ်ရိုးကြီးကာထားတဲ့ သံဆူးကြိုးကာထားတဲ့ လူကြီးပိုင်းတွေနဲ့ အလှမ်းဝေးတဲ့နေရာတွေမှာ ပိုဆိုးပါတယ်။ ထောင်ရဲဘက်တွေကို ဘယ်အာဏာပိုင်အဖွဲ့အစည်းမှ လာရောက်စစ်ဆေးမေးမြန်းမှုမရှိတဲ့အတွက် ဒီလိုကိစ္စတွေ အမြဲရှိနေတာပါ။ (၂၀၀၇)ခုနှစ်က မန္တလေးထောင်ကို နေပြည်တော်က ရဲမင်းကြီးဦးသိန်းထွန်းလို့ ထင်ပါတယ်။ (နာမည်မမှတ်မိ) အဖွဲ့က ဝင်ရောက်စစ်ဆေးပါတယ်။ အဲဒီအချိန်မှာ မန္တလေးညွှန်မှူးက ဦးညီစိုးပါ။ ထောင်ပိုင်ကြီးက ဦးမြင့်ဆွေပါ။ ထောင်ပိုင်က ဦးမြမောင်ပါ။ ဦးစီးအရာရှိက ဦးမြင့်အောင်ပါ။ နောက်ထပ် ဦးစီးအရာရှိတပ်က ပြောင်းလာတဲ့တစ်ယောက် ရှိပါသေးတယ်။ (၂၀၀၇) ခုနှစ် (၆)လပိုင်း ကုန်ခါနီးလောက်မှာ စတင်ဝင်ရောက် စစ်ဆေးပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆိုရင် အဲဒီအချိန်က ထောင်ပိုင်ဦးမြင့်ဆွေရောက်တာတစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဦးမြင့်ဆွေက ဆိုးလွန်းတဲ့အတွက် မန္တလေးထောင်မှာရှိတဲ့ အကျဉ်းသားငါးထောင်လောက်က အရမ်းကို စိတ်ဆင်းရဲနေရတဲ့ အချိန်ပါ။ အချုပ်သို့မဟုတ် အခန်းလူကြီးတစ်ယောက်ဖြစ်ဖို့ အဲဒီအချိန်က ငွေငါးသိန်း၊ ခြောက်သိန်းပေးမှ အချုပ်ခန်း လူကြီးဖြစ်တဲ့အချိန်ပါ။ ငွေကုန်ခံနေရာယူထားတဲ့ လုပ်စားနေတဲ့သူတွေကလည်း အရမ်းကို ရိုက်ပြီး ငွေရှာနေတဲ့အချိန်ပါ။ ငွေငါးသိန်းရင်းပြီး (၆)လလောက် အချုပ်မှာ အုပ်ချုပ်ရင် သိန်း(၃၀)လောက်က စားပြီးသောက်ပြီး ကျန်ပါတယ်။ အချုပ်ပုံစံပြ သို့မဟုတ် အချုပ်တန်းစီးချုပ်တစ်ယောက်ဖြစ်ရင် အဲဒီအချိန်က တစ်လကို ငွေသိန်းဆယ်ချီ ဝင်ပါတယ်။ စစ်ဆေးရေးအဖွဲ့တွေ ကျွန်တော်တို့နေတဲ့ အိပ်ဆောင်(၃)ကို လာရောက်



စစ်ဆေးကြည့်ရှုတဲ့နေ့က နှစ်ထပ်ဆောင်ဖြစ်တဲ့ အိပ်ဆောင်(၃)ရဲ့ လှေကားခြေရင်းမှာ ကျွန်တော်အကျဉ်းသားတွေရဲ့ စောင်တွေကို ပုံထားတာ တွေ့သွားပါတယ်။ စုပုံထားတဲ့စောင်နှစ်ပုံကို ရဲမင်းကြီးက မေးပါတယ်။ ဒါဘာလုပ်ထားတာလဲလို့ ထောင်ပိုင်ဦးမြင့်ဆွေက ဖြေတယ်လို့ ပြောသံကြားပါတယ်။ ပိုနေတဲ့စောင်တွေပါတဲ့ တကယ်တော့ ထောင်ပိုင်ဦးမြင့်ဆွေက မန္တလေးထောင်ကို နှိပ်ကွပ်ပြီး စီးပွားအကြီးအကျယ်ရှာဖို့ အကြံအစည်နဲ့ တပည့်ထောင်မှူးတစ်ယောက်နဲ့ ပြောင်းလာတာပါ။ သူ့တပည့်ထောင်မှူးကို အချုပ်ဆောင်မှာတင်ဖို့ ကြံစည်နေတုန်း လူပါးဝမလို့ လုပ်နေတုန်းမှာ စစ်ဆေးရေးအဖွဲ့ဝင်လာလို့ မျက်နှာလေသံတွေပြောင်းပြီး အကျဉ်းသားတွေကို နူးညံ့ချိုသာတဲ့ဟန်ဆောင်မှုနဲ့ ခင်ဗျားတို့တွေကို ဘယ်သူက နှိပ်ကွပ်နေလဲ။ ဘယ်သူက မတရားလုပ်နေလဲ ကျွန်တော့်ကို ပြောပါ။ ကျွန်တော်ဖြေရှင်းပေးပါမယ်တဲ့ စစ်ဆေးဖို့လာတဲ့ ရဲမင်းကြီးရှေ့မှာ ဒီလိုဟန်ဆောင်ပြောနေတော့ ကျွန်တော်တို့ အကျဉ်းသားတွေရဲ့ စိတ်ထဲမှာ သူပဲမတရားလုပ်နေပြီးတော့ ခုမှဘယ်သူမတရားလုပ်နေလဲဆိုပြီး အပိုတွေ ပြောနေတယ်လို့ အကျဉ်းသားအားလုံး စိတ်ထဲမှာ ကျိန်ဆဲနေကြပါတယ်။ ဦးမြင့်ဆွေ့အမိန့်နဲ့ အချုပ်သားဆိုရင် အရပ်ဝတ်စုံသုံးစုံနဲ့ စောင်နှစ်ထည်ပဲရှိရမယ်၊ ထောင်ကျအကျဉ်းသားဆိုရင် ပုံစံအကျႌပုဆိုး သုံးစုံနဲ့ စောင်နှစ်ထည်ပဲရှိရမယ်။ အကျႌ၊ ပုဆိုး၊ စောင်တွေကို ရုံးခန်းရှေ့တို့၊ အဆောင်ထိပ်လှေကားခြေရင်းတို့မှာ ပုံထားရမယ်ပြောတဲ့အတိုင်း လာမထားဘဲ သူတို့ရှာဖွေရေးလုပ်လို့တွေ့ရင် အရိုက်ခံရမယ်ဆိုတဲ့ ခြိမ်းခြောက်တဲ့အမိန့်နဲ့ မတရားသိမ်းဆည်းထားတဲ့ပုဆိုး အကျႌစောင်နဲ့ လူ့အသုံးအဆောင်ဖြစ်တဲ့မျက်နှာသစ်တို့ မျက်နှာလိမ်းတို့ ပေါင်ဒါတို့ ရေမွှေးတို့၊ ခေါင်းလိမ်းဆီတို့ အစရှိသည့်ပစ္စည်းများကို သွားရောက်အပ်နှံရပါတယ်။

ထောင်ပိုင်ဦးမြင့်ဆွေ ဘာတွေပဲပြောပြော နောက်တစ်နေ့ မိုးလင်းချိန်မှာတော့ နာမည်နဲ့သူတို့စစ်ဆေးမယ့်သူတွေကို တစ်ယောက်ခြင်းစစ်ဆေးရေးအဖွဲ့က စတင်ခေါ်ယူ စစ်ဆေးနေပါပြီ။ အချုပ်ဆောင်ဖြစ်တဲ့အိပ်ဆောင်(၃)မှာတန်းစီးချုပ်က ဖုန်းဝေဆိုသူဖြစ်ပြီး ထောင်ထဲမှာ ဆံပင်ညှပ်

www.burmeseclassic.com

www.burmeseclassic.com



စားရတဲ့သူပါ။ ထောင်ဝင်စာမလာနိုင်ပေမယ့် အဖားကောင်းလို့ နေရာကောင်းရထားပြီး မတရားရထားတဲ့ငွေတွေကို ထောင်ထဲက ယုံကြည်စိတ်ချရ သူ့အကျဉ်းသားတို့ အရပ်စာရေးကိုနေဝင်းတို့ သူနဲ့အတူ နေထိုင်စားသောက်တဲ့သူရဲ့အိမ်တို့စတဲ့ နေရာအနှံ့မှာ အဲဒီမဖြူစင်တဲ့ငွေတွေကို အပ်ထားပြီး ထောင်ဝင်စာမလာတဲ့သူက နေ့စဉ် နှစ်လုံးထိုး၊ အပတ်စဉ် သုံးလုံးထိုး နေ့စဉ်ဘော်ဒီရိုက်၊ မောင်းရိုက်နဲ့ တစ်နေ့ကို (၂၀၀၇)ခုနှစ်ခန့်က နှစ်သောင်း၊ သုံးသောင်းဖြုန်းနေတဲ့ သူပါ။ ကျန်တဲ့အချုပ်ခန်းလူကြီးတွေကတော့ ကျွန်တော်မှတ်မိသလောက် ဖင်ကောက်ငွေးဝင်းတို့ မီးသွေးသန်းဝင်းတို့၊ သက်ချိုငွေးတို့၊ လင်းထင်ဝင်းတို့၊ စိုးကြီးတို့စတဲ့ သူဖြစ်ပါတယ်။ ကျွန်တော်လည်း အချုပ်ရေကန်ဘုတ်ကိုင်ဖြစ်တဲ့အတွက် ခေါ်ယူစစ်ဆေးခံရပါတယ်။

မန္တလေးထောင်ဗူးတံခါးအတွင်းက .ာခန်းတစ်ခုထဲမှာ စစ်ဆေးခံဖို့အတွက် ကျွန်တော်ရယ်၊ စိုးကြီးရယ်၊ မိန်းဂျေးက တစ်ယောက်ရယ် သုံးယောက်တစ်ဖွဲ့ကို ခေါ်ယူသွားပါတယ်။ စိုးကြီးကို ရဲမင်းကြီးက စစ်ဆေးပြီး ကျွန်တော်တို့ စသုံးလုံးက သုံးပွင့်အရာရှိတစ်ယောက်က စစ်ဆေးပါတယ်။ ကျွန်တော်ရဲ့နာမည်၊ ထောင်ဝင်စာအမှတ်၊ လက်ရှိတာဝန်ကျရာ လုပ်ငန်းစတာတွေကို စတင်မေးမြန်းစဉ်မှာ ကျွန်တော်လည်း စသုံးလုံးက အရာရှိကို ကျွန်တော့်ကို ဘာမှမမေးပါနဲ့ ကျွန်တော်ပြောစရာတွေ အများကြီး ရှိပါတယ်။ ဒီလိုစစ်ဆေးမေးမြန်းမယ့်အဖွဲ့ကို စောင့်နေတာကြာပါပြီလို့ ပြောလိုက်တော့ စသုံးလုံးအရာရှိက တစ်ခြားသူတစ်ယောက်ကို ခေါ်ပြီး ကျွန်တော့်ကို လက်ညှိုးထိုး၍ သူက ပြောစရာတွေ အများကြီးရှိတယ်လို့ ပြောလိုက်တော့ အဲဒီလူက ပြောစရာတွေ ရှိတယ်ဆိုတာ ဟုတ်လားလို့ မေးပါတယ်။ ကျွန်တော်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်ပါတယ်။ ဒါဆိုရင် နောက်မှ ဆက်စစ်မယ် ကျန်တဲ့တစ်ယောက်ကို စစ်လိုက်ဦးမယ်။ မင်းဟိုဘက် ..ခန်းမှာ ခဏသွားနေလိုက်ဦးလို့ပြောတော့ ကျွန်တော်က ပြောစရာရှိသေးတယ်။ ဟိုဘက်မှာ စစ်ဆေးနေတဲ့ ကျွန်တော်နှင့် တစ်ခန်းတည်း စစ်ဆေးခံနေရသူ စိုးကြီးကို လက်ညှိုးထိုး၍ စိုးကြီးဆိုတာ သူပဲ မန္တလေး



ထောင်မှာ နှစ်ရှည်လများ ထောင်အာဏာပိုင် အဆက်ဆက်နှင့် ပေါင်း၍ ဆရာတပည့်တွေ သူ့အကျိုး၊ ကိုယ့်အကျိုးတွေ ပူးပေါင်းစီးပွား ရှာနေတာကြာပါပြီ။ ကျွန်တော်တို့ရောက်တဲ့ (၁၉၉၉)ခုနှစ်မှာ စိုးကြီးက တိုက်တန်းစီးနောက်တော့ ဓားပြတိုးကြီးကို ရိုက်ချပြီး (ထောင်စကား) (မနရာပြုတ်အောင် လုပ်ပြီး) အချုပ်တန်းစီးချုပ်လုပ်၍ စီးပွားရှာ ထောင်ပိုင် ဦးတင်ထွန်းလက်ထက် (၂၀၀၂)ခုနှစ်မှာ စစ်ပေါ်တာလိုက်ပြီး ထွက်ပြေး မကြာမီ ပြန်လည်အဖမ်းခံရလည်း မန္တလေးထောင်ရောက်ပြီဆိုတာနဲ့ ငွေရှာပေးနိုင်တဲ့ စိုးကြီးကို အချုပ်ဆောင်(၁)ခန်းမှာ အချုပ်ခန်းလူကြီးအဖြစ် ချက်ချင်းထားကြပါတယ်။ အဲဒီခေတ်က ထောင်ထဲမှာ စည်းကမ်းကောင်းဖို့ မလိုသလို စိတ်ဓာတ်ကောင်းဖို့လည်း မလိုပါဘူး။ သူတစ်ပါးဆီက ငွေကို ဘယ်လိုနည်းလမ်းမျိုးနဲ့မဆို ယူနိုင်သူတွေ ကြီးစိုးနေတဲ့အချိန်ပါ။ ဒီအကြောင်းတွေကို စစ်ဆေးမယ့်အဖွဲ့ကို ကျွန်တော်က တိုင်ကြားလိုက်ပါတယ်။ ယခု ကျွန်တော်ရေးတဲ့အကြောင်းအရာတွေ မှန်၊ မမှန်ဆိုတာ (၂၀၀၇)ခုနှစ်က မန္တလေးကို ဝင်ရောက်စစ်ဆေး အရေးယူဆောင်ရွက်မှုတွေ လုပ်သွားတဲ့အဖွဲ့တွေက တာဝန်ရှိသူတွေသိကြပါတယ်။ ကျွန်တော် စိုးကြီးနဲ့ ပတ်သက်လို့ တိုင်စရာရှိတာတွေကို တိုင်ပြီးတဲ့နောက်မှာ တခြားအခန်းတစ်ခုမှာ သွားရောက် နေထိုင်ရပါတယ်။ နောက်နှစ်နာရီခန့်အကြာမှာ ကျွန်တော့်ကို လာရောက်ခေါ်ဆောင်သွားပါတယ်။ ကျွန်တော်က ဖော်ကောင်လုပ်မှာဖြစ်တဲ့အတွက် လက်ဖက်ရည်၊ မုန့်၊ စီးကရက်တွေနဲ့ ရဲမင်းကြီးက စောင့်နေပါတယ်။ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး မင်းဘာတွေပြောချင်သလဲလို့ မေးပါတယ်။ ကျွန်တော်က ဒီထောင်မှာ မတရားမှုတွေ နှိပ်စက်ညှင်းပန်းမှုတွေ၊ ငွေကြေးမတရား တောင်းခံမှုတွေ အစားအသောက်ညှံ့ဖျင်းမှုတွေ ဆေးဝါးကုသမှုနည်းပါးတာတွေ ထောင်ပိုင်ထောင်မှူးတွေက ဒီအုတ်ရိုးထဲရောက်လာရင် ဘုရင်လိုလို၊ နတ်သားလိုလို လုပ်ပြီး ဝတ်ထားတဲ့ အင်္ကျီကို ရှေ့က ကြယ်သီးဖြုတ်ပေးရသူ တစ်ယောက်၊ နောက်ကျောက အင်္ကျီကို ချွတ်ပေးရတဲ့သူက တစ်ယောက်၊ ဖိနပ်ချွတ်ပေးရတဲ့သူတစ်ယောက်ပြီးရင် ခုံမှာထိုင်လိုက်တာနဲ့ ယပ်ခပ်တဲ့သူကတစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



နှိပ်ပေးတဲ့သူတစ်ယောက်၊ ကုတ်ပေးတဲ့ သူတွေနဲ့ ဒီလိုစည်းစိမ်ခံနေတဲ့ အကြောင်း ရေချိုးမယ်ဆိုရင် ခုံမှာ ထိုင်လိုက်တာနဲ့ ရေလောင်းတဲ့သူ၊ ဆပ်ပြာတိုက်တဲ့သူ၊ ဂျီးတွန်းပေးသူတွေနဲ့ အင်မတန်လူပါးဝနေတဲ့အကြောင်း မနက်မိုးလင်းလို့ ထောင်ထဲကို တာဝန်အရ ဝင်လာလို့ သူတို့ တာဝန်ကျရာ နေရာ ရောက်တာနဲ့ တပည့်တွေက ကော်ဖီမစ်များများ၊ မုန့်အကောင်းစား အထုပ်လိုက် သို့မဟုတ် ပန်းကန်ပြားနဲ့မုန့်များ သို့မဟုတ် ခေါက်ဆွဲပြုတ်တို့ ကြာဇံပြုတ်တို့ဆိုတဲ့ ယိုးဒယားရယ်ဒီမိတ်အထုပ်တွေကို အမြန်ဆုံးစားပွဲပေါ်ရောက်အောင် ချပေးရတယ်။ နည်းနည်းနောက်ကျသွားရင် အဆောင်ရုံးမှာ နေတဲ့သူတွေ အာရုံနောက်သွားနိုင်ပါတယ်။ ထောင်မှူးစားဖို့ စားပွဲပေါ် ချပေးနိုင်တဲ့ အစားအစာအားလုံးဟာ ထောင်ဝင်စာလာထားတဲ့ အချုပ်သား၊ အကျဉ်းသားတွေဆီက မတရားနည်းမျိုးစုံနဲ့ ရှာဖွေဖန်တီးထားတဲ့ ပစ္စည်းတွေဖြစ်တဲ့ အပူစာတွေဖြစ်တဲ့အကြောင်း။

ထောင်အရာရှိဝန်ထမ်းအများစုဟာ မိုးလင်းလို့ တာဝန်ကျရာ အကျဉ်းထောင်ထဲကို ဝင်လာကြရင် သူတို့ပိုက်ဆံအိတ်ဟာ ဘာမှမပါပဲပြားချပ်နေပါတယ်။ တချို့ အရာရှိဝန်ထမ်းတွေက အကျဉ်းသားတွေရှေ့မှာ ဘာမှမပါတဲ့ ပိုက်ဆံအိတ်ကို ကိုင်ပြီး ဖျမ်းကနဲပစ်ချကာ ပိုက်ဆံကလည်း မရှိဘူးကွာ ဘယ်လိုလုပ်ကြမလဲလို့ ပြောပါတယ်။ အကျဉ်းသားအုပ်ချုပ်ရေးလုပ်သူတွေက ငါတို့ဆရာ အထာပေးနေပြီ အိတ်ထဲက စိုက်ပေးမလား ဒါမှမဟုတ် ဇယားတစ်ကွက်လောက် ရွှေ့မလားဆိုပြီး ခေါင်းချင်းဆိုင်နေကြပြီ။ အိတ်ထဲက စိုက်ပေးတာ အကြိမ်ရေများသွားရင် သူတို့အကျိုးစီးပွားလျော့သွားမှာဖြစ်တဲ့အတွက် သူတို့အဆင်မပြေတဲ့သူ ဒါမှမဟုတ် ထောင်မှူးနဲ့ သိပ်ပြီးပနာမစားတဲ့သူရဲ့ရာထူးနေရာကို တခြားသူတစ်ယောက်ကို အစားထိုးလို့ငွေရမယ့် နည်းလမ်းကြံစည်တွေးတောရင်း ဆင်ကြံကြံနေကြရပါတယ်။ သူတို့ရဲ့ဆရာလုပ် သူကလည်း ငွေရရင်ပြီးရော ဘယ်လိုလူကိုပဲ ဘယ်နေရာဖြုတ်ဖြုတ် ဘယ်သူကိုပဲ ဘယ်နေရာထားထား အဓိကက ငွေရဖို့ပဲဖြစ်ပါတယ်။ အချုပ်သစ်ပဲဖြစ်ဖြစ် အကျသစ်ပဲဖြစ်ဖြစ် တကယ်ကို လုံးဝမတတ်နိုင်တဲ့သူကလွဲရင် ကျန်တဲ့သူအားလုံး အနည်းနဲ့အများ



ငွေပေးကြရတာပါပဲ။ ထောင်လောကမှာ ငွေပေးရတယ် သို့မဟုတ် လိုင်းဝင်ရတယ်ဆိုတာ နည်းနည်းမှ ထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး။ ထောင်အရာရှိ ဝန်ထမ်းတွေရဲ့လစာဆိုတာ သူတို့ရဲ့ကလေးတွေကို မုန့်ဖိုးပဲ ရှိပါတယ်။ သူတို့မိသားစုတွေ ဝတ်ဆင်တဲ့ရွှေတို့ အိမ်က အသုံးအဆောင်ပစ္စည်းတို့ သူတို့ရဲ့လစဉ်သုံးစွဲ စားသောက်မှုတို့၊ ငွေကြေးပိုင်ဆိုင်မှုတို့ကို စုံစမ်းကြည့်ပါ။ ကျွန်တော်ပြောတာ မှန်၊ မမှန်သိပါလိမ့်မယ်။ ကျွန်တော်ပြောတဲ့ ကျွန်တော်တိုင်တဲ့ပြောစကားအားလုံးကို ကျွန်တော် တာဝန်ယူပါတယ်။ စုံစမ်းလေ့လာပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုလုပ်ပေးဖို့ လာရောက်စစ်ဆေးတဲ့ နေပြည်တော်တိုင်းရဲမင်းကြီး၊ ဗိုလ်မှူးကြီးကို မန္တလေးထောင်ရဲ့ မတရားမှုမှုသမျှကို အသေးစိတ်ပြောဆိုပြီး တိုင်ကြားလိုက်ပါတယ်။

(၂၀၀၇)ခုနှစ် (၆)လပိုင်းကနေ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေ စစ်ဆေးလိုက်တာ (၈)လပိုင်းထဲမှာ မန္တလေးထောင်တစ်ထောင်လုံးက အရာရှိကြီးငယ်ဝန်ထမ်းအဆင့်ဆင့် အရပ်ဘက်နည်းပြတွေနဲ့ အရပ်ဘက်စာရေးတွေပါမကျန် တစ်ထောင်လုံး၊ တစ်ယောက်မကျန် အကုန်လုံးကို ပြောင်းရွှေ့ထုတ်ပယ်၊ ထောင်ချပုံစံအမျိုးမျိုးနဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ပါတော့တယ်။ မြန်မာပြည်အနှံ့ကို ပြောင်းရွှေ့သွားကြရသလို မြန်မာပြည်အနှံ့ထောင်၊ ရဲဘက်စခန်းတွေက ဝန်ထမ်းအရာရှိတွေလည်း မန္တလေးထောင်ကို ရောက်ရှိလာကြပါတယ်။

စစ်ဆေးရေးအဖွဲ့တွေ ခေါ်ယူစစ်ဆေးစဉ်ကာလက အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေဖြစ်တဲ့ ထောင်ကျရုံး၊ အချုပ်ရုံး၊ ရိက္ခာရုံး၊ မီးဖိုကြီးအဖွဲ့၊ ဆေးရုံအဖွဲ့၊ ဆေးရုံမှ အကျဉ်းသားမှူးများ၊ မိန်းဂျေးမှ ဘုတ်ကိုင် စည်းကမ်းထိန်းများ၊ အိပ်ဆောင်များမှ တန်းစီးချုပ်များ၊ အခန်းလူကြီးများ၊ စည်းကမ်းထိန်းများ၊ အိပ်ဆောင်ရုံးခန်းမှ စာရေးများ၊ ရေကန်ဘုတ်ကိုင်များ၊ မိလ္လာဘုတ်ကိုင်များ စသည်သူများ၏ ငွေပေးပြီး ရာထူးယူထားပုံ ထို[illegible] လုပ်ပိုင်ခွင့်များကို အသုံးပြု၍ နေ့စဉ်အစားအသောက်၊ ငွေကြေးရှာဖွေပုံများကို စစ်ဆေးသိရှိရ၍ ထိုသူများကို မြန်မာပြည်အနှံ့ရှိထောင်များသို့ ခွဲခြား၍ ပို့လိုက်ပြီး ထောင်ပြောင်းမပါသောသူများကို ရာထူးမှ ထုတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

မန္တလေးထောင်မှာ ဆယ်စုနှစ်တစ်စုနီးပါး စီးပွားရှာလူပါးဝနေတဲ့ ခါးပြ အုပ်စုအ ပါအဝင်ထောင်ထဲကို ဝင်လိုက်၊ ထွက်လိုက်နဲ့ ကန်ထရိုက်ဆွဲထား သလို ဘယ်ချိန်ပဲ ရဲဘက်ပြေးနဲ့ ဝင်ရောညက်တာနဲ့ အခန်းလူကြီးတို့ လူသစ်ဘုတ်ကိုင်တို့ လုပ်နေတဲ့စိုးကြီးတို့ မီးသွေးသန်းဝင်းတို့လည်း ဘူးသီး တောင်ထောင်တို့၊ ကျောက်ဖြူထောင်တို့ဆိုတဲ့ အဝေးဆုံးရခိုင်ပြည်နယ် ရောက်သွားကြောင်း နောက်တော့သိရပါတယ်။ အချုပ် လူသစ်ဘုတ်ကိုင် တန်းစီချုပ်လုပ်နေတဲ့ ဖုန်းဝေတို့၊ အချုပ်ခန်းလူကြီးလုပ်စားနေတဲ့ ခါးပြ ဖင်ကောက်ဌေးဝင်းတို့လည်း ပူတာအိုထောင်ကို ရောက်သွားကြောင်း နောင်တွင် သိရပါတယ်။ မိန်းဂျေးမှာ အရမ်းကို လူပါးဝနေတဲ့ ထောင် အာဏာပိုင်တွေရဲ့ လက်ကိုင်တုတ်လုပ်ပြီး စားဝတ်နေရေး ဖြေရှင်းနေတဲ့ မန္တလေးထောင် တစ်ထောင်လုံးကို ဒုက္ခပေးနေတဲ့ တင်အောင်မိုးတို့၊ ချင်းသန်းဝင်းတို့နှစ်ယောက်ထဲက တင်အောင်မိုးကို ~~ခန္တီးထွေး~~ကို ပို့ခံရ တယ်လို့ နောက်ပိုင်း သိရပါတယ်။

မန္တလေးထောင်မှာ လုပ်စားနေတဲ့သူတွေထဲက နာမည်အကြီးဆုံး အကျဉ်းသားအုပ်ချုပ်ရေးပိုင်းက လူလေးဆယ်လောက် ထောင်ပြောင်း လိုက်တဲ့အတွက် ကျန်တဲ့သူတွေလည်း သိပ်မလှုပ်ရှားရဲတော့ပါဘူး။ မတရားမှုမျိုးစုံလည်း နည်းနည်းစီတော့ လျော့ပါးသွားပါတယ်။ အခြေအနေ ကို စောင့်ကြည့်နေကြပါတယ်။ ဒီလိုအဖြစ်အပျက်တွေကြောင့် အကျဉ်း သားအများစုအတွက် အလွန်ကောင်းပေမယ့် သူတို့မကောင်းကြောင်း အသေးအမွှားကအစ အကုန်ပြောတိုင်လိုက်တဲ့အတွက် သူတို့ရဲ့ ရန်သူ အဖြစ်သတ်မှတ်ပြီး ကျွန်တော်ကို ဝွင်ရှာလို့ ဒုက္ခပေးပါတော့တယ်။ ငြိမ်း ခါနီး မီးထတောက်သလို နောက်ဆုံးအနေနဲ့ သူတို့မပြုတ်ခင် ရသလောက် နှောင့်ယှက်တဲ့သဘောပါ။

ဦးမြင့်အောင်ဆိုတဲ့ ဦးစီးအရာရှိအဆောင်မှူးချုပ်ဆိုတဲ့သူပါ။ ကျွန်တော် တာဝန်ယူရတဲ့အချုပ်ဆောင်ရေကန်ကို မိန်းဂျေးတာဝန်ခံ အဆောင်မှူးချုပ် ဦးမြင့်အောင်ရဲ့အမိန့်အရ သူ့ရဲ့လက်ကိုင်တုတ်ဖြစ်တဲ့ မိန်းဂျေးစည်းကမ်း



ထိန်း တင်အောင်မိုးတို့ အကျဉ်းသားတစ်စုနဲ့ မိန်းဂျေးဝန်ထမ်းတွေ နံနက် ပိုင်း ကိုးနာရီလောက်မှာ အိပ်ဆောင်သုံးလေးဝင်းအတွင်း အချုပ်ဆောင် ရေကန်ကို ရှာဖွေရေးလုပ်တာပါတဲ့။ ကျွန်တော့်ကို ရှာဖွေရေးလုပ်တော့ ငွေခုနစ်သောင်း ရှစ်သောင်းလောက် မိသွားပါတယ်။ တရားမဝင် ငွေကိုင် ဆောင်တဲ့အတွက် ငွေကိုယူသွားပြီး ကျွန်တော်ကို တိုက်ပိတ်လိုက်ပါတယ်။

(၁၉၉၉)ခုနှစ်ဆိုတဲ့ အဲဒီအချိန်မှာ မန္တလေးထောင်မှာ ငွေခုနစ်သောင်း ဆိုတာ လူတစ်ယောက် လိုင်းချက်တောင်မရှိပါဘူး။ ငွေကို ထောင်ထဲ ကြိုက်သလောက် သွင်းလို့ရပါတယ်။ ငွေတစ်သောင်းသွင်းရင် ရှစ်ထောင်ပဲ ရပါတယ်။ ငွေတစ်သိန်းသွင်းရင် နှစ်သောင်းပေးရပါတယ်။ မန္တလေးထောင် ထောင်ဝင်စာတွေ့တဲ့အခန်းက စားစရာသွင်းတဲ့အပေါက်က တစ်နေ့ကို ငွေသိန်းဆယ်ချီသွင်းနေတာ နေ့တိုင်းပါပဲ။ ထောင်ဗူးဝအပြင်က ထောင် ဝင်စာတွေ့တဲ့သူတွေနဲ့ အပြင်မှာပေးတဲ့ငွေမပါဘူး။ မိန်းမကလွဲရင် အကုန် သွင်းပေးမယ်ဆိုတဲ့ ဝန်ထမ်းတွေနဲ့ ထောင်ကျတာ နိုင်ငံခြားသဘော်လိုက် ရသလိုပါပဲ ဆိုးတဲ့ခါးပြတွေ၊ ထောင်ထဲကို ဝင်လိုက်၊ ထွက်လိုက်လုပ်စား နေတဲ့သူတွေ ခွေးဘုရားပွဲတွေ့သလို လုပ်စားနေတဲ့ အချိန်မှာ လက်ညှိုး ထောင်ခေါင်းညိတ်မလုပ်ဘဲ သူတို့နဲ့ဝေစားမျှစားမလုပ် သူတို့ပြောတာနား မထောင် သူတို့မကောင်းကြောင်း တိုင်လိုက်တဲ့ ကျွန်တော်ကို ဝွင်ရှာတိုက် ပိတ်တာပါ။ နံနက်ပိုင်းကိုးနာရီလောက်မှာ အိပ်ဆောင်ကနေ ကျွန်တော်ကို မိန်းဂျေးခေါ်သွားပြီး ခြေချင်းခတ်ကာ တိုက်ထဲထည့်လိုက်ပါတယ်။ တိုက် ရုံးခန်းကို ရောက်တဲ့အခါ တိုက်ထောင်မှူးမရှိတဲ့တွက် လောလောဆယ် (၃)တိုက်ထဲကို ခဏထည့်ထားပါတယ်။ (၃)တိုက်မှာ ကျွန်တော် သွားနေရ တဲ့အခန်းက လားရှိုးရွှေဆိုင်ကို ခါးပြတိုက်တဲ့အဖွဲ့ထဲက ကောင်လေး တစ်ကောင်ရှိတဲ့အခန်းပါ။ (ရုပ်ရှင်သရုပ်ဆောင် သူထူးစံတို့ ရိုက်တဲ့ဇာတ် ကားပါ) (၃)တိုက်ထဲမှာ (၂)နာရီလောက်ကြာတော့ လာရောက်ခေါ်ဆောင် သွားပြန်ပါတယ်။ (၅)တိုက်ကို ပြောင်းရတာပါ။ (၃)နာရီလောက်ကြာတော့ တိုက်ရုံးခန်းက လာခေါ်သွားပြန်ပါတယ်။ တိုက်ထောင်မှူးက ခေါ်တာပါတဲ့။ အမှန်က ရိုက်ဖို့ခေါ်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ရုံးခန်းရှေ့ရောက်တော့ တိုက်ထောင်မှူးက(ဩော် မင်းကိုး)လို့ ပြောပါတယ်။ တိုက်ထောင်မှူးက ကိုလှိုင်ဦးပါ။ ကျွန်တော် နှစ်ကြီးဆောင် အချုပ်ဆောင် ရေကန်ဘုတ်ကိုင်လုပ်စဉ်ကာလမှ တိုက်ကချိုးရေ သုံးရေ အခက်အခဲဖြစ်တဲ့အခါ ကိုယ့်စက်နဲ့ကိုယ် ရေမောင်းရင် ဆီလိုပါတယ်။ တစ်ခါတရံ ဒီဇယ်ဆီလိုအပ်လို့ ထောင်မှူးဦးလှိုင်ဦးကိုယ်တိုင် လာရောက်ယူတဲ့အခါ ကျွန်တော်က ပိုက်ဆံမယူပါဘူး။ ဆီပြန်ပေးမယ်ပြောလည်း မယူပါဘူး အလကားပေးလိုက်တာပါ။ ဘာလို့အလကားပေးလည်းဆိုတာ ရာထူးရှိနေတဲ့ကျွန်တော်အတွက် ငွေ၊ စားစရာမရှားပါဘူး။ တိုက်ဆိုတာ အကျဉ်းသားမပြောနဲ့ ထောင်မှူးဝန်ထမ်းတွေတောင် လက္ခဏာရှားပါးတဲ့ နေရာပါ။ ဒါကြောင့် ကိုယ်ချင်းစာစိတ်နဲ့ ဒီဇယ်ကို အလကားပေးတာ မကြာခဏပါ။ ဒီစေတနာရဲ့အကျိုးပေးက အခုခံစားရတော့မှာပါ။ တိုက်ထောင်မှူးက ရိုက်ဖို့ခေါ်လိုက်ပေမယ့် သူ့ကို ကူညီဖူးတဲ့သူဖြစ်တာကြောင့် မရိုက်တော့ဘဲ သူကူညီမယ်လို့ပြောပြီး ဘယ်တိုက်မှာနေမလဲ၊ စားသောက်နေထိုင်မှု အဆင်ပြေမယ့်တိုက် (၃)က တိုက်တန်းစီး လှဝင်းအောင် အခန်းမှာ နေမလားပြောတော့ ဘေးနားမှာ ကျွန်တော်နဲ့ ခင်တဲ့ တိုက်ရုံးခန်းမှာနေပြီး ထောင်မှူးဝေယျာဝစ္စလုပ်ပေးနေတဲ့ တိုးတိုးနဲ့နေခ်နေခ်က ကျွန်တော့်ကို ခေါင်းညိတ်ပြတဲ့အတွက် ကျွန်တော်လည်း (၃)တိုက်မှာ နေမယ်လို့ပြောလိုက်ပါတယ်။

တိုက်ထောင်မှူးက ကျွန်တော်ကို မင်းသိအောင်ပြောပြမယ်။ မိန်းဂျေးဦးစီးအရာရှိဦးမြင့်အောင်က မင်းကို ရိုက်ခိုင်းတာ ငါလည်း ဘယ်သူမှန်း မသိလို့ပြောတာ နားထောင်လာခဲ့တာ မင်းမှန်းမသိလို့ပါကွာ။ မင်းလည်း ငါ့ကို ကူညီဖူးတာပဲ။ အေးအေးဆေးဆေးပေါ့ကွာလို့ပြောပြီး သူ့တပည့်တွေဖြစ်တဲ့ တိုးတိုးနဲ့နေခ်နေခ်ကို (၃)တိုက်က တန်းစီးလှဝင်းအောင်အခန်းမှာ နေထိုင်ရန် စီစဉ်ပေးဖို့ ပြောဆိုမှာကြားနေတာကို သိရပါတယ်။ ပြစ်ဒဏ်နဲ့ တိုက်ထဲဝင်ရင် တိုက်ပိတ်ခံရရင် စားစရာယူလာလို့ မရသလို ပုံစံပုဆိုး၊ အကျီနဲ့ အိပ်ယာလိပ်စောင်တွေ ယူလာလို့မရပါဘူး။ ဒါက ထောင်ရဲ့ ထုံးစံပါ။ ထောင်ဥပဒေလား ဘယ်လိုလဲမသိပါဘူး။ ပေးနိုင်ကမ်းနိုင်ရင်



တရုတ်ပဲဖြစ်ဖြစ်၊ ကုလားပဲဖြစ်ဖြစ် ဘယ်သူမဆို အကုန်သယ်ယူလာလို့ ရပေမယ့် ဘာရုပ်မှ မပေါက်မပေးနိုင် မကျွေးနိုင်တဲ့သူတွေကိုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ညစ်ပတ်နံစော်နေတဲ့အခန်းမှာ ဘဝတူ၊ ပုံစံတူ သူတွေနဲ့နေပေတော့ ဒါက ထောင်လောကမှာ လုံးဝမပြောင်းလဲတဲ့ ပုံသေကွက်တစ်ခုပါပဲ။

ထောင်မှူးကိုလှိုင်ဦးရဲ့ကောင်းမှုကြောင့် (၃)တိုက်မှာ ကောင်းမွန်စွာ စားသောက်နေထိုင်ရပြီ။ ကျွန်တော်တိုက်ထဲမှာ အရိုက်မခံရဘဲ ကောင်းမွန်စွာ နေထိုင်စားသောက်ရတဲ့အကြောင်း မိန်းဂျေးကို သတင်းရောက်သွားပါပြီ။

မန္တလေးထောင်ကြီး အနည်ထိုင်စပြုလာချိန်မှာ မိန်းဂျေးဦးစီးအရာရှိ အဆောင်မှူးချုပ်က (သုံးပွင့်)ဗိုလ်ကြီးမောင်ထွေးဆိုသူ ဖြစ်ပါတယ်။ ကျွန်တော်ပိုက်ဆံမိလို့ ပြစ်ဒဏ်နဲ့ တိုက်ထဲမှာ နေရတဲ့အချိန် (၅)တိုက်မှာ ထောက်လှမ်းရေးက ထောင်ကျနေတဲ့ အရာခံဗိုလ်တစ်ယောက်နဲ့ ကျွန်တော် ရင်းနှီးပြီးသူက လက်ရှိဦးစီးက သူနဲ့ရင်းနှီးပါတယ်။ သူတတ်နိုင်သလောက် အကူအညီပေးပါ့မယ်ဆိုပြီး ဦးစီးအရာရှိကို ကျွန်တော့်ကို ကူညီနိုင်တာကို ကူညီပေးလိုက်ပါဆိုတဲ့သတင်းပြောကြောင်း ကြားသိရပါတယ်။ ထောင်အာဏာပိုင်အသစ်တွေနဲ့ မန္တလေးထောင်ကြီး ပြန်လည်သက်ဝင်လှုပ်ရှားလာပါပြီ။ (လိုင်း)ချက်တွေလည်း ပြန်ပြီးရိုက်နေကြပါတယ်။ တိုးတိုးတိတ်တိတ်နဲ့ ဇယားတွေ ရွှေ့နေချိန်မှာ ဒီတိုင်းထိုင်နေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဂွင်စောင့်နေရပါတယ်။ အိပ်ဆောင် (၂)ကို ဗိုလ်ကြီးမောင်ထွေးရောက်လာပါပြီ။ ကျွန်တော်လည်း အချိန်မဆိုင်းဘဲ အဆောင်ထောင်မှူးရုံးထဲ ဦးစီးနေချိန်မှာ ဝင်ရောက်ပြီး သတင်းပို့လိုက်ပါတယ်။ ဗိုလ်ကြီး အခုထောင်ထဲမှာ ဗိုလ်ကြီးတို့ အုပ်ချုပ်ရေးပိုင်း ပြန်လည်ခန့်ထားသူတွေက အရင်ထောင်ပိုင်လက်ထက်မှာ ပြဿနာမျိုးစုံနဲ့ရာထူး အဖြုတ်ခံထားရတဲ့ မဟုတ်တာလုပ်နေတဲ့သူတွေပါ ကျွန်တော်က ထောင်ထဲမှာ သဒ္ဒါကြေးတော့ စားပါတယ်။ အကျဉ်းသားချင်း အနိုင်ကျင့် ဗိုလ်ကျ လုပ်ပါးဝတာမျိုးတော့ မလုပ်ပါဘူး။ ဒါကြောင့် ကျွန်တော့်ကိုလည်း အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရေးပိုင်း တစ်နေရာပေးပါဆိုတော့ ငါစဉ်းစားလိုက်ဦးမယ်လို့ ဦးစီးက ပြောပါတယ်။

တိုက်ထဲမှာလည်း ဒုတပ်ကြပ်ကျော်သူ(ကုလား)က တုတ်အကြီးကြီးကိုင်ပြီး ရိုက်ဖို့ ဟန်ရေးပြင်နေတာကို (၄)ဆောင်အပေါ်ထပ်ကနေ ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ တိုက်ထဲရောက်တာနဲ့ တိုက်ထောင်မှူး တိုက်တွင်းတာဝန်ကျဝန်ထမ်း တိုက်အတွင်း အုပ်ချုပ်ရေးပိုင်းတွေဖြစ်တဲ့ တိုက်တန်းစီး၊ စည်းကမ်းထိန်းတွေ ဝိုင်းဝန်းရိုက်နှက်ကြတဲ့အတွက် မနက်ရှစ်နာရီလောက်ကနေ ရိုက်လိုက်တာ နေ့လယ်(၁၂)နာရီလောက်မှာ တင်ကိုဦးဆိုတဲ့ကုလားလေးတစ်ယောက် သေသွားတာကို ကျွန်တော်တို့ အားလုံး သတင်းကြားပြီး စိတ်အတော်ထိခိုက်နေကြပါတယ်။

နံနက်ပိုင်းက ကိုယ့်ရှေ့မှာတင် အကောင်းကြီး မြင်တွေ့နေရပါလျက် နေ့လယ်မှာ မတရား ဝိုင်းရိုက်သတ်လိုက်တဲ့အတွက် သေပြီဆိုတော့ ကျွန်တော်တို့အကျဉ်းသားအတော်များများ သုံးရက်လောက် ထမင်းစားပျက်သွားကြပါတယ်။ တင်ကိုဦးသေတော့မှ အခြားသုံးယောက်ကို ထောင်တွင်းဆေးရုံကိုပို့ပြီး ဆေးဝါးကုသမှုခံယူ ခိုင်းပါတယ်။ တစ်ယောက်သေလို့ ကျန်တဲ့သုံးယောက် ကံကောင်းသွားတာပါ။ ဒါတောင် အသားတွေ ပုတ်လို့ လှီးဖြတ်ထုတ်ပစ်လိုက်ရပါတယ်။ အကျဉ်းသားတစ်ယောက်သေလို့ သုံးယောက်အတွင်းလူနာဖြစ်တာတောင် တာဝန်ရှိသူတွေ ဘာမှအရေးယူဆောင်ရွက်ခံရတာ တစ်ခုမှ မတွေ့ပါဘူး။ တော်တော်ကို ညီညွတ်တဲ့ မန္တလေးထောင်မှ အရာထမ်းတွေပါပဲ။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ဖြတ်သန်းခဲ့တဲ့ (၁၇)နှစ် (၃)လတိတိ ကာလအတွေ့အကြုံအရ ခိုင်ခိုင်မာမာ ပြောရဲတာက ဘယ်ထောင် ဘယ်ရဲဘက်စခန်းဖြစ်ဖြစ် ကျွန်တော်တို့ အကျဉ်းသားတွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာ နူးညံ့ပျော့ပြောင်းလာအောင် စိတ်ကောင်းရှိလာအောင် ပြုပြင်ပြောင်းလဲပေးတာ မတွေ့ရသလို ဘာအတတ်ပညာမှလည်း သင်ပေးတာ မရှိပါဘူး။ စက်မှုအတတ်ပညာ လက်မှုအတတ်ပညာ ဘာမှလည်း သင်ပေးစရာနေရာ ပစ္စည်းမရှိပါဘူး။ ထောင်ရဲဘက်စခန်းမှာ ကားမောင်းကားပြင်တတ်ရင်လည်း ငွေပေးနိုင်မှ



ကားမောင်း၊ ကားပြင် ရတာပါ။ လက်သမား ပန်းရံတတ်ရင်လည်း ငွေပေးနိုင်မှ ဒီလုပ်ငန်း လုပ်ရမှာပါ။ တချို့ တချို့ပညာတတ်လေးတွေ ရုံးလုပ်ငန်းလုပ်တတ် ကွန်ပျူတာကိုင်တတ်ရင်တောင် ငွေမပေးနိုင်လို့ ရဲဘက်စခန်းတွေမှာ အလုပ်ကြမ်းပဲ လုပ်ရပါတယ်။ ကျွန်တော် တွေ့ခဲ့မြင်ခဲ့ရသမျှနေရာတိုင်းမှာ မှန်ကန်တဲ့အုပ်ချုပ်မှု တရားမျှတတဲ့စီမံကွပ်ကဲမှု ပျော့ပြောင်းညင်သာတဲ့စည်းရုံးဆွဲဆောင်မှု တန်းတူညီမျှ အခွင့်အရေးဆိုတာမရှိသလောက်ပါပဲ။

ငွေမရှိလို့ကတော့ ဘာပညာပဲတတ်တတ် ဘယ်လောက်တော်တော် အလုပ်ကြမ်းပဲ လုပ်ကြရမှာပါ။ ငွေရှိရင် စာတစ်လုံးမှ မတတ်ရင်လည်း ရုံးခန်းမှာ နေလို့ရပါတယ်။ ကားမမောင်းတတ်ရင်လည်း စက်ယာဉ်လို့ခေါ်တဲ့မော်တော်ယာဉ် ပြုပြင်ရေးမှာ နေရမှာပါ။ လက်ဖက်ရည်မဖျော်တတ် စမူဆာ၊ အီကြာကွေး၊ မုန့် ဘာမှ မလုပ်တတ်ရင်လည်း သက်သာဆိုင်မှာ နေလို့ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တစ်ခုမှမတတ်ရင်တောင် ဝက်ခြံ၊ ကြက်ခြံ၊ တောင်ယာတွေမှာ ငွေသိန်းချီပေးပြီး လုပ်ငန်းပြ အလုပ်လက်မဲ့ နေကြတာနေရာတိုင်းမှာ တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော် ကိုယ်တွေ့ကတော့ အကျဉ်းထောင် ရဲဘက်စခန်းတွေမှာ ဝန်ထမ်းအင်အားမလုံလောက်တဲ့အတွက် ယုံကြည်စိတ်ချရတဲ့ အကျဉ်းသားတွေကို ထောင်အာဏာပိုင်တွေက တန်းစီးချုပ်၊ ဘုတ်ကိုင်တွေ၊ စည်းကမ်းထိန်း၊ ဘာယာအခန်းလူကြီး ပုံစံပြုဆိုပြီး ရာထူးအာဏာတွေပေးပြီး အကျဉ်းသားအရာရှိဆိုတဲ့စကားလုံးနဲ့ အိမ်ကြက်ခြင်း၊ အိုးမည်းသုတ် ခွပ်ခိုင်းတာကို ခပ်ညံ့ညံ့လူဆိုးတွေ လူမိုက်ဆိုတဲ့ကောင်တွေက သခင်ရှူးတိုက်တိုင်း ကိုက်တဲ့ခွေးတွေလို အနိုင်ကျင့်လို့ရတဲ့သူတွေကို ရိုက်နှက်ညှင်းပန်း တိရစ္ဆာန်တွေလို မတရားခိုင်းစေပြီး အာဏာပိုင်အကျိုး၊ သူတို့အကျိုးရှာဖွေ စီးပွားရှာစားသောက်ပြီး လုပ်ဖဲဝနေတာကို (၂၀၁၄)ခုနှစ် (၁)လပိုင်း (၃)ရက်နေ့အထိ ကိုယ်တိုင် တွေ့မြင်ခံစားခဲ့ရတာပါ။

ထင်တဲ့အတိုင်းပဲ ကျွန်တော့်ကို မိန်းဂျေးဦးစီးအရာရှိ[illegible] မြစ်ဝက်သမားကို နိုင်ငံရေးသမားတွေနေတဲ့တိုက်တွေမှာ မထား[illegible]ဆိုတဲ့ အထက်

www.burmeseclassic.com

www.burmeseclassic.com



အမိန့်နဲ့ (၅)တိုက်ကို ပြန်ပြောင်းရပါပြီ။ ကျွန်တော်ကလည်း ဒီလိုဖြစ်လာလိမ့်မယ်လို့ ကြိုတင်တွက်ထားတဲ့အတွက် (၃)တိုက်မှာနေတဲ့ ငါးရက်အတွင်းမှာ နိုင်ငံရေးပုဒ်မနဲ့ထောင်ကျနေတဲ့မန္တလေးက ဦးဇင်း၊ ဘုန်းကြီးတွေနဲ့တိုင်ပင်ပြီး သူတို့ရဲ့အကူအညီနဲ့ ဘီဘီစီကို သတင်းပေးလိုက်ပါတယ်။ မန္တလေးထောင်မှာ မတရားမှုတွေ နှိပ်စက်မှုတွေ ညှင်းပန်းမှုတွေ လာဘ်ပေးလာဘ်ယူမှုတွေ အရမ်းများပြားနေတဲ့အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ လာရောက်စစ်ဆေးတဲ့အချိန်မှာ မန္တလေးထောင်အတွင်းတွင် ဖြစ်ပျက်နေသောအကြောင်းအရာမျိုးစုံကို မှန်မှန်ကန်ကန်ပြောဆိုတိုင်ကြားသောကြောင့် ကျွန်တော်အား တိုက်ပိတ်၊ ခြေချင်းခတ်၍ နှိပ်စက်ညှင်းပန်းရန် ကြံစည်ကြိုးစားလုပ် ဆောင်နေကြောင်း တိုင်ကြားသည်ကို ဘီဘီစီမှ ရေဒီယိုတွင် ထုတ်လွှင့်သွားကြောင်း နောက်ရက်တွင် သိရပါသည်။

ကျွန်တော်အား (၅)တိုက်သို့ ပြန်လည်ရွှေ့ပြီး ~~နောက်ရက်~~များတွင် နေ့စဉ်နီးပါး တိုက်အတွင်းမှ ခေါ်ထုတ်၍ တိုက်ရုံးခန်းတွင်လည်းကောင်း လက်မှတ် ခဏခဏထိုးထားရပါတယ်။ ဘာကြောင့် လက်မှတ် ခဏခဏထိုးရသည်ကို မေးမြန်းသည့်အခါမှ စာရွက်ဖတ်ခိုင်းပါသည်။ ပိုက်ဆံတရားမဝင်ကိုင်ဆောင်သဖြင့် တိုက်ပိတ်ပြစ်ဒဏ် ပေးခံရသည့်အကြောင်း မှန်ကန်ပါသည်ဆိုသည်ကို လက်မှတ်ထိုးရခြင်းဖြစ်ကြောင်း ထိုအခါမှ ကျွန်တော်သိရပါတယ်။ ဘာကြောင့် ကျွန်တော်လို အကျဉ်းသားတစ်ယောက်ကို ကွန်ပျူတာစာလုံးနှင့် အေဖိုးစာရွက်အကောင်းစားပေါ်တွင် လက်မှတ်ထိုးရပါသလဲဆိုလျှင် ဘီဘီစီမှ ကျွန်တော်တိုင်ကြားသော အကြောင်းကို ကျွန်တော်တို့ နိုင်ငံမှ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှ ဖြေရှင်းချက်တောင်းနေသောကြောင့် မန္တလေးထောင်မှ တာဝန်ရှိသူများက ကျွန်တော့်အား မတရားသဖြင့် တိုက်ပိတ်ပြစ်ဒဏ် ပေးထားခြင်းမဟုတ်ကြောင်း တရားမဝင်ငွေကြေးကိုင်ဆောင်သဖြင့် တိုက်ပိတ်ထားခြင်းဖြစ်ကြောင်း ပြန်လည်ဖြေရှင်းနေရသဖြင့် ကျွန်တော် လက်မှတ် ခဏခဏထိုးရသည်ကို နောက်ပိုင်းမှ သိရပါသည်။



(မှတ်ချက် ကျွန်တော်(၃)တိုက်မှာ ဒုက္ခရောက်စဉ်က ကူညီခဲ့သော မန္တလေးမှ ဦးဇင်းများနှင့် ဆရာတော်ဦးဝီရသူတို့အား ကျေးဇူးတင်ရှိကြောင်း ပြောကြား လိုက်ပါသည်)

ကျွန်တော့်ကို တိုက်ထဲမှာ ရိုက်နှက်မယ်၊ ရသလောက် ဒုက္ခပေးမယ်ဆိုတဲ့ ဦးစီးအရာရှိဦးမြင့်အောင်ရဲ့တိုက်ကွက်က ဘာမှအရာမထင်ဘဲ ဘီဘီစီက အော်တာကတစ်မျိုး အကျဉ်းထောင်ထဲကို လာရောက်စစ်ဆေးတဲ့ ဒီအိုင်ဒီက ဦးထွန်းရီတို့ကတစ်မျိုး ထောင်ပိုင်ဦးမြင့်ဆွေကလည်း ဦးမြင့်အောင်ကို မင်းကိစ္စ မင်းရှင်း၊ မင်းလုပ်တဲ့အလုပ်ကို ငါရှင်းနေရတယ်ဆိုပြီး ဦးမြင့်ဆွေက ဦးမြင့်အောင်ကို ဆူပူကြိမ်းမောင်းနေတာကို ကြားရတဲ့သူက ကျွန်တော့်ကို ပြန်လည်ပြောပြပါတယ်။ ကြည့်ရတာ သွေးရူးသွေးတန်းနဲ့ မည်းမည်းမြင်ရာ ကိုက်နေသလိုပါပဲ။ ဦးမြင့်အောင်ရဲ့အကျဉ်း ဦးစီးသက်တမ်းတစ်လျှောက်မှာ သာသာယာယာနေခဲ့ရပုံ ပေါ်ပါတယ်။ ပြဿနာကြီးကြီးမားမား မကြုံဘူး မတွေ့ဘူးလို့ ထင်ပါတယ်။ ဒါကြောင့်လည်း မလုပ်သင့်တဲ့ ကျွန်တော်လိုလူကို သူ ပြဿနာရှာတာပါ။ ကျွန်တော်လည်း တိုက်ထဲမှာ ဘယ်လောက်ကြာမယ်ဆိုတာ မသိတဲ့အတွက် စိတ်ညစ်နေပါတယ်။ ထောင်ထဲမှာ နေရတာခြင်းတူပေမဲ့ စားသောက်နေထိုင်မှု စိတ်ချမ်းသာမှု မတူပါဘူး။ အိပ်ဆောင်မှာက ချက်စ်ထိုးမလား၊ တီဗီကြည့်မလား၊ စာအုပ်ဖတ်မလား၊ လေ့ကျင့်ခန်းလုပ်မလား ကိုယ့်ကြိုက်နှစ်သက်ရာတစ်ခုခုကို လုပ်လို့ရပါတယ်။

တိုက်ထဲမှာက စိတ်ပိုင်းဆိုင်ရာတင်မက ရုပ်ပိုင်းဆိုင်ရာပါ အချုပ်ခံနေရတာပါ။ ဒါကြောင့်လည်း တိုက်ဆိုတာ ကျွန်တော်တို့ အထွေထွေအကျဉ်းသားတွေအတွက် အီသီယိုးပီးယားရောက်သွားသလို ခံစားရတဲ့အတွက် မနေချင်တာပါ။ ကျွန်တော် ကံကောင်းပါတယ်။ တိုက်ထဲရောက်ပြီး (၁၆) ရက်မြောက်နေ့မှာ တိုက်ဖွင့်ပေးပါတယ်။ (၈)လပိုင်း (၂၀၀၇)ခုနှစ်မှာပါ ကျွန်တော်ကို တိုက်ဖွင့်တဲ့အချိန်ကလည်း နေ့လယ်ပိုင်းကြီးမှာပါ။ တိုက်ဖွင့်တယ်ဆိုတဲ့အချိန်ကလည်း နေ့လယ်ပိုင်းကြီးမှာပါ။ တိုက်ဖွင့်တယ်ဆိုတာ ညနေပိုင်းသာ တွေ့ဖူးတာပါ။ တိုက်ထဲကသာထုတ်ပြီး မိန်းဂျူးမှာ နေခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်အရာရှိတစ်ဦးတစ်ယောက်မှ မတွေ့ရပါဘူး။ ဒါကြောင့် ကျွန်တော်ကို မိန်းဂျေးက အကျဉ်းသားတစ်ယောက်က အမျိုးသား အိပ်ဆောင် (၂)မှာ သွားရောက်နေထိုင်ဖို့ပြောတဲ့အခါ ကျွန်တော်က အိပ်ဆောင်(၂)မှာ ငါမနေချင်ဘူး။ ဒါကြောင့် မင်းတို့တာဝန်ရှိသူ တစ်ယောက်ယောက်ကို သတင်းပို့လို့ပြောတော့ ဘယ်သူမှမရှိတဲ့အတွက် မိန်းဂျေးမှာ နှစ်နာရီခန့် ထိုင်နေရပါတယ်။ အဲဒီလောက်ကြာတော့မှ ထောင်ပိုင်ဦးမြင့်ဆွေဝင်လာတာတွေ့ရပြီး မိန်းဂျေးက ဝန်ထမ်းတစ်ယောက် ကျွန်တော်က သတင်းပို့ဖို့ တွေ့ခွင့်တောင်းတဲ့အကြောင်း သွားရောက်ပြောဆိုတယ် ထင်ပါတယ်။ ဦးမြင့်ဆွေက ကျွန်တော်ဆီတန်းလာပြီး မင်း ဘာတင်ပြစရာရှိသလဲလို့ မေးပါတယ်။ ကျွန်တော်က အိပ်ဆောင်(၂)မှာ မနေချင်တဲ့အကြောင်း ကျွန်တော် ထောင်(၅၈)နှစ်ကျတဲ့အတွက် နှစ်ကြီးထောင် အမျိုးသားအိပ်ဆောင်(၄)မှာသာ နေချင်တဲ့အကြောင်း ပြောဆိုတင်ပြတဲ့အခါ ထောင်ပိုင်ဦးမြင့်ဆွေက တဟားဟား ရယ်မောရင်း အသံကုန်အော်ဟစ်ပြီး ကျွန်တော်ကို စိုက်ကြည့်ကာ ဒီလိုပြောပါတယ်။ မင်းမပြောနဲ့ ငါတောင် ဘာဖြစ်မယ်ဆိုတာ မသိဘူး။ မင်းအိပ်ဆောင် (၂)မှာပဲ နေရမယ်လို့ ပြောပါတယ်။ ထောင်ပိုင်ဦးမြင့်ဆွေက မလိုအပ်ဘဲ အော်ဟစ်ရယ်မော အရူးတစ်ယောက်လို ပြောတဲ့အတွက် ကျွန်တော်ကြောင်သွားပါတယ်။ သူက ရယ်နေပေမယ့် သူ့ရင်ထဲမှာ ငိုနေတယ်ဆိုတာ ကျွန်တော် ခန့်မှန်းမိပါတယ်။ ဦးမြင့်ဆွေ အလုပ်ပြုတ်သွားကြောင်း နောက်ပိုင်းသိရပါတယ်။ မန္တလေးထောင် အမျိုးသားအိပ်ဆောင်(၂)၊ အခန်း(၅)မှာ ကျွန်တော်နေရပါတယ်။ အခန်းလူကြီးဖြစ်တဲ့ ခေါ်ကြီးဆိုသူနဲ့ အတူတူစားပါတယ်။ ခေါ်ကြီးက တံတားဦးဘက်ကဖြစ်ပြီး မန္တလေးသားတစ်ယောက်နဲ့ ကျွန်တော် အပါအဝင်သုံးယောက်ပေါ့။ အလုပ်ကတော့ ဘာမှမခိုင်းပါဘူး။ ခိုင်းလည်း လုပ်မှာမဟုတ်ပါဘူး။ ထောင်သက်(၁၁)နှစ်ရှိပြီဖြစ်တဲ့အတွက် ကျွန်တော် ထောင်ပါးဝနေပါပြီ။ ဘယ်ထောင်ပိုင် ဘယ်ထောင်မှူးကပဲဖြစ်ဖြစ် ကျွန်တော်ကို ခိုင်းမယ်ဆိုရင် သူတို့ ပိုက်ဆံယူပြီး လုပ်ငန်းမျိုးစုံပြထားတဲ့ ဘာမှမလုပ်တဲ့သူတွေ အကုန်လုံး တစ်ယောက်မကျန် အလုပ်လုပ်မှ ကျွန်တော်လည်း အလုပ်လုပ်မှာပါ။



ဒါကြောင့်လည်း ကျွန်တော်တို့လို ထောင်မှာအနေကြာ သူတွေထဲက သူတို့ မကောင်းကြောင်း ထောက်မယ့်သူတွေကို မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို ဘေးမဲ့ပေးထားကြပါတယ်။

မန္တလေးထောင်ကြီး ခေတ်ပျက်နေတဲ့ (၂၀၀၇)ခုနှစ် (၇)လပိုင်းနဲ့ (၈)လပိုင်းမှာ ထောင်အာဏာပိုင်တွေ အကြပ်ဝန်ထမ်းတွေ အကုန်လုံး တစ်ယောက်မကျန် ထောင်ကျသူ၊ အဖြုတ်ခံရသူ၊ ပြောင်းရွှေ့ရသူတွေနဲ့ ရှုပ်ထွေးနေပြီး နောက်ထပ်ရောက်လာတဲ့ အာဏာပိုင်တွေထဲမှာ ထောင်ပိုင်ဗိုလ်မှူး(ဘဲ့ထီး) ဆိုတဲ့ ချင်းလူမျိုး ထောင်ပိုင်က ရောက်ကာစမှာတော့ ဟုတ်သလိုလိုနဲ့ နောက်ပိုင်းတော့ ဒီပုတ်ထဲက ဒီပဲပဲ ထွက်လာပါတယ်။ တိုက်ဖွင့်ပြီး အလုပ်မရှိ ဘုတ်မရှိနဲ့ ကျွန်တော်ထောင်အခြေအနေကို အကဲခတ်နေတာ လေးလခန့်ရှိပါပြီ။ စစ်ဆေးအရေးယူဆောင်ရွက်မှုတွေ လုပ်တုန်းက ထောင်ပြောင်းမပါတဲ့ ရာထူးပြုတ်သွားတဲ့သူတွေကို အသစ်တစ်ဖန် ပြန်လည်ပြီး ထောင်ရဲ့ အုပ်ချုပ်ရေးပိုင်းနေရာအနှံ့မှာ အကျဉ်းသားအရာရှိ ပြန်လည်ခန့်ကြပြန်ပါပြီ။ ဒီတော့ ကျွန်တော်လည်း သူများကို အနိုင်ကျင့်၊ ဗိုလ်ကျ၊ လူပါးဝဖို့ မဟုတ်ပေမယ့် ရန်ကုန်က တစ်နှစ်မှတစ်ခေါက် နှစ်ခေါက်လာတဲ့ အမေပေးတဲ့ စားစရာငွေကြေးနဲ့မလောက်တဲ့အတွက် အရာရှိ ပြန်လုပ်မှ ဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် အရာရှိဖြစ်ရင်တော့ အနည်းဆုံး သဒ္ဒါကြေးနဲ့တင် တစ်ကိုယ်စာ လုံပါတယ်။ ဒီလိုစိတ်ကူးရပြီး လုံလောက်တဲ့ သက်သေအထောက်အထားရအောင် မန္တလေးတစ်ထောင်လုံးမှာ နေရာပြန်ယူထား သူတွေရဲ့စာရင်းကို စိတ်နဲ့မှတ်သားပြီး ဘယ်လိုတိုက်ပွဲဝင်ရင် ကောင်းမလဲဆိုပြီး စဉ်းစားရင်း အကြံထုတ်ရပါတော့တယ်။

## ဈေးရောင်းချ

အကျဉ်းထောင်အတွင်းမှာ ဈေးရောင်းပြီး မိမိရဲ့ စားဝတ်နေရေး ဖြေရှင်းတဲ့ အကျဉ်းသားတချို့ရှိပါတယ်။ ထောင်အတွင်းမှာ ဈေးမရောင်းရ ဆိုတဲ့အမိန့်ရှိပေမယ့် ကျွန်တော်တို့မမွေးခင်ကတည်းက [illegible] အောင် အကျဉ်းထောင်တိုင်း ရဲဘက်စခန်းတိုင်းမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှိကြပါတယ်။ ဘာတွေရောင်းကြသလဲဆို ရင်တော့ မုန့်မျိုးစုံ၊ ကော်ဖီမျိုးစုံ ဆီ၊ ဆား၊ ဟင်းချိုမှုန့်၊ ကြက်သွန်နီ/ဖြူ ငရုပ်သီးမှုန့်၊ ကြက်သားဟင်း သို့မဟုတ် အမဲသားဟင်း သို့မဟုတ် ငါးဟင်းတစ်မျိုးနှင့် တခြားသော အချက်အပြုတ်စားသောက်စရာလေးကို ရောင်းချပြီး ၎င်း၏အကျိုးအမြတ် ရရှိသောငွေထဲမှ ထောင်မှူးကို လိုင်းဝင်၍ လုပ်ငန်းပြတစ်ခုခုကို အမည်တပ်ပြီး တစ်နေ့ကုန်ဈေးရောင်း၍ သူ၏ရပ်တည်မှုကို ခိုင်မာအောင် ကြိုးစားရင်း ဖြတ်သန်းကြပါတယ်။

## အဝတ်လျှော်၍

ထောင်ထဲမှာ အဝတ်လျှော်စားတယ်ဆိုတာလည်း တကယ်တော့ မလွယ်ပါဘူး။ အဝတ်လျှော်စားတယ်ဆိုထဲက ရုပ်မပေါက်လို့ ငွေမပေးနိုင်လို့ပေါ့။ ဒီတော့ မိမိနေတဲ့အခန်းက အခန်းလူကြီးကို အောက်ကျခံပေါင်း အခန်းလူကြီး အခန်းစာရေးတို့အဝတ်တွေကို ဖရိုးလျှော် အောက်ကျ အပပ်ပန်းပေမယ့် ချီးအိုးသေးအိုးထမ်းတဲ့အလုပ်ကို ရအောင်လုပ် ဘာကြောင့် ဒီအလုပ်ကို လုပ်ရသလဲဆိုရင် မနက်ပိုင်း တစ်နာရီ၊ နှစ်နာရီလောက် လုပ်လိုက်ရင် ဒီအလုပ်က ပြီးသွားပြီဆိုတော့ ပိုနေတဲ့အချိန်တွေမှာ အဝတ်လျှော်လို့ ရတာပေါ့။ သူများမလုပ်ချင်တဲ့ ချီးအိုးသေးအိုးတွေ ထမ်းပိုးဆေးကြောရတဲ့အတွက် ရေကန်မှာ ရေကြာကြာချိုးခွင့်၊ ရေများများသုံးခွင့် ဆိုတဲ့နားလည်မှုနဲ့ ပေးတဲ့အခွင့်အရေးလေးကို အကျိုးရှိရှိ အသုံးချရင်း သူရဲ့စားဝတ်နေရေးလေးကို နေ့စဉ် ဒီလိုဖြတ်သန်းကြရပါတယ်။

## နင်းနှိပ်၍

ထောင်ထဲမှာ ထောင်ဝင်စာမလာနိုင်လို့ စားရမဲ့၊ သောက်ရမဲ့မဖြစ်ရအောင် နည်းမျိုးစုံနဲ့စားဝတ်နေရေးကို ဖြေရှင်းကြတဲ့အခါ နင်းပေးနှိပ်ပေးပြီး မိမိရဲ့အခက်အခဲကို ကျော်လွှားကြတဲ့သူတွေလည်း ရှိပါတယ်။ မနက်မိုးလင်းလို့ ဆန်ပြုတ်ရေကျဲသောက်ပြီးရင် ဆဲဆိုကြိမ်းမောင်းခံလို့ တန်းစီရင်း ဘယ်လုပ်ငန်း လုပ်ရမယ်ဆိုတာ စောင့်မျှော်ပြီး တာဝန်ပေးရာ အလုပ်ကြမ်း



ကို တစ်မနက်လုံး လုပ်ကိုင်လို့ နေ့လယ်ခင်းသူများတွေ အနားယူချိန် တမှေးမှေးချိန်မှာ ငပိကြော်လေးပေးမယ့် သို့မဟုတ် မုန့်ပေးမယ့် သို့မဟုတ် ကော်ဖီပေးမယ့်သူ တစ်ယောက်ယောက်ကို နင်းဟယ်၊ နှိပ်ဟယ်နဲ့ လုပ်ကိုင်ပေးရင်း နေ့လယ်ခင်းသူများအနားယူနေချိန် သူကတော့ မနားရပါဘူး။ ညနေပိုင်းတစ်ခါ ကျရာအလုပ်ကြမ်းကို လုပ်ကိုင်ရင်း ညပိုင်းမိုးချုပ်လို့ အခြားအကျဉ်းသားတွေ အနားယူနေချိန်မှာလည်း သူတို့က မနားရပါဘူး။ ကျွေးမွေးပေးကမ်းမယ့်သူတွေက ခေါ်ယူနှိပ်နင်းခိုင်းရင် စေတနာပါပါနဲ့ စိတ်ပါလက်ပါနဲ့ လုပ်ကိုင်ပေးရပါတယ်။ ဒါမှ နောက်တစ်ကြိမ် ထပ်မံခေါ်ပြီး နင်းနှိပ်ခိုင်းမှာပါ။ ဒီလိုနဲ့ သူတို့ရဲ့ စားရေးသောက်ရေးကို ဖြေရှင်းကြတဲ့ သူတွေလည်း ရှိကြပါတယ်။

## ထမင်းဆွဲ ခွက်ဆေး၍

ထောင်ထဲမှာ ထောင်ဝင်စာ ကောင်းကောင်းလာနိုင်တဲ့သူ၊ ရာထူးကြီးကြီးမားမားရှိသူတွေက နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ တခြားအကျဉ်းသားများ ထမင်းစားနေချိန်မှာ ထမင်းဆွဲနေချိန်မှာ သူတို့က အဆောင်အတွင်း အခန်းထဲမှာဖြစ်စေ၊ အိပ်ဆောင်ဝင်းတစ်နေရာမှာဖြစ်စေ ဝေ့နေပါတယ်။ သူများတွေ နေပူမိုးရွာထဲမှ တန်းစီလို့ အလှည့်ကျထမင်းယူနေချိန်မှာ သူတို့က တန်းမစီချင်တဲ့အတွက် သူတို့မွေးထားတဲ့တပည့် သို့မဟုတ် ခိုင်းတဲ့တစ်ယောက်ကို ထမင်းသုံးယောက်စာဖြစ်စေ ငါးယောက်စာဖြစ်စေ ယူခိုင်းပြီး သူတို့က အဆင်သင့်စားပါတယ်။ တချို့လူတွေကတော့ သူတို့ခိုင်းတဲ့သူကို သူတို့စားပြီးမှ ကျွေးပါတယ်။ တချို့ခိုင်းတဲ့သူတွေကတော့ အတူတူတစ်ပိုင်းတည်းစားပါတယ်။ အားလုံးစားသောက်ပြီးရင်တော့ အဲဒီထမင်းခွက် ဟင်းခွက်တွေကို အဲဒီလူက အကုန်လုံး ဆေးကြောရပါတယ်။ တချို့သော အကျဉ်းသားတွေကတော့ ဒီလိုနည်းနဲ့ ဖြတ်သန်းကြရပါတယ်။

## တက်တင်းထိုး၍

တက်တင်းထိုးတယ်ဆိုတာလည်း မလွယ်ပါဘူး။ ထောင်က လုပ်ငန်းချ

www.burmeseclassic.com

www.burmeseclassic.com



တက်တင်းဘုတ်ထဲမှာပါရင် တစ်လကို ဘယ်လောက်ထိုးရမယ် (၁၅)ရက် တစ်ကြိမ်ဆိုရင် ဘာထိုးရမယ်ဆိုပြီး သတ်မှတ်ထားပါတယ်။ ဒီလို သူတို့ သတ်မှတ်ထားတဲ့စကေးကို အမြန်ဆုံးပြီးအောင် အရင်ထိုးရပါတယ်။ ပြီးတော့မှ ကိုယ့်ရဲ့ကိုယ်ပိုင်ဝယ်ထားတဲ့ချည်နဲ့ တက်တင်းလက်ကိုင်ပုဝါ၊ တက်တင်းသဘက်၊ တက်တင်းအကျီ၊ တက်တင်းတီဗီအဖုံး၊ တက်တင်းမီးခြစ်အိတ်စတဲ့ ဒီဇိုင်းအမျိုးမျိုးကို မှာတဲ့အော်ဒါမှာသူရဲ့ စိတ်တိုင်းကျ အတတ်နိုင်ဆုံး အမြန်ဆုံးထိုးပေးရပါတယ်။ ဒါမှလည်း ဈေးကောင်းရပြီး စားဖို့အဆင်ပြေမှာပါ။ တချို့သော အကျဉ်းသားတွေကတော့ ဒီလို တက်တင်းထိုးပြီး စားဝတ်နေရေးကို ဖြေရှင်းကြပါတယ်။

## ပုဆိုး အကျီ စောင်ရောင်းဝယ်၍

မိမိရဲ့စားဝတ်နေရေးအတွက် ရှာဖွေဖန်တီးကြတဲ့အထဲမှာ ဒီလိုပုဆိုး၊ အကျီစောင်တွေကို ဝယ်တယ်၊ ရောင်းတယ်၊ အပေါင်ခံတယ်စသည်ဖြင့် ရှာဖွေတဲ့နည်းလမ်းနဲ့ လုပ်စားတဲ့သူတွေလည်း ရှိပါတယ်။ ထောင်ထဲမှာ အကြောင်းအမျိုးမျိုးနဲ့ ငွေကို အမြဲလိုအပ်နေကြပါတယ်။ လောင်းကစားဖို့ ဖြစ်စေ စားသောက်ဖို့ဖြစ်စေ အကြွေးပေးရမှာကြောင့်ဖြစ်စေ မိမိရဲ့ကိုယ်ပိုင် ပစ္စည်းလေးတွေကို မတန်မရာဈေးနဲ့ ပေါင်နှံရောင်းချလို့ လက်ရှိအခက်အခဲကို ဖြေရှင်းကြတဲ့အခါ ဒီလိုလက်ထဲမှာ ငွေအမြဲကိုင်ပြီး တခြားသူ ဗိုက်အနာကိုစောင့်ပြီး ပစ္စည်းကောင်းကို ဈေးနည်းနည်းနဲ့ အချောင်ရလိုက် အခြားလိုအပ်နေတဲ့သူက ပစ္စည်းကို ကြိုက်ရင် အရင်းနည်းနည်းနဲ့ အမြတ်များများ ဂွင်တည့်သွားပြီး သူ့ရဲ့စားဝတ်နေရေး နေရေးထိုင်ရေးကို ဒီလိုကရတဲ့အမြတ်ငွေနဲ့ဖြေရှင်းပြီး သူတို့ရဲ့ဘဝကို ဒီနည်းနဲ့ပဲ အမြဲဖြတ်သန်းကြပါတယ်။

## လူမှုရေးအရ ခင်မင်မှုယူ၍

ထောင်ဆိုတဲ့ ဇရိယာအသိုင်းအဝန်းဟာ သေးငယ်ပေမယ့် ရပ်ကွက်ပေါင်းစုံ မြို့နယ်ပေါင်းစုံနဲ့ မြန်မာနိုင်ငံအနှံ့က လူပေါင်းစုံဟာ အကြောင်းအရာအမျိုးမျိုး၊ ကိစ္စအမျိုးမျိုး၊ ပြဿနာမျိုးစုံနဲ့ရောက်ရှိလာပြီး ဒီဇရိယာ အကျဉ်း



ကျဉ်းလေးမှာ ဆုံတွေ့ကြလို့ ချစ်ခြင်း၊ မုန်းခြင်းတွေနဲ့ ရောထွေးကာ တချို့သော အကျဉ်းသားတွေကတော့ ရောက်တဲ့နေရာမှာ တွေ့တဲ့သူနဲ့သင့်မြတ်အောင် ပေါင်းသင်းနေထိုင်ပြီး တစ်ဖက်လူရဲ့ စိတ်နေသဘောသဘာဝအတိုင်း အလိုက်သင့်စီးမျောကာ မိမိရဲ့လက်ရှိစားဝတ်နေရေး အဆင်ပြေဖို့အတွက် မိမိကို ကျွေးတဲ့သူရဲ့အကြိုက်လုပ်ကာ ပြောဆိုနေထိုင်လို့ဖြတ်သန်းကြပါတယ်။

## တောင်ယာလုပ်၍

အကျဉ်းထောင်တိုင်းမှာ တောင်ယာဆိုတာ ရှိပါတယ်။ အိမ်က ထောင်ဝင်စာမလာနိုင်တဲ့ တချို့သောသူတွေဟာ ထောင်မှာ အနေကြာလာရင် တောင်ယာတစ်ခုခုမှာ အမြဲဆင်းလုပ်ကိုင်ရဖို့အတွက် သက်ဆိုင်ရာ အရာရှိကို တင်ပြကြတဲ့အခါ နားလည်မှုရှိတဲ့အချို့သော အရာရှိက ထောင်ထဲမှာလည်း အနေကြာပြီး (ဘောက်ဆင်း)ကြံ့ရာအလုပ်ကို လုပ်ကိုင်နေကြတာဖြစ်တဲ့အတွက် နားလည်မှုပေးပြီး တောင်ယာတစ်ခုခုမှာ အမြဲတမ်း လုပ်ကိုင်ရန် တာဝန်ပေးလိုက်ပါတယ်။ ဒီလိုတောင်ယာမှာ အမြဲလုပ်ရတဲ့အခါ ထိုသူတို့က အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး တောင်ယာဘုတ် ကိုင်နဲ့ပြေလည်အောင် ပေါင်းပြီး နေ့စဉ်အသီးအရွက်ကလေးတွေ ယူလာ အိပ်ဆောင်အတွင်း ပိုက်ဆံနှင့် ငင်းကော်ဖီနှင့်မုန့်နှင့် လဲလှယ်၍ လိုအပ်သော တခြားစားသောက်စရာလေးများကို ဝယ်ယူ၍ ထိုနည်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းပါသည်။

## ချဉ်ဖတ်

ကျွန်တော် ထောင်ထဲမှာရော ရဲဘက်စခန်းမှာရော တွေ့ရတာက တချို့သော အကျဉ်းသားတွေက ချဉ်ဖတ်ထည့်ရာမှာ သိပ်တော်ကြပါတယ်။ သူတို့ထည့်တဲ့ ချဉ်ဖတ်က စားလို့သိပ်ပြီး ခံတွင်းတွေ့ပါတယ်။ ထောင်ထဲမှာဖြစ်စေ၊ ရဲဘက်မှာဖြစ်စေ တောင်ယာတွေရှိတဲ့အတွက် တောင်ယာလုပ်ကိုင်သူတွေထဲက အသီးအရွက်ကို ဝယ်ယူပြီး ချဉ်ဖတ်သိပ်ကာ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချ၍ ရရှိသောငွေဖြင့် လိုအပ်သည်များကို ဝယ်ယူပြီး ၎င်းတို့၏ စားဝတ်နေရေးကို ဖြေရှင်းကြပါတယ်။

**တက်တူး**

အကျဉ်းထောင်တွေမှာ ကျွန်တော်တို့မသိတဲ့ဘယ်အချိန် ဘယ်ကာလထဲက စတင်ထိုးနေတယ်ဆိုတာ တိတိကျကျမသိရပေမယ့် ခန္ဓာကိုယ်မှာ အရုပ်တွေကို ထိုးသွင်းနေကြတာတော့ ကြာပြီဆိုတာ အပြင်လောကက သူတွေတောင် သိကြပါတယ်။ ကျွန်တော်သိသလောက်တော့ အရင်က ဆိုရင် ခန္ဓာကိုယ်မှာ အရုပ်ထိုးထားတာတွေ့ရင် ထောင်ထွက်လူဆိုးလူမိုက် လမ်းသရဲဆိုပြီး လူ့ပတ်ဝန်းကျင်က အဖက်မလုပ် လူရာမသွင်းကြပါဘူး။ ဒါပေမဲ့ ခုခေတ်မှာတော့ ကမ္ဘာကျော်ရုပ်ရှင်မင်းသား၊ မင်းသမီး၊ အဆိုတော်၊ ဘောလုံးသမားတွေသာမက ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်လောက အဆိုတော်လောက ဘောလုံးသမားလောကသာမက လူငယ်ကျားမ တချို့သောသူတွေဟာ တက်တူးထိုးနေကြပါပြီ။ အကျဉ်းထောင် ရဲဘက်စခန်းအားလုံးမှာ တချို့သောအကျဉ်းသားတွေက သူတို့ရဲ့ စားဝတ်နေရေးကို တက်တူးအရုပ်ထိုးပြီး ဖြေရှင်းဖြတ်သန်းကြပါတယ်။

**ဂေါ်လီ**

အကျဉ်းထောင်တွေထဲမှာ ထောင်ဝင်စာမလာနိုင်လို့ စားဝတ်နေရေးကို နည်းမျိုးစုံနဲ့ဖြေရှင်းကြတဲ့အထဲမှာ ခန္ဓာကိုယ်ရင်းပြီး မိန်းမတစ်ယောက်လို သူ့ကို လိင်တစ်ခါ ဆက်ဆံရင် ဘယ်လောက်ဆိုပြီး ဈေးနှုန်းနဲ့သတ်မှတ်ပြီး လုပ်စားသူအနည်းငယ်ရှိသလို အများအားဖြင့်တော့ တန်းစီးချုပ်၊ အခန်းလူကြီး၊ စည်းကမ်းထိန်း တောင်ယာဘုတ်ကိုင်၊ ရေကန်ဘုတ်ကိုင်တွေနဲ့ ထောင်ဝင်စာ ကောင်းကောင်းလာနိုင်တဲ့ သူတွေဆီမှာ မိန်းမတစ်ယောက်လို ပြုမူပြောဆို ဝတ်စားနေထိုင်ပြီး လိင်ဆက်ဆံခဲ့တဲ့သူက များပါတယ်။ ဘယ်လိုပဲ ခေတ်တွေပြောင်းပြောင်း ထောင်၊ ရဲဘက်နေရာတော်တော် များများမှာ ဒီကိစ္စတွေ ရှိနေပါသေးတယ်။



**ဆိုးဂုဏ် မိုက်ဂုဏ်**

အကျဉ်းထောင်တွေမှာ ပြောမကောင်း၊ ဆိုးမကောင်းလို့ဆိုတဲ့ အကျဉ်းသားမျိုးတွေ ရှိကြပါတယ်။ ထောင်အာဏာပိုင်တွေကိုယ်တိုင် ခေါင်းနောက်ရတဲ့ သူမျိုးတွေပါ။ ဒီလိုလူမျိုးတွေဟာ များသောအားဖြင့် အသိဉာဏ်အတော်ကိုနည်းပါးတာကို တွေ့မြင်ရပါတယ်။ သူတို့စားဝတ်နေရေး ဖြေရှင်းနည်းက သူများတွေ ဟင်းကောင်းကောင်းနဲ့ ထမင်းစားနေရင် ဟင်းကောင်းလှချည်လားကွ ငါလည်း စားဦးမယ်ဆိုပြီး ဝင်စားတာမျိုး သူများတွေ မုန့်၊ ကော်ဖီသောက်နေရင် ငါလည်း ဗိုက်ဆာတယ်ကွာ စားလိုက်ဦးမယ်ဆိုပြီး တစ်ဖက်လူရဲ့စကားအပြန်ကို မစောင့်ဘဲ အတင်းဝင် နှိုက်စားတာမျိုး ပုဆိုး၊ အင်္ကျီ၊ ဆပ်ပြာ အခြားပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ အတင်းတောင်း အတင်းယူတာမျိုး သူကိုမကျွေးရင် မပေးဘူးဆိုရင် အကြောင်းအရာအမျိုးမျိုးနဲ့ စိတ်ဆင်းရဲအောင် ခြိမ်းခြောက်ကြိမ်းမောင်းပြီး တစ်ဘက်လူကို အနှောင့်အယှက်ပေးကြပါတယ်။

**လောင်းကစားလုပ်၍**

တချို့သော အကျဉ်းသားတွေကတော့ လောင်းကစားမျိုးစုံကို ပြုလုပ်ကြပါတယ်။ ပိုက်ဆံကြေး ကျားထိုးခြင်း၊ ချက်စ်ထိုးခြင်း၊ စာအုပ်လှန်ခြင်း၊ ကော်ဖီထုပ်ပစ်ခြင်း၊ ဖဲ ရိုက်ခြင်း၊ ခြင်းလုံး၊ ဘောလုံး၊ ဘောလီဘောစတဲ့ ကစားနည်းတွေအပြင် နှစ်လုံးထိုးခြင်း၊ သုံးလုံးထိုးခြင်း ဒီလိုကစားနည်းမျိုးစုံကို နေ့စဉ်ပြုလုပ်ကာ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ သူတို့ရဲ့စားဝတ်နေရေးကို ဒီလိုနည်းနဲ့ရတဲ့ ငွေကြေးကိုနိုင်တဲ့အခါ ထောင်မှူးကို လိုင်းဝင်ပြီး အလုပ်မလုပ်ရဖို့ ပေးထားလိုက် ရှုံးတဲ့အခါ အိပ်စရာအိပ်ရာလိပ်တောင်မရှိဘဲ ပုဆိုးချုံကွေးလိုက် နိုင်လာပြန်ရင် ဘော်ဒါတွေ တပြုံကြီးနဲ့ စားလိုက် သောက်လိုက်နဲ့ အချိန်တန်တော့လည်း ဒီအတိုင်းပါပဲ။ ဒီလိုနည်းနဲ့ပဲ ဘဝကို ဖြတ်သန်းနေတဲ့အကျဉ်းသားတွေလည်း အများကြီးတွေ့ခဲ့ရပါတယ်။

**ရာထူးတစ်ခု**

တချို့အကျဉ်းသားတွေကတော့ ထောင်ပိုင်ထောင်မှူးစတဲ့သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



လိုင်းဝင်ပေးပြီး အကျဉ်းသားအရာရှိလို့(တရားဝင်) ထောင်ပိုင်ထောင်မှူးတွေ မကြာခဏ ထုတ်ဖော်ပြောဆိုလေ့ရှိတဲ့ အကျဉ်းသားချင်းအုပ်ချုပ်တဲ့ ရာထူးတစ်ခုခုကို ငွေပေးလို့ရယူပြီး တချို့သော အကျဉ်းသားတွေကတော့ ထောင်ပိုင်ကြီး ထောင်ပိုင်လေး ဦးစီးအရာရှိ ထောင်မှူးကြီး ထောင်မှူးအစရှိတဲ့ ထောင်အာဏာပိုင်တွေထဲက တစ်ယောက်ယောက်ကိုဖြစ်စေ အများကိုဖြစ်စေ အတင်းဖား အတင်းအောက်ကျခံပြီး သူ့ရဲ့ရပ်တည်မှုကို ရှာဖွေဖန်တီးပါတယ်။ ဘယ်လိုနည်းနဲ့ပဲ ရာထူးရရ ထောင်ထဲမှာ ရာထူးတစ်ခုရပြီဆိုရင် စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး အားလုံးအဆင်ပြေတဲ့အတွက် ရာထူးတစ်ခုခုရအောင် ယူကြပါတယ်။

## ပေဒင်လက္ခဏာ

ထောင်ထဲမှာ တချို့သော အကျဉ်းသားအနည်းငယ်ကတော့ လက္ခဏာကြည့်ခြင်းဖြင့် ပေဒင်တွက်ခြင်းဖြင့် ဓာတ်ရိုက်ဓာတ်ဆင်ပြုလုပ်ပေးခြင်းစတဲ့ အလုပ်တွေကို ဝါသနာပါတဲ့သူမျိုးတွေကို ကူညီပေးပြီးတော့ ထိုသူတွေ ပြန်လည်ကူညီတဲ့ပြန်တဲ့ငွေကြေး ကော်ဖီမုန့်အသုံးအဆောင်စတဲ့ပစ္စည်းတွေနဲ့ သူတို့ရဲ့စားဝတ်နေရေးကို ဖြေရှင်းကြပါတယ်။ ပေဒင်ဆရာကိုယ်တိုင် ထောင်ထဲရောက်နေတာကို ယုံကြည်မှုနဲ့ ပေဒင်လက္ခဏာမေးတဲ့ သူနဲ့ ယတြာချေခိုင်းတဲ့သူနဲ့ ဓာတ်ရိုက်ဓာတ်ဆင် လုပ်ပေးခိုင်းတဲ့သူနဲ့ သူ့အရပ်နဲ့ သူ့ဇာတ်ကတော့ အဆင်ပြေနေတာပါပဲ။

## မူးယစ်ဆေးဝါး

ကျွန်တော်နေခဲ့ဖူးတဲ့ ထောင်ရဲဘက်စခန်းမှာ မူးယစ်ဆေးဝါးကင်းတယ်ဆိုတဲ့နေရာ မတွေ့ဖူးပါဘူး။ အရင်ခေတ်တွေက ထောင်ထဲမှာ ဆေးခြောက်နဲ့အဆီ၊ ကင်တို့ဆိုတဲ့ ဘိန်းမည်းတို့သာရှိပေမယ့် အခုခေတ်မှာတော့ ထောင်ထဲကို နံပတ်ဖိုးသာမက ရာမတွေပါ ရောက်ရှိနေပါပြီ တချို့ကိုတော့ ထောင်ဝန်ထမ်းတွေကသွင်းတာဖြစ်ပြီး အများအားဖြင့်တော့ အကျဉ်းသားတွေ ကနည်းမျိုးစုံနဲ့ သွင်းတာဖြစ်ပါတယ်။ အချုပ်ရုံးထွက်ပဲဖြစ်ဖြစ် အကျ



ရုံးထွက်ပဲဖြစ်ဖြစ် ရုံးအပြန်မှာ ပါးစပ်မှသွင်း၍ မျိုချပြီး ဝမ်းဗိုက်အတွင်းသယ်ဆောင်လာသူက တစ်မျိုး၊ တချို့ကတော့ စအိုတွင်းမှာ ထည့်သွင်းသယ်ဆောင်လာသူတဖုံ အချို့ထောင်ဝင်စာလာတဲ့အိမ်တွေက စားစရာထဲမှာ ရောနှောပြီး ကွက်ကြောင်နဲ့သွင်းတာက တစ်မျိုး၊ ပုံစံမျိုးစုံနဲ့ထောင်အတွင်း မူးယစ်ဆေးဝါးတွေက ဝင်ရောက်လာပါတယ်။ တချို့ကတော့ မိမိကိုယ်တိုင် သုံးစွဲဖို့ပဲဖြစ်ပြီး တချို့ကတော့ သုံးလည်းသုံး၊ ရောင်းလည်းရောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရေးယူထောင်ချပေမယ့် ဝန်ထမ်းရော အကျဉ်းသားတွေပါ ရပ်တန့်သွားတယ်ဆိုတာ မတွေ့ရသေးပါဘူး။ အန္တရာယ်များ မှန်းသိကြပေမယ့် အမြတ်အစွန်းကလည်း များတဲ့အတွက် ရင်းပြီး လုပ်စားကြရပါတယ်။ အင်းစိန်ထောင်မှာရော မန္တလေးထောင်မှာပါ မကြာခဏ ဘိန်းစားတွေ တိတ်တိတ်ပုန်း ပြဿနာတွေ ကြိတ်ပြီးဖြစ်ပါတယ်။ ထောင်ထဲမှာတစ်ခါတစ်ရံ ပစ္စည်းပြတ်တဲ့အခါ သူတို့လုပ်စားလို့ရမယ်လို့ ထင်တဲ့သူကို လုပ်စားကြပါတယ်။ ဘယ်လိုလုပ်စားသလဲဆိုရင် အင်္ဂလိပ်ဆေး ပါတာစီတမော့ကို အမှုန့်ကြိတ်ပြီး နံပတ်ဖိုးဆိုပြီးရောင်းတဲ့ ပြဿနာပါ။ သံချွန်နဲ့ထိုးမယ် ပေါက်တူးနဲ့ခုတ်မယ်ဆိုတဲ့ကြိတ်ပွဲတွေ မကြာခဏပါ။ ဒါကြောင့် တချို့အကျဉ်းသားတွေကတော့ သူတို့ရဲ့စားဝတ်နေရေးကို ဒီလိုနည်းနဲ့ ဖြေရှင်းကြပါတယ်။

## ကွမ်းယာရောင်း၍

ထောင်ထဲမှာ တချို့သောအကျဉ်းသားတွေကတော့ ကွမ်းယာရောင်းပြီး သူတို့ရဲ့စားဝတ်နေရေးကို ဖြေရှင်းကြပါတယ်။ ကွမ်းယာရောင်းစားတယ်ဆိုတာ လွယ်တယ်လို့မထင်ပါနဲ့။ အရင်က ထောင်ထဲမှာ ထောင်ပိုင်တစ်ယောက်ကို အမိန့်တစ်မျိုးနဲ့ အုပ်ချုပ်တဲ့အခါ ကွမ်းယာစားတဲ့ ထောင်ပိုင်လက်ထက်ရောက်ရင် ကွမ်းယာစားတာကို အပြစ်မပြောဘဲ မသိချင်ယောင်ဆောင်နေပေမယ့် ကွမ်းမစားဘဲ ဆေးလိပ်ကြိုက်တဲ့ ထောင်ပိုင်လက်ထက်ဆိုရင်လည်း လုံးဝကွမ်းမစားရတဲ့အမိန့်က ထွက်လာတတ်သလို၊ ဆေးလိပ်၊ ကွမ်းဘာမှမသုံးစွဲတဲ့ ထောင်ပိုင်လက်ထက်ဆိုရင်လည်း တချို့ ထောင်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေက ဘာမှမပြောပေမယ့် တချို့ထောင်ပိုင်တွေကတော့ ဆေးလိပ်ရော၊ ကွမ်းရော ဘာတစ်ခုမှ သောက်စားတာ မလုပ်ရပါဘူး။ (၁၉၉၆)ခုနှစ်မှ (၂၀၁၄)အထိ အမြဲတမ်းပြောင်းလဲနေတဲ့အမိန့်တွေကို ဘယ်လိုပဲထွက်လာပါစေ အကျဉ်းထောင်ဝန်ထမ်းတွေကတော့ အဲဒီအမိန့်တွေကို စတင်ဖောက်ဖျက်တယ်။ သူတို့အမြဲပြောတဲ့အကြောင်းပြချက်ကတော့ ဒီဆေးလိပ်ကွမ်းရောင်းစားတာဘာဖြစ်လဲ ငါတို့က သူတို့လို အိမ်ကိုလာပြီး ငွေသိန်းချီပေးတဲ့ လိုင်းဝင်သူမရှိဘူး။ သူတို့လို အိမ်ကို လာပေးတဲ့သူတွေရှိနေရင်တော့ ငါတို့လည်း ဘယ်ဒါတွေ သွင်းနေမှာလဲ။ ခန့်ခန့်ကြီးနေမှာပေါ့ ငါတို့ရိက္ခာလစာနဲ့ မိသားစုစားဝတ်နေရေး ဘယ်လိုမှ လောက်ငှာဘူး။ ဒါကြောင့် ငါတို့ကို ပြဿနာရှာ ဖမ်းဆီးအရေးယူရင် ငါတို့ကလည်း သူတို့ငွေယူပြီး ထောင်ထဲမှာ လုပ်စားနေတဲ့အကြောင်းတွေကို အထက်ကိုတိုင်မယ်ဆိုတဲ့စကားကို မကြာခဏပြောတာကို နားထောင် ခဲ့ဖူးပါတယ်။ ဒီလို အထက်အောက် မညီမျှတဲ့အတွက်ကြောင့်လည်း ထောင်မှူးတွေ၊ ထောင်ပိုင်တွေကို အကျဉ်းသားနဲ့ ဝန်ထမ်းပေါင်းပြီး မကြာခဏ တိုင်နေကြတာပါ။ အကျဉ်းထောင်ထဲကနေ တိုင်စာတစ်စောင် အပြင်ကို ရောက်ဖို့ဆိုတာ မလွယ်ပါဘူး။ ကိုယ့်အထက်လူကြီးတွေ တရားမျှတမှုမရှိလို့ မှန်ကန်တဲ့လုပ်ဆောင်ချက်တွေ မရှိလို့ မကျေနပ်တဲ့ အကြပ်ဝန်ထမ်းတွေက ထောင်ရဲ့အတွင်းရေးကို တိတိကျကျသိတဲ့ထောင်ပိုင် ထောင်မှူးတွေကို မကျေနပ်တဲ့အကျဉ်းသားနဲ့ ပူးပေါင်းပြီး ဝန်ထမ်းတွေကိုယ်တိုင် တိုင်စာတွေပို့ပေးတာပါ။

ထောင်ထဲမှာ မကြာခဏ ရှာဖွေရေးတွေလုပ် ဗူးတံခါးအဝင်မှာ တာဝန်ကျဝန်ထမ်းတွေကို ရှာဖွေစစ်ဆေးမှုတွေပြုလုပ်တဲ့အခါမှာ ဝန်ထမ်းတွေက ကွမ်းရွက်တွေကို ခြေသလုံးပတ်ချာလည်မှာ သားရေပင်နဲ့ပတ် အပေါ်က ခြေအိတ်စွပ်လို့ လယ်ရှည်ဖိနပ်ကြီးစီး အောက်ခံဘောင်းဘီထဲမှာ နှပ်ဆေးထုပ်တို့၊ ကွမ်းသီးစိတ်တို့ထည့်ပြီး အဲဒီလိုထောင်ထဲကို မရောက်ရောက်အောင် သယ်ယူလာကြပါတယ်။ ကွမ်းအရမ်းကြိုက်တဲ့ အကျဉ်းသားက ဝန်ထမ်းတွေကို ခြေအိတ်ချွတ်တာနဲ့ ကွမ်းရွက်ကိုယူ အောက်ခံဘောင်းဘီထဲက ထွက်လာတဲ့ကွမ်းသီးကိုယူလို့ ရေမဆေးဘဲ ချက်ချင်းစားလိုက်ပြီး



အခုမှပဲ ကွမ်းရင်းပြေတော့တယ်တဲ့။ ဒီလိုအဖြစ်အပျက်တွေကို အကြိမ်ပေါင်းများစွာတွေ့မြင်ခဲ့ရပါတယ်။ ခိုးကြောင်ခိုးဝှက် ဝယ်ယူရောင်းချနေတဲ့ အဲဒီကွမ်းယာရောင်းစားတဲ့အကျဉ်းသားက အဆောင်ကိုင်ထောင်မှူးကိုလည်းကောင်း၊ ဒုအဆောင်မှူးကိုလည်းကောင်း၊ တန်းစီးချုပ်ကိုလည်းကောင်း အလကားကွမ်းကျွေးရပါတယ်။ မကျွေးရင် ပြဿနာရှာမှာစိုးလို့ပါ။

## ဝတ္ထုစာအုပ် မဂ္ဂဇင်းစာအုပ်ငှားချ

ကျွန်တော်နေခဲ့တဲ့ (၁၉၈၄)ခုနှစ်မှ (၂၀၀၀)ခုနှစ်တိုင်အောင် ထောင်ထဲမှာ စာရေးရတယ်။ စာဖတ်ရတယ်ဆိုတာ ကျွန်တော် ကြားတောင်မကြားဖူးပါဘူး။ အရင်က ကျွန်တော်တို့ထောင်ထဲမှာ စာဖတ်ရတယ်ဆိုတာ ဆေးလိပ်ဖင်စီခံမှာပါတဲ့ဟိုတစ်စ ဒီတစ်စကိုပဲ ဖတ်ကြရတာပါ။ အရင်ခေတ်က ခေါက်ဆွဲကြော်ဆိုင်မှာ ခေါက်ဆွဲကြော်ဝယ်ရင် အင်ဖက်နဲ့အတူ သတင်းစာရွက်ပါရောပြီး ခေါက်ဆွဲကြော်ထုပ်မှာ ပါလာပါတယ်။ ဆီတွေပေနေတဲ့ သတင်းစာစာရွက်ပါ ခေါက်ဆွဲကြော်စားချင်စိတ်ကြောင့်ဖြစ်စေ မသိနားမလည်လို့ဖြစ်စေ (၁၉၉၀)ခုနှစ်က ကျွန်တော်အချုပ်ရုံးပြန် တစ်နေ့မှာ အင်းစိန်ထောင် ဗူးတံခါးထဲမှာ အချုပ်သားတစ်ယောက်ကို ဗူးတာဝန်ကျဝန်ထမ်းတစ်ယောက်က ပါးကို ဘယ်ညာရိုက်နေတာ တွေ့ခဲ့ဖူးပါတယ်။ အပြစ်က ခေါက်ဆွဲကြော်ထုပ်မှာ သတင်းစာတစ်ရွက် ပါလာလို့ပါတဲ့။ အစိုးရက အများပြည် သူကို သိစေချင်တာတွေ သိရအောင် တရားဝင်ထုတ်ထားတဲ့ ဒီသတင်းစာ ဆီပေနေတဲ့ စာရွက်တစ်ရွက်ကြောင့် ပါးကိုငါးချက်ခြောက်ချက်လောက် အရိုက်ခံလိုက်ရတဲ့ အဖြစ်အပျက်ကို မြင်ရတဲ့ ကျွန်တော် ဘယ်မေ့မှာလဲ။ ဒါကြောင့်လည်း ဒီစာကို ရေးနိုင်တာပါ။

(၂၀၀၀)ခုနှစ်လောက်ကစပြီး အိုင်စီအာစီဝင်ချိန်မှစလို့ ထောင်ထဲမှာ စာဖတ်ခွင့်ရလာတာပါ။ သုံးလေးနှစ်လောက်ပါပဲ။ အိုင်စီအာစီ ဝင်ခွင့်မရတော့တာနဲ့ ထောင်ထဲမှာ စာအုပ်တွေမရှိတော့ပါဘူး။ မန္တလေးထောင်ပြင်က အကျဉ်းဦးစီးစာကြည့်တိုက်ထဲ ရောက်သွားတာပါ။ အဲဒီအချိန်ကစလို့ ထောင်ထဲမှာ အချစ်ဝတ္ထု၊ သိုင်းဝတ္ထု၊ မဂ္ဂဇင်းတွေ ငှားစားတဲ့သူတွေ ရှိလာတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကိုယ်တိုင်လည်း စာအုပ်ငှားစားဖူးပါတယ်။ (၂၀၀၃) ခုနှစ်မှာပါ။

## ခိုးစားခြင်း

ထောင်ထဲမှာ မိမိရဲ့ အသက်ရှင်နေထိုင်မှုအတွက် ပုံစံအမျိုးမျိုး အခက်အခဲတွေကို ဖြတ်သန်းကြတဲ့အခါ သူတို့ကျွမ်းကျင်ရာအလုပ်ကို လုပ်ကြတဲ့သူတွေထဲမှာ စားဝတ်နေရေးကို ခိုးဝှက်ပြီး ဖြေရှင်းကြတဲ့သူ တွေကလည်း သူ့လိုင်းနဲ့သူတော့ ဟုတ်နေတာပါပဲ။ ပုံစံအကျႌ၊ ပုံစံပုဆိုး၊ အရပ်ဝတ်ပုဆိုး၊ အကျႌ၊ စောင်တွေအပြင် ငါးခြောက်ကြော်၊ ငါးပိကြော်၊ ကော်ဖီမုန့်၊ ပိုက်ဆံဘယ်အရာမှ မရှောင်ပါဘူး တွေ့သမျှ၊ နှောင်သမျှ အကုန်လုံးကို ခိုးကြတာပါပဲ သူခိုးတွေအကြိုက်ကတော့ ပိုက်ဆံပါပဲ။ ထောင်ထဲမှာ ပိုက်ဆံတရားဝင်ကိုင်မရတဲ့အတွက် တစ်စုံတစ်ယောက်က ပိုက်ဆံပျောက်သွားရင်တောင် တရားဝင် ဘယ်သူကိုမှ တိုင်လို့မရပါဘူး။ ရင်းနှီးပတ်သက်ရာတွေကို တိုးတိုးတိတ်တိတ်မြော်ပြီး ဆန်စက်ဖြစ်စေ သုံးပုံ နှစ်ပုံဖြစ်စေ ပြန်ရအောင် မနည်းကြိုးစားရပါတယ်။ အခန်းလူကြီးတို့၊ တန်းစီးချုပ်တို့၊ စည်းကမ်းထိန်းဘုတ်ကိုင်တို့ဆိုတဲ့သူတွေ နဲ့ပတ်သက်ရင် တော့ နည်းနည်းပြန်ရနိုင်ပါတယ်။ ဒီလိုလူတွေနဲ့ မပတ်သက်ရင်တော့ ပိုက်ဆံပျောက်တာ လာတိုင်ရမလားဆိုပြီး အရိုက်ပါ ခံရနိုင်ပါတယ်။ အဆောင်တစ်ခုမှာ ဘယ်သူတွေ ဘာလုပ်စားတယ်ဆိုတာ အကျဉ်းသား အချင်းချင်းပဲ သိကြပါတယ်။ ကိုယ်နဲ့မဆိုင်ရင် ဝင်ရောက်စွက်ဖက်လို့မရပါ ဘူး။ အဆောင်ဧရိယာကျဉ်းကျဉ်းလေးမှာ အချိန်မရွေး အရိုက်ခံရ သံချွန် အထိုးခံရ၊ အသတ်ခံရနိုင်ပါတယ်။ တိကျမှန်ကန်တဲ့အုပ်ချုပ်မှု ဥပဒေအမှန် တရားဆိုတာ ထောင်ထဲမှာ၊ ရဲဘက်စခန်းမှာ ကျွန်တော်ပြန်လာတဲ့ (၃-၁- ၂၀၁၄) ခုနှစ်ထိအောင် မတွေ့ခဲ့၊ မမြင်ခဲ့ပါဘူး။ ဒါကြောင့်လည်း အပြင် လောကမှာ ခိုးဝှက်စားသောက်ပြီး ထောင်ကျလာသူတွေက ထောင်ထဲ မှာလည်း ဆက်လက်ခိုးဝှက်ပြီး စားသောက်ရှင်သန်နေကြတာကို အမြဲ မြင်တွေ့ခဲ့ရပါတယ်။

(၂၀၀၉)ခုနှစ်ထဲမှာ နှစ်ဆန်းပိုင်းကစလို့ ထောင်ပြောင်းတွေ တစ်သုတ်



ပြီးတစ်သုတ် မန္တလေးထောင်ကနေ တခြားထောင်တွေကို ပြောင်းရွှေ့နေပါ ပြီ။ ထောင်ပြောင်းသွားရတဲ့သူအများစုဟာ ထောင်ထဲမှာ အနေကြာ သူများ ငွေကြေးမပေးနိုင်သူများသာ အများစုအဖြစ် မြင်နေရပါတယ်။ ကျွန်တော် စည်းကမ်းထိန်းဘုတ်ကိုင် လုပ်နေပေမယ့် အရာရှိဝန်ထမ်းတွေနဲ့ ဆက်ဆံရေး ဟာ တာဝန်ပိုင်းအရ ခေါ်ပြောဆက်ဆံနေပေမယ့် ရင်းနှီးမှု၊ နွေးထွေးမှု လုံးဝမရှိပါဘူး။ ကျွန်တော်ကလည်း ထောင်ထဲမှာ (၁၃)နှစ်ကြာပြီဆိုတော့ အချိန်မရွေး လွတ်သွားနိုင်တယ်လို့ထင်ပြီး ခပ်မာမာပဲ ပြောဆိုနေထိုင်ပါ တယ်။ ဒီလိုနဲ့ (၂၀၀၉)ခုနှစ် (၇)လပိုင်း၊ (၂၀. ၂၁. ၂၂)ရက်တွေမှာ ထောင်ပြောင်းမယ့်သူတွေကို တစ်သုတ်ပြီး တစ်သုတ်ခေါ်ယူပြီး ဝရမ်း တိုက်စစ်ဆေးနေပါတယ်။ (၂၃)ရက်နေ့ ညနေပိုင်း ထောင်ပြောင်းခေါ်ယူ ဝရမ်းစစ်သူတွေထဲမှာ ကျွန်တော့်နာမည်ပါလာပါတယ်။ ဒါကြောင့် မိန်းဂျေး မှာ အများနည်းတူ သွားရောက်ထိုင်ပြီး ဝရမ်းနဲ့ လူတိုက်စစ်ပါတယ်။ နောက် တစ်နေ့ညနေပိုင်း(၂၄)ရက်နေ့မှာ အမည်စာရင်းခေါ်ပြီး ခြေချင်းခတ်ပါ တယ်။ ထောင်ပြောင်းဖို့ကတော့သေချာသွားပါပြီ။ မြင်းခြံထောင်ကို ပြောင်း ရမယ်ဆိုတာလည်းသတင်းက အတိအကျရထားပါပြီ။ အဲ့ဒီနေ့ညနေ ကျွန်တော်တို့ အမှတ်(၃)အိပ်ဆောင်၊ အခန်း(၆)မှာအိပ်ရပါတယ်။ မနက် (၃)နာရီလောက်မှာ အပေါ့အပါးသွားဖို့နှိုးပြီး (၄)နာရီလောက်မှာ မိန်းဂျေး ကွင်းထဲမှာ ထိုင်ခိုင်းပြီး လူစစ်ကြပါတယ်။ (၅)နာရီလောက်မှာ မန္တလေး ထောင်ဗူးဝကနေထွက်လို့ ကားပေါ်ကို တတ်ကြပါတယ်။ ဗူးဝအပြင်ဘက် မှာ နာရီဝက်လောက်ကြာမှ ကား(၁၀)စီးခန့်ထင်ပါတယ်။ စတင်ထွက်ခွာပါ တယ်။ မိုးမလင်းသေးပါဘူး။ မန္တလေးမြို့ထဲကနေ ဖြတ်သန်းမောင်းနှင်ရင်း တဖြည်းဖြည်း လူနေအိမ်ခြေကျဲပြီး မြို့အပြင်ဘက်ကို ရောက်ရှိလာပါ တယ်။ ကားလမ်းရဲ့ဘေးဘယ်ညာမှာ လယ်ကွင်းနဲ့ သစ်ပင်ထန်းပင် တချို့ သာ ခပ်ကျဲကျဲပေါက်နေတာတွေ့ရပြီး တစ်ချက်တစ်ချက် မနီးမဝေးမှာ ရွာတန်းရှည်လေးတွေ လှမ်းတွေ့ရတတ်ပါတယ်။ အဲ့ဒီလို ရွာလေးတွေ အိမ်ကြို့တို့ကျဲတဲလေးတွေကို တွေ့လိုက်တိုင်း ယူနီဖောင်းဝတ်သေနတ် ကိုင်ပြီး လုံခြုံရေးယူထားတဲ့ ဝန်ထမ်းတွေကို တွေ့ရတတ်ပါတယ်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com




တို့ အကျဉ်းသားထောင်ပြောင်းအင်အားက လူ(၃၀၀)ဆိုတော့ တစ်စုံတစ် ဖြစ်ခဲ့သည်ရှိသော် ထိန်းသိမ်းနိုင်အောင် ကြိုတင်ပြင်ဆင်ထားတယ်ဆိုတာ ခန့်မှန်းမိပါတယ်။

ကားတစ်စီးကို အကျဉ်းသား(၄၀/၅၀) လောက်တင်လာတယ်ဆိုတော့ ကြပ်ညှပ်ပြီး အနေရခက်နေပါတယ်။ ဒါပေမဲ့ ဘာမှလုပ်လို့မရပါဘူး။ လမ်း မှာ မြို့ရွာစည်စည်ကားကားလေးတွေ တွေ့ရပေမယ့် ဘယ်မြို့၊ ဘယ်ရွာဆို တာ မသိပါဘူး။ မြင်းခြံရောက်ခါနီး (၁)နာရီလောက် အလိုမှာတော့ နွားထိုးကြီးဆိုတဲ့ ရွာကိုတော့ မှတ်မိပါတယ်။ နွားထိုးကြီးမြင်းခြံနဲ့ နီးနီးလေး ရောက်ခါနီးပြီး ရောက်ခါနီးပြီနဲ့ တစ်နာရီလောက်ကိုကြာတော့မှ မြင်းခြံ ထောင်ဗူးဝရှေ့ကို ရောက်လာပါတော့တယ်။

■ ■ ■

BURMESE CLASSIC .com



# မြင်းခြံ

(၂၀၀၉)ခုနှစ်၊ (၇)လပိုင်း၊ (၂၅)ရက်နေ့ နေ့လယ်(၁၂)နာရီခန့်မှာ ကျွန်တော်တို့ မန္တလေးထောင်မှ ထောင်ပြောင်းလာသော အကျဉ်းသား (၃၀၀)ဟာ မြင်းခြံထောင်ရှေ့ ဧရိယာအတွင်းမှာ ကားများရပ်ထား မိမိတို့ ဆင်းရမယ့်အလှည့်ကို စောင့်ရင်း ယခုအချိန်ကစပြီး ကိုယ်စီနေထိုင်ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကို စူးစမ်းလေ့လာလိုက်တဲ့အခါ မြင်းခြံထောင်ဗူးဝကစလို့ မျှော်စင်တွေကိုကြည့်ရင်း စိတ်ဆင်းရဲသွားကြပါတယ်။ အင်းစိန်ထောင်၊ မန္တလေးထောင်တွေရဲ့ ဗူးတံခါးကစလို့ မျှော်စင်တွေကို ကြည့်လိုက်ရင် သပ်သပ်ရပ်ရပ်၊ တောက်တောက်ပြောင်ပြောင် တွေ့မြင်ရသလို ထောင်အတွင်းထဲမှာလည်း အပြင်မှာ မြင်တွေ့ရတဲ့အတိုင်း တောက်ပြောင်သပ်ရပ်သန့်ရှင်းပါတယ်။ (ထောင်အဆောက်အဦး တည်ဆောက်ဖွဲ့စည်းပုံကိုပြောတာပါ)

မြင်းခြံထောင်ဗူးတံခါးကစလို့ မျှော်စင်တွေကို ကြည့်လိုက်ရင် စုတ်ပြတ်နေတဲ့ အရိုးစုပုံပေါ်ပေါက်နေပါတယ်။ ကျွန်တော့်ရဲ့ထောင် အတွေ့အကြုံအရ ခန့်မှန်းလိုက်ပါတယ်။ တော်တော်ဆင်းရဲမွဲတေတဲ့ ထောင်ဖြစ်လိမ့်မယ်။ သွားပါပြီလို့ စိတ်ထဲမှာ ကြိတ်ပြီး ညည်းတွားမိပါတယ်။ ကျွန်တော်တို့အရှေ့ကားတွေက သူတွေဗူးတံခါးအတွင်း တစ်သုတ်ပြီး တစ်သုတ်ဝင်ရောက်သွားလို့ကျွန်တော်တို့ကားအလှည့် ရောက်တဲ့အခါ မြင်းခြံထောင်မှ ထောင်မှူးတစ်ယောက် မင်းတို့အိပ်ယာလိပ်တွေ အကုန်လုံး အရင်တွန်းချလိုက်ကြစို့လို့ အိပ်ယာလိပ်တွေကို ကားပေါ်ကနေ အကုန်လုံးတွန်းချလိုက်ရပါတယ်။ ကားပေါ်က အိပ်ယာလိပ်တွေအကုန်လုံး တွန်းချလိုက်တဲ့အတွက် မြေကြီးပေါ် စုပုံပြီး ပေကျံကုန်ပါတယ်။ ထောင်မှူးက မင်းတို့ကားပေါ်က တစ်ယောက်ချင်းဆင်းမယ်ပြောတဲ့အတွက် ကားပေါ်က တစ်ယောက်ပြီး တစ်ယောက်ခုန်ချရင်း အိပ်ယာလိပ်တစ်ခုစီ သယ်သွားပါတယ်။ ကျွန်တော့်အလှည့်မှာတော့ ကျွန်တော့်အိပ်ယာလိပ်ကို ရအောင်ယူလိုက်ပါတယ်။ ဗူးတံခါးအတွင်းမှာ ငါးယောက်တစ်တွဲစီ ထိုင်ခိုင်းရင်း လူစစ်ပါတယ်။ လူစစ်ပြီး ထောင်အတွင်းထဲကို ဝင်ရပါတယ်။ နေ့လယ်ခင်းနေပူကြီးထဲမှာ ထမင်းမစားရသလို ရေလည်း မသောက်ရပါဘူး။ မြင်းခြံထောင် မိန်းဂျေးကွင်းထဲမှာ နေပူပူကြီး ကျွန်တော်တို့တွေကို ရှာဖွေရေးလုပ်ပြီး ဒီအတိုင်းအုပ်စုလိုက်ထိုင်နေကြပါတယ်။ မန္တလေးထောင်က ထမင်းထုပ်တွေပေးလိုက်ပေမယ့် ဘယ်အချိန် ဘယ်နေရာမှာ သွားစားရမှာလဲ။ ရေသောက်ဖို့လည်း စီစဉ်မပေးပါဘူး။ နေ့လယ် (၁၂)နာရီမှာ မြင်းခြံထောင်ရှေ့ရောက်ပြီး နေ့လယ် (၁)နာရီမှာတော့ မြင်းခြံထောင်တွင်းထဲက မိန်းဂျေးကို ရောက်ပါပြီ။



ကျွန်တော်တို့ထောင်ပြောင်းလာတဲ့ အကျဉ်းသား (၃၀၀)ကို ခြေချင်းဖြုတ်ပေးနေပါတယ်။ ညနေ (၄)နာရီ၊ (၃၀)မိနစ်လောက်မှာ ကျွန်တော်တို့အကုန်လုံး ခြေချင်း ဖြုတ်ပြီးပါပြီ။ အမျိုးသားအိပ်ဆောင်(၂)ထဲကို အကုန်လုံးခေါ်သွားပြီး နှစ်ယောက်တန်းစီထားရပါတယ်။ တစ်တန်းကို လူ(၁၅၀)စီပါ။ သူတို့ချင်းစကားတွေပြောပြီး အမှတ်(၁) အိပ်ဆောင်ထောင်မှူးကို တန်းစီထားတဲ့ (၂)တန်းထဲက ကြိုက်တဲ့တစ်တန်းကို ယူခိုင်းနေတာကြားနေရပါတယ်။ ဒုက္ခရောက်လာတဲ့အကျဉ်းသားထောင် ပြောင်းတွေကို နွားသွားဖြူသလိုကြည့်ပြီး (၁)ဆောင်ထောင်မှူးက ညာဘက် (၁)တန်းကို ကံစမ်းမဲနှိုက်သလိုပြောရင်း ခေါ်ဆောင်သွားပါတယ်။ ဒီလိုအဖြစ်အပျက်မျိုးတွေကြောင့် ကျွန်တော် ထောင်ဝန်ထမ်းတွေကို ရွံ့တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ထောင်ကျလာတဲ့သူတွေကို ကူညီစောင့်ရှောက်ဖို့ဆိုတာ စိတ်ကူးတောင် မရှိဘဲ၊ ဘယ်သူရုပ်ပေါက်သလဲ၊ ဘယ်လောက်ရနိုင်သလဲဆိုတဲ့အတွေးတွေသာ အမြဲလွှမ်းမိုးနေတဲ့သူတို့စရိုက်ကို ဘေးလူတွေက မြင်တွေ့နေပေမယ့် သူတို့ကတော့ ယူနီဖောင်းဝတ်ပြီး လူကောင်းလိုလို သူတော်ကောင်းလိုလို လုပ်နေကြတာကို ဘယ်သူမှ ဘာမှပြောလို့မရ မမြင်ရတဲ့အုတ်ရိုးအတွင်းမှာ ဖြစ်ချင်ဖြစ်တိုင်းဖြစ်နေတာကြာပါပြီ။ ကျွန်တော်တို့ကျန်ခဲ့တဲ့အတန်းက သူတွေကို ထပ်မံအခန်းခွဲပြန်ပါတယ်။ ကျွန်တော်က အခန်း(၉)မှာ အိပ်ယာလိပ်တွေချ၊ ပစ္စည်းတွေချနေချိန်မှာ ပုံစံအခန်းမှာအားလုံးစုရမယ်လို့ အမိန့်က ဝင်လာပြန်ပါတယ်။ ဒါနဲ့အခန်း(၉) ခန်းလူကြီးက မင်းတို့ပစ္စည်းတွေထားခဲ့လူတွေသာ သွားကြလို့ပြောချိန်မှာ ဘာကောင်မှန်းမသိရတဲ့ မျက်လုံးတစ်ဖက်ကန်းနေတဲ့တစ်ယောက်က ရှာဖွေရေးလုပ်ထားလိုက်မယ်လို့ပြောတဲ့အခါ ကျွန်တော်တို့နဲ့အတူပါလာတဲ့ မန္တလေးသားကြောင်ပါးဆိုသူက ငါတို့မရှိတုန်း ရှာဖွေရေးမလုပ်နဲ့ ငါတို့ပစ္စည်းပျောက်ရင် ဘယ်သူတာဝန်ယူမှာလဲ။ ဒီလိုမေးမြန်းချိန်မှာ မျက်စိတစ်ဖက်မရှိတဲ့သူက ကြောင်ပါးကို မင်းက ဘာကောင်မို့ လူပါးဝတာလဲလို့ မေးမြန်းပြီးရှေ့တိုးလာချိန်မှာ ကျွန်တော်က ကြားဝင်ပြီး ပြဿနာမဖြစ်ပါနဲ့ကွာလို့ ပြောဆိုလိုက်ပါတယ်။ အဲဒီအချိန်မှာ တစ်ဖက်လူက ထိုးကြိတ်ရိုက်နှက်မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် သေချာပေါက် ကျွန်တော်က ပြန်လုပ်မှာပါ။ ဘေးလူတွေကလည်း ဝိုင်းဝန်းပြောတဲ့အတွက် ဒီလောက်နဲ့ပဲ ပြီးသွားတာပါ။ နောက်ပိုင်းမှ သိရတာက ကြောင်ပါးက မြင်းခြံထောင်မှာ ကြိုးသမားဘဝကနေ လွတ်သွားတဲ့သူဆိုတာရယ် မျက်လုံးတစ်ဖက်ကန်းနေတဲ့ မောင်သောင်းဆိုတဲ့ မုဒိန်းမှု လူသတ်မှုနဲ့ ထောင်ကျပြီး ဘာကောင်မှမဟုတ် ဆံပင်ညှပ်စားရတဲ့သူဆိုတာရယ်၊ အရင်ထဲက ကြောင်ပါးနဲ့ မောင်သောင်းမတည့်ဘူးဆိုတာရယ် အားလုံးနောက်တော့ သိရပါတယ်။ အဲဒီပြဿနာက ဒီလောက်နဲ့ ပြီးသွားလို့ ကျွန်တော်တို့ ကံကောင်းတယ်ဆိုတာ မကြာခင်သိရပါတယ်။ ဒီလိုစကားများပြီး ကိုယ့်ပစ္စည်းကိုယ် သယ်သွားဆိုတဲ့ အမိန့်နဲ့အိပ်ယာ လိပ်တွေ၊ ခွက်တွေ တိုလီမုတ်စတွေကို သယ်ပြီး ပုံစံခန်းလို့ခေါ်တဲ့အခန်း(၆)ကို သွားရောက်နေ ထိုင်ရပြန်ပါတယ်။ တန်းစီးချုပ်လို့ဆိုတဲ့သူက ကျွန်တော်တို့ ထောင်ပြောင်းလူသစ်(၅၀)ကို ရွေးချယ်လို့ သူ့ကြိုက်တဲ့သူကို ကြိုက်တဲ့အခန်းပို့နေတာကို ကျွန်တော်တို့က ထိုင်ကြည့်နေရပါတယ်။ ကျွန်တော့်အလှည့်ရောက်ပါပြီ။ ကျွန်တော် မတ်တပ်ရပ်ပြီး အိပ်ယာလိပ်ယူချိန်မှာ တန်းစီးချုပ်ဆိုသူက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ခင်ဗျားက ကျော်ကြီးဆိုတာလားလို့ မေးပါတယ်။ ကျွန်တော်က ငါကျော်ကြီးမဟုတ်ဘူး။ ငါ့နာမည်က ( )ဆိုပြီး ဖြေလိုက်ပါတယ်။ တန်းစီးချုပ်က ခင်ဗျား ဒီအခန်းမှာနေခဲ့လို့ ပြောတဲ့အတွက် ကျွန်တော် ပြန်ထိုင်နေရပြန်ပါတယ်။ တန်းစီးချုပ်မေးတဲ့ ကျော်ကြီးဆိုတာက ကျွန်တော်တို့ အင်းစိန်သားဖြစ်ပြီး ပုသိမ်ထောင်မီးရှို့တဲ့ ပြဿနာနဲ့ ရန်ကုန်အင်းစိန်ထောင်ကိုပို့ ထိုမှတစ်ဆင့် မန္တလေးထောင်တိုက်ထဲမှာ လအတန်ကြာနေပြီး တိုက်ပွင့်ပြီး နှစ်ကြီးဆောင်ကိုရောက် ယခု ကျွန်တော်နဲ့အတူ ထောင်ပြောင်းပါလာပြီး အမှတ် (၁)အိပ်ဆောင်ဘက်ကို ပါသွားသူကို မေးတာပါ။ ဘာကြောင့်မေးတယ် ဘာသဘောနဲ့ မေးတယ်ဆိုတာ မသိရပါဘူး။ ကျွန်တော်ကလည်း ထောင်(၅၈)နှစ်ကျထားပြီး ထောင်ထဲမှာ (၁၃)နှစ်လောက်ကြာပြီဆိုတော့ ဘယ်ထောင်ပဲရောက်ရောက် ဘယ်သူပဲဖြစ်ဖြစ် သိပ်ပြီးလုံးဝဂရုမစိုက်တော့ပါဘူး။ ကိုယ့်ကို လုပ်မယ်ထင်ရင် လက်ဦးအောင်လုပ်ဖို့ပဲ စဉ်းစားထားပါတယ်။ အခုလက်ရှိပုံစံအတိုင်းဆိုရင်တော့



ထူးခြားမှုရှိနေပါပြီ။ အကောင်းအဆိုး ဘယ်လိုဖြစ်ပေါ်လာမယ်ဆိုတာကိုတော့ မခန့်မှန်းနိုင်သေးပါဘူး။ ဒီလိုနဲ့ပုံစံအခန်းမှာ အတူပြောင်းလာတဲ့ မန္တလေးက လူရင်းတချို့နဲ့ဝိုင်းဖွဲ့စကားပြောရင်း ညနေစာထမင်းကို လူငယ်ပိုင်းတွေက ယူထားပေးလို့ အတူတူ ဝိုင်းဖွဲ့စားသောက်မယ့်အချိန်မှာ တန်းစီးချုပ်ဆိုတဲ့သူက သူ့ဆီမှာ ထမင်းစားဖို့ အတင်းလာရောက်ခေါ်နေပါတယ်။ မစားပါဘူးလို့ပြောပေမယ့် အတင်းခေါ်တဲ့အတွက် သွားရောက်စားသောက်လိုက်ပါတယ်။ ဆီပြန်ဟင်းသုံး ခွက်လောက်ပါပြီး အရည်သောက်တစ်ခွက်ပါစားခဲ့ရတာကို မှတ်မိနေပါတယ်။ ဒါဆိုရင်တော့ ပြဿနာမရှိလောက်ဘူးလို့ ယူဆရမှာပါ။ ထမင်းစားလို့ပြီးပြီ ထောင်ပြောင်းအဖွဲ့တွေ အိပ်ယာနေရာချနေတော့ အခန်းနောက် ဘက်ဘာယာတန်းမှာ ကျွန်တော်တို့မန္တလေးက အုပ်စုရှစ်ယောက်လောက် စုအိပ်မယ်လုပ်တော့ အခြားသူတွေကို ဘာမှမပြောပေမယ့် ကျွန်တော့်ကို ကျတော့ အဲဒီနေရာ မအိပ်ဖို့နဲ့ ခေါင်းရင်းခန်းမှာအိပ်ရန်ကို တန်းစီးချုပ်ဆိုသူက ခေါ်ယူပြောဆိုပါတယ်။ ကျွန်တော်က ရပါတယ်။ ငါတို့လူတွေနဲ့ပဲ ဒီမှာအိပ်မယ်လို့ပြောတော့ ကျွန်တော်အနေနဲ့ ဒီနေရာမှာမှ မအိပ်သင့်ကြောင်း ခေါင်းရင်းခန်းမှာသာ နေသင့်ကြောင်း ထပ်မံပြောဆိုတဲ့အတွက် ခေါင်းရင်းခန်းတန်းစီးချုပ်ဆိုသူရဲ့ဘေးမှာ အိပ်ယာလိပ်ချထားလိုက်ပါတယ်။

ကျွန်တော်တို့မန္တလေးထောင်က ထောင်ပြောင်းလာတဲ့သူတွေအားလုံးနီးပါး ဟာ တစ်ယောက်ကို ကော်ဖီထုပ် (၅၀၊ ၁၀၀)ကို အနည်းဆုံးပါသလို မုန့်ထုပ်တွေ အကြော်အလှော်စားစရာတွေလည်း လူတိုင်းနီးပါးပါလာကြတဲ့ အတွက် ဝိုင်းဖွဲ့လို့ကော်ဖီသောက်၊ မုန့်စားရင် 'အလ္လာပ၊ သလ္လာပ'ပြောဆိုနေချိန်အပြင် ဘာယာတန်းမှာ လူငယ်ပိုင်းအရာရှိတစ်ယောက် လာရောက်ရပ်နေချိန်မှာ တန်းစီးချုပ်က ဒါအဆောင်မှူးပဲ ခင်ဗျားတို့ ရန်ကုန်ကပဲလို့ ပြောပြပါတယ်။ မြင်းခြံထောင်လိုနေရာမျိုးမှာ ရန်ကုန်သားအရာရှိ တစ်ယောက်တွေ့လိုက်ရတော့ ကျွန်တော်က ဝမ်းသာအားရနှုတ်ဆက်ရင်း မေးမြန်းလိုက်ပါတယ်။ ဆရာက ရန်ကုန်ဘယ်မြို့နယ်က ဘာလဲလို့ မေးတော့ သူက ကျွန်တော် တွံတေး ကလို့ ပြောပါတယ်။ ကျွန်တော်က ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်ဆရာရယ် တွဲတေးဆိုတာလည်း ရန်ကုန်တိုင်းထဲကပါပဲ။ ကျွန်တော်တို့က ရန်ကုန်နယ်မြေနဲ့ ဝေးကွာနေတော့ ဒီလိုနေရာမှာ ဆရာ့ကို တွေ့ရတာ ဝမ်းသာပါတယ်လို့ ပြန်လည် ပြောဆိုလိုက်ပြီး ဆရာ(၉၆)ခုနှစ်က ဘယ်မှာရှိပါသလဲလို့မေးလိုက်ပါတယ်။ သူက ကျွန်တော်(၉၆)ခုနှစ်က ရုံးချုပ်မှာ ရှိပါတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ကို မသိဘူးလားလို့ မေးမိပါတယ်။ ကျွန်တော်မေးတဲ့ အဓိပ္ပာယ်က အဲဒီခုနှစ်က ကျွန်တော်တို့ ဖြစ်တဲ့အမှုက နာမည်ကြီးပြီး ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် အင်းစိန်ရဲစခန်း အချုပ်မှာ လာရောက်ကြည့်ရှုသွားပြီး သူ့ရဲ့ဖိအားတွေနဲ့ နှစ်ကြီးကျခဲ့တာပါ။ ဒါကြောင့် သိမလားလို့မေးလိုက်တာပါ။ ထောင်မှူးက မသိပါဘူးလို့ ပြန်ပြောပြီးပြန်သွားပါတယ်။ ညကိုးနာရီ အိပ်ချိန်သံချောင်းခေါက်လို့ ကျွန်တော်တို့လည်း စကားဝိုင်းရပ်ပြီး တစ်နေ့ကုန်ပင်ပန်းထားတဲ့ အရှိန်တွေနဲ့ အိပ်ပျော်သွားတာ မနက်ငါးနာရီ ဘုရားရှိခိုးချိန်ကျမှ နိုးပါတော့တယ်။ ဘုရားကန်တော့ပြီး တန်းစီထိုင်နေကြရပါတယ်။ (၆)နာရီမှာ တာဝန်ကျအကြပ်ဒုဆောင်မှူးဆိုသူက တန်းဖွင့်လူစစ်ပြီး ကျွန်တော်တို့ကတော့ ဆက်လက် တန်းထိုင်နေကြပါတယ်။ နံနက်(၆)နာရီခွဲလောက်မှာ အခန်းထဲက အကျဉ်းသားတွေ အကုန်လုံး အိပ်ဆောင်(၂)အောက်ထပ် အနောက်ဘက်ဘာယာတန်းမှာ ပဲကြီးညှစ်ဖို့ သွားကြရပါတယ်။ ကျွန်တော်လည်း ဘာမှန်းမသိလို့ လိုက်သွားပြီး ပဲညှစ်ရမယ်ဆိုတော့ အဆောင်အပေါ်ကို ပြန်တက်လာပါတယ်။ တန်းစီးချုပ်လုပ်သူက ခင်ဗျားပဲမညှစ်ပါနဲ့ ပဲကြီးအိတ်ထဲက ရေစိမ်ပြီးသားပဲတွေကို သူများတွေ ညှစ်ဖို့သွန်ပြီး လိုက်ပုံပေးပါလို့ပြောပါတယ်။

ကျွန်တော်က ထောင်ထဲမှာ (၁၃)နှစ်လောက်ကြာပြီး နှစ်အများကြီးကျန်နေတဲ့အတွက် မန္တလေးထောင်ထဲက ဆုံးဖြတ်ပြီးသားပါ။ မန္တလေးသားက၊ တွတ်ပီတို့က တက်တူးအရုပ်ထိုးပေးရင်း မန္တလေးထောင် အမှတ်(၃) အိပ်ဆောင်အခန်း(၁)ထဲမှာ ထောင်ပြောင်းခါနီး နောက်နေကြပါသေးတယ်။ လူမိုက်ကြီး ခင်ဗျားသွားရမယ့် မြင်းခြံထောင်က တော်တော်ဆိုးတယ်ကြားတယ်။ ခင်ဗျားဟိုရောက်ရင် ဘယ်လိုလုပ်မလဲလို့ နောက်ပြောင်နေပါတယ်။ ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။ ကျားဆိုတာ နယ်မရွေးဘူး



တောထဲမှာလည်း ကျားဖြစ်သလို လှောင်အိမ်ထဲမှာလည်း ကျားပါပဲ။ မင်းတို့သတင်းနားထောင်ကြလို့ ပြန်လည်ပြောဆိုဖူးတဲ့ စကားအတိုင်း ကျွန်တော်မြင်းခြံထောင်မှာ သူများတွေနဲ့တန်းတူ ပဲကြီးညှစ်ရတယ်ဆိုရင် ဒီသတင်း မန္တလေးထောင်ကို ရောက်သွားရင် ကျွန်တော် အရှက်ကွဲပြီပေါ့။ မန္တလေးထောင်မှာ ထောင်ပြောင်းခါနီးအထိအောင် ၈ည်းကမ်းထိန်းဘုတ်ကိုင်လုပ်ပြီး အခုထောင်ပြောင်းလာတဲ့ လားရှိုးက သူတွေကို ချာရိုးသန့်ရှင်းရေးခိုင်းလာတာ ဒီထောင်ရောက်မှ သူတို့နဲ့ မျက်နှာချင်းဆိုင် ပဲကြီးညှစ်ရမယ်ဆိုရင်တော့ တိုက်ထဲမှာပဲ နေတော့မယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ဒါကြောင့် တန်းစီးချုပ်ကို ပြောလိုက်ပါတယ်။ ငါ ဘာမှမလုပ်နိုင်ဘူးကွာလို့ပြောရင်း ပေးသင့်တဲ့ငွေတော့ ငါပေးမယ်။ သူများတွေလို မပေးနိုင်ဘူးလို့ ပြောလိုက်တော့ သူက ဘာမှမပြောတော့ဘဲ ထွက်သွားပါတယ်။ ကျွန်တော်တို့ ထောင်ပြောင်း (၃၀၀)မှာတစ်ဆောင် (၁၅၀) စီခွဲတဲ့အထဲက အမှတ်(၁) အိပ်ဆောင်က (၁၅၀)ကတော့ ဘယ်လိုလုပ်ကြသလဲမသိပါဘူး။ ကျွန်တော်တို့ ဒီဘက်ကလူ (၁၅၀)ထဲမှာ ပဲကြီးမညှစ်ရတာ ကျွန်တော်တစ်ယောက်ပဲ ရှိပါတယ်။ မြင်းခြံထောင်က ကြိုးသမား ဘဝကနေလွတ်လာလို့ နောက်တစ်ခေါက် ပြန်ထောင်ကျလာတဲ့ ကြောင်ပါးတောင်ပဲ မညှစ်ရပေမယ့် ပဲကြီးအိတ်ကို လိုက်သွန်လိုက်ပုံပေးရပါတယ်။

ကျွန်တော် မန္တလေးထောင်ကနေ မြင်းခြံထောင်ကို ပြောင်းရွှေ့ရောက်ရှိသွားကြောင်း ရန်ကုန်တိုင်းအင်းစိန်မြို့နယ်က အမေနဲ့ညီမတွေဆီကို ဝန်ထမ်းဝဏ္ဏကျော်ကို ဖုန်းဆက်ခိုင်းလိုက်ပါတယ်။ တစ်ပတ်အတွင်း ထောင်ဝင်စာလာမယ်လို့ ညီမလေးက ပြန်ပြောကြောင်း ဝန်ထမ်းဝဏ္ဏကျော်က ပြန်လည်ပြောပါတယ်။ ထောင်ထဲမှာ ဘယ်လောက်ကြာကြာ နည်းနည်းပါးပါးမှ မပေးရင် အခက်အခဲတွေ အဖုအထစ်တွေ ဖြစ်လာမှာပဲ။ ဒါကြောင့် ခပ်ပါးပါးတော့ ပေးတော့ပေးရမှာပါပဲ။ နယ်မြေသစ်မှာ ဘယ်သူက ဘာလဲ၊ ဘယ်လောက်ထိ အစွမ်းထက်သလဲဆိုတာ သွားလာစားသောက်ရင်း အကဲခတ်လေ့လာရပါတယ်။ မြင်းခြံထောင်မှာ အမျိုးသား အိပ်ဆောင် (၂)ခုသာ အဲဒီအချိန်ကရှိတာပါ။ အမှတ်(၃)အိပ်ဆောင်

www.burmeseclassic.com



ဆိုတာက လပိုင်းသာထောင်ကျတဲ့အပြင် ဘုတ်သမား၊ အကျဉ်းသား (၃၀/၄၀)လောက်သာ ရှိတာပါ။ ထောင်သေးဆိုတော့ လူအင်အားမရှိပါဘူး။

ယောကျ်ားလေး၊ မိန်းကလေး၊ ထောင်ကျအချုပ် စုစုပေါင်းလို့ လူအင်အား(၁၅၀၀)လောက်သာ အများဆုံးရှိတာပါ။ ကျွန်တော်တို့ရောက်ရှိချိန် (၂၀၀၉)ခုနှစ် (၇)လပိုင်းမှာတော့ မြင်းခြံထောင်မိန်းဂျေးစည်းကမ်းထိန်း ဘုတ်ကိုင်လုပ်သူက စိုးသိန်း(ခ) စစ်သားကြီးဆိုသူဖြစ်ပြီး စစ်တပ်မှ ထောင်ကျသူလို့ သိရပါတယ်။ အမှတ်(၁)အိပ်ဆောင်ကို အုပ်ချုပ်တဲ့အကျဉ်းသားတန်းစီးချုပ်က ( )ဆိုသူဖြစ်ပြီး သဘောထား ပျော့ပြောင်းပါတယ်။ ကျွန်တော်နေတဲ့အမှတ် (၂)အိပ်ဆောင်တန်းစီးချုပ်လုပ်တဲ့သူက မြင်းခြံသား ဝင်းနိုင်(ခ) မောင်နိုင်ဖြစ်ပြီး ငွေတစ်မျက်နှာကလွဲရင် ဘယ်သူ့မျက်နှာမှမကြည့်ဘူးဆိုတဲ့သူမျိုးဆိုတာ နောက်ပိုင်းမှ သိရပါတယ်။ လောလောဆယ်မှာတော့ ကျွန်တော်နဲ့အတူ နေထိုင်စားသောက်ကြပါတယ်။ ကျွန်တော်နဲ့အတူ မန္တလေးထောင်က ထောင်ပြောင်းပါလာတဲ့ ခားပြအောင်လင်းဆိုတာရှိပါတယ်။ ကျွန်တော့်အကြောင်းကို ဝင်းနိုင်က အောင်လင်းဆီမှာ စုံစမ်းတယ်ထင်ပါတယ်။ အောင်လင်းက ဝင်းနိုင်နဲ့ မန္တလေးထောင်မှာတုန်းက ခင်မင်မှုအနည်းငယ်ရှိတယ်လို့ ပြောသံကြားပါတယ်။ ဝင်းနိုင်က မန္တလေးထောင်ကနေ စစ်ပေါ်တာလိုက်ပြီး ထွက်ပြေးကာ ယခုရဲဘက်ပြေးနဲ့ ပြန်အဖမ်းခံရပြီး မြင်းခြံထောင်မှာ ဗိုလ်လုပ်နေတာပါ။ ထောင်ပြောင်း လာတဲ့သူတွေထဲမှာ ကျွန်တော်က မာမာတင်းတင်းပြောဆိုလုပ်ကိုင်ပြီး အခြားသူတွေပေါ်မှာ လွှမ်းမိုးမှုရှိမှန်းသိလို ကျွန်တော်ကို သူ့အနားခေါ်ပြီး ချုပ်ထားတာပါ။ အဝေးမှာထားရင် အန္တရာယ်ရှိလို့ အနီးကပ်ခေါ်ထိန်းထားတာပါ။ ဒီအကြောင်းကို မကြာခင်ပဲ သိရပါတယ်။ တကယ်ကိုလည်း သူ့အတွေးမမှားပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးပတ်သက်မှုမရှိရင် အချိန်မရွေး လူသတ်မှုထိဖြစ် သွားနိုင်ပါတယ်။

(၂၀၀၉)ခုနှစ်မှ (၂၀၁၀)အထိ မြင်းခြံထောင်ကို အုပ်ချုပ်သွားတဲ့ ဗိုလ်မှူးထောင်ပိုင်ကတော့ အတော်လေးကို စိတ်သဘောထားပျော့ပြောင်း



ပါတယ်။ ထောင်ပိုင်တန်းစီးမှာ သူ့ပျော့လို့တပ်က အသွင်ပြောင်းပြီး ထောင်ပိုင်ဦးမျိုးမြင့်တင်က မြင်းခြံထောင်မှာ လာရောက် တာဝန်ထမ်းဆောင်သူဖြစ်ကြောင်း သိရပါတယ်။ အောက်ခြေက ထောင်မှူးဝန်ထမ်းတွေက အကျဉ်းသားတွေကို ရိုက်ရင်တောင် မကြိုက်ပါဘူး။ ဒါပေမဲ့ သဘောကောင်းမှန်း၊ ပျော့ပြောင်းမှန်းသိတော့ သူ့ကွယ်ရာမှာ အရာရှိဝန်ထမ်း အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွေက အခြားအကျဉ်းသားတွေကို တော်တော်လေးကို ရိုက်နှက်မှုတွေ ရှိတာကို အမြဲမြင်တွေ့ရပါတယ်။ အင်းစိန်ထောင်၊ မန္တလေးထောင်တွေမှာ ပြုပြင်ပြောင်းလဲမှုတွေ ဒီလောက်လုပ်နေတာတောင် မြင်းခြံထောင်ကတော့ 'ကျောက်ခေတ်'မှာပဲ ရှိနေသေးတာပဲလို့ ကျွန်တော်တို့အချင်းချင်း တိုးတိုးတိတ်တိတ် ပြောကြပါတယ်။

ကျွန်တော်တို့နေတဲ့ (၂)ဆောင်မှာ အခန်း (၁၀)ခန်းရှိပေမယ့် တကယ်တမ်း အသုံးပြုတာက အခန်း(၆)ခန်းထဲပါ။ အောက်ထပ် (၁)ခန်းကို ထောင်ကျရုံးခန်းအဖြစ် သတ်မှတ်ပြီး အမှတ်(၃)အခန်းနဲ့ အမှတ်(၄)အခန်းကို အကျဉ်းသားတွေ နေကြပါတယ်။ အမှတ်(၅)အခန်းကို လွတ်ထားပြီး အပေါ်ထပ်အခန်း (၆)ကိုတော့ ပုံစံခန်းအဖြစ် သတ်မှတ်ထားပါတယ်။ အမှတ် (၇)အခန်းကိုတော့ စက်ချုပ်ခန်းအဖြစ် သတ်မှတ်ထားပြီး အပ်ချုပ်စက် လေးလုံး၊ ငါးလုံးခန့်ရှိပါတယ်။ အမှတ်(၈)အခန်း၊ အမှတ်(၉)ခန်း၊ အမှတ်(၁၁)ခန်းများကိုတော့ အကျဉ်းသားများထားပါတယ်။ ကျွန်တော်တို့ မန္တလေးထောင်ပြောင်းအဖွဲ့တွေကို (၁)လခန့်ကြာတဲ့အထိ တစ်နေ့ကိုပဲကြီး နှစ်ကြိမ်သုံးကြိမ် (ပုံမှန်မရှိပါ) ညှစ်ရတာကလွဲရင် အခြားလုပ်ငန်းတွေကို မလုပ်ခိုင်းသေးပါဘူး။ ဘာကြောင့် မခိုင်းသေးတာလဲလို့ စုံစမ်းကြည့်လိုက်တော့ အပေါ်လိုင်းချက် စောင့်နေတယ်ဆိုတာ သိရပါတယ်။ အဲဒီအချိန်က ထောင်ပြောင်းမှန်သမျှ အနည်းဆုံး တစ်လခန့် စောင့်ပြီး ထောင်ပိုင်လေးတို့၊ ဦးစီးအရာရှိတို့ ထောင်ကျရုံးနဲ့ အိပ်ဆောင်(၂)တွဲကိုင်သော ထောင်မှူးထွန်းထွန်းဆိုတဲ့သူတွေက ပူးပေါင်းတိုင်ပင်ပြီး ယခုလိုစောင့်ဆိုင်းနေတာပါ။

မြင်းခြံထောင်ကို ထောင်ပြောင်းလာသူတွေထဲမှာ ယားရှိုးထောင်က

www.burmeseclassic.com



အကျဉ်းသား(၁၀၀)လောက်ပါတဲ့အတွက် အချိန်ပေးပြီး တတ်နိုင်သလောက် လိုင်းချက်ရဖို့အတွက် လုပ်ငန်းမချသေးတာပါ။ စေတနာထားပြီး အလုပ်ကောင်းကောင်းမခိုင်းသေးတာ မဟုတ်ပါဘူး။ တပ်က ပြောင်းလာတဲ့ ထောင်ပိုင်ကြီးဆိုတော့ ထောင်ပြောင်းလူသစ်တွေကို အနားပေးရင်း ဘယ်အကျဉ်းသားက ဘယ်လိုစိတ်နေသဘောသဘာဝ ရှိသလဲဆိုတာ စုံစမ်းလေ့လာရင်း စောင့်ကြည့်နေတာပါလို့ တန်းစီးချုပ်လုပ်သူက သူ့ထောင်မှူးနဲ့ ထောင်ပိုင်လေးအုပ်စုက ဒီလိုဇယားဆွဲထားပြီး ထောင်ပိုင်ကြီးကို အကြောင်းပြချက်ပေးထားကြောင်း ပြောပြလို့ အတွင်းရေးကို သိရပါတယ်။ လားရှိုးက ရှမ်းတရုတ်တွေ၊ တရုတ်တွေက မူးယစ်ဆေးဝါး အကြီးအကျယ်ရောင်းချပြီး ထောင်ကျလာကြတဲ့အတွက် လိုင်းချက်ငွေ ငါးသိန်းလောက်ကတော့ အေးအေးဆေးဆေး ပေးကြပါတယ်။ ဘယ်ထောင်မဆို မူးယစ်ဆေးဝါးနဲ့ လောင်းကစားမှုလောက်သာ ထောင်အာဏာပိုင်တွေက စိတ်ဝင်စားကြတာပါ။ ကျန်တဲ့သူတွေကတော့ သူတို့အာရုံမရကြပါဘူး။

ကျွန်တော်တို့အင်းစိန်ထောင်မှာဆိုရင် အချုပ်သစ်ပဲဖြစ်ဖြစ်၊ အကျသစ်ပဲဖြစ်ဖြစ် လူအင်အားငါးဆယ်လောက် ပုံစံခန်းထဲကို နေ့စဉ်ရောက်ရှိတတ်သလို မန္တလေးထောင်မှာ ဆိုရင်လည်း အချုပ်သစ်ပဲဖြစ်ဖြစ် အကျသစ်ပဲဖြစ်ဖြစ် ပုံစံအခန်းထဲကို တစ်နေ့ကို (၁၅)ယောက်နေ (၃၀)ယောက်ထိ ရောက်ရှိတတ်ပါတယ်။ မြင်းခြံထောင် ပုံစံခန်းထဲမှာတော့ တစ်နေ့ကို ထောင်ကျသစ်တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် အလွန်ဆုံးငါးယောက်လောက်အထိသာ အများဆုံး ရောက်လာတတ်ကြပါတယ်။ ကျွန်တော်တို့နေတဲ့ အခန်း(၆)ပုံစံခန်းကို အုပ်ချုပ်တဲ့အကျဉ်းသား တန်းစီးချုပ်ဝင်းနိုင် (ခ) မောင်နိုင်က ပုံစံပြဖို့ တပည့်တစ်ယောက် မွေးထားပါတယ်။ ကျသစ်တစ်ယောက်ပဲရှိရှိ၊ နှစ်ယောက်ပဲရှိရှိ ပုံစံပြဆိုသူက ညနေတန်းပိတ်သံချောင်းခေါက်ပြီး (၆)နာရီ သို့မဟုတ် (၆)နာရီခွဲ မိနစ်လောက်စပြီး ရှေ့ကြည့်အေးစေဆိုပြီး အော်လိုက်ရိုက်လိုက်နဲ့ လူမြင်လို့ မသင့်တော်အောင်ကို လက်နဲ့ပါးကို ရိုက်လိုက်၊ နားရင်းကို ရိုက်လိုက် တုတ်နဲ့ ကျောကုန်းကို ရိုက်နှက်နဲ့ ဆဲဆိုနေတာ ည(၉)နာရီ အိပ်ချိန်ပေးပြီးတာတောင် တစ်ခါ



တလေ ပုံစံပြလို့ ကောင်းတုန်းပဲ ရှိပါသေးတယ်။ ဒီလိုအဖြစ်အပျက်သတင်းမျိုးတွေ ကြားဖူးတဲ့အတွက် ကျွန်တော်ဌာနဆိုင်ရာ လူကြီးတွေနဲ့ နီးတဲ့မြို့ကြီးက ထောင်တွေမှာ သာနေချင်တာပါ။ အခု (၂၀၀၉)ခုနှစ်ထိ မြင်းခြံထောင်ပုံစံခန်းက အကျဉ်းသားကျသစ်တွေကို တိရစ္ဆာန်တွေလို ရိုက်နှက်နှိပ်စက်လို့ ကောင်းတုန်းပဲရှိသေးတာကို မျက်မြင်ကိုယ်တွေ့မို့လို့သာ ယုံကြည်လိုက်ရတာ တခြားထောင်တစ်ခုမှာ ဒီလိုပုံစံမျိုး လုပ်ကိုင်နေတာကို တစ်စုံတစ်ယောက်လာပြောမယ်ဆိုရင် လုံးဝယုံကြည်လက်ခံမှာ မဟုတ်ပါဘူး။ အင်းစိန်ထောင်တို့ မန္တလေးထောင်တို့မှာ ဒီလိုအဖြစ်တွေဟာ ဇာတ်သိမ်းသွားပေမယ့် အထက်လူကြီးတွေနဲ့ဝေးတဲ့ ထောင်တွေမှာ၊ ရဲဘက်တွေမှာ ဒီလိုမတရားမှုမျိုးတွေ အများကြီးကျန်ရှိနေသေးကြောင်း မြစ်ကြီးနားထောင်၊ ကလေးထောင်၊ ကသာထောင်၊ ခန္တီးထောင်၊ ပူတာအိုထောင်၊ မုံရွာထောင်စတဲ့ထောင်တွေကနေ မြင်းခြံထောင်ကို ပြောင်းရွှေ့ရောက်ရှိလာတဲ့ အကျဉ်းသားမျိုးစုံက သူတို့ရဲ့ထောင်တွေမှာ ယခုအချိန်ထိ မတရားမှု၊ နှိပ်စက်ညှင်းပန်းမှု၊ ငွေကြေးရှာဖွေဖန်တီးမှုမျိုးစုံကို အကြောင်းသင့်တိုင်း ထုတ်ဖော် ပြောဆိုကြပါတယ်။ ကျွန်တော်အင်းစိန်၊ မန္တလေးပုံစံခန်းတွေမှာ နေခဲ့ဖူးပါတယ်။ ခေတ်ဟောင်းထဲကပါ မြင်းခြံထောင်ပုံစံခန်းမှာလို နေ့စဉ်လူလေးနှစ်ယောက်တစ်ပိုင်းကို ဘာကြောင့်သည်းသည်းမဲမဲ ရိုက်ရသလဲဆိုတာ နောက်ပိုင်း ၂ သိရပါတယ်။ မြင်းခြံထောင်ကို ရောက်လာတဲ့မြင်းခြံသားအတော်များများဟာ မြင်းခြံမြို့ပတ်ဝန်းကျင် တောရွာလေးတွေကပါ ဒါကြောင့် တောသူတောင်သားတွေရဲ့ စိတ်နေသဘောသဘာဝအရ ထောင်တွင်းလုပ်ငန်းတွေကို လုပ်နိုင်တယ်။ ပိုက်ဆံ အကုန်မခံဘူးပေါ့။ ဒီအကြောင်းကို သိလို့ ငွေမထွက်ထွက်အောင် အပြစ်အမျိုးမျိုးရှာပြီး ရိုက်တာပါ။ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုမတရားနှိပ်စက်နေတဲ့အတွက် လုံးဝမပေး နိုင်တဲ့သူကလွဲရင် ကျန်တဲ့သူတွေ အနည်းနဲ့အများပေးကြတာကို မျက်မြင်ကိုယ်တွေ့ ကြုံရပါတယ်။

ကျွန်တော်တို့ ထောင်ပြောင်းအဖွဲ့တွေကို လုပ်ငန်းတွေခွဲပြီ။ ထောင်ထဲမှာ အနေကြာလို့ ခြေကားယား၊ လက်ကားယားနဲ့ နေတဲ့သူတွေ၊ ဘာရုပ်

www.burmeseclassic.com

www.burmeseclassic.com



မှမပေါက်လို့ မပေးနိုင်တဲ့သူတွေကို မြင်းခြံထောင်အလုပ်ရုံကို လုပ်ငန်းချလိုက်ပါပြီ။ ဘာလုပ်ငန်းတွေ လုပ်ရသလဲဆိုရင် ဂုံနီအိတ်ကြိုးကျစ်လုပ်ငန်း၊ ဖယောင်းတိုင်လုပ်ငန်း၊ ဆေးလိပ်တံဆိပ်ပတ်လုပ်ငန်း၊ တောင်ယာလုပ်ငန်းစတဲ့ လုပ်ငန်းတွေကို လူအင်အား(၂၀၀)လောက် လုပ်ငန်းချပြီး ခိုင်းစေပါတယ်။ ငွေများများပေးနိုင်သူတွေ၊ နည်းနည်းပေးနိုင်သူတွေ၊ အိမ်ကလာရင်ပေးပါ့မယ်လို့ပြောတဲ့သူတွေနဲ့ သူတို့ကို ထောက်ခံမယ့်သူတွေ၊ ထောင်နှစ်ကြီးကျပြီး မထူးဇာတ်ခင်းမယ့်သူမျိုးတွေစတဲ့သူတွေကိုတော့ လောလောဆယ် ဆယ် ဘာလုပ်ငန်းမှမချသေးဘဲ ရောထွေးထားလိုက်ပါတယ်။ ဒါတွေအားလုံးကို အောက်ခြေအာဏာပိုင်အဖွဲ့က စီစဉ်ဖန်တီးတာလို့ သူတို့ရဲ့တပည့်ရင်း မြင်းခြံထောင်မှာ ဘုရင်လိုလုပ်နေတဲ့အကျဉ်းသား (၂)ဆောင်၊ တန်းစီးချုပ်ဆိုသူက သူတို့ဆရာတပည့်တွေတိုင်ပင်ပြီး ယခုလိုဇယားဆွဲလိုက်ကြောင်းကို ကျွန်တော့်ကို ကြွားဝါပြောဆိုတဲ့အတွက် သိရှိရပြီး ယခုကဲ့သို့ပြန်လည်ရေးသားနိုင်ခြင်း ဖြစ်ပါတယ်။ (၂၀၀၉)ခုနှစ် (၈)လပိုင်း ကုန်ခါနီးမှာပါ။

ကျွန်တော်မြင်းခြံထောင်ရောက်ခါစ အိမ်ကို ဖုန်းဆက်တော့ (၁)ပတ်အတွင်း ထောင်ဝင်စာလာမယ်ဆိုတဲ့ အမေလည်း (၁)လကျော်တဲ့အထိ ထောင်ဝင်စာမလာသေးတဲ့အတွက် ဝင်းနိုင်နဲ့စားအိုးခွဲကြပါပြီ။ ကျွန်တော့်ကို ထောင်ဝင်စာမလာနိုင်ဘူး ထင်လို့နေမှာပါ။ ကျွန်တော်ကလည်း သူနဲ့အတူ မစားချင်ပါဘူး။ သူတို့ပိုင်းမှာ နေ့စဉ် ဆီပြန်ဟင်းကောင်းကောင်းနဲ့စားနေပေမယ့် မတရားရိုက်နှက်ရှာဖွေဖန်တီး တောင်းရမ်းထားတဲ့ဟင်းတွေငွေတွေဖြစ်တဲ့အတွက် အပူစာတွေကို ကျွန်တော်မစားချင်ပါဘူး။ ကျွန်တော်က လူဆိုးဆိုပေမယ့် ထောင်ထဲမှာ နေရာတစ်ခုကို ငွေပေးပြီးဖြစ်စေ အာဏာပိုင်ကို ထောက်ပြပြီးဖြစ်စေ ဒီလိုနည်းနဲ့ ရာထူးတစ်ခုယူပြီး အဲဒီရာထူးက လုပ်ပိုင်ခွင့်နဲ့အခြားအကျဉ်းသားတွေကို အတတ်နိုင်ဆုံး အကူအညီများများပေးပြီး ကျွန်တော့်အတွက် အခွင့်အရေးနည်းနည်းပြန်ယူလို့ရှာဖွေစားသောက်ပြီး ဒီလိုဖြတ်သန်းတဲ့သူပါ။ ဝင်းနိုင်တို့က သူတို့မျက်နှာရဖို့ သူတို့ဆရာတွေ ငွေရဖို့ သူတို့ကိုယ်တိုင်လည်း စီးပွားရှာလို့ ပုံစံခန်းကို



ငွေရှာတဲ့နေရာကြီးတစ်ခုအဖြစ် လိုင်စင်ရ စီးပွားရှာသလို လုပ်ကိုင်ဆောင်ရွက်နေတဲ့အတွက် ကျွန်တော်နဲ့ သဘောထားမတိုက်ဆိုင်လို့ မတွဲချင်တာပါ။ ယခုကျွန်တော်ရေးတဲ့အကြောင်းအရာတွေ မှန်တယ်ဆိုတာကို မြင်းခြံထောင်က လွတ်မြောက်သွားတဲ့မြင်းခြံသားတွေအားလုံး သိကြပါတယ်။ မလွတ်မြောက်သေးဘဲ ယခုအချိန်ထိ မြင်းခြံထောင်မှာ ကျန်ရှိနေသေးတဲ့ နှစ်ကြီးသမားတွေလည်း သက်သေအဖြစ် ရှိနေကြပါသေးတယ်။ ကျွန်တော်တို့ရောက်တဲ့ (၂၀၀၉)ခုနှစ်မှာ အမှတ်(၁)အိပ်ဆောင်ကို (ဒုကြီးကြပ်ရေးမှူး) ယခင် ခေတ်အခေါ် ထောင်မှူးဦးစိုးရိက အုပ်ချုပ်ပါတယ်။ ဦးစိုးရိက အမှတ်(၁)အိပ်ဆောင်ကိုသာမက မြင်းခြံထောင်ရဲ့ရိက္ခာအားလုံးကို ကိုင်ရပါတယ်။ ဒါကြောင့် စီးပွားရေးလည်း အတော်ဖြစ်တယ်လို့ ကြားသိရပါတယ်။ ညနေပိုင်း အိပ်ဆောင်တွေ တန်းပိတ်ပြီးပြီဆိုရင် မြင်းခြံထောင်မိန်းဂျေးမှာရှိတဲ့ မီးဖိုကြီးကနေ လက်တွန်းလှည်းနဲ့ ဆန်အိတ်၊ ကုလားပဲအိတ်တွေကို နေ့စဉ်တွန်းယူသွားတာကို ပြောပြတဲ့သူကပြလို့ အဆောင်အတွင်း အပေါ်ထပ်ကနေ လှမ်းကြည့်လို့ နေ့စဉ်မြင်တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်သိသလောက်ကတော့ အကျဉ်းသားတွေကို ထမင်းအဝကျွေးတယ်ဆိုပြီး အမည်တပ်ကာ နေ့စဉ်ဆန်ကို စာရင်းပိုပြ ကျွန်တော်တို့ကိုကျွေးရမယ့်ကုလားပဲ(၅)ကျပ်သားကို (၃)ကျပ်သားသာကျွေးပြီး တစ်ယောက်ချင်းစီရဲ့နှစ်ကျပ်သား ကုလားပဲကို လူ(၁၅၀၀)ဆိုတော့ သူတို့အတွက် အဆင်ပြေတာပေါ့။ ဒါကြောင့် ကုလားပဲက အမြဲကျဲနေတာပါ။ အဆိုးဆုံးက အသားကျွေးတဲ့နေ့တွေပါ။ ထုံးစံအတိုင်း အမဲသားပဲကျွေးကျွေး၊ ကြက်သားပဲကျွေးကျွေး အကျဉ်းသားတိုင်း ညနေပိုင်းမှာ စားရမယ့်အသားဟာ ပိုက်ဆံရှိတဲ့သူတွေဆီကို မနက်(၈)နာရီလောက်ဆို ရောက်နေပါပြီ။ ဒါကတော့ မန္တလေးထောင်မှာက အဆောင်ထဲမှာ အဆောင်တိုင်း ရေစက်က မီးဖိုမှာ အကျဉ်းသားတိုင်း ကော်ဖီတစ်ထုပ်ပေးပြီးဖြစ်စေ လစဉ်ကြေးနဲ့ဖြစ်စေ ဟင်းချက်စားလို့ရပေမဲ့ မြင်းခြံထောင်မှာတော့ မိန်းဂျေးကို ထွက်ပြီး မီးဖိုကြီးမှာ ချက်ရမှာဖြစ်တဲ့အတွက် အဆင်မပြေပါဘူး။ မိန်းဂျေးက ဖြတ်သွားဖို့ခက်ခဲသလို မီးဖိုကြီးကလည်း လူဝင်လူထွက်များတာကို မကြိုက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လုပ်ရပ်တွေ မသိအောင်ပါ ။အကြောင်းပြချက်ကတော့ ထင်းနဲ့ချက်ပြုတ်ရတာဖြစ်တဲ့အတွက် ထင်းကို သယ်ယူလာပြီး ဟင်းချက်ဖို့ပြောပါတယ်။ ထောင်ထဲမှာ ဘယ်မှာထင်းသွားခွေလို့ ရမှာပါလဲ။ မီးဖိုကြီးမှာ လုပ်တဲ့ သာမန်လုပ်သား အမှန်တကယ်ကို ထမင်းထမ်း၊ ကုလားပဲထမ်း၊ ထင်းပေါက်စတဲ့ အောက်ခြေသိမ်းလုပ်ရတဲ့သူတွေရှိသလို ဖိုခေါင်းတို့၊ ဖိုစာရေးတို့၊ ဖိုစည်းကမ်းထိန်းတို့ဆိုတဲ့ အခွင့်ထူးခံ၊ သူခိုးအကြီးစားတွေကလည်း လူပါးဝလို့ ကြီးစိုးနေပါတယ်။ ထောင်အာဏာပိုင်နဲ့ အကျိုးတူစီးပွားရှာပြီး လက်ညှိုးထောင်၊ ခေါင်းညိတ်တဲ့ကောင်မျိုးတွေပါ။ ထောင်အာဏာပိုင်အတွက်ဆို ရွှေမားမားရပ်တဲ့ ကျွန်မျိုးတွေပါ။ ဒီလိုကောင်စားမျိုးတွေက နေရာတိုင်းမှာ ရှိတတ်ကြပါတယ်။ ဒီလိုလူမျိုးတွေကြောင့်လည်း ထောင်တွေမှာ ပြောင်းလဲသင့်သလောက် မပြောင်းလဲသေးပါ။ မြင်းခြံထောင်မှာကတော့ မီးဖိုကြီးမှာလုပ်တဲ့သူတစ်ယောက်ယောက်ကို လစဉ်ကြေးပေးပြီး ဟင်းချက်စားမှ အဆင်ပြေမှာပါ။ ဒါကြောင့် လစဉ်ကြေးနဲ့ ဟင်းချက်စားရပါတယ်။

ကျွန်တော်ကျတဲ့နှစ်နဲ့ နေခဲ့ရတဲ့အချိန်နဲ့ဆိုရင် ထောင်ထမင်း၊ ထောင်ဟင်းသာ စားပြီးနေခဲ့ရင် အစောကြီးကတည်းက သေသွားမှာပါ။ ကျွန်တော့်အမေတွေ၊ ညီမတွေက ထောင်ဝင်စာလာတွေ့လိုက် ငွေပို့ပေးလိုက်မို့လို့သာ အသက်ရှင်လျက် ပြန်ရောက်လာတာပါ။ အမိ၊ အဖ၊ ညီ၊ ညီမလေးတွေ ကျေးဇူးကြောင့် အခုချိန်ထိ ရှင်သန်နေတာပါ။ မြင်းခြံထောင်ကို ရောက်ပြီး (၄၅)ရက်ကြာမှ ကျွန်တော့်အမေ ထောင်ဝင်စာ ရောက်လာပါတယ်။ ကျွန်တော့်ညီမတစ်ယောက် နေမကောင်း တော်တော်လေးဖြစ်လိုက်လို့ပြောတဲ့အချိန် မရောက်တာဖြစ်ကြောင်း ထောင်ဝင်စာလာဖို့ မလွယ်ကြောင်း တည်းခိုစရာ ဆွေမျိုးသားချင်းမရှိသလို မိတ်ဆွေအပေါင်းအသင်းအိမ်လည်းမရှိကြောင်း သွားရေးလာရေးခက်ခဲ့သဖြင့် အရေးကြီးမှ လာမည်ဖြစ်ကြောင်း မြင်းခြံထောင်မှ ဒုအရာခံဗိုလ်ဦးကျော်ဝင်းဖြင့်လည်းကောင်း၊ သူ၏ သားဝန်ထမ်းဝဏ္ဏကျော်ဖြင့်လည်းကောင်း ဆက်သွယ်၍ နောင်ကို ငွေပို့ပေးမည်ဖြစ်ကြောင်း ပြောဆို၍ ကျွန်တော်၏ မိခင်ဖြစ်သူ ပြန်သွားပါသည်။



ကျွန်တော်၏မိခင်ဖြစ်သူမှ စားသောက်စရာပစ္စည်း ပြည့်ပြည့်စုံစုံနှင့် ငွေတစ်သိန်းပေးကြောင်းကို သိရှိသဖြင့် ဝင်းနိုင်(ခ) မောင်နိုင်မှ လာရောက်စကားပြောသဖြင့် ၎င်းအား ပုံစံအင်္ကျီလက်ရှည်တစ်ထည်နှင့် စားသောက်စရာများပေးလိုက်ပါသည်။ ငွေကြေးထောင်မှူးအား မည်မျှပေးရမည်ဟုမေးသည်တွင် ငွေမပေးပါနှင့် ထောင်မှူးမှာ ဖိနပ်ဟောင်းနေသည်ဖြစ်၍ ရှူးဖိနပ်တစ်ရံ ဝယ်ပေးပါဟု ပြောသဖြင့် ရှူးဖိနပ်တစ်ရံ ဘယ်လောက်ပေးရသလဲဟုမေးသည်တွင် ငွေနှစ်သောင်းဆိုရင် ဖိနပ်တစ်ရံဖိုးရသည်ဟု ပြောသောကြောင့် ငွေနှစ်သောင်းပေးလိုက်ပါသည်။ ၎င်းဝင်းနိုင်အတွက်လည်း ငွေငါးထောင်စီ သီးခြားပေးလိုက်ပါသည်။ (တစ်ပြားမှမပေးလျှင်လည်း ရပါသည်) သို့သော် နောက်ဆက်တွဲပြဿနာ ရှိနိုင်ပါသည်။ ကျွန်တော်တို့လို ထောင်အနေကြာပြီး ပြဿနာရှာနိုင်သည့်သူများပင်လျှင် ထိုကဲ့သို့သော ငွေကြေးအတိုအစလေးများ ပေးကြရပါသည်။ မူးယစ်ဆေးဝါးမှုများနှင့် အခြားလူသစ်များဆိုလျှင် သိန်းချီ၍ ပေးရပါသည်။ မပေးလျှင် အဆောင်မိလ္လာ (ဆားဗစ်)ကျင်းမှ မစင်များကို မနက်တစ်ကြိမ် ညနေတစ်ကြိမ်ပုံးဖြင့် ခပ်ပြီး တောင်ယာတဲသို့ တစ်နေ့ကုန် သယ်ပိုးရမည်ဖြစ်ပြီး အဆူအဆဲ အရိုက်အနှက်ကလေးများဖြင့် ဝင်းနိုင်၏ လက်သပ်မွေးထားသော သူများက ပြုစုပါလိမ့်မည်။ (မှတ်ချက်) ထိုအကြောင်းကို မြင်းခြံတစ်ထောင်လုံး သိကြပါသည်)

(၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁) ခုနှစ်ထိကုန်အောင် ထိုကဲ့သို့သော လုပ်ရပ်များ မြင်းခြံထောင်တွင် ရှိခဲ့ပါသည်။ (၂၀၀၉)ခုနှစ် (၉)လပိုင်းကုန်ခါနီးတွင် မန္တလေးထောင် ပြောင်းကျန်နေသူ(၁၀၀)အား လုပ်ငန်းချပါသည်။ ကျွန်တော်တို့အား တက်တင်းထိုးလုပ်ငန်းတွင် အလုပ်ချ၍ အချို့သော သူတို့အား စည်းကမ်းထိန်း၊ ရုံးစာရေး၊ အခန်းစာရေး၊ ရေကန်သာယာ စသည့်အတို့အစနေရာများကို ပေးသည့်ငွေအမောင့်အတိုင်း ရာထူးနေရာ ချပေးပါသည်။ ကျွန်တော်ကိုယ်တိုင် တက်ကင်းထိုးရမည်ဖြစ်၍ မထိုးနိုင်လျှင် တစ်လငွေ(၁၀၀၀)ကျပ် ပေးရပါသည်။ အခြားသူတချို့လည်း ထိုကဲ့သို့ တက်တင်းဘုတ်ရအောင် ငွေခြောက်သောင်းမှ တစ်သိန်းထိပေး ကြရပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုဘုတ်တွင်ရောက်လျှင် တစ်လ တက်တင်းသဘက် အသေးနှစ်ထည်ထိုးရပါသည်။ မထိုးနိုင်လျှင် တက်တင်းဘုတ်ကိုင် စိုးစိုးအား တစ်လ ငွေသုံးထောင်ပေးလျှင် ထိုတစ်လလုံး ဝေ့၍ နေနိုင်ပါသည်။ ထောင်မှူးဖိနပ်တစ်ရံဖိုးပေး၍ တက်တင်းဘုတ်သို့ ရောက်ပြီး နောက်ထပ် လစဉ်ကြေးတစ်လသုံးထောင်ပေး၍ ကျွန်တော်လည်း ဝေ့ဝိုက်နေပါသည်။ ကျွန်တော့်အား လူဟောင်းဖြစ်၍ ထိုကဲ့သို့ ငွေအတိုအစနှင့် အထာထားခြင်းဖြစ်သည်ဟု တန်းစီးချုပ်မှ ပြောသည်ကို အမှတ်ရမိပါသည်။

ကျွန်တော်တို့မန္တလေးထောင်ပြောင်းလာသူအများစုမှာ ထောင်အနေကြာသူ လူဟောင်းများဖြစ်သဖြင့် ထောင်သဘောဝဘာဝကို နားလည်သဘောပေါက်ကြပါသည်။ ထို့ကြောင့် တစ်နေ့တည်း တစ်ချိန်တည်း ထောင်ပြောင်းရောက်ရှိလာသူချင်းအတူ ငွေပေးနိုင်သောသူများကို ရာထူးများ အလုပ်မလုပ်ရသောနေရာများ လုပ်ငန်းပြဿနာရှိ၍ ဘာမှပင်ပင်ပန်းပန်း မလုပ်ရသောသူများကို ထောက်၍ ထိုသူတွေကို ဘာကြောင့် ယခုလိုနေရာများတွင် ထားသည်ကို ၎င်းတို့သိရှိသည်ဟူ၍ အသံများထွက်လာသဖြင့် ထောင်ကျရုံးနှင့်အိပ်ဆောင် (၂)တွဲဟူ၍ အုပ်ချုပ်သူထောင်မှူးထွန်းထွန်း ရန်ကုန်တွဲတေးသားနှင့် အကျဉ်းသားတန်းစီးချုပ်ဝင်းနိုင်(ခ)မောင်နိုင်တို့ ဇယားဆွဲ၍ အသံထွက်သည့်အုပ်စုမှ မြင်းခြံသားမောင်ဝင်းတို့၊ ကျော်မြိုင်တို့အပါအဝင် အခြားသော ဖွမည့်သူများကို ရှင်းချင်သဖြင့် အလုပ်ရုံ ဂုံနီကြိုးကျစ်သော တစ်အုပ်စုလုံးကို အမှတ်(၁)အိပ်ဆောင်သို့ပို့၍ တက်တင်းဘုတ်စာရင်းပါသူများကို အမှတ်(၂)အိပ်ဆောင်သို့ ပြောင်းရွှေ့၍ လူအင်အား အစားထိုးလဲလှယ်ပြီး ထောက်မည့်သူအသံထွက်မည့်သူများကို ထိုနည်းဖြင့် ဘောင်ထဲက ရှင်းထုတ်လိုက်ပါသည်။ မန္တလေးထောင်ထဲတွင် (၂၀၀၇)ခုနှစ် ထောင်ပျက်ပြီးသည့်နောက်ပိုင်း အကျဉ်းသားများမှာ အနေချောင်၊ အစားချောင်၍ မတရားမှု လျော့နည်းသွားသောကြောင့် စိတ်ပိုင်းဆိုင်ရာဖိအားများမရှိသလောက် ဖြတ်သန်းခဲ့ရသဖြင့် ယခုကဲ့သို့ မြင်းခြံထောင်ရောက်မှ ကိုလိုနီစရိုက်ဆိုးများကို တစ်ဖန်ပြန်လည်ကြုံတွေ့ရသောအခါ မန္တလေးထောင်ပြောင်းအုပ်စုသာမက လားရှိုး



ထောင်ပြောင်းအုပ်စုပါ လေသေနတ်ဖြင့် စစ်တိုက်ရင်း အရှောင်အတိမ်းများဖြင့် ဖြတ်သန်းနေကြရပါသည်။

ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် နေထိုင်သူဖြစ်ပြီး မော်လမြိုင်ထောင်၊ အင်းစိန်ထောင်နှင့် ရန်/မန်းရဲ ဘက်စခန်းတို့တွင် ခေတ်ဟောင်း၊ စနစ်ဟောင်းကာလထဲက နေထိုင်ဖြတ်သန်းခဲ့သော်လည်း ယခုခေတ်တွင် (၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁)တွင် တွေ့မြင်ခဲ့ရသော မြင်းခြံထောင်မှ မြင်ကွင်းကို ကျွန်တော်နေခဲ့ဖူးသော ထောင်များနှင့် ရဲဘက်စခန်းတို့တွင် မမြင်ဖူးမကြားခဲ့ဖူးပါ။ ထိုမြင်ကွင်းမှာ မြင်းခြံထောင် အမှတ်(၂)အိပ်ဆောင် အခန်း(၆)ပုံစံခန်းတွင် နေ့စဉ်နီးပါးမြင်တွေ့ရသော အကျဉ်းသား တန်းစီးချုပ်ဝင်းနိုင်(ခ) မောင်နိုင်အား မြင်းခြံမြို့နယ်အနီးတစ်ဝိုက်တောရွာလေးများမှ အကြောင်းအမျိုးမျိုးကြောင့် ပြစ်မှု၊ ပြစ်ဒဏ်အမျိုးမျိုးဖြင့် ထောင်ကျလာသော ထောင်ကျသစ်များမှ ကော်ဖီ၊ မုန့်၊ ဟင်း၊ ပုဆိုး၊ အကျီ၊ ဖိနပ်၊ ငွေစသည့်ပစ္စည်းများနှင့် ပိုက်ဆံပေးရာတို့တွင် တန်းစီးချုပ်ဆိုသူဝင်းနိုင်က ဘုရားစင်ဘက် ခေါင်းရင်းခန်းတွင် ဘုရင်တစ်ပါးလို တင်ပုခွေချိတ်ထိုင်နေပြီး ၎င်းကို ကစ်ခုခုလာပေးသောသူက ဒူးထောက်ထိုင်ပြီး လက်နှစ်ဖက်ဖြင့် ပေးမည့်ပစ္စည်းကို တရိုတသေ ဘုန်းကြီးကို တစ်ခုခုကပ်သလို ပုံစံမျိုးဖြင့်ပေးသည် ကိုဝင်းနိုင်က ဟိတ်ဟန်များဖြင့် ပဲများပြီး မယူချင်သလို ဘာလိုလိုနှင့် နောက်ဆုံးတော့လည်း ယူတာပါပဲ။

ထိုကဲ့သို့သော မြင်ကွင်းမှာ ယခုခေတ်အခါမျိုးတွင် လုံးဝမမြင်သင့်၊ မရှိသင့်သော အဖြစ်အပျက်များ ဖြစ်သဖြင့် ထိုကဲ့သို့သောသူကို မည်ကဲ့သို့သောထောင် အာဏာပိုင်များက အကျဉ်းသားအုပ်ချုပ်ရေးပိုင်းတွင် ဘယ်လိုသဘောနှင့်ထားသလဲဆိုသည်ကို စဉ်းစားရင်း ဒီလိုသူမျိုးကို ဒီလိုနေရာတွင် မထားသင့်ကြောင်း ထောင်မှူးထွန်းထွန်းအား သွားရောက်ပြောကြားခဲ့ဖူးပါသည်။ (၂၀၁၀)ခုနှစ်၊ (၁၂)လပိုင်းတွင် အမှတ်(၂)အိပ်ဆောင်အခန်း (၁)ထောင်ကျရုံးခန်းထဲတွင် အိပ်ဆောင်(၂)တာဝန်ခံထောင်မှူးက ရုံးစားပွဲခုံတွင် သာမန်ထိုင်နေပြီး ဝင်းနိုင်က ထောင်မှူးထိုင်မည့်ရုံးစားပွဲတွင် ပက်လက်လှန်ပြီး ထိုင်နေသည့်အချိန်တွင် ကျွန်တော်က ကိစ္စတစ်ခုရှိသဖြင့် သွားရောက်

www.burmeseclassic.com



စကားပြောသည်တွင် ထောင်မှူးကို ထိုက်သင့်သည့်လေးစားမှုဖြင့် စကားပြောနေချိန်မှာ အကျဉ်းသားတန်းစီးချုပ်ဆိုသူက ပမာမခန့်ထိုင်နေသဖြင့် နောက်တစ်နေ့တွင် ထောင်မှူးဦးထွန်းထွန်းအား ဆရာကျွန်တော်က ထောင်တွေ၊ ရဲဘက်တွေစုံနေပြီ။ ထောင်ထဲမှာလည်း ကြာပြီ။ ဒါပေမဲ့ ဝန်ထမ်းနဲ့ အကျဉ်းသားဆိုတဲ့ အကြောင်းကြောင့် ဆရာတို့ကို ကျွန်တော်က လေးလေးစားစားဆက်ဆံတာ ဝင်းနိုင်တို့လိုဆရာတို့ကို ဆက်ဆံတဲ့ပုံမျိုးကို ဆရာတို့က လက်ခံတယ်ဆိုရင် ကျွန်တော်တို့လည်း ဆရာတို့ကို ရိုသေလေးစားစရာ အကြောင်းမရှိဘူး။ ဆရာတို့ဒီလို လူမျိုးကို ဒီနေရာမှာ မထားသင့်ပါဘူးဟု အတိအကျ ပြောခဲ့ဖူးပါသည်။ (မှတ်ချက် ပုံစံခန်းတွင် ဖြစ်ပျက်နေသောကိစ္စများ ပါပါသည်။)

တန်းစီးချုပ်ဝင်းနိုင်မှာ ဓားပြမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ ရဲဘက်ပြေး၊ ဘုရားခိုးမှုစသည့် အမှုများဖြင့် ပြစ်ဒဏ်ကျခံနေသူဖြစ်ပြီး အကျဉ်းသားချင်းမတရားနှိပ်စက်ခိုင်းစေ၍ ရရှိသောငွေကို တစ်သိန်းရလျှင် ထောင်မှူးကငါးသောင်းပေး၍ နှစ်သိန်းရလျှင် ထောင်မှူးအား တစ်သိန်းပေးပြီး ထိုကဲ့သို့ နှစ်ဦးအကျိုးစီးပွားရှာဖွေ၍ အပူစာများကို စားသောက်နေသည်ကို မြင်းခြံထောင်မှာ ယခုအချိန်ထိအောင် ကျန်ရှိနေသော နှစ်ကြီးသမားများစွာ သက်သေအဖြစ် ရှိနေပါသေးသည်။ ကျွန်တော် မြင်းခြံထောင်တွင် ရောက်ပြီးရှစ်လခန့်အကြာတွင် ကျွန်တော့်တစ်သက်တာ မလုပ်ဖူးသော အကောင်းဆုံးအလုပ်တစ်ခုကို လုပ်ခဲ့ဖူးပါသည်။ (၂၀၁၀)ခုနှစ်၊ (၃)လပိုင်းတွင် တရားစခန်း (၁၀)ရက် ဝင်ခဲ့ဖူးပါသည်။ မြင်းခြံမြို့ ရန္တပိုကျောင်းဆရာတော်မှ တရားပြခြင်းဖြစ်ပြီး ပထမမိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကို ထိုအချိန်ကျမှာ သိခဲ့ရပြီး လူ့ဘဝတွင် ဝိပဿနာတရားမနာခဲ့ ဝိပဿနာတရားမကျင့်ကြံခဲ့ဖူးလျှင် လူဖြစ်လာသော်လည်း လူဖြစ်ရကျိုးမနပ်ဟူ၍လည်းကောင်း၊ နောက်သံသရာဘဝလူဖြစ်ခဲ့လျှင်လည်း ဝိပဿနာတရားမကျင့်ကြံခဲ့ဖူးသည့် ဘယ်နိုင်ငံ ဘယ်လူမျိုးတွင် လူဖြစ်၍ ဘယ်ဘာသာကိုးကွယ်ရမည်ဆိုသည်မှာ မသေချာသော်လည်း ဗုဒ္ဓဘာသာကိုးကွယ်ရတော့မည်မှာ များစွာသေချာကြောင်း ဆရာတော် ဦးဣန္ဒကမှ



ဟောသဖြင့် ကျွန်တော်တို့မှာ လူဆိုးတစ်ယောက်ဖြစ်သော်လည်း အကယ်၍ နောင်ဘဝလူများ ပြန်ဖြစ်ခဲ့လျှင် မြန်မာနိုင်ငံတွင် လူဖြစ်ချင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ချင်သူဖြစ်သဖြင့် ဝိပဿနာတရား စခန်း (၁၀)ရက် ဝင်ခဲ့ဖူးသည်ကို ယခုစာရေးနေချိန်မှာသာမက အသက်ရှင်သောအချိန်တိုင်း တွေးမိတိုင်း စိတ်ချမ်းသာမှု၊ စိတ်ကျေနပ်မှုရှိသည်မှာ သေချာပါသည်ဟု ယုံကြည်ပါသည်။ ကျွန်တော်သည် အပြင်လောကတွင် စာအုပ်များစွာ ဖတ်ခဲ့ပါသည်။ ထိုစာအုပ်များမှ သိုင်းဝတ္ထု၊ ကြေးစားလူ သတ်ဝတ္ထု၊ အထိုးအခုတ် အသတ်အဖြတ်များသာဖြစ်ပြီး ယခုတစ်ခေါက် ထောင်ကျ၍ မန္တလေးထောင်သို့ (အိုင်စီအာစီ) ကမ္ဘာ့ကြက်ခြေနီအဖွဲ့မှ လှူတန်းသော ဘာသာရေးစာပေ၊ အတွေးခေါ်စာပေများဖတ်ပြီးမှ တစ်ချိန်က ထိုကဲ့သို့သော စာပေများမဖတ်ခဲ့ရသည်ကို များစွာနောင်တရမိပါသည်။

အကယ်၍သာ အတန်းပညာ မပြည့်သော်လည်း ငယ်စဉ်အချိန်က ဘာသာရေးစာပေများ အတွေးအခေါ်စာပေများ ဖတ်ခဲ့ရသည့်ရှိသော် ငါသည် လူဆိုးမဖြစ်နိုင်လောက်ဟု ကိုယ့်ကိုကိုယ်ထင်မိပါသည်။ ကျွန်တော်သည် တစ်ချိန်က တုတ်ပီးဓားပီး ကာယသိဒ္ဓိလိုင်းကိုသာ အလေးထားသဖြင့် မိမိခန္ဓာကိုယ်ထိခိုက်မှုမဖြစ်စေရန် ခန္ဓာကိုယ်ကို မမြင်အပ်သော ပုဂ္ဂိုလ်တို့မှ ကာကွယ်စောင့်ရှောက်ပေးစေရန် သမထထိုင်ခြင်း၊ ဆေးစောင့်အင်းစောင့် မန္တာန်စောင့်တို့မှကူညီစေရန် ဂါထာမန္တရားများ ရွတ်ဖတ်ခြင်းစသည့် ခပ်ညံ့ညံ့ အတွေးအခေါ်များသာ လွှမ်းမိုးလျက် မကောင်းမှုများ ပြုလုပ်ထားသော်လည်း အတိုအစကုသိုလ်လေးများ မကြာခဏပြုလုပ်ဖူးသည့်အတွက် ငါသေလျှင် အသူရကာယ်လောက်တော့ဖြစ်မှာပဲ ဒီလောက်ဆိုရပါပြီဟုဆိုသော တိမ်လွှန်းသောအတွေးတို့ဖြင့် အသက်ကြီးလာပြီး (၂၀၁၀)ခုနှစ်မှ ဗုဒ္ဓဘာသာကောင်းတစ်ယောက်စာအုပ်ကို ဖတ်မိသည့်အချိန်မှစ၍ ငါသည် ငွေပုံနှင့်ရွှေပုံနှစ်ပုံ ပုံထားသည်ကို ငွေပုံနောက်သို့သာ အတင်းလိုက်ပြေး ရွှေပုံကြီးကို ပစ်ပါယ်ထားမိသည်။ ယနေ့မှစ၍ ဝိပဿနာ တရားအလုပ်ကိုသာ အသက်ထက်ဆုံး အတတ်နိုင်ဆုံးပြုလုပ်ရင်း ဘဝဇာတ်သိမ်းချိန်လှပစေရန် ကြိုးစားမည်ဟူသော ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ထို့နောက် ထောင်

www.burmeseclassic.com

www.burmeseclassic.com



တွင် နေထိုင်ခဲ့သော ကာလများအတွင်း စိတ်ဆန္ဒရှိသော နေ့ရက်များတွင် ဆရာမပြမသင်ကြားခဲ့ဖူးသောဝိပဿနာတရားကို ကြားဖူးနား၀ စကားများဖြင့် ညအချိန်တရားထိုင်ရင်း ထောင်ဝန်ထမ်းများ၏ အဆူအပေါက်များကို ခံစားခဲ့ရဖူးပါသည်။

ကျွန်တော် မြင်းခြံထောင်သို့ရောက်ပြီး (၉)လခန့်အကြာ (၂၀၁၀)ခုနှစ် (၄)လပိုင်း ကုန်ခါနီးတွင် ပုံစံခန်း အခန်း (၆)မှ အခန်း (၉)သို့ စည်းကမ်းထိန်းအဖြစ် ပြောင်းရွှေ့ရပါသည်။ တန်းစီးချုပ်ဝင်းနိုင်နှင့် အဆင်မပြေသောကြောင့် ပြဿနာ မဖြစ်ချင်သောကြောင့် အဆောင်ပြောင်းပေးပါရန် အိပ်ဆောင်ထောင်မှူးဦးထွန်းထွန်းအား (၅)ကြိမ်မက သတင်းပို့သည်တွင် ပြဿနာလည်း မဖြစ်ပါနှင့် အိပ်ဆောင်လည်း မပြောင်းပါနှင့်ဟု ထောင်မှူးမှ ပြောပြီး ထောင်ပိုင်မှ မည်သည့်အကြောင်းကြောင့် အိပ်ဆောင်ပြောင်းလိုသည်ကို ၎င်းအားမေးလျှင် ဖြေလို့မကောင်းကြောင်း၊ ထို့ကြောင့် အပေါ်ထပ် အခန်း(၉)တွင် စည်းကမ်းထိန်းအဖြစ်နှင့် ပြောင်းနေပါရန် ထောင်မှူးမှ ပြောသည့်အတွက် ကျွန်တော် ပြောင်းရွှေ့လိုက်ပါသည်။ အခန်း (၁)တွင် အခန်းလူကြီးတစ်ယောက် စည်းကမ်းထိန်းတစ်ယောက်သာ ရှိသော်လည်း ယခု ကျွန်တော်ကို စည်းကမ်းထိန်း ထပ်ခံခန့်လိုက်သည့်အတွက်ထို အခန်းတွင် စည်းကမ်းထိန်းနှစ်ယောက် ဖြစ်သွားပါသည်။ အင်းစိန်ထောင်၊ မန္တလေးထောင်မှ စည်းကမ်းထိန်းများထက် မြင်းခြံထောင်မှ စည်းကမ်းထိန်းများက အာဏာပိုရှိကြပါသည်။ အိပ်ဆောင်(၂)တွင် အခန်း(၁၀)ခန်း ရှိသော်လည်း အကျဉ်းသားများကို အခန်း(၆)ခန်းတွင်သာ ထားရှိပြီး စည်းကမ်းထိန်း(၆)ယောက်သာ ထားရှိသည့်အတွက် ထိုစည်းကမ်းထိန်းဆိုသူများမှာ အလွန်လူပါး၀၍ အခန်းလူကြီးဆိုသူများနှင့် ပါဝါတူပြုမူပြောဆို လုပ်ကိုင်နေထိုင်ကြပါသည်။ ထို့ကြောင့် အခန်းသားများသည် အခန်းလူကြီးကိုလည်း ကြောက်ရ၊ ကျွေးရ၊ စည်းကမ်းထိန်းကိုလည်း ကြောက်ရကျွေးကြရသည်။

အခန်း(၉)တွင် စည်းကမ်းထိန်းအဖြစ်နေရသော်လည်း ကျွန်တော် အခန်းသားများအား နိုင့်ထက်စီးနင်းမပြုလုပ်ပါ။ ထောင်မှူးနှင့် တန်းစီးချုပ်က သူတို့အတွက် အနှောင့်အယှက်မဖြစ်ရအောင် ယခုကဲ့သို့ နေရာပေးထား



သော်လည်း ကျွန်တော်ဆီမှ ငွေမရခြင်း၊ သူတို့နှင့်သဘောထားမတိုက်ဆိုင်ခြင်း စသည့်တို့ကြောင့် စေတနာမပါဘဲ ပြဿနာမဖြစ်ရအောင် နေရာပေးခြင်းဖြစ်သည်ကို ကျွန်တော်သိရပါသည်။ ထိုကဲ့သို့သော အဖုအထစ်များဖြင့် ဖြတ်သန်းနေထိုင်စဉ် ကျွန်တော်တို့အမှတ် (၂) အိပ်ဆောင် တာဝန်ခံထောင်မှူးက ကွန်ပျူတာသင်တန်း တစ်လသွားတက်ရမည်ဟု သိရပြီး အဆောင်မှူးဦးထွန်းထွန်းကိုယ်စား ယာယီအဆောင်မှူးအဖြစ် ထောင်မှူးဦးဝင်းမင်းအေးက ခဏအုပ်ချုပ်မည်ဖြစ်ကြောင်း ကြားသိရပါသည်။ ထိုသို့အဆာင်မှူး ခေတ္တအပြောင်းအလဲဖြစ်နေချိန်တွင် ကျွန်တော်တို့ မြင်းခြံထောင်မှ (အေအိုင်ဒီအက်စ်) ရောဂါရှိသူများအနက် ကျွန်တော်တို့အခန်းမှ အခန်းလူကြီးမောင် ချိုဆိုသူအား (မြင်းခြံသား) ဆေးရုံမှ လာရောက်၍ ရောဂါကုသရန် မန္တလေးသို့ သွားရမည်ဖြစ်ကြောင်း ပြောဆို၍ ခေါ်ဆောင်သွားပါသည်။ ကျွန်တော်တို့အခန်းတွင် အခန်းလူကြီးမရှိတော့ပါ။ ထိုနေ့ နေ့လယ်ခင်း တန်းပိတ်ချိန်မှစ၍ စိနိယာစည်းကမ်းထိန်းဖြစ်သူ (ဝင်းနိုင်) တန်းစီးချုပ်လုပ်သူ ဝင်းနိုင်(ခ)မောင်နိုင်နှင့် အမည်တူသူက နေ့လယ်တန်းပိတ်၊ ညနေတန်းပိတ် နောက်နေ့မနက်ပိုင်း နံနက်တန်းဖွင့်ချိန်တို့တွင် ၎င်းကသာ တန်းဖွင့်ခြင်း၊ တန်းပိတ်ခြင်းကို ပြုလုပ်ပြီး သီချင်းတအေးအေးနှင့် ပျော်နေပုံရပါသည်။ ကျွန်တော်က ဂျူနီယာစည်းကမ်းထိန်းဖြစ်သဖြင့် ဘာခံစားချက်မှမရှိသလို နားအေးပါးအေးနှင့် အလုပ်မလုပ်ရလျှင် ပြီးရောဆိုသည့်အတွေးနှင့်သာ ကျေနပ်နေပါသည်။ နောက်တစ်နေ့ မနက်(၈)နာရီကျော်တွင် အခန်း(၉)မှ စည်းကမ်းထိန်း (၂)ယောက်စလုံးရုံးသို့ လာရောက်ရန် ရုံးအဖွဲ့မှ တစ်ယောက်က လာရောက်ပြောသဖြင့် ပုံစံပုဆိုး၊ အင်္ကျီ၀တ်ပြီး အောက်ထပ်ရုံးခန်းသို့ သွားရာတွင် ထောင်မှူးဝင်းမင်းအေးမှ ကျွန်တော်တို့ကို ၎င်း၏ရှေ့တွင် ရပ်ခိုင်းပြီး ကျွန်တော်၏ အမည်ကိုခေါ်လျှင် ၎င်းက ခင်ဗျားထောင်ထဲမှာ ဘယ်လောက်ကြာပြီလဲဟု မေးသည်တွင် ကျွန်တော်က (၁၄)နှစ်ရှိပါပြီဟု ပြောသည်တွင် ထောင်မှူးက ဟုတ်တယ်ခင်ဗျား ဝရမ်း ကျွန်တော်ကြည့်ပြီး သွားပြီ။ မှင်နီမရှိသလို ထောင်တွင်းအပြစ် ဝရမ်းမှာ မတွေ့ရဘူး။ ဒါကြောင့် ဂင်ဗျားကို အခန်းလူကြီးအဖြစ်ခန့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ဆီကို တရားဝင် သတင်းပို့မယ်ခင်ဗျား။ ကောင်းကောင်းမွန်မွန် အုပ်ချုပ်ပါဟု၍ ပြောပြီး ကျွန်တော့်ဘေးမှ စီနီယာစည်းကမ်းထိန်းအား မင်းဘာပြောစရာရှိသလဲ ဟုမေးပါသည်။ ဘာမှပြော စရာမရှိပါဘူးဆိုသည့် စီနီယာစည်းကမ်းထိန်း၏ အသံမှာ တုန်နေကြောင်း ကျွန်တော်သတိထားမိပါသည်။

ကျွန်တော်အား အခန်းလူကြီးခန့်အပ်သော ထောင်မှူးဝင်းမင်းအေးမှာ ၎င်းတပ်သား ဘဝထဲက မန္တလေးထောင်တွင် ရင်းနှီးမှုရှိခဲ့သူဖြစ်ပြီး ကျွန်တော် မြင်းခြံထောင်သို့ စတင်ရောက်သည့်အချိန်ကစပြီး တိုက်တန်းစီးလုပ်မလား ဟု မကြာခဏ ပြောဆိုသူ ဖြစ်ပါသည်။ ထိုစဉ်က တိုက်ကိုင်နေရသူဖြစ်ပြီး ယခုမှ အဆောင်ကိုင်ရခြင်းဖြစ်ကြောင်း သိရပါသည်။ ကျွန်တော့်အား ငွေတစ်ပြားမှ မတောင်းသလို ကူညီနိုင်သောအချိန်တွင် ကူညီသည်သာ ဖြစ်ကြောင်း ပြောပါသည်။ ထိုသို့သော အခြေအနေအကြောင်းတရားများဖြင့် ကျွန်တော်မမျှော်လင့်ပဲ အခန်းလူကြီးတစ်ယောက် ဖြစ်ခဲ့ဖူးပါသည်။ ကျွန်တော်ထောင်ထဲတွင် နေခဲ့ရသည့် (၁၇)နှစ် (၃)လတိုင်မှာ ဤတစ်ကြိမ်သာလျှင် အခန်းလူကြီးဖြစ်ခဲ့ဖူးပါသည်။ (၂၀၁၀)ခုနှစ် (၆)လပိုင်းတွင် ဖြစ်ပါသည်။

မြင်းခြံထောင်အမှတ် (၂)အိပ်ဆောင်သည် နှစ်ထပ်ဖြစ်ပြီး ကျွန်တော်တို့ ရောက်ကာစတွင် လမ်းပင်ကောင်းကောင်းမလျှောက်ရဲလောက်အောင် ကြိုးတံတားတစ်ခုကဲ့သို့ ယိမ်းထိုးလှုပ်ရှားနေပါသည်။ နာဂစ်ဖြစ်စဉ်က အိပ်ဆောင်ယိုင်နဲ့သွားကြောင်း သိရပြီး အဆောင်ပတ်လည် တစ်ခုလုံးကို ကြီးမားသော (၆၂)သစ်သားချောင်းကြီးများဖြင့် ကျားကန်ချုပ်ထားသည်မှာ များစွာရှိသော်လည်း လမ်းလျှောက်တိုင်း ယိမ်းထိုးလှုပ်ရှားနေသည်မှာ ဘယ်အချိန်များ အဆောင်ပြိုကျမလဲဟု အတွေးပင် အမြဲရှိနေခဲ့ပါသည်။ ကျွန်တော်တို့ ထောင်အပြင်ဘက်က ကြည့်ခဲ့သည့်အတိုင်း အတွင်းထဲမှာလည်း စုတ်ပြတ်နေပါသည်။ ထောင်စုတ်ရုံသာမက မြင်းခြံထောင် ဝန်ထမ်းတချို့၏ စုတ်ပြတ်သတ်နေသောစိတ်ဓာတ်နှင့် လုပ်ရပ်ကိုလည်း ဒဏ်ခံခဲ့ရပါသည်။ ကျွန်တော်ရှိစဉ်က မြင်းခြံတစ်ထောင်လုံးတွင် အဆိုးဆုံးဝန်ထမ်း



မှာ တပ်ကြပ်စိန်ထွေးဆိုသူဖြစ်ပြီး ခေတ်ဟောင်းစရိုက်ဆိုး အပြည့်ရှိသူဖြစ်ပါသည်။ ၎င်းတပ်ကြပ် စိန်ထွေးမှာ မနက်မိုးလင်းချိန်တာဝန်ကျရာ အိပ်ဆောင်သို့ ရောက်သည်နှင့် အဆောင်ပေါက်ဝ ဒုအဆောင်မှူးတဲတွင် ရှာဖွေရေးကျသောစည်းကမ်းထိန်းမှ ဖိုကြီးသို့ ထမင်းယူသွားပေးရပြီး ဟင်းကို အိပ်ဆောင်အတွင်းတွင် မနေ့ကထောင်ဝင်စာလာထားသော သူများထံ အတင်းသွားယူခိုင်းပါသည်။ တချို့သောသူများက မကင်းနိုင်၍ ပေးသော်လည်း တချို့သောသူများက ဟင်းလာတောင်းသော စည်းကမ်းထိန်းကို ငါတို့ အိမ်က ငါတို့စားဖို့လာပို့တာ မင်းတို့တောင်းစားရင်တောင် ကျွေးဦးမယ်။ တပ်ကြပ်ဦးစိန်ထွေးကိုတော့ စေတနာမရှိဘူးပေးလည်း မပေးနိုင်ဘူး ဟု ပြောလွှတ်သည်ကို ကျွန်တော် မကြာခဏကြားနေရပါသည်။ စည်းကမ်းထိန်းကို မကျွေးချင်၍ မပေးချင်၍ မဟုတ်ဘဲ တပ်ကြပ်စိန်ထွေးကို စေတနာလုံးဝမရှိသောကြောင့်ဆိုသည်ကို စည်းကမ်းထိန်းက သိရှိ၍ အကျဉ်းသားချင်း အမုန်းမရှိဘဲ ၎င်းတပ်ကြပ်ကိုသာကျိန်ဆဲရင်း ဟင်းအမြဲ သွားတောင်းရာဖွေကျွေးရသည်ကို စိန်ထွေးဂျူတီကျတိုင်း အမြဲတွေ့ခဲ့ရပါသည်။ ကျွန်တော်တို့ ထောင်ပြောင်းရောက်ရှိလာကတည်းက မြင်းခြံထောင်မှာ အိပ်ဆောင်တိုင်း ဗီဒီယိုကြည့်ရန် အောက်စက်လေးများ တရားမဝင်ဝယ်ယူကြည့်ရှုနေကြပါသည်။ နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်ရပြီးတာဟောင်မှ မန္တလေးထောင်၊ မြင်းခြံထောင်တွေမှာ ဗီဒီယိုကြည့်ခွင့်မရရှိသေးပါဘူး။ (မှတ်ချက် ဒါပေမဲ့ အထက်ခွင့်ပြုမိန့် ကျပြီးပြီဆိုတာကိုတော့ မန္တလေးထောင်မှာကတည်းက သတင်းကြားသိပြီးပါပြီ) မြင်းခြံထောင်မှာတော့ တချို့အခန်းတွေက အောက်စက်ရှိကြပေမယ့် တချို့အခန်းတွေကမရှိတဲ့အတွက် ဘယ်က ငှားလာမှန်းမသိရတဲ့အောက်စက်ကို တစ်ညနှစ်ထောင်ပေးပြီး ကြည့်ကြရပါတယ်။ တခြားဝန်ထမ်းတွေ ညဂျူတီကျချိန် ဆိုရင်တော့ ကော်ဖီတိုက်၊ မုန့်ကျွေး၊ ဆေးလိပ်တိုက်၊ ကွမ်းကျွေးလို့ စည်းရုံးပြီး ကြည့်ကြရပေမယ့် တပ်ကြပ်စိန်ထွေးလိုလူမျိုး တာဝန်ကျလာရင်တော့ ဆိုက်ဆံ (၁၀၀၀)သို့ (၂၀၀၀) ပေးနိုင်ရင်ကြည့်၊ မပေးနိုင်ရင် ငှားထားတဲ့အောက်စက်ဖိုးပါဆုံးပြီး မကြည့်ရပါဘူး။ ကျွန်တော်အခန်းလူကြီးလုပ်တဲ့ အမှတ်(၉)ခန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ အောက်စက်မရှိပါဘူး။ ကျွန်တော် အခန်းလူကြီးဖြစ်ပြီး တစ်လခွဲခန့် အကြာမှာလားရှိုး ထောင်ပြောင်းအုပ်စု လူအင်အား (၁၅၀)ခန့် ရောက်ရှိလာပါတယ်။ ကျွန်တော်တို့ အမှတ်(၂)အိပ်ဆောင်ကို လူရှစ်ဆယ်လောက် ရောက်လာပြီး အခန်းခွဲတော့ ကျွန်တော်အခန်းကို လားရှိုးထောင်က ထောင်ပြောင်း (၁၂)ယောက်ကို ပို့ပေးလိုက်ပါတယ်။ အဲဒီအထဲက အဆင်ပြေတဲ့သူ ခုနစ်ယောက်လောက် ပါလာပါတယ်။ အဲဒီအထဲက အဆင်အပြေဆုံးသူတစ်ယောက်က ဒီအခန်းမှာ အောက်စက်မရှိဘူးလားလို့ မေးပြီး သူအောက်စက်ကို ဝယ်ပေးမယ် (အများကြည့်ရန်) သူ့ကို ဒီအခန်းမှာ နေ့စဉ်အတတ်နိုင်ဆုံးကူညီ စောင့်ရှောက်ပေးပါလို့ ဆိုပါတယ်။ ကျွန်တော်က ဒီအခန်းထဲမှာ ကျွန်တော်လုပ်ပိုင် ခွင့်ရှိသလောက် ကူညီပေးပါ့မယ်လို့ ဆိုပြီး ပြောလိုက်ပါတယ်။

ထောင်ပြောင်းအဖွဲ့တွေ ရောက်ပြီး နောက်တစ်နေ့မှာ အောက်စက်ဝယ်ပေးမယ်ဆိုတဲ့သူ ထောင်ဝင်စာလာပါတယ်။ သူ့ထောင်ဝင်စာက ပြန်လာတော့ သူ့အိမ်ကို နောက်အပတ်မှာ ပြန်လာခိုင်းထားကြောင်း အောက်စက်ကို တစ်ပါတည်း ယူလာမှာဖြစ်ကြောင်း ပြောပြပါတယ်။ ကျွန်တော့်အခန်းမှာရောက်ရှိလာကြတဲ့သူတွေထဲက တချို့သောသူတွေ အိမ်က ရက်ပိုင်းအတွင်း ထောင်ဝင်စာလာကြတဲ့သူတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ အဆင်မပြေတဲ့ တန်းစီးချုပ်ဆိုတဲ့သူတောင် ကျွန်တော့်ကို လာရောက်စကားပြောဆိုပါတယ်။ သူက လိုင်းဝင်မယ့်သူရှိရင် သူ့ကို ဆက်သွယ်ပေးဖို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော့်အခန်းက ထောင်ဝင်စာလာသူတွေကို လိုင်းဝင်ချင်ရင် တန်းစီချုပ်ဆီ သွားဆက်သွယ်ပြောဆိုကြလို့ တာဝန်ကျေ ပြောလိုက်ပါတယ်။ ကျွန်တော့်အခန်းက လိုင်းဝင်သူ (၇)ယောက်ရှိတာကိုတော့ မှတ်မိပါတယ်။

၁။ သိန်းထွန်း (ဘ) ဦးစိန်ကျော် မူးယစ်မှု (၁၂)နှစ်ကျ မိတ္ထီလာမှ
၂။ သီဟထွန်း (ဘ) ဦးသေး လူကုန်ကူး (၆၀)နှစ်ကျ ပဲခူးမှ
၃။ ပြည့်ဖြိုးအောင် (ဘ) ဦးအောင်မြင့် မူးယစ်မှု(၁၉)နှစ်ကျ မန္တလေးမှ
၄။ ကျန်စီဟိုက် (ဘ) ဦးကျန်းအန်ပုန် မူးယစ်မှု (၁၉)နှစ်ကျ မန္တလေးမှ



ကျန်သူသုံးယောက်၏အမည်များကို မမှတ်မိတော့ပါ။ ထိုခုနစ်ယောက်မှာ ယခုအချိန်ထိ မြင်းခြံထောင်တွင် ရှိနေပါသေးသည်။

ထိုလိုင်းဝင်သူ (၇)ဦးထဲမှာ သိန်းထွန်းမှာ စည်းကမ်းထိန်းအဖြစ် ရာထူးရပြီး အခြားသူများ၏ နှစ်ဆငွေကုန်ကြောင်း ပြောပါသည်။ ခြောက်ယောက်မှာ တက်တင်းဘုတ်တွင် ဘုတ်သားများအဖြစ် စာရင်းပြခါ ဝင်ကြေးခြောက်သောင်းမှ တစ်သိန်းထိပေးရကြောင်း သိရပါသည်။ တက်တင်းမထိုးလိုလျှင် လစဉ်ကြေးတစ်လ သုံးထောင်နှုန်း ပေးရပါသည်။ (၂၀၁၀)ခုနှစ်မှ ဖြစ်ပါသည်။ မန္တလေးထောင်မှာ ရင်းနှီးခဲ့တဲ့ထောင်မှူးကို ဝင်းမင်းအေးရဲ့ ကျေးဇူးကြောင့် အခန်းလူကြီးဖြစ်ကာ စားဝတ်နေရေးအားလုံး အဆင်ပြေပြေနဲ့ ဖြတ်သန်းနေစဉ် (၂၀၁၁)ခုနှစ်ထဲမှာ မြင်းခြံထောင် ပိုင်အပြောင်းအလဲ ဖြစ်ပါတယ်။ ပထမထောင်ပိုင်ဦးမျိုးမြင့်တင်ပြောင်းသွားပြီး သူ့နေရာမှာ ထောင်ပိုင်ဦးတင်မောင်ထွန်းဆိုသူ အစားထိုး ပြောင်းရွှေ့လာပါတယ်။ အပြင်လောကမှာ အစိုးရအပြောင်းအလဲ ဖြစ်ပေါ်မှုကြောင့် (၁၆-၅-၂၀၁၁)ရက်မှာ နိုင်ငံတော်အစိုးရမှပေးတဲ့လျော့ရက် တစ်နှစ်ကို ခံစားခွင့်ရရှိပါတယ်။ (၁၉၉၆)ခုနှစ်ကတည်းက ထောင်(၁၈)နှစ်ကျတာ အခုမှ တစ်နှစ်ပဲ နိုင်ငံတော်ရသေးတာပါ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအဖြစ် ပြောင်းလဲသွားလို့ ထင်ပါတယ်။ အစိုးရရဲ့မူဝါဒသဘော ထားတွေအတိုင်း မြင်းခြံထောင်မှာလည်း ဒီမိုကရေစီတန်းစီးတွေ ရွေးမယ်လို့ဆိုပြီး အုပ်ချုပ်ခံအကျဉ်းသားအများကြိုက် တန်းစီးတွေတင်မယ်လို့ အမိန့်တွေ ထွက်လာပါတယ်။ ဒါကြောင့် အလိုလို ကျွန်တော် တန်းစီးပြုတ်သွားပါတယ်။ ကျွန်တော် အမှတ် (၂)အိပ်ဆောင်မှာ အခန်း(၆)ခန်းရှိတဲ့အနက် အခန်း (၉)အုပ်ချုပ်တဲ့ ကျွန်တော်နဲ့ အခန်း(၁၀) အခန်းလူကြီး ဝမ်ပန့်စိန်တို့နှစ်ယောက် ပြုတ်သွားပါတယ်။ ကျွန်တော်အခန်းလူကြီးဖြစ်စဉ် ကျွန်တော့်အခန်းထဲမှာ အပြာကားမကြည့်ရသလို ဘယ်လိုလောင်းကစားမျိုးကိုမှ အလုပ်မခံပါဘူး။ အခန်းသားချင်း ဗိုလ်ကျ၊ အနိုင့်ကျင့်လို့မရသလို ကျွန်တော်ကိုယ်တိုင်ကလည်း စည်းကမ်းနဲ့အညီ နေထိုင်ပါတယ်။ ဒါကြောင့် အခန်းထဲမှာ လုပ်ချင်တိုင်း လုပ်လို့မရတဲ့အတွက် တချို့သောသူတွေက မကျေနပ်ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)အခန်းလူကြီး ဝမ်ပန်းစိန်ကတော့ ဈေးရောင်းစားပြီး ပျော့ညံ့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ အကျဉ်းသားချင်း ဇယားအရွှေ့ခံရတာပါ။ ဝမ်းပန်းစိန်က ထောင်မှူးကို ငွေပေးပြီး အခန်းလူကြီးလုပ်ရတာ ရက်ပိုင်းလေး ရှိပါသေးတယ်။

ဝမ်ပန်းစိန်ငွေပေးတဲ့ထောင်မှူးက ပြောင်းလာတာ မကြာသေးတဲ့ ကျွန်တော်နဲ့ မန္တလေးထောင်တိုက်ထဲမှာ အဆင်မပြေတဲ့ထောင်မှူး အေးထွန်းပါ။ ရေစက်မကုန်လို့ မြင်းခြံထောင်မှ လာဆုံတော့လည်း ရောက်တာနဲ့ ပြဿနာက စဖြစ်ပါပြီ။ သူရောက်ပြီး ရက်ပိုင်းအတွင်း ကျွန်တော် ရာထူးပြုတ်တာပါပဲ။ သူနဲ့ကျွန်တော် ဓာတ်မတည့်ပါဘူး။ ထောင်ထဲမှာ စည်းနဲ့ကမ်းနဲ့ ပြောဆို အုပ်ချုပ်လို့မရပါဘူး။ အာဏာပိုင်တွေကလည်း အပြောနဲ့အလုပ် မညီသလို အကျဉ်းသားတွေကလည်း လုပ်ချင်ရာလုပ်ရမှ မဟုတ်တာတွေ လုပ်ရမှ ကောင်းတယ်ဆိုတဲ့ အသံထွက်တာပါ။ ထောင်မှူးဝန်ထမ်းတွေ ဆူဆဲ၊ ရိုက်ငွေဖန်တီးတာတွေကို မမြင်ချင်ယောင်ဆောင်[illegible]သလိုနေကိုယ်လည်း ကွယ်ရာမှာ လုပ်ချင်ရာလုပ် ဒီလိုနေတတ်မှ အဆင်ပြေတာပါ။ ငါမဟုတ်တာ မလုပ်ဘူး။ ငါ့ကို မတရားလာမလုပ်နဲ့ ဆိုလည်း မရပါဘူး။ အများမိုးခါးရေသောက်ရင် လိုက်သောက် ဆိုသလိုပါပဲ။ ဒါကြောင့် ကျွန်တော်တို့အကျဉ်းသားတွေ ထောင်ထဲမှာ စိတ်ပိုင်းဆိုင်ရာ ပိုပြီးနိမ့်ကျဆိုးဝါးသွားတာပါ။ မပြုတ်တဲ့ အခန်း(၄)ခန်းကတော့ အရက်သောက်၊ ဖဲရိုက်၊ စိမ်ရေသောက်၊ လောင်းစားမျိုးစုံလုပ် ဒီလိုလုပ် ချင်ရာလုပ်လို့ရတဲ့ အခန်းလူကြီးမျိုးမှ ကျွန်တော်တို့ အကျဉ်းသားအုပ်ချုပ်ခံသူတွေက ထောက်ခံမဲပေးပြီး အခန်းလူကြီးခန့်တဲ့အတွက် ကျွန်တော်တို့လို အာဏာပိုင်ကိုလည်း ငွေရှာမပေး၊ မဖားအောက်ကျမခံ အခန်းသားကိုလည်း စည်းဘောင်နဲ့ အုပ်ချုပ်တဲ့အတွက် ဒီမိုကရေစီအခန်းလူကြီး မဖြစ်ခဲ့ပါဘူး။ကောသလ မင်းကြီးအိပ်မက် (၁၆)ချက်လိုပါပဲ။ မကောင်းတာ အကုန်လုပ်တဲ့ သူတွေက ဒီမိုကရေစီတန်းစီး ဖြစ်သွားကြတာကိုကြည့်ရင်း ကျီးကန်းကို ဟင်္သာခစားရသလို ခံစားခဲ့ရဖူးပါတယ်။ (မြင်းခြံထောင် ၂၀၁၁)ခုနှစ်၊ (၆)လပိုင်းမှ မြင်းခြံထောင် ဒီမိုကရေစီအခန်းလူကြီးများအဖြစ်



အမှတ် (၂) အခန်းလူကြီးအောင်ထွေးမင်း
အမှတ် (၃) အခန်းလူကြီး မောင်စိုး
အမှတ် (၆) အခန်းလူကြီး ကျော်ကျော် (ခ)ကျော်ကြီး
အမှတ် (၈) အခန်းလူကြီး စိုင်းအွန်
အမှတ် (၉) အခန်းလူကြီး အိုက်နိမ်
အမှတ် (၁၀) အခန်းလူကြီး ကြောင်ပါး

ကျွန်တော်အခန်းလူကြီးပြုတ်ပြီး အခန်း(၉)မှာပဲ ဆက်လက်နေထိုင်ရင်း အခန်းသန့်ရှင်းရေးအဖြစ် လုပ်ငန်းပြပြီး နေပါတယ်။ ခေတ်ပြောင်းလာပြီဖြစ်တဲ့အတွက် လူဟောင်းနှစ်ကြီးသမား ပြောရဲဆိုရဲသူတချို့က ဟိုဟာဒီဟာ တင်ပြတာလေးတွေကို သွေးတိုးစမ်းရင်း တင်ပြလာတဲ့အခါ ထောင်ပိုင်က မင်းတို့ကြိုက်တဲ့သူကို မင်းတို့ ရွေးချယ်ခန့်ထားပြီး အခုမှ ဟိုလူမကြိုက်ဘူး။ ဒီလူမကြိုက်ဘူးဆိုလို့ မရဘူး။ အစထဲက မင်းတို့သဘောနဲ့ မင်းတို့လုပ်ထားတာ ငါတို့ခန့်ပေးထားတာမဟုတ်ဘူးဆိုပြီး ခေါင်းရှောင်နေပါတယ်။

ခေတ်ပြောင်းလာသော်လည်း ထောင်ထဲတွင် မည်မျှကြာကြာတချို့မှာ အလုပ်ကြမ်းလုပ်နေရတုန်း။ အလယ်တန်းတွင် အိပ်နေရတုန်း ပေးနိုင်လျှင် လူအသစ်ပင်ဖြစ်သော်လည်း ခေါင်းရင်းတန်းတွင် အိပ်ရခြင်း၊ အလုပ်မလုပ်ရခြင်း၊ ရာထူးတစ်ခုခု ပေးထားခြင်း၊ သွားလာနေထိုင်မှု လွတ်လပ်ခြင်း စသည့်အကြောင်းအရာများကို မင်းတို့ အကျဉ်းသားချင်း ပြေလည်အောင် ကြည့်လုပ်ကြလို့ဆိုပြီး မလိုအပ်တဲ့ပြောဆိုမှုများကို ပြောရင်း အကျဉ်းသားချင်း တည်ပေးတတ်ပါတယ်။ မန္တလေးထောင်မှာ (၂၀၀၇) ခုနှစ်ကတည်းက ကောင်းသောပြောင်းလဲခြင်းတွေကို အကျဉ်းသားအများစုအတွက် ခံစားခွင့်ရပေမယ့် မြင်းခြံထောင်မှာတော့ ခေတ်ဟောင်းစရိုက်ဆိုးတွေ (၂၀၁၁)ခုနှစ်ဆိုတဲ့ ဒီမိုကရေစီခေတ်ထိအောင် ရှိနေတုန်းပါပဲ။ ထောင်ပိုင်ဦးတင်မောင်ထွန်း ရောက်လာတဲ့အချိန်ကစလို့ မြင်းခြံထောင်ပိုပြီး [illegible]စီးလို့ ငွေပေးနိုင်သူနဲ့ထောင် အာဏာပိုင်ကို အလုပ်အကျွေးပြုသူ[illegible]လောက်သာ အဆင်ပြေပြီး ကျန်တဲ့သူအများစုဟာ ရပ်တည်မှုခက်ခဲ[illegible]ပါတယ်။ ဦးတင်

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းဘယ်လိုလူမျိုး ဘယ်လိုစိတ်သဘောထားရှိတယ်ဆိုတာ လားရှိုးထောင်မှာထဲက တွေ့ဆုံနေထိုင်ခဲ့တဲ့အကျဉ်းသားတွေက ပြောပြပါတယ်။ လားရှိုးထောင်ပြောင်းအဖွဲ့တွေ ပြောတာကတော့ ဦးတင်မောင်ထွန်း ဦးစီးအရာရှိဘဝက လားရှိုးထောင်မှာ သူ့ကို ထောင်ပိုင်နဲ့ ပတ်သက်သူတွေက မခန့်လေးစားလုပ်လို့ သူထောင်ပိုင်အဆင့်နဲ့ နောက်တစ်ကြိမ် လားရှိုးထောင်ကို ပြန်လည်တာဝန်ကျတဲ့အခါ ထောင်ပိုင်တန်းစီးမှာ အရင်က ငါ့ကို မခန့်လေးစားလုပ်တဲ့ကောင်တွေ အခုဘာတတ်နိုင်သေးသလဲဆိုတဲ့ စကားလုံးမျိုးကို တာဝန်ချိန်မှာ ပုဂ္ဂိုလ်ရေးရာစကားလုံးတွေ သုံးတယ်ဆိုပြီး ပြောပြပါတယ်။ အခုလည်း မြင်းခြံထောင်မှာ စတင်ဇယားဆွဲနေပါပြီ။ ရိက္ခာကိုင်တဲ့ထောင်မှူးဦးစိုးရိနေရာမှာ သူ့တပည့်ထောင် မှူးဦးတင်စိုးဆိုသူကို လွှဲပြောင်းကိုင်ခိုင်းပြီး သက်သာဆိုင်ကို ထောင်မှူးအေးထွန်းကိုပေးပြီး ဆရာတပည့်တွေ စတင်လုပ်စားကြပါပြီ။ မြင်းခြံထောင်မှာ အကောင်းဆုံး နေရာနှစ်ခုမှာ တပည့်နှစ်ယောက်ကို လိုင်စင်ပေးလိုက်ပြီး အကျဉ်းသားတွေဆီက လိုင်းချက်အဝင်ကျဲတဲ့အတွက် အကျဉ်းသားလုပ်အားကို ဘယ်လိုကိုယ်ကျိုးသုံးရမယ်ဆိုတာ ကြံစည်နေပါပြီ။

မြင်းခြံထောင်အမှတ် (၁) အမျိုးသားဆောင်မှာ အရင်က ပဲကြီးညှစ်ရပေမယ့် နောက်ပိုင်းမှာတော့ တစ်ခါတစ်ရံလောက်သာ ပဲကြီးညှစ်ရပါတော့တယ်။ အခြားအဆောင်တွင်း လုပ်ငန်းထူးထူးခြားခြားမရှိပါဘူး။ အမှတ် (၂)အိပ်ဆောင်မှာတော့ အရင်က (၁)ဆောင်လိုပဲ။ မနက်ည ပဲကြီးညှစ်ခိုင်းရင် ကျွန်တော်တို့အကျဉ်းသားတွေက လူတိုင်းနီးပါး ပဲကြီးညှစ်ခိုင်းထားပြီးချက်စားကြပါတယ်။ ဒါကြောင့် ထင်ပါတယ်။ အခုနောက်ပိုင်း ပဲကြီးကိုစနေ၊ တနင်္ဂနွေလောက်သာ ညှစ်ရပြီး သိပ်မလာတော့ပါဘူး။ (၂၀၁၁)ခုနှစ် ခရစ်စမတ်နေ့မှာ ပဲကြီးညှစ်ခိုင်းလို့ တော်တော်လေး ပြဿနာဖြစ်သွားပါတယ်။ (ထောင်မှူးဦးသိန်းသန်းလက်ထက်မှာပါ)

ထောင်ပိုင်ဦးတင်မောင်ထွန်းလက်ထက်မှာ အလုပ်ရုံက အရင်လုပ်ငန်းဖြစ်တဲ့ဂုံနီကြိုးကျစ်လုပ်ငန်း၊ ဖယောင်းတိုင်လုပ်ငန်းစတာတွေကို ဖျက်လိုက်ပြီး မျက်တောင်တုလုပ်ငန်း၊ ဆေးလိပ်လုပ်ငန်း၊ ကွန်ကရစ်အုတ်လုပ်ငန်း



စတဲ့အလုပ်တွေကို လူအင်အားများစွာနဲ့ လုပ်ကိုင်ပါတော့တယ်။ အမှတ် (၂)အိပ်ဆောင်မှာ အရင်ထောင်ပိုင်လက် ထက်ကတည်းက လုပ်ကိုင်နေတဲ့ ကျောက်သွေးလုပ်ငန်းက အာဏာပိုင်တွေအတွက် သိပ်အကျိုးရှိပုံ မရပါဘူး။ ပြဿနာကလည်း မကြာခဏ ဖြစ်နေတော့ အာရုံမရဘူး ထင်တယ်။ ထောင်ပိုင်အတွက် ကျောက်သွေးလုပ်ငန်းက အကျိုးမရှိပေမယ့် အဆောင်ကိုင်ထောင်မှူးအတွက်ကတော့ အကျိုးရှိပါတယ်။ အကျဉ်းသားတစ်ယောက် ကျောက်သွေးလုပ်ငန်း လုပ်ခိုင်းလိုက်လို့ မလုပ်ချင်ဘူး။ ကျောက်မသွေးချင်ဘူးဆိုရင် ထောင်မှူးကို ငွေပေးလိုင်းဝင်မှ အခြားလုပ်ငန်းတစ်ခုကို ပြောင်းပေးထားတာပါ။ ကျောက်သွေးလုပ်ငန်းဆိုတာ ဒီလုပ်ငန်းကို ဗန်းပြပြီး မလုပ်ချင်ရင် လာထားဆိုသလိုပါပဲ။ လုပ်ငန်းနဲ့ အကြောင်းပြငွေညှစ်တယ်လို့ပဲ ကျွန်တော် ထင်ပါတယ်။

ထောင်ပိုင်ဦးတင်မောင်ထွန်းလက်ထက်မှာတောင် ထောင်စရိုက်လေးတွေကို ထောင်ပိုင်က ပြောဆိုကျင့်သုံးတဲ့အတွက် အောက်ခြေအရာရှိဝန်ထမ်းတွေကလည်း ဆရာ့ခြေရာနင်းကြတဲ့အထဲမှာ တပ်ကြပ်စိန်ထွေးဆိုတဲ့ဝန်ထမ်းက အဆိုးဆုံးဆိုတာ (၂၀၁၀-၂၀၁၁-၂၀၁၂)ခုနှစ် မြင်းခြံထောင်မှာ နေခဲ့ဖူးတဲ့အကျဉ်းသားတိုင်း သိကြပါတယ်။ တပ်ကြပ်စိန်ထွေးတာဝန်ကျတဲ့နေရာမှန်သမျှက အကျဉ်းတွေ အကုန်လုံး စိတ်ဆင်းရဲကြရပါတယ်။ မနက်မိုးလင်းလို့ တာဝန်ကျရာနေရာရောက်လို့ စားသောက် ပြီးရင် အဆောင်ကိုပတ်ကာ ဂွင်ရှာပါတယ်။ လောင်းကစားတစ်ခုခုလုပ်နေသည်ဖြစ်စေ ပိုက်ဆံကို တစ်စုံတစ်ယောက်ဆီမှာ တွေ့သွားသည်ဖြစ်စေ သူ့အတွက် ထိုက်သင့်သလောက်ရမှ အဆင်ပြေမှာဖြစ်မှာပါ။ ဒါမှမဟုတ်ရင်တော့ မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို ရုံးကိုတင်ပြီး အရေးယူခိုင်းပါတယ်။ သူလည်း မဟုတ်တာလုပ်တယ်။ ကိုယ်လည်း ဘောင်အပြင်က လုပ်တယ် ဆိုပေမယ့် သူက ယူနီဖောင်းဝတ်အစိုးရဝန်ထမ်း တာဝန်ရှိသူ အစား ခွင့်လိုင်စင်ရှိသူဆိုတော့ ကျွန်တော်တို့အကျဉ်းသားပဲ ရှုံးတယ်။ ကျွန်တော်တို့ အမှတ် (၂)အိပ်ဆောင်မှာ ကျွန်တော်အခန်းလူကြီးလုပ်စဉ်က အခန်းထဲက ထောင်ဝင်စာလာလို့ အကြောင်းမသိဘဲသူနဲ့ ငွေသွင်းမိတဲ့သူတွေ အကုန်လုံး

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းနီးပါးတစ်ယောက်ကို သုံးသောင်း၊ ငါးသောင်း တစ်သိန်းဆုံးရှုံးတဲ့ သူတွေ အများကြီးပါ။ ဒီအထဲက မှတ်မိသလောက်ကတော့ အိုက်ပ(ဘ) ဦးအိုက်ဆိုင်း၊ မှုးယစ်မှု ပုဒ်မ (၁၅/၁၉)ပြစ်ဒဏ် (၁၇)နှစ်ကျ တပ်ကြပ် စိန်ထွေးနှင့် ငွေငါးသောင်းခွဲ သွင်းကို တပ်ကြပ်စိန်ထွေးမှ ငွေနှစ်သောင်း သာပေး၍ သုံးသောင်းခွဲကို တပ်ကြပ်စိန်ထွေးမှလုံးဝ မပေးပါ။ အိုက်ပမှ ဆောင်းတွင်းကြီးအနွေးထည်မရှိ၍ ဝယ်ယူရမည် ငွေပေးပါဆိုသောကြောင့် ဂျင်းဂျက်ကတ်အနက်ရောင် အင်္ကျီဟောင်းတစ်ထည်နှင့် ဘောင်းဘီရှည် အစုတ် အနက်ရောင်တစ်ထည် ပေးသည်ကို မှတ်မိပါသည်။

နောက်တစ်ယောက်ကတော့ ပြည့်ဖြိုးအောင် (ဘ)ဦးအောင်မြင့် မှုးယစ်မှု (၁၅/၁၉)က၊ ပြစ်ဒဏ် (၁၉)နှစ် ထောင်ဝင်စာလာ၍ တပ်ကြပ် စိန်ထွေးနှင့် ငွေတစ်သိန်းသွင်းသည်ကို ငွေငါးသောင်းသာပေး၍ ကျန်ငွေ ငါးသောင်းကို တောင်းသည်တွင် မရ၍ ဈေးပစ္စည်းဝယ်ပေးပါဟု ပြောတော့မှ ကော်ဖီ၊ မုန့်၊ ငှက်ပျောသီးနှင့် အခြားစားစရာလေးများ (၂၀၀၀)ကျော်ဘိုးလောက် ဝယ်ပေးပါသည်။ နောက်တစ်ယောက်မှာ ကျန်စီဟိုက် (ဘ) ဦးကျန်အန်ပုန် မှုးယစ်မှု (၁၅/၁၆) ၁၉(က) ပြစ်ဒဏ် (၁၂)နှစ် (၆)လ၊ (၁၇)ရက်၊ (၁၁)လ၊ (၂၀၁၀)ခုနှစ်တွင် ထောင်ဝင်စာလာသောကြောင့် တပ်ကြပ်စိန်ထွေးနှင့် ငွေမည်မျှသွင်းသည်ကို မမှတ်မိသော်လည်း ငွေတစ်သိန်းငါးသောင်း တပ်ကြပ်စိန်ထွေးမှ မပေးသောကြောင့် ကျွန်တော့်အား လာရောက်ပြောပြသည်ကို မှတ်သားထားခြင်း ဖြစ်ပါသည်။ အထက်ပါ ငွေယူခံရသူသုံးဦးစလုံးမှာ ကျွန်တော်အခန်းလူကြီးလုပ်စဉ်က ကျွန်တော့် အခန်းမှ အခန်းသားများ ဖြစ်ကြပါသည်။ ထိုသူများမှာ ငွေသွင်းခပေးပြီး သွားသော်လည်း ထပ်မံငွေအယူခံရသူများဖြစ်ပါသည်။ အခြားအခန်းမှ ထောင်ဝင်စာနှင့် ငွေသွင်းလာသူကို ပြဿနာရှာသောကြောင့် ငွေနှစ်သောင်း ပေးလိုက်ရသူမှာ ကသ(၀၅)၊ (၀၁၆၂၇) အားပေါင်(ဘ)ဦးရွှမ်ကြူ၊ မှုးယစ်မှု (၁၉)၊ (၂၂)၊ ပြစ်ဒဏ် (၃၂)နှစ်ကျသူ အခန်း (၈)မှဖြစ်ပါသည်။ ထိုကဲ့သို့ သော အဖြစ်အပျက်များမှာ များစွာရှိခဲ့ပါသည်။ အခြားကျွန်တော် မမှတ်မိ တော့သော်လည်း ထိုသူများ အခန်းတိုင်း၊ အဆောင်တိုင်းတွင် မလွတ်သေး



သူများ ယခုအချိန်ထိ ရှိနေပါသေးသည်။ (မှတ်ချက် - ၂၀၁၀၊ ၂၀၁၁ ခုနှစ် များမှ ဖြစ်ပါသည်)

(၂၀၁၀)ခုနှစ်၊ (၇)လပိုင်း၊ (၂၀)ရက်နေ့တွင် အမှတ်(၂)အိပ်ဆောင် အောက်ထပ် အမှတ်(၃)အခန်းတွင် ဖဲဝိုင်းကို တပ်ကြပ်စိန်ထွေးမှ နေ့လယ် တန်းပိတ်ပြီးချိန်တွင် သွားရောက်ဖမ်းဆီးပြီး ငွေတစ်သိန်းခန့်ယူ၍ (ဖဲဝိုင်း အတွင်းမှ ငွေ) ဖဲရိုက်နေသော အကျဉ်းသားများကို မည်သို့မျှ အရေးမယူ ပါ)။

ဖဲရိုက်နေသောသူများမှာ

၁။ တင်ဝင်း အပေါ်ထပ်အခန်း(၁၀)အခန်းလူကြီး၊ ၂။ ကျန်စစ်၊ ၃။ စံထိုက်၊ ၄။ အားဆန်း၊ ၅။ ရန်ဆန်း၊ ၆။ ရန်ရင်းတာ၊ ၇။ အိုက်ထွန်းစသည့် သူများ ဖြစ်ကြပါသည်။ ထိုဖဲဝိုင်းလုပ်သော အမှတ်(၃) အခန်းလူကြီးမှာ မောင်စိုးဆိုသူဖြစ်ပြီး အကျဉ်းထောင်တွင်း ဈေးအကြီးအကျယ်ရောင်း၍ စီးပွားရှာသူဖြစ်ကြောင်း ယခုအချိန်ထိ မြင်းခြံထောင်တွင် ကျန်ရှိနေသော လူဟောင်းများစွာက သိရှိကြပါသည်။ ထိုဖဲဝိုင်းတွင် ဖဲရိုက်သော သူများမှ လည်း တချို့မှာ မလွတ်သေးပါ။ တပ်ကြပ်စိန်ထွေးမှာ ထိုကဲ့သို့ လုပ်ရပ် များဖြင့် ယူနီဖောင်းဝတ်၍ ရိက္ခာစားနေသောဝန်ထမ်း များဖြစ်ပြီး အသက် ငါးဆယ်ကျော်ပြီဖြစ်သော်လည်း မယားငယ်ထားသောကြောင့် မယားကြီးမှ ထောင်ပိုင်ကို တိုင်သဖြင့် သတိပေးခံထားရသူများလည်း ဖြစ်ကြောင်း မြင်းခြံထောင်မှာ လူဟောင်းဝန်ထမ်း၊ အကျဉ်းသားများစွာမှ သိရှိကြပါ သည်။

ထောင်ပိုင်ဦးတင်မောင်ထွန်းဟာ အမိကကျတဲ့ နေရာကောင်းနှစ်ခုမှာ ထောင်မှူးဦးတင်စိုးနဲ့ ဦးအေးထွန်းကို တပည့်ရင်းအဖြစ် မွေးလိုက်ပြီး မြင်းခြံ ထောင်ရဲ့ တတိယမြောက် ဝင်ငွေအကောင်းဆုံးနေရာကို သူကြီးဆွဲရာ ကမယ့် လူရိုးလူအေးထောင်မှူးတွေ စားဖားကြီးတွေကို ပေးလိုက်ရင် သူ့ အတွက် သိပ်အကျိုးမရှိနိုင်လို့ ဘောင်မှူးဖြစ်တာတောင် မှာအိမ်က ငွေမှာ သုံးပြီး ဌာနမှာ မှန်မှန်ကန်ကန် လုပ်ကိုင်နေ ထိုင်သွားမယ့်သူကို ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



အသုံးချတယ်ဆိုတာ ကျွန်တော်တို့လို အကျဉ်းသားတောင် သူ့လုပ်ကွက်ကို ဘေးကနေ မြင်နေပါတယ်။ ထောင်မှာ နံပတ်တစ်ဆိုတဲ့ ထောင်ပိုင်တစ်ယောက်ရဲ့ စိတ်နေသဘောသဘာဝလုပ်ရပ်ဟာ အောက်ခြေအရာရှိ ဝန်ထမ်း အကျဉ်းသားအားလုံးအပေါ်ကို သက်ရောက်မှုရှိတဲ့အတိုင်း ထောင်ကျရုံးမှာ ငွေပေးပြီး ရုံးလုပ်ငန်းလုပ်ကိုင်နေတဲ့ အကျဉ်းသားတွေကအစ စိတ်ဝမ်းကွဲကုန်ပြီး အဆောင်က အခြားအုပ်ချုပ်ရေးပိုင်းတွေနဲ့ အဆင်မပြေလို့ အိပ်ဆောင်(၂)၊ အခန်း(၁)မှာ ရုံးထိုင်နေရာက အိပ်ဆောင် (၃)အောက်ထပ်ကို ထောင်ကျရုံး ပြောင်းရွှေ့သွားပါတယ်။ အကျဉ်းသားအုပ်ချုပ်ရေးပိုင်းချင်း မတည့်ဘူးဆိုရင် အများတွေ ထောက်ကြတော့မှာပါ။ ဒါကြောင့် တစ်နေ့ကုန် အပြင်ဘက်မှ ဘုတ်ထွက် အလုပ်လုပ်နေရတဲ့ ညမိုးချုပ်ခါနီးမှ ပြန်အိပ်ရုံသာရှိတဲ့အပြင် ဘုတ်အခန်းမှာ ထောင်ကျရုံးကို ထရုံကာပြီး ရုံးခန်းလုပ်စားတော့မှာပါ။ ဘာကြောင့် ရုံးခန်းလုပ်စားတော့မှာပါလို့ ကျွန်တော်ရေးသလဲဆိုရင် ထောင်ကျသစ်၊ ရဲဘက်၊ အပြင်ဘုတ်၊ လွတ်လူရတဲ့ဂွင်များနဲ့ ထောင်ပိုင်ကို လုပ်ကျွေးတဲ့သူတွေစာရင်းကို ကျွန်တော် အရင်ဖော်ပြပါမယ်။

အမှတ် (၂)အိပ်ဆောင်မှ အမှတ်(၃)အိပ်ဆောင်သို့ (၁၄-၈-၂၀၁၂) ရက်နေ့တွင် ထောင်ကျရုံးပြောင်းရွှေ့သွားပါသည်။

| စဉ် | ထောင်ဝင်အမှတ် | အမည် | အဘအမည် | အသက် | ပုဒ်မ | ပြစ်ဒဏ် |
|---|---|---|---|---|---|---|
| ■၁။ | လရ/၁၀၀၀၅၇၄/က | ပြည့်ဖြိုးအောင် | ဦးအောင်မြင့် | ၂၀ | မူးယစ်၁၅/၁၉ | ၁၉နှစ် |
| ■၂။ | လရ/၀၆/၀၁၁၆၁/က | ရာမာန်(ခ)သိန်းဦး | ဦးဝင်းတင် | ၂၈ | မူးယစ်၁၅/၁၉/က | ၁၈နှစ် |
| ■၃။ | လရ/၁၀/၀၀၀၉၀/က | သီဟဇော် | ဦးသာအောင် | ၂၉ | တ. မ. အ | ၇နှစ် ၆လ |
| ■၄။ | လရ/၁၀/၀၀၀၆၉/က | အောင်ကျော်သက် | ဦးလှငွေ | ၂၈ | တ. မ. အ | ၁၀နှစ် |
| ၅။ | လရ/၁၀/၀၀၀၈၄/က | အောင်ထက်နိုင် | ဦးဝင်းနိုင် | ၂၅ | တ. မ. အ | ၁၀နှစ် |
| ၆။ | လရ/၁၀/၀၀၂၇၄/က | အောင်သူထွန်း | ဦးအောင်မိုး | ၂၁ | မူးယစ်၁၅/၁၉ | ၉နှစ် |
| ၇။ | မခ/၀၅/၀၁၀၈၃/က | သိန်းညွန့် | ဦးခင်မောင် | ၅၂ | မူးယစ် ၁၅/၁၉ | ၁၅နှစ် |
| ■၈။ | မခ/၀၅/၀၀၉၁၅/က | အောင်ချစ် | ဦးချစ်ဟန် | ၄၈ | အ. ပ. က | ၃၀နှစ် |
| ■၉။ | မခ/၀၅/၀၀၁၁၅/က | စိုင်းအုန်းမောင် | ဦးကူမွာ | ၄၅ | မူးယစ်၁၉/က | နှစ်မတည် |

အထက်ပါအမည်များမှာ ထောင်ကျရုံးတွင် ရုံးလုပ်ငန်းလုပ်ကိုင်နေသော သူများဖြစ်ပြီး (စတား)ပြထားသောအမှတ်စဉ် (၁၊၂၊၃၊၄)တို့မှာ ထောင်ကျရုံးတွင် အဓိကကျသူများဖြစ်ပြီး ထောင်ပိုင်ကို နည်းမျိုးစုံဖြင့် ငွေရှာပေးသော



သူများဖြစ်ကြပါသည်။ အမှတ်စဉ် (၈၊၉)တွင် စတားပြထားသောသူနှစ်ဦးမှာ မြင်းခြံထောင်၏နေ့စဉ်လူဦးရေအတိုင်း ရိက္ခာစာရင်းတွက်ပေးရသော သူနှစ်ဦး ဖြစ်ပါသည်။ ထိုသူများထဲမှ တချို့သောသူများ ယခုအချိန်ထိတောင်၊ မြင်းခြံထောင်တွင် ရှိနေပါသေးသည်။

(၂၀၀၉)ခုနှစ် ကျွန်တော်တို့မြင်းခြံထောင်ကို စတင်ပြောင်းရွှေ့လာစဉ်က အကျဉ်းသားချင်း လူပါးဝပိုလ်ကျလုပ်နေတဲ့မောင်နိုင်(ခ)ဝင်းနိုင်ဟာ ကျွန်တော်တို့ ပိုင်းဝန်းထိုးနှက်တိုက်ခိုက်ခဲ့တဲ့ဒဏ်ကို မခံနိုင်ဘဲ ထောင်မှူးကြီးကို ငွေပေးပြီး အမှတ်(၃)အိပ်ဆောင်အပေါ်ထပ်ကို ပြောင်းရွှေ့သွားပြီး အချုပ်သားအသစ်တွေကို သွားပြီး အချောအခြောက်တွေနဲ့ ငွေရှာနေပြန်ပါပြီ။ (၂၀၁၁) ခုနှစ် ထောင်ပိုင်ဦးတင်မောင်ထွန်းရောက်ခါစက အကျဉ်းသားတွေ အားလုံး ဝရမ်းတိုက်စစ်ချိန်က ဝင်းနိုင်ကို ထောင်ပိုင်က တစ်နာရီအတွင်း သုံးကြိမ်လောက် ဆူပူကြိမ်းမောင်းပြီး မင်းအရမ်း နာမည်ကြီးနေတယ်။ ငါရောက်ကတည်းက မင်းအသံတွေပဲ ကြားနေရပါတယ်။ မင်းကောင်းကောင်း သတိထားမင်းနဲ့ ငါတွေ့မယ်ဆိုပြီး ကြိမ်းမောင်းနေလိုက်တာ အခုပဲ ထရိုက်တော့မလား ထင်ရလောက်အောင် ကျွန်တော်တို့ဘေးလူတွေကတောင် ဒီကောင်တော့ သွားပြီလို့ ထင်နေကြတာ။ နောက်သုံးလ၊ လေးလလောက်ကြာတော့ သူတို့နှစ်ယောက် ဆရာတပည့်တွေဖြစ်ပြီး အကျိုးတူစီးပွားရှာလို့ အိုကေနေပြန်ပါတယ်။ ကျွန်တော်တို့ သိရသလောက်ကတော့ ဝင်းနိုင်အိမ်က ထောင်ပိုင်အိမ်ကို မကြာခဏသွားပြီး ပဲဆီစစ်စစ်ပုံး လိုက်သွားပေး၊ အခြားလက်ဆောင်ပစ္စည်းတွေပေး၊ အချုပ်သားအသစ်တွေထဲက ငွေသိန်းဂဏန်းပေးနိုင်သူတွေကို ထောင်ပိုင်အိမ်ကိုသွားခိုင်း အချုပ်သားဘဝကနေ ထောင်ကျတော့မယ်ဆိုရင် ထောင်ပိုင်အိမ်ကို ငွေကြိုတင်သွားပေးခိုင်း အချုပ်ဆောင်မှာပဲ ဆက်နေပြီး ရဲဘက်မလိုက်ချင်လည်း ထောင်ပိုင်သဘော ရဲဘက်ကြိုက်စခန်းလိုက်ချင်ရင်လည်း ထောင်ပိုင်သဘော ဘယ်နေရာမှာ နေချင်သလဲ ထောင်ပိုင်သဘောပါပဲ။ ထောင်ကျပြီးလို့ ငွေသိန်းချီပေးလိုက်ရင် မိန်းဂျေးမှာနေမလား၊ ထောင်ကျရုံးမှာနေမလား။ ရေသန့်စက်ရုံလေးမှာ နေမလား ထောင်ဝင်စာစည်းကမ်းထိန်းလုပ်မလား အဆောင်ထဲမှာပဲ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းပြပြီး ဝေ့ဝိုက်နေမလား အားလုံးအေးဆေးပါပဲ။ ဒါကတော့ ဝင်းနိုင်နဲ့ ထောင်ပိုင် စရိုက်တူသူနှစ်ယောက်အကြောင်းပါ။

မြင်းခြံထောင်ကို အခြားထောင်တွေက ပြောင်းရွှေ့ရောက်ရှိလာကြတဲ့ သူတွေထဲက တစ်ဝက်လောက်ဟာ ထောင်နေသား အနည်းဆုံးငါးနှစ်လောက် ရှိသူတွေ များပါတယ်။ ထောင်ထဲမှာအနေကြာသွားလို့ ဟောင်းသွားရင် ခိုင်းလို့အဆင်မပြေတော့တဲ့အတွက် သူတို့လည်း အကျိုးမရှိတော့လို့ ထောင်သချိုင်းလို့ ကျွန်တော်တို့ခေါ်တဲ့ မြင်းခြံထောင်ကို ပို့လိုက်တာပါ။ ဒီထောင်မှာ ကျွန်တော်တို့လိုနှစ်ကြီးသမားတွေ အများစုဖြစ်ပြီး စားဝတ်နေရေး ခက်ခဲတဲ့အတွက် ကျန်းမာရေးချို့တဲ့သူတွေ များပါတယ်။ မြင်းခြံထောင်လို နေရာမျိုးမှာ နှစ်ရှည်သာနေထိုင်လိုက်ရင် ထောင်ဝင်စာမလာနိုင်ရင် ကျွန်တော်တို့လို အထွေထွေအကျဉ်းသားတွေအတွက် မသေရင်တောင် လူရုပ်ပေါက်မှာ မဟုတ်ပါဘူး။ ကျွန်တော့်ပတ်ဝန်းကျင်မှာ ဒီလိုလူတွေအများကြီး တွေ့ခဲ့ပါတယ်။ ထောင်ထဲမှာ နေရတာချင်းအတူတူ အင်းစိန်ထောင်မှာဆိုရင် အကျဉ်းသားအချုပ်သားအများစုဟာ သန့်ပြန့်တောက်ပြောင်နေပါတယ်။ မန္တလေးထောင်မှာတော့ ကြည့်ကောင်းရှုကောင်းရှိပါတယ်။ မန္တလေးက နေနည်းနည်းပူတဲ့အတွက် အသားနည်းနည်းညိုကြပါတယ်။ မြင်းခြံထောင်မှာတော့ ကျွန်တော်တို့ရောက်သွားကြတဲ့အချိန်က အဲဒီကအကျဉ်းသားတွေကိုကြည့်ပြီး တော်တော်စိတ်ဆင်းရဲသွားပါတယ်။ အသားအရေက မဲခြောက်ပြီး ပိန်လိန်နေတဲ့သူက များပါတယ်။ မန္တလေးက မြင်းခြံထောင်ကို ပြောင်းလာတာ အီသီယိုပီးယား ရောက်သွားသလို ခံစားခဲ့ရဖူးပါတယ်။ အသားအရေ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်ရှိသူ လူနည်းစုဟာ မူးယစ်မှုနဲ့ ကျတဲ့ တရုတ်လူမျိုးတွေသာ များပါတယ်။ အခြားထောင်တွေမှာလို နေ့ခင်းပိုင်း ပိုက်ဆာရင် မုန့်မစားနိုင်ကြတဲ့သူများပါတယ်။ ထောင်ထဲမှာ အလကား ရတဲ့ရှားဆောင်းလက်ပတ်ကို အတုံးသေးသေးလေးတွေလုပ်ပြီး ထန်းလျက်နဲ့ ပုလင်းတစ်ခုထဲမှာ ငါးရက်၊ ခုနစ်ရက်လောက် စိမ်ထားလိုက်ရင် ချိုပြီး ထုတ်ထုတ်ထုတ်ထုတ်လို့မြည်ကာ စားလို့ကောင်းတဲ့ မုန့်တစ်မျိုးအဖြစ်စားကြပါတယ်။



(၂၀၀၉)ခုနှစ် ကျွန်တော်တို့စတင်ရောက်ရှိချိန်က မြင်းခြံထောင်မှာ ကော်ဖီကင်းဆိုတဲ့တစ်ထုပ်ငါးဆယ်တန်ကို တစ်နေ့အထုပ် သုံးထုပ်လောက် သောက်နိုင်တဲ့သူဟာ တော်တော်အဆင်ပြေတဲ့ သူလို့အရင်က လူဟောင်းတွေက ပြောပြပါတယ်။ ကျွန်တော်တို့အင်းစိန်၊ မန္တလေးထောင်တွေမှာ ပုံစံအဖြူခေတ်ကတည်းက အကောင်းစားတက်ထွန်ဖြူ ပလေကပ်အဖြူတွေဝတ်လို့ အခု(၂၀၀၇)ခုနှစ်ကစလို့ ပုံစံအပြာတွေ ဝတ်ရတော့လည်း အကောင်းစားပိတ်စအမျိုးမျိုးကို ပုံစံပြာအဖြစ် ချုပ်ဝတ်နေကြတာ ဘာမှမထူးဆန်းသလိုနဲ့ မြင်းခြံထောင်ကို ရောက်တော့မှ ထောင်ကပေးတဲ့ ပုံစံပြာအင်္ကျီပုဆိုးအနွမ်းစုတ်တွေကို လူတိုင်းနီးပါး ဝတ်နေကြတာတွေ့လိုက်ရတော့ ဘာလဲ ဒီထောင်က ထောင်ကပေးတဲ့ပုံစံတွေပဲ ဝတ်ရတာလားလို့ ထင်ပြီး စုံစမ်းကြည့်လိုက်တော့ မဟုတ်ပါဘူး။ မြင်းခြံတစ်ထောင်လုံးက အကျဉ်းသားတွေအားလုံး ဘယ်သူမှအကောင်းစား ပုံစံအင်္ကျီပုဆိုးမဝတ်ကြပဲ ထောင်က ပေးတာတွေနဲ့ ဝတ်ဆင်ပြီးနေတာလို့ သိရပါတယ်။ ကျွန်တော်တို့ ထောင်ပြောင်းအုပ်စုရောက်ပြီးမှ မြင်းခြံထောင်ရဲ့အခန်းတွေထဲက အမှိုက်ပုံးထဲမှာ ကော်ဖီမျိုးစုံအခွန်တွေ၊ အိတ်တွေ သွန်ရတော့တယ်။အရင်က အမှိုက်ပုံးထဲမှာ ဘာအမှိုက်မှမရှိသလို အခုမှပဲ အမှိုက်တောင်းက အမှိုက်ပြည့်တော့တယ်လို့ ထိုအလုပ်ကို လုပ်ရသူက ရယ်မောပြီး ပြောပြပါတယ်။

မြင်းခြံထောင်ရဲ့အရင်အခြေအနေကိုတော့ တိတိကျကျမသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ထောင်ပြောင်းအုပ်စု (၃၀၀)ရောက်လာတော့မှ အခန်းတွေထဲမှာ လူတွေပြည့်သွားသလို အစားအသောက်တွေလည်း ပေါများလာတယ်လို့ အရင်လူဟောင်းတွေက ဝမ်းသာအားရ ပြောပြပါတယ်။ ကျွန်တော်တို့ရောက်ပြီး မကြာခင်မှာပဲ မြင်းခြံတစ်ထောင်လုံး တက်ထွန်ပြာပုံစံ အင်္ကျီပုဆိုးတွေ လူတိုင်းနီးပါး ဝတ်ကြပါတော့တယ်။ ကျွန်တော်တို့ ထောင်ပြောင်းလာသူတွေက ဈေးပေါပေါရောင်းလိုက်ကြလို့ပါ။ ရှေးအခါက ဟုတ်မလိုလိုနဲ့ ပြောဆိုလုပ်ကိုင်တဲ့ထောင်ပိုင်ဟာ တဖြည်းဖြည်းနဲ့ အတော်ကို လူပါးဝပြောဆိုလုပ်ကိုင်နေမှုတို့ကို ထင်ထင်ရှားရှားတွေ့မြင်လာရပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ဘယ်လောက်အကျိုးရှိတယ်ဆိုတာ တိတိကျကျ မသိရပေမယ့် ထောင်ထဲမှာ ငါးနှစ်၊ ဆယ်နှစ်ကျော်ကြာတဲ့သူတွေတောင် ဆေးလိပ်တံဆိပ်ပတ်ခိုင်းခြင်း၊ မျက်တောင်အတုလုပ်ခိုင်းခြင်း၊ အုတ်ရိုက်ခိုင်းခြင်းစတဲ့လုပ်ငန်းတွေမှာ လူဟောင်းတွေပါ အလုပ်လုပ်ခိုင်းနေပါပြီ။ မြင်းခြံထောင်တစ်ခုလုံး ဆေးလိပ်မသောက်ရဆိုတဲ့ အမိန့်ထုတ်ထားပါတယ်။ ဒါပေမဲ့ ထောင်ထဲကို နေ့စဉ်နီးပါး ဆေးလိပ်ဖို (၁၀)ဖို၊ (၁၅)ဖို ရောက်ရှိလာပြီး အကျဉ်းသား (၁၅၀)က ထိုရောက်ရှိလာတဲ့ ဆေးလိပ်တွေကို တံဆိပ်ပတ်ပေးရပါတယ်။ ထိုဆေးလိပ်တံများမှာ

၁။ သုခိတာ ဆေးလိပ်

၂။ နန်းထိုက် ဆေးလိပ်

၃။ တိုးနယား ဆေးလိပ်

၄။ ဆင်မင်း ဆေးလိပ်

၅။ ရွှေဆင်မင်း ဆေးလိပ်

စသည်အမည်ရှိဆေးလိပ်များကို နေ့စဉ်တံဆိပ်ပတ်ပေးရပါတယ်။ ထိုဆေးလိပ်ဖိုများကို သယ်ယူပို့ဆောင်သောကားမှာ ၈ခ/၆၅၆၀ အဖြူရောင်၊ လိုက်အိပ်စ်ကားဖြင့် နေ့စဉ်သယ်ယူပို့ဆောင်ပါတယ်။ ကျွန်တော်သိသလောက်ကတော့ ဘယ်အကျဉ်းထောင်အတွင်းထဲကိုမဆို ဒီလိုအပြင်ကားတွေ ဝင်ထွက်ခွင့်လုံးဝမရှိစေရ ခွင့်မပြုဘူးလို့ သိထားပါတယ်။ ဒါပေမဲ့ မြင်းခြံထောင်မှာတော့ နှစ်ချီပြီး ဒီလိုအပြင်ကားတွေ ဝင်လိုက် ထွက်လိုက်လုပ်နေတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒီအကြောင်းတွေကို ယခုအချိန်ထိ မြင်းခြံထောင်ထဲမှာရှိနေတဲ့ အကျဉ်းသားနှစ်ကြိုးသမားတွေ သက်သေအဖြစ် ရှိနေပါတယ်။

ထောင်ပိုင်ဦးတင်မောင်ထွန်းလက်ထက်မှာ မျက်တောင်တုလုပ်ငန်းကို အကျဉ်းသား (၁၅၀)၊ (၂၀၀)ဖြင့် နေ့စဉ်လုပ်ကိုင်ရပါတယ်။ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်ပိတ်ပြီး အနားပေးပါတယ်။ အခြားအစိုးရရုံးပိတ်ရက်တွေ၊ နေ့ကြီးရက်ကြီးတွေမှာ လုံးဝအလုပ်မပိတ်ပါဘူး။ တစ်နှစ်တစ်ခါပိတ်တဲ့ သင်္ကြန်လို ပိတ်ရက်(၁၀)ရက်မှာတောင် အကြို၊ အကျ၊ အကြတ်၊



အတက်ဆိုတဲ့(၄)ရက်ပဲ အလုပ်နားရပါတယ်။ ကျန်တဲ့ဘယ်လိုပိတ်ရက်မျိုးမှ အနားမပေးပါဘူး။ တစ်နေ့ကို မျက်တောင်တုဘယ်နှစ်စုံလုပ်ရတယ်ဆိုတာ ကျွန်တော်မမှတ်မိတော့ပါဘူး။ ဒါပေမဲ့ မနက်မိုးလင်းလို့ အလုပ်ရုံရောက်သွား ချိန်ကစပြီး နေ့လယ်ထမင်းစားချိန် ခဏသာရပ်လို့ ညနေ(၄)နာရီ(၅)နာရီထိ တစ်နေ့ကုန် မျက်တောင်တုကို ကိုယ့်ပေးထားတဲ့ စကေးမပြည့်မခြင်း မနားရပါဘူး။ တကယ်လို့ ကိုယ်လုပ်ရမယ့်အတိုင်းမပြီး ရင်ထိုးလို့ ရိုက်လို့ရနိုင်တဲ့သူဆိုရင် မျက်တောင်တုဘုတ်ကိုင်နဲ့ ငွေပေးပြီး လုပ်ငန်းဦးစီးလို့ခေါ်တဲ့သူတွေက ဝိုင်းဝန်းလို့ ထိုးကြိတ်ရိုက်နှက်တတ်ပါတယ်။ တကယ်လို့ ပြန်လည်ရိုက်နှက် ထိုးကြိတ်မယ့်သူမျိုးဆိုရင်တော့ အလုပ်ရုံထောင်မှူးဆီကို မဆလာလေးထည့်ပြီးတိုင်လို့ ဆူဆဲခံအရိုက်ခံရပါတယ်။ ဒီလိုပြဿနာတွေကလည်း နေ့စဉ်နီးပါးပါပဲ။ မျက်တောင်တုဘုတ်ကိုင်လုပ်သူက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နေတဲ့ အမည်မမှတ်မိ ဗကလို့ခေါ်တဲ့ တစ်ချိန်က တပ်မတော်အရာရှိ ဖြစ်ခဲ့ဖူးတဲ့သူပါ။ အခုတော့ လူရောင်းစားမှုနဲ့ ထောင်ဒဏ်နှစ်ကိုးဆယ် ကျော်ကျထားပြီး မိန်းမပါထောင်ကျနေပါတယ်။ လင်မယားနှစ်ယောက်စလုံး မြင်းခြံထောင်မှာ ရှိပါတယ်။ ဗကဟာ ထောင်ဝင်စာမလာပါဘူး။ ဒါပေမဲ့ မျက်တောင်တုကို အခြားအကျဉ်းသားတွေကို ပိုလုပ်ခိုင်းခြင်း၊ မျက်တောင်တုအပျက်စာရင်းပြခြင်းစတဲ့ ဇယားများကို မျက်တောင်တုတာဝန်ခံအရာရှိမည်သူ တာဝန်ခံသည်ဖြစ်စေ ထိုသူနှင့်တိုင်ပင်ပြီး ဆရာတပည့် အောက်ဆိုက်အပိုငွေကို ရှာလို့ ဆရာက တပည့်ကို အကြံအဖန်အပိုရတဲ့ငွေထဲက သုံးပုံတစ်ပုံဖြစ်စေ လေးပုံတစ်ပုံဖြစ်စေ ပေးပါတယ်။

မည်ကဲ့သို့ ထိုငွေရသည်ဆိုလျှင် ထိုမျက်တောင်တုကိုယ်စားလှယ် အမျိုးသမီးအမည်မှာ မရွှေစင်ဟု သိရပြီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်းတွင် နေထိုင်ပြီး ထိုမျက်တောင်တုလုပ်ငန်းကို အခြားအမျိုးသမီးလေးများကို မျက်တောင်တု ကျွမ်းကျင်စွာသင်ပေးပြီး ထိုအမျိုးသမီးလေးများမှ ၎င်းတို့လုပ်ငန်း အပ်နှံထားသော အကျဉ်းထောင်များသို့ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် သုံးရက်ခန့် အကျဉ်းထောင်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ရောက်လာပြီး အကျဉ်းသားများကို မျက်တောင်တုကျွမ်းကျင်စွာ လုပ်ကိုင်တတ်ရန် ကိုယ်တိုင်အနီးကပ်လာရောက်၍ မကြာခဏသင်ပေးပါသည်။ ထိုသို့မရွှေစင်နှင့် ၎င်း၏ တပည့်မလေးများလာလျှင် ဘုတ်ကိုင်လုပ်သူ ဗကဆိုသူက မရွှေစင် မျက်တောင်တုလုပ်ငန်းကို ကောင်းမွန်စွာ လုပ်ပေးမည့်အကြောင်းနှင့် ထိုလုပ်ငန်းတာဝန်ခံကို အောက်ဆိုက်ရှာဖွေပေးမှ လုပ်ငန်းပိုမိုအဆင်ပြေမည့်အကြောင်း ထို့ကြောင့် တစ်လတစ်ကြိမ် မျက်တောင်တုများ ရန်ကုန်သို့ တင်ပို့ပေးသည့်အခါတွင် ၎င်းတို့ဆရာ တပည့်ဖန်တီးထားသော အပိုမျက်တောင်တုများနှင့် ပုံမှန်ပေးရမည့် မျက်တောင်တုများကို ပေးလိုက်မည့်အကြောင်း ထိုငွေကို ခွဲခြား၍ ပေးပို့ပါရန် တိုင်ပင် ပြောဆိုသည်ကို ကျွန်တော်အလုပ်ရုံတွင် တစ်လ(၁၅)ရက်ခန့်ဘုတ်ကိုင်ချုပ်အဖြစ် သွားရောက်လုပ်ကိုင်ခဲ့စဉ် ဗကကိုယ်တိုင် ဦးစီးအရာရှိ ဦးထွန်းထွန်း၏ ဖုန်းကို ဆက်ပြီးပြောဆိုနေသည်ကို ၎င်းဗကနှင့်ဦးစီးအရာရှိ ဦးထွန်းထွန်းတို့နှစ်ယောက် မျက်တောင်တု အပိုငွေအကြောင်းပြော၍ ယခုလ မည်မျှရမည်။ ထောင်ဖန်ထဲကို မည်မျှထည့်၍ အပိုငွေမည်မျှကို ခွဲခြားထားရမည်ဆိုသည့်အကြောင်းများကို နားနှင့်ကြား၍ ယခုကဲ့သို့ ပြန်လည်ရေးသားနိုင်ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံမျက်တောင်တု ကိုယ်စားလှယ်မှာ မရွှေစင်ဖြစ်ပြီး ထိုကုမ္ပဏီပိုင်ရှင်မှာ ကိုရီးယားမှ ဖြစ်သည်ဟုဆိုပါသည်။ အကျဉ်းထောင်တချို့မှာ လုပ်ကိုင်၍ ရရှိသော မျက်တောင်တုများကို အရှေ့တောင် အာရှနိုင်ငံအချို့သို့ ပို့သည်ဟု သိရှိရပါသည်။

ယခု ကျွန်တော်စာရေးနေသော (၂၀၁၄)ခုနှစ်ချိန်တွင် ထိုမျက်တောင်တုလုပ်ငန်းမြင်းခြံထောင်တွင် ဆက်၍လုပ်သည်မလုပ်သည်ကို မသိရသော်လည်း ကျွန်တော်နေခဲ့သော (၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂)ခုနှစ်များတွင် မြင်းခြံထောင်မှာ ထိုမျက်တောင်တုလုပ်ငန်း လုပ်ခဲ့ဖူးသည်ကို မြင်းခြံထောင်အတွင်း ယခုအချိန်ထိရှိသော အကျဉ်းသားများ သက်သေရှိပါသည်။

မှတ်ချက်။ ။ ဦးစီးအရာရှိဦးထွန်းထွန်းကို တစ်ချိန်က မြွေပွေးထွန်းထွန်းဟု ခေါ်ကြောင်းသိရပြီး ယခုအချိန်တွင် ပင်စင်ယူ၍ မန္တလေးတွင် နေထိုင်ကြောင်း သိရပါသည်။



မြင်းခြံထောင်အလုပ်ရုံတွင် ထိုအချိန်က အကျဉ်းသားအင်အား (၃၀) ခန့်ဖြင့် ကွန်ကရစ်ဆိုက်ဒ်ကြီးများကိုလည်းကောင်း၊ ဆိုက်ဒ်သေးများကို ၎င်းလက်ဖြင့် ရိုက်၍ လုပ်ကိုင်ကြရပါသည်။ ထိုအချိန်က အုတ်ရိုက်ဘုတ်ကိုင်မှာ သူရိန်ဆိုသူဖြစ်ပြီး လူရောင်းစားမှုဖြင့် ထောင်ဒဏ်အနှစ် (၁၀၀) ကျော်ကျထားသူများ ဖြစ်ပါသည်။ ထိုကွန်ကရစ်အုတ်အကြီးအသေးများကို သံပုံစံခွက်များဖြင့် ကျစ်လစ်သိပ်သည်းအောင် အားအပြည့်ဖြင့် ရိုက်နှက်၍ နေလှန်းလိုက်ပြီး အနည်းငယ် မာကျောခြောက်သွေ့သွားလျှင် အုတ်များကို စီပြီး ရေမကြာခဏဖြန်းပေးကြသည်ကို တွေ့ရပါသည်။ ၎င်းအုတ်လုပ်ငန်းကို နေ့စဉ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ သဲ၊ ကျောက်၊ ထုံးစသည့်တို့ကို ကုန်ကျမှုများ အုတ်အကြီးအသေး နေ့စဉ်ထုတ်လုပ်မှုများကို နေ့စဉ်မှတ်သားသည်ကို နောင်တစ်ချိန် ကျွန်တော် အလုပ်ရုံဘုတ်ကိုင်ချုပ်ဖြစ်သည့်အချိန်တွင် ထိုစာရင်းစာအုပ်နှစ်အုပ်ကို ယူကြည့်မိသည်တွင် ထိုအုတ်လုပ်ငန်းမှာ မြင်းခြံထောင် အကျိုးစီးပွားရေးလုပ်ငန်းမဟုတ်ဘဲ ထောင်ပိုင်၏ ကိုယ်ကျိုးစီးပွားရေးဖြစ်၍ မကြည့်ပါနှင့်ဟု မျက်တောင်တုဘုတ်ကိုင် ဗကမှ ပြောပြ၍ ထိုအကြောင်းကို သိရှိရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်မှကျွေးသော ထမင်း၊ ဟင်းများကို ထိုအကျဉ်းသားများအားကျွေး၍ မိမိ၏ ကိုယ်ပိုင်စီးပွားရေးအတွက် အကျဉ်းသားများအား လုပ်အားကို ထိုသို့တလွဲအသုံးချသည့် အကြောင်းကို ဌာနဆိုင်ရာလူကြီးများနှင့် လူအများသိစေရန် ရေးသား၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

မြင်းခြံထောင်ရဲ့အကျဉ်းသားသက်သာဆိုင်မှာ ထောင်ဝင်စာလာတဲ့ မိသားစုတွေက မိမိတို့တတ်နိုင်သလောက် ငွေတစ်သောင်းဖြစ်စေ သုံးသောင်းဖြစ်စေ၊ ငါးသောင်းဖြစ်စေ၊ တစ်သိန်းဖြစ်စေ၊ သူတို့အနေအထားရှိသလောက် ထောင်ထဲက မိမိလူစားဝတ်နေရေး အဆင်ပြေစေဖို့အတွက် သက်သာဆိုင်မှာ အပ်နှံထားခဲ့ကြပါတယ်။ ထောင်ပိုင်တန်းစီးမှာ တရားဝင်ပြောတာက တော့ (၁၀၀)ကို (၁၀)ရာခိုင်နှုန်းသာ အမြတ်ယူပြီး ရောင်းတယ်လို့ ပြောပေမယ့် တကယ်တမ်း လက်တွေ့ဝယ်ရတဲ့အချိန်မှာတော့ အနည်းဆုံး သုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်းယူထားတာကို ဈေးစာရင်းစာရွက်ကို ယူကြည့်ပြီး သိရပါတယ်။ သူတို့ဆီကို ဈေးပစ္စည်းမှာလို့ ဝယ်ယူလာပြီးရင် ဘောက်ချာစာရွက်မှာ လက်မှတ်ကို ထိုးပေးပြီး ဘောက်ချာကို ပြန်ပေးလိုက်ပါတယ်။ ယူထားလို့ မရဘူး။ အစဖျောက်တဲ့သဘောပါ။ တကယ်မှန်မှန်ကန်ကန် သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းတယ်ဆိုရင် ဒီဘောက်ချာယူသွားစရာ မလိုပါဘူး။ သူတို့ဆီမှာ လက်ခံဖြတ်ပိုင်း ရှိပြီးသားပါ။ သက်သေခံဖျောက်ဖျက်တယ်လို့ပဲ ကျွန်တော် သတ်မှတ်ပါတယ်။ မြင်းခြံထောင်မြို့ပတ်ဝန်းကျင်မှာ ထွက်တဲ့ ဒီပစ္စည်းတွေရဲ့ဈေးနှုန်းကို ခန့်မှန်းကြည့်ကြပါ။

| | | |
|---|---|---|
| ခရမ်းချဉ်သီး | ၁ ပိဿာ | ၁၀၀၀ |
| ကြက်သွန်နီ | ၁ပိဿာ | ၁၄၀၀ |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၂၀၀ |
| ငြုပ်သီးမှုန့် | ၁ပိဿာ | ၄၀၀၀ |
| နှစ်ပြန်ကြော် | ၁ပိဿာ | ၂၈၀၀ |
| မုန်လာထုပ် | ၁ထုပ် | ၅၀၀ |

(၂၀၁၁)ခုနှစ်က ဈေးနှုန်းဖြစ်ပြီး ကျွန်တော်တို့ကို ခရမ်းချဉ်သီးအညံ့စားများ၊ ကြက်သွန်နီကြက်သွန်ဖြူအသစ်များ အပေါစားများကို အမြင့်ဆုံးဈေးနှုန်းများဖြင့် ရောင်းချကြောင်း မြင်းခြံမြို့နယ်မှ စိုက်ပျိုးရေးလုပ်ကိုင်သော သူများက ပြောပြကြပါသည်။ ထိုပစ္စည်းများကဲ့သို့ပင် အခြားသောစားသောက်စရာမျိုးစုံကို ဈေးတင်ရောင်းချမှုအကြောင်း သိပေမယ့် ဘယ်သူ့ကိုမှ တိုင်လို့မရသလို ဘာမှလည်း ပြောပိုင်ခွင့်မရှိပါဘူး။ သက်သာဆိုင်ကိုင်တဲ့သူက ဒီတစ်ပတ် ဈေးသွားဝယ်မယ်ဆိုရင် ထောင်ပိုင်လက်မှတ်ခွင့်ပြုချက်နဲ့ ကျွန်တော်တို့အကျဉ်းသားတွေရဲ့ငွေကို ဘဏ်က သွားထုတ်လိုက်ပြီး (၁၀)သိန်းထုတ်တယ်ဆိုရင် တစ်သိန်းကို ထောင်ပိုင်ကိုပေး နှစ်သိန်းလောက်ကို အိတ်ထဲကိုထည့် ခုနစ်သိန်းဖိုး ပစ္စည်းဝယ်ပြီး (၁၀)သိန်းစာရင်းပြကာ ဒီလိုလုပ်စားနေကြတာ ကြာခဲ့ပါပြီ။ ဒီလိုသက်သာဆိုင်ကို ကိုင်ရဖို့ကလည်း မလွယ်ပါဘူး။ ထောင်ပိုင်ကို ဖားရ၊ ထောင်ပိုင်ကတော်ကို ဖားရ အောက်ကျခံ၊ အပြောအဆိုခံပြီး ငွေမျက်နှာတစ်ခုထဲကိုသာ ကြည့်မယ်ဆိုသူမျိုးတွေ



သာ သက်သာဆိုင်ကို ရတာပါ။ မှန်မှန်ကန်ကန် လုပ်ကိုင်နေတဲ့အရာရှိဝန်ထမ်းမျိုးတွေ မရှိပါဘူး။

သက်သာဆိုင်ကိုင်တဲ့အရာရှိက စာရင်းလိမ်တယ်။ သွက်သွက်လက်လက်ရှိတဲ့ သူမျိုးကို မွေးထားရပါတယ်။ ဈေးနှုန်းလေးတွေကို အတည်မထားဘဲ အတက်အကျလေးတွေ လုပ်ပေးပြီး ဈေးဝယ်သူမှတ်လို့မရအောင် ဈေးကစားပေး ရပါတယ်။ ဒီလိုလုပ်ပေးပြီး လုပ်စားသွားတဲ့သူနှစ်ဦးရဲ့ အမည်ကို ဖော်ပြပေးပါမယ်။ လကရ ၀၈/၀၀၄၁၃/က ချိုမင်း(ဘ)ဦးစိုးထွန်း၊ မှုးယစ်မှု ၁၉/က၊ ပြစ်ဒဏ်(၂၀)နှစ် အမှတ်(၂)အိပ်ဆောင် (၂)ခန်း၊မ. တ. လ/၀၈/၀၁၅၃၃/က ဖြိုးသူရ(ခ)နိုနို(ဘ)ဦးခင်မောင်ဌေး၊ မူးယစ်မှု ၁၅/၁၉၊ ပြစ်ဒဏ်(၁၉)နှစ် (၉)လ ထိုသူနှစ်ဦးသည် မြင်းခြံထောင်တွင် သက်သာဆိုင်စာရင်း လိမ်ပေးရင်း စားဝတ်နေရေးကို ဖြတ်သန်းဖြေရှင်းသွားသူနှစ်ဦး ဖြစ်ပါသည်။

မြင်းခြံထောင်မှာ ရေသန့်စက်ရုံလေးတစ်ခုရှိပါတယ်။ ထောင်ပိုင်ကို ငွေသိန်းချီပေးနိုင်တဲ့ သူတွေသာထားတာပါ။ ရေသန့်စက်ရုံမှာနေရင် အပတ်စဉ် ဆားဝယ်ထည့်ရပါတယ်လို့ ပြောပါတယ်။ ထောင်ပိုင်ကို လိုင်းဝင်ပြီးရုံနဲ့မရပါဘူး။ ဆားကို အိတ်စိုက်ပြီး အမြဲဝယ်ရတယ်လို့ပြောပါတယ်။ ရေသန့်ဘူးတွေ ဆေးဖို့အတွက် ပေါ်တာသုံးယောက်လောက်တော့ နေ့စဉ်ပေးရပါတယ်။ အဆောင်က အကျဉ်းသားတွေကတော့ ကိုယ့်ရေဘူးကိုယ် ဆေးပြီး ထည့်ကြတာပါ။ မနက်တစ်ကြိမ် ညနေတစ်ကြိမ် တစ်နေ့ကို နှစ်ကြိမ် ရေသန့်သွားသယ်ရပါတယ်။ ဒါပေမဲ့ ရက်ခြားရက်ခြားတစ်နေ့ကို မနက်ပိုင်းသုံးဘူး၊ ညနေပိုင်း သုံးဘူး၊ လေးဘူးသာရတဲ့ရက်မျိုးတွေ နွေရာသီမှာ များပါတယ်။ တစ်ခန်းကို လူဦးရေ (၈၀)ကနေ (၁၀၀)ထိ ရှိတဲ့အခါမျိုးတွေ ပူလောင်တဲ့ရာသီမျိုးတွေဆိုရင် ဒီရေဘူး ခြောက်ဘူး၊ ဆယ်ဘူးဟာဘယ်လိုမှမလောက်ပါဘူး။ အကျဉ်းထောင်အတွင်းက ရေသန့်စက်ရုံဟာ အကျဉ်းသားတွေအတွက် အဓိကထားပြီး တည်ဆောက်ထားတယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းမြင်တွေ့ခဲ့ရတာကတော့ အကျဉ်းထောင်အပြင်ဘက်အရာရှိ အကြပ်ဝန်ထမ်းတွေရဲ့ အိမ်တွေကိုသာ အဓိက

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ရေသန့်ဘူးတွေ ပို့ပေးနေတာ မြင်တွေ့ခဲ့တာ သုံးနှစ် ခြောက်လလုံးလုံးပါပဲ။ အပြင်ဘုတ်ထွက်တဲ့ အကျဉ်းသားတွေက လက်တွန်းလှည်းနဲ့ ရေဘူးခွံတွေ သယ်လာလိုက် ရေထည့်ပြီး ပြန်သယ်သွားလိုက်နဲ့ တစ်နေကုန်ပါပဲ။ ဒါကြောင့် ရေသန့်မလောက်တဲ့အတွက် ရေချိုးကန်ပိုက်ခေါင်းကနေ ရေသန့်ဘူးထဲကို ရေထည့်ပြီး သောက်ရတာ နွေရာသီတိုင်းပါပဲ။ ရေသန့်စက်ရုံမှာ ထောင်ပိုင်ကို ငွေသိန်းချီပေးပြီး လုပ်ကိုင်နေထိုင်သူတွေကတော့ မခ/၁၁/၀၀၁၂၃ /က ဇော်မြင့် (ဘ)ဦးရွှေဒေါင်း ပုဒ်မ(၃၀၄) ရေသန့်စက်ရုံ မခ/၁၂/၀၀၀၅၅/က ကျော်သူထွန်း (ဘ)ဦးစိန်သန်း၊ မူးယစ်မှု ၁၉/က ရေသန့်စက်ရုံစသည့်နှစ်ဦးဖြစ်ပါသည်။(၂၀၁၂)ခုနှစ် (၂၀၀၉)ခုနှစ် ကျွန်တော်တို့မြင်းခြံထောင်ကို ရောက်စချိန်က မြင်းခြံထောင် မိန်းဂျေးမှာ ကြီးစိုးနေသူတွေထဲက ထင်ရှားတဲ့သူတွေကိုတော့ မှတ်မိပါ တယ်။ (စိုးသိန်း(ခ) စစ်သားကြီး) ဘူးသီးအမည်မမှတ်မိ ပုသိမ်ထောင် ပြောင်းတင်စိုး၊ အညာသားစသည့်သူများကို မှတ်မိပါသည်။ မိန်းဂျေးစည်း ကမ်းဆိုသူတွေရဲ့အဓိက အလုပ်တွေကတော့ မနက်မိုးလင်းလို့ အိပ်ဆောင် ထဲကထွက်လို့ မိန်းဂျေးရောက်ပြီဆိုတာနဲ့ ဦးစီးအရာရှိ သို့မဟုတ် ထောင်မှူး ကြီး၊ ထောင်မှူး၊ မိန်းဂျေးတာဝန်ကျ၊ အရာခံဗိုလ်၊ တပ်ကြပ်၊ တပ်ကြပ်ကြီး၊ ဝန်ထမ်းစသည့်တို့ စားသောက်ဖို့အတွက် ထမင်းကြော်ဖြစ်စေ ခေါက်ဆွဲ ပြုတ်၊ ကြာဇံပြုတ်၊ ကော်ဖီ၊ မုန့်၊ ဆေးလိပ်၊ ကွမ်းစသည့်အရာများထဲမှ ၎င်းတစ်ဦးစီ၏ ကြိုက်နှစ်သက်တာကို နည်းမျိုးစုံနဲ့ ရှာဖွေစီစဉ်ဆောင်ရွက် ပေးရပါတယ်။ ဒီလိုမှလုပ်ကိုင်ပေးနိုင်တဲ့ စွမ်းရည်မရှိဘူးဆိုရင် အဲဒီအကျဉ်း သားမိန်းဂျေးမှာ အရာမဝင်သလို နေရာလည်း မမြဲနိုင်ပါဘူး။ ဒါကြောင့် လည်း မိန်းဂျေးအကျဉ်းသားတွေက ဆရာစားဖို့ ဆရာ့ကိုပေးဖို့အတွက် ထောင်ဝင်စာလာသူတွေကို အချော့နဲ့တစ်မျိုး အခြောက်နဲ့တစ်မျိုး ဘော် ကဏ္ဍနဲ့တစ်မျိုး ဖော်မြူလာအမျိုးမျိုးသုံးပြီး ဖြဲရှာဖွေကြရပါတယ်။ ထော ဝင်စာလာသူတွေ၊ ထောင်ဝင်စာအခန်းထဲမှာ မိမိတို့ အိမ်တွေနဲ့တွေ့ပြီ စကားပြောချိန်မှာ ဘယ်သူတွေ ငွေသွင်းချင်သလဲဆိုပြီး ထောင်ဝင်စ စည်းကမ်းထိန်း သို့မဟုတ် မိန်းဂျေးစည်းကမ်းထိန်းဆိုသူတွေက လိုက်



မေးမြန်းပါတယ်။ ငွေသွင်းမယ်ဆိုရင် ထောင်ဝင်စာထုပ်သွင်းတဲ့ အပေါက် ကနေပြီး ထောင်ဝင်စာခန်း တာဝန်ကျသူဝန်ထမ်းတစ်ဦးဦးက ငွေကို ယူ လိုက်ပြီး ငွေငါးသောင်း ပေးသွင်းပေးရတယ်ဆိုရင် သူ့အတွက် ငွေငါး ထောင်ဖြတ်ယူလိုက်ပြီး ကျန်ငွေ(၄၅၀၀၀)ကို စည်းကမ်းထိန်းကို ပေးလိုက် ပါတယ်။ ထောင်ဝင်စာတွေ့ချိန် (၁၅)မိနစ်ပြည့်လို့ ထောင်ဝင်စာခန်းမှ ထွက်ရန် ဘဲလ်တီးအချက်ပေးတဲ့အခါ ကိုယ့်အထုပ်ကိုယ် သွင်းယူပြီး မိန်းဂျေးမှာ ရှာဖွေရေးအလုပ်ခံရပါတယ်။

ထောင်ဝင်စာ ပစ္စည်းစားသောက်စရာတွေကို မိန်းဂျေးစည်းကမ်းထိန်း ဆိုသူက ဟိုဖြဲ၊ ဒီဖြဲ လုပ်နေရင်း ငါတို့ဆရာတွေ စားဖို့ ကြက်ကြော်လေး ပေးခဲ့ပါဦး။ ငါးကြော် လေးပေးခဲ့ပါဦး၊ ဝက်သားဟင်းလေး နည်းနည်း လောက်လုပ်ခဲ့ပါဦး၊ အမဲနှပ်လေးတစ် ခါစာလောက် ပေးခဲ့ပါလား၊ ဒီမုန့် ထုပ်လေး ငါ့ဆရာကို ကျွေးချင်လို့ပါကွာ၊ ဒီကော်ဖီထုပ်က ငါတို့မသောက်ဖူး တဲ့ဟာမို့လို့ ပေးခဲ့ပါဦးဆိုပြီး ထောင်ဝင်စာလာသမျှ လူအားလုံး ဘယ်သူမှ မလွတ်စေရအောင် နည်းမျိုးစုံ၊ အသံမျိုးစုံ၊ မျက်နှာအမျိုးမျိုးနဲ့ တောင်းရမ်း စားသောက်ပြီး ဆရာ့အကျိုး တပည့်အကျိုးနှစ်ဦးနှစ်ဖက် အပူစာတွေ စား သောက်ကြတာ အချိန်တန်တော့လည်း ပြန်ခံကြရမှာပါပဲ။ ထောင်ဝင်စာ တွေ့စဉ်က ငွေသွင်းထားတဲ့သူတွေ အဆောင်ထဲကို ရောက်တာနဲ့ အနောက် က မိန်းဂျေးစည်းကမ်းဆိုသူတွေက ငွေလိုက်ပို့ပါတယ်။ ဥပမာ ငွေတစ်သိန်း သွင်းလိုက်လို့ ထောင်ဝင်စာတာဝန်ကျဝန်ထမ်းက သူ့အတွက် တစ်သောင်း ယူပြီး ကျန်ငွေကိုးသောင်းထဲက မိန်းဂျေးစည်းကမ်းထိန်းကို ငွေလာပို့သူ အဖြစ် နှစ်ထောင်၊ သုံးထောင် ထပ်မံ ပေးကမ်းရပါတယ်။ ဒီလိုမှ ပေးကမ်း ကျွေးမွေးမှုမရှိရင် အခက်အခဲလေးတွေ ရှိနိုင်ပါတယ်။ ထောင်ထဲမှာ ကိုယ် နေတဲ့အဆောင်ကနေ တခြားအဆောင်တစ်ခုကို သွားမယ်ဆိုရင် မိန်းဂျေး ကို ဖြတ်ပြီးမှ သွားရသလို အလုပ်ရုံကို သွားသည်ဖြစ်စေ ဆေးရုံကိုသွား သည်ဖြစ်စေ မိန်းဂျေးကို ဖြတ်မှသွားလို့ ရပါတယ်။ မိန်းဂျေးတာဝန်ကျ အရာရှိ၊ အကြပ်၊ ဝန်ထမ်းစတဲ့သူတွေအပြင် မိန်းဂျေးစည်းကမ်းထိန်းဆိုသူ တွေကို ခေါစာပစ်မထားဘူးဆိုရင် ဂွင်ထဲကနေ ခြောက်လှန့်ဒုက္ခပေးတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ဒါကြောင့် ဘယ်ထောင်ပဲဖြစ်ဖြစ် အိပ်ဆောင်တွေထဲက ဘာကောင်ပဲဖြစ်ဖြစ် မိန်းဂျေးက သူတွေကို ချစ်သည်ဖြစ်စေ မုန်းသည်ဖြစ်စေ၊ စေတနာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စေတနာမဲ့သည်ဖြစ်စေ ပြုံးပြုံးရယ်ပြနှုတ်ဆက်ကြပြီး သဒ္ဒါမဲ့ပေးကမ်းကျွေးမွေးရမှာကတော့ လုံးဝမပြောင်းလဲတဲ့ ပုံသေနည်းတစ်ခုဆိုတာ ထောင်ကျဖူးတဲ့သူတိုင်း အတိအကျ သိကြပါတယ်။

(၂၀၁၄)ခုနှစ်ထဲမှာပဲ ထောင်ပိုင်ရဲ့ပြောဆိုလုပ်ကိုင်မှုတွေဟာ တဖြည်းဖြည်းနဲ့ ဘောင်ကျော်လာပြီး ငါထောင်ပိုင် ငါပြောချင်ရာပြောမယ် ငါလုပ်ချင်ရာလုပ်မယ် ဆိုတဲ့စကားလုံးမျိုးကို အကျဉ်းသား (၄၀၀)ကျော်စုဝေးထိုင်နေတဲ့ ထောင်ပိုင်၊ တန်းစီဆိုတဲ့နေ့တွေမှာ ထင်ထင်ပေါ်ပေါ် ပြောဆိုလို့ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ ဒီထောင်မှာ ငါအကြီးဆုံးပဲဆိုတဲ့ စကားလုံးကို စည်းလွတ်ဘောင်လွတ် ပြောလာပါပြီ။ ထောင်ပိုင် တန်းစီနေ့ရောက်မှာကို ကျွန်တော်တို့အကျဉ်းသားတွေ ကြောက်နေကြရပါတယ်။ (၂)နာရီ (၃)နာရီ ထိုင်နေရလို့ မဟုတ်ပါဘူး။ ဗိုလ်မှူးတစ်ယောက်၊ ထောင်ပိုင်တစ်ယောက်၊ အရာရှိကြီးတစ်ယောက်လုပ်နေပြီး အကျဉ်းသား/သူ (၁၅၀၀) (၂၀၀၀)ကို အုပ်ချုပ်တဲ့ သူတစ်ယောက်အနေနဲ့ မင်္ဂလာစကားမပြောတတ်သလို လူကျင့်ဝတ်၊ လူ့စည်းကမ်းဆိုတာတွေကို ထောင်အုတ်ရိုးအပြင်ဘက်မှာ ထားခဲ့သလားဟု ထင်ရလောက်အောင် ကိုယ့်အမူအရာ နှုတ်အမူအရာ ကြမ်းတမ်း ရိုင်းစိုင်းလွန်းလို့ပါ။ ထောင်ပိုင်တန်းစီနေ့ဆိုရင် ကျွန်တော်တို့ အကျဉ်းသားတွေက တစ်ဆောင်လုံး မိုးမလင်းခင် သန့်ရှင်းရေးလုပ်ပြီး မနက်(၆)နာရီခွဲ (၇)နာရီလောက်ဆို အောက်ထပ် နှစ်ခန်း၊ သုံးခန်း၊ လေးခန်းဆိုတဲ့ အခန်း (၃)ခုမှာ လူခွဲပြီး တန်းစီထိုင်နေကြရပါတယ်။ (၉) နာရီခွဲ (၁၀)နာရီလောက်မှ ထောင်ပိုင်က အခြားအရာရှိငယ်တွေနဲ့အတူ ဝင်လာပါတယ်။ အိပ်ဆောင်ဝမှာ တာဝန်ခံအဆောင်မှူးက ယခုလက်ရှိ တာဝန်ခံထောင်မှူး၊ ဒုအဆောင်မှူးဝန်ထမ်းစတာတွေ သတင်းပို့လို့ပြီးတဲ့အခါ ထောင်ပိုင်က အိပ်ဆောင်ထဲကို ဆက်လက် ဝင်ရောက်လာပါတယ်။ သော့ကိုင်တဲ့ ဒုအဆောင်မှူးက ဖွင့်ပြီးသားသော့ကို အခုမှဖွင့်သလိုနဲ့ တံခါးကို တွန်းဖွင့်



လိုက်လို့ အခန်းထဲကို ဗိုင်းခနဲ ဝင်လာတာနဲ့ တပြိုင်နက် ကျွန်တော်တို့ အကျဉ်းသားလေးရာကျော်က ပြိုင်တူအသံကျယ်ကျယ်နဲ့ မင်္ဂလာပါလို့ အော်ဟစ်နှုတ်ခွန်းဆက်လိုက်ချိန်မှာ ထောင်ပိုင်က (အေး မသေအောင်နေ) ကိုယ့်ကိုကိုယ်ဂရုမစိုက်ရင်တော့ သေမှာပဲ၊ ဘယ်သူ သေချင်သလဲ ဆိုတဲ့ စကားလုံးနဲ့ စတင်နှုတ်ဆက်ပြောဆိုတဲ့အတွက် ကျွန်တော်တို့ အကျဉ်းသားတွေက စိတ်ထဲမှာ ဒီလူတော်တော်ကျက်သရေ မရှိတဲ့သူပဲ။ မင်္ဂလာစကားမပြောဘူး။ ဒီလိုလူမျိုး ဒီလိုစိတ်ဓာတ်မျိုးနဲ့ ဘယ်လိုများ ထောင်ပိုင်ဖြစ်လာသလဲဆိုပြီး ထောင်ပိုင်တန်းစီတဲ့ နေ့တိုင်းနီးပါး ကျွန်တော်တို့ အကုသိုလ်များကြရပါတယ်။

ကျွန်တော်တို့အကျဉ်းသားတွေ ကြားချင်တာက တည်တည်ငြိမ်ငြိမ်၊ ဖြောင့်ဖြောင့်မတ်မတ်နဲ့ စကားကို မှန်မှန်ကန်ကန် လေးလေးနက်နက် ပြောဆိုသွန်သင်ဆုံးမပြီး ကျွန်တော်တို့အကျဉ်းသားတွေကို ညီလေးတွေလို တူလေးတွေလို သားတွေလို နွေးနွေးထွေးထွေးဆက်ဆံပြီး အကျဉ်းထောင်ရဲ့လုပ်ငန်းတွေကို လုပ်ကိုင်ချင်စိတ်ရှိလာအောင် အနုနည်းနဲ့စည်းရုံးသိမ်းသွင်းတာကို လိုချင်ကြတာပါ။ အဲဒီလိုနည်းနဲ့များ ပြောဆိုပြီး ခိုင်းခဲ့ရင် ပင်ပန်းတာတောင်မှ ကျေကျေနပ်နပ်နဲ့လုပ်ကြမှာပါ။ ဒါကတော့ ထောင်ပိုင်တစ်ယောက်ရဲ့ကြမ်းတမ်းမှုကြောင့် စိတ်ဒဏ်ရာရခဲ့ကြတဲ့အကြောင်းရင်းကို ရေးသားဖော်ပြတာပါ။ ကျွန်တော့်လိုတွေးပြီး ကျွန်တော့်လိုခံစားခဲ့ရတဲ့ အကျဉ်းသားတွေလည်း များစွာရှိပါတယ်။

(၂၀၀၉)ခုနှစ် ကျွန်တော်တို့ ရောက်ရှိချိန်ကစပြီး မြင်းခြံထောင်မှာ အကျဉ်းထောင်အတွင်း အကျဉ်းသားများနေထိုင်ရာ အဆောင်အလိုက် ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဆွမ်းကပ်ခြင်းများကို အပတ်စဉ်(၇)ရက်တစ်ကြိမ် ကုသိုလ်ပြုလုပ်ခွင့်ပြုပေမယ့် ကျွန်တော်တို့အကျဉ်းသား ဗုဒ္ဓဘာသာဝင်တွေအတွက် အတော်လေး အခက်အခဲရှိပါတယ်။ မြင်းခြံထောင်အတွင်းမှာ ရှိတဲ့အကျဉ်းသားတွေထဲမှာ ထောင်ဝင်စာမကြာခဏလာပြီး ငွေကြေးများ သုံးနိုင်ဖြုန်းနိုင်တဲ့သူအများစုဟာ ဘာသာကွဲ၊ လူမျိုးကွဲတွေများတဲ့အတွက် ဗုဒ္ဓဘာသာဝင်တွေရဲ့ လှူရေးတန်းရေးတွေမှာ မပြည့်စုံမှုတွေ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဝါဆိုလစဝင်ပြီဆိုတာနဲ့ လပြည့်နေ့မှာ ဝါဆိုသင်္ကန်းများကို အခန်းတိုင်းက ကပ်လှူကြသလို ငွေလှူတန်းခြင်းနှင့် အခြားလှူဖွယ်ပစ္စည်းလေးများကို အခန်းအလိုက်အပြိုင်အဆိုင် အခန်းလူကြီးဆိုသူတွေက အိတ်ထဲက တစ်ပြားမှမစိုက်ဘဲ အခန်းသားတွေကို မလှူလို့ လုံးဝမရတဲ့ ပုံစံမျိုးတွေနဲ့ ငွေတောင်းခံကောက်ယူတဲ့အခါတွေမှာ စေတနာရှိသလောက် တတ်နိုင်သလောက် ပုံစံမျိုးမဟုတ်ဘဲ ခွဲတမ်းချငွေ တောင်းခံကောက်ယူတဲ့ အခါ သဒ္ဓါကြေးမဟုတ်ဘဲ အတင်းအဓမ္မမပေးလို့မရတဲ့ ပုံစံဆိုတာ နဂိုလ်ရှိပြီးသား စေတနာသဒ္ဓါတရားလေးတောင်ပျောက်ပြီး ငွေလည်းကုန်အကုသိုလ်လည်း များကြရတာ ခုနစ်ရက်တစ်ကြိမ်ပါပဲ။ ဘာကြောင့် ခုနစ်ရက်တစ်ကြိမ် အကုသိုလ်များရသလဲဆိုရင် ဝါဆိုလထဲ ဝင်ပြီဆိုတာနဲ့ ငွေနဲ့လှူဖွယ်ပစ္စည်းကို အခန်းတိုင်း တစ်ဆောင်လုံး ကောက်ခံသလို လပြည့်နေ့ရောက် ပြီဆိုရင် သံဃာတော်တွေ ကြွရောက်တရားပေးလို့ တရားနာကြပြီးရင် သံဃာတွေကို ဆွမ်းကပ်တရားနာပြီးချိန်မှာ ငွေတို့လှူဖွယ်ပစ္စည်းတို့ လှူဒါန်းထားတဲ့ သူတွေက အကုန်လုံးပြန်ရကြပါတယ်။ ဘုန်းကြီးသုံးပါးကို ဆွမ်းကပ်ပြီး ဘုန်းကြီးတွေ ပြန်သွားချိန်မှာတော့ ကျွန်တော်တို့အမှတ်(၂)အိပ်ဆောင် တစ်ဆောင်လုံးက သာမန်အကျဉ်းသားတွေ လှူဒါန်းထားတဲ့ ငွေကြေးနဲ့ ဝယ်ယူထားတဲ့ ထမင်း၊ ဟင်းကိုဖြစ်စေ ချက်ပြုတ်ထားတဲ့ ထမင်းဟင်းကို ဖြစ်စေ အဆောင်ကိုင်ထောင်မှူး၊ ဒုအဆောင်မှူး၊ ဝန်ထမ်းစတဲ့သူတွေကို တန်းစီးချုပ်နဲ့အခန်းလူကြီးတွေက ဖားယားပြီး ခေါ်ယူကျွေးမွေးပါတယ်။ သူတို့ကလည်း စားတာပါပဲ။ သူတို့စားပြီးရင် တန်းစီးချုပ်တို့၊ အခန်းလူကြီးတို့ စည်းကမ်းထိန်းတို့ဆိုတဲ့သူမျိုးတွေထဲက စားရရင်ပြီးရော ဘယ်သူတွေဘာပဲပြောပြော ဘယ်လိုပဲထင်ထင်ဆိုတဲ့သူမျိုးတွေ ထပ်မံစားကြချိန်မှာ သံဃာတော်တွေအတွက်လို့ ရည်မှန်းပြီး လှူဒါန်းထားတာတွေကို အခုလို ပါးဖြဲနားဖြဲစားသောက်နေကြတာကို အခြားအကျဉ်းသားတွေ ကြည့်ပြီး အကုသိုလ်များကြရပါတယ်။ ဝါတွင်း(၃)လလုံး တစ်ပတ်တစ်ကြိမ် အကျဉ်းထောင်အတွင်းကို သံဃာများက ကြွရောက်တရားပေး ဆွမ်းဘုဉ်းပေးပါတယ်။ (၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂)ခုနှစ် ဒီလိုအဖြစ် အပျက်များကို



ကိုယ်တိုင် ကြုံတွေ့ခဲ့ရပါတယ်။ မှတ်ချက် အခု ကျွန်တော် စာရေးနေတဲ့ (၂၀၁၄) ခုနှစ်ဆိုတဲ့အချိန်မှာတော့ ဒီလိုအဖြစ်အပျက်မျိုး ရှိမရှိကိုတော့ မသိတော့ပါဘူး။

မြင်းခြံထောင်မှာ ကျွန်တော်နေခဲ့တဲ့ကာလတွေမှာ တန်ဆောင်မုန်းလ ရောက်ပြီဆိုရင် ထိုလထဲ ဝင်လာတာနဲ့ တစ်ပြိုင်နက် အဆောင်တိုင်း၊ အခန်းတိုင်း အလှူပဒေသာပင် ပစ္စည်းမျိုးစုံကို စတင်အလှူခံကောက်ယူပါတယ်။ ကျွန်တော်တို့အကျဉ်းသားတွေကလည်း ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့ အတွက် ဝါတွင်းသုံးလလုံး လှူတန်းပြီးတာနဲ့မကြာခင် တန်ဆောင်မုန်းလမှာ ပဒေသာပင်သီးရတော့မယ့်အတွက် ကိုယ်တတ်နိုင်သလောက် ကော်ဖီမစ်၊ မုန့်၊ သဘက်(အကြီး၊ အသေး)၊ ဆပ်ပြာမျိုးစုံ၊ ထီး၊ သင်္ကန်း၊ ဖိနပ်၊ အိတ်၊ စောင်၊ တိုင်ကပ်နာရီ၊ ဗလာစာအုပ်၊ ဘောပင်၊ ဘုရားပုံတော်ပြက္ခဒိန်၊ ခြေသုတ်ခုံ၊ ပိုက်ဆံစတဲ့အရာဝတ္ထုမျိုးစုံကို ကိုယ်တတ်နိုင်သလောက် လှူဒါန်းကုသိုလ်ယူကြပါတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ထောင်မှူးဦးအေးထွန်း ကျွန်တော်တို့ အမှတ်(၂)အိပ်ဆောင်ကို တာဝန်ခံအုပ်ချုပ်စဉ်က သူပြောခဲ့တဲ့စကားတချို့ကို ကျွန်တော် တစ်သက်လုံးမေ့မှာ မဟုတ်ပါဘူး။ ကျွန်တော် အခန်းလူကြီးမပြုတ်ခင်ကာလ ဦးအေးထွန်းအဆောင်ကို တာဝန်ယူချိန်မှာ ကျွန်တော်တို့အခန်းလူကြီးတွေ အကုန်လုံး (၂)ဆောင် အပေါ်ထပ်အခန်း (၇)ကို ရုံးခန်းအဖြစ် လုပ်ထားတဲ့အခန်းထဲမှာ စုဝေးပြီး ဦးအေးထွန်းက မင်းတို့ပဒေသာပင်တွေပြီးပြီလား တန်ဖိုးဘယ်လောက်ရှိသလဲ ဆိုတော့ လက်ရှိပဒေသာပင်ရဲ့တန်ဖိုးကို ပြောပြတော့ အမှတ်(၁)အိပ်ဆောင်က ပဒေသာပင်က မင်းတို့ထက် တန်ဖိုးများတယ်။ ငါ့အဆောင်က ဒီလိုငွေတန်ဖိုးနည်းနေရင် ငါရှက်တယ်ပြောလို့ ကျွန်တော်တို့ တစ်ဆောင်လုံး အခန်းတိုင်းမှာရှိတဲ့အခန်းလူကြီးတွေ၊ အခန်းသားတွေကို ပြန်လည်ပြောပြီး နောက်ထပ်ငွေပစ္စည်းစတာတွေကို အတင်းကောက်၊ အဓမ္မစနစ်နဲ့ ထောင်မှူးအကြိုက် အမှတ်(၁)အိပ်ဆောင်ထက်သာအောင် ပဒေသာပင်လှူခဲ့ဖူးပါတယ်။

တစ်လတစ်ကြိမ် တရားစခန်းမြင်းခြံထောင်မှာ ပြုလုပ်ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်(၁)က (၂၀)ယောက် သို့မဟုတ် (၂၅)ယောက်အလွန်ဆုံး အိပ်ဆောင်(၂)က (၂၀)ယောက်သို့မဟုတ် (၂၅)ယောက် နှစ်ဆောင်ပေါင်း (၄၀)သို့မဟုတ် (၅၀)လောက် တရားစခန်းသို့ သွားကြရပါတယ်။ အရင်က (၂၀၁၀ - ၂၀၁၁) လောက်ကတော့ နေ့စဉ်ပေါ်တာလိုက်တဲ့ အလုပ်ကြမ်းလုပ်ရသူတွေ၊ ကျောက်သွေးရတဲ့သူတွေ တရားစခန်းမလိုက်ကြရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်သွေးတဲ့သူတရားစခန်းလိုက်သွားရင် လူတစ်ယောက်လုပ်အား (၁၀)ရက်စာလျော့သွားမှာစိုးလို့ပါ။ လူအများဆိုရင်တော့ တွက်ကြည့်ပါ။ ဒါကြောင့် မလိုက်ခိုင်းတာပါတဲ့။ နေ့စဉ်အလုပ်ကြမ်းလုပ်သူ (၅)ယောက်၊ (၁၀)ယောက်၊ (၁၅)ယောက်လျော့သွားရင် သူတို့နေရာအစားထိုးခိုင်းဖို့ရာ ငွေပေးထားတဲ့သူတွေကို ခိုင်းဖို့မဖြစ်နိုင်တဲ့အတွက် တရားစခန်းကို မထည့်တာပါတဲ့။ ဒါက အဆောင်တွင်းက ကိစ္စပါ။

မြင်းခြံထောင်အိပ်ဆောင်(၃)ဆိုတာ အပေါ်(၁)ခန်းအောက် (၁)ခန်းပေါင်း နှစ်ခန်းရှိတာပါ။ အဲဒီအချိန်က အပေါ်ထပ်မှာ အချုပ်သားတွေထားပြီး အောက်ထပ်မှာ အပြင်ဘုတ်အဖွဲ့တွေ နေကြတာပါ။ တရားစခန်းဖွင့်မယ့်နေ့ဆိုရင် အချုပ်သားတွေကို အိပ်ဆောင်(၁)ကို ပြောင်းလိုက်ပါတယ်။ တရားစခန်း (၁၀)ရက်ပြည့်လို့ တရားစခန်းဝင်သူတွေ ကိုယ့်အဆောင်ကိုယ်ပြန်ချိန်မှာတော့ အချုပ်သားတွေလည်း သူတို့အဆောင်သူတို့ ပြန်လာကြရပါတယ်။ တရားစခန်း (၁၀)ရက်အတွင်း ရိပ်သာဝင်သူတွေဟာ တစ်နေ့ကို မနက်စောစောတစ်ကြိမ် ကုလားပဲနှပ်နဲ့ ပုံစံပေါ်စားရပြီး နေ့လယ်ထမင်းစားချိန်မှာတော့ ဘဲဥဟင်း၊ ငါးဟင်းတစ်ခုခုကိုသာ အများအားဖြင့် စားရပါတယ်။

ထောင်ပိုင်တန်းစီ နေ့အကျဉ်းသား(၄၀၀)ကျော်ရှေ့မှာ ထောင်ပိုင်ပြောတာကတော့ တရားစခန်းဝင်သူတွေ ကောင်းကောင်းစားရအောင် (၁၀)ရက်စာ ငွေတစ်သိန်း အမြဲအပိုပေးတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင် တရားစခန်းဝင်ဖူးတဲ့အတွက် ၎င်းတရားစခန်းမှ လစဉ်ပြန်လာသူတွေ ပြောစကားအရ ၎င်းထိုတစ်သိန်းမှာ အလွန်ဆုံး ငါးသောင်းဖိုးသာကျွေးမွေးမှုရှိကြောင်း တရားစခန်းမှပြန်လာသူတိုင်း တစ်သံထဲ ထွက်ဆိုကြပါတယ်။ အထက်အမိန့်အရ တရားစခန်းဖွင့်တာတောင်မှ ကိုယ်ကျိုးရှာတဲ့



ထောင်မှူးတွေကို ကျွန်တော်အံ့ဩမိပါတယ်။ သံသရာကို မကြောက်ဘူးထင်ပါတယ်။ တရားကျင့်ကြံတဲ့သူတွေကို ကောင်းကောင်းကျွေးရမယ့်အစား အိတ်စိုက်ပြီး ကုသိုလ်ယူရမယ့်အစား သူတို့ရဲ့စားရဲတဲ့စိတ်ကို ကျွန်တော် ဘယ်လိုမှ လိုက်မမီပါဘူး။ တရားစခန်းဖွင့်တဲ့နေ့တို့ ပိတ်တဲ့နေ့တို့ဆိုရင် ဘုန်းကြီးတရားနာမှာ ကြောက်လို့ ထင်ပါတယ်။

ထောင်ပိုင်က ခေါင်းရှောင်နေတတ်ပါတယ်။ ဦးစီးအရာရှိတို့၊ ထောင်မှူးကြီးတို့တွေသာ မဖြစ်မနေသွားကြတာပါ။ ကြားရက်မှာတော့ ဘယ်သူမှ တရားစခန်းကို မလာကြပါဘူး။ တရားစခန်းဝင်နေတဲ့ အကျဉ်းသားကို ဆူဆဲပေါက်ရိုက်စတာတွေ လုပ်လို့မရတာပါ။ ကျွန်တော်တို့ ဒုစရိုက်လောကသားတွေဟာ ခိုး၊ တိုက်၊ လု၊ နှိုက်၊ လိမ်ဆိုတဲ့လုပ်ရပ်တွေကို သူလိုင်းနဲ့သူ နှစ်ရှည်လများ အကြိမ်ရေများများ ပြုလုပ်ပြီး ကြာလာရင် ဒီအလုပ်က တရားဝင်လိုင်စင်ရထားသလိုဖြစ်လာပြီး ဆက်တိုက်လုပ်ကိုင်တတ်ကြသလို သူတို့လည်း ဒီလိုပဲလို့ ကျွန်တော်ထင်ပါတယ်။ ငွေကို ဘယ်လိုနည်းနဲ့ဘယ်ကရရ သူတို့အကျိုးစီးပွားတစ်ခုထဲသာကြည့်ပြီး ကျန်တဲ့အကောင်းအဆိုး၊ အမှားအမှန် ဘာမှမသိကြတော့ဘူးလို့ ထင်ပါတယ်။

မြင်းခြံထောင်ပိုင် ဦးတင်မောင်ထွန်းကတော်ကတော့ အကျဉ်းထောင်ထဲကထွက်တဲ့ အသီးအရွက်လေးတွေမှန်ရင် ဦးဦးဖျားဖျားကောင်းတာလေးတွေလာပေးမှ ကြိုက်တာပါ။ တကယ်လို့များ နည်းနည်းညံ့တဲ့ အသီးအရွက်များပေးလိုက်မိရင် ဘူးပေါ်ကနေ အသံပြကြီးနဲ့အော်တတ်ပါတယ်။ ကျွန်တော်တို့အကျဉ်းသားတွေ ထောင်ပိုင်တင်မက သူ့မိန်းမပါ ကြောက်ရရှောင်ကြရပါတယ်။ ဒါပေမဲ့ ထောင်ပိုင်ကတော်က အထက်လူကြီးတွေ အိမ်အဝင်အထွက်ရှိတယ်။ ရန်ကုန်ကို တစ်ခေါက်သွားရင် တစ်ခါလူကြီးတွေ အိမ်ဝင်လက်ဆောင်ပစ္စည်းတွေ ပေးတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း ဆေးကောင်းရှိတယ်လို့ မြင်းခြံထောင်မှာ နာမည်ထွက်တာပါ။ ထောင်ပိုင်ကလည်း ထောင်ပိုင်တန်းစီးနှင့် မကြာခဏ ဒီလို ပြောတတ်ပါတယ်။ အကျဉ်းသားများစွာရှေ့မှာပါ ငါက အိမ်ရှေ့မှာ ထိုင်နေတာ အိမ်နောက်ပေါက်က ဝင်ပြီး ငါ့မိန်းမကို ပိုက်ဆံသွားပေးတာ ငါမသိဘူး။ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ဘူးဆိုပြီး ဒီလိုပြောလေ့ရှိတာကို မှတ်မိနေပါတယ်။

ဒီလိုပြောတာဟာ သူ့မိန်းမနဲ့ ဆက်သွယ်ပေးကမ်းရင် ရတယ်လို့ အဓိပ္ပာယ် ထွက်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်ယူဆတယ်။ ဦးတင်မောင် ထွန်းလက်ထက်မှာ ထောင်ထဲမှာ တိုးတိုးတိတ်တိတ် အသံထွက်ခဲ့ဖူးပါ တယ်။ မြင်းခြံထောင်ပိုင်က ယောက်ျားလည်းမဟုတ်ဘူး။ မြင်းခြံထောင်ကို မိန်းမအုပ်ချုပ်တာလို့ အသံထွက်ခဲ့ဖူးပါတယ်။ ထောင်မှူးတွေကိုယ်တိုင် ကလည်း ထုတ်ဖော်ပြောဆိုကြပါတယ်။ ထောင်ပိုင်ကြီးနဲ့ အဆင်မပြေရင် ပြဿနာမရှိဘူး။ ထောင်ပိုင်ကတော်နဲ့ အဆင်မပြေရင် ပြဿနာရှိတယ်လို့ ပြောဆိုကြတာ ကျွန်တော့်နားနဲ့ကြားရတာ အကြိမ်မနည်းပါဘူး။ ဒီစကား ကို မန္တလေးထောင်မှာ ကြားဖူးပေမဲ့ အမှတ်တမဲ့ပါပဲ။ ထောင်မှူးတွေ၊ ထောင်မှူးကြီးတွေ၊ အရာရှိတွေတော်များများက တစ်ခါတစ်ရံထောင်မှူး ချင်းဆုံတဲ့အခါပဲဖြစ်ဖြစ်၊ တစ်ခါတလေ အကျဉ်းသားတပည့်တွေနဲ့ပဲဖြစ်ဖြစ် အစိုးရအပြောင်းအလဲဖြစ်ရင် ပင်စင်ယူမှရမယ် မထူလို့မဖြစ်ဘူးလို့ ပြော တတ်ကြပါတယ်။ အရင်ကတော့ ဒီစကားအဓိပ္ပာယ်ကို သိသလိုလို မသိသ လိုလိုပါပဲ။ မြင်းခြံထောင်ရောက်ပြီး စာပေလွတ်လပ်ခွင့်တွေရလို့ ပွင့်ပွင့် လင်းလင်းရေးကြတော့မှ ဆောင်းပါးတွေမှာ ဖတ်လိုက်ရမှ သူတို့ဘာကြောင့် ပင်စင်ယူမယ်လို့ပြောသလဲဆိုတာ တိတိကျကျ သိလိုက်ရပါတယ်။ တကယ် လို့များ ပြီးခဲ့တဲ့ (၂၀၁၀)ရွေးကောက်ပွဲမှာ လက်ရှိအာဏာရပါတီက မနိုင်ဘဲ တခြားအရပ်သားပါတီတစ်ခုခုကများ နိုင်သွားရင် တခြားဌာနတွေတော့ မသိပါဘူး။ အကျဉ်းဦးစီးဌာနက အရာရှိတော်တော်များများကတော့ ပင်စင် မျိုးစုံကို မရမက နည်းမျိုးစုံနဲ့လုပ်ပြီး အလုပ်ထွက်ကြမှာပါ။ အခု မြင်းခြံ ထောင်မှာလည်း ထောင်မှူးတွေအများစုက လာမည့်ရွေးကောက်ပွဲမှာ လက်ရှိအစိုးရ ရှုံးနိမ့်သွားရင် လုပ်သက်ပင်စင်၊ ဆေးပင်စင်၊ နုတ်ထွက် ခွင့်စတဲ့ ပုံစံမျိုးစုံနဲ့ အမြန်ဆုံး ထွက်ပြေးကြမှာပါ။ တကယ်လို့များ (NLD) လိုပါတီကများ နိုင်သွားရင် မြန်မာနိုင်ငံရဲ့စိတ်အဆင်းရဲဆုံးလူတွေ စာရင်း မှာ ဒီလိုမတရားလုပ်စားတဲ့အရာရှိမျိုးတွေက အတိအကျကို ပါဝင်နေမှာ သေချာပါတယ်။ ဌာနမှာ ဆက်လုပ်နေရင် ထောင်ကျမယ်ဆိုတာ သူတို့



ကိုယ်သူတို့သိ နေကြပါတယ်။

အကျဉ်းဦးစီးဌာနချုပ်က ဘယ်လိုလုပ်ခိုင်းတယ်ဆိုတာ မသိပေမယ့် အကျဉ်းဦး စီးဌာနထုတ် နရသိန်မဂ္ဂဇင်းကိုတော့ စတင်ထွက်ရှိတဲ့လကစပြီး လစဉ်တစ်အုပ်ကို ငွေနှစ်ထောင်ပေးပြီး ကျွန်တော်တို့အကျဉ်းသားများမှ စုပေါင်းဝယ်ယူ ဖတ်ခဲ့ရပါတယ်။ (၂၀၁၃)ခုနှစ်ကုန်ထိအောင် ကိုယ်တိုင် ဝယ်ယူဖတ်ခဲ့ရသည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။ မည်သည့်အကျဉ်းထောင်၊ မည်သည့်ရဲဘက်စခန်းမဆို အကျဉ်းသားများ ငွေလုံးဝကိုင်တွယ်သုံးစွဲခွင့် မရှိဆိုပြီး အမိန့်ကို တိတိကျကျ ထုတ်ပြန်ထားပေမယ့် ထောင်ထဲကို ဝန်ထမ်းက ငွေသွင်းပြီး ဦးစီးအရာရှိကတစ်မျိုး၊ ထောင်မှူးကြီးက တစ်မျိုး၊ ထောင်မှူးကတစ်မျိုး ပုံစံအမျိုးမျိုး ဇယားအမျိုးမျိုးနဲ့ ကျွန်တော်တို့ အကျဉ်းသား ထောင်ကျစိတ်ဆင်းရဲနေသူရဲ့ငွေကို အကြောင်းပြချက်မျိုးစုံနဲ့ အမြဲယူနေကြတာ ဘယ်တော့မှ ဒီလိုစရိုက်ဆိုး၊ အကျင့်ဆိုးပျောက်မယ်ဆို တာ မသိနိုင်ပါဘူး။ ထောင်ထဲမှာ တော်တော်ကြာ ထောင်ပိုင်ကြီးခရီးသွား မလို့တဲ့။ တော်ကြာ ထောင်ပိုင်လေး ဘယ်ကိုသွားမလို့တဲ့။ ဦးစီးအရာရှိ ဘယ်သွားမလို့၊ ထောင်မှူးကြီးဘယ်ကိုသွားလို့၊ အဆောင် ကိုင်ထောင်မှူး ဘယ်ကိုသွားမလို့ ဘယ်သူတွေ ဘယ်ကိုပဲသွားသွား နောက်ဆုံးဘူတာက တော့ အဆင့်ဆင့်လာတဲ့ဇယားဟာ အကျဉ်းသားတွေဆီကို ပုံစံအမျိုးမျိုးနဲ့ ယူသွားတာက တော့ အတိအကျပါပဲ။ ထောင်ပိုင်က ညွှန်ချုပ်ကိုပေးပေး ညွှန်မှူးကိုပေးပေး၊ ထောင်မှူးက ထောင်ပိုင်ကိုပေးပေး၊ ညွှန်မှူးကိုပေးပေး၊ ထောင်မှူးက ထောင်ပိုင်ကိုပေးပေး၊ ဦးစီးအရာရှိကိုပေးပေး၊ ထောင်မှူးကြီး ကို ပေးပေး၊ တန်းစီးချုပ်က အခန်းလူကြီးက ထောင်မှူးကို ပေးလည်း ဒီငွေက အကျဉ်းသား၊ အခန်းသားတွေဆီက အချော့အခြောက်နဲ့ ရိုက်နှက်၊ မတရားခိုင်းစေလို့ မပေးချင်ဘဲ စေတနာမရှိဘဲ ပေးရတဲ့ငွေတွေဖြစ်တယ် ဆိုတာ သိသင့်တယ်ထင်လို့ ဒီလိုရေးလိုက်တာပါ။

နရသိန်မဂ္ဂဇင်းအသစ်ကို ငွေပေးပြီး ဖတ်ရရုံတင်မဟုတ်ပါဘူး။ ရက် လွန်ရုံမက လပါလွန်နေတဲ့စာစောင်တွေကိုလည်း မဝယ်ရင် ပြဿနာ ရှာမှာစိုးလို့ဝယ်ရပါသေးတယ်။ (၂၀၁၂)ခုနှစ်၊ (၈)လပိုင်း၊ (၁၆)ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ထုတ်၊ (၂)ရက်နေ့ ထုတ်ပညာပဒေသာဂျာနယ်ကို (၁)ရက်၊ (၁၁)လ၊ (၂၀၁၂)ရက်နေ့တွင် ထောင်ကျရုံးမှ ရာတန်(ခ)သိန်းဦးမှ ထောင်ကျရုံး၊ ထောင်မှူးရောင်းခိုင်းသည်ဟုပြောပြီး ရောင်းပါသည်။ အမှန်တကယ်လည်း ထောင်မှူးမှ ရောင်းခိုင်းခြင်းဖြစ်ကြောင်း ထောင်မှူးကိုယ်တိုင်ပြော၍ ယခုကဲ့သို့ တိကျစွာရေးသားခြင်းဖြစ်ပါသည်။ ဂျာနယ်တစ်စောင်လျှင် (၅၀၀)နှုန်းပေးရပါသည်။ တစ်ခန်းလျှင် နှစ်စောင်စီ ဝယ်ရပါသည်။

မြင်းခြံထောင်အမှတ်(၁)အိပ်ဆောင်မှာ အပေါ်ထပ်အောက်ထပ်နှစ်ခုစလုံး ရေလောင်းမိလ္လာရှိသလို အမှတ်(၃)အိပ်ဆောင်မှာလည်း အပေါ်ထပ်၊ အောက်ထပ်နှစ်ခုစလုံးမှာ ရေလောင်းမိလ္လာရှိပါသည်။ ဒါပေမဲ့ ကျွန်တော်နေခဲ့တဲ့ အမှတ်(၂) အိပ်ဆောင်မှာတော့ အပေါ်ထပ်(၅)ခန်းမှာ ရေလောင်းမိလ္လာ မရှိပါဘူး။ ပုံစံခန်း၊ အခန်း(၆)တစ်ခုထဲသာ ကိုယ့်အစီအစဉ်နဲ့ကို အဖြစ်သဘောနဲ့လုပ်ထားတဲ့ရေ လောင်းမိလ္လာလေးရှိတာပါ။ ကျန်တဲ့ အခန်း(၄)ခန်းကတော့ အရင်ခေတ်က သောက်ရေအိုးဆေးတဲ့ အိုးမျိုးနဲ့ မိလ္လာတက်ကြရတာပါ။ (၂၀၁၂)ခုနှစ်ထဲမှာ ICRC ကမ္ဘာ့ကြက်ခြေနီအဖွဲ့တွေထဲက ရေမိလ္လာနဲ့ပတ်သက်တဲ့အဖွဲ့တွေ သုံးကြိမ်လောက်သာလာပေမယ့် ရေလောင်းမိလ္လာကတော့ မဖြစ်လာပါဘူး။ ICRC အဖွဲ့က နှစ်ယောက်သုံးယောက်လောက်လာလျှင် ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီး၊ ထောင်မှူးစတဲ့သူတွေက ကြက်ခြေနီအဖွဲ့တွေ သွားရာနောက်ကို အုပ်လိုက် ထပ်ချပ်မကွာလိုက်ပါနေသည်။ ကြက်ခြေနီအဖွဲ့တွေရဲ့လုံခြုံရေးနဲ့ သူတို့ရဲ့တာဝန်ပိုင်းဆိုတာတွေက အပိုတွေပါ။ တကယ်အဖြစ်မှန်က အကျဉ်းသားတွေ ICRC ကို လူကိုယ်တိုင် တိုင်လိုက်မှာ စာပေးပြီး တိုင်လိုက်မှာကြောက်လို့ နောက်က တစ်ကောက်ကောက် လိုက်နေတယ်ဆိုတာ သူတို့ကိုယ် သူတို့သိသလို ကျွန်တော်တို့ အကျဉ်းသားတွေကလည်း သိကြပါတယ်။

ထောင်ပိုင်တန်းစီနေ့ဆိုတာ တစ်ပတ်မှာ တစ်ကြိမ်ရှိပါတယ်။ အဲဒီနေ့ ရောက်ရင် ကျန်းမာရေးမကောင်းတဲ့ ဖျားနာတဲ့သူမျိုးတွေ ခဏနေမကောင်းတာကို ရပ်ဆိုင်းပေးရပါတယ်။ ဘာကြောင့်လဲဆိုရင် ထောင်ပိုင်တန်းစီနေ့



ဆိုရင် ဆေးခန်းသွားမယ့် ကျန်းမာရေးချို့တဲ့သူတွေကို ဘယ်ကလာတဲ့ အမိန့်ဆိုတာ မသိရပေမယ့် အဲဒီနေ့ မနက်ပိုင်းမှာ ဆေးခန်းလုံးဝမသွားရပါဘူး။ တော်တော်ကို အခြေအနေဆိုးမှ အရေးပေါ်ဆိုပြီး ပို့တာပါ။ တော်ရုံတန်ရုံရောဂါလောက်ကတော့ တက်မလာနဲ့ ဆိုသလိုပါပဲ။ ဆေးခန်းလိုက်စည်းကမ်းထိန်းဆိုသူကလည်း ကော်ဖီတိုက်၊ မုန့်ကျွေးတဲ့သူလောက်သာ ဦးစားပေးစာရင်းထည့်ပေးထားတာပါ။ ဆေးခန်းပြလူဦးရေက သတ်မှတ်ချက်နဲ့ သွားရတာပါ။ အကျဉ်းသား (၄၀၀) (၅၀၀)လောက်ရှိ တဲ့အိပ်ဆောင်က ဆေးခန်းသွားခွင့်ပြုတာက (၁၀)ယောက်လောက်ပါ။ တကယ်လို့ (၁၅-၂၀)လောက်ဖြစ်ခဲ့ရင် ဆေးခန်းပြစည်းကမ်းထိန်းဆိုသူက အဆောင်မှူးကဖြစ်စေ မိန်းဂျေးကတာဝန်ရှိသူတစ်ဦးဦးကဖြစ်စေ ပြဿနာရှာပါတယ်။ ထောင်ထဲမှာ နေမကောင်းဖြစ်ချင်တိုင်း ဖြစ်လို့မရပါဘူး။ အခြေအနေ အချိန်အခါကို ကြည့်ပြီး နေမကောင်းဖြစ်လို့ရတာပါ။ ဆေးရုံရောက်သွားရင်လည်း ဖြစ်တဲ့ရောဂါကို ထိထိရောက်ရောက်ကုသဖို့ ဆေးဝါးမရှိပါဘူး။ အမှန်တကယ်ကို အထက်က ချပေးတဲ့ဆေးနဲ့ ရောဂါဝေဒနာဖြစ်တဲ့ လူဦးရေနဲ့ ညီမျှခြင်းမရှိတဲ့အတွက် အမြဲတမ်းဆေးဝါးလိုအပ်ချက် ရှိတဲ့အတွက် ကိုယ့်သောက်ဆေး၊ ကိုယ့်ထိုးဆေး ကိုယ်ဝယ်သုံးနိုင်မှသာ ရောဂါအမြန်ဆုံးသက်သာမှာပါ။ ဒီလိုမှ မဟုတ်ရင်တော့ ဝေဒနာက ပေရှည်နေမှာပါ။

မြင်းခြံထောင်ကို စာရင်းစစ်အဖွဲ့တွေ လာတော့မယ်ဆိုရင် အိပ်ဆောင် (၁) အပေါ်ထပ်တွင်လည်းကောင်း၊ တိုက်ခန်းများအတွင်းသို့လည်းကောင်း၊ ဆန်အိတ်၊ ပဲအိတ်များကို ခွဲခြား၍ ပို့ဆောင်ပြီး ဖွက်ထားသည်ကို တစ်နှစ်လျှင် နှစ်ကြိမ်သုံးကြိမ် တွေ့မြင်နေရပါတယ်။ ဘာကြောင့် ဒီလိုဆန်အိတ်၊ ပဲအိတ်တွေကို သွားရောက်ဖွက်ထားရပါသလဲ။ မရိုးသားလို့ဆိုတာကတော့ အသိသာကြီးပါ။ ဘယ်လိုခိုးဖွက်လုပ် ကိုင်စားသောက်တယ်ဆိုတာကတော့ ကာယကံရှင်ပဲ သိပါလိမ့်မယ်။ မှန်ကန်တယ်ဆိုရင် ဘာမှဖွက်စရာအကြောင်းမရှိဘူးလို့ ပြောချင်ပါတယ်။

(၂၀၁၂)ခုနှစ်၊ (၁၀)လပိုင်း၊ (၁၆)ရက်နေ့၊ (၁၇)ရက်နေ့၊ (၂)ရက်စလုံး စစ်ဆေးရေးအဖွဲ့က ငွေကြေးရိက္ခာစသည့်အကြောင်းအရာများကို တိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



ရှိသောကြောင့် လာရောက်စစ်ဆေးသည်ဟု သိရပါသည်။ မည်သည့်အဖွဲ့အစည်းဟု မသိရသော်လည်း ထောင်ကျရုံးမှ ဂျာကြီးဆိုသူမီးဖိုမှ ဖိုခေါင်းလုကာဆိုသူ မီးဖိုကြီးအမြဲဆင်းချင်းဟု ခေါ်သူ(၁)ဆောင် တံခါးစည်းကမ်းထိန်းအောင်ဝင်းဆိုသူ၊ (၂)ဆောင် အခန်းလူကြီးမောင်စိုးဆိုသူများကို ခေါ်ယူစစ်ဆေးသည့် လက်ဝါးရိုက်စစ်ဆေးမှုတစ်ခု တွေ့မြင်သိရှိခဲ့ဖူးပါသည်။ ထိုသို့ရွေးချယ်ခေါ်ယူသွားသော အကျဉ်းသားအားလုံးမှာ ထောင်အာဏာပိုင်၏ လက်ရင်းတပည့်များဖြစ်ပြီး ထိုသူတို့မှာ အကျဉ်းထောင်အတွင်း လိုင်စင်ရရှာဖွေစားသောက်ရုံမက စီးပွားဖြစ်ပါ ရှာဖွေနေသောသူများဖြစ်ကြောင်း မြင်းခြံတစ်ထောင်လုံး သိကြပါသည်။

တစ်နေ့ ထောင်ပိုင်တန်းစီတွင် ထောင်ပိုင်မှ ဘာတင်ပြစရာရှိသလဲဟု မေးသည်တွင် အကျဉ်းသားများမှ ကြမ်းပိုးကိုက်ကြောင်း တင်ပြကြပါသည်။ ထိုအခါ ထောင်ပိုင်မှ ထောင်မှူးကို ‘ကဲ မင်းကောင်တွေကတော့ တင်ပြနေပြီ’ မင်း ဘယ်လိုလုပ်မှာလဲဟု မေးပြီး ထောင်ပိုင်မှ ထွက်သွားပါသည်။ ထိုအခါ ထောင်မှူးမှ အကျဉ်းသားများကို မင်းတို့က ကြမ်းပိုးကိုက်တယ်ဆိုတော့ ငါက ဆေးဖြန်းပေးရမှာပေါ့။ အခန်းလူကြီးတွေ မင်းတို့အခန်းလိုက် ကြမ်းပိုးသတ်ဆေးဝယ်ဖို့ ငွေပေးကြဟု ဆိုပါသည်။ ထိုအခါ အခန်းလူကြီးမှ အခန်းသားများကို မင်းတို့ကြမ်းပိုးဆေးဖိုးထည့်ကြဟုပြောသည်တွင် အခန်းသားများမှာ ပွစိပွစိ အသံများထွက်ပေါ်လာသည်တွင် ထောင်မှူးမှ မင်းတို့ကြမ်းပိုးသတ်ဆေးဖိုးမထည့်ချင်ဘူးဆိုလျှင် ဘာမှမတင်ပြနဲ့ တင်ပြရင် ငါကတော့ (-င်)ချမယ်ဟူ၍ ပြောသည်ကို အမှတ်ရမိပါသည်။ ထောင်မှူးမောင်မောင်လတ်မှ အိပ်ဆောင်(၂)၊ အခန်း(၂)တွင် (၂၀၁၂)ခုနှစ် ထောင်ပိုင်တန်းစီနေ့တစ်ရက်တွင် ပြောသောစကားဖြစ်ပါသည်။ ထိုထောင်မှူး မောင်မောင်လတ်ဆိုသူမှာ အကျဉ်းသားများကို အလွန်ရိုက်နှက်ချင်စိတ်ရှိသော သူဖြစ်ပါသည်။ သူက တစ်ရက်တွင် ခေတ်ပြောင်းသွားလို့ပေါ့ကွာ။ အရင်ခေတ်ဆိုရင်တော့ မှောက်ထားဆိုပြီး အနည်းဆုံး ငါရိုက်ရင် ကိုးချက်ပဲဟု ပြောခဲ့ဖူးပါသည်။ ထောင်ပိုင်တန်းစီနေ့ တစ်ရက်တွင် ထောင်မှူး မောင်မောင်လတ်က မင်းတို့ထောင်ကျနေတဲ့ကောင်တွေ သုံးပုံ ပုံရင် နှစ်ပုံ



က အိမ်မှာ လျှပ်စစ်မီးမရှိ ရေမရှိ၊ တီဗီမရှိဘူး လုံးဝအဆင့်အတန်းမရှိတဲ့ ကောင်မျိုးတွေက များတယ်။ ထောင်ထဲကျမှ လျှပ်စစ်မီးနဲ့နေရ ရေကောင်းကောင်းချိုးရ တီဗီအောက်စက်ကြည့်ရပြီး ဟိုဟာတင်ပြ ဒီဟာတင်ပြနဲ့ ထောင်ထဲကျမှ လူပါးဝနေတယ်ဟု အားလုံး သိမ်းကြုံးပြောခဲ့ဖူးသည်ကို မှတ်မိနေပါသည်။

(၂၀၁၂)ခုနှစ် (၇)လပိုင်းထဲမှာ ထောင်ပိုင်ရဲ့ကျွန်တော်တို့အကျဉ်းသားတွေ အပေါ်ဆက်ဆံမှုဟာ တစ်လထက်တစ်လ ပိုမိုရိုင်းစိုင်း ကြမ်းတမ်းလာပါတယ်။ ထောင်ပိုင် တန်းစီနေ့တွေဆိုရင် အဆဲခံဖို့ ကျွန်တွေ၊ နွားတွေလို အပြောခံရဖို့အတွက် (၂)နာရီ၊ (၃)နာရီထိုင်စောင့်နေရပါတယ်။ ဒါတွေဟာ အပတ်စဉ်ကြုံတွေ့နေရတဲ့ပုံသေစိတ် ဆင်းရဲမှုတစ်ခုပါပဲ။ မလိုအပ်ဘဲ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေနဲ့ အပေါ်စီးက စိတ်ကြိုက်ပြောနေတာကို ဘာတစ်ခွန်းမှ ဘယ်အကျဉ်းသားမှ ပြန်ပြောပိုင်ခွင့်မရှိသလို မခံချင်စိတ်နဲ့ ထပြောလိုက်ရင် မသေရင်တောင် ကျိုးပဲ့သွားနိုင်တဲ့အထိ အရိုက်ခံရမယ်ဆိုတာ သိကြတဲ့အတွက် အသံတိတ်တောက်ခေါက်ပြီး ပုံစံထိုင်နေကြရပါတယ်။ ယခုအချိန်ထိ မလွတ်ဘဲ ကျန်နေသေးတဲ့ မြင်းခြံထောင်က လူဟောင်းအကျဉ်း သားတွေများစွာဟာ ဒီအဖြစ်အပျက်တွေကို မှတ်မိကြဦးမှာပါ။

ကျွန်တော်တို့လို ထောင်ကျအကျဉ်းသားမပြောနဲ့ မြင်းခြံမြို့က သူတွေကိုတောင် ဒီလိုပြောပါတယ်။ ငါအပြင်ဘက်ကို ကားနဲ့လျှောက်သွားတဲ့အချိန်မှာ မြင်းခြံမြို့က ဗိုလ်ချုပ်ကြေးရုပ်ကို တစ်သက်လုံးပစ်ထားတဲ့သူတွေက ဓာတ်ပုံရိုက် ဖုန်းထဲမှာထည့် သပြေပန်းတွေ ချီ၊ ရေမွှေးတွေ စွတ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်တွေထွန်း အခုမှ အပိုတွေ လုပ်နေကြတယ်။ ငါကတော့ ငါ့ဖုန်းထဲမှာ ငါ့သမီးဓာတ်ပုံပဲ ထည့်ထားတယ်ဆိုပြီး ဖုန်းကို ထုတ်ပြီး ဓာတ်ပုံကို ပြပါတယ်။ ကျွန်တော်တို့လို အကျဉ်းကျနေတဲ့သူကို မပြောနဲ့ အပြင်လောကမှ လွတ်လပ်စွာနေထိုင်လုပ်ကိုင်နေတဲ့သူတွေကိုတောင် ဒီလိုဝေဖန်ပြစ်တင်တာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပါတယ်။ အမှတ်(၂)အိပ်ဆောင် အကျဉ်းသား (၄၀၀)ကျော်ရှေ့မှာ ပြောတာပါ။ သုံးကြိမ်ဆက် မနည်းပြော

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ (၂၀၁၂)ခုနှစ်၊ (၈)လပိုင်း ထောင်ပိုင်၊ တန်းစီနေ့များ မြင်းခြံထောင် မိန်းဂျေးမှာ တာဝန်ကျတဲ့ ဝန်ထမ်းအကြပ်တွေ၊ လုံခြုံရေး ထောင်အတွင်း ချားရိုးကို ပတ်ကြည့်ရန် လမ်းလျှောက်ရင် ညောင်းလို့ဆိုပြီး ဘယ်ကမှန်း မသိတဲ့စက်ဘီးတစ်စီးကို ပြင်ဖို့အတွက် အိပ်ဆောင်များမှာရှိတဲ့အခန်းတိုင်း တစ်ခန်းကို ငွေတစ်ထောင်စီ ပေးရပါတယ်။ (၂၀၁၁)ထဲ မှာပါ။

မိုးရာသီမှာ အကျဉ်းသားတွေ ဖျားနာတုပ်ကွေးဖြစ်တာများလာတဲ့ အတွက် အကျဉ်းသားအားလုံးကို ဂျင်းနဲ့ထန်းလျက်ကြိုပြီး တိုက်ရန် တစ်ခန်းကို ငွေတစ်ထောင်စီ ထည့်ရပါတယ်။ (၂၀၁၁)ခုနှစ် ကျွန်တော်ရှိစဉ် ကာလက မြင်းခြံထောင်မှာရှိတဲ့ အကျဉ်းသားများစုဟာ ပုံစံပုဆိုးအင်္ကျီ အစုတ်အပြတ်အပြဲတွေ ဝတ်တာများပါတယ်။ ကျွန်တော်တို့ အကျဉ်းသားတွေကို ခြောက်လတစ်ကြိမ် ပုံစံပုဆိုး၊ အင်္ကျီထုတ်ပေးရပါမယ်လို့ သိထားပေမယ့် မြင်းခြံထောင်မှာနေခဲ့တဲ့ သုံးနှစ်ခြောက်လမှာ ပုဆိုးအင်္ကျီ တစ်စုံပဲ ရဖူးပါတယ်။ ဒါတောင် ညွှန်မှူးလာချိန်မှာ တိုင်လိုက်လို့ ရတာပါ။ အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်၊ နောင်ချိုရဲဘက်စခန်းစတဲ့ နေရာလေးခုမှာ (၁၇)နှစ် (၃)လ တိတိနေခဲ့ရပေမယ့် ပုံစံပုဆိုး၊ အင်္ကျီစုစုပေါင်း (၇)စုံလောက်တော့ ရဖူးပါတယ်။ အခု ကျွန်တော်ပြောပြချင်တာက (၂၀၁၁) ခုနှစ်ထဲမှာ ထောင်မှူးထွန်းထွန်းအဆောင်ကို ကိုင်စဉ်က ရန်ကုန်ကို အကျဉ်းသားတွေအတွက် ပုံစံပုဆိုး၊ အင်္ကျီသွားထုတ်ဖို့ တစ်ခန်းကို ငွေနှစ် ထောင်တောင်းတဲ့အတွက် အခန်းတိုင်း အဆောင်တိုင်းက ပေးလိုက်ကြရပါ တယ်။ ထောင်မှူးထွန်းထွန်း ရှင်းပြတာကတော့ ရန်ကုန်ရုံးချုပ်ဗဟိုသမှာ ပုံစံပုဆိုး၊ အင်္ကျီတွေ ထုတ်ဖို့အတွက် လျှောလျှောရှုရှုနဲ့ များများရရန် ထို ပစ္စည်းတွေ ထုတ်ပေးခဲ့တာဝန်ရှိသူကို ငွေလေး နည်းနည်းပါးပါး ပေးလိုက်မှ ပုံစံပုဆိုး၊ အင်္ကျီတွေများများနဲ့ မြန်မြန်ရမှာလို့ပြောတဲ့အတွက် ပေး လိုက်ကြရပါတယ်။ ဟုတ်တာ မဟုတ်တာတွေတော့ ကျွန်တော်တို့ မသိပါ ဘူး။ သူပြောတဲ့အတိုင်း ရေးပြရတာပါ။

ထောင်က ထုတ်ပေးတဲ့ပုံစံအင်္ကျီ၊ ပုဆိုးဆိုတာတွေဟာ အရပ်ပုသူတွေ၊ ပိန်သူတွေအတွက် အဆင်ပြေပေမယ့် အရပ်ရှည်သူတွေ၊ ဝတဲ့သူတွေ



အတွက် ဘယ်လိုမှ ဝတ်လို့အဆင်မပြေပါဘူး။ ဘာကြောင့်လဲဆိုရင် အင်္ကျီ ဆိုရင် ကိုယ်လုံးက ကျပ်ပြီး လက်ကတိုနေတော့ ဝတ်မယ်ဆိုရင် ကိုယ်က ကလေးပေါက်စလေးတွေကို လက်မြှောက်ထားပြီး တခြားတစ်ယောက်က အင်္ကျီကို အတင်းစွတ်ပြီး ဆွဲချပေးမှ ဝတ်လို့ရပေမယ့် အရမ်းကျပ်နေတော့ ဝတ်ထားတဲ့အချိန်မှာ မွန်းကျပ်သလို အင်္ကျီချွတ် မယ်ဆိုရင်လည်း ကိုယ်က လက်မြှောက်ထားပြီး ဘေးလူက ချွတ်ပေးမှရပါတယ်။ ပုဆိုးဝတ်ရင်လည်း ဒူးခေါင်းအထိပဲရှည်သလို ဂွင်းလည်း ကျဉ်းတော့ ဝတ်လို့မရလို့ ကျွန်တော် ကတော့ အပြင်ပုဆိုး၊ အင်္ကျီပဲ ဝတ်ပါတယ်။ ထောင်ဝင်စာမလာနိုင်တဲ့သူ တွေကတော့ နေ့စဉ်ကြုံတွေ့နေရတဲ့ စိတ်အနှောင့်အယှက်တစ်ခုပါပဲ။ ဒီပုံစံ အင်္ကျီတွေ၊ ပုဆိုးတွေ ကျပ်နေ၊ ကျဉ်းနေတာဟာ ဒီပိတ်စတွေကို တာဝန်ယူ ချုပ်ပေးနေတဲ့ တာဝန်ရှိသူတွေက တန်ဖိုးနည်းလွန်းတဲ့ ပိတ်စတွေကို ရောင်းစားလို့ဖြစ်မှာပဲလို့ ကျွန်တော်ထင်ပါတယ်။ မဟုတ်ဘူးဆိုရင် ဘာကြောင့် ဒီအင်္ကျီ၊ ပုဆိုးတွေ ကျဉ်းကျပ်နေတာလဲလို့ ကျွန်တော် မေးချင်ပါတယ်။

ကျွန်တော်တို့အကျဉ်းသားတွေကို ရိုက်နှက်ညှင်းဆဲမှုတွေကို အင်းစိန် ထောင်မှာ တွေ့ရသလို မန္တလေးထောင်မှာလည်း (၂၀၀၇)ခုနှစ်ထိအောင် တွေ့ရပြီး (၂၀၀၈-၂၀၀၉)ခုနှစ်တွေမှာ အတော်လေးလျော့နည်းသွားတာ ကို သိမြင်ခဲ့ရပေမယ့် (၂၀၀၉)ခုနှစ် မြင်းခြံထောင်ကို ရောက်ရှိချိန်မှာတော့ တော်တော်လေး အခြေအနေဆိုးခဲ့နေတာတွေကို တွေ့မြင်ရတယ်။ ပုံစံခန်း မှာ မတရားရိုက်နှက်ငွေရှာရုံမက အခြားလူဟောင်း အကျဉ်းသားတွေ အမှားတစ်ခုခုလုပ်လိုက်မိရင် ကျွန်တော်တို့နေတဲ့ အမှတ်(၂)အိပ်ဆောင် အောက်ထပ်၊ အခန်း(၁)ရုံးခန်းထဲမှာ ထွက်မပြေးနိုင်အောင် အခန်းတံခါး ပိတ်ပြီး ထောင်မှူး၊ ဒုအဆောင်မှူး၊ ဝန်ထမ်း၊ တန်းစီးချုပ်၊ တချို့သော အခန်းလူကြီးစတဲ့သူတွေက ဝါးတုတ်၊ သစ်သားတုတ်များနှင့် ဝိုင်းဝန်းပြီး စိတ်ကြိုက် ရိုက်နှက်တတ်ကြပါတယ်။ ပုံစံထိုင်ခိုင်းပြီး ရိုက်လိုက်လို့[illegible]ပြီ ဆိုရင် နေရာမရှောင် ဖိနပ်များဖြင့် ကန်ပါတယ်။ ဝန်ထမ်းထဲမှာ [illegible]ကျက်ဆုံး ကတော့ တပ်ကြပ်အောင်ဇော်ညွန့်ဆိုသူဖြစ်ပြီး တန်းစီးချုပ်[illegible]နိုင်ကတော့ ဒုတိယအရိုက်ဆုံးသူပါ။ တပ်ကြပ်အောင်ဇော်ညွန့်ဟာ [illegible]ယ်အကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်ထောင်မှန်းမသိဘဲနဲ့ တစ်နေ့ ကျောက်သွေးခန်းမှာ ပြဿနာဖြစ်တဲ့ တောင်ကြီးထောင်က ကောင်လေးတစ်ယောက်ကို ဝမ်းလျားထိုး မှောက်ခိုင်းပြီး စိတ်ရှိလက်ရှိ ရိုက်နှံမကာ ပါးစပ်ကလည်း ဒါ မန္တလေးထောင်မဟုတ်ဘူးကွဆိုပြီး အော်အော်ရိုက်ပါတယ်။ ကျွန်တော်အဆောင်ရှုံးရှေ့လှေခါးရင်းက သွားကြည့်ပြီး မှတ်ထားတာပါ။ သူ့ပါးစပ်က ထွက်တဲ့စကားဆိုရင် မန္တလေးထောင်ပြောင်း အုပ်စုတွေကို မုန်းတီးနေတဲ့သဘောဟာ ထင်ရှားပါတယ်။ မြင်းခြံထောင်ကို ပြောင်းလာတဲ့ ထောင်ပြောင်းတွေထဲမှာ မန္တလေးထောင်ပြောင်းအုပ်စုဟာ ထောင်အနေကြာ လူဟောင်းတွေဖြစ်လို့ သူတို့ကို ဂရုမစိုက်ဘဲ ခပ်တင်းတင်းနေထိုင်ကြတဲ့အတွက် မဖားလို့၊ မကျို့လို့၊ မခန့်လို့ဆိုပြီး မုန်းတီးပြီး ဂွင်ဝင်ရင် ဆုံးမတာမဟုတ်ဘဲ နှိပ်စက်ညှင်းဆဲတာပါ။

မြင်းခြံထောင် မိန်းဂျေးဝင်းအမှတ်(၂)အိပ်ဆောင်ပေါက်ဝနားမှာ ရေစက်တစ်ခုရှိပါသည်။ အိပ်ဆောင်များကို မီးပေးတဲ့ခလုတ်၊ ခါးမိန်းများကို အဲဒီရေစက်မှာ တပ်ထားပါတယ်။ အဲဒီရေစက်မှာနေချင်ရင် တစ်သိန်းအနည်းဆုံးပေးရပါတယ်။ ရေစက်ပျက်ရင် ကိုယ့်ငွေနဲ့ကိုယ်စိုက်ပြင်ရသလို ထောင်ပိုင်ကားပျက်ရင်လည်း လိုအပ်တဲ့ကားပစ္စည်းကို ကိုယ့်ငွေနဲ့ကိုယ်စိုက် ဝယ်ပြင်ဆင်ပေးရပါတယ်။ အဲဒီမှာငွေပေးပြီး ငွေကုန်ခံပြီး နေသူတွေရတဲ့ အခွင့်အရေးကတော့ လျှပ်စစ်မီးနဲ့ ဟင်းချက်စားလို့ရသလို အိပ်ဆောင်အတွင်းက ရုပ်ပေါက်တဲ့ငွေရှိတဲ့ဟင်းကို နှစ်ခွက်သုံးခွက် စိတ်ကြိုက်နူးညံ့အောင် ချက်စားချင်တဲ့သူတွေဆီက ဟင်းနှိုက်စားလို့ရသလို ဟင်းချက်ခ ပိုက်ဆံပါ တစ်လတစ်ကြိမ် ရပါတယ်။ အခြားကြားပေါက်သာမန် ကော်ဖီပေး၊ မုန့်ပေး၊ ဟင်းလပေးချက်စားတဲ့ သူတချို့ဆီကလည်း ဝင်ငွေရရှိပါတယ်။ ကျွန်တော်ရှိစဉ်ကဆိုရင် သူတို့ ညအိပ်နေထိုင်လို့ရတဲ့တွက် ညဘက်မှ ဂျုံနယ်ထားပြီး မနက်စောစောထလို့ ပလာတာ လုပ်ရောင်းပါတယ်။ ပဲပလာတာ၊ တစ်ခါတစ်ရံပေါက်စီ လုပ်ရောင်းပါတယ်။ အဲဒီလိုနည်းနဲ့ ငွေရှာပြီး ရေစက်ဆိုတဲ့နေရာမှာ ရပ်တည်ပါတယ်။ ဆေးလိပ်ဆေးရွက်ကြီးတွေကိုလည်း ဝန်ထမ်းနဲ့ပေါင်းပြီး မှာယူလို့ ညဘက်အိပ်ဆောင်ထဲကို သွားရောက်ရောင်းချလို့ အပိုငွေရှာပါသေးတယ်။



ထောင်ပိုင်ကို လိုင်းဝင်ရုံမက ကားပျက်ရင် ပြင်ပေးရ ရေစက်ပျက်ရင် ပြင်ပေးရဆိုတော့ ကုန်ကျငွေကို ဒီလိုနည်းတွေနဲ့ပြန်လည်ရှာဖွေပြီး သူတို့ရဲ့ ရပ်တည်မှုခိုင်မာအောင် ကြိုးစားကြတာပါ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ရှိတဲ့ဘယ်အကျဉ်းထောင်၊ ရဲဘက်စခန်းမဆို ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရဆိုတဲ့အမိန့်ထုတ်ထားတယ်ဆိုပေမယ့် ကျွန်တော်နေခဲ့တဲ့ထောင်၊ ရဲဘက်စခန်းမှာတော့ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းစတဲ့ တားမြစ်ပစ္စည်းတွေဟာ နေ့စဉ်သုံးစွဲကြတာကို တွေ့မြင်နေရတာပါ။ (၂၀၀၉)ခုနှစ် ကျွန်တော်တို့ မြင်းခြံထောင်ကို ရောက်ကာစ ဆေးလိပ်တစ်စီး ငွေငါးရာသာပေးရပေမယ့် နောက်ပိုင်း ဆေးလိပ်တစ်စီးငွေငါးထောင်အထိ ဈေးတက်သွားပါတယ်။ ဝန်ထမ်းအကြပ်တွေရဲ့ဂွင်တစ်ခု စားပေါက်တစ်ခု တိုးသွားပါတယ်။ ထောင်ထဲကို ဝန်ထမ်းမှ မသွင်းရင် ဘယ်လိုမှ ရောက်စရာမရှိတဲ့ ဆေးလိပ်၊ ကွမ်း၊ ဆေးရွက်ကြီးတွေဟာ အတောင်ပေါက်ပြီး ရောက်လာစရာအကြောင်း မရှိပါဘူး။ အစိုးရရဲ့အမိန့်ကို ထောင်ပိုင်က စဖောက်တယ်။ ထောင်ပိုင်ရဲ့ အမိန့်ကို အကြပ်ဝန်ထမ်းက ဖောက်တယ်။ ဆေးလိပ်မသောက်ရဆိုတဲ့ ထောင်ထဲကို ထောင်ပိုင်အမိန့်နဲ့ ဆေးလိပ်မျိုးစုံသွင်းပြီး တံဆိပ်ပတ်ခိုင်းတယ်။ ဝန်ထမ်းကလည်း သူတို့ကလိုင်းချက်တွေ ရှိတယ်။ ငါတို့က ဘာဝင်ငွေမှမရှိဘူး။ ဆေးလိပ်ကို သူတို့ကစသွင်းတာ။ ငါတို့မိသားစု စားဝတ်နေရေး အဆင်မပြေလို့ ဆေးလိပ်သွင်းရောင်းစားတယ်။ ငါတို့ကို ထောင်ကျအောင်လုပ်ရင် သူတို့လာဘ်စားတာတွေကို တိုင်မယ်ဆိုပြီး ဝန်ထမ်းတွေပြောတဲ့စကားတွေကို ကြားနေရပါတယ်။ ထောင်ပိုင်အများစုက ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့ ဆိုသလိုမျိုးတွေ များတဲ့အတွက် အောက်ခြေဝန်ထမ်းကလည်း ထောက်ကွက်တွေရှာပြီး မလုပ်နဲ့လို့ပြောတာတွေကို လုပ်နေကြတာပါ။ အထက်ကသာ အမှားတွေမရှိရင် အောက်ကလည်း မမှားရဲပါဘူး။ ထောင်လောကမှာ ကျွန်တော်တွေ့မြင်ခဲ့သမျှတော့ ခေါင်ကမိုး မလုံတာက စတာပါပဲ။ ဒါကြောင့် တံစက်မြိတ်တွေကလည်း မိုးမလုံတာလို့ ထင်ပါတယ်။

လွန်ခဲ့တဲ့သုံးရက်စပြီး မြင်းခြံထောင်တစ်ထောင်လုံး မိုးလင်းမှ မိုးချုပ်

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် တစ်နေ့ကုန် အလုပ်ရှုပ်နေကြပါတယ်။ တောင်ယာသန့်ရှင်းရေး၊ လမ်းသန့်ရှင်းရေး၊ အုတ်ရိုးထုံးသုတ်၊ ရေကန်တွေ၊ မိလ္လာခုံကြီးတွေ တိုက်ချွတ်ထုံးသုတ်လို့ အိပ်ဆောင်တစ်ဆောင်လုံး အပေါ်ထပ်အောက်ထပ် ကြပ်ခိုးတွေလည်းရှင်း ကြမ်းတွေတိုက် ဘာယာတန်းတွေ အကုန်လုံး အပေါ်ထပ်၊ အောက်ထပ် အရှေ့အနောက်ရေနံချေးတွေသုတ်၊ အုတ်ရိုးမှာ ရေးထားတဲ့ဆောင်ပုဒ်တွေကို ရေဆေးသဘော်ဆေးတွေနဲ့ပြန်ရေး တံမြက်စည်းကြမ်းနဲ့လမ်းကို အကြိမ်ကြိမ်လှည်း ဒီလိုသန့်ရှင်းရေးကို ဘာကြောင့်လုပ်နေရတာလဲဆိုရင် မန္တလေးတိုင်းထောင်အုပ်စု ညွှန်မှူးလာမယ်ဆိုလို့ပါတဲ့။ ဖိုကြီးက ထမင်းဟင်းတွေကလည်း အခါတိုင်းနေ့တွေ ထက်ပိုပြီး ကောင်းလို့နေပါတယ်။ ညွှန်မှူးလာမယ့်နေ့ရောက်ပါပြီ။ မနက်မိုးလင်းတာနဲ့ တပြိုင်နက် အော်ဟစ်ဆူညံလို့ နေပါတယ်။ ခါတိုင်းနေ့တွေဆိုရင် မိုးလင်းလို့ အိပ်ဆောင်ဖွင့်တာနဲ့ အလုပ်သွားသူကသွား ကျန်တဲ့သူတွေကို ရေချိုးကြ ဒီနေ့တော့ ရေချိုးဖို့နေနေသာသာ မျက်နှာသစ်တာတောင် အဆင်မပြေပါဘူး။ ရေကန်မှာ ထုံးတွေ ဖွေးနေအောင် သုတ်ထားလို့ ရေချိုးချလိုက်ရင် ထုံးပျက်သွားမှာစိုးတဲ့အတွက် မျက်နှာတောင် ကောင်းကောင်းမသစ် ရပါဘူး။ အမြန်ဆုံး မျက်နှာသစ်ခိုင်းပြီး အခန်းထဲကို ပြန်ဝင်ခိုင်းပါတယ်။ အပြင်တံခါးကို သော့ခတ်ပြီး ကျွန်တော်တို့ကို အခန်းထဲမှာ လှောင်ပိတ်ထားပါတယ်။ အခန်းထဲမှာ တန်းစီတန်းထိုင်လို့ နေရပါတယ်။ အဆောင်ကိုင်ထောင်မှူးက လာစစ်လိုက်၊ ထောင်ပိုင်လေးလာစစ်လိုက် ဒုအဆောင်မှူးက လာတန်းစီခိုင်းလိုက်နဲ့ တစ်မနက်လုံး ထိုင်နေရင်း နေ့လယ်(၁၁)နာရီကျော်မှာ ညွှန်မှူးဆိုသူ အိပ်ဆောင်အတွင်းကို ဝင်ရောက်လို့ တစ်ခန်းပြီး တစ်ခန်း စစ်ဆေးမေးမြန်းနေတာကို ကျွန်တော်တို့အကျဉ်းသားတွေက မရှိပါဘူး၊ မရှိပါဘူးနဲ့ ပြန်အော်နေတဲ့အသံတွေကို သဲသဲကွဲကွဲ ကြားရပါတယ်။ ဒီလိုနဲ့ တစ်ခန်းပြီး တစ်ခန်း စစ်ဆေးမေးမြန်းလာတာ ကျွန်တော်တို့ အခန်းအလှည့်ကို ရောက်လို့လာပါတယ်။ ဒုအဆောင်မှူးက အခန်းတံခါးသော့ဖွင့်လိုက်လို့ ညွှန်မှူးဝင်လာတာနဲ့ တပြိုင်နက် ကျွန်တော်တို့ (၉)ခန်း အခန်းလူကြီး 'အိုက်နိမ်' ဆိုသူက ရှေ့ကြည့်လို့အော်လိုက်တာနဲ့ တပြိုင်နက်



သူ့အသံဆုံးချိန်မှာ ကျွန်တော်တို့အခန်းသားတွေက မင်္ဂလာပါလို့ သံပြိုင်အော်လိုက်ရင်း ညွှန်မှူးကို နှုတ်ဆက်ကြပါတယ်။ ညွှန်မှူးက သူအလွတ်ရထားတဲ့စကားလုံးတွေကို တောက်လျှောက်ဒီလိုရွတ်သွားပါတယ်။ မင်းတို့ ထမင်းဝဝစား ရရဲ့လား။ စားရပါတယ်။ အသားဟင်းရော တစ်ပတ်နှစ်ကြိမ် စားရရဲ့လား စားရပါတယ်။ ရေဝဝချိုးရရဲ့လား ချိုးရပါတယ်။ ရေသန့်ရော သောက်ရရဲ့လား သောက်ရပါတယ်။ ဒီလိုညွှန်မှူးက တောက်လျှောက်မေးပြီး ကျွန်တော်တို့က တောက်လျှောက်ပြန်ဖြေကြရပါတယ်။ ကျန်းမာရေးမကောင်းရင်ရော ဆေးကုသပေးရဲ့လားလို့ နောက်ဆုံးမေးပြီး အခန်းသားတွေက ကုပေးပါတယ်လို့ ပြန်လည်ဖြေချိန်မှာ ညွှန်မှူးက နောက်ပြန်လှည့်ဖို့ပြင်နေချိန်မှာ ကျွန်တော်က အသံကျယ်ကျယ်နဲ့ ကျွန်တော်တင်ပြစရာရှိပါတယ်လို့ သတင်းပို့လိုက်ပါတယ်။ လှည့်ပြန်ဖို့ ပြင်နေတဲ့ညွှန်မှူးလည်း တွန့်သွားပါတယ်။ ကျွန်တော်က မတ်တပ်ရပ်ပြီး ပုံစံရပ်လိုက်ပါတယ်။ ညွှန်မှူးက ကျွန်တော်ကိုကြည့်ပြီး မင်းဘာတင်ပြစရာရှိသလဲ လို့မေးပါတယ်။ ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောလို့ ရပါသလားလို့ ပြန်ပြောပါတယ်။ ညွှန်မှူးက မျက်နှာတစ်ချက် ကွက်ခနဲဖြစ်သွားပြီး ပြောလို့ရပါတယ် လို့ပြန်ပြောပါတယ်။ ကျွန်တော်က ဒါဆိုရင် ကျွန်တော်တင်ပြတဲ့ အကြောင်းအရာတွေကို မှတ်တမ်းတင်ပေးပါလို့ ပြောလိုက်ပါတယ်။ ကျွန်တော်နဲ့ ညွှန်မှူး ဒီလို အပြန်အလှန်ပြောဆိုချိန်မှာ ညွှန်မှူးနဲ့အတူပါလာတဲ့ မြင်းခြံထောင်ပိုင် ဦးတင်မောင်ထွန်း၊ ထောင်ကိုင်တဲ့ ထောင်မှူးဦးအေးထွန်း၊ ညွှန်မှူး(PA) ထောင်မှူးစတဲ့သူတွေက စာအုပ်လေးတွေထုတ်ပြီး ကျွန်တော်တင်ပြမယ့် အကြောင်းအရာတွေကို မှတ်ဖို့ပြင်ဆင်နေကြပါတယ်။

ထောင်ပိုင်လေးပဲခေါ်ခေါ်၊ ဦးစီးအရာရှိပဲခေါ်ခေါ် မြွေပွေးထွန်းထွန်း ဆိုတဲ့သူကတော့ အခန်းဘာယာတန်းကို မှီပြီး အဖြစ်အပျက်ကို အကဲခတ်လို့နေပါတယ်။ ကျွန်တော်က ညွှန်မှူးခင်ဗျာ ကျွန်တော်တို့အကျဉ်းသားတွေအတွက် နိုင်ငံတော်က ခုနစ်ရက်တစ်ကြိမ် ဆပ်ပြာတစ်တုံးထုတ်ပေးတယ်လို့ သိရပါတယ်။ ဒါပေမဲ့ (၃၊ ၄၊ ၆)လကြာမှ ဆပ်ပြာတစ်တုံးရပါတယ်။ ကျွန်တော်တို့ကို ကျွေးတဲ့ကြက်သား၊ ဝက်သားဆိုရင် အကျဉ်းသားတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ခုနစ်ကျပ်သားကျွေးတယ်လို့သိရပေမယ့် တကယ်တမ်း ကျွန်တော်တို့ စားရတာက အလွန်ဆုံး သုံးကျပ်သား၊ လေးကျပ်သားဆိုတာ အများဆုံးပါ (အသားစိမ်း အလေးချိန်ကိုပြောတာပါ)။ ကုလားပဲဆိုရင် တစ်ယောက်ကို ငါးကျပ်သား ကျွေးတယ်လို့သိရပါတယ်။ တကယ်တမ်း ကျွန်တော်တို့ စားရတာက တစ်ခါတရံ နှစ်ကျပ်သား ပဲရည်ကျဲကျဲ တစ်ခါတစ်ရံ သုံးကျပ်သား အလွန်ဆုံးပါပဲ။ ပုံစံပုဆိုး၊ အင်္ကျီတွေဆိုရင် ခြောက်လတစ်ကြိမ် ထုတ်ပေးတယ်လို့ သိထားပေးမယ့် အခု ကျွန်တော် မြင်းခြံထောင်ကို ရောက်တာ သုံးနှစ်ကျော်ပါပြီ။ ပုံစံပုဆိုး၊ အင်္ကျီ တစ်စုံမှမပေးပါဘူး။ ဒါတွေ လိုချင်လို့ မစားရလို့ပြောတာ မဟုတ်ပါဘူး။ ထောင်ပိုင်က ကျွန်တော်တို့အပေါ်မှာ ဆက်ဆံတာ ကျွန်တော်တို့ကို ကျွဲတွေနွားတွေ၊ ကျွန်တွေလို ဆက်ဆံတဲ့ အတွက် ကျွန်တော် မကျေနပ်လို့ တင်ပြတာပါ။ အခြားအကျဉ်းသားတွေလည်း မကျေနပ်ကြပါဘူး။ ညွှန်မှူးကို တင်ပြလို့ ညွှန်မှူးပြန်သွားရင် ထောင်ပိုင်က တစ်နည်းနည်းနဲ့ ဒုက္ခပေးမှာစိုးလို့ မပြောကြတာပါ။ ဘယ်သူမှ မကျေနပ်ကြပါဘူး။ ကြောက်လို့ မပြောရဲကြတာပါ။ ကျွန်တော်ကတော့ မခံချင်လွန်းလို့ တိုင်တာပါ။ ကျွန်တော့်ကိုလည်း သူတို့တစ်နည်းနည်းနဲ့ ဒုက္ခပေးမှာပါ။ ဒါကြောင့် ကျွန်တော့်ကို ထောင်ပြောင်းထည့်ပေးလို့ တင်ပြလိုက်တဲ့အခါ ညွှန်မှူးက မင်းဘာတင်ပြစရာ ရှိသေးသလဲလို့ ထပ်မံမေးပါတယ်။ ညွှန်မှူးနဲ့ နှစ်ယောက်ထဲသီးခြား တွေ့ချင်ပါတယ်။ တွေ့ခွင့်ပြုပါလို့ တောင်းဆိုလိုက်တော့ ညွှန်မှူးက ခဏနေရင် ခေါ်ခိုင်းလိုက်မယ်လို့ပြောပြီး ပြန်ထွက်သွားပါတယ်။ မင်္ဂလာပါလို့ အခန်းသားတွေက နှုတ်ဆက်လိုက်ကြပါတယ်။

ကျွန်တော် ညွှန်မှူးကို ဒေါသသံနဲ့ တင်ပြနေချိန်မှာ ထောင်ပိုင်နဲ့ ထောင်မှူးတို့ နှစ်ယောက်ရဲ့မျက်နှာဟာ မဲပြီး သေးသေးလေးတွေ ဖြစ်သွားလို့ ကျွန်တော့်မျက်စိ ကျွန်တော်စိတ်ထဲမှာမြင်မိ ထင်မိပါတယ်။ ကျွန်တော် အခန်းလူကြီးလုပ်နေချိန်မှာရော အခန်းသားဖြစ်နေချိန်မှာရော ကျွန်တော့်ကို ဆက်ဆံတဲ့သူတွေ အကုန်လုံး ဘယ်သူမှ အနားကို မလာကြပါဘူး။ ရှောင်ဖယ် ရှောင်ဖယ်လုပ်နေကြပါတယ်။ ကျွန်တော်နေတာက အခန်း(၉)



ဆိုတော့ ကျွန်တော်တို့ရဲ့အခန်းဘေးဘယ်ညာမှာ အခန်း(၈)နဲ့ အခန်း(၁၀) နှစ်ခန်းရှိတဲ့အတွက် ကျွန်တော်တင်ပြတာတွေအားလုံးကို ဘေးနှစ်ခန်းမှာ ရှိတဲ့သူတွေ အကုန်လုံး ကြားကြပါတယ်။ သစ်သားဘာယာတန်းတွေ အကုန်မြင် အကုန်ကြားနေမယ်ဆိုတာကတော့ သေချာပါတယ်။ လူပေါင်း (၂၅၀)လောက်တော့ သက်သေယူလိုက်ပါတယ်။ နောက်တစ်ချိန် ထောင်ပိုင် ကျွန်တော့်ကို ဘယ်လိုအကြောင်းကြောင့်ပဲ ပြဿနာရှာသည်ဖြစ်စေ၊ တစ်ခုခုလုပ်သည်ဖြစ်စေ ဒီလိုပြောလို့ ဒီလိုလုပ်တယ်ဆိုတာ အခြားလူတွေ သိအောင် ကျွန်တော် အော်တိုင်၊ အော်ပြော လိုက်တာပါ။

ထောင်ထဲမှာ ထောင်မှူး၊ ထောင်ပိုင်ကို ကျွန်တော်တို့လို အထွေထွေ အကျဉ်းသားဆိုသူတွေက သူတို့မကောင်းကြောင်း ဘယ်တော့မှမပြောရဲတဲ့ သူမျိုးတွေက များပါတယ်။ ဒါကြောင့်လည်း နှစ်ပေါင်းများစွာ သူတို့လူပါးဝပြီး ပိုက်ဆံတွေယူ၊ ကျွန်တော်တို့ရဲ့ရိက္ခာတွေကို ဖြတ်စား၊ ကျွန်တော်တို့ကို ရိုက်လုပ်နေတာပါ။ သူတို့မှားနေတာတွေကို မတိုင်ရဲ၊ မပြောရဲလို့ သက်ဆိုးရှည်နေကြတာပါ။ ညွှန်မှူး ကျွန်တော်တို့အခန်းက ထွက်သွားပြီး တစ်နာရီခန့်အကြာမှာ ကျွန်တော်ကို လာရောက်ခေါ် ဆောင်သွားပါတယ်။ မြင်းခြံထောင်ဗူးတံခါးထဲကို ဝင်ပြီး ဘယ်ဘက်က အခန်းတစ်ခန်းထဲကို ဝင်သွားတဲ့ အချိန်မှာ ညွှန်မှူးနဲ့ သူ့(ပီအေ)နှစ်ယောက်ထဲ ထိုင်နေကြပါတယ်။ ညွှန်မှူးက မင်းဘာပြောချင်လို့လဲလို့ မေးပါတယ်။ ကျွန်တော်က ညွှန်မှူးကို စာပေးလို့ရပါသလားလို့ မေးလိုက်ပါတယ်။ ရပါတယ်လို့ ညွှန်မှူးက ပြောတော့ ကျွန်တော် ရှေ့ကိုတိုးသွားပြီး အင်္ကျီလက်ထဲမှာ ထည့်ယူလာတဲ့စာနှစ်စောင်ကို ညွှန်မှူးကို ပေးလိုက်ပါတယ်။ ညွှန်မှူးက ခဏဖတ်ပြီး သူ့တပည့်ကို သိမ်းထားဆိုပြီး ကျွန်တော့်ရှေ့မှာ တင်ပေးလိုက်ပါတယ်။ စာထဲမှာ ကျွန်တော် ရေးထားတာကတော့ ထောင်ပိုင်ဦးတင်မောင်ထွန်းကို ငွေပေးပြီး ထောင်တွဲမှာ နေနေကြတဲ့သူတွေစာရင်းပါ။ A4 စာရွက်နှစ်ရွက် အပြည့်ပါ။ ထောင်နံပတ်၊ နာမည်၊ အဖေနာမည်၊ ပုဒ်မ၊ ကျနှစ်၊ နေတဲ့အဆောင်၊ အခန်း၊ လက်ရှိ တာဝန်ပေးထားတဲ့လုပ်ငန်း၊ ငွေအမောင့်စတာတွေကို တိတိကျကျ တိုင်လိုက်တာပါ။ ဒါပေမဲ့ ညွှန်မှူးက မင်းဘာဖြစ်ချင်သလဲလို့ မေးတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စဉ်းစားရပါပြီ။ ဘယ်လိုသဘောနဲ့ မေးတာလဲ အရေးယူပေးပါလို့ဆိုရင်ရော ဖြစ်နိုင်ပါ့မလား။ ကျွန်တော်က အဲဒီအချိန်မှာ ထောင်နေသား (၁၆)နှစ်ခန့်ရှိပေမယ့် နိုင်ငံတော်က (၂)ကြိမ်ခံစားခွင့်ရရှိထားပြီး ထောင်ကျတာက (၅၈)နှစ်ဆိုတော့ ကျွန်တော်ရဲ့အနာဂတ်အတွက် ရှေ့နောက်ချိန်ပြီး နောင်ကို ဒီလိုကိစ္စတွေ မဖြစ်အောင်ထိန်းပေးပါ။ ကျွန်တော်ကိုလည်း ထောင်ပြောင်းပေးပါ။ ဒီလိုဆက်နေရင် ကျွန်တော့်ကို တစ်နည်းနည်းနဲ့ ဒုက္ခပေးပါလိမ့်မယ်လို့ပြောတော့ ညွှန်မှူးက မင်း ထောင်မပြောင်းနဲ့ မင်းကို ဘယ်သူမှ ဒုက္ခ မပေးစေရဘူး။ ငါလည်း သုံးလတစ်ကြိမ် လေးလတစ်ကြိမ် လာနေမှာပဲလို့ပြောတော့ ဒါဆိုရင် ကျွန်တော့်ကို အဆင်ပြေအောင် ညွှန်မှူးကြည့်လုပ်ပေးပါလို့ပြောပြီး ပြန်လာခဲ့ပါတယ်။

ညွှန်မှူးအမည်က ဦးသန်းငွေပါ။ (၁၄-၈-၂၀၁၂)ရက်နေ့မှာ တိုင်လိုက်တာပါ။ ညွှန်မှူးကို ကျွန်တော် တိုင်သလောက်မပြည့်စုံပေမယ့် ကျွန်တော့်ဆီမှာ ထောင်ပိုင် ဦးတင်မောင်ထွန်းလာဘ်စားထားတဲ့သူတွေ အမည်စာရင်းနည်းနည်းတော့ ရှိပါတယ်။ ဖတ်ကြည့်ကြပါ။

၁။ ယောဟန် လရ/၁၀/၀၀၈၇၀ ၄-၈-၂၀၁၂ နှစ်သိန်းပေး
၂။ အောင်ကျော်ဦး(ခ)လီမြင့် ၁၅-၈-၂၀၁၂ ပေးငွေမည်မျှဟု မသိ
၃။ ရန်ပြီမ်းထွေး မခ/၁၂/၀၀၀၇၃ (ဘ)ဦးကြည်ထွန်း ပုဒ်မ ၄၅၂ ၁ နှစ်ကျ ၁၂-၆-၂၀၁၂ နှစ်သိန်းပေး
၄။ ထွန်းတောက် မခ/၁၂/၀၀၁၃၅ (ဘ)ဦးဘိုကြည် လစက တစ်နှစ်ကျ ၆-၅-၂၀၁၂ သုံးသိန်းပေး
၅။ အောင်မင်း (ဘ)ဦးဟုန်တီး (၁၆-၅-၂၀၁၂) ပေးငွေ တိတိကျကျမသိ
၆။ တင်မိုး မခ/၁၂/၀၀၀၁၅ (ဘ)ဦးမြမောင် ၁-၇-၂၀၁၂ နှစ်သိန်းပေး
၇။ မင်းမင်း (ဘ)ဦးဂျစ် ၁၂-၄-၂၀၁၂ နှစ်သိန်းပေး မွတ်စလင်အဖွဲ့မှ လာပေးသည်
၈။ ချစ်ကို ၁၁-၅-၂၀၁၂ ပေးငွေမသိ
၉။ ဝင်းနိုင် (ဘ)ဦးသောင်းညွှန့် ၁၁-၁၁-၂၀၁၂ ပေးငွေမသိ
၁၀။ စိန်လွင်ဦး မခ/၁၀/၀၀၃၁၄ (ဘ)ဦးမြင့်ဝေ ပုဒ်မ ၃၃၇/၃၃၈



သုံးနှစ် ကျ ၃-၅-၂၀၁၂ နှစ်သိန်းပေး
၁၁။ ဂျစ်တူး (ဘ)ဦးတင်ကြွယ် ၅-၅-၂၀၁၂ တစ်သိန်းပေး
၁၂။ ဇော်ဇော်အောင် ၃-၅-၂၀၁၂ ပေးငွေမသိ
၁၃။ ကျော်သီဟ မခ/၁၁/၀၀၄၁၃ (ဘ) ဦးတင်စိုး၊ တစ်နှစ်ကျ ၂. ၅. ၂၀၁၂ နှစ်သိန်းပေး
၁၄။ အားရှင် လရ/၀၇/၀၀၀၀၈(ဘ)ဦးလောဝိန်း ၁၆နှစ်ကျ ၁၀-၁-၂၀၁၂ ပေးငွေမသိ
၁၅။ အောင်အောင် ဗမ/၀၅/၀၀၇၅၉ (ဘ)ဦးတွမ်ပီတွေး ၃-၈-၂၀၁၂ ပေးငွေမသိရ
၁၆။ ဝင်းလှိုင် မခ/၁၂/၀၀၀၁၄(ဘ)ဦးလှအောင် (၆)လကျ ငါးသိန်းပေး
၁၇။ ဇော်ဝင်းနိုင် မခ/၁၁ /၀၀၄၀၈ (ဘ)ဦးအောင်မောင်း၊ ၆ လကျ ပြင်ဆင်ချက် တစ်နှစ် ၁၀-၄-၂၀၁၂ ပေးသည်

ကျွန်တော်ရဲဘက်ထွက်ချိန် မြင်းခြံထောင်တွင် စာရင်းများ ကျန်ခဲ့သဖြင့် ယခုကဲ့သို့ စာရင်းအနည်းငယ်အကျဉ်းသာ ရေးနိုင်ခြင်းဖြစ်ပါသည်။

ညွှန်မှူးလာတဲ့နေ့က ကျွန်တော်လိုပဲ သီးခြားညွှန်မှူးနဲ့ တွေ့ဆုံခွင့်တောင်းတဲ့သူ အိပ်ဆောင်(၁/၂)ပေါင်းရင် လေးဦးလောက်ရှိမယ်ထင်ပါတယ်။ ကြိုးလွတ်အဖွဲ့တွေထဲကပါ။ သူတို့ကတော့ ကိုယ်ရေးကိုယ်တာ အခက်အခဲတွေ တင်ပြကြတာပါ။ မိမိတို့နေထိုင်တဲ့မြို့ရွာနဲ့ နီးတဲ့အကျဉ်းထောင်တွေကို ပြောင်းရွှေ့ပေးဖို့ တင်ပြတာပါ။ ထောင်ထဲမှာ အကြီးဆုံးဆိုသူနဲ့ ရိက္ခာနဲ့ဖိုကို တွဲကိုင်တဲ့သူနှစ်ယောက်ကို တည့်မျက်နှာချင်းဆိုင်တိုင်လိုက်တဲ့အတွက် ရက်ပိုင်းအတွင်း အကောင်းအဆိုး တစ်ခုခုကို ဖြစ်လာမှာကြိုတင်သိနေခဲ့အတွက် ကျွန်တော်အခြေအနေကို စောင့်ကြည့်နေပါတယ်။ ဒီလို ကျွန်တော်ထောင်ပိုင်နဲ့ ထိပ်တည့်တည့်နေတဲ့အချိန်မှာ ကျွန်တော့်ကို အခြားအကျဉ်းသားသုံးဦးသာ စကားပြောပါတယ်။ ပဲခူးက သီဟထွန်း၊ မိတ္ထီလာက သိန်းထွန်း၊ တောင်တွင်းကြီးက ဇော်ဇော်အောင်ဆိုတဲ့သူတွေပဲဖြစ်ကြပါတယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရဖြစ်လာနိုင်တဲ့အကောင်းအဆိုးကို သူတို့ကို ဒီလိုရှင်းပြခဲ့ပါတယ်။ အခု ညွှန်မှူးကို တိုင်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် သုံးရက်အတွင်းမှာ ကျွန်တော်ကို တစ်နည်းနည်းနဲ့ထောင်ပိုင်က ဒုက္ခပေးချင်ပေးလိမ့်မယ်။ ဒါမှမဟုတ်ရင် ထောင်ပိုင်က တစ်နေရာမှာ ရာထူး ပေးလိမ့်မယ်။ မင်းတို့စောင့်ကြည့်၊ တကယ်လို့များ ကျွန်တော့်ကို အန္တရာယ် များပေးလာခဲ့ရင် အထက်လူကြီးတွေကိုဖြစ်စေ အပြင်သက်ဆိုင်ရာအာဏာ ပိုင်အဖွဲ့အစည်းတွေကိုဖြစ်စေ တစ်နည်းနည်းနဲ့ရအောင် အကြောင်းကြား ပေးဖို့ ပြောထားရပါတယ်။ ဒီလိုနဲ့ပဲ (၁)ရက်၊ (၂)ရက်၊ (၃)ရက် ဘာမှ ထူးခြားမှု မရှိလာပါဘူး။

(၂၀၁၂)ခုနှစ်၊ (၈)လပိုင်း (၁၈)ရက်နေ့၊ လေးရက်မြောက်တဲ့နေ့မှာ ထောင်ပိုင်လေး ခေါ်ခိုင်းလိုက်လို့ဆိုပြီး အလုပ်ရုံက စည်းကမ်းထိန်းတစ် ယောက်လာခေါ်လို့ ကျွန်တော်ပုံစံပြာဝတ်ပြီး လိုက်သွားပါတယ်။ အလုပ်ရုံ ရုံးခန်းရောက်တော့ ထောင်ပိုင်လေးက အလုပ်ရုံမှာရှိတဲ့ဘုတ်ကိုင်တွေ အကုန်လုံးကိုခေါ်ပြီး တန်းစီခိုင်းလိုက်ပါတယ်။ မျက်တောင်တုဘုတ်ကိုင်၊ ဆေးလိပ်ပတ်ဘုတ်ကိုင်၊ အုတ်ရိုက်ဘုတ်ကိုင်၊ လက်သမားဘုတ်ကိုင်၊ တောင်ယာဘုတ်ကိုင်စတဲ့သူတွေကို ထောင်ပိုင်လေးက မင်းတို့ရဲ့ အထက် မှာ သူက ဘုတ်ကိုင်ချုပ်ပဲ။ မင်းတို့ဘုတ်ကိုင်တွေ ဘာကိစ္စပဲရှိရှိ သူနဲ့တိုင် ပင်ပြီး လုပ်ပါဆိုတဲ့စကားကိုပြောရင်း ကျွန်တော်ဘာမှမသိလိုက်ရပဲ အလုပ် ရုံ ဘုတ်ကိုင်ချုပ်ဆိုပြီး ခန့်လိုက်ပါတယ်။ ထောင်ပိုင်လေးက ဘုတ်ကိုင်တွေ ကို ပြန်ခိုင်းလိုက်ပြီး ကျွန်တော့်ကို အခုလိုပြောပါတယ်။ ထောင်ပိုင်က မနေ့က ငါ့ကို ခေါ်ပြီး မင်းကောင်တော့ ငါ့ကို ဆော်လိုက်ပြီ သူ့ကို နေရာ တစ်ခုပေးလိုက်ပြီး မင်းကြည့်ထိန်းလို့ ပြောတယ်လို့ ပြောပါတယ်။ ဒီနေ့ စနေနေ့ဆိုတော့ မနက်ဖြန် အလုပ်ပိတ်တယ်။ တနင်္လာနေ့ကစပြီး မင်းဒီမှာ စည်းနဲ့ကမ်းနဲ့ အုပ်ချုပ်ပေတော့ အကြွေသီးတော့ စားပေါ့ကွာလို့ ပြောချိန် မှာ ကျွန်တော်က ဘာအကြွေသီးမှ မစားဘူး။ ကိုယ့်စည်းကိုယ့်ကမ်းနဲ့နေ မယ်လို့ ဇတ်ကနဲ ပြန်ပြောလိုက်မိပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် ကို ဘာမှမတိုင်ပင်ဘဲ သူတို့ထားချင်တဲ့နေရာမှာထားတာကို မကျေနပ်ပေ မယ့် အခုချက်ချင်း ငြင်းဆန်လိုက်ရင် မသင့်တော်ဘူးလို့ တွေးမိတာက တစ်ပိုင်း နောက်တစ်ခုက ဒီအလုပ်ရုံမှာ ခဏတော့နေလိုက်ဦးမယ်။ ဒါမှ



သူတို့ အတွင်းရေးတွေ သိရမယ်ဆိုပြီး ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ အလုပ် ရုံကနေ ကျွန်တော် အဆောင်ကို ပြန်ရောက်ချိန်ကစပြီး အခန်းထဲမှာ ထိုင် နေသည်ဖြစ်စေ အပြင်မှာ လမ်းလျှောက်ထွက်သည်ဖြစ်စေ ကျွန်တော်ကို ပြုံးကြနှုတ်ဆက်ကြ၊ ကော်ဖီတိုက်ကြ၊ စကားတွေ လာပြောလိုက်ကြတာ လူတွေမနည်းပါဘူး။ ကျွန်တော်ထောင်ပိုင်ကို တိုက်ခိုက်ချိန်ကစပြီး ပုံစံ အမျိုးမျိုးနဲ့ သူတို့အကဲခတ်နေကြတာ အခုထောင်ပိုင်က သူ့ကို တိုင်တဲ့သူကို ရာထူးပေးလိုက်တာကို အံ့ဩပြီး ဝမ်းသာအားရခေါ်ကြ လက်ဆွဲနှုတ်ဆက် ကြတာ ရက်တော်တော်ကြာတဲ့အထိပါပဲ။ သူတို့ထင်တာက ကျွန်တော် ဒေါက်ခြေချင်းခတ်ခံရပြီး ကောင်းကောင်းအရိုက်ခံရမယ်လို့ ထင်ထားကြ တာ လက်တွေ့မှာတော့ အရိုက်မခံရတဲ့အပြင် ရာထူးပေးလိုက်တဲ့အတွက် သူတို့ အံ့ဩနေကြတာပါ။

ထောင်ပိုင်လေးပြောတဲ့အတိုင်း တနင်္လာနေ့ကစလို့ အလုပ်ရုံမှာ ဘုတ် ကိုင်ချုပ်ဆိုတဲ့ရာထူးနဲ့ ဟိုရောင်၊ ဒီရောင်လုပ်ရင်း အလုပ်ရုံရဲ့အတွင်းရေးတွေ ကို အနီးကပ်စုံစမ်းလေ့လာပြီး ကျွန်တော်တစ်ယောက်ထဲသာ သိနိုင်မယ့် စာသားတိုလေးတွေနဲ့ ဘာသာရေးစာအုပ်ရဲ့အတွင်းပိုင်းမှာ လက်ရေးတို စာကြောင်းလေးတွေနဲ့ ကျွန်တော်မှတ်သားထားခဲ့တာ အခုချိန်မှာ ကောင်း ကောင်းအသုံးဝင်နေပါပြီ။ အလုပ်ရုံထဲမှာ ရှိတဲ့ဘုတ်တွေထဲက မျက်တောင် တုဘုတ်ဆိုရင် လူအင်အားပထမတော့ (၁၀၀)ကျော်သာရှိပြီး နောက်ပိုင်း (၁၅၀)၊ (၂၀၀)ခန့်အထိကို လူအင်အားတိုးပြီး လုပ်ခိုင်းတာကို မျက်မြင် ကိုယ်တွေ့သိရှိခဲ့ရသလို (ဆေးလိပ်မသောက်ရဆိုတဲ့ထောင်ထဲမှာ တစ်နေ့ ကို ဆေးလိပ်ဖို(၁၀)ဖိုမှ (၁၅)ဖိုအထိ သွင်းပြီး ဆေးလိပ်တံဆိပ်ပတ်ခိုင်းတာ ဆေးလိပ်တံဆိပ်တွေရဲ့နာမည်တွေ သယ်ပိုးပေးတဲ့ကားနံပတ်နဲ့ ကားအမျိုး အစားစတဲ့ အတွင်းရေးတွေကို တိတိကျကျ ကိုယ်တိုင်ပဲ မြင်တွေ့သိခဲ့ရပါ တယ်။ ကွန်ကရစ်အုတ်လုပ်ငန်းဆိုရင်လည်း ထောင်ဖန်အတွက် မပျက်ခဲ့ဘဲ ထောင်ပိုင်ရဲ့တစ်ဦးတည်း အကျိုးစီးပွားဆိုတာပဲ သိခဲ့ရတဲ့အတွက် ကျွန်တော် အလုပ်ရုံမှာ တစ်လဆယ့်ငါးရက်ခန့်သွားရောက်နေထိုင်လုပ်ကိုင်ခဲ့ရတာ အကျိုး မယုတ်ခဲ့ပါဘူး။ နဂိုလ်ကတည်းက အာဏာပိုင်ကို မကျေနပ်လို့ တိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ဒီအလုပ်ရုံမှာ ဘုတ်ကိုင်ချုပ်လုပ်ဖို့မဟုတ်သလို သူတို့နဲ့ ပူးပေါင်းပြီး စီးပွားရှာဖို့လည်း မဟုတ်ပါဘူး။ မတရားလွန်းလို့ မဟုတ်တာတွေလုပ်ပြီး ပြောချင်ရာပြော လုပ်ချင်သလို လုပ်နေတာကို မခံချင်စိတ်နဲ့ ဆန့်ကျင်ချေပခဲ့တာပါ။

ကျွန်တော်အလုပ်ရုံမှာ တာဝန်ကျနေစဉ် သီတဂူဆရာတော်က ကျွန်တော်တို့ မြင်းခြံထောင်မှာရှိတဲ့အကျဉ်းသားအားလုံးကို အလှူဒါနပြုပြီး တရားရေအေးတိုက် ကျွေးမယ်ဆိုတဲ့သတင်းကြားရပြီး လက်ရှိအလုပ်ရုံမှာ တာဝန်အရှိဆုံးအကျဉ်းသားဖြစ်တဲ့ ကျွန်တော်အပါအဝင် ပန်းရံကျွမ်းကျင်တဲ့သူတွေ အုတ်ရိုက်တ သူတွေနဲ့ ကျွန်တော် ငါးရက်ခန့်တစ်ပတ်ခန့် သံဃာတော်တွေအတွက် ကုဋီအရှင်တွေ အမြန်ဆောက် အလုပ်ရုံအဝင်ဝကစပြီး အလုပ်ရုံအဆောက်အဦး သံဃာတွေဝင်ပေါက်ထိ လမ်းကို အတတ်နိုင်ဆုံးချောမွေ့အောင်လုပ် ဆရာတော်နဲ့အတူ ပါလာမည့်ဧည့်သည့်တော်တွေအပြင် ဝန်ထမ်းမိသားစုတွေ အပေါ့အပါးသွားဖို့အတွက် ယောက်ျားလေးမိလ္လာ၊ မိန်းကလေးမိလ္လာ အရှင်တွေကို အမြန်ဆောက် လုံခြုံအောင်ကာစတဲ့ အလုပ်တွေကို ထောင်အာဏာပိုင်ခိုင်းလို့မဟုတ်ဘဲ ကုသိုလ်ယူတဲ့အနေနဲ့ စိတ်ပါလက်ပါ ကိုယ်တိုင်အပါအဝင် လုပ်ကိုင်ခဲ့ပါတယ်။ ဆရာတော်တရားဟောမယ့် အလုပ်ရုံခန်းမထဲမှာ တံမြက်စည်းလှည်းအရှေ့ဘက်ပေ (၁၀၀)လောက်ရှိတဲ့ အခန်းကို အိပ်ဆောင်က ကျွန်တော်တို့အကျဉ်းသားတွေ အောက်ထပ်မှာအိပ်တဲ့သူတွေရဲ့ ကွပ်ပျစ်တွေခင်း အနောက်ဘက်အခန်း ပေ(၁၀၀)လောက်ကိုတော့ သန့်ရှင်းရေးလုပ်ပြီး ဖျာကြမ်းတွေခင်း ထုံးတွေသုတ် ဆရာတော်၊ သံဃာတော်တွေနဲ့ ဧည့်သည်တော်တွေ ထိုင်မယ့်အရှေ့ဘက်အခန်းကိုတော့ ကျွန်တော်တို့ အမှတ်(၂)အိပ်ဆောင်အခန်း(၉)က ကိုကျော်ထွန်းနောင်ရဲ့ ဦးဆောင်မှုနဲ့ ရွှေဝါရောင်စက္ကူတွေညှပ်ပြီး တိုင်တွေကိုပတ်လို့ အလှဆင်ပါတယ်။ ကျွန်တော်တို့ အလုပ်ရုံအခန်းကို ပြင်ဆင်လုပ်ကိုင်နေစဉ် နေ့တိုင်း သီတဂူဆရာတော်ရဲ့တပည့်တွေက လာရောက်ကြည့်ရှုပြီး ဖုန်းနဲ့ဆရာတော်ကို လိုအပ်တာထက် တရားခန်းမက ပိုကောင်းပါတယ်။ ထင်ထားတာထက် ပိုပြီးပြည့်စုံတယ်ဆိုတဲ့



အကြောင်းကို နေ့တိုင်းလာကြည့်ပြီး ဖုန်းဆက်လျှောက်ထားတာကို မြင်တွေ့နေရပါတယ်။ ထူးခြားမှုတစ်ခုက သီတဂူဆရာတော်ရဲ့တပည့်တွေက အကျဉ်းသားတွေကို ဆရာတော်က အဓိကထားပြီး တရားဟောမှာ ကျန်တဲ့သူတွေက အပြင်မှာ အချိန်မရွေး တရားနာလို့ရတယ်။ ဒါကြောင့် အကျဉ်းသားတွေကို ဦးစားပေးပါဆိုပြီးပြောတာ နေ့တိုင်းကြားရပါတယ်။ ထောင်ပိုင်က မှတ်တိုင်လေးတွေကို ရှေ့ဆုံးဆိုတဲ့နေရာတွေမှာ ချထားပြီး ရန်ကုန်အုပ်စု၊ မန္တလေးအဖွဲ့၊ ဝန်ထမ်းမိသားစု၊ အလှူရှင်အဖွဲ့၊ ဧည်သည့်အဖွဲ့စတဲ့ အမှတ်အသားတွေနဲ့ နေရာချထားမှုကို သီတဂူဆရာတော်ရဲ့တပည့်တွေက လက်မခံဘဲ အကြိမ်ကြိမ်ငြင်းဆိုနေပေမယ့် ထောင်ပိုင်က ရှူးချင်ယောင်ဆောင်နေပါတယ်။ တော်တော်စိတ်ဓာတ် အောက်တန်းကျတဲ့သူလို့ ကျွန်တော်မြင်မိပါတယ်။ တရားဟောခန်းမတွေ၊ လမ်းတွေ၊ မိလ္လာတွေ ကုဋီတွေအားလုံးကို အကျဉ်းသားတွေရဲ့လုပ်အား စိတ်ဓာတ်နဲ့ လုပ်ဆောင်တာပါ။ ထောင်ပိုင်၊ ထောင်မှူးတွေဆိုတဲ့သူတွေက တံမြက်စည်းတစ်ချက် မလှည်းသလို အုတ်တစ်ချပ်လည်း မစီပါဘူး။ သူတို့ ဘာတစ်ခုမှ ဝင်ရောက်လုပ်ကိုင်မှု မရှိပေမယ့် တရားပွဲမလုပ်မီရက်တွေမှာ ညွှန်မှူးလာရောက်ကြည့် ရှုစစ်ဆေးရင် ထောင်ပိုင်ကအနားက ထပ်ချပ်မကွာလိုက်ရင်း အဘ အဘနဲ့ ကလေးပေါက်စလေးက ဖအေကို ခွဲသလိုခေါ်ရင်း ဒီတရားဟောခန်းမတို့၊ လမ်းတို့၊ မိလ္လာတို့ စတာတွေကို သူ့စိတ်ကူး သူ့လုပ်အားနဲ့ လုပ်ကိုင်ထားသလို ဟိုလက်ညှိုးထိုး၊ ဒီလက်ညှိုးထိုးနဲ့ ဘာတွေပြောနေမှန်း မသိပါဘူး။ ကျွန်တော်တို့ကတော့ သူ့ကိုကြည့်ပြီး ရယ်နေကြပါတယ်။

ညွှန်မှူးစစ်ဆေးကြည့်ရှုပြီး နောက်ရက်တွေမှာ ဒုချုပ်ညွှန်ချုပ်တွေ လာရောက်ကြည့်ရှုစစ်ဆေးပြန်ပါတယ်။ ဒီလိုပါပဲ ထောင်ပိုင်က အဘအဘနဲ့ တဘဘထဲဘရင်း ဒုချုပ်ညွှန်ချုပ်တွေကို ရှင်းလင်းပြောပြနေပြန်ပါတယ်။ သူ့အကြောင်းကိုသိတဲ့ ကျွန်တော်တို့အကျဉ်းသားတွေကတော့ ကြိတ်ရယ်နေကြပါတယ်။ လူကြီးတွေမလာရင် ဘာမှလာမပြော ဘာမှစီစဉ်ညွှန်ကြားမှုမလုပ်တဲ့သူက အထက်လူကြီးတွေလာမှ ရေပေါ်ဆီလုပ် နှမ်းဖြူးနေတာကို မြင်တွေ့ရုံမက ထောင်ဂိုင်တန်းစီတိုင်း ဘယ်လိုမှ သူ့ကို အဘလို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာ မကြိုက်ဘူးလို့ဆိုပါတယ်။ သူတို့တောမှာ အဘဆိုတာ 'အဖေ'လို့ ခေါ်တာဖြစ်ပြီး သူ့မှာ အဲဒီအချိန်က သမီးပျိုနှစ်ယောက်ရှိတဲ့အတွက် ဘယ်သူမှ အဘလို့ မခေါ်ခိုင်းပါဘူး။ ထောင်ပိုင်ကြီးလို့ပဲ ခေါ်ပါလို့ အမြဲပြောပါတယ်။ သူ့ကို အဘလို့ခေါ်တာမကြိုက်တဲ့ထောင်ပိုင်က သူနဲ့ အသက်သိပ်မကွာတဲ့ညွှန်မှူး ဒုချုပ်ညွှန်ချုပ်တွေကိုတော့ 'အဘ အဘ' အဆက်မပြတ်ခေါ်နေတာကို နားနဲ့ ဆတ်ဆတ်ကြားနေရပါတယ်။

(၂၀၁၂)ခုနှစ် (၉)လပိုင်း (၁)ရက်နေ့မှာ သီတဂူဆရာတော်အရှင် (မြတ်) မြင်းခြံထောင်အတွင်းကို ဝင်ရောက်အလှူဒါနပြုလုပ်တရားဟောမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တစ်ထောင်လုံးမှာရှိတဲ့ အကျဉ်းသားအားလုံး မိုးလင်းချိန်ကစပြီး ကိုယ့်အခန်းထဲမှာ ကိုယ်နေရင်း ထောင်ပုံစံပြာဝတ်စုံတွေ ဝတ်လို့ အသင့်ပြင်ဆင်ထားကြရပါတယ်။ မနက်ရှစ်နာရီကျော်လောက်မှာ တစ်ခန်းချင်း တံခါးတွေဖွင့်ပေးပြီး အိပ်ဆောင်ပေါက်ဝမှာ အလှူလုပ်နေတဲ့ အလှူရှင်အမျိုးသား၊ အမျိုးသမီးများ လှူဒါန်းတဲ့ ~~ကြွပ်ရွှမ်~~အိတ်အကြီး တစ်အိတ်စာအပြည့် ကော်ဖီမုန့်၊ ဟင်း၊ အကြော်အလှော်၊ လက်ဖက်သုတ်၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာကြမ်း/ချော၊ ဒဏ်ကြေလိမ်းဆေး များ၊ လျှက်ဆားများ၊ သကြားလုံးထုပ်များ၊ သဘက်အသေးစသည့် ပစ္စည်း မျိုးစုံအမျိုးအမည်(၃၀)ကျော်ခန့်နှင့်အတူ မနက်စာကြက်သား ဒံပေါက် အထုပ်ကြီး တစ်ယောက်တစ်ထုပ်စီ၊ ညနေစာ ကြက်ကြော် တစ်ယောက် တစ်တုံးနှင့် ဘာလချောင်ကြော် (၂)ထုပ်တို့ကို အကျဉ်းသား အားလုံးအပြင် ဝန်ထမ်းအရာရှိများပါမကျန် မည်သူမဆို အားလုံးကို တစ်ယောက်တစ်ထုပ် လှူဒါန်းသွားကြပါသည်။ ကျွန်တော်လည်း လက်တစ်ဖက်ကို အထုပ်ဆွဲပြီး လက်တစ်ဖက်က ဒံပေါက်ထုပ်ကိုကိုင်လို့ ထောင်မှူးက သတ်မှတ်ထားတဲ့ အခန်း (၂)ထဲမှာ ဒံပေါက်သွားရောက် စားသောက်နေပါတယ်။ ကျွန်တော် ဒံပေါက်စားနေတဲ့အချိန်မှာ ဘောင်းဘီဝတ်ထားတဲ့ အမျိုးသမီးအတော် များများကို တွေ့ရပြီး သူတို့က ကျွန်တော်တို့အကျဉ်းသားတွေနဲ့ လိုက်လံ စကားပြောနေတာကို မြင်တွေ့ရပေမယ့် ကျွန်တော့်စိတ်ထဲမှာ အလှူရှင် မိသားစုအသိုင်းအဝိုင်းက သူတွေထောင်ထဲမရောက်ဘူးလို့ လိုက်လံ စကား



ပြောတယ်လို့ ထင်မိပါတယ်။ ကျွန်တော် ဒံပေါက်စားပြီးချိန်လောက်မှာ တစ်စုံတစ်ယောက်က ကျွန်တော့်ကို သတင်းထောက်တွေပါတယ်။ သူတို့ ဒီထောင်နဲ့ ပတ်သက်ပြီး မေးနေကြတယ်။ ခင်ဗျား ဘာမှမပြောဘူးလား ဆိုမှ သတင်းထောက်တွေပါတယ် ဆိုတာသိရပြီး ကျွန်တော့် မျက်စိရှေ့မှာ တွေ့နေတဲ့ သတင်းထောက် တစ်ယောက်ဆီကိုသွားပြီး ခင်ဗျား ဒီထောင် အကြောင်းကို သိချင်ရင် ဘယ်သူ့မှမေးမနေနဲ့ ကျွန်တော့်အကုန်ပြောပြ နိုင်တယ်။ ကျွန်တော်နဲ့စကား ပြောလိုက်ရင် ခင်ဗျားသိချင်တာ အကုန်လုံး သိရမယ်လို့ သတင်းထောက်ကို ကျွန်တော်က ပြောလိုက်ပြီး သူနဲ့စကား ပြောနေတဲ့ (သတင်းထောက်မေးနေတဲ့)သူကို ကျွန်တော်က မင်းသွားတော့ ငါပြောလိုက်မယ်ဆိုပြီး အဆောင်အတွင်း ဘာယာတန်းအနားမှာ ထိုင် လိုက်ပါတယ်။ သတင်းထောက်က သူမေးနေတဲ့သူကို ကျွန်တော်က မောင်းထုတ်လိုက်ပြီး အတင်းဝင်ထိုင်လိုက်တော့ တစ်မျိုးထင်သွားပြီး ကျွန် တော့်ကို ခင်ဗျားက တန်းစီးလားလို့မေးပါတယ်။ ကျွန်တော်က တန်းစီး မဟုတ်ဘူး။ ဒီထောင်မှာ အာဏာပိုင်တွေနဲ့ အဆင်မပြေဆုံးသူပဲ သူတို့ အကြောင်း ခင်ဗျားဘာသိချင်တာလဲဆိုတော့မှ သူက မြင်းခြံထောင်မှာ လာဘ်ပေးလာဘ်ယူမှု ရှိ၊ မရှိမေးပါတယ်။ ကျွန်တော်ကလည်း ပြောချင် နေတာကြာပြီဖြစ်တဲ့အတွက် ကျွန်တော် သိထားသမျှ ထောင်ပိုင်ထောင်မှူး တွေရဲ့လာဘ်စားမှုတွေ၊ အကျဉ်းသားတွေကို ယခုအချိန်ထိ တိရစ္ဆာန်တွေ လို ခိုင်းစေရိုက်နှက်နေတာတွေကို အသံသွင်းပြောကြားပြီး ခင်ဗျားက ဘယ်သတင်းထောက်လဲလို့မေးတော့ သူက ဧရာဝတီသတင်းဂျာနယ်က သတင်းထောက်ပါလို့ ပြောပါတယ်။ သူ့ကို ကျွန်တော်မိနစ်သုံးဆယ်ခန့် အသံသွင်း စကားပြောထားတာတွေအတွက် သူက ဘယ်လိုတာဝန်ယူမလဲ ဆိုတော့ ကျွန်တော်က ထောင်နံပတ်၊ နာမည်၊ အဖေနာမည်၊ ပုဒ်မ၊ ကျနှုန်း စတာ တွေကိုပြောပြီး ကျွန်တော်ပြောတာ အကုန်လုံး ကျွန်တော်တာဝန်ယူ တဲ့အကြောင်း အသံသွင်းပြောကြားလိုက်ပါတယ်။

ကျွန်တော်နဲ့ သတင်းထောက် စကားပြောဆိုအသံသွင်းနေတာကို ကျွန်တော်တို့ အဆောင်ကိုင်ထောင်မှူးမောင်မောင်ဝင်းက မလှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



ကနေ ရပ်ကြည့်နေပါတယ်။ ခင်ဗျား နာမည်ဘယ်သူလဲလို့ သတင်းထောက်ကို ကျွန်တော်က မေးကြည့်လိုက်ပါတယ်။ သတင်းထောက်က ကျွန်တော့်နာမည် ဝင်းဦးပါ။ ဧရာဝတီသတင်းဂျာနယ်ကပါလို့ ပြောပါတယ်။ သူ့ဖုန်းနံပတ်ကို ပေးထားခဲ့ပြီး နောင်တစ်ချိန် ကိစ္စရှိလာခဲ့ရင် သူ့ကို ဆက်သွယ်နိုင်ပါတယ်လို့ပြောပြီး နှုတ်ဆက်လိုက်ကြပါတယ်။ ကျွန်တော်သတင်းထောက်နဲ့ စကားပြောနေတဲ့အတွက် အခြားဘယ်သတင်းဌာနတွေပါသလဲ မသိပေမယ့် ရုပ်ရှင်မင်းသမီးစိုးမိုးကြည်တစ်ယောက် ခရမ်းရောင်ဝမ်းဆက်နဲ့ သွားလာနေတာကိုတော့ တွေ့လိုက်ပါတယ်။ ရုပ်ရှင်မင်းသားနေအောင်လည်း ပါတယ်လို့ပြောပေမယ့် ကျွန်တော် မတွေ့လိုက်ရပါဘူး။ ကျွန်တော်တို့ စကားပြောပြီးချိန်မှာပဲ အဆောင်က တရားနာမယ့် သူတွေဗုဒ္ဓဘာသာဝင်တွေအားလုံးကို အလုပ်ရုံကိုသွားဖို့ပြောတဲ့အတွက် ဆရာတော်ကို ဖူးမျှော်ချင်လို့ အလုပ်ရုံကို သွားရောက်ခဲ့ပါတယ်။ ငါးရက် တစ်ပတ်လောက် တစ်နေ့ကုန် ပင်ပင်ပန်းပန်း အစအဆုံးလုပ်ကိုင်ထားတဲ့ကျွန်တော် အလုပ်ရုံရောက်တော့ ဆရာတော်ကို အနီးကပ်ဖူးချင်ပေမယ့် မရပါဘူး။ အရာရှိဝန်ထမ်းတွေက နှမ်းဖြူးပြီး ဟိုမှာထိုင် ဒီမှာထိုင်လုပ်နေတဲ့အတွက် တရားဟောတဲ့အခန်းရဲ့ အလယ်နားလောက်မှာပဲ နေရာရပါတယ်။ ညွှန်ချုပ်ကြီးမလာပါဘူး။ ဒုချုပ်ပဲ လာပါတယ်။ ကျွန်တော် ဆရာတော်ကြီးဟောတဲ့တရားကို တိတိကျကျ ပြန်လည်မမှတ်မိပေမယ့် မကောင်းတာလုပ်ထားတဲ့သူမှန်သမျှ အဲဒီမကောင်းမှုဒဏ်ကို ပြန်လည်ခံစားရမှာ ဖြစ်တယ်လို့ဟောကြားတာကိုတော့ မှတ်မိနေပါတယ်။

တရားပွဲမတိုင်မီ ရက်တွေထဲက ညွှန်မှူး၊ ဒုချုပ်ညွှန်ချုပ်တွေ မြင်းခြံထောင်အတွင်းက အလုပ်ရုံကို နေ့စဉ်လာကြပေမယ့် ကျွန်တော်တို့ အကျဉ်းသားတွေနေတဲ့ အိပ်ဆောင်တွေဘက်ကိုတော့ ယောင်လို့တောင် မလာကြပါဘူး။ ထောင်ကျနေတဲ့ ကျွန်တော်တို့အကျဉ်းသားအများစုဟာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဘယ်သူမဆို အားကိုးရမယ့် သူမှန်သမျှကို တွေ့ချင်စကားပြောချင်သလို ထိုသူတွေရဲ့ နွေးထွေးစွာ ဆက်ဆံမှုကို ထိုသူတွေရဲ့ကာကွယ်စောင့်ရှောက်မှု၊ ကူညီမှုတွေကို ထောင်ကျနေတဲ့



အကျဉ်းသားတိုင်းနီးပါး လိုချင်ကြတယ်လို့ ကျွန်တော့်အတွေ့အကြုံအရ ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နေခဲ့တဲ့ အင်းစိန်ထောင်မှာ သုံးနှစ်နဲ့ခြောက်လ၊ မန္တလေးထောင်မှာ ဆယ်နှစ်နဲ့လေးလ၊ မြင်းခြံထောင်မှာ သုံးနှစ်နဲ့ခြောက်လ၊ နောင်ချို ရဲဘက်စခန်းမှာ (၁၁)လ စုစုပေါင်း (၁၇)နှစ် (၃)လတိတိမှာ အကျဉ်းဦးစီးဌာနရဲ့ညွှန်ချုပ်၊ ဒုချုပ်ဆိုသူတွေ ကျွန်တော်တို့အကျဉ်းသားတွေနေတဲ့ အခန်းထဲကိုဝင်ပြီး စစ်ဆေးမေးမြန်းတယ်ဆိုတာ တစ်ခါမှ မတွေ့မကြုံခဲ့ပါဘူး။ ဘာကြောင့် သူတို့ကိုယ်တိုင် အနီးကပ်ဝင်ရောက်မေးမြန်းမှုတွေ မရှိတာလဲ။ သူတို့အဆင့်ကမြင့်လို့ ကျွန်တော်တို့နဲ့တွေ့ဖို့ မလိုအပ်လို့လားဆိုတာတော့ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အကျဉ်းသားတွေကတော့ တွေ့ချင်ကြတယ်ဆိုတာ သေချာပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော် ထောင်ပိုင်ရဲ့လာဘ်စားမှုတွေ၊ မတရားပြောဆိုဆက်ဆံမှုတွေ ထောင်ပိုင်တပည့် ထောင်မှူးအေးထွန်းရဲ့ရိက္ခာဖြတ်စားမှုတွေကို ညွှန်မှူးဦးသန်းငွေကို တိုင်လိုက်တဲ့အတွက် ညွှန်မှူးနဲ့ထောင်ပိုင် ဘယ်လိုလက်ဝါး ရိုက်တယ်ဆိုတာမသိရပေမယ့် ကျွန်တော့်ကို ရာထူးတစ် နေရာစာ ပေးလိုက်ရင် ငြိမ်သွားမယ်လို့ ထင်ထားတဲ့သူတို့တွက်ကိန်းတွေဟာ လွဲသွားပြီး ဧရာဝတီ သတင်းထောက်ကို သူတို့အကြောင်း ထပ်မံတိုင်လိုက်တဲ့အတွက် သူတို့ ထင်သလိုမဖြစ်ဘဲ ကျွန်တော့်ကို ရာထူးနဲ့ စည်းရုံးမရတဲ့အတွက် ဝန်ထမ်းအရာရှိတွေဟာ ကျွန်တော့်ကို ရှောင်လာပါပြီ။ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းသွင်းတဲ့ဝန်ထမ်းကစလို့ ထောင်ဝင်စာက သွင်းငွေလာပို့တဲ့စည်းကမ်းထိန်းတွေ၊ ဝန်ထမ်းတွေ၊ အကြပ်တွေက ကျွန်တော့်ရှေ့မှာ ငွေပေးငွေယူတွေကအစ မလုပ်ကြတော့ပါဘူး။ အရာရှိတွေကလည်း ကျွန်တော်ကိုတွေ့တာနဲ့ လမ်းလွဲထွက်သွားတာကို ကျွန်တော် သတိထားမိပါတယ်။

တီဗီသတင်းမှာ ကမ္ဘာ့ကြက်ခြေနီဥက္ကဋ္ဌနဲ့ မြန်မာအစိုးရရဲ့တာဝန်ရှိသူတွေ တွေ့ဆုံပြီး မကြာခင် ICRC အဖွဲ့တွေ မြန်မာနိုင်ငံအနှံ့မှာရှိတဲ့ အကျဉ်းထောင်တွေကို ဝင်ရောက်လာမယ်လို့ သတင်းကြားရတဲ့အတွက် ကျွန်တော်က ထောင်အာဏာပိုင်တွေကို ထပ်တိုင်မယ်လို့ ဆုံးဖြတ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာကွက်တွေကို မှတ်သားထားလိုက်ပါတယ်။ သူတို့ကို တိုင်လို့နေရာပေးပြီး အကြွေသီးစားခိုင်းထားတာကိုမစားဘဲ ဒုတိယအကြိမ် သတင်းထောက်ကို တိုင်တဲ့အတွက် သူတို့ကလည်း မကျေနပ်ဘူးလို့ ထင်ပါတယ်။ ကျွန်တော်ညွှန်မှူးကို အချက်အလက်နဲ့ပြည့်စုံနဲ့ တိုင်တာတောင် ဘာမှ အရေးယူဆောင်ရွက်မှု မရှိတဲ့အတွက် ဒီတစ်ခါတော့ ICRC လာရင် ညွှန်မှူးကိုပါ တိုင်မယ်ဆိုပြီး သတင်းတွေ စုဆောင်းနေပါတယ်။

အကျဉ်းထောင်အတွင်းမှာ ဝမ်းလျှောဝမ်းကိုက် ရောဂါများမဖြစ်ပွားစေရန် ထောင်ဝင်စာလာတွေ့သူများမှ ဝက်သားကြော်၊ ဝက်သားဟင်းများ ပါလာခဲ့ရင် ဝန်ထမ်းမှ လုံးဝအသွင်းမခံပါ။ သို့သော်မြင်းခြံထောင်မှ မည်သည့်အဆင့်ရာထူးရှိသည်ဖြစ်စေ ၎င်းတို့၏အိမ်မှ မွေးထားသောဝက်များကို သတ်၍လည်းကောင်း သို့ မဟုတ် ဝက်နာများကိုလည်းကောင်း သို့မဟုတ် သေသွားသည့်ရောဂါသည်ဝက်သေများကိုလည်းကောင်း အကျဉ်းထောင်အတွင်းသို့သွင်းပြီး မီးဖိုကြီးတွင်ဖျက်၍ ပုံစံမျိုးစုံဖြင့် ရောင်းပါသည်။ တစ်ပိဿာလျှင် ပုံမှန်ဈေး (၆၀၀၀)နှုန်းဖြင့် ငွေလက်ငင်းဖြင့် ၎င်းအိမ်လာပေးခြင်းဖြင့်လည်းကောင်း သက်သာဆိုင်အပ်ငွေရှိလျှင် ထိုငွေဖြင့်လည်းကောင်း ဝယ်ယူ၍ ရပါသည်။

ဝက်သားမစားရ အမိန့်ထုတ်ထားသော်လည်း ငွေရှိသောတရုတ်များမှ ဝက်သား (၃)ပိဿာ၊ (၅)ပိဿာဝယ်ယူ၍ အမြောင်းလိုက်လှီးကာ ဘာယာတန်းတွင် ချိတ်ဆွဲအခြောက်လှမ်းထားသည်ကို ထောင်ဝင်စာမလာနိုင်သော အခြားအကျဉ်းသားများမှ ငေးကြည့်နေသည်ကို စိတ်မကောင်းစွာ တွေ့မြင်ခဲ့ဖူးပါသည်။

ဆရာတော်ကြီးရဲ့တရားပွဲမှာ ရွှေစက္ကူတွေကို ဖြတ်ညှပ်ကပ်ပြီး အလှဆင်တဲ့ ကိုကျော်ထွန်းနောင်ဆိုသူဟာ ကျွန်တော်တို့အမှတ် (၂)အိပ်ဆောင် အပေါ်ထပ် အခန်း(၁၀)မှာ နေထိုင်တဲ့သူပါ။ ဝန်ထမ်းတွေရဲ့ကင်း စာအုပ်တွေ၊ မျှော်စင်တာဝန်ကျ စာအုပ်တွေ၊ မိန်းဂျေးမှတ်တမ်းစာအုပ်တွေ၊ ထောင်မှူးတွေရဲ့ လက်ကိုင်မှတ်တမ်းစာအုပ်တွေကို A4 စာရွက်တွေ လှီးဖြတ်လို့ ကော်ကပ်၊ စာအုပ်ချုပ်၊ မျက်နှာဖုံးတတ်ပြီး စာအုပ်လေးတွေ



ချုပ်လုပ်ပေးနေတဲ့သူပါ။ ညွှန်ချုပ်တို့၊ ဒုချုပ်တို့၊ ညွှန်မှူးတို့ကို ထောင်ပိုင်က ငွေပေးမယ်ဆိုရင် ကျွန်တော်တို့ သိရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်က အခန်း(၉)မှာနေပြီး ကိုကျော်ထွန်းနောင်က အခန်း(၁၀)မှာ နေတဲ့အတွက် အခန်းချင်းကပ်နေလို့ အမြဲသွားလာ စားသောက်လို့နေတဲ့သူတွေဖြစ်သလို ရန်ကုန်သားချင်းဖြစ်တဲ့အတွက် ရင်းနှီးမှုရှိကြပါတယ်။ ဒါကြောင့် ကိုကျော်ထွန်းနောင် ဘာဂျာ၊ စာအိတ်လုပ်ပြီဆိုရင် ဒါက တစ်ထောင်တန် တစ်သိန်းထည့်ဖို့ ဒါက နှစ်သိန်းထည့်ဖို့ဆိုပြီး ဘာဂျာစာအိပ်လေးတွေလုပ်ရင်း သူ့ပါးစပ်ကပြောလို့ အကြီးအသေးခွဲလို့နေပါတယ်။ စာအိတ်တွေ လုပ်ပြီးသွားရင် ထောင်ပိုင်တပည့် တပ်ကြပ်အောင်ဇော်ညွှန့်ဆိုသူက လာရောက်ယူသွားတာ မြင်တွေ့ရပါတယ်။ ကိုကျော်ထွန်းနောင် မလွတ်သေးပါဘူး။ ယခုအချိန်ထိ မြင်းခြံထောင်မှာရှိနေပါတယ်။

ကျွန်တော် ညွှန်မှူးကို ပုံစံအသားတုံးစကေး မပြည့်တဲ့အကြောင်း ကုလားပဲဟင်းမှာ ဆီမပါသလို အသီးအရွက်ဟင်းတွေထဲမှာလည်း ဆီလုံးဝမထည့်ကြောင်းစတဲ့အကြောင်းတွေ တိုင်လိုက်တဲ့အတွက် ရိက္ခာကိုင်နေတဲ့ ထောင်မှူးအေးထွန်းက လုံးဝမကျေနပ်တဲ့အကြောင်း အသံထွက်လာပါတယ်။ ကျွန်တော်ညွှန်မှူးကို တိုင်ပြီး ငါးရက်မြောက်နေ့ (၁၉-၈-၂၀၁၂) ရက်နေ့မှာ အမှတ်(၃) အိပ်ဆောင်အောက်ထပ် အပြင်ဘုတ်အခန်းမှ ရိက္ခာကိုင်ထောင်မှူးအေးထွန်းက ထောင်မှူးကျော်လင်း ထောင်ကျရုံးထောင်မှူး၊ စစ်သားကြီး(၁)စိုးသိန်း၊ ဆေးလိပ်ပတ်ဘုတ်ကိုင်အပြင်ဘုတ်အခန်း လူကြီးသိန်းထွန်း၊ မိန်းဂျေးရေစက်မောင်းသူစသည့် လူသုံးဦးရှေ့တွင် ငါ့စီးပွားရေးကိုဖျက်လျှင် ခါးနှင့်ထိုးမည် ထောင်ထဲမှာ ထောင်မှူးတစ်ယောက် လူသတ်မှုဖြစ်လည်း ထောင်ငါးနှစ်ထက်ပိုမကျဟုပြောကြောင်း သိန်းထွန်းမှ ပြန်လည်ပြောပြသည်ကို နေ့စွဲနှင့်နေရာများ မှတ်သားထားခဲ့သဖြင့် ယခုကဲ့သို့ ပြန်လည်ရေးသားပြနိုင်ခြင်းဖြစ်ပါသည်။

ယခင်မန္တလေးထောင်ဝန်ထမ်း ယခုမြင်းခြံထောင်တွင် တာဝန်ကျသော ဒုတာကအေးသိန်းမှ ထောင်ပိုင်ဦးတင်မောင်ထွန်းက အလုပ်ရုံတွင် ပင်ပေါင်ရိုက်နေရင်း ယခုကဲ့သို့ ပြောကြောင်း ပြန်လည်ပြောပြပါသည်။ ညွှန်ချုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



သိန်း (၁၀၀)ပေးပြီး (၁၀)လပဲ လားရှိုးထောင်မှာပဲ နေလိုက်ရတယ်။ (၂၀၁၂)ခုနှစ် (၈)လပိုင်း။ ကျွန်တော် အလုပ်ရုံမှ တစ်လခွဲခန့် ကြာလာတဲ့အတွက် အလုပ်ရုံရဲ့အတွင်းရေးတွေ အကုန်သိပြီးပြီဆိုတော့ အဆောင်မှာ နေတော့မယ်လို့ဆုံးဖြတ်ပြီး အလုပ်ရုံမှ မနေချင်တော့တဲ့အကြောင်း ထောင်ပိုင်လေးကို ကျန်းမာရေးအကြောင်းပြချက်တွေနဲ့ စာရေးပြီး သတင်းပို့ တင်ပြလိုက်ပါတယ်။ ထောင်ပိုင်လေး ဘာမှမပြောပေမယ့် ထောင်ပိုင်ကြီးကတော့ ကျွန်တော့်စာကို ဖတ်တယ်လို့ သိရပါတယ်။ ကျွန်တော် အဆောင်ထဲမှာလည်း ဘာမှမလုပ်တော့ပါဘူး။ တကယ်လို့ ကျွန်တော်ကို တစ်ခုခုခိုင်းမယ်ဆိုရင် ထောင်မှူးထောင်ပိုင် ပိုက်ဆံယူပြီး ဟိုအကြောင်း ဒီအကြောင်းပြနဲ့ ယောင်နေတဲ့သူတွေ အကုန်လုံးတစ်ယောက်မကျန် အလုပ်လုပ်မှ ကျွန်တော်လည်း အလုပ်လုပ်မှာပါ။ သူတို့ကလည်း သိပါတယ်။ သူတို့ မကင်းနိုင်လို့ ပါးစပ်ပိတ်နေကြတာပါ။ သူတို့များ မှန်နေရင် ဘယ်လွယ်ပါ့မလဲ ဒီလိုနဲ့ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့် မျှော်လိုက် ICRC မျှော်လိုက် အကျဉ်းထောင်ကို ဝင်ရောက်စစ်ဆေးမယ့်အဖွဲ့အစည်းတွေ မျှော်လိုက်နဲ့ ဘယ်သူမှလည်း မလာပါဘူး။ လွှတ်တော်ထဲမှာ သူရဦးရွှေမန်း အမိန့်ထုတ်ထားတယ်ဆိုတဲ့ ရဲစခန်းအချုပ်တွေ၊ ထောင်တွေ၊ ရဲဘက်စခန်းတွေကို ဝင်ရောက်စစ်ဆေးမယ်ဆိုတဲ့အဖွဲ့တွေ တစ်နှစ်ကို နှစ်ကြိမ်အနည်းဆုံး စစ်ဆေးမယ်ဆိုပြီး ဘယ်သူမှ မလာတဲ့အတွက် ကိုယ့်ပုံစံကိုယ်စားပြီး အသာပဲ နေထိုင်နေရပါတယ်။ ထောင်ပိုင် ထောင်မှူးတွေကလည်း ထုံးစံ အတိုင်း ဆက်လက်ရှာဖွေဖန်တီးလို့နေတဲ့အတွက် တိုင်လိုက်တဲ့ ကျွန်တော် တောင် 'ငပေါ'လိုဖြစ်သွားတယ်လို့ စိတ်ထဲမှာ ခံစားရပါတယ်။ သားမကောင်း ကြောင်း မအေကို သွားပြောလိုက်သလိုပါပဲ။ ဘာဆိုဘာမှထူးခြားလာတာ မရှိပါဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့အကျဉ်းသားတွေက ဘယ်သူလာလာ ဘာမှမပြောဘဲ ပါးစပ်ပိတ်နေကြတာပါ။ ပြောတဲ့သူတွေသာ ဒုက္ခရောက်ကြတဲ့အတွက် မေးလိုက်ရင် အားလုံးကောင်းပါတယ်ဆိုတဲ့စကားသာ လျှာဖျားကနေ ထွက်လာကြတာပါ။

(၂၉-၁၀-၂၀၁၂)ရက်နေ့ မနက်ပိုင်း (၉)နာရီခွဲမှာ ကျွန်တော်ရောဝတီ



သတင်းထောက်ကို ပြောပြပြီးနောက် ညွှန်မှူးတို့ကအစ တစ်လ၊ တစ်လခွဲ လောက်ငြိမ်သွားပြီး တန်းစီရက်တွေမှာ ထောင်ပိုင်ရဲ့ စကားလုံးတွေဟာ တစ်ဖန်ပြန်လည်ကြမ်းတမ်းရုံမက ကျွန်တော်တို့အကျဉ်းသားလေးရာကျော် ရှေ့မှာ ဒီလိုစကားတွေနဲ့ စိန်ခေါ်လာပါတယ်။ ငါ မြင်းခြံထောင်ကို အုပ်ချုပ်လုပ်ကိုင်ပြောဆိုနေတာကို မင်းတို့ မကျေနပ်ရင် NLD ရုံးချုပ်ကို တိုင်မလား ဒါမှမဟုတ် သမ္မတရုံးကိုတိုင်မလား တိုင်ချင်ရာတိုင် ဂရုမစိုက်ဘူး ဟူ၍ စိန်ခေါ်ပါသည်။

ညနေတန်းပိတ်ချိန်တွင် ကျွန်တော်တို့ ဂုန်းဂုန်းဒိုင်းဒိုင်း အသံများ ဆူညံစွာ ကြားရသည့်တွက် မည်သို့ဖြစ်သည်ကို စုံစမ်းကြည့်သည့်အခါ နေ့လယ်ပိုင်း မြင်းခြံတစ်ထောင်လုံးကို သာကူတိုက်ပြီး (မည်သည့်အတွက် တိုက်မှန်းမသိပါ) အမှတ်(၁)အိပ်ဆောင်မှ အဆောင်ကိုင် ထောင်မှူး ဦးသိန်းသန်းက ထောင်ပိုင်အမိန့်ဖြင့် အော်ခိုင်းခြင်းဖြစ်သည်ဟု သိရပါသည်။

ထောင်ပိုင်ကြီး ကျန်းမာပါစေဆိုသောစကားလုံးကို သုံးကြိမ်တိုင်တိုင် အမှတ်(၁)အိပ်ဆောင်မှ အကျဉ်းသားများအား အော်ခိုင်းပါသည်။ ထောင်ပိုင် မွေးနေ့ဟူ၍လည်း ပြောကြပါသည်။ မှန်မမှန် မသိရပါ။ သို့သော် ထောင်ထဲမှာ မိမိမွေးနေ့ဆိုပြီး သာကူအတိုအစလေးတိုက်၍ ဤသို့ အော်ခိုင်း၍ ရသလားဆိုသည်ကို ဌာနဆိုင်ရာတာဝန်ရှိသူများအား တစ်နေ့တော့ မေးကြည့်ပါဦးမည် သက်သေများစွာ ယခုအချိန်အထိ မြင်းခြံထောင်တွင် ရှိနေပါသည်။

ထောင်ပိုင်ဦးတင်မောင်ထွန်း တပည့်ရိက္ခာကိုင်ထောင်မှူးအေးထွန်းဟာ မြင်းခြံထောင်အတွင်းကို ဖုန်းယူလာပြီး ဖုန်းတစ်ခါဆက်လျှင် ငါးထောင်နှုန်းဖြင့် ဖုန်းဆက်ခိုင်းခြင်း၊ ထိုသူများအိမ်မှလာလျှင် အကျဉ်းထောင်အတွင်းသို့ ကိုယ်တိုင်ငွေယူလာပြီး လာရောက်ပေးခြင်းစသည်တို့ကို ပြုလုပ်နေသည်ကို လေ့လာစုံစမ်း၍ မှတ်သားထားသည်များကို ရေးသား ဖော်ပြလိုက်ပါသည်။

၁။ စိုင်းမောင်နု ၂။ မောင်ဝင်း (ခ)အရှည်ကြီး ၃။ မောင်လယ် ၄။ ဦးညီ

www.burmeseclassic.com

www.burmeseclassic.com



၅။ အိုက်ကျန်း (ခ)အိုက်ဝေ ၆။လီမြင့် ၇။ ဝမ်းပန်စိန် ၈။ အားပေါင် ၉။ အားဆန်း ၁၀။ လောအိုက် ၁၁။ ဟန်ကို(ခ)ရဲ ၁၂။ ချိမင်း ၁၃။ အောင်အောင် ၁၄။ ယောဟန် ၁၅။ အောင်ပါ ၁၆။ အားစန်း ၁၇။ စိုင်းအွန် ၁၈။ အားပေါင် ၁၉။ စိုးမြင့် ၂၀။ စိုးသိန်း

ယခုစာရင်းပါသူများထဲမှ မလွတ်မြောက်သေးသူများ အခုအချိန်ထိ ရှိနေပါသည်။

ထောင်ပိုင်ဦးတင်မောင်ထွန်း တပည့်တပ်ကြပ်အောင်ဇော်ညွန့်သည် ထောင်ပိုင်နေထိုင်ရာ ပူးတံခါးဝပေါ်ရှိနေအိမ်သို့ အကျဉ်းသားမိသားစုများက လိုင်းဝင်လိုလျှင် သွားရောက်ပို့ဆောင်ပေးခြင်း ဆက်သွယ်ပေးခြင်း၊ လိုင်းချက်ငွေ မည်မျှပေးရမည်ကို ပြောပြခြင်းစသည်တို့အပြင် အကျဉ်းထောင်အတွင်းသို့ အောက်ပါစာရင်းပါသူများ ငွေသွင်းပါသည်။

(၁)အားကိုး (၂) ရာတန်၊ (ခ) သိန်းဦး၊ ၃။ ချင်းပု၊ ၄။ ကိုချင်း၊ ၅။ စိုင်းနွဲ့၊ ၆။ အားပေါင်၊ ၇။ ကျော်ထွန်းနောင်၊ ၈။ ကျော်ဇင်နိုင်၊ ၉။ မြည့်ဖြိုးအောင်၊ ၁၀။ ထွန်းထွန်း၊ ၁၁။ အောင်နိုင်၊ ၁၂။ ကျူးအယ်(ခ)သာလိကာ၊ ၁၃။ ဘုန်းကြီး (ခ) မောင်မဲ၊ ၁၄။ အိုက်လျှံ၊ ၁၅။ ခင်လတ်၊ ၁၆။ အောင်မင်း၊ ၁၇။ တင်မိုး၊ ၁၈။ မြဝင်း၊ ၁၉။ ဘမြိုင် ယခုစာရင်းပါသူများထဲမှာ မလွတ်သေးသူများ ယခုအချိန်ထိ ရှိနေပါသည်။

ထောင်ပိုင်တပည့် တပ်ကြပ်ဇော်အောင်ဆိုတာလည်း ရှိပါသေးတယ်။ သူကတော့ အပြင်ဘုတ်ကိုင်တာများပါတယ်။ တပ်ကြပ်ဇော်အောင် ငွေသွင်းပေးတဲ့သူတွေကတော့

၁။ ဦးသိန်းသန်းထွန်း(ခ)မောင်သိန်း၊ ၂။ ကျော်ဝေ (ဘ)ဦးသန်းမောင် ၃။ ကျော်မင်းဆွေ (ဘ)ဦးလှအောင်၊ ၄။ သိန်းထွန်းအောင် (ဘ)ဦးချစ်တင်၊ ၅။ အောင်သူ (ဘ)ဦးလှရွှေ ၆။ ကျော်နိုင်ဦး(ခ)ရွှေရဲ (ဘ)ဦးကျော်ဝင်းစိန် စတဲ့သူတွေ ဖြစ်ပါတယ်။

အခုကျွန်တော်တို့ မှတ်ထားသလောက် စုံစမ်းလို့ရသလောက် စာရင်းက နည်းနည်းလေးပါ။ တစ်ချိန်က သူတို့ကို တိုင်မယ်ဆိုပြီး ရသလောက် မှတ်ထားခဲ့တာ တချို့ သူတွေရဲ့ထောင်နံပတ်တွေပါ ရှိပါတယ်။ အခုအချိန်



မှာတော့ တိုင်လို့မရတော့ပေမယ့် တာဝန်ရှိသူတွေနဲ့ အများပြည်သူတွေ သိအောင် ကျွန်တော်မှတ်ထားသလောက် ရေးတတ်သလောက် ရေးပြလိုက်တာပါ။ ကျွန်တော်တိုင်ချင်တဲ့ ကမ္ဘာ့ကြက်ခြေနီလည်းမလာ၊ ဘယ်အဖွဲ့အစည်းမှလည်း မလာတဲ့အတွက် ကျွန်တော် ဘယ်ကိုမှတိုင်လို့မရဘဲ လေလာမှတ်သားထားတာတွေကိုပဲ သိမ်းထားရင်း ထောင်ပိုင်၊ ထောင်မှူးတွေ လူပါးဝသမျှကို မကျေမနပ်ရှုံကလွဲပြီး ဘာမှလုပ်လို့ မရခဲ့ပါဘူး။ ညွှန်မှူးကိုယ်တိုင်လည်း အပိုပဲဆိုတာ ဒီမှာ သက်သေကြည့်ကြပါ။

(၂-၉-၂၀၁၂)မှ (၂၃-၉-၂၀၁၂)၊ (၂၈-၁၀-၂၀၁၂)၊ (၂၃-၁၂-၂၀၁၂)၊ (၆-၁-၂၀၁၃) ကျွန်တော်တိုင်ပြီးနောက်ပိုင်း ဆပ်ပြာမပေးတဲ့နေ့တွေပါ။ အသားတုံးလည်း အရင်အတိုင်းပါပဲ။ ကုလားပဲဟင်းကလည်း ကြဲလိုက်ပျစ်လိုက် ဆီပါလိုက် မပါလိုက်နဲ့ လုပ်ချင်သလို ပြန်လုပ်နေတာပါပဲ။ (၂၃-၁၂-၂၀၁၂)ရက်နေ့ တနင်္ဂနွေနေ့မှာ ခရစ်ယာန်ဘာသာဝင် အဖွဲ့အစည်းတစ်ခုမှ ကြက်သားဟင်းကို လာရောက်လှူဒါန်း ကျွေးမွေးပါတယ်။ ထောင်မှာလည်း ကျွန်တော်တို့ကို အသားကျွေးရမယ့်နေ့ပါ။ ဒါပေမဲ့ ထောင်က ကျွန်တော်တို့ကို ကျွေးရမယ့်ကြက်သားဟင်း မကျွေးတော့ပါဘူး။ ကျွန်တော်တို့ အကျဉ်းသားတွေကို ရိက္ခာကိုင်တဲ့ထောင်မှူးအေးထွန်းကပဲ စားလိုက်သလား သို့မဟုတ် တခြားဘယ်သူတွေ ဝိုင်းစားလိုက်ကြသလဲဆိုတာတော့ အတိအကျ မသိရပေမယ့် ကျွန်တော်တို့စားမယ့် တစ်နပ်စာအသားပျောက်သွားတာကိုတော့ မြင်းခြံတစ်ထောင်လုံးက အကျဉ်းသားတွေ မှတ်မိကြလိမ့်မယ်ထင်ပါတယ်။

(၂၀၁၃)ခုနှစ်၊ (၂)လပိုင်း၊ (၃)ရက်နေ့ နေ့လယ်နှစ်နာရီကျော်မှာ ရဲဘက်စာရင်းမှာ နာမည်မပါတဲ့သူတွေကို လိုက်လံခေါ်ယူနေပါတယ်။ ကျွန်တော့်နာမည်ပါတဲ့အတွက် ကျွန်တော်လည်း ပုံစံပြာဝတ်ပြီး သွားရောက်စုံစမ်းကြည့်လိုက်တဲ့အခါ လူအင်အားနှစ်ဆယ်ကျော်လောက်သာရှိပြီး နောင်ချိုကော်ဖီစိုက်ပျိုးရေးစခန်းကို ပို့မယ်ဆိုတာပါ သိရပါတယ်။ အိပ်ဆောင်ထဲမှာ လူစုပြီး အမှတ် (၁/၂)နှစ်ဆောင်ပေါင်းလို့ ခေါ်ကျရုံးရှိရာ အိပ်ဆောင်(၃)ကို မိန်းဂျေးကနေ ဖြတ်သွားကြရပါတယ်။ အိပ်ဆောင်(၃)

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ကျွန်တော်တို့ကို ထိုင်ခိုင်းပြီး ဘယ်ထောင်မှူး၊ ဘယ်ဝန်ထမ်းမှ မတွေ့ရပါဘူး။ ဘယ်သူမှလည်း ဝရမ်းနဲ့ တိုက်စစ်ဆေးတာမရှိသလို ဆရာဝန်က ဆေးစစ်တာလည်းမရှိပါဘူး။ နှစ်နာရီလောက်ကြာတော့ ထောင်ပိုင်တပည့်တပ်ကြပ် အောင်ဇော်ညွန့်က ထောင်ကျရုံးခန်းလုပ်ထားတဲ့ ထရံနားကနေ တစ်ချက်လှမ်းကြည့်ပြီး ပြန်ဝင်သွားတာကိုသာ တွေ့လိုက်ပြီး ကျွန်တော်တို့ကို ပြန်လို့ရပြီလို့ ပြောလို့ ပြန်လာခဲ့ပါတယ်။

ထောင်ပိုင်က စည်းရုံးစွဲဆောင်လို့မရတဲ့အတွက် ရဲဘက်ထည့်တော့မယ်ဆိုတာ ကျွန်တော် ခန့်မှန်းလို့ရနေပါပြီ။ ကျွန်တော် ထောင်(၅၈)နှစ်ကျပေမယ့် နိုင်ငံတော်လွတ်ငြိမ်းသက်သာ နှစ်ကြိမ်ရထားတဲ့အတွက် ရဲဘက်ထွက်လို့ ရနေပါပြီ။ ဒါပေမဲ့ မြင်းခြံထောင်မှာ ရဲဘက်ထည့်လို့ရတဲ့ သူတွေအများကြီးရှိတဲ့ထဲက နှစ်ကြီးသမား ကျွန်တော့်ကိုရွေးပြီး ဘာကြောင့်ထည့်သလဲဆိုတာ မြင်းခြံထောင်တစ်ထောင်လုံးက အကျဉ်းသားတွေ သိကြပါတယ်။ ထောင်ပိုင်အတွက် အနှောက်အယှက်ဖြစ်တဲ့အတွက် ကျွန်တော့်ကို ဝွင်ထဲကနေ ရှင်းလိုက်တယ်ဆိုတာသိပေမယ့် ကိုယ်က မဟုတ်တာလုပ်လို့ ထောင်ကျလာတာမှန်ပေမယ့် ထောင်ပိုင်ဆိုတဲ့ပညာတတ်အရာရှိကြီးက လူကောင်းအမည်ခံပြီး အစိုးရလခစား ရိက္ခာယူပြီး လာဘ်စားနေတာတွေ အုတ်နံရံအတွင်းမှာ ပြောချင်ရာပြော လုပ်ချင်ရာလုပ်နေတာတွေကို အပြင်လောကဥပဒေတွေက မမြင်ရမတွေ့ရသလို ဘယ်သူမှလည်း စိတ်မဝင်စားတဲ့အတွက် မဟုတ်တာလုပ်ဖို့ လိုင်စင်ရထားတဲ့သူ မဟုတ်တာမမှန်တာတွေလုပ်ပြီး စီးပွားဖြစ်နေတဲ့သူရဲ့ လုပ်ချင်ရာလုပ်ခံရတဲ့အတွက် ကျွန်တော်ခံပြင်းမိတာပါ၊ မဟုတ်တာလုပ်တဲ့သူချင်းအတူတူ ကျွန်တော်က လိုင်စင်မရှိတဲ့အတွက် ငယ်စဉ်က ပညာမသင်ခဲ့မိတာကို နောင်တရမိပါတယ်။ (၂၀၁၃)ခုနှစ်၊ (၂)လပိုင်း၊ (၄)ရက်နေ့၊ ညနေ (၃)နာရီကျော်လောက်မှာ မနေ့က ရဲဘက်စာရင်းခေါ်ထားတဲ့သူတွေ ကိုယ့်ပစ္စည်းကိုယ်ယူပြီး အဆောင်ပေါက်ဝမှာ လူစုမယ်အော်လို့ အိပ်ယာလိပ်နဲ့ စားခွက်တွေ သယ်ပြီး အိပ်ဆောင်အပေါက်ကို သွားရောက်လူစုလို့ လူစုံပြီဆိုတော့ အိပ်ဆောင် (၃)ကို သွားရပါတယ်။ အိပ်ဆောင်(၃)မှာ ရောက်တာနဲ့ ဒေါက်ခြေချင်း နှစ်ယောက်



တစ်တွဲခတ်ပြီး(၃)ဆောင်အပေါ်ထပ်မှာ တစ်ညတာအိပ်စက်လို့ နောက်တစ်နေ့ နံနက်(၅)နာရီမှာ တန်းဖွင့်လူစစ်ပြီး တစ်ခါတည်း အထုပ်တွေသယ်လို့ အောက်ထပ်မှာ တန်းစီရပြန်ပါတယ်။ လူထပ်စစ်ပြီး ဗူးဝကို သွားရပြန်ပါတယ်။ မြင်းခြံထောင်ဗူးဝမှာ နာရီဝက်ခန့်ထိုင်ပြီး ဗူးအတွင်းထဲကို ဝင်ရောက် ထိုင်ရပြန်ပါတယ်။ အဲဒီအချိန်မှာ ဝရမ်းနဲ့ လူထပ်ခါ တိုက်စစ်ပြီး ဗူးအပြင်ဘက်က ကားတစ်စီးပေါ် တက်ကြရပါတယ်။

မြင်းခြံထောင်ဗူးဝအပြင်ဘက်က ကားပေါ်ကို တက်ထိုင်နေရင်း နောက်ဆုံးအနေနဲ့ အရိုးစုပုံပေါက်နေတဲ့ မြင်းခြံထောင်ကို စိတ်ထဲကနေ နှုတ်ဆက်လိုက်ပါတယ်။ ကားထွက်လာပြီး ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့်အကြာမှာ ကျွန်တော်တို့မြင်းခြံဘူတာကို ရောက်ပါပြီ။ ကားပေါ်က အောက်ကိုဆင်းလို့ တန်းစီထိုင်နေချိန် မြင်းခြံမြို့က ထောင်ကျနေသူမှူးကြီးရဲ့မိသားစုက လာရောက်တွေ့ဆုံလို့ စားသောက်စရာတွေ ပေးရင်းငိုနေကြပါတယ်။ ခဏကြာတော့ ရထားပေါ်တက်ကြရပါတယ်။ မနက်ခုနစ်နာရီခွဲ ရှစ်နာရီလောက်ကနေ ရထားထွက်လာတာ ညနေသုံးနာရီကျော်မှ မန္တလေးဘူတာကို ရောက်ပါတယ်။ ရထားပေါ်ကဆင်းမှ ကျွန်တော်တို့ မြင်းခြံအဖွဲ့တစ်ဖွဲ့တည်းမဟုတ်ဘဲ ညောင်ဦးထောင်က ရဲဘက်တွေပါ တွေ့ရပါတယ်။ နှစ်ဖွဲ့စလုံးအတွက် နှစ်ယောက်တစ်တွဲ ဘူတာထဲမှာ တန်းထိုင်နေချိန်မှာ လုံခြုံရေးပါလာတဲ့ ရဲက ပါဝါပြနေပါတယ်။ ခဏကြာတော့ ကားရောက်လာပြီး ကားပေါ်ကိုတက်လို့ မန္တလေးထောင်ကြီးကို ဒုတိယအကြိမ်ပြန်လည်ရောက်ရှိပါတော့မယ်။ မန္တလေးထောင်ဗူးဝမှာ ကားရပ်ထားတုန်း ကျွန်တော်နဲ့ အရင်က ရင်းနှီးမှုရှိတဲ့ဝန်ထမ်းနန်းဦးကိုလည်း နှုတ်ဆက်လိုက်ပါတယ်။ နန်းဦးက (၂၀၀၇)ခုနှစ်မှာ သာယာဝတီထောင်ကနေ မန္တလေးထောင်ကို ပြောင်းရွှေ့လာသူပါ ခဏကြာတော့ ဗူးထဲကိုဝင်ရောက်လို့ တန်းစီလူစစ်ကာ ဝရမ်းနဲ့လူလွှဲပြောင်းပေးပြီး ကျွန်တော်တို့ကို လိုက်ပို့ပြီး မြင်းခြံထောင်က တပ်ကြပ်ကြီးလားမမှတ်မိ မင်းမင်းအောင်ဆိုသူလည်း ပြန်သွားပါတယ်။

ဗူးထဲကနေထွက်ပြီး မိန်းဂျေးမှာ တန်းစီလို့ ကျွန်တော်တို့ပါလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာလိပ်တွေ အထုပ်တွေကို ရှာဖွေရေးလုပ်လို့ နေပါတယ်။ နှစ်ပွင့်ထောင်မှူးကြီးကျော်စိန်ဝင်းဆိုသူက ကျွန်တော်တို့ထောင်ပြောင်း အဖွဲ့တွေကို ဟိုမေး၊ ဒီမေးရင်း မင်းတို့အဖွဲ့ထဲမှာ ဥသြဆိုတဲ့သူပါသလားလို့ မေးပါတယ်။ ကျွန်တော်တို့မြင်းခြံထောင်ပြောင်း အကျဉ်းသား(၂၀)ယောက်ထဲကတစ်ယောက်က ထဖြေမိပါတယ်။ ဥသြဆိုတာ ကျွန်တော်ပါပဲလို့ပဲ ပြောပါတယ်။ ထောင်မှူးကြီးဦးကျော်စိန်ဝင်းက မင်းဒီထောင်မှာ နေခဲ့မလားလို့မေးပါတယ်။

ဥသြဆိုသူက ဘာမှပြန်ဖြေတာ မတွေ့ရပါဘူး။ ရှာဖွေရေးလုပ်ပြီးလို့ ကျွန်တော်တို့အဖွဲ့တွေကို အမှတ်(၃)အိပ်ဆောင်ကို ဝင်ရောက်သွားဖို့ ထောင်မှူးကြီးက ပြောလို့ ကျွန်တော်တို့ကို မိန်းဂျေးစည်းကမ်းထိန်းတွေက ခေါ်ယူပြီး အမှတ်(၃)အိပ်ဆောင် အောက်ထပ်အခန်း(၆)ထဲကို လိုက်လံပို့ဆောင်ပေးပါတယ်။ အဲဒီအချိန်မှာ အမှတ်(၃)အိပ်ဆောင်ဆိုတာ အချုပ်ဆောင်ဖြစ်နေပြီး အကျဉ်းသားရုံးအုပ်က မောင်မောင်ဟန်ဆိုတဲ့ ကျွန်တော်နဲ့ ရင်းနှီးသူပါ။ ကျွန်တော်တို့နေတဲ့အခန်း (၆)လူကြီးကတော့ ကျော်ခိုင်ဆိုတဲ့သူဖြစ်ပြီး ကျွန်တော်နဲ့ မန္တလေးထောင်ထဲမှာ အတော်လေးရင်းနှီးသူဖြစ်ပါတယ်။ ကျွန်တော်တို့ရောက်ပြီး တစ်နာရီကျော်ကြာတဲ့အချိန်မှာ မန္တလေးထောင်ဆေးရုံက ဆေးကူအကျဉ်းသားတွေက ကျွန်တော်တို့နဲ့ ထောင်ပြောင်းရဲဘက်ပါလာသူ ဥသြဆိုသူကို လာရောက်ခေါ်ဆောင်သွားပါတယ်။ ဆေးရုံမသွားခင် ဥသြက ကျွန်တော့်ကို ဒီလိုပြောပြသွားပါတယ်။ ကျွန်တော်တို့ မြင်းခြံဘူတာကနေ ရထားစီးလာကြတော့ ကျွန်တော်တို့ကို လုံခြုံရေးတာဝန်ယူရတဲ့ မြင်းခြံနယ်တစ်ဝိုက်က ရဲဝန်ထမ်းတွေက ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေး နေကြပါ။ အခက်အခဲရှိရင်လည်း ပြောပါ။ ကူညီနိုင်တာကို ကူညီပါ့မယ်။ အိမ်တွေကို ဖုန်းဆက်ချင်တယ်ဆိုရင်လည်း ဖုန်းယူထားကြပါဆိုပြီး ဖုန်းနှစ်လုံးပေးထားတဲ့ အချိန်မှာ တချို့သောသူတွေက အိမ်တွေကို ဖုန်းဆက်ကြပါတယ်။ ကျွန်တော်လည်း ရဲဘက်ထွက်လာပြီဆိုတဲ့အကြောင်း ရန်ကုန်က အမေတို့ ညီမလေးတို့ကို အသိပေး အကြောင်းကြားသလို ဥသြကလည်း မန္တလေးမှာရှိတဲ့ သူ့အမကို



ဖုန်းဆက်အကြောင်းကြားပါတယ်။ မြင်းခြံထောင်မှာ ထောင်ပိုင်ကို လိုင်းဝင်ပြီးသား ဥသြက ရဲဘက်ကို အတင်းတောင်းလိုက်လို့ ထောင်က ထည့်ပေးလိုက်တာပါ။

ဥသြအိမ်က ထောင်ပိုင်ကို ငွေပေးပြီး မြင်းခြံထောင်မှ ဘာအလုပ်မှ မလုပ်ရအောင် စီစဉ်လုပ်ကိုင်ပေးထားတာကို ကျွန်တော်လည်း သိထားပါတယ်။ အခုရဲဘက်လိုက်မယ်ဆိုတာက သူထွက်ပြေးဖို့ပါ။ ဒါကို သိတဲ့ မန္တလေးက သူ့အစ်မက မန္တလေးထောင်မှာ ကြိုတင်ငွေပေးပြီး သူ့မောင်ရဲ ဘက်လိုက်လို့မရအောင် စီစဉ်ထားပြီး သူ့ကို ကျန်းမာရေးအကြောင်းပြကာ ထားခဲ့မယ်ဆိုတဲ့အကြောင်းကို ဥသြ(ခ)လင်းအောင်ခန့်က သူကိုယ်တိုင် ပြောပြသွားပါတယ်။ ဥသြကို(အက်စ်မာ) ပန်းနာရင်ကြပ် ရောဂါနဲ့ထားခဲ့ပါတယ်။

မန္တလေးထောင်က ထောင်ကျရုံးကိုင်တဲ့ ထောင်မှူးကြီးဦးကျော်စိန်ဝင်းက စီစဉ်ဆောင်ရွက်လို့ ဂွင်ထဲကနေ ကျန်းမာရေးအကြောင်းပြက ဇယားစွဲ ပေးလိုက်တဲ့အတွက် ငွေဘယ်နှသိန်းရတယ်ဆိုတာတော့ မသိပါဘူး။ ကောင်းကောင်းရလို့ လုပ်ပေးလိုက်တာတော့ သေချာပါတယ်။ (၅-၂-၂၀၁၃) ရက်နေ့တွင် မြင်းခြံထောင်မှ ရဲဘက်(၂၀)ယောက် မန္တလေးထောင်တွင် ခဏဝင်နားစဉ် ထောင်ဝင်အမှတ် မကန /၁၂/၀၀၅၇၆/က လင်းအောင် ခန့်(ခ)ဥသြ (ဘ)ဦးထွန်းရင်၊ ပုဒ်မ မူးယစ်မှု၊ လက်နက်မှု၊ အချုပ်ဖောက်မှု၊ မီးရှို့မှုဖြင့် (၁၈)နှစ်ကျသူသည် မန္တလေးထောင်တွင် ပန်းနာရင်ကျပ်ရောဂါ အကြောင်းပြကာ ကျန်နေခဲ့ပါသည်။ လင်းအောင်ခန့်ကိုယ် စား မန္တလေး ထောင်မှ ထောင်ဝင်အမှတ် မတလ/၁၂/၀၁၄၀၈/က ဝဏ္ဏအောင် (ဘ) ဦးဘချို ပုဒ်မ (၃၇၉)ပြစ်ဒဏ် (၁)နှစ်ကျသူ မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်၊ ဖလံဗိုလ်ရွာမှ ထောင်ကျသူအား အစားထိုး၍ မြင်းခြံထောင်ရဲဘက်စာရင်း ထဲသို့ ပြောင်းထည့်ပေးလိုက်ပါသည်။ ထိုဝဏ္ဏအောင်ဆိုသူသည် နေ့ချို စိုက်ပျိုးရေးစခန်း ဟိုခိုစခန်းတွင် ကျွန်တော်နှင့်အတူ တစ်ခန်းတည်းနေထိုင် ပြီး လွတ်ရက်စေ့သဖြင့် ကျွန်တော်တို့ အရှေ့မှာပင် လွတ်မြောက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဓိကရေးချင်တာက ငွေပေးရင် ဒီလိုတွေလုပ်ပြီး လုပ်စားနေတယ်ဆိုတာကို အများပြည်သူတွေ သိစေချင်တာပါ။ (၅-၂-၂၀၁၃) ရက်နေ့ ညနေမှာ မန္တလေးထောင်ရောက်ပြီး (၅)ရက်၊ (၆)ရက်၊ (၇)ရက် သုံးရက်အိပ်ပြီး (၈)ရက်နေ့ နံနက်(၃)နာရီမှာ ကျွန်တော်တို့ မြင်းခြံရဲဘက်၊ ညောင်ဦးရဲဘက်၊ မန္တလေးရဲဘက်တွေ အားလုံး အိပ်ဆောင်အတွင်းကနေ ကိုယ့်အိပ်ယာလိပ်၊ ကိုယ့်အထုပ်ကိုယ် ဆွဲလို့ မန္တလေး ထောင်မိန်းဂျေးကွင်းထဲမှာ ထိုင်ပြီး ထမင်းထုပ်တွေယူကာ ဆောင်းတွင်းကြီး ချွေးပြန် နေကြပါတယ်။ နောင်ချို ကော်ဖီစိုက်ပျိုးရေးစခန်းဆိုတာကလည်း နာမည်ကြီးစခန်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ရင်ထဲမှာ ပူနေကြပါတယ်။ နံနက်လေးနာရီခွဲခန့်မှာ ကျွန်တော်တို့ရဲဘက်တွေအားလုံး နာမည်စာရင်းခေါ်ပြီး ငါးယောက်တစ်တွဲတန်းစီကာ အဖွဲ့လိုက် ဗူးတံခါးအတွင်းဝင်ပြီး ထောင်အပြင်က ကားတွေပေါ်ကို တက်ကြရပါတယ်။ ကျွန်တော်တို့ရဲဘက်အင်အား (၁၅၀)လား၊ (၂၀၀)လားဆိုတာကတော့ မမှတ်မိတော့ပါဘူး။

မန္တလေးထောင်ကနေ မန္တလေးဘူတာကြီးကို ကားနဲ့သွားကြရပြီး မန္တလေးဘူတာရောက်တဲ့အခါ ကားပေါ်ကဆင်းလို့ နှစ်ယောက်တစ်တွဲ ခတ်ထားတဲ့ဒေါက် ခြေချင်းနဲ့အိပ်ယာလိပ်နဲ့အထုပ်တွေနဲ့ တော်တော်ကို သွားလာရတာ ခက်ခဲပါတယ်။ ရထားတွဲပေါ်ရောက်မှာပဲ နေရတာ အဆင်ပြေပါတော့တယ်။

မိုးမလင်းခင်မှာပဲ ရထားစတင်ထွက်ခွာတာကို သိရပါတယ်။ ရထားတွဲက ရိုးရိုးလူစီးတွဲဆိုပေမယ့် ပြတင်းပေါက်တံခါးတွေ ပိတ်ထားတဲ့အတွက် မှောင်နေပြီး မီးလည်း မလင်းတဲ့အတွက် အမှောင်ထဲမှာပဲ ထိုင်ရင်း ကိုယ့်ဘဝကို တွေးနေရပါတယ်။ နောင်ချိုစခန်းက နာမည်ကြီးပေမယ့် ခေတ်ပြောင်းသွားတဲ့အတွက် အရင်လို မဆိုးလောက်ပါဘူးလို့ ဖြည့်တွေးရင်း ကျွန်တော်လည်း ထောင်သက်(၁၆)နှစ် (၄)လရှိပြီ ဖြစ်တဲ့အတွက် သိပ်ပြီး အခက်အခဲ မဖြစ်နိုင်ဘူးလို့ ထင်မိပါတယ်။ အဖြေကလည်း မကြာခင်ပေါ်တော့မှာပါ။ တစ်မနက်လုံး မီးရထားပေါ်မှာ နေရပေမယ့် ဘာမှထူးခြားမှု မရှိတော့အတွက် မရေးတော့ပါဘူး။ နေ့လယ်ပိုင်း (၁၂)နာရီလောက်မှာ



နောင်ချို မြို့နယ်က ဆမ္ပဆယ်ရွာဖြစ်တဲ့ ဆမ္ပဆယ်ဘူတာမှာ ရထားရပ်ပြီး ကျွန်တော်တို့ရဲ ဘက်တွေ အကုန်လုံး ရထားပေါ်ကဆင်းပြီဆိုတာနဲ့ ဒီမိုကရေစီခေတ်မှာ အရင်ခေတ်လို အခြေအနေမဆိုးလောက်ပါဘူးလို့ ထင်ထားတဲ့ကျွန်တော်တို့အတွေးဟာ လုံးဝမှားတယ်ဆိုတာ ချက်ချင်းအဖြေပေါ်သွားပါတယ်။

ဒေါက်ကို ခြေချင်းအဖြစ် နှစ်ယောက်တစ်တွဲခပ်ထားလို့သွားရတာ ဘယ်လိုမှ အဆင်မပြေပါဘူးဆိုမှ ပခုံးပေါ်မှာ အိပ်ယာလိပ်ကို ထမ်းပြီး လက်တစ်ဖက်က အထုပ်ဆွဲလို့ မနိုင်မနင်းနဲ့ လမ်းလျှောက်ရခက်နေချိန်မှာ ကျွန်တော်တို့ရောက်မယ့် ဟိုခိုစခန်းက လာကြိုတဲ့ထောင်မှူးဝန်ထမ်း ရဲဘက်ကြီးဆိုသူတွေက ဒီလိုစတင်ကြိုဆိုနှုတ်ဆက်ကြပါတယ်။ ငါ(-းမ)သားတွေ မြန်မြန်လျှောက် မအေ(-း)တွေ မင်းအမေ (-း)သလို လျှောက်နေတာလား ရိုက်ခွဲပစ်ကွာ ရိုက်ချိုးပစ်ကွာ ထိုင်စမ်း ခေါင်းတွေငုံ့ထား ထောင်တဲ့ ခေါင်းကို ခွဲပစ်ကွာ၊ ရိုက်ပစ်ကွာဆိုတဲ့အသံမျိုးစုံနဲ့ တုတ်ကိုယ်စီနဲ့ တချို့ကို ရိုက်နေရင်း ဆူညံစွာအော်ဟစ်လို့ အရှင်လတ်လတ် ငရဲပြည်ကို ရောက်သွားသလို အဖြစ်မျိုးနဲ့ စတင်ကြုံရပါပြီ။

(၁၉၈၄)ခုနှစ်မှာ တစ်ကြိမ် (၁၉၉၀)ခုနှစ်မှာတစ်ကြိမ် ရဲဘက်ထွက်ဖူးပေမယ့် ဒီလို ရိုင်းစိုင်းကြမ်းတမ်းတဲ့ပြောဆိုမှုမျိုးကို မကြုံခဲ့မတွေ့ခဲ့ပါဘူး။ ဒီခေတ်ကျမှ ဒါမျိုးပြောဆိုမှုတွေ ကြုံလိုက်ရတော့ အံ့သြပြီး ထူးဆန်းနေပါတယ်။ ကျွန်တော်တို့ကို ထောင်မှူး၊ ဝန်ထမ်း၊ ရဲဘက်ကြီးဆိုသူတွေ အော်ဟစ်ဆဲဆို ရိုက်နှက်နေတဲ့နေရာဟာ အများပြည်သူတွေများစွာ ဝိုင်းအုံကြည့်နေတဲ့နေရာဖြစ်ပြီး လူနေကျေးရွာတစ်ခုပါ။ ဒီပုံစံအဖြစ်အပျက်ကို ပုံဖော်ဖန်တီးတဲ့ အဲဒီက ထောင်မှူးဝန်ထမ်းကို အံ့သြသလို ရထားဘူတာနားမှာ နေထိုင်ကြတဲ့တိုင်းရင်းသား လူမျိုးတွေကလည်း ဒီလိုမြင်ကွင်းမျိုး မြင်နေရတာတောင်မှ ဘာမှစိတ်ခံစားမှုမရှိတာကို စဉ်းစားလို့မရနိုင်ပါဘူး။ တကယ်လို့သာ ရန်ကုန်၊ မန္တလေးလိုနေရာမျိုးမှာသာ ဒီလိုအဖြစ်မျိုး မတရားမှုမျိုးတွေသာ တွေ့ခဲ့ကြရင် အနည်းဆုံးဓာတ်ပုံရိုက်ပြီး ဗွီဒီယိုရိုက်ပြီး အင်တာနက်ပေါ်တင်လိုက်မှာ သေချာပါတယ်။ အဲဒီလိုနေရာမျိုးမှာ နေထိုင်


www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးသားမှုပဲပြောပြော အမြင်ကျဉ်းမြောင်းမှုပဲဆိုဆို ကျွန်တော့်အမြင်ကတော့ ဒီခေတ်ဒီအခါမှာ ကိုယ့်ရှေ့မှာ ဒီလောက် လူမဆန်စွာ ဆဲဆိုရိုက်နှက်နေတာကို ဒီအတိုင်းကြည့်ပြီး နေနိုင်တာကို အရမ်းအံ့ဩပါတယ်။ သူတို့ကြည့်ရတာ ဒီလိုမြင်ကွင်းမျိုး မကြာခဏမြင်တွေ့နေရတဲ့အတွက် ဘာမှမထူးဆန်းတော့သလို ဖြစ်နေကြတာကို နောက်ပိုင်းကျမှ ကျွန်တော်နားလည်ပါတော့တယ်။

■ ■ ■



## ဟိုနိ

မြင်းခြံရဲဘက်(၂၀)ယောက်၊ ညောင်ဦးရဲဘက် (၃၀)ကျော်၊ မန္တလေး ရဲဘက် မမှတ်မိ၊ ဆမွဆယ်ဘူတာမှာ ရထားပေါ်က ဆင်းတာနဲ့ ရိုက်နှက်၊ ဆဲဆိုအော်ဟစ်နေတာနဲ့ ကိုယ့်သွားရမယ့် ရဲဘက်စခန်းရဲ့ ထူးပေါ်ကို တက်လို့ ခေါင်းငုံ့ထိုင်နေရင်း၊ မန္တလေးထောင်က ကိုယ်နဲ့ရင်းနှီးပတ်သက်ရာ

www.burmeseclassic.com

www.burmeseclassic.com



သူတွေတောင် ဘယ်စခန်းပါလို့ ပါမှန်းမသိတော့ပါဘူး။ နောင်ချိုမြို့နယ် ကော်ဖီစိုက်ပျိုးရေးနဲ့ မွေးမြူရေးစခန်းကို ခေါင်းစဉ်တပ်ထားပေမယ့် ကျွန်တော်သိသလောက်ကတော့ ကြူအင်းစခန်း၊ ဟိုခိုစခန်း၊ လွှင်ကြီးစခန်း၊ ကောင်းဆာစခန်းဆိုတဲ့ စခန်းကြီးလေးခုရှိပြီး လက်ခွဲစခန်းငယ်လေးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့မြင်းခြံထောင်က ရဲဘက်(၂၀)ကတော့ ဟိုခိုစခန်းကို သွားရပါမယ်လို့ သတင်းကြားပါတယ်။ ကားမထွက်ခင်က တည်းက ခေါင်းငုံ့နေရတာက ကားထွက်တော့လည်း ခေါင်းမထောင်ရပါဘူး။ ကျွန်တော်တို့ ကားကြမ်းခင်းပေါ်မှာ ထိုင်လို့ ခေါင်းငုံ့ထားရပြီး ဝန်ထမ်းနဲ့ ရဲဘက်ကြီးတွေက ကျွန်တော်တို့ခေါင်းပေါ်မှာ တုတ်သံတွေ တဝီဝီပေးရင်း ရိုက်လိုက်ဆဲဆိုလိုက် ဟောက်လိုက်နဲ့ ခန့်မှန်းခြေ မိနစ်လေးဆယ်ကျော်ကြာတဲ့ အချိန်မှာ ကားရပ်သွားပြီး ဆင်းကြရပါတယ်။ နောင်ချိုမြို့နယ်ကော်ဖီစိုက်ပျိုးရေးနဲ့ မွေးမြူရေးစခန်း ဟိုခိုစခန်းလို့ ခေါင်းစဉ်တပ်ထားတဲ့ အဆောက်အဦးလေးလုံး၊ သံဆူးကြိုး နှစ်ထပ်ခတ်ထားတဲ့ ရဲဘက်စခန်းအတွင်းကိုဝင်လို့ တန်းစီတန်းထိုင်နေရပါတယ်။ ဝန်ထမ်းတွေ ရဲဘက်ကြီးဆိုသူတွေက အိပ်ယာလိပ်တွေ အစားအသောက်အထုပ်တွေကို ပြောင်းဆန်အောင် ရှာဖွေရင်း ကျွန်တော်တို့ကို ဖြုနေပါတယ်။ အခုကြုံတွေ့ရတဲ့ အဖြစ်အပျက်မြင်ကွင်းတွေကို ကြည့်ပြီး ဒီရဲဘက်စခန်းကတော့ အရင်ခေတ်ဟောင်းမှာပဲ ရှိနေသေးတယ်။ ဒီမိုကရေစီမရသေးဘူးလို့ ကျွန်တော် သတ်မှတ်လိုက်ပါတယ်။

(၈-၂-၂၀၁၃)ရက်နေ့ နေ့လယ်(၁)နာရီခန့်မှာ ကျွန်တော်တို့ ဟိုခိုစခန်းကို ရောက်ရှိပြီး နှစ်ယောက်တွဲခတ်ထားတဲ့ ဒေါက်ခြေချင်းခတ်တွေကို ဖြုတ်လို့ တစ်ယောက်ချင်း ခြေချင်းပြန်ခတ်ပါတယ်။ ကျွန်တော့်ကို အိပ်ဆောင်(၄)မှာ နေဖို့အတွက် နေရာချထားပေးပြီး လောလောဆယ် ဘယ်တပ်ခွဲမှာ အလုပ်လုပ်ရမယ်ဆိုတာ မသိရသေးပါဘူး။ အိပ်ဆောင်(၄) အဆောင်မှူးလုပ်သူက မန္တလေးသားစူပါဆိုသူဖြစ်ပြီး မူးယစ်မှုနဲ့ ထောင်ကျကာ ရှေ့တန်းတပ်ခွဲမှာလည်း အကျဉ်းသားတပ်ခွဲမှူး လုပ်တယ်လို့ သိရပါတယ်။ မန္တလေးထောင်မှာ ကျွန်တော်နဲ့ မျက်မှန်းတန်းမိတဲ့ သိန်းဝင်း



ဆိုသူက အမှတ်(၁)အိပ်ဆောင်အဆောင်မှူးဖြစ်ပြီး ရှေ့တန်းတပ်ခွဲ (၆)မှာ အကျဉ်းသား တပ်ခွဲမှူးဖြစ်တယ်လို့ သိရပါတယ်။ သိန်းဝင်းက ကျွန်တော်ကို လာရောက်နှုတ်ဆက်ပြီး သူ့အိပ်ဆောင်ကို ပြောင်းလာဖို့နဲ့ သူ့တပ်ခွဲမှာ နေဖို့အတွက် စည်းရုံးပြောဆိုပါတယ်။ ကျွန်တော်လည်း ဒီစခန်းမှာ ဘယ်သူမှ ရင်းနှီးပတ်သက်မှုမရှိဘူးဆိုတော့ မင်းကြည့်လုပ်လိုက်လို့ ပြန်ပြောလိုက်ပါတယ်။ ရဲဘက်စခန်းရောက်ပြီး သုံးရက်မြောက်တဲ့နေ့ ညနေပိုင်းမှာ ကျွန်တော်တို့ မြင်းခြံထောင်ရဲဘက်ထွက်လာသူတွေနဲ့ သီပေါထောင်က ရဲဘက်ထွက်လာသူတွေကို ဝရမ်းနဲ့ လူတိုက်စစ်ဖို့အတွက် အကျႌတွေချွတ်ပြီး ငါးယောက်တန်း ရှေ့နောက်တန်းစီ ထိုင်နေကြရပါတယ်။ ကျွန်တော် အလှည့်ရောက်လာတဲ့အခါ ပုံစံရပ်လို့ ထောင်နံပတ်၊ အမည်၊ အဖေနာမည်၊ ပုဒ်မ၊ ကျနှစ်စတာတွေကို ပြောရတဲ့အခါ ထောင်ဒဏ်(၅၈)နှစ်လို့ ပြောလိုက်တော့ ထောင်ပိုင်က မော့ကြည့်လိုက်ပါတယ်။ သူ့တပည့်အကျဉ်းသားက ထောင်ပိုင်ကို ဒီလိုပြောပါတယ်။ မြင်းခြံထောင် ပိုင်ဦးတင်မောင်ထွန်းက (လက်ဆင်)ပေးလိုက်တာလို့ ပြောတာကို ကျွန်တော်နားနဲ့ ကြားလိုက်ပါတယ်။ မြင်းခြံထောင်ပိုင်က ရဲဘက်ထည့်ပေးလိုက်တာတောင် မှာတမ်းလေးတွေနဲ့ ကျွန်တော့်ကို ဒုက္ခပေးလိုက်တယ်ဆိုတာ တိတိကျကျသိရပါပြီ။

(၁၁-၂-၂၀၁၃)ရက်နေ့ မနက်ပိုင်းမှာ ရဲဘက်သစ်တွေကို ဒုစခန်းတာဝန်ခံထောင် မှူးကြီးက စကားပြောမယ်ဆိုလို့ ကျွန်တော်တို့မြင်းခြံအုပ်စု၊ သီပေါအုပ်စုနှစ်စုလုံး ဆူးကြိုးဝင်းထဲမှာ တန်းထိုင်နေရပါတယ်။ ခဏကြာတော့ ထောင်မှူးကြီးဆိုသူ ရောက်လာပြီး ကျွန်တော်တို့ရဲဘက်လူသစ်အဖွဲ့ကို ကိစ္စရှိရင် ပြောစရာရှိရင် သူကိုတိုက် ရိုက်ပြောနိုင်ကြောင်း ပြောပါတယ်။ (လိုင်းဝင်ချင်ရင် လာပါလို့)ပြောတယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ မြင်းခြံထောင်က နှစ်ယောက်ဘယ်မှာလဲလို့ မေးပါတယ်။ ကျွန်တော်နဲ့ နေအိပ်ထပ်တစ်ယောက်ကို ရုံးမှာ နေတဲ့ဇော်မိုးအောင်ဆိုတဲ့သူက လက်ညှိုးထိုးပြီး ပြပါတယ်။ ထောင်မှူးကြီး ဦးတင်မောင်ထွန်း အချစ်တော်တွေလို့ ပြောပြီး ပြန်သွားပါတယ်။ အဖြေက ရှင်းပါတယ်။ မြင်းခြံထောင်ပိုင်က သူ မကောင်းတာလုပ်တာ လုပါးဝတာ လာဘ်စားတာတွေကို ကျွန်တော်က တိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ရဲဘက်ထည့် လိုက်ရုံမက ကျွန်တော်ကို ဒုက္ခထပ်ပေးဖို့အတွက် ဖုန်းဆက်ပြီးပြောသလား၊ စာရေးပြီး ဝရမ်းမှာ ညှပ်ပေးလိုက်သလားဆိုတာ တော့ သူတို့ပဲ သိမှာပါ။

ကျွန်တော့်လိုအဖြစ်မျိုးတွေ ထောင်တွေ၊ ရဲဘက်တွေမှာ အနည်းအကျဉ်းရှိပါတယ်။ သူတို့က ကိုယ်လည်း မကောင်းတာမဟုတ်တာ လုပ်သေးတယ်။ လူကောင်းယောင်ဆောင်ပြီး သူတော်ကောင်းအဖြစ်လည်း နေပြချင်သေးတယ်။ အကြောင်းမသိတဲ့ အပြင်လောကက သူတွေကတော့ ဝတ်ထားတဲ့ ယူနီဖောင်းနဲ့ရာထူးကို ကြည့်ပြီး အစိုးရဝန်ထမ်းအရာရှိကြီး လူကောင်းကြီးပေ့။ သူတို့လိုလူမျိုးတွေအကြောင်း အတွင်းကျကျသိရင် ရွံလို့ စကားတောင်ပြောချင်မှာ မဟုတ်ပါဘူး။

ဟိုခိုရဲဘက်စခန်းရောက်ပြီး ငါးရက်မြောက်နေ့မှာ ရဲဘက်အသစ်တွေ အကုန်တန်းစီမယ်လို့ အော်လိုက်တဲ့အတွက် ကျွန်တော်တို့အားလုံး တန်းစီကြပါတယ်။ ထောင်မှူးကြီးဆိုသူက စာရွက်ကိုင်ပြီး ရဲဘက်တွေကို အမည်စာရင်းခေါ်လို့ တပ်ခွဲတွေထဲကို ရဲဘက်သစ်တွေ ထည့်လို့ပေးပါတယ်။ သီပေါ၊ မြင်းခြံနှစ်ထောင်ပေါင်း အင်အားငါးဆယ်လောက်ကို တပ်ခွဲ(၇)ခွဲမှာ ထည့်ပါတယ်။ ကျွန်တော်ကတော့ တိုင်ပင်ယူထားတဲ့တိုင်း တပ်ခွဲ(၆)မှာ ပါသွားပါတယ်။ ခဏနေတော့ စခန်းအတွင်းထဲကနေ တပ်ခွဲတွေ တစ်ခွဲပြီး တစ်ခွဲအပြင်ကို ထွက်သွားကြပါတယ်။ ထိုအချိန်က မိမိတို့တပ်ခွဲမှူးရဲ့ နေအိမ်မှာထားတဲ့ ရှေ့တန်းလုပ်ငန်းသုံး ပလပ်စတစ်သောက်ရေပုံးခြောက်ပုံး၊ ပေါက်တူး၊ ဓားစတဲ့ ပစ္စည်းတွေယူပြီးမှ မိမိတို့တပ်ခွဲ ယနေ့လုပ်ရမယ့် လုပ်ကွက်ကို သွားကြရပါတယ်။ (၂၀၁၃)ခုနှစ် (၂)လပိုင်းထဲမှာဆိုတော့ တချို့တပ်ခွဲတွေက ကြံခုတ်၊ ကြံခွာ၊ ကြံစည်း၊ ကြံထမ်းလို့ ကားပေါ်တင်ရပြီး ကျွန်တော်တို့တပ်ခွဲ (၆)ကတော့ ကြံခုတ်ပြီးလို့ ကြံရွက်တွေ မခြောက်တခြောက်ဖြစ်နေချိန်မှာ မီးရှို့လို့ ကျန်နေတဲ့ကြံရိုးတွေကို မြောင်းလိုက်လှူခဲ့ပြီး အမြန်လိုက်ကောက်ရပါတယ်။ ရှမ်းပြည်နယ် ရာသီဥတုကလည်း မနက်စောစော အရမ်းအေးပေမယ့် ကိုးနာရီလောက်ကစပြီး တစ်နေကုန် အရမ်းကို ပူပါတယ်။ ထောင်ထဲမှာ (၁၆)နှစ်လောက်နေလာခဲ့တဲ့ အတွက်



ခန္ဓာကိုယ်အရမ်းထိုင်းမှိုင်းပြီး အရမ်းမောလို့ နေပါတယ်။ ဒီစခန်းမျိုးမှာ လက်ရှိ ကျွန်တော်တို့လုပ်ရတဲ့အလုပ်ဟာ အသက်သာဆုံး အလုပ်ဖြစ်ပေမယ့် နေပူထဲမှာ ဆက်တိုက်ကြံချောင်းမီးလောင်ထားတဲ့ အတိုလေးတွေကို လိုက်လံကောက်နေရတာတောင်မှ ရေရှည်မလုပ်နိုင်ပါဘူး။ အသက်အရွယ် အရလည်းကောင်း၊ အလေ့အကျင့်မရှိ၍လည်းကောင်း ထိုသက်သာသော အလုပ်သည်ပင် ကျွန်တော့်အတွက် အလွန်ပင်ပန်းနေပါသည်။ ယနေ့ ကျွန်တော် တို့အလုပ်လုပ်ရသော လုပ်ကွက်များ ကျွန်တော်တို့နေသော ရဲဘက်စခန်းနှင့် တစ်မိုင်မျှ ဝေးသောနေရာတွင် သွား၍ လုပ်နေရသော် လည်း ကျွန်တော်တို့လူသစ်ရဲဘက်များအတွက် အလွန်ဝေးလှသည်ဟု ထင်မိပါသည်။ နံနက်(၁၁)နာရီကျော်တွင် အလုပ်သိမ်း၍ စခန်းသို့ပြန် လာပြီး စခန်းတွင် တပ်ခွဲများ စုံသည်နှင့်ထမင်းတန်း စီမယ်ဟော့လို့ဆိုသည် တွင် မိမိထမင်းခွက်ကို မိမိစွဲ၍ နေပူထဲမှာ အိပ်ဆောင်အလိုက် သုံးယောက် တန်း ရှေ့နောက် တန်းစီရပါသည်။ အိပ်ဆောင်အတွင်းရှိသူများ အကုန် ထွက်၍ တန်းစီရပါသည်။ လူစုံချိန်တွင် အိပ်ဆောင်မှူးတစ်ယောက်မှ တန်းထဟုဆို၍ ထိုင်လျက် တန်းစီနေရာမှ ထရပါသည်။ (ထမင်းစားသစ္စာ ဆိုဟု) အိပ်ဆောင်မှူးပြောသည်တွင် ကျွန်တော်တို့ရဲဘက် များအားလုံးမှ (ငါတို့သည် နိုင်ငံတော်မှ ကျွေးသောထမင်းနှင့် ဟင်းလျာများကို စားသုံး ရသည့်အတွက် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါသည်) ဟူ၍ သစ္စာဆိုပြီး အလှည့်ကျအဆောင်အလိုက် ရှေ့နောက်တန်းစီပြီး ထမင်းထိုးရပါသည်။ ထမင်းထိုးပြီးသည်နှင့် တပြိုင်နက် အိပ်ဆောင်များ အတွင်းသို့ ပြန်ဝင်လာရပြီး ထမင်းစားကြရပါသည်။ ရှေ့တန်းလိုက်သည့် ပထမနေ့ဖြစ်သောကြောင့် ထမင်းလုံးဝစား၍ မဝင်ပါ။ နေ့လယ် (၁၂)နာရီခန့် တွင် ထမင်းစားပြီးကြပြီး တမှေးမှေးကြပါသည်။ နေ့လယ်ခင်း (၁)နာရီတွင် ခရာမှုတ်သဖြင့် ရှေ့တန်းထွက်ရန် အဆောင်တွင်းမှ ထွက်ပြီး ဆူးကြိုးဝင်း အတွင်း တပ်ခွဲလိုက် တန်းစီထိုင်ရပါသည်။ တပ်ခွဲကြပ်မှ ညနေခါးတွင် လက်မှတ်ထိုး၍ တပ်ခွဲကို အပြင်သို့ထုတ်ပြီး ထောင်မှူးအိမ်သို့ ခေါ်သွားပါ သည်။ ခွဲထောင်မှူးအိမ်မှာ သောက်ရေပုံးနှင့် ရှေ့တန်းတွင်သုံးရန် အခြား

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းသုံးပစ္စည်းများ တစ်ဖန်ပြန်ယူပြီး ဆက်လက်၍ ရှေ့တန်းလုပ်ငန်းခွင်သို့ သွားရပြန်ပါသည်။ အကျဉ်းသားများရှေ့တွင် ဝန်ထမ်းတစ်ယောက်မှ ဦးဆောင်သွားပြီး တပ်ခွဲရဲဘက်များ၏ ရှေ့နောက်ဘေးဘယ်ညာတို့တွင် အကျဉ်းသားတပ်ခွဲမှူးနှင့် တပ်စိတ်မှူးဆိုသူများက သစ်သားတုတ်၊ ဝါးဆစ်ပိတ်တုတ်ကိုယ်စီနဲ့ ဆူလိုက်ဆဲလိုက် ရိုက်လိုက်နှင့် နွားအုပ်မောင်းသလို ကျပ်လုံးခန့်ရှိ တုတ်များကို တဝီဝီအသံပေးရင်း ခြောက်လှန့်ကာ မြန်မြန်လမ်းလျှောက်ခိုင်းပါတယ်။ ကျွန်တော်တို့ ရဲဘက်များမှာ ငါးယောက်တန်းဘယ်ညာလက်ချင်းချိတ်ကာ တံတောင်များကို ကွေးထားရပြီး လမ်းလျှောက်နေသော်လည်း ခန္ဓာကိုယ်များက လင်မယားထက်ကို ပူးကပ်ပွတ်သပ်ကာ သွားကြရပါတယ်။ အလုပ်လုပ်မယ်နေရာရောက်လို့ တစ်မိုင်ခန့်သာ လမ်းလျှောက်လာခဲ့ရပေမယ့် တိရစ္ဆာန်တွေလိုလာရတဲ့အတွက် လျှာထွက်နေပါပြီ။ ရှမ်းပြည်နယ်ရဲ့နေ့လယ်ခင်း နေပူဒဏ်ကို ဘယ်လိုမှ မခံနိုင်ပါဘူး။ ဖုန်တွေပေပြီး မောဟိုက်နေတဲ့ ကျွန်တော်တို့ ရဲဘက်သစ်ကို ဝန်ထမ်းအကျဉ်းသား တပ်ခွဲမှူးတပ်စိတ်မှူး စတဲ့သူတွေက ဒီလိုပြောပါတယ်။ မင်းတို့ အခုမှ အစပဲရှိသေးတယ်။ စခန်းနဲ့ နီးနီးလေးလာရသလို ပင်ပင်ပန်းပန်းလည်း မင်းတို့ မလုပ်ရသေးဘူး။ နောက်ကို ဒီထက်ပိုဝေးတဲ့နေရာ ဒီထက်အများကြီး ပင်ပန်းတဲ့အလုပ် မင်းတို့လုပ်ကြရဦးမှာဆိုပြီး ဒီလိုအမောမပြေအမောဆို့စေမယ့်စကားလေးတွေနဲ့ နှိပ်စက်ပါတယ်။ နေ့လယ်နေပူပူထဲမှာ မီးလောင်ထားတဲ့ ကြံခြောင်းတွေကို အဆက်မပြတ်ကောက်ရင်း ပြာမှုန့်တွေ တစ်ကိုယ်လုံး ပေကျံလို့ မည်းတူးနေပါတယ်။ ကျွန်တော့်ကို တပ်ခွဲ(၆)ကို လာဖို့စည်းရုံးတဲ့ အကျဉ်းသား တပ်ခွဲမှူးသိန်းဝင်းကို ကျွန်တော်က အလုပ်လုပ်နေရင်း မေးလိုက်ပါတယ်။ သိန်းဝင်းလို ထောင်မှူးတွေနဲ့ သွားစကားပြောမယ် ဖြစ်မလားလို့ပြောတော့ သိန်းဝင်းက ရပါတယ်လို့ ကျွန်တော်အလုပ်ခွင်ထဲက သစ်ပင်ရိပ်မှာ ခုံနဲ့ထိုင်နေတဲ့(ယခုခေတ်အခေါ်) (ဒုကြီးကြပ်ရေးမှူး)ထောင်မှူးကို သွားတွေ့ပြီးဆရာ၊ ကျွန်တော်ပင်ပန်းနေပြီဆရာ ကျွန်တော့်ကို ဘယ်လိုစီစဉ်ပေးမှာလဲလို့ မေးလိုက်ပါတယ်။ ထောင်မှူးက ကျွန်တော်ထောင်ထဲမှာ (၁၆)နှစ်ကျော်ပြီဆိုတာသိသလို သိန်းဝင်းက ပြော



လို့ ကျွန်တော်အိမ်ကလာရင် လိုင်းဝင်မယ်ဆိုတာလဲ သိထားတဲ့အတွက် ကျွန်တော့်ကို ခင်ဗျား လုပ်နိုင်သလောက်လုပ်ပါ။ ခင်ဗျားကို နောက်ကျရင် ရေနွေးတည်အဖွဲ့မှာ လုံခြုံရေးလုပ်ခိုင်းဖို့ ကျွန်တော် စီစဉ်ထားပါတယ်လို့ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်လို ရဲဘက်သစ်တစ်ယောက်ကို ကောင်းကောင်းမွန်မွန်ပြောတဲ့အတွက် ကျွန်တော်လည်း ပြန်လာပြီး အလုပ်ဆက်လုပ်နေပါတယ်။ ရောက်ခါစမှာတော့ ကိုယ်ဖြစ်ချင်တာကို ချက်ချင်းဖြစ်မှာမဟုတ်ဘူးဆိုတာ သိထားတဲ့အတွက် အချိန်အတိုင်းအတာတစ်ခုထိ ဒုက္ခခံစောင့်ရမယ်ဆိုတာတွေးရင်း ကြံခြောင်းတွေ ဆက်တိုက် ကောက်လိုက်ပါတယ်။ ညနေ (၄)နာရီ (၃၀)မိနစ်မှာ အလုပ်သိမ်းလို့ ပြန်လာရပြီး စခန်းရဲ့အနောက်ဘက်မှာ ရှိတဲ့ရေကန်ကြီးမှာ ရေချိုးချပါတယ်။ စခန်းရောက်ထဲက ရေမချိုးရတာ ငါးရက်ရှိပြီးမို့ ရေချိုးချင်ဇောနဲ့ ရေကန်ထဲ ဆင်းလိုက်တာ ချက်ချင်းပြန် တက်လာရပါတယ်။ ရှမ်းပြည်ရဲ့ဆောင်းတွင်းရေက အေးလွန်းလို့ပါ။ မချိုးရင်လည်း တစ်ကိုယ်လုံး နံစော်ပေကျံလို့ ရေထဲကို အမြန်ဆင်းပြီး အမြန်ပြန်တက်ရပါတယ်။ ဆပ်ပြာတိုက်ဖို့နေနေသာသာ ချေးတောင် မတွန်းနိုင်ပါဘူး။ ခန္ဓာကိုယ်ကို ရေစိုရုံပဲ ချိုးလိုက်ရပါတယ်။

ဆယ်မိနစ်ခန့် ရေချိုးချပြီး တပ်ခွဲ(၆)တက်မယ်ဟော့လို့ အော်လိုက်တာနဲ့ အမြန်တက်ပြီး တန်းစီရပါတယ်။ ငါးယောက်တွဲ ရှေ့နောက်တိုင်ပြီး လူစစ်ပါတယ်။ နောက်ဆုံးကျန်တဲ့ နောက်ကျတဲ့သူသုံးယောက်ကို တစ်ခုခု လုပ်တတ်ပါတယ်။ ရိုက်ချင်ရိုက်မယ်၊ ဒါမှမဟုတ် မှတ်ထားပါတယ်။ ရေချိုးပြီး ရေစိုတွေနဲ့ပဲ တန်းစီထွက်ခွာကာ တပ်ခွဲကြပ်ရောင်းတဲ့ ဈေးဆိုင်ကိုဖြစ်စေ တပ်ခွဲထောင်မှူးရောင်းတဲ့ဈေးဆိုင်ကိုဖြစ်စေ ဈေးဝယ်မယ့်သူတွေ ဝယ်လို့ရအောင် တပ်ခွဲကို ခဏထိုင်ခိုင်းပြီး ဈေးဝယ်ကြပါတယ်။ ထောင်ဝင်စာမလာနိုင်သူတွေ မရှာတတ်၊ မဖွေတတ်သူတွေကတော့ တစ်နေကုန် နွားဆို ရုန်းပြီး မသေရုံသာ စားကြရပါတယ်။ အာဟာရဖြည့်စရာ ဘာမှ ကောင်းကောင်း မစားရလို့ပါ။ ထောင်ဝင်စာလာနိုင်သူတွေကိုတော့ အကြွေးရောင်းပါတယ်။ တပ်စိတ်တပ်မှူး၊ တပ်ခွဲမှူးတွေကိုလည်း အကြွေးရောင်းပါတယ်။ သူတို့ကတော့ ဝင်ငွေရှိလို့ပါ။ ဈေးဝယ်ပြီး တပ်ခွဲလိုက်ပြန်လည်ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



ကာ စခန်းရှေ့မှာ တန်းထိုင်ရပြန်ပါတယ်။ ကိုယ့်ရှေ့အရင် ရောက်နေတဲ့ တပ်ခွဲတွေ ဗူးအတွင်းဝင်ပြီးလို့ ကိုယ့်တပ်ခွဲအလှည့်ရောက်မှ တန်းစီဝင်ရပါတယ်။ ဗူးအတွင်းမှာ တာဝန်ကျဝန်ထမ်းအကြပ် တစ်စုံတစ်ယောက်က ရှာဖွေနေပါတယ်။ အရက်တို့၊ မူးယစ်ဆေးဝါးတို့၊ လူသတ်လက်နက်တို့ကို ရှာဖွေတယ်လို့ ဆိုပါတယ်။ ဘယ်လောက်ရှာရှာ အပိုပါပဲ။ တပ်ခွဲအပြန်မှာ သူနည်းသူဟန်နဲ့ တပ်ခွဲမှူး၊ တပ်စိတ်မှူးနဲ့ ထောင်ဝင်စာ ကောင်းကောင်း လာနိုင်သူတွေက မူးနေပါပြီ။ ဖောရှောရှာဖွေရေးလုပ်ပြီး စခန်းထဲဝင်တော့မှ ရေစိုပုဆိုးကို လဲရပါတော့တယ်။ စခန်းထဲကို တပ်ခွဲတွေ အကုန်ရောက်ပြီ ဆိုတော့နဲ့ ထမင်းရိုက်မယ်ဟေ့လို့ အော်လိုက်တာနဲ့ ကိုယ့်အဆောင် အလိုက် သုံးယောက် သုံးတန်းထိုင်လို့ လူစုံရင်တန်းတစ်ခါစီ ထမင်းစား သစ္စာဆိုပြီးမှ အဆောင်လိုက်အလှည့်ကြ ထမင်းရိုက်ကာ အိပ်ဆောင် အတွင်းသို့ဝင်ပြီး တစ်ခါထဲ တန်းထိုင်ရပါတယ်။ ညနေ အဆောင်ပိတ်မှာ ဖြစ်တဲ့အတွက် လူစစ်ရမှာပါ။ အဆောင်တွေ ဘုတ်တွေအကုန်လုံး ထမင်း ရိုက်ပြီးချိန်မှာ တာဝန်မှူးတာဝန်ကြပ်နှစ်ယောက်က တစ်ဆောင်ချင်း ဝင်ရောက်လို့ လူစစ်ပါတယ်။ လူစစ်ပြီး ထောင်မှူးအကြပ်ထွက်သွားလည်း ဆက်လက်တန်းထိုင် နေရပါတယ်။ စခန်းတွင်းမှာရှိတဲ့ရဲဘက်အင်အား၊ အပြင်အိပ်ရဲဘက် အင်အားတန်းဖွင့် တန်းပိတ် လူပေါင်းမှန်ရင် လူစုံရင် သံချောင်းခေါက်ပါတယ်။ အဓိပ္ပာယ်ကလူစုံပြီတန်း ပိတ်မယ်၊ ဘုရားရှိခိုးကြလို့ ပြောတာပါပဲ။ ဘုရားရှိခိုးပြီးမှ အဆောင်မှူးလုပ်သူက ပါဝါပြပါတယ်။ သူ့အချိန် သူ့ဂွင်ပါ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ပေါ့။ တကယ်တော့ အဆောင်မှူးဆိုတာ သူ့ကို အဆောင်အတွင်းမှာ ရှိတဲ့သူတွေက ဟင်း၊ မုန့် ကော်ဖီ၊ ဆေးလိပ်၊ ကွမ်းတို့ပေးကျွေးမှုများရင် သို့မဟုတ် ထောင်ဝင်စာ လာသူတွေ ပိုက်ဆံလေးတွေ သုံးဖို့ပေးရင် အကျဉ်းသားအဆောင်မှူးဆို သူက စိတ်ကြည်လင်ပြီး တန်းတစ်ခါထဲ ဖြုတ်ပါတယ်။ တကယ်လို့ ကျွေး မွေးပေးကမ်းမှုတွေ မရှိရင်တော့ အိပ်ချိန်ပေးရင် ဘယ်ကောင်မှ ခေါင်းမ ထောင်နဲ့တို့ ချီးပါ၊ သေးပေါက်သတင်းပို့ပြီးမှ သွားတို့ အသံကျယ်ကျယ် သတင်းပို့တို့ မနက်တန်းထိုင်မယ်ဆိုတာနဲ့ ဘာကောင်မှ မလိုချင်ဘူး။



အကုန်တန်းထိုင်မယ်တို့ စည်းကမ်းမလိုက်နာရင် အရိုက်ခံရမယ်တို့ ရုံးတင်ခံရမယ်တို့ဆိုတဲ့ လူတိုင်းသိနေတဲ့အကွက်တွေကို ပုံသေသုံးရင်း စားပေါက်ကို ရှာပါတယ်။ သဘောပေါက်ပြီး ထောင်ဝင်စာကောင်းကောင်း လာနိုင်သူတွေ နားငြီးလို့စေတနာမဲ့ သွားကျွေးမွေးလိုက်ရင် သွားဖြီးပြီး ကျေးဇူးပဲ ဆိုတဲ့ တစ်ခါကျွေးရင် တစ်ခါကျေးဇူးတင်တဲ့ မျက်နှာနဲ့ လုပ်စားတာကို ကျွန်တော် မြင်တွေ့ခဲ့ပါတယ်။ တန်းဖြုတ်ထမင်းစားပြီးလို့ ဗီဒီယိုကြည့်ချိန်မှာတော့ တချို့ကအင်္ဂလိပ်ကား ဗမာကားပဲကြည့်မယ်ဆိုပြီး ငြင်းခုန်နေကြတာကို တွေ့ရတယ်။ အဆောင်မှူးလုပ်သူက ဒီနေ့ ဘာကားကြည့်လို့ ဆုံးဖြတ်ချက်ချလိုက်တော့မှ ပွဲပြီးသွားတာများပါတယ်။ ည(၈)နာရီ (၄၅) မိနစ်မှာ အိပ်ချိန်ပေးပါတယ်။ (၉)နာရီအထိ ဘယ်သူမှ ဒီ(၁၅)မိနစ်အတွင်း အပေါ့အပါးသွားလို့မရပါဘူး။ ညကင်းသမားက လူစစ်ရမှာမို့လို့ပါ။ (၉) နာရီကျော်မှ ချီးပါသေးပေါက်သတင်းပို့လို့ သွားလာလို့ရပါတယ်။ ဒီလိုနဲ့ တစ်နေ့တာကို ဖြတ်သန်းရပါတယ်။ တစ်ညတာ အိပ်စက်လို့ မနက်မိုးမလင်း မီ ငါးနာရီထိုးတာနဲ့အကုန်ထရပါတယ်။ အိပ်ယာလိပ်တွေ လိပ်သိမ်းပြီး ဘုရားရှိခိုးပါတယ်။ ဘုရားရှိခိုးပြီးတာနဲ့ အဆောင်မှူးတပ်ခွဲမှူး ဘာကောင် ညာကောင်တွေက ပြန်အိပ်ပါတယ်။ သာမန်ရဲဘက်တွေကတော့ နွေမိုး ဆောင်း တန်းထိုင်ထားရပါတယ်။ ဒါဟာ ထောင်ရဲဘက်တွေမှာ လုံးဝမပြောင်း လဲတဲ့အကွက်ပါပဲ။ ရာထူးရှိသလား ငွေရှိသလား ဒါဆို အခွင့်အရေးရ မယ်။ ဘာမှမရှိရင် ထိုင်ထားရပါတယ်။ ထောင်ရဲဘက်တွေမှာ နေဖူးသူ တိုင်း ဒါဟာ သိပြီးသားကိစ္စပါ။

မနက်(၆)နာရီမှာ ယနေ့တာဝန်ကျထောင်မှူး၊ တာဝန်ကျတပ်ကြပ်က ဝင်ရောက်လူစစ်ပါတယ်။ တစ်ဆောင်ပြီး တစ်ဆောင်လူစစ်လို့ လူပေါင်း မှန်ရင် တန်းဖွင့်သံချောင်း ခေါက်ပါတယ်။ သံချောင်းခေါက်တာနဲ့ တစ်ပြိုင် နက် ထောင်ဝင်စာမလာနိုင်သူတွေ ဆန်ပြုတ်သောက်ဖို့ ခွက်ကလေးတွေ ဆွဲပြီး သွားရောက်တန်းစီကြပါတယ်။ ထောင်ဝင်စာလာနိုင်သူတွေကတော့ ဆန်ပြုတ်မဆွဲဘဲ သွားတိုက် မျက်နှာသစ်ကြပါတယ်။ အဲဒီလို မိုးလင်းချိန်က စပြီး လိုင်းက ကွဲပါတယ်။ ဆန်ပြုတ်ရိုက်ပြီးတာနဲ့ တပ်ခွဲလိုက်တန်းစီမယ်

www.burmeseclassic.com

www.burmeseclassic.com



ဟော့လို့ ခွဲမှူးတွေက အော်ချိန်မှာ ကိုယ့်တပ်ခွဲအလိုက် တန်းထိုင်ကြရပါတယ်။ ကျန်းမာရေးမကောင်းလို့ ဆေးခန်းပြသူတွေက ဆေးခန်းကို သွားပြီး မျက်နှာငယ်လေးနဲ့ ရှုံ့တွလို့နေပါတယ်။ မျက်နှာကျောတင်းတင်း လေသံမာမာနဲ့ဆိုရင် တော်ရုံ တန်ရုံနေမကောင်းတာကတော့ ဆေးနားမပေးဘဲ ရှေ့တန်းပြန်ထည့်လိုက်ပါတယ်။ မျက်နှာပျော့ပျော့ လေသံပျော့ပျော့မှ အကျဉ်းသားဆေးမှူးက ဆေးကောင်းကောင်းပေးလို့ ဆေးနားပါပေးမှာပါ။ ဒါမှမဟုတ်ရင် ဆေးမှူးကို ကော်ဖီ၊ မုန့်၊ အကြော်အလှော်ဟင်းစားလေးတွေ ပေးထားသူမျိုးတွေဆိုရင်လည်း ဆေးနားခွင့်ရပါတယ်။ ဘာမှ မတတ်နိုင်ရင်လည်း အကျဉ်းသားဆေးမှူးကို နင်းနှိပ်၊ ခြေဆုပ် လက်နယ်ပြုစုပေးတဲ့ သူမျိုးဆိုရင် ဆေးခွင့်ရမှာပါ။ ရဲဘက်စခန်းမှာ ဆေးထောင်မှူးဆိုသူတွေ ရှိပေမယ့်တစ်လမှာ ဆယ်ရက်တောင် စောစောစီးစီး အကျဉ်းသားတွေနေတဲ့ ဆူးကြိုးဝင်းထဲကို မရောက်ပါဘူး။ (၈)နာရီ၊ (၉)နာရီ (၁၀)နာရီလောက်မှသာ ဆူးကြိုးထဲကို ဝင်လာတာပါ။ ဒါကြောင့် အကျဉ်းသားဆေးမှူးတွေက သူ့စိတ်တိုင်းကျဆေးခွင့်ပေးခြင်း မပေးခြင်းဆိုတဲ့ဆုံးဖြတ်ချက်ကို သူ့သဘောနဲ့သူဆောင်ပြီး လုပ်နေကြတာပါ။ အကျဉ်းသားဆေးမှူးရဲ့ဆုံးဖြတ်ချက်နဲ့ ဆေးခွင့်ပေးထားသူတွေကို နောက်ကျမှ ရောက်လာတဲ့ ဆေးမှူးဆေးထောင်မှူးက အတော်လေးကျန်းမာရေးချို့တဲ့ သူတွေလောက်သာ ထပ်မံခေါ်ကြည့်ပြီး ကျန်တဲ့သူတွေကိုတော့ လုံးဝမကြည့်ပါဘူး။ ထောင်ကို ငွေနဲ့ ကျန်းမာရေးအကြောင်းပြပြီး ပြန်ချင်ပါသလား။ ဆေးထောင်မှူးနဲ့ အိမ်ကို တစ်နည်းနည်းနဲ့ သွားပေးလိုက်ပါ။ ဒါမှမဟုတ် အကျဉ်းသားဆေးမှူးကတစ်ဆင့် ပေးလိုက်ရင်လည်း ရပါတယ်။ (၁၅)ရက် တစ်လအတွင်း ထောင်ကို ပြန်ရောက်သွားမှာပါ။ ဒီအကြောင်းကို ရဲဘက်စခန်းတို့မှာရှိတဲ့အကျဉ်းသားတွေ အကုန်လုံး သိကြပါတယ်။ ဒီအကွက်ဟာ နှစ်ပေါင်းများစွာ မပြောင်းလဲတဲ့ပုံသေကွက်ပါပဲ။ ကျွန်တော်ရဲဘက် ရောက်ခါစက အကျဉ်းသားဆေးမှူးနဲ့ညှိပြီး ထောင်ပြန်ဖို့ လုပ်ပါသေးတယ်။ ငွေငါးသောင်းနဲ့ ညှိထားတာပါ။ ရှေ့တန်းမှာလည်း လိုင်းဝင်ပြီးသွားလို့ မပြန်ဖြစ်တာပါ။



နံနက်စော တပ်ခွဲလိုက်တန်းစီထိုင်လို့ တချို့ဆေးနားမရသူတွေလည်း ပြန်လာပြီး ထိုင်ချိန်မှာ တပ်ခွဲမှူးက လက်ရှိအင်အား ဘယ်နှယောက်က ရှေ့တန်းထွက်မယ်၊ ဆေးနားက ဘယ်နှယောက် ကျန်ခဲ့မယ်။ ထောင်ဝင်စာလာသူ ဧည့်တွေ့က ဘယ်နှယောက်ကျန်ခဲ့မယ်စသဖြင့် လူစစ်ပြီးလို့ တပ်ခွဲကြပ်က တပ်ခွဲကို ဗူးအပြင်ကိုထုတ်ချိန်မှာ တစ်ယောက် နှစ်ယောက်၊ သုံးယောက် စသဖြင့် အော်ရင်း ကျောကုန်းကို ထုပြီး အမှတ်စဉ်ရေးပါတယ်။ အများစုဟာ အကြောင်းမဲ့ကျောကုန်းကို အထုခံရပါတယ်။ ဗူးအပြင်ရောက်လို့ တပ်ခွဲထောင်မှူးအိမ်မရောက်ခင် တပ်ခွဲကြပ်အောင်ကိုကို ဒုတပ်ကြပ်အဆင့်ရှိသူရဲ့အိမ်မှာ ဈေးဝယ်ဖို့အတွက် ရှာဖွေနိုင်သူတွေက ဈေးဝယ်ချိန်မှာ ကျန်တဲ့သူတွေက ငေးကြည့်နေကြပါတယ်။ ရဲဘက်လူသစ်တို့အိမ်က များများလာနိုင်သူတို့ကို တပ်ခွဲမှူး၊ တပ်စိတ်မှူးတွေက ငါကို ခေါက်ဆွဲထုပ်လေး လုပ်ပါဦး၊ ကော်ဖီထုပ်လေးပေးပါဦး။ မုန့်လေးတစ်ထုပ်လောက် စီးကရက်ဘူးလေးတစ်ဘူးလောက်ဆိုတဲ့ သံစဉ်မျိုးစုံနဲ့ နေ့စဉ်ဟိုလူ့ဆီက တောင်းလိုက်၊ ဒီလူ့ဆီက တောင်းလိုက်နဲ့ တစ်နေ့မှကို မလွတ်ပါဘူး။ တပ်ခွဲမှူး တပ်စိတ်မှူးဆိုသူတွေကို ကျွေးမှကို ဖြစ်မှာပါ။ မကျွေးရင် ထောင်မှူးအိမ်ရောက်တာနဲ့ ပေါက်တူးစီးအကြီး၊ အလတ်(၂၀)ခန့်ကို ထမ်းခိုင်းပါတယ်။ ဒါမှမဟုတ်ရင် ပလတ်စတစ်ရေပုံးနဲ့ ရေကို ရှေ့နောက်တစ်ပုံးစီကို ငှမ်းပိုးနဲ့ ထမ်းရပါတယ်။ စခန်းနဲ့နီးတဲ့တစ်မိုင်လောက်ဆိုရင်တော့ အကြောင်းမဟုတ်ပေမယ့် နှစ်မိုင်သုံးမိုင်ဝေးတဲ့တောင်ဆင်းတောင်တက်သွားရမယ့် နေရာမျိုးဆိုရင်တော့ သေပြီသာမှတ်ပါ။ ထောင်ထဲမှာ (၁၆)နှစ် (၄)လနေခဲ့ပြီး ရဲဘက်မှာတော့ လူသစ်ဖြစ်နေတဲ့ ကျွန်တော်တောင် တပ်ခွဲမှူးတပ်စိတ်မှူးဆိုတဲ့ ကိုယ့်ညီအရွယ်၊ ကိုယ့်သားအရွယ်သာရှိတဲ့ကောင်လည်း ငါးနှစ်ဆယ်နှစ်လောက် သာကျပြီး ကိုယ့်ရဲ့ထောင်နေသား အစွန်အဖျားသာ နေသားရှိတဲ့ချာတိတ်တွေကို စေတနာမဲ့ ကျွေးမွေးရပါတယ်။ ထောင်သမ္ဘာဖြစ်တဲ့ကျွန်တော်တောင် အဆဲမခံရအောင် အရိုက်မခံရအောင် အပြောမခံရအောင် ကျွေးရပေးရပါတယ်။ ကျွန်တော်(၁၇)နှစ်(၃)လတိတိ အင်းစိန်ထောင်၊ မန္တလေးထောင်၊ မြင်းခြံထောင်၊ နောင်ချို

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်စခန်းစတဲ့ နေရာတွေမှာ ဖြတ်သန်းခဲ့ပေမယ့် အကျဉ်းသားချင်း တစ်ချက် အရိုက်မခံခဲ့ပါဘူး။ တကယ်လို့ အကျဉ်းသားတစ်စုံတစ်ယောက် က ကျွန်တော့်ကို ရိုက်လိုက်ရင်လည်း ကျွန်တော်ငြိမ်ခံနေမှာမဟုတ်ပါဘူး။ မကောင်းမှန်း သိပေမယ့် ထောင်ထပ်ကျလည်း မတတ်နိုင်ပါဘူး။

ကျွန်တော်တို့ရောက်တဲ့ (၂)လပိုင်းဆိုတဲ့အချိန်က ကြံခုတ်ချိန်ပြီး သလောက်ဖြစ်နေတဲ့အတွက် တစ်လကျော်လောက်သာ ကြံဖတ်ခွာ ကြံထမ်း ရပါတယ်။ လူဟောင်းတချို့က ကြံခုတ်လို့ ကျန်တဲ့သူတွေ အကုန်လုံးက ကြံချောင်း လိုက်ခုတ်သွားလို့ပုံနေတဲ့ ကြံတွေကို တပ်ခွဲမှူး၊ တပ်စိတ်မှူးတွေ က အမှတ်စဉ် (၅၀၀)ဆိုရင် ကြံချောင်းကို ဟိုဘက်ထိပ်အထိ ပြီးရမယ်၊ အမှတ် (၁၀၀၀)ဆိုရင် ဘယ်နေရာထိပြီး ရမယ်ဆိုပြီး အမှတ်စဉ်ကို သူတို့ စိတ်ထဲရှိသလို မြန်တဲ့အခါ မြန်နှေးတဲ့အခါ နှေးနဲ့ဆန္ဒရှိသလို ရေနေပါ တယ်။ ကျွန်တော်တို့တွေက လက်တွေမှာ စက်တပ်ထားသလို ကြံဖတ်ခွာ လို့ မပြီးရင် ရိုက်ပါတယ်။ တစ်နေ့ကုန် ခဏခဏ အရိုက်ခံကြရပါတယ်။ ထောင်မှူးနဲ့ တပ်ခွဲကြပ်က သူတို့ရှေ့မှာ ရိုက်နေလည်း တစ်ခွန်းမပြောပါ ဘူး။ ကျွန်တော်အရင်စခန်းရောက်တာ တစ်နှစ်၊ နှစ်နှစ်ရှိသူတွေ သုံးလ၊ လေးလရှိသူတွေ တစ်ယောက်မကျန် အကုန်အရိုက်ခံကြရပါတယ်။ ကျွန်တော့်ကိုသာ မရိုက်တာပါ။

ကျွန်တော်တို့ ကြံဖတ်ခွာထားတဲ့ကြံတွေကို တစ်နိုင်စာကြံစည်းတွေ လိုက်စည်းပေးရတဲ့ငါးယောက် ခြောက်ယောက်အဖွဲ့က တစ်ဖွဲ့ ရှိပါတယ်။ ခုတ်ပြီး၊ ခွာပြီး စည်းပြီးရင်တော့ အကုန်လုံးကြံစည်းတွေ ထမ်းလို့ ရှေ့နောက် တန်းစီကာ ကားပေါ်ကို ကြံစည်းတွေ တင်ကြရပါတယ်။ ကျွန်တော်တို့ အလုပ်လုပ်နေတဲ့တစ်ချိန်လုံး ထောင်မှူး၊ ခွဲကြပ်၊ လက်နက်ကိုင်ဝန်ထမ်း စတဲ့သူတွေက အချိန်ပြည့် လုံခြုံရေးယူထားသလို ကျွန်တော့်တို့ကို အလုပ် ခိုင်းရင်း၊ ဆဲရင်း၊ ဆူရင်း၊ ဟောက်ရင်း၊ တပ်ခွဲမှူး၊ တပ်စိတ်မှူးတွေက အနီးကပ်စောင့်ကြည့်ပါတယ်။ သူတို့စိတ်ထဲမှာ သူတို့မျက်လုံးထဲမှာ အလုပ် ကောင်းကောင်း မလုပ်ဘူး။ ဒေါင့်မကျိုးဘူးလို့ထင်ရင် အပြစ်အမျိုးမျိုးရှာပြီး ရိုက်ရုံမက အပြောအဆိုအနေအထိုင်မှားသွားရင် ထွက်ပြေးမယ်လို့ထင်ပြီး



ထောင်မှူးကို သွားပြောပါတယ်။ ထောင်မှူးက သေသေချာချာစုံစမ်း လေ့ လာမှုမရှိဘဲ သူတို့ပြောတဲ့သူကို အချိန်ပြည့် နှိပ်ကွပ်ပါတယ်။ အပင်ပန်းဆုံး အလုပ်ခိုင်းခြင်း အချိန်ပြည့် အနီးကပ်စောင့်ကြည့်ခြင်း၊ လက်နက်ကိုင် ဝန်ထမ်း၏ မြင်ကွင်းတွင်ထားခြင်း၊ အဲဒီလိုတွေ လုပ်တဲ့အခါ အလုပ်ခံရတဲ့ အကျဉ်းသားက စိတ်ဆင်းရဲစွာနဲ့ နေ့စဉ်ဖြတ်သန်းနေရပါတယ်။ ကျွန်တော်တို့ နေထိုင်ခဲ့ရတဲ့ခေတ်မှာတော့ ထောင်၊ ရဲဘက်စခန်းတွေ အားလုံးမှာ မအေ နှမတွေကို တစ်နေ့ကုန် လေနဲ့စော်ကားတာ ခံနေရပါတယ်။ အားလုံးကို သိမ်းကြုံးဆဲတာဆိုတော့ ဘာမှမတတ်နိုင်ပါဘူး။ ကျွန်တော်တို့ရောက်သွား တဲ့ ဟိုခိုစခန်းက အခြားစခန်းတွေထက်စာရင် တော်တော်ကောင်းတဲ့ စခန်း လို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်အမြင်အရတော့ တော်တော်ကို ဆိုးတဲ့ စခန်းလို့ သတ်မှတ်ပါတယ်။ ကျွန်တော်က ရဲဘက်နှစ်ခါထွက်ဖူးတဲ့အတွက် ခန့်မှန်းခွဲခြားလို့ရပါတယ်။ ဒီခေတ်မှာ ဒီလိုဆိုးတဲ့စခန်းမျိုးတွေ မရှိသင့် တော့ပါဘူး။ ကျွန်တော်ရောက်သွားတဲ့ (၂၀၁၃)ခုနှစ် (၂)လပိုင်းမှာ ဟိုခို စခန်းက ကွပ်ကဲရေးစခန်းဖြစ်ပြီး စခန်းတာဝန်ခံက ဗိုလ်မှူးဦးကျော်စိုးဝင်း ဆိုသူ ဖြစ်ပါတယ်။ အချိန်ပြည့်အရက်သောက်ပြီး ရှေ့တန်းကို လာချင်ရင် တစ်လလုံးလာတတ်သလို မလာချင်ရင်လည်း တစ်လနှစ်လရှေ့တန်း လုပ်ငန်းခွင်ကို မလာပါဘူး။ စကားပြောရင်လည်း ရှေ့နောက်မညီသလို သူပြောတဲ့စကားကို သူတာဝန်ယူတာမျိုး စကားတည်တာမျိုး မတွေ့ခဲ့ပါ ဘူး။ ရဲဘက်အသစ်တွေလာရင် ငွေသိန်းချီပေးမယ့် သူမျိုးတွေကိုသာ မျှော်လင့်နေတာပါ။

နိုင်ငံတော်အတွက် အလုပ်လုပ်မယ့်သူတွေကို စိတ်မဝင်စားပါဘူး။ ငွေငါးသိန်းလောက်ပေးရင်တော့ နောက်တန်းမှာ ခပ်ညံ့ညံ့အလုပ်တွေ လုပ်ပြီး နေရမှာပါ။ ငွေခုနစ်သိန်းလောက်ပေးရင်တော့ နောက်တန်းမှာ သင့်တော်တဲ့ အဆင့်နဲ့ နေထိုင်ရမှာပါ။ ငွေဆယ်သိန်းလောက်ပေးမှ စက်ယာဉ်မှာ နေ မလားရုံးမှာနေမလား သက်သာဆိုင်မှာနေမလား၊ ရိပ်သာမှာ နေမလား၊ ဝက်ခြံမှာနေမလား သန့်သန့်ကြီးနဲ့ ခန့်ခန့်ကြီးနေလို့ရပါတယ်။ ထောင်ပိုင်ဆီ ကို သုံးသိန်းလောက်များ သွားပေးမိရင်တော့ ထောင်ယာမှာ ရေလောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တူးပေါက် အဆင့်ပဲရမှာပါ။ အညံ့ဆုံးလိုင်းပေါ့။ တချို့ကတော့ ကားဝယ်ပေးတာတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့မရောက်ခင် ထောင်ပိုင်ကို တရုတ်နိုင်ငံထုတ် နောက်ကိုဟိုက်ဒရောလစ်နဲ့လှန်ချလို့ရတဲ့ ကားမျိုးတစ်စီး ဝယ်ပေးပြီး လိုင်းဝင်ကာ မကြာခင် ထွက်ပြေးတယ်လို့ ပြောပါတယ်။ အဲဒီ ကားကို ကျွန်တော်တို့အကျဉ်းသားတွေ အားလုံးတွေ့မြင်ကြပါတယ်။ ဒီကားက ထောင်ပိုင်ကို လိုင်းဝင်ထားတာ အဲဒီကောင်လည်း ကားပေးပြီး မကြာခင် ထွက်ပြေးသွားတယ်လို့ လူဟောင်းတွေက ပြောပါတယ်။ ကျွန်တော် ရောက်ပြီး သုံးလေးလအကြာမှာလည်း မန္တလေးထောင်က ရဲဘက်ပါလာတဲ့ အားတီဆိုတဲ့တရုတ်တစ်ယောက် ထောင်ပိုင်ဆီကို စူပါစလွန်း အဖြူရောင် လိုင်စင်မဲ့ ကားတစ်စီးလိုင်းဝင်ပါတယ်။ ရှေ့တန်းတပ်ခွဲ (၅)ကနေ ချက်ချင်း ထောင်ပိုင်အိမ်မှာ နေရပါတယ်။ သူပေးထားတဲ့ကားကို သူကိုယ်တိုင်ရေဆေးပြီး မောင်းရပါတယ်။ တစ်နေ့ နောင်ချိုကို ထောင်ပိုင်သမီးနဲ့ ရုံးဝန်ထမ်းတစ်ယောက်ကို ကားမောင်းပို့ရင်း အဲဒီတရုတ်ထွက်ပြေးသွားပါတယ်။ ထောင်က ရဲဘက်ထွက်လာတာ စုစုပေါင်း နှစ်လမပြည့်ခင်မှာပဲ ထွက်ပြေးလွတ်မြောက်သွားပါတယ်။ အဲဒီတရုတ်အားတီနဲ့ ကျွန်တော် ခင်မင်မှုရှိပါတယ်။ အဲဒီတရုတ် ကားတစ်စီးပေးပြီး ထွက်ပြေးသွားတာကို (၂၀၁၃)ခုနှစ် ဟိုခိုစခန်းမှာရှိတဲ့ အရာရှိဝန်ထမ်းရဲဘက်အားလုံး သိကြပါတယ်။ တရုတ်ထွက်ပြေးသွားတော့ ဒီကားကို ထောင်ပိုင်သမီးနှစ်ယောက်က ပျော်ပျော်ရွှင်ရွှင်မောင်းနေကြတာကို လချီပြီး တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ အကျဉ်းသားတွေက ဒီလိုဝေဖန်ကြပါတယ်။ ကားပေးထားတဲ့ပိုင်ရှင် ထွက်ပြေးသွားတာကို ဝမ်းအသာဆုံးသူတွေက ထောင်ပိုင်မိသားစုတွေပဲ ဖြစ်လိမ့်မယ်။ ပိုင်ရှင်မရှိတော့မှ သူတို့ပိုပျော်နေကြတယ်ဟူ၍ အတင်းပြောရင်း ဝေဖန်နေကြပါတယ်။

ကျွန်တော်တို့တပ်ခွဲ (၆)ထောင်မှူးက ထွန်းလင်းအောင်ဆိုသူပါ အသက်(၃၀) ကျော်သာရှိတဲ့ ရခိုင်လူမျိုးပါ။ ပင်ကိုယ်စိတ်ရင်းကောင်းပုံရပါတယ်။ ဒါပေမဲ့ ရဲဘက်စခန်းလိုနေရာမှာ ရေရှည်ဘယ်လိုစိတ်ထားကောင်းနိုင်ပါ့မလဲ။ တဖြည်းဖြည်းနဲ့ ကာလာပြောင်းလာပါတယ်။ တပ်ခွဲကြပ်ပြော



သမျှ တပ်ခွဲမှူးပြောသမျှ၊ တပ်စိတ်မှူးတွေပြောသမျှ အမှန်တွေပဲလို့ ထင်လာပုံ ရပါတယ်။ ထောင်မှူးတွေမှာ အချင်းချင်းလည်း မတည့်ကြပါဘူး။ ဘာတွေပြိုင်နေကြမှန်းလည်း မသိပါဘူး။ ရှေ့တန်းကို တပ်ခွဲတွေသွားရင် တချို့ထောင်မှူးတွေ၊ အကြပ်တွေက ဆိုင်ကယ်နဲ့သွားပေမယ့် တချို့ ထောင်မှူး၊ အကြပ်တွေက ခြေလျင်ပဲ လမ်းလျှောက်ကြရပါတယ်။ ဆိုင်ကယ် မဝယ်နိုင်တာလား။ တချို့အရာရှိတွေက ငှက်ကြီးတောင် ဓားတွေလွယ်ပြီး ရှေ့တန်းထွက်ပါတယ်။ တချို့အရာရှိတွေကတော့ တုတ်ကြီးကြီးကိုင်ပြီး သွားကြပါတယ်။

ကျွန်တော်တို့အကျဉ်းသားတွေက ထောင်မှူးအကြပ်ဝန်ထမ်းတွေ ထိုင်မယ့် ပလတ်စတစ်ထိုင်ခုံတွေ သယ်ရသောက်ရေပုံးတွေ သယ်ရ ပေါက်တူးတွေ သယ်ရ၊ ဓားတွေ၊ ပုဆိန်တွေ၊ သယ်ရ ခြေထောက်မှာလည်း ခြေချင်းနဲ့ ဒါကို တပ်ခွဲမှူး၊ တပ်စိတ်မှူး ခြေချင်းလွတ်တွေက သူတို့နဲ့ တန်းတူ အမြန်လျှောက်ခိုင်းပါတယ်။ ရှေ့တန်းလုပ်ငန်းခွင်နေရာတွေက လည်း ပုံသေမရှိပါဘူး။ တစ်မိုင်ဝေးတဲ့နေရာမှာ လုပ်ရသလို နှစ်မိုင်ဝေးတဲ့ နေရာမှာလည်း လုပ်ရပါတယ်။ သုံးမိုင်ဝေးတဲ့နေရာမှာလည်း သွား လုပ်ရ သလို တောင်ဆင်းတောင်တက်သွားရပါတယ်။ ထောင်မှူးအကြပ်တွေက ဆိုင်ကယ်စီးပြီးသွားကာ ကျွန်တော်တို့ကို မင်းတို့ခြေထောက်တွေက ဒါ အကုန်ပဲလားဆိုပြီး ပြောလိုက်ရင် တပ်ခွဲမှူးတပ်စိတ်မှူးတွေက လျှောက် ထားဆိုပြီး ရိုက်ပါတယ်။ အရိုက်ခံလိုက်ရတော့ ပိုမြန်မြန်လျှောက်ကြရပါ တယ်။ ဆိုင်ကယ်သမားနဲ့ Level မှီအောင် လျှောက်ရလိုက်ကြရပါတယ်။ ဒီလိုသွားလာရတဲ့အတွက် ကျွန်တော်တို့ အားလုံး အင်မတန် ပင်ပန်းကြပါ တယ်။ ရိုးရိုးလမ်းလျှောက်ခိုင်းရင်ဖြစ်ရဲ့သားနဲ့ မလိုအပ်တဲ့လုပ်ရပ်တွေ ကြောင့် ကျွန်တော်တို့ရဲဘက်တွေများစွာ ပင်ပန်းနွမ်းနယ်ကြပါတယ်။ ညနေ ပိုင်း အလုပ်သိမ်းချိန်ဆိုရင် ပိုဆိုးပါတယ်။ တစ်နေ့လုံး ပင်ပင်ပန်းပန်း လုပ် ထားရတဲ့အထဲ ထောင်မှူးအိမ်အတွက် မျောတိုင်ထမ်းရ ထင်းစည်းတွေ ထမ်းရ၊ အမြန်လမ်းလျှောက်ရနဲ့ အခုစာရေးနေရင်း ပြန်တွေးစားလိုက်ရင်ပဲ စိတ်ဆင်းရဲသွားပါတယ်။ ရဲဘက်စခန်းမှာ ကျန်ခဲ့တဲ့သူတွေအတွက် စိတ်မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါဘူး။

နောင်ချိုစိုက်ပျိုးရေးနှင့်မွေးမြူရေးစခန်းလို့ ကျွန်တော်တို့ သိထားကြတဲ့ ကော်ဖီစိုက်ပျိုးရေးဆိုတာ ဘာမှန်း ကျွန်တော် မသိခဲ့ပါဘူး။ ကော်ဖီလည်း မစိုက်တော့ပါဘူး။ လက်ကျန်ကော်ဖီပင်တွေက သီးတဲ့ကော်ဖီသီးတွေကိုသာ ညညမကြာခဏ ကော်ဖီသီးအခွံခွာ ရပါတယ်။ ကျွန်တော်တို့ရောက်တဲ့ အချိန်မှာတော့ ကြံစိုက်ပျိုးရေးသာ အဓိကလုပ်တာကို တွေ့ရပြီး အလုပ်ပါးချိန်လို့ လူဟောင်းတွေပြောတဲ့အချိန်တွေမှာလည်း တပ်ခွဲအကုန်လုံး နီးပါး လုပ်အားပေးလိုက်ရပါတယ်။ ကျွန်တော်တို့ တပ်ခွဲထောင်မှူးထွန်းလင်းအောင် ခွင့်သွားလို့သာ ကျွန်တော်တို့တပ်ခွဲ လုပ်အားမပေးလိုက်ရတာပါ။

(၂၀၁၃)ခုနှစ် လေးလပိုင်း သင်္ကြန်မရောက်မီ တစ်နေ့ ကျွန်တော်တို့ တပ်ခွဲက ဒုတပ်ကြပ်အောင်ကိုကို၊ တပ်ခွဲကြပ်က ထောင်မှူးရဲ့အိမ်မှာ ကျွန်တော်တို့ကို ထိုင်ခိုင်းပြီး တပ်ခွဲမှာ မဟုတ်မမှန်တဲ့ စကားပြောလို့ ဆိုပြီး ကျွန်တော်တို့လေးယောက်ကို ရိုက်ပါတယ်။ ဒိုက်ထိုးသလို လက်ထောက်လို့ မှောက်ထားရပါတယ်။ လက်နက်ကိုင်ဝန်ထမ်း မောင်မောင်စိုးက ရိုက်တာပါ။ အခြားသုံးယောက်ကို ရိုက်ပြီး ကျွန်တော် အလှည့်ရောက်တော့ ကျွန်တော်က အရိုက်မခံပါဘူး။ ဘာကြောင့် အရိုက်ခံရမှာလဲ တပ်စိတ်မှူးလုပ်သူပြည့်စုံဆိုသူက အရက်မူးပြီး တပ်ခွဲထဲမှာ အကြောင်းမဲ့မတရားရိုက်နေတာကို ရေနွေးတည်ဘုတ်ကိုင်က ဒီကောင်က အကျဉ်းသား အချင်းချင်း အရက်မူးပြီး မတရားရိုက်နေတာပဲလို့ ပြောတဲ့အတွက် ကျွန်တော်က ဟုတ်မှန်ကြောင်း ပြန်ပြောလိုက်တာကို တပ်ခွဲနာမည်ပျက်အောင် မဟုတ်တာ ပြောရမလားဆိုပြီး ရိုက်ဖို့လုပ်တာပါ။ အခြားသုံးယောက်က အေးအေးဆေးဆေးအရိုက်ခံပေမယ့် ကျွန်တော်က အရိုက်မခံနိုင်ဘူးဆိုတော့ တပ်ခွဲကြပ်၊ ဒုတပ်ကြပ်အောင်ကိုကိုက ရိုင်ဖယ်သေနတ်ကို ကျည်ထိုးပြီး ကျွန်တော့်ကို ချိန်ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း မှောက်ပေးလိုက်ပါတယ်။ ဝန်ထမ်းမောင်မောင်စိုးဆိုသူက သုံးချက်ရိုက်ပါတယ်။ တင်ပါးကိုပါ တပ်စိတ်မှူးဆိုသူက အရက်မူးပြီး အကျဉ်းသားချင်း ရိုက်နှက်နေတာကို ဝေဖန်တဲ့အတွက် ရိုက်ခံရတဲ့အဖြစ်အပျက်ကို ဘယ်တော့မှမမေ့ပါဘူး။ ကျွန်တော့်



ကို သေနတ်နဲ့ချိန်တဲ့အောင်ကိုကို ရိုက်တဲ့မောင်မောင်စိုးတို့ကို အမြဲသတိရနေပါတယ်။

သင်္ကြန်ပြီးလို့ ခွင့်ပြန်လာတဲ့ထောင်မှူးကို တပ်ခွဲကြပ်အောင်ကိုကိုနဲ့ တပ်စိတ်မှူးတွေက ဦးအောင် တိုင်ကြပါတယ်။ ထောင်မှူးက ကျွန်တော်ကို ခေါ်ပြီးမေးလို့ အဖြစ်အမှန်တိုင်း ပြောပြပေမယ့် မရပါဘူး။ ကျွန်တော့်ကို တပ်ခွဲမှူးအဆောင်မှူးဖြစ် သူအရင်က ရည်မှန်းထားကြောင်း မြင်းခြံထောင်ကို ဖုန်းဆက်ပြီး ကျွန်တော့်အကြောင်း စုံစမ်းမေးကြည့်သည့်အခါ မြင်းခြံထောင်ပိုင်တပည့်တပ်ကြပ်အောင် ဇော်ညွန့်၏ ယောက်ဖ(သို့မဟုတ်) မယားညီအစ်ကိုတော်သူ ထောင်မှူးကြီးမှ မြင်းခြံထောင်တွင် ကျွန်တော်ဖြစ်ခဲ့သောကိစ္စများကို ပြောပြကြောင်း ထုတ်ဖော်ပြောပြီး ကျွန်တော့်ကို ကောင်းမွန်စွာနေထိုင်ရန် ပြောပါတယ်။ ကျွန်တော်ကို တပ်ခွဲ(၆)ကို လာဖို့ စည်းရုံးတဲ့သိန်းဝင်းလည်း လေးလပိုင်းထဲမှာ လွတ်သွားပါတယ်။ သင်္ကြန်ပြီးကတည်းက အလုပ်က ရှုပ်နေပါတော့တယ်။ ထောင်မှူး ထွန်းလင်းအောင်ကို ငွေတစ်သိန်းပေးထားတဲ့အတွက် ကျွန်တော်ကို အလုပ်ပင်ပင်ပန်းပန်းမခိုင်းပါဘူး။ ထောင်မှာ အနေကြာတဲ့အတွက်လည်း ပါပါတယ်။ စခန်းအလုပ်က ဒီလောက်မပင်ပန်းပါဘူး။ သွားရတာ ဝေးတာနဲ့ ဆဲတာ ရိုက်တာတွေကသာ ပိုဆိုးနေတာပါ။ လုပ်အားပေးလို့ခေါ်တဲ့အပြင်က အရပ်သားတွေ ခေါ်ခိုင်းတဲ့အလုပ်တွေသာ ပိုပင်ပန်းတာပါ။ မနက်မိုးလင်းကတည်းက စခန်းဝင်းဆူးကြိုးရှေ့တွေမှာ ထော်လာဂျီကားတွေ ငါးစီး ဆယ်စီး ဆူညံစွာလာရောက်ပြီး စောင့်နေကြပါတယ်။ တချို့က မနေ့ညနေစောင်းကတည်းက ထောင်ပိုင်နဲ့လာတွေ့ပြီး မနက်ဖြန်မနက် မိုးလင်းမှလာပြီး ငှားတာလည်း ရှိပါတယ်။ ကျွန်တော်တို့အကျဉ်းသားတွေရဲ့လုပ်အားကို တစ်နေ့နှစ်ထောင့်ငါးရာ သုံးထောင်နှုန်းနဲ့ငှားစားတာပါ။ ဟိုခိုစခန်းအလည်က ငါးမိုင်၊ ဆယ်မိုင်၊ ဆယ့်ငါးမိုင်ဝေးတဲ့ နေရာတွေဖြစ်တဲ့ နောင်ဝိုင်းရွာ၊ ဟိုခဲရွာတို့၊ ကြူကော်ရွာတို့၊ ကြူအင်းရွာတို့၊ ရွှေကြာအင်းရွာတို့၊ သုံးဆယ်မြို့တို့ ကျော်ပြီးတောင် လုပ်အားပေး လိုက်ခဲ့ဖူးပါတယ်။ ကြံခုတ်၊ ကြံခွာ၊ ကြံစည်း၊ ကြံထမ်းလို့ ကားပေါ်တင်ရတဲ့လုပ်အား ပေးကတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကြံခင်းတွေ ပေါင်းရှင်းရတာကတစ်ဖုံ ပြောင်းဖူးခင်းတွေ ပေါင်းရှင်းရတာကလည်း ခဏခဏပါပဲ။ ဟိုခိုစခန်းပတ်လည်မှာရှိတဲ့ရွာတွေကို လုပ်အားပေးလိုက်ခဲ့ဖူးပေမယ့် ရွာအမည်တွေ မမှတ်မိတော့ပါဘူး။ ဒါပေမဲ့ တချို့စိုက်ခင်းပိုင်ရှင်တွေက ကျွန်တော်တို့ကိုငှားခ တစ်နေ့တာငွေအပြင် သပ်သပ်တပ်ခွဲထောင်မှူးကို လက်သိပ်ထိုးပေးတာ မြင်ခဲ့ပါတယ်။ ဒီလိုထောင်မှူးကို ငွေပေးပြီး ထောင်မှူးကို ငွေလေးတစ်သောင်းနှစ်သောင်းလောက်များပေးလိုက်ရင် ထောင်မှူးက သူကိုယ်တိုင် ဆင်းမောင်းပါတော့တယ်။ ထောင်မှူးကိုယ်တိုင် ဆင်းမောင်းပြီဆိုတော့ တပည့်ကျော်ကြီးတွေကလည်း သံပြိုင်ဟောင်ပါတော့တယ်။ မအေ(×)တွေ၊ အလုပ်ကို ဘယ်လိုလုပ်နေတာလဲ ငါ(×)မသားတွေ၊ တုတ်တောင်းနေတာလား၊ (×)လိုလုပ်နေတာလား၊ ဒါမင်းအမေလင်အလုပ်မဟုတ်ဘူး၊ ထောင်ကျနေတာ ပန်းကောက်ခိုင်းနေတာ မဟုတ်ဘူးဆိုတဲ့သံစဉ်မျိုးစုံ၊ ကီးမျိုးစုံနဲ့ ကျပ်လုံးခန့်အရွယ်တုတ်နဲ့ ရိုက်လိုက်၊ ခိုင်းလိုက်၊ ဆဲလိုက်နဲ့ တာဝန်ကျေပွန်နေကြပါတယ်။

တချို့စိုက်ခင်းပိုင်ရှင်တွေကတော့ ထောင်မှူးကို တစ်သောင်း နှစ်သောင်း ပေးမနေဘဲ ရဲဘက်တပ်ခွဲမှူး တပ်စိတ်မှူးတွေကိုတော့ အရက်လေးတစ်လုံး နှစ်လုံး တိတ်တိတ်လေးပေးကာ အလုပ်သိပ်မတွင်ဘူး နည်းနည်းကြည့်ခိုင်းပေးပါဦးဆိုလိုက်ရင် တပ်ခွဲမှူး၊ တပ်စိတ်မှူးလုပ်သူတွေက ဒိုင်လျှိုသောက်ထားတဲ့အရက်တန်ခိုးနဲ့ ကောင်းကောင်းမောင်းပါတယ်။ တချို့စိုက်ခင်းပိုင်ရှင်တွေကတော့ တစ်မျိုးပါ မနက်မိုးလင်းလို့ ထော်လာဂျီနဲ့ လာခေါ်သွားပြီး ခဏတဖြုတ် အလုပ်လုပ်ပြီးတာနဲ့ ကောက်ညှင်းပေါင်းတို့ ကော်ဖီတို့ မုန့်တို့ကို ကျွေးပါတယ်။ အလုပ်ပြန်လုပ်ကြပြီး နေ့လယ်ထမင်းစားချိန်ဆိုရင်လည်း ဘဲဥဟင်းတို့ကို ငါးဟင်းတို့ကို အရည်ဟင်းတို့ကို စေတနာအလျှောက် ကျွေးမွေးကြပါတယ်။ ဒီလို စေတနာဖြူဖြူစင်စင်နဲ့ ကျွေးတဲ့ စိုက်ခင်းပိုင်ရှင်တွေရှိသလို မိမိကိုယ်ကျိုးတစ်ခုထဲသာကြည့်ပြီး နည်းမျိုးစုံနဲ့ ရဲဘက်လုပ်အားကို ညှစ်ထုပ်လို့ သူ့ရဲ့အလုပ်များများပြီးဖို့သာ အတ္တစိတ်နဲ့ ခိုင်းသူတွေကိုလည်း တွေ့ခဲ့ရပါတယ်။

ကျွန်တော်တို့ရဲ့ရဲဘက်စခန်းမှာ ဟိုခိုစခန်းတစ်ခုထဲကို ရဲဘက်အင်အား



လေးရာကျော်ရှိပါတယ်။ တစ်နှစ်ဆိုတဲ့ (၁၂)လမှာ အငှားလိုက်ရတဲ့လက အနည်းဆုံး ရှစ်လရှိပါတယ်။ တစ်နေ့ကို လုပ်အားပေးရဲဘက် (၁၀၀) သွားလုပ်ရတဲ့နေ့ရှိသလို တစ်နေ့ကို ရဲဘက်နှစ်ရာ လုပ်အားပေးသွားလုပ်လို့ရတဲ့နေ့ရက်တွေလည်း အတော်လေးကို တွေ့ခဲ့ပါတယ်။ ဒီလိုရဲဘက်စခန်း အလုပ်မလုပ်ရဘဲ နေ့စားအငှားသွားနေရတဲ့အတွက် စခန်းက ကြံခင်းတွေ ပေါင်းရှင်းချိန်တန်တာတောင် ပေါင်းမရှင်းနိုင်ပါဘူး။ စခန်းတာ ဝန်ခံရဲ့ ကိုယ်ကျိုးသာ အဓိကပါ။ နိုင်ငံတော်ရဲ့ ပြည်သူပိုင်စိုက်ပျိုးရေးအလုပ်က အရေးမပါပါဘူး။ ဒါကြောင့် တစ်နှစ်၊ တစ်နှစ်စာရင်းချုပ်လိုက်ရင် ဌာနပိုင်စိုက်ပျိုးရေးက အရှုံးပေါ်ပြီး စခန်းတာဝန်ခံ ထောင်ပိုင်တွေကတော့ ကားတွေ၊ ရွှေတွေ၊ ခြံတွေ၊ တိုးတိုးလာတာကတော့ သက်ဆိုင်သူတွေ အကုန်လုံး သိကြပါတယ်။

ရဲဘက်အကျဉ်းသားတစ်ယောက်ကို တစ်နေ့နှစ်ထောင့်ငါးရာ သုံးထောင်ဆိုတဲ့ ငွေနဲ့ကျွန်တွေလို ခိုင်းစားနေတာကို နိုင်ငံတော်အကြီးအကဲတွေ မသိကြပါဘူး။ တစ်နေ့ကို ရဲဘက်(၁၀၀/၂၀၀) လောက်ဆိုတဲ့လူအင်အား အရ ငွေဘယ်လောက်ရှိတယ်ဆိုတာ ရှင်းရှင်းလေးပါ။ စခန်းတာဝန်ခံက လုပ်အားပေးလိုက်တဲ့ ခွဲထောင်မှူးကို အမြဲမုန့်ဖိုးပေးပါတယ်။ စခန်းအလုပ်လုပ်တဲ့ထောင်မှူးကို ဘာမုန့်ဖိုးမှမပေးပါဘူး။ သူ့အကျိုးစီးပွားကို ရှာဖွေပေးတဲ့သူကိုသာ အခွင့်အရေးပေးပါတယ်။ အခု ကျွန်တော်ရေးထားတာတွေ မှန်မမှန်ဆိုတာ စုံစမ်းစစ်ဆေးရေးအဖွဲ့မျိုးတွေသာ သွားရောက်စစ်ဆေးမေးမြန်းလိုက်ရင် ချက်ချင်းကို အဖြေသိရမှာပါ။ ကျွန်တော့်တို့ရဲဘက်အများစုကတော့ လုပ်အားပေးလို့ဆိုတဲ့ ကျွန်တွေအခိုင်းခံရသလို ခိုင်းတဲ့အပြင် လူတွေရဲ့သားတွေ သမီးတွေရဲ့ရှေ့မှာ အခိုင်းခံ၊ အဆဲခံ၊ အရိုက်ခံနေရတဲ့အတွက် ရှက်ကြပါတယ်။ ဒါဟာ လူ့အခွင့်အရေး ချိုးဖောက်တာပဲ ပြောလို့ရပါတယ်။ အပြစ်ရှိလို့ ထောင်ကျတာကို အဆဲခံဖို့ အရိုက်ခံဖို့ နွားလိုအခိုင်းခံဖို့ မလိုအပ်ဘူးထင်ပါတယ်။ ထောင်ကျနေသူတွေရဲ့မိသားစုဆီက ပိုက်ဆံကို နည်းမျိုးစုံနဲ့တောင်းယူနေတဲ့ အစိုးရဝန်ထမ်းတွေကို ရှာဖွေဖော်ထုတ်ပြီး အရေးယူမှာဖြစ်သလို အင်မတန်ဆင်းရဲဒုက္ခရောက်လို့ မသေ

www.burmeseclassic.com

www.burmeseclassic.com



ရုံစားပြီး နွားလိုနေ့စဉ် အလုပ်လုပ်နေရတဲ့ရဲဘက်တွေရဲ့လုပ်အားကို နေ့စဉ်နီးပါးခိုင်းစားနေတာကို ရပ်သင့်ပါပြီ။ ရဲဘက်စခန်းမှာ ထောင်ပိုင်ဆိုတဲ့ စခန်းတာဝန်ခံက ငွေသိန်းချီပေးနိုင်တဲ့အကျဉ်းသားဆီက လာဘ်စားသလို ငွေမပေးနိုင်တဲ့အကျဉ်းသားတွေကို နေ့စားအငှားထည့်ပြီး နေ့စဉ်သိန်းချီတဲ့ဝင်ငွေရှိပါတယ်။ ထောင်ပိုင်တစ်ယောက်ရဲ့ တစ်နှစ်စာဆိုတဲ့ လခငွေဟာ သူရဲ့တစ်လတာ လာဘ်စားလို့ရတဲ့ ဝင်ငွေလောက်တောင် မရှိပါဘူး။ ကျွန်တော်လည်း မကောင်းတာလုပ်လို့ ထောင်ကျတာပါ။ ထောင်မှူးတွေ ထောင်ပိုင်တွေလုပ်တာတွေကျတော့ စုံစမ်းတဲ့သူမရှိ စစ်ဆေးတဲ့သူမရှိ အကြိမ်ပေါင်းများစွာ နှစ်ပေါင်းများစွာ လာဘ်စားမှုတွေ မတရားနှိပ်စက်ညှင်းပန်းမှုတွေ တိရစ္ဆာန်တွေလို၊ ကျွန်တွေလို ခိုင်းစေမှုတွေဟာ တရားဝင်လိုင်စင်ရထားသလို လုပ်စားနေကြတာကြပါပြီ။

ကျွန်တော်ဟိုခိုစခန်းမှာ လုပ်အားပေးဆိုတဲ့အပြင်အလုပ်တွေကို လုပ်လိုက် စခန်းလုပ်ငန်းတွေဖြစ်တဲ့ ကြံစိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊ ဂျုံစိုက်ခြင်း၊ ပေါင်းရှင်းခြင်း၊ လုပ်ကွက်တိုးချဲ့ခြင်းဖြစ်တဲ့ သစ်ပင်ခုတ်ခြင်း၊ သစ်မြစ်တူးခြင်းစတဲ့ အလုပ်မျိုးစုံကို အများလိုအင်တိုက်အား တိုက်မလုပ်ပေမယ့် ကျွန်တော်လုပ်နိုင်သလောက်တော့ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ မြင်းခြံထောင်ပိုင်နဲ့ ထောင်မှူးကြီးရဲ့ စနက်ကြောင့် အုပ်ချုပ်ရေးပိုင်းနေရာရဖို့ လမ်းကြောင်းပိတ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့တပ်ခွဲထောင်မှူး(ဒု ကြီးကြပ်ရေးမှူး) ထွန်းလင်းအောင်ကို သတင်းပို့လိုက်ပါတယ်။ ကျွန်တော် စခန်းမှာ မနေချင်တော့ဘူး ကျွန်တော့်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ထောင်ကို ပြန်ပို့ပေးပါ လို့ပြောလိုက်ပါတယ်။ ထောင်မှူးထွန်းလင်းအောင်က ပြန်ပို့ပေးပါမယ်လို့ ပြောပါတယ်။ ဆေးထောင်မှူးကိုလည်း ကျွန်တော်ကို ထောင်ပြန်ပို့ပေးလိုက်ဖို့ သွားရောက်ပြောဆိုတာကို သိရပါတယ်။ ဒါပေမဲ့ ဆေးထောင်မှူးတို့ ဆရာတပည့်က အရင်က ကျွန်တော်ပိုက်ဆံပေးပြီး ထောင်ပြန်မယ်လို့ ရောက်ခါစ ပြောထားခဲ့ဖူးတာကြောင့် ဒီလိုပြောတာကို ပြန်ကြားခဲ့ရပါတယ်။ သူတို့ဂွင်နဲ့သူတို့ကြတော့ လုပ်စားပြီး ငါတို့အလုပ်ကို လာရှုပ်တယ်။ ငါတို့လည်းရရင် ပို့ပေးမယ် မရရင်တော့ မပို့ပေးနိုင်ဘူးဆိုပြီး ပြောတာကို



တစ်ဆင့် ပြန်လည်ကြားရပါတယ်။ ဒီလိုနဲ့ဟိုလိုလို ဒီလိုလိုဖြစ်ပြီး တစ်လခန့်အကြာမှာ ကျွန်တော်က ထောင်မှူးကို ထပ်မံပြောပြန်ပါတယ်။ ကျွန်တော့်ကို စည်းပျက်ကမ်းပျက်နဲ့ပဲဖြစ်ဖြစ် ထွက်ပြေးကြံစည်မှုနဲ့ပဲဖြစ်ဖြစ် ထောင်ပြန်ပို့ပေးပါဆိုတော့ ထောင်မှူးထွန်းလင်းအောင်က နောက်တန်းအုတ်ရိုက်ဘုတ်မှာ ပြောင်းရွှေ့တာဝန်ချထားပေးပါတယ်။ ကျွန်တော် နောက်တန်းအုတ်ရိုက်ဘုတ်မှာနေစဉ် ဟိုခိုစခန်းမှာ ထောင်ပိုင်က အပြောင်းအလဲ ဖြစ်ပါတယ်။ ပထမထောင်ပိုင် ဦးကျော်စိုးဝင်း နေရာမှာ စခန်းတာဝန်ခံအဖြစ် ဦးစီးအရာရှိသုံးပွင့် ဦးလတ်စီဆိုသူက တာဝန်လွှဲပြောင်းယူပါတယ်။ ဗိုလ်မှူးဦးကျော်စိုးဝင်းကတော့ တရုတ်ဖောကားတစ်စီးနဲ့ စူပါစလွန်းတစ်စီးကို ရဲဘက်နှစ်ယောက်စီကနေ ရလိုက်တာကို ဟိုခိုစခန်းတစ်ခုလုံးက ဝန်ထမ်းတွေနဲ့ ရဲဘက်တွေက အကောင်အထည်ဖော်လိုက်တာ မြင်တွေ့ရပြီး မမြင်ရမတွေ့ရပေမယ့် ကျောက်စိမ်းတို့ ရွှေတို့ပေးတဲ့ တရုတ်လူမျိုးမူးယစ်မှုနဲ့ထောင်ကျသူ လောက်စီတို့၊ ညီညီတို့ဆီက တော်တော်လေး ရလိုက်ပါတယ်။ အခြားနာမည်တွေ မမှတ်မိသူတွေ နောက်တန်းမှာ သုံးသိန်း၊ ငါးသိန်းပေးသူတွေအများကြီး လူနှစ်ဆယ်ခန့်ကိုလည်း မြင်တွေ့ရသလို ကျွန်တော်တို့နောက် (၃)လ၊ (၄)လကြာမှရောက်လာပြီး သက်သာဆိုင်မှာနေသူတွေ ရုံးမှာ ရုံးလုပ်ငန်းလုပ်သူတွေ၊ ရိပ်သာမှာနေသူတွေ စက်ယာဉ်မှာနေသူတွေဆီကလည်း တစ်ယောက်ကို ငါးသိန်းအထက်ရမှ ဒီလိုနေရာတွေမှာ ထားတာပါ။ တရုတ်ဖောကားကို ဦးကျော်စိုးဝင်းက ဦးလတ်စီကို ပြန်ရောင်းခဲ့တယ်လို့ ကြားပါတယ်။ ကားကိုလည်း ရပ်ထားတာတွေ့ရပြီး ဒီဖောကားကို ဦးကျော်စိုးဝင်းလက်ထက်က မောင်းတဲ့ဝန်ထမ်းကျော်စိုးဦးဆိုသူ ဆက်လက်မောင်းနှင်နေတာကို တွေ့ရပါတယ်။ ထောင်ပိုင်ဦးကျော်စိုးဝင်းကတော့ နောက်ထပ်အပူစာ စားလို့မရပါဘူး။ ရထားတဲ့အပူစာတွေက ဘယ်လောက်ခံမယ်ဆိုတာတော့ မသိနိုင်ပါဘူး။ ကျွန်တော်တို့ဦးကျော်စိုးဝင်းရဲ့ အိမ်ထောင်ပရိဘောဂတွေကို နောက်ဆုံးအနေနဲ့ ကားပေါ်တင်ပေးလိုက်ကြပါတယ်။ အခုစခန်းတာဝန်ခံအသစ် ဦးလတ်စီရဲ့သဘောထားက ဘယ်လိုရှိမလဲဆိုတာ ကျွန်တော်တို့ရဲဘက်အကျဉ်းသားတွေက စေဖန်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြပါပြီ။ နောက်ဘုန်းကြီးက တစ်ချက်ပိုမခေါက်လောက်ဘူးလို့ ကျွန်တော်တို့ ခန့်မှန်းနေကြပါတယ်။

ထောင်ပိုင်အသစ်စခန်းတာဝန်ခံဦးလတ်စီလက်ထက်မှာ ကျွန်တော်တို့ ထမင်းကို ဖြူဖြူဖွေးဖွေး သန့်သန့်ပြန့်ပြန့်ချက်ထားတာကို စားကြရသလို နေ့စဉ် အသီးအရွက်ကြော်တစ်ခုကို ပုံမှန်ချက်ကျွေးပါတယ်။ ရဲဘက်တပ်ခွဲတွေအားလုံး ရှေ့တန်းသွားချိန်တို့ ညနေအလုပ်သိမ်းချိန်တို့မှာ အရင်လို နွားအုပ်ကို တုတ်နဲ့ရိုက်မောင်းသလို မောင်းပြီး ဆူညံစွာ အော်ဟစ်နေတာကို လုံးဝမလုပ်မိဖို့ ထောင်ပိုင်က အမိန့်ထုတ်ထားပေမယ့် ထောင်ပိုင်ကွယ်ရာမှာ ထောင်မှူးတွေ၊ တပ်ခွဲကြပ်တွေ အကျဉ်းသားတပ် ခွဲမှူး၊ တပ်စိတ်မှူးတွေက အဆဲလေး၊ အရိုက်လေးတွေနဲ့ မြန်မြန်အပြေးတက်လမ်းလျှောက်ခိုင်းပါတယ်။ တစ်နေကုန် နွားတွေလို ပင်ပင်ပန်းပန်းလုပ်ထားရသလို နုံးခွေချိနဲ့နေချိန်မှာ ထင်းစည်းတွေ၊ မျောတိုင်တွေ၊ ပေါက်တူးစည်းတွေ၊ ရဲဒင်းတွေ၊ ဓားတွေ၊ ပေါက်ချွန်းတွေ၊ တူရွင်းငန်းမြားတွေ၊ ထောင်မှူးခွဲကြပ်ဝန်ထမ်းတွေထိုင်တဲ့ ပလတ်စတစ်ထိုင်ခုံတွေ သူတို့သောက်သုံးတဲ့ စားတဲ့ ဓာတ်ဘူးတွေ၊ ဖန်ခွက်တွေ၊ ကြွေပန်းကန်တွေစတဲ့ပစ္စည်းမျိုးစုံတို့ကို ထမ်းပိုးသယ်ဆောင်လို့ အမြန်ဆုံးလမ်းလျှောက်နေရချိန်မှာ ထောင်မှူး၊ တပ်ခွဲကြပ်လက်နက်ကိုင်ဝန်ထမ်းတွေက ဆိုင်ကယ်လေးတွေ ကိုယ်စီစီးရင်း ရဲဘက်တွေရဲ့အရှေ့အနောက်တွေက လုံခြုံရေးယူလို့ မအေနှမတွေကိုလေနဲ့ စော်ကားရင်း မင်းတို့ခြေလှမ်းတွေက ဒါလောက်ပဲလားဆိုပြီး ဆိုင်ကယ်မောင်းနေရင်း အော်ဟစ်ကာနေပါတယ်။ ကျွန်တော်တို့ကို အဲဒီလိုမြန်မြန်လမ်းလျှောက်ခိုင်းတဲ့ ဝန်ထမ်းတွေ တစ်ခါတစ်ရံ သူတို့ဆိုင်ကယ်တွေပျက်လို့ လမ်းလျှောက်ရရင် ကျွန်တော်တို့နောက်မှာ အမြဲကျန်နေတတ်ပြီး လျှာထွက် နေကြပါတယ်။ စခန်းအနောက်ဘက်က ရေကန်ကိုရောက်ရင်လည်း အရင်က ဆယ်မိနစ်လောက်သာ ရေချိုးချပေမယ့် အခုဦးလတ်စီလက်ထက်မှာ (၁၅)မိနစ်တော့ ရေချိုးချပေးပါတယ်။

တစ်ခုဆိုးတာကတော့ ရေချိုးဆိပ်မှာ တာဘိုင်နှစ်လုံးတပ်ထားပေမယ့် ရုံးအတွက်သာ အမြဲမီးရဖို့ တာဘိုင်တစ်ခုသာ အတော်တော်များများလည်



ပတ်ပြီး ကျန်တဲ့တာဘိုင်တစ်ခုဖြစ်တဲ့ ကျွန်တော်တို့ ရဲဘက်စခန်းအတွင်း ဆူးကြိုးထဲမှာ သုံးတဲ့သောက်ရေ၊ သုံးရေတွေအတွက် ရေတင်ချိန်က အများအားဖြင့် ရှေ့တန်းက တပ်ခွဲတွေ ညနေအလုပ်ပြန်လို့ ရေကန်ထဲမှာ ကျွန်တော်တို့ရဲဘက်တွေ ရေချိုးချိန်မှသာ အမြဲတမ်းနီးပါး ရေမောင်းတင်ပါတယ်။ ဆည်ရေကို ပိတ်ထားလို့ ရေလျှောင်ပြီး ရေချိုးကြရတာပါ။ တပ်ခွဲစုံလို့ ရေကန်ထဲကို ဆင်းပြီး ရေချိုးပြီဆိုတာနဲ့ ရွှံ့နွံတွေထပြီး ရေက နောက်သွားပါတယ်။ အဲဒီနောက်နေ့ တည်ရေကို အပေါ်ယံသာ ရေရှင်စီးနေတဲ့ ကွန်ကရစ်မြောင်းထဲမှ ဆက်လက်စီးဆင်းစေပြီး တာပိုင်လည်ပတ်လို့ ရေစုပ်တင်ပါတယ်။ အဲဒီရေတွေက ကျွန်တော်တို့ရဲဘက်တွေရဲ့ ချေးတွေ ချီးတွေနဲ့ အနည်ထနေတဲ့ရွှံ့ရေတွေပါ။ ဒီရေတွေဟာ ရေစုပ်ပိုက်လုံးကနေ တစ်ဆင့် ကျွန်တော်တို့ဆူးကြိုးဝင်းထဲက အုတ်ရေကန်ထဲကို ရောက်ပါတယ်။ ပထမ သောက်ရေ ခပ်ခိုင်းပါတယ်။ ဒုတိယကတော့ မိလ္လာသုံးရေ ခပ်ခိုင်းပါတယ်။ ဒီရေကန်ထဲက ဒီအုတ်ကန်ထဲက ရေကို သောက်ရေလည်း ဒါပါပဲ။ ဖင်ဆေးရေလည်း ဒါပါပဲ။ ကျွန်တော် (၁၁)လလုံးလုံး ဒီလိုပဲ သောက်ခဲ့ သုံးခဲ့ရပါတယ်။ ကျွန်တော်တို့ ရဲဘက်တွေက တစ်ရက်တစ်ကြိမ်သာ ရေချိုးရတာပါ။ မနက်ပိုင်း နေ့လယ်ပိုင်းတွေမှာ ရေကန်ရေကြည်ပြင်နေတဲ့အချိန် ရေမောင်းမတင်ဘဲ ညနေပိုင်းမှ ရေမောင်းတင်တဲ့အတွက် ဒီလိုမကောင်းတဲ့ရေတွေကို ကျွန်တော်တို့ ရဲဘက်တွေ သောက်ကြရ၊ သုံးကြရတာပါ။ မီးဖိုကြီးက ထမင်းတို့၊ ပဲဟင်းတို့ ချက်ရင်လည်း ဒီရေပါပဲ။ ဒီအတိုင်း သူတို့လုပ်နေတာကြာပါပြီ။

နောင်ချိုမြို့နယ်၊ ဟိုခိုစခန်းမှာ ကျွန်တော်နေခဲ့တဲ့ (၁၁)လလုံး ကျွန်တော်တို့ ရဲဘက်တွေထဲက မူးယစ်ဆေးဝါးသုံးစွဲသူတွေ၊ အရက်သောက်သူတွေကို မြင်ခဲ့တွေ့ခဲ့ရပါတယ်။ ထောင်ပိုင်ဦးကျော်စိုးဝင်းလက်ထက်က ရုံးမှာ ခေါ်ထားတဲ့ရုံးလုပ်ငန်းလုပ်တဲ့ အကျဉ်းသားပြောက်ဖော်မိုးအောင်ဆိုသူဟာ နံပတ်ဖိုးကို ကိုယ်တိုင်သုံးစွဲသလို ဈေးလည်း စားပါတယ်။ ထောင်ပိုင်တပည့်ရုံးလုပ်ငန်းဆိုပြီး ငွေရှာနေသူဖြစ်တဲ့အတွက် ယိုက် သင့်တဲ့လွတ်လပ်မှုမျိုးရှိကာ ဆိုင်ကယ်တစ်စီးနဲ့ ဟိုခိုရွာထဲကို သွား

www.burmeseclassic.com

www.burmeseclassic.com



ညောင်ဝိုင်းရွာဖက်ကိုသွား ကြူအင်းတို့ သုံးဆယ်တို့ဆိုတဲ့နေရာတွေကို သွားလာရင်း လမ်းကြောင်းချိတ်ဆက် နံပတ်ဖိုးကို ကိုယ်တိုင်သုံးသလို သုံးနိုင်တဲ့သူကို တစ်ဆင့်အမြတ်ယူပြီး ပြန်လည်ရောင်းပါတယ်။ ဒါကို လည်း ဟိုခိုစခန်းက အရာရှိတချို့ ဝန်ထမ်းတချို့က ထိုက်သင့်သလောက် သိပါတယ်။ ဒါပေမဲ့ ထောင်ပိုင်ဇာပည့်ဖြစ်နေတဲ့အတွက် အသာပဲ ကြည့်နေ ကြပါတယ်။ တစ်နေ့ (၂၀၁၃)ခုနှစ် (၄)လပိုင်းထဲမှာ "အားရှဲ"ဆိုတဲ့တရုတ် တစ်ယောက် ကျွန်တော်တို့အမှတ် (၄)အိပ်ဆောင်ဘေးက ကင်းထဲမှာ သွားရောက်ပြီး နံပါတ်ဖိုးကိုစလင်းနဲ့ အပ်နဲ့သွေးကြောထဲ ထိုးရာမှ ရှော့ခ် ဖြစ်ပြီး သတိမေ့နေတဲ့အတွက် တာဝန်မှူးတပ်ကြပ်တွေက သွားရောက်မချီ လာပြီး ကျွန်တော့်အိပ်ဆောင် (၄)ရဲ့အရှေ့က ညဝန်ထမ်းအိပ်တဲ့ ကုတင် ပေါ်မှာထားပြီး ဆားရေတိုက်ကာ ပါးနားကို အချက်များစွာ ရိုက်လိုက်တော့ မှ သတိပြန်လည်လာပါတယ်။ ဒါကို ကျွန်တော်က အိပ်ဆောင်ပေါက်ဝက နေကြည့်နေတဲ့အတွက် သိရတာပါ။ သတိရလာတဲ့ "အားရှုံ"ဆိုတဲ့ တရုတ် က ကုတင်ပေါ်က ထထိုင်ရင်း ဘာဖြစ်တာလဲဆိုပြီး ပြူးတူးပြဲတဲနဲ့ ပြောပါ တယ်။ တာဝန်မှူးက ဘာဖြစ်တာလဲဆိုတာ မင်းကို ငါက မေးရမှာ။ ဒီမှာ စလင်းနဲ့အပ်နဲ့ သွေးတွေလဲပေပြီး မင်းက သတိမေ့နေတယ်။ မင်းဘာလုပ် တယ်ဆိုတာ မင်းကိုယ် မင်းသိမှာပေါ့ဆိုပြီး ကုတင်ပေါ်မှ အောက်ကို ဆင်း ခိုင်းကာ အခြားအကျဉ်းသားတစ်ယောက်ကို ရှာဖွေရေးဆင်းခိုင်းတော့ အားရှဲရဲ့အတွင်းခံ ဘောင်းဘီထဲက ငွေခြောက်သောင်း၊ ခုနစ်သောင်းခန့် တွေ့ရှိပါတယ်။ ဒါကို တာဝန်မှူးယူသွားတာကို တွေ့ရပါတယ်။ အဲဒီငွေ "အားရှဲ"ကို ပြန်ပေးမပေးဆိုတာတော့ မသိရပါဘူး။ ဒါပေမဲ့ ဒီလိုသက်သေ အထောက်အထားနဲ့ တွေ့တဲ့မူးယစ်ဆေးဝါးသုံးစွဲသူဟာ ဘာမှ ပြဿနာ မဖြစ်ဘဲ ဒေါက်ခြေကျင်းခတ်ကာ ကျွန်တော်တို့တပ်ခွဲ (၆)ကိုပြောင်း ပေးလိုက်ပါတယ်။ ကျွန်တော်တို့ တပ်ခွဲထောင်မှူးထွန်းလင်းအောင်က "အားရှဲ"ကို ခွဲ (၂)တောင်ကုန်းမှာ ကြံစည်းတစ်ခေါက်ကို နှစ်စီးသို့မဟုတ် သုံးစီးကို တောင်ပေါ်ကနေ တောင်အောက်ကို ထမ်းပြီး သယ်ယူခိုင်းပါတယ်။ "အားရှဲ"ကို ကြံစည်းပခုံးပေါ်ကို မတင်ပေးရတဲ့သူက ကျွန်တော်ပါ။ ဘာ



ဖြစ်လို့ မူးယစ်ဆေးဝါးသုံးစွဲသူကို သက်သေအထောက်အထားတွေ့ရတာ တောင် အရေးမယူလဲဆိုတာကတော့ စခန်းက တာဝန်ခံ၊ ဒုစခန်းတာဝန်ခံ၊ တာဝန်မှူး၊ တပ်ကြပ်စတဲ့သူတွေ အကုန်လုံးငြိမှာစိုးလို့ပါဆိုတဲ့ သတင်းကို ကြားရပါတယ်။ အကျဉ်းသားရဲဘက်တစ်ယောက်ဆီကို ဘယ်လိုလုပ်ပြီး နံပါတ်ဖိုးတွေ အပ်တွေ၊ စလင်းတွေ ရောက်လာသလဲဆိုတဲ့နောက်ဆက်တွဲ ပြဿနာကို ကြောက်လို့ သူတို့ပါ ဒုက္ခရောက်မှာစိုးလို့ "အားရှဲ"ဆိုတဲ့သူ ကံကောင်းသွားတာပါ။ ဒီလို "အားရှဲ"ကို ဒေါက်ခြေချင်းခတ်ပြီး နောက် အမှုဖွင့်မလို့ ထောင်ပြန်ပို့မလို့ သတင်းထွက်နေချိန်မှာ အကျဉ်းသားရုံးအုပ် ဇော်မိုးအောင်ဟာ သူကိုယ်သူမလုံဘဲ ထွက်ပြေးသွားပါတယ်။

တရုတ်"အားရှဲ"က ဇော်မိုးအောင်ဆီက နံပတ်ဖိုးရတယ်လို့ မဖော်ပါ ဘူး။ ဒါပေမဲ့ ဒီပစ္စည်းဘယ်ကလာတယ်ဆိုတာ အခြားအကျဉ်းသားတွေ သိနေတဲ့အတွက် ဇော်မိုးအောင်က သူ့ကို ဘာမှမမေးပေမယ့် ထောင် အာဏာပိုင်တွေက အချုပ်သတ်ပြီး ခဏလွှတ်ထားတယ်။ အားရှဲကို ထောင် ပြန်ပို့မှ သူကိုပါ တစ်ခါထဲ စွဲထည့်လိုက်မယ်လို့ ထင်ပြီး ထွက်ပြေးတာပါ။ ဒီအကြောင်းကို ဟိုခိုစခန်းက အရာရှိဝန်ထမ်း ရဲဘက်အဟောင်းတွေ အားလုံး သိကြပါတယ်။ နောက်ထပ် ချောင်းဆိုးပျောက်ဆေး(ကောဟက် ပလက်)တွေကို ညတာဝန်ကျချိန်မှာ ယူလာလို့ ထောင်ကျသွားတဲ့ဝန်ထမ်း တစ်ယောက်လည်း ရှိပါသေးတယ်။

(၂၀၁၃)ခုနှစ် (၁၁)လပိုင်းထဲမှာပါ။ အဲဒီဝန်ထမ်းကို ထောင်မချခင် ရဲဘက်ဆူး ကြိုးဝင်းထဲက မိန်းဂျေးဆိုတဲ့သံဇကာကွက်တွေ ကာထားတဲ့ အခန်းထဲမှာ တစ်လခန့်ပိတ်ထားပြီးမှ နောင်ချိုမြို့နယ်တရားရုံးက အမိန့်ချ လိုက်ပြီး သီပေါထောင်ကို ပို့ လိုက်တယ်လို့ပြောပါတယ်။ အဲဒီဝန်ထမ်းကို အခန်းထဲမှာ ပိတ်ထားစဉ်ကာလမှာ ကျွန်တော်က ကင်းစောင့်ကြည့်နေရ တာပါ။ နောက်ထပ်မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်တဲ့ ဝန်ထမ်းကို ထောင် ပိုင် ဦးလက်စီလက်ထက်မှာ နောက်ဆုံးအကြိမ် သတိပေးပြီးခဲ့ ကျွန်တော် တို့ ရဲဘက်ဆူးကြိုးဝင်းထဲမှာ နေ့ညပိတ်ထားပါတယ်။ ကျွန်တော်တို့ ဟိုခို ရဲဘက်စခန်းမှာ ဝန်ထမ်းအရာရှိတွေရဲ့ သားသမီးတွေကို စာသင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို သုံးဘီးနဲ့ ကျောင်းတက်ကျောင်းဆင်း ပို့ကြိုလုပ်ရတာက အကျဉ်းသားပါ။ ကျွန်တော်ရှိစဉ်က ထိုကားမောင်းတဲ့သူတွေက အမြဲတမ်းမူးနေကြတာကို တွေ့ရပါတယ်။ ကျွန်တော် ကိုယ်နဲ့မဆိုင်ပေမယ့် စိတ်ပူမိပါတယ်။ သုံးဘီးဆိုင်ကယ်ဆိုတာ သိပ်ပြီး အမှားခံတဲ့ကားမျိုးမဟုတ်တဲ့အတွက် ကလေးတွေ တစ်ခုခုဖြစ်မှာစိုးလို့ပါ။ နောင်ချိုမြို့နယ်ဆိုတာ မူးယစ်ဆေးဝါးမရှားပါးတဲ့ မြို့တစ်ခုပါ။ လွတ်လွတ်လပ်လပ်သွားလာနေတဲ့အကျဉ်းသားတွေထဲက တချို့တွေ ရာမ၊ နံပါတ်ဖိုးကို လစ်ရင်လစ်သလို သုံးစွဲကြတယ်ဆိုတာ ကျွန်တော်တို့ အကျဉ်းသားချင်းပဲ သိကြပါတယ်။

ကျွန်တော့် ဟိုခိုစခန်းမှာ (၁၁)လတိတိနေခဲ့ပေမယ့် ကျွန်တော့်အိမ်က တစ်ခေါက်မှ မလာပါဘူး။ လူမလာပေမယ့် ငွေကိုတော့ တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ်ပို့ပေးပါတယ်။ မေမြို့က ဘဏ်တစ်ခုကို ရန်ကုန်က ငွေပို့ပေးလိုက်ပြီး ကျွန်တော်တို့တပ်ခွဲက ခွဲကြပ်ရဲ့မိန်းမက သွားထုတ်ယူပါတယ်။ ရန်ကုန်က ကျွန်တော့်အမေ၊ ညီမတွေဆီကို ငွေသွားထုတ်မယ့် အမျိုးသမီးရဲ့မှတ်ပုံတင်နံပါတ်နဲ့ အမည်ကို ပို့ပေးထားပါတယ်။ ငွေတစ်သိန်းကို အနည်းဆုံးတစ်သောင်းယူပါတယ်။ တစ်ခါတလေ တစ်သောင်းခွဲယူပါတယ်။ မကိုက်လို့ပါတဲ့။ အကျဉ်းသားလေးငါးဦးရဲ့အိမ်က ပြိုင်တူငွေပို့မှ သွားထုတ်တာတောင် မကိုက်ဘူးလို့ဆိုပါတယ်။ ငွေထုတ်လာပြီးရင်လည်း သူတို့ကပဲ ယူထားတာပါ။ သူတို့ဈေးဆိုင်မှာ ဈေးအကြီးဆုံးနဲ့ စားသောက်စရာ တွေကို ယူစားရပါတယ်။ ကိုယ်အပ်ထားတဲ့ငွေမကုန်မချင်း ဈေးပစ္စည်းအတင်းရောင်းလို့ ဟိုဟာမယူဘူးလား၊ ဒီဟာမယူဘူးလားနဲ့ ကိုယ့်ငွေကုန်သွားတာနဲ့ မျက်နှာလေးသံက ပြောင်းသွားပါတယ်။ အကြွေးလေးငါးသောင်းလောက်များ တင်သွားရင် အိမ်ကို ဖုန်းအတင်းဆက်ခိုင်းပါတယ် ငွေလွှဲခိုင်းပါတယ်။ ဟိုခိုစခန်းရဲ့အရပ်လေးမျက်နှာတစ်မျက်နှာပဲ ဈေးဆိုင်လွှတ်တာပါ။ ရဲဘက်တွေကို ဈေးရောင်းပြီး ရွှေနဲ့ ငွေနဲ့ဆိုင်ကယ်လေးတွေ တကားကားနဲ့ ဖြစ်လာတာကိုတောင်မှ ရဲဘက်ကောင်းကြောင်း ဘယ်တော့မှ မပြောကြပါဘူး။ သူတို့အိမ်တွေရဲ့စားဝတ်နေရေးအကုန်လုံး အဆင်ပြေနေတာဟာ ရဲဘက်တွေဆီကငွေ သို့မဟုတ် လုပ်အားတွေကို နည်းမျိုးစုံနဲ့ညှစ်ထုပ်ပြီး သူတို့မိသားစု



တွေ သာယာနေတာကို မေ့နေကြပြီး သူထက်ငါ ပိုရိုက်တယ်၊ ပိုဆဲတယ်၊ ပိုခိုင်းနိုင်တယ်ဆိုတဲ့အတွေးဆိုး အမြင်ဆိုးတွေ ပြိုင်နေကြတာကို သူတို့ အချင်းချင်းမသိကြပေမယ့် ဘေးကနေ မြင်နေရပါတယ်။

ကျွန်တော်နေခဲ့တဲ့ထောင်ရဲဘက်စခန်းမှန်သမျှမှာ ထောင်ဝင်စာလာသူ အကျဉ်းသားတိုင်း မိမိတို့အိမ်က မိသားစုတွေက စားဖို့သောက်ဖို့ပေးတဲ့ ကော်ဖီထုပ်၊ မုန့်ထုပ်၊ အကြော်အလှော်မျိုးစုံဟာ ဘယ်သူပဲဖြစ်ဖြစ် ကာယကံရှင်မှန်သမျှ ထောင်မှာဆိုရင် ထောင်ဝင်စာခန်းမှာပေးရ၊ မိန်းဂျေးမှာ ပေးရ၊ ဒုအဆောင်မှူးရုံးနဲ့နံပတ်ကြီး ဘုတ်မှာ ပေးရ၊ အခန်းလူကြီးပေးရ၊ ထောင်ဝင်စာအော်သူပေးရ၊ စည်းကမ်းထိန်းပေးရသလို ရဲဘက်စခန်းမှာလည်း ထောင်ဝင်စာလာရင် ထောင်ဝင်စာခန်းကိုကိုင်တဲ့ ဝန်ထမ်းပေးရ ငွေ/စားစရာ၊ ဗူးတံခါးဝန်ထမ်းပေးရ၊ အကျဉ်းသားအဆောင်မှူးပေးရ၊ အကျဉ်းသားတပ်ခွဲမှူး တပ်စိတ်မှူးပေးရ၊ ဂါတ်စာရေးဆိုသူကိုလည်း လက်ဖက်ရည်ဖိုးဆိုပြီး ထောင်ဝင်စာလာသူတိုင်း နီးပါးပေးရတာကို မြင်တွေ့ရပါတယ်။ ထောင်ဝင်စာလာရင် တချို့တပ်ခွဲ ထောင်မှူးခွဲကြပ် အကျဉ်းသားတပ်ခွဲမှူးတပ်စိတ်မှူးတွေက ငွေပေးပြီးသား၊ လိုင်းဝင်ပြီးသား၊ သူ့ဆီကတောင် နည်းနည်းထပ်စားသောက်ရမှ ကြည်ဖြူတာပါ။ တစ်ခါတစ်ရံ ထောင်ဝင်စာတော့လာပါတယ်။ လိုင်းမဝင်နိုင်တဲ့သူ မကျွေးနိုင်တဲ့ သူမျိုးတွေကို သူတို့က သိပ်မကြည်လင်သလို အဲဒီသူကို မဲတတ်ပါတယ်။ တစ်ခုခုများ အမှားလုပ်မိရင် ဂွင်ဝင်သွားပြီး အရိုက်ခံရ၊ ဒါမှမဟုတ် ပင်ပင်ပန်းပန်း အလုပ်ကိုခိုင်းတတ်ပါတယ်။ ကျွန်တော် မျက်စိနဲ့မြင်နေရသလို နားကလည်း ကြားနေရတဲ့သူတို့ရဲ့ လုပ်ရပ်တွေကို အများပြည်သူတွေသိရအောင် ရေးပြတာပါ။ အကြောင်းအရာအားလုံးဟာ မျက်မြင်ကိုယ်တွေ့ချည်းပါပဲ။

ကျွန်တော်(၂၀၁၃)ခုနှစ်(၂)လပိုင်း ဟိုခိုစခန်းကို ရောက်ချိန်ကစပြီး ကျွန်တော်လွတ်လာတဲ့ (၂၀၁၄)ခုနှစ် (၁)လပိုင်း (၃)ရက်နေ့ထိအောင် တစ်နှစ်ပတ်လုံး စခန်းရဲ့အလုပ်ကို လုံးဝမလုပ်ဘဲ အပြင်မှာ အလုပ်မျိုးစုံကို နေ့စားသွားလုပ်စားနေတဲ့ ဒုအရာခံဗိုလ်တစ်ယောက်တာဝန်ယူအုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ရဲဘက် (၃၀၊ ၄၀) ခန့်ရှိတပ်ခွဲကို တွေ့ခဲ့မြင်ခဲ့ရပါတယ်။ ဒုအရာခံဗိုလ် ဦးမြင့်ဆွေ၊ ထောင်ပိုင်ဦးကျော်စိုးဝင်းလက်ထက်ကနေ ထောင်ပိုင်ဦးလတ်ဖိ လက်ထက်ထိတိုင်အောင် နေ့တိုင်း၊ လတိုင်း၊ တနင်္ဂနွေနေ့ပါမကျန် အပြင် ပုဂ္ဂလိက အလုပ်မျိုးစုံကို ရဲဘက်တွေကို ခိုင်းစားနေပြီး မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ အကျဉ်းသားက ပြန်ပြောမိရင် ပါးကို အားရပါးရ ရိုက် တတ်တာကို မြင်တွေ့ခဲ့ရတာ သုံးကြိမ်ထက် မနည်းပါဘူး။ ငွေရဖို့ကလွဲရင် ဘာမှကို စိတ်ဝင်စားမှုမရှိတာကို ဘေးလူတွေက ထင်ရှားစွာ မြင်တွေ့ ရပြီး သူကိုယ်သူတော့ သိပုံမရပါဘူး။ ကျွန်တော့်တို့ လွတ်ခါနီး (၂၀၁၃) ခုနှစ် (၁၀)လပိုင်း (၁၂)လပိုင်းဆိုတဲ့လတွေမှာတော့ ကျွန်တော်တို့ ဟိုခို ရဲဘက်စခန်းနဲ့ မနီးမဝေး (၁)မိုင်ကျော်ခန့်မှာရှိတဲ့ ကျောက်တောင်ကို နေ့စဉ် သူ့တပ်ခွဲက ရဲဘက်တွေကို ကျောက်ရိုက်ခိုင်းပါတယ်။ ကျောက်ချပ် တွေဖြစ်တဲ့အတွက်ကျောက်ခွဲရတာ လွယ်ကူပါတယ်။ အပြင်အလုပ်ပဲ ပြတ် လို့လား သို့မဟုတ် သူ့အတွက် အကျိုးအမြတ်နည်းလို့လား မသိပါဘူး။ သူ့တပ်ခွဲက ရဲဘက်တွေကို ထောင်ပိုင်ဆီက နေ့စားပြန်ငှားပြီး ကိုယ်ပိုင် လုပ်ငန်းအလုပ်ဖြစ်လုပ်ကိုင်ကာ အဲဒီကျောက်တွေ ပြန်လည်ရောင်းချလို့ အပြင်ကားတွေက လာရောက် ဝယ်ယူသယ်ဆောင်တာကို မြင်တွေ့ရပါ တယ်။ အခုလို ဒီမိုကရေစီခေတ်မှာတောင် ဒီလိုလုပ်စားနေကြတယ်ဆိုရင် အရင်ခေတ်မှာ ဘယ်လောက်တောင် ကိုယ့်ကျိုးရှာ ခိုင်းစားနှိပ်စက်မလဲ ဆိုတာ တွေးကြည့်တာနဲ့ ခန့်မှန်းလို့ရနိုင်ပါတယ်။

နောင်ချိုမြို့နယ် ကော်ဖီစိုက်ပျိုးရေးနဲ့ မွေးမြူရေးအတတ်သင်စခန်း ဆိုတဲ့ ဟိုခိုစခန်းမှာ စခန်းပိုင်နွားတွေ ကျွဲတွေရှိပါတယ်။ ကျွန်တော်ရှိစဉ်က ကျွန်တော်နေတဲ့ အမှတ်(၄)အိပ်ဆောင်မှူးလုပ်တဲ့အကျဉ်းသားမောင်ဦးနဲ့ ဒုအိပ်ဆောင်မှူးလုပ်တဲ့ သန်းစိုးဆိုသူနှစ်ဦးဟာ နေ့အချိန်မှာ ကျွဲနွားများကို ထိန်းကျောင်းရပြီး ညအချိန်မှာ အဆောင်မှူးတွေ လုပ်ကြပါတယ်။ သူတို့နဲ့ ကျွန်တော်က ခင်မင်မှုရှိပြီး တစ်ဆောင်ထဲ အတူနေသူတွေ ဖြစ်တဲ့အတွက် ကျွဲနွားများအကြောင်းကို သူတို့ပြောပြလို့ သိခဲ့ရပါတယ်။ ဟိုခိုစခန်းပိုင် ကျွဲနွားတွေကို လူကြီးတွေလာမယ်ဆိုရင် သူတို့က ကြိုတင်ပြီး လိုက်စစ်ပေး



ရပါတယ်။ ပိုနေတဲ့ကျွဲနွားတွေကို ရောင်းပြီး အထက်လူကြီးတွေကို ထောင် ပိုင်က လိုင်းဝင်တယ်လို့ပြောပါတယ်။ ဒီလို ကျွဲနွားတွေကို ရောင်းလို့ရတဲ့ ငွေကို လိုင်းဝင်တဲ့အခါ ထောင်ပိုင်အိတ်ထဲက မထွက်တော့ဘူးလို့ ပြောပြ ပါတယ်။

ဟိုခိုစခန်းမှာ ဝက်မွေးမြူရေးခြံလေးရှိပါတယ်။ ထောင်ပိုင်ကို လိုင်းဝင်ငွေ ပေးရုံမျှမက ဝက်ပေါက်လေးတွေ ဝယ်ပေးရပါသေးတယ်။ ဒါမှ ဝက်ခြံမှာ နေရပြီး လွတ်လပ်စွာ ချက်ပြုတ်စားသောက်ရသလို အပြင်မှာ ညအိပ် လည်း နေလို့ရပါတယ်။ ဘယ်အချိန် ထွက်ပြေးပြေး အေးအေးဆေးဆေး ပြေးလို့ရပါတယ်။ ကျွန်တော် ဟိုခိုစခန်းမှာနေခဲ့တဲ့ (၁၁)လဆိုတဲ့ အချိန်မှာ ကျွန်တော်တို့ အကျဉ်းသားရဲဘက်တွေ ခဏခဏ ထွက်ပြေးကြပါတယ်။ အဲဒီထွက်ပြေးတဲ့သူတွေကို လေ့လာကြည့်တဲ့အခါ ထွက်ပြေးသူတွေထဲက သုံးပုံနှစ်ပုံဟာ ထောင်ပိုင်ကို၊ ထောင်မှူးတွေကို ငွေပေးပြီး နောက်တန်းမှာ နေတဲ့ရုံးတို့၊ ထောင်ပိုင်အိမ်တို့၊ စက်ယာဉ်တို့၊ သက်သာဆိုင်တို့၊ တောင်ယာ တို့၊ ထောင်မှူးအိမ်မှာ ထမင်းချက်တို့၊ အဝတ်လျှော်တို့ဆိုတဲ့ သူမျိုးတွေဟာ အပြေးဆုံးဆိုတာ သိခဲ့ပါတယ်။

ဟိုခိုစခန်းမှာရှိတဲ့တောင်ယာမှာ တာဝန်ချထားပေးတဲ့သူမှန်သမျှဟာ ထောင်ပိုင် အဆက်ဆက်ငွေပေးထားတဲ့သူတွေချည်းပါပဲ။ ကျွန်တော်သိ သလောက်ကတော့ ငွေမပေးရင် တောင်ယာဆိုတဲ့ နောက်တန်းစိုက်ပျိုးရေး လိုနေရာမျိုးမှ ဘယ်သူ့ကိုမှ အလကားမထားပါဘူး။ တောင်ယာကထွက် တဲ့ အသီးအနှံကောင်းတာလေးတွေဆိုရင် တောင်ယာဘုတ်ကိုင်ဆိုတဲ့သူက ပီနန်အိတ်နှစ်လုံးထဲထည့်ပြီး ထမ်းပိုးလျှိုကာထမ်းလို့ ကျွန်တော်တို့ ရဲဘက် ဆူးကြိုးဝင်းထဲမှာ တစ်ဆောင်ဝင် တစ်ဆောင်ထွက် လိုက်လံရောင်းချပါ တယ်။ ဒီလိုရောင်းလို့ရတဲ့ငွေကို ဘယ်သူယူသလဲ၊ ဘာတွေလုပ်ကြသလဲ ဆိုတာတော့ မသိပါဘူး။ ဒါပေမဲ့ တောင်ယာဘုတ်ကိုင်တဲ့ ဝန်ထမ်းတွေတော့ တောင်ယာမှာရှိတဲ့ရဲဘက်တွေက နည်းနည်းလေးမှ လွန်ဆန်လို့မရပါဘူး။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝန်ထမ်းက ထောင်ပိုင်ကို တစ်ခုခု ပြောလိုက်ရင် ချွန်လိုက်ရင် အပြောခံရတဲ့သူဟာ ရှေ့တန်းတပ်ခွဲကိုပါသွား

www.burmeseclassic.com

www.burmeseclassic.com



မှာဖြစ်တဲ့တွက် အရက်ဖိုးတောင်းသည်ဖြစ်စေ၊ ပါးနားရိုက်သည်ဖြစ်စေ မကျေနပ်ရုံကလွဲလို့ ဘယ်သူကိုမှ တိုင်လို့မဖြစ်နိုင်ပါဘူး။ ထောင်ထဲမှာ အုတ်ရိုးကာထားလို့ အပြင်လူတွေ မမြင်ရလို့ လုပ်ချင်တိုင်း လုပ်နေသလို ရဲဘက်ဆိုတဲ့နေရာမျိုးတွေဟာ နယ်မြို့တွေရဲ့အပြင်ဘက် တောရွာလေးတွေနဲ့ မနီးမဝေးမှာ စခန်းတည်ပြီး ရှေ့တန်းလုပ်ငန်းခွင်ဆိုတဲ့ အလုပ်လုပ်ရတဲ့ နေရာမျိုးမှာ ဆူးကြိုးဝင်းစခန်းထဲမှာ အမှန်တရားဆိုတာ ဘာလဲ၊ လူဆိုး လူကောင်းဆိုတာ ဘယ်သူတွေခေါ်တာလဲ၊ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ဘယ်လိုစည်းမျဉ်းတွေနဲ့ တိုင်းတာသလဲဆိုတာ ကျွန်တော်အတန်းပညာ အသိအမြင်အားနည်းလို့ ဘယ်လိုလူကို လူဆိုး၊ ဘယ်လိုလူကို လူကောင်းဆိုတာ မခွဲခြားတတ်တော့ပါဘူး။

ကျွန်တော်တို့ ဟိုခိုစခန်းမှာ ရှေ့တန်းတပ်ခွဲ(၇)ခွဲ တစ်ခါတလေ ရဲဘက်အသစ်တွေ များများရောက်လာရင် (၉)ခွဲရှိပါတယ်။ ရဲဘက်အင်အားက အနည်းဆုံး(၃၅)ကနေ လူသစ်အဖွဲ့တွေ ထပ်ရောက်လာရင် (၄၀) ကျော်ရှိတဲ့တပ်ခွဲတွေဖြစ်ပြီး ရဲဘက်အင်အား ညီတူညီမျှ မရှိပါဘူး။ တနင်္ဂနွေနေ့ နားရက်တစ်ရက်ကလွဲရင် ကျန်တဲ့နေ့တွေမှာ မနက်မိုးလင်းတာနဲ့ တပ်ခွဲတွေ၊ ဘုတ်တွေ အကုန်ထွက်သွားပါတယ်၊ ကော်ဖီခူးဘုတ်၊ တောင်ယာဘုတ်၊ မြက်ရိတ်ဘုတ်၊ ကျွဲနွားဆိတ်ဘုတ်၊ သစ်စက်ဘုတ်၊ စက်ယာဉ်ဘုတ်၊ ထင်းဘုတ် နေ့စဉ်လုပ်အားပေးဘုတ် (၁၀)ယောက်သီးခြား အုတ်ရိုက်ဘုတ်၊ လယ်သမားဘုတ်၊ ပန်းရံဘုတ်စတဲ့ဘုတ်ငယ်လေးတွေမှာ ဝန်ထမ်းတစ်ယောက်စီ တာဝန်ပေးလို့ နေ့စဉ်လုပ်ငန်းလည်ပတ်အောင် လုပ်နိုင်တာကို တွေ့ရပါတယ်။ ညနေဘက် တန်းပိတ်ပြီးလို့ အိပ်ဆောင်အတွင်းမှာ လူစုံပြီဆိုရင် တချို့ရက်တွေမှာ ကော်ဖီစေ့ခွာရပြီး တစ်နေ့ကုန် လုပ်ငန်းကိုယ်စီလုပ်ထားတဲ့အတွက် မောပန်းနေချိန်မှာ ထမင်းစားပြီးတာနဲ့ ပြောင်းဖူးတွေကိုအစေ့တွေ ချွတ်ခွာပေးရပါတယ်။ ဒီကော်ဖီစေ့တို့၊ ပြောင်းဖူးစေ့တို့ကို ညတော်တော်များများ လတော်တော်ကြာကြာလုပ်ကိုင်ရပါတယ်။ ကျွန်တော်တို့ အကျဉ်းသားတွေကို နေ့ည(၂၄)နာရီ အချိန်ပြည့်များခိုင်းလို့ ရရင်တောင် ခိုင်းမယ့် သဘောရှိပါတယ်။ ဒါမျိုးတွေကို ဌာနဆိုင်ရာအထက်လူကြီးတွေ မသိကြ



ပါဘူး။ အောက်ခြေမှာ လုပ်ချင်တိုင်းလုပ်နေကြတာပါ။ ရဲဘက်တွေဟာ စားရတဲ့အာဟာရနဲ့ လုပ်ရတဲ့အလုပ် ညီမျှခြင်းမရှိပါဘူး။ ဒါကြောင့်လည်း တဖြည်းဖြည်း မည်းခြောက်ပြီး ပိန်ကပ်လာပါတယ်။ ကျန်းမာရေးကလည်း ချူချာလာသလို စိတ်ဓာတ်လည်း ကျလာကြတဲ့အတွက် တချို့သေကုန်ကြပြီး တချို့ထောင်ပြန်ရောက်သွားပါတယ်။

ရဲဘက်စခန်းတွေ ထောင်တွေကို သွားကြည့်ကြပါ။ ထောင်ထဲမှာ ရဲဘက်စခန်းမှာရှိတဲ့သူတွေ အကုန်လုံးကို ကြည့်လိုက်ရင် အသားမည်းသည် ဖြစ်စေ၊ ဖြူသည် ဖြစ်စေ၊ ဆူဖြိုးဝတုတ်နေတဲ့သူတွေဟာ ထောင်ဝင်စာကောင်းကောင်းလာနိုင်သူ သို့မဟုတ် ရာထူးတစ်ခုခုရှိသူအများစုသာ ဒီလိုဝဖြိုးနေပြီး ထောင်ဝင်စာမလာနိုင်သူ ရာထူးတစ်ခုခုမရှိသူများသာ အသားမည်း ပိန်ချောက်ပြီး စိတ်ဓာတ်ကျနေတဲ့သူ့မျက်နှာကို ချက်ချင်းပဲ သိရမှာပါ။

(၂၀၁၄)ခုနှစ် (၁)လပိုင်း (၂)ရက်နေ့ ည(၈)နာရီ တီဗီသတင်းမှာ နိုင်ငံတော်အစိုးရမှ ကျွန်တော်တို့အကျဉ်းသားတွေကို လွတ်ငြိမ်းသက်သာခွင့်(၄)ပုံ (၁)ပုံလျှော့ပေးတဲ့အတွက် ကျွန်တော်တို့ရဲဘက်စခန်းက မိမိတို့ ပြစ်ဒဏ်အလိုက် ထောင်ကျနေသူတွေရဲ့ထောင်အနေကြာခြင်း၊ မကြာခြင်း အပေါ်မူတည်ပြီး ထောင်နေသားရှိသူများ လွတ်မြောက်ကြမှာပါ။ ကျွန်တော်ကတော့ ထောင်ဒဏ်(၅၈)နှစ်ကျပေမယ့် (၂၀၁၁)ခုနှစ်မှာ လျှော့ရက်တစ်နှစ်ခံစားခွင့် တစ်ကြိမ်နဲ့ (၂၀၁၂)ခုနှစ်မှာ နှစ်(၃၀) တည်ထားတဲ့အတွက် အခု(၂၀၁၄)ခုနှစ်မှာ လေးပုံတစ်ပုံ ထပ်မံလျှော့ရက်ရတဲ့အတွက်လည်းကောင်း ထောင်သက်(၁၇)နှစ် (၃)လတိတိနေသားရှိမှုကြောင့်လည်းကောင်း ထိုထောင်နေသားအရ လျှော့ရက်ကွာများ ရရှိထားမှုတို့ကြောင့် လွတ်မြောက်မယ်ဆိုတာ တွက်လို့ရနေပါပြီ။

ကျွန်တော်နဲ့တစ်ဆောင်တည်းနေသူတွေက ခင်မင်ရင်းနှီးမှုရှိသူတွေက မလွတ်မြောက်သေးပေမယ့် သူတို့လည်း ပြစ်ဒဏ်တွေလျော့သွားလို့ ဝမ်းသာသလို ကျွန်တော်လွတ်မယ်ဆိုတာသိကြတဲ့အတွက် ကျွန်တော့်အိပ်ယာလိပ်ထဲက စောင်တွေ၊ ပုဆိုးဟောင်း၊ အကျီတွေနဲ့ အခြားအသုံးအဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကို ညကတည်းက ဝိုင်းဝန်းခွဲဝေယူ နေကြပါပြီ။ ဆောင်းတွင်းဖြစ်တဲ့အတွက် အခင်းတစ်ထည် ခြုံစောင်တစ်ထည်ကိုတော့ မနက်မှ ယူကြပါဆိုပြီး တောင်းပန်ထားရပါတယ်။ ကျွန်တော်တို့ရဲဘက်တွေ အားလုံးဝမ်းသာနေကြပြီး တချို့ဆိုရင် တစ်ညလုံး မအိပ်ကြပါဘူး။ ကျွန်တော်လည်း တမှေးပဲ အိပ်လို့ရပါတယ်။ ညမီးတာဝန်ကျတဲ့ဖိုကြီးက ရဲဘက်တွေကို အကူအညီတောင်းပြီး ရေနွေးတည်ခိုင်းကာ တစ်ညလုံး ကော်ဖီသောက်လိုက်၊ စကားတွေပြောလိုက်နဲ့ မိုးလင်းချိန်မှာ တန်းဖွင့်တာနဲ့ အိပ်ဆောင်ထဲက ရဲဘက်တွေအကုန်လုံး ဆူးကြိုးဝင်းထဲမှာ တန်းထိုင်ပြီး လွတ်မယ့်သူတွေကို အမည်စာရင်း ခေါ်ယူပါတယ်။ လူကိုးဆယ်လောက်ခေါ်ပြီးတဲ့အထိ ကျွန်တော့်နာမည်မပါသေးပါဘူး။ ကျွန်တော့်စိတ်ထဲမှာ တော်တော်ကို ကသိကအောက်ဖြစ်နေပြီ။ လူပေါင်းကိုးဆယ်ကျော်ခေါ်ပြီးတော့မှ ကျွန်တော့်နာမည်ကို ကြားရတယ်။ အဲဒီတော့မှ စိတ်ကငြိမ်သွားတယ်။ နံနက်(၆)နာရီခွဲလောက်မှာ လွတ်မယ့်အကျဉ်းသား (၉၉)ယောက်ကို အမည်ခေါ်ပြီး အတည်ပြုကာ မျက်နှာသစ်အဝတ်လဲကာ အဆင်သင့်ဖြင့်ခိုင်းထားပါတယ်။ နေ့လယ်(၁၂)နာရီထိ မလွတ်သေးတဲ့အတွက် ကျွန်တော်တို့ ထမင်းစားကြပါတယ်။ နေ့လယ်ခင်း နှစ်နာရီခန့်မှာ အရပ်ဝတ်တွေနဲ့ အပြင်လူတစ်စု ကျွန်တော့်တို့ရဲဘက်ဆူးကြိုးဝင်းထဲ ဝင်လာကြပါတယ်။ နောင်ချိုမြို့နယ်က တာဝန်ရှိ သူတချို့နဲ့ ရဲအုပ်၊ ရပ်ကွက်ဥက္ကဋ္ဌတို့က ကျွန်တော်တို့ လွတ်မြောက်မယ့် ရဲဘက်(၉၉)ယောက်ကို နှုတ်ဆက်စကားပြောပြီး နောက်နောင်ဒီလိုနေရာတွေကိုမရောက်အောင် ကောင်းမွန်စွာနေထိုင် လုပ်ကိုင်စားသောက်ကြရန်ပြောပြီး သူတို့ ကျွန်တော်တို့အားလုံးကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါတယ်။ ဒီလိုနဲ့ တစ်နေ့ကုန် ဆူးကြိုးဝင်းထဲမှာ ဂနာမငြိမ် အဆောင်ထဲဝင်လိုက် အပြင်ထွက်လိုက်နဲ့ ညနေ လေးနာရီကျော်မှ လွတ်လူတွေ ဆူးကြိုးဝင်းထဲက ထွက်ခိုင်းပြီး အပြင်ရုံးရှေ့က ကွက်လပ်ထဲမှာ ထိုင်ခိုင်းထားကာ ထောင်ပိုင်ဦးလတ်စိုးက နှုတ်ဆက်စကားပြောကာ ကျွန်တော်တို့ရဲဘက်စခန်းမှာနေထိုင် အလုပ်လုပ်ခဲ့တဲ့ လအလိုက်နှစ်အလိုက်အနေကြာရင် လုပ်အားခငွေများများရပြီး ရဲဘက်မှာ အနေ



နည်းရင်တော့ လုပ်အားခငွေ နည်းနည်းပဲ ရမှာပါ။ ကျွန်တော်က ရဲဘက်စခန်းမှာ (၁၁)လခန့်ကြာတဲ့အတွက် လုပ်အားခငွေ ငါးသောင်းနီးပါးရတယ်လို့ ထင်ပါတယ်။ မမှတ်မိတော့ပါဘူး။ အကျဉ်းဦးစီးက ကျွန်တော်တို့ရဲဘက်လွတ်သူတွေကို အိမ်ပြန်ဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတာကို ဘာတစ်ခွန်းမှမပြောတဲ့အတွက် ကျွန်တော်လွတ်လူစာရွက် (လွတ်ဝရမ်း) ယူပြီးတာနဲ့ စခန်းဝင်းဧရိယာထဲမှာ လာရပ်ထားတဲ့ ဆိုင်ကယ်တစ်စီးကို ငွေငါးထောင်နဲ့ငှားပြီး စခန်းနဲ့ (၁၇)မိုင်ဝေးတဲ့ အုန်းမှုတီးလမ်းဆုံကို ကျွန်တော်သွားရောက်ပါတယ်။ အဲဒီအုန်းမှုတီးလမ်းဆုံဆိုတာကို ကျွန်တော် ကြားဖူးရုံပဲရှိတာပါ။ တစ်ခါမှ မရောက်ဖူးပါဘူး။ ဒါပေမဲ့ စုံစမ်းလေ့လာတာတော့ အဲဒီလမ်းဆုံက ကားစီးရင် မန္တလေး၊ ရန်ကုန်ကို ရောက်တယ်ဆိုတဲ့အကြောင်းသိထားတဲ့အတွက် ဒီလမ်းဆုံကိုလာတာပါ။ ကျွန်တော် ဆိုင်ကယ်နဲ့လာလို့ လမ်းဆုံက ခေါက်ဆွဲဆိုင်မှာ ညနေစာစားနေတုန်း အခြားစခန်းက ရဲဘက်တွေ ကျွန်တော်တို့စခန်းက ရဲဘက်တွေကို ကားတွေနဲ့ သယ်ဆောင်ကာ အုန်းမှုတီးလမ်းဆုံမှာ လာရောက်ချပေးသွားပါတယ်။ ကျွန်တော်တို့ကို လွတ်ဝရမ်းမပေးခင် နှုတ်ဆက်စကားပြောနေချိန်မှာတောင် ထောင်ပိုင်က မင်းတို့ကို ကားနဲ့ဘယ်ကိုလိုက်ပို့မယ်ဆိုတဲ့စကား တစ်လုံးမှ မပြောပါဘူး။ ညနေမှောင်ရီပျိုးချိန်မှာ တစ်ခါမှမရောက်ဖူးတဲ့ လမ်းဆုံတစ်ခုမှာ ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်တွေမှာ ရဲဘက်က လွတ်တဲ့သူတွေနဲ့ ပြည့်ကျပ်နေပြီး မူးရူးဆူညံနေပါတယ်။

ရာချီနေတဲ့ ရဲဘက်က လွတ်သူတွေသာ သောက်စားအော်ဟစ်လို့ အချင်းချင်း ထိုးကြိတ်နေတာကို မြင်တွေ့ရတဲ့အခါ ကျွန်တော်ဒီနေရာကနေ အမြန်ဆုံးသွားမှ ဖြစ်မယ်လို့ဆုံးဖြတ်ပြီး ဒိုင်နာတစ်စီးကို နီးစပ်ရာရဲဘက်တချို့နဲ့ စုပေါင်းငှားရမ်းကာ တစ်ယောက်ကို သုံးထောင်နှုန်းနဲ့ လူသုံးဆယ်ခန့် မန္တလေး-ကျွဲဆည်ကန်ကားဂိတ်ဆိုတဲ့နေရာကို ည(၁၀)နာရီ(၃၀)မိနစ်ခန့် ရောက်သွားပါတယ်။ ရန်ကုန်ကိုသွားမယ့် ညကားမရှိတဲ့အတွက် တစ်ညလုံးကားဝင်းထဲက ထိုင်ခုံမှာ ထိုင်လိုက်၊ မနက်မိုးလင်းခါနီးတော့ ထမင်းကြော်စားပြီး ကြုံသလို မျက်နှာသစ်ကာ ရွှေစင်စကြာဆိုတဲ့ ကားဂိတ်

www.burmeseclassic.com

www.burmeseclassic.com



က လက်မှတ်ဖြတ်ကာ နံနက်ရှစ်နာရီခွဲမှ ကားစတင်ထွက်ခွာပါတယ်။ မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ နှစ်အတော်ကြာ ခွဲခွာနေရတဲ့အတွက် တွေ့ချင်ဇောကြောင့် ကားက နှေးနေတယ်လို့ စိတ်ထဲက ထင်မိပါတယ်။

ခုနစ်ရက်တစ်ပတ်မှာ နှစ်ကြိမ်သာစားရတဲ့ ဘာမှအရသာမရှိတဲ့ အသားဟာ ဘယ်လိုလုပ်ပြီး လူအင်အား စိတ်အင်အားကို မြှင့်တင်အားရှိစေနိုင်မှာပါလဲ။ မိုးလင်း မိုးချုပ်သွားလိုလုပ်ပြီး အဆူခံ၊ အဆဲခံ၊ အရိုက်ခံနဲ့ တစ်နေ့ကုန် ဖြတ်သန်းရတဲ့ ထောင်ရဲဘက်တွေမှာ အကျင့်စာရိတ္တကောင်းမွန်အောင် နူးညံ့ချိုသာစွာပြောဆို အုပ်ချုပ်သွန်သင်ဆုံးမမှု၊ တရားမျှတမှုမှန်ကန်တဲ့လုပ်ရပ်တွေကို မတွေ့ခဲ့ရသလို အသက်မွေးဝမ်းကြောင်းအတွက် စက်မှုပညာ၊ လက်မှုပညာဆိုတာ တစ်ခုမှ သင်ပေးတာကို မတွေ့ခဲ့ရပါဘူး။ ယခုခေတ် ယခုအချိန်ထိ မြန်မာတစ်နိုင်ငံလုံးက ထောင်ရဲဘက်တွေက လွတ်လာတဲ့သူတွေအားလုံးကို မေးကြည့်လိုက်ပါ။ ထောင်ထဲက ထွက်လာလို့ မိသားစုတစ်စုကို ကောင်းမွန်စွာ ရှာဖွေကျွေးမွေးနိုင်မယ့် အတတ်ပညာကို သင်ယူတတ်မြောက်ခဲ့သလား သင်ပေးသလားဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း သိချင်ပါတယ်။ ထောင်ထဲမှာ ကျွန်တော်တွေ့ခဲ့တဲ့ အမွှေးတိုင်လိပ်ခြင်း၊ စိန်အတုသွေးခြင်း၊ ပဲကြီးညှစ်ခြင်း၊ ဆေးလိပ်တံဆိပ်ပတ်ခြင်း၊ မျက်တောင်အတုလုပ်ခြင်း၊ ဇီးထုပ်ထုပ်ခြင်းဆိုတဲ့ အလုပ်အကိုင်တွေနဲ့တော့ အပြင်လောကမှာ ကိုယ့်မိသားစုကို ဘယ်လိုမှ ကျွေးမွေးစောင့်ရှောက်လို့မရပါဘူးဆိုတာသိကြမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီမိုကရေစီခေတ်မှာ ကိုလိုနီစရိုက်တွေကို ကျင့်သုံးပြီး မိမိအကျိုးစီးပွားကို ရှာဖွေနေတဲ့သူမျိုးတွေ၊ ထောင်တွေ၊ ရဲဘက်စခန်းတွေမှာရှိနေသေးတယ်ဆိုတာ အများပြည်သူတွေသိစေချင်လို့ ဒီလိုအကြောင်းအရာတွေ ရေးပြလိုက်တာပါ။

◘ ◘ ◘

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ

# လူဆိုးများ

အင်းစိန်အောင်စိုး



3000
ISAS0001
www.burmeseclassic.com